# စွန်းလွန်းရာပြည်

# ဗိန့်ခွန်းဓမ္မဩဝါဒများ

ဦးသာသနဝိသုဒ္ဓိ

စွန်းလွန်းရှင်ပြည့်

# မိန့်ခွန်း ဓမ္မ ဩဝါဒများ

ဦးသာသနဝိသုဒ္ဓိ

ကမ္မဋ္ဌာနာစရိယ ဂန္ထကာရက စွန်းလွန်းဆရာတော်

ဘာသာရေးခွင့်ပြုချက် အမှတ် (၄၂၆၈)

သာသနာ ၂၅၂၀-ခုနှစ် ကောဇာ ၁၃၃၈-ခုနှစ်
ခရစ် ၁၉၇၆-ခုနှစ်
မတ်လ

ပထမအကြိမ်

၁၉၇၇ * မတ်လ

အုပ်ရေ * ၂၀၀၀

တန်ဖိုး * ၁၅-ကျပ်

မန်းချိ * သောင်းလှ

ဘလောက် * သောင်းလှ

အဖုံးရိုက် * မြန်မာ့တံခွန်

ပုံနှိပ်သူ

ဦးခင်မောင် (၀၁၃၀၉)
မြန်မာ့တံခွန်ပုံနှိပ်တိုက်၊ အမှတ် ၅၆ လှည်းတန်း၊
ကမာရွတ် ရန်ကုန်။

ထုတ်ဝေသူ

ဒေါ်မြခင် (စ၁၃၆၇)
အမျိုးသားစာအုပ်တိုက် ၂၄၁၊ ကြည့်မြင်တိုင် အောက်လမ်း
အလုံ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

အမျိုးသားစာအုပ်တိုက်
အမှတ် ၂၄၈-ကြည့်မြင်တိုင်အောက်လမ်း၊ အလုံ-ရန်ကုန်မြို့။
ဖုံး (၁၃၅၉၀)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စွန်းလွန်းဆရာတော်ဘုရားကြီးဟောဒီဃာဝုဇာတ်တော် | ၉ |
| ၂။ | စွန်းလွန်းဆရာတော်ဘုရားကြီးဟော မဟာဟံသဇာတ်တော် .... | ၃၁ |
| ၃။ | စွန်းလွန်းဆရာတော်ဘုရားကြီးဟော မဟာသုတသောမဇာတ်တော် .... | ၅၅ |
| ၄။ | စွန်းလွန်းရာပြည့် အမှုဆောင်အဖွဲ့သံဃာဥက္ကဋ္ဌ နာယက ဆရာတော်ဦးသောဘဏ၏ ဩဝါဒ မိန့်ခွန်း .... | ၇၉ |
| ၅။ | သာသနာမဆုတ်ယုတ်ရေး ကြီးပွားရေး တည်တန့်ရေး အကျိုးဆောင်ဆရာတော် ဦးသာသန ဝိသုဒ္ဓိ ဩဝါဒမိန့်ခွန်း .... | ၉၅ |
| ၆။ | စွန်းလွန်းရာပြည့် ပူဇော်ပွဲ မင်္ဂလာပြုလုပ်ထိုက်ကြောင်း သာဓကဝတ္ထုများ .... | ၁၅၀ |
| ၇။ | မြတ်စွာဘုရား၏ ဩဝါဒများ .... | ၁၆၅ |
| ၈။ | စွန်းလွန်းရာပြည့်အကြို ဆုံးဖြတ်ချက်များနှင့် ဩဝါဒများ .... | ၂၃၄ |
| ၉။ | စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဩဝါဒ .... | ၂၄၃ |
| ၁၀။ | အာနာပါနဿတိ၊ သံခိပ် .... | ၂၄၉ |
| ၁၁။ | သောတာပန်၏ ခမ္မကြေးမုံ .... | ၂၅၁ |
| ၁၂။ | စွန်းလွန်းဝိပဿနာကမ္မဋ္ဌာန်းတိုက်များ .... | ၂၅၃ |
| ၁၃။ | ဆရာတော်ဦးကုသလ၏ တပည့်များ .... | ၂၆၃ |



စွန်းလွန်းဂူကျောင်းကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီးဦးကဝိပုံတော်



ဆရာတော် ဦးသာသနဝိသုဒ္ဓိ

ကျမ်းပြုဆရာ

ကမ္မဋ္ဌာနာစရိယဂန္ထကာရက စွန်းလွန်းဆရာတော်

"အပ္ပမာဒေန-သမ္ပာဒေထ" ကျောင်း

ဈျှန်းတောတိုက်၊ ဗားကရာလမ်း၊ ရန်ကုန်မြို့။

# စွန်းလွန်းရာပြည့်ပူဇော်ပွဲ

## တေးထပ်

သာသနာ့တဝက်နှင်းကာမှ
ဓမ္မစက် လင်းစေရန်၊
ကွက်ရှင်းလို့ အဖြေဖန်တယ်၊
ကဝေဉာဏ် ထင်ရှား။ ။
စာပေကင်း စူဠပန်လို၊
မတူတန် ထွန်းတောက်ခဲ့ပြြား။
ဝင်အထွက် အာနာပါန်
ဘာဝနာဉာဏ် အသွား၊
စာဓမ္မကွန် မမှားဘူး၊
ကျင့်အားက ပြင်းထန်၊
စွန်းလွန်းရှင် ထေရ်ကဝိရယ်က
ထိ၊ သိ၊ သတိ လမ်းပြခဲ့ပြန်။
အသိနှင့် အကျင့် မှန်တယ်၊
ခန္ဓာတွင် ဝေဒနာ စူးစိုက်သည့်ခါ၊
အထူးလိုက် သည်း ခံလျှင်
မဂ်ဆိုက် ဖိုလ်ဝင်၊
စွန်းလွန်းမြတ် ဆရာအရှင်မှာ
ခန္ဓာပင် ပုပ်ဘူးကွယ့်လေး။ ။

တည်းတောဆရာတော် ဦးဒေဝိန္ဒ ထီးချိုင့်မြို့။

## အမှာစာ

ဤစွန်းလွန်းရှုပြည့် မိန့်ခွန်းများကို ရန်ကုန်မြို့တော် ဗားကရာလမ်း ကျွန်းတော်ကျောင်းတိုက် အပ္ပမာဒေန သမ္ပာဒေထ ကျောင်းကမ္မဋ္ဌာနာစရိယ ဂန္ထကာရက ဆရာတော် ဦးသာသနဝိသုဒ္ဓိ စီရင်ရေးသား တင်ပြပါသည်။ စွန်းလွန်းဆရာတော်ဘုရားကြီး၏ တရားဒေသနာသုံးပုဒ်မှာ တိတ်ရိကော်ဒါမှ ပြန်လည်ကူးယူ၍ တင်ပြထားပါသည်။ အမှားများပါလျှင် စာရေးသူ၏ တာဝန်သာဖြစ်ပါကြောင်း။ အမှန်ပြင်၍ ပညာရှင်အဖြစ် ကြည့်ရှုနိုင်ကြပါစေသော်....။

ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတု။ သံသုတ် အဌကထာ။

ဣဒံ မေ ပုညံ နိဗ္ဗာနာဓိဂမာယ ပစ္စယော ဟောတု။ သံယုတ်ဋီကာ။

ဦးသာသနဝိသုဒ္ဓိ

စွမ်းလွမ်းရာပြည့်

မိန့်ခွန်း စမ္ဘ ဩဝါဒများ

၁၉၇၈-ခုနှစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မြတ်စွာဘုရားဟော ဒီဃာယု ဇာတ်တော်

## စွန်းလွန်းဆရာတော်ဟော

## "ချစ်စကိုရှည်စေ၊ ရန်စကိုတိုစေ"

## တရားဒေသနာ။

(စွန်းလွန်းထေရုပ္ပတ္တိစာအုပ်၌ မပါသေးသော တရားဒေသနာ ဖြစ်ပါသည်)

ကောသမ္ဗီပြည် သံဃာတွေဟာ တဦးနဲ့တဦး (ဝိနယဓရပုဂ္ဂိုလ်နဲ့ အခြံအရံ ငါးရာနှင့် ဓမ္မကထိက ပုဂ္ဂိုလ်နဲ့ အခြံအရံ ငါးရာဟာ) ကုဋီမှာ သန့်သက်ရေကျန်တာနဲ့ ပတ်သက်ပြီး အဓိကရုဏ်း ဖြစ်ကြတယ်။ အဓိကရုဏ်း ဖြစ်တော့ ဘုရားကို လျှောက်ထားတယ်။ လျှောက်တော့ မြတ်စွာဘုရားက လူလွှတ်ဆုံးမတယ်၊ မရဘူး။ တကြိမ် ဆုံးမ မရ၊ နှစ်ကြိမ်ဆုံးမ မရ မရတော့၊ ဘုရားကိုယ်တိုင် ကြွသွားပြီး ဆုံးမတော်မူတယ်။

### ကောသလမင်း စစ်ရှုံး၍ ပြေးရပုံ

ရှေးအထက်ကျော်ကာရီက ကောသလတိုင်းပြည်ကြီးမှာ ဒီဃီတိ ကောသလမင်းကြီး ထီးနန်းအုပ်ချုပ်မင်းလုပ်နေတယ်။ မင်းလုပ်နေတဲ့အခါ

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးက ကောသလတိုင်းပြည်ကြီးကို အတင်းအဓမ္မ တွန်းလှန်ဖြိုဖျက် တိုက်ခိုက်ပြီး သိမ်းပိုက်ထားတယ်။

သိမ်းပိုက်ထားတော့ ဒီဃီတိကောသလမင်းကြီးနဲ့တကွ တောင်ညာစံ ဒေဝီမဟေသီမိဖုရားကြီးတို့ ထွက်ပြေးတိမ်းရှောင်နေရတယ်။ ဗာရာဏသီပြည် အစွန်အဖျား အိုးထိန်းသည်အိမ်မှာ ပုန်းအောင်း မှိုခိုကပ်ချပ်နေရတယ်။

## မိဖုရားကြီး ချင်ခြင်းဖြစ်ပေါ်လာရာ

နေ့ရှည်ရက်များလာတော့ မိဖုရားကြီးမှာ ပဋိသန္ဓေစွဲကပ်လာတယ်။ "အသင်မင်းကြီး ရှေးကနဲ့မတူဘူး၊ ကျွန်ုပ်မှာ ပဋိသန္ဓေစွဲကပ်တယ်၊ ချင်ခြင်း ဖြစ်လာတယ်၊ ဘယ်လိုချင်ခြင်း ဖြစ်လာသလဲဆိုတော့ ကောသလပြည်ကြီးကို စစ်သည်ဗိုလ်ပါအပေါင်းနှင့်တကွ လှည့်လည် ရစ်ပတ်တာကို အလွန်ကြည့်ချင်တယ်–

ဘုရင်မင်းမြတ်ကိုင်တဲ့ သန်လျက်ကိုသွေး၊ သွေးပြီး ဆေးတဲ့ရေကို သောက်ချင်တယ်။ ဤကဲ့သို့ ချင်ခြင်းဖြစ်ပါတယ်။ အဲဒီချင်ခြင်းဟာ မင်းကြီး ကြံနိုင်လျှင် ကြံပေးပါ"လို့ တောင်းပန်လျှောက်ထားတယ်။

## ပုရောဟိတ်ပုဏ္ဏားနဲ့ တိုင်ပင်ရာ

တောင်းပန်တော့ မင်းကြီးက "ငါတို့မှာ အခုအခါ ရာဇဝတ်မှုကြီးနဲ့ ထွက်ပြေးတိမ်းရှောင်နေရတာ၊ ငါလဲ မတတ်နိုင်ဘူး သို့သော်လဲ ရှေးအထက်ကျော်ကာရီက ကောသလပြည်ကြီး အစိုးရစဉ်အခါကာလက ဗြဟ္မဒတ်မင်းရဲ့ ပုရောဟိတ်ပုဏ္ဏားကြီးနဲ့ ငါနဲ့အလွန်ချစ်ကြမ်းဝင်တယ်၊ သူ၏ ကျေးဇူးလဲ ငါ့မှာရှိတယ်၊ ငါ၏ ကျေးဇူးလဲ သူ့မှာရှိတယ်၊ သူ့ထံသွားပြီး တိုင်ပင်ကြည့်အုံးမယ်၊ မေးမြန်းစုံစမ်းကြည့်အုံးမယ်"လို့ ပြောတယ်။

တနေ့တော့ သွားတိုင်ပင်တယ်။ ရောက်သွားတော့မှ "အသင်မင်းကြီး၊ ကျွန်ုပ်ကို ဘာများတိုင်ပင်စရာရှိသလဲ"လို့ ပုရောဟိတ်ပုဏ္ဏားကြီးက မေးတယ်။ မေးတော့ "အခြားကိစ္စမဟုတ်ဘူး၊ ကျုပ်မှာ တိုင်ပင်စရာရှိတာက မိဖုရားကြီးမှာ ချင်ခြင်းဖြစ်ပေါ်နေတာကို"ပြောပြတယ်။

ဒီတော့ "အသင်မင်းကြီး အသင်မင်းကြီး၏ မိဖုရားကို တဆိတ် လောက်ကြည့်ပါရစေအုံး"လို့ ပုဏ္ဏားကြီးက လျှောက်ထားတယ်။

## မင်းဖြစ်မဲ့ သားယောကျ်ား မွေးလိမ့်မယ်

မင်းကြီးဟာ မိဖုရားကြီးကို ခေါ်သွား၍ ပုရောဟိတ်ပုဏ္ဏားကို ပြသကာလ"အသင်မင်းကြီး ဒီတာဝန်ဟာ ကျွန်ုပ်ဆောင်ရွက်လို့ပေးပါ့မယ် မစိုးရိမ်ပါနဲ့၊ အခု ဒီမိဖုရားကြီးဟာ ကိုးလလွယ် ဆယ်လဖွားသားကောင်း ယောကျ်ားမွေးဖွားလိမ့်မယ်။ သားကောင်းယောကျ်ား မွေးဖွားသော အခါ ကောသလတိုင်းပြည်ကြီးကို ထီးနန်းအုပ်ချုပ် မင်းလုပ်လိမ့်မယ်။ သို့အတွက် မပူပါနဲ့၊ ကျွန်ုပ် ကြံဖန်လို့ ဆောင်ရွက်ပေးပါမယ်။ ဒီက အကြောင်းပြန်လိုက်တဲ့အခါ မိဖုရားကြီးကို သူဆင်းရဲယောင်ဆောင်ပြီး တော့ ကျွန်ုပ်ထံလွှတ်လိုက်ပါ၊ လွှတ်လိုက်တော့ အဲဒီ ချင်ခြင်း ပြေပါလိမ့် မယ်"လို့ စကားချိတ်ဆက်သွားတယ်။

## ယတြာဆင်တော်မူပါဘုရား

ကောသလတိုင်းပြည်အစိုးရတဲ့ ဗြဟ္မဒတ်မင်းကို သံတော်ဦးတင် တယ်။ "အသင်မင်းကြီးမယ် အခုယတြာများမြင်တယ်၊ ကိန်းခန်းရှိတယ်၊ အဲဒီယတြာဆင်ရင်ဖြင့် ကောင်းလိမ့်မယ်ထင်တယ်၊ ဘယ်လို ယတြာဆင်ရ မတုန်းဆိုတော့ကို ကောသလပြည်ကြီးကို စစ်သည်ဗိုလ်ပါအပေါင်းနဲ့တကွ လှည့်လည်ရစ်ပတ်ပြီးတော့ နဒီမြစ်သွား၊ သွားပြီးတော့ သန့်လျက်ကိုသွေး၊ သွေးပြီး ဆေးရလျှင် ကောင်းလိမ့်မယ်ထင်တယ်။ အဲဒီယတြာဆင်ဘို့အရေး ကြီးတယ်။ အဲဒါမင်းကြီး စဉ်းစားကြည့်တော်မူပါ၊ လုပ်ထိုက်တယ်ဆို လုပ်ပါတော့"လို့ ပုရောဟိတ်ပုဏ္ဏားကြီးက လျှောက်ထားတယ်။

## ယတြာဆင်စေ၊ ချင်ခြင်းပြေ

"ပုရောဟိတ်ပုဏ္ဏားကြီး သင်တင်လျှောက်ထားချက်ကို သဘောကျ ပါတယ်၊ ဘာပြုလို့လဲဆိုတော့ ရှေးအထက်ကျော်ကာရီက ကောသလတိုင်း ပြည်ကြီးကို ငါသိမ်းပိုက်စဉ်အခါကာလက ဒီဃီတိ ကောသလမင်းကြီးနဲ့

မိဖုရားကြီးထွက်ပြေး တိမ်းရှောင်နေတယ်။ အဲဒါသေမှန်းလဲမသိဘူး၊ ရှင်မှန်းလဲမသိဘူး၊ အဲဒီရန်ကရှိသေးတယ်၊ ဒီတော့ ဝမ်းမြောက်ပါရဲ့၊ အဲဒီအခါကျတော့ နေ့ရက်ချိန်းလိုက်ပေတော့၊ နေ့ရက်ချိန်းပြီးတော့ ကောသလပြည် လှည့်လည် ရစ်ပတ်ပါ”ဆိုပြီးတော့ အမိန့်တော် ချ မှတ် လိုက်တယ်။ ကောသလတိုင်းပြည်ရှိ စစ်သည်ဗိုလ်ပါအပေါင်းကို ဆင့်ဆိုလိုက်တယ်။

ပုရောဟိတ်ပုဏ္ဏားကြီးက ဒီဃီတိကောသလမင်းကြီးထံ စာလှမ်းပေးလိုက်တယ်။ ဘယ်နေ့ဘယ်ရက်ဘယ်အချိန်ကို အသင်မင်းကြီး၏မိဖုရားကြီးကို လွှတ်လိုက်ပါ၊ အားလုံး စီစဉ်ပြီးပြီလို့ အ ကြောင်း ကြား လိုက်တယ်။

အကြောင်းကြားလိုက်တော့ အဲဒီနေ့ အဲဒီရက် အဲဒီအချိန်အခါမှာ ကောသလတိုင်းပြည်ကြီးမှာ စစ်သည်ဗိုလ်ပါအပေါင်း လှည့်လည်ရစ်ပတ်တယ်၊နဒီမြစ်သွား သန်လျက်သွေးတယ်၊ သွေးပြီးဆေးတဲ့ရေ စီးသွားတော့ မြစ်အောက်ကနေပြီး မိဖုရားကြီးသောက်ရတယ်၊ သောက်ရခြင်းကြောင့် ချင်ခြင်း ပြေသွားတယ်။

## သားတော်ဒီဃာဝု မွေးဖွား၏

ဗြဟ္မဒတ်မင်းကြီးက ငါ့လဲ အဲဒီရန်အေးပြီ၊ နောက်တော့ စိတ်အေးချမ်းသာစွာ နေတာပေါ့။ ဒ နဲ့ ဒီဃီတိကောသလမင်း၏ မိဖုရားကြီးမှာ ကိုးလလွယ်ဆယ်လဖွား သားကောင်းရတနာမွေးဖွားတယ်။ “အော်.... ငါ့သားဟာ ပုရောဟိတ်ပုဏ္ဏားကဆော့ ကောသလတိုင်းပြည်ကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်လိမ့်မယ်”လို့ အတတ်ဆိုတယ်။ ကောင်းမွန်စွာမွေးမှဘဲလို့ မွေးထားတယ်။

## တက္ကသိုလ် ဆရာကြီးထံ၊ သားတော်အပ်နှံ

သားတော်လေး . တော်တော်လေး အရွယ်ရောက်လာတော့၊ အမိနဲ့ လွှတ်လောက်တဲ့ အရွယ်ကျတော့ကို မင်းကြီးက တိုင်ပင်တယ်၊ “အသင်မိဖုရားကြီး အသင့်သား ငါ့သားဘဲ၊ သင်လဲချစ်မြတ်နိုးတယ်။ ငါလဲချစ်မြတ်

နိုးတယ်၊ချစ်မြတ်နိုးပင်ချစ်မြတ်နိုးသော်လဲငါတို့ကရာဇဝတ်မှုကြီးနဲ့ထွက်ပြေး တိမ်းရှောင်နေရတာ၊ အခုအခါမှာ ပြဟ္မဒတ်မင်းသိလို့ရှိရင် ဖမ်းဆီး တုတ် နှောင်ပြီးတော့ သေဒဏ်ပေးမှာဘဲ။ အဲဒီတော့ ဒို့သားကို ဒီမှာထားလို့ မတော်ဘူး'' မြို့ပြင်သူတပါးထံ အပ်နှံထားဘို့ တိုင်ပင်တယ်။

မိဖုရားကြီးက ''အသင်မင်းကြီး သဘောကျသလို လုပ်ပါတော့'' လို့လဲအပ်လိုက်တယ်။ လဲလိုက်တော့မှ ဒီဃာဝုသတို့သားကို ခေါ်သွား ပြီးတော့ တက္ကသိုလ် ဆရာကြီးထံ အပ်နှံဘယ်။

''အသင် ဆရာကြီး ကျွန်ုပ်သားကို သင့်သားမှတ်ပါ၊ အသင် မွေးစားပါ၊ အသင်ယူပါ''လို့ ပေးလိုက်တယ်။ ''ပညာများကို ကောင်းစွာ သင်ပေးပါ'' လို့အပ်ခဲ့ထားခဲ့တယ်။

ပညာရှိသော ပုဂ္ဂိုလ်ဆိုတော့၊ ပါရမီရှိသော ပုဂ္ဂိုလ်ဆိုတော့ တထွာ ပြလျှင် တလံမြင်တယ်။ သူကလဲ ရုပ်ရည်လဲ ကောင်းတယ်၊ တက္ကသိုလ် ဆရာကြီးကလဲ အလွန် ချစ်မြတ်နိုးတော့၊ ကောင်းမွန်စွာ ပညာများလဲ သင်ပေးတယ်။ သင်ပေးလို့ အသက် ဆယ့်ခြောက်နှစ် အရွယ်လောက် ကျတော့။

## ဆတ္တာသည်နဲ့ တွေ့ကြုံ၊ သတင်းပေးပုံ

တနေ့တော့ ဆတ္တာသည်ပုဏ္ဏားနဲ့ မင်းကြီးတွေ့တယ်၊ တွေ့တော့ 'အသင် ဆတ္တာသည်ပုဏ္ဏား.... အသင့်ကျေးဇူးလဲ ငါ့မှာရှိတယ်၊ ငါ့ကျေး ဇူးလဲသင့်မှာရှိတယ် ငါတို့ဒီအရပ် ဒီဌာနမှာ ရှိတယ်လို့ သတင်း စကား မပေါက်ကြားပါစေနဲ့၊ယုံပါရစေ''လို့ မင်းကြီးက ပြောဘယ်။

''အသင်မင်းကြီး ကျွန်ုပ်အတွက် ကိစ္စမရှိပါဘူး၊ အေးအေးချမ်းချမ်း သာနေပါ၊ ချမ်းသာသလိုနေပါ၊ အစွန်းအစ မပေါ်ရပါဘူး''လို့ တာဝန် ယူသွားတယ်။ နောက်တော့၊ အိမ်ရောက်တော့ ရွေးအထက် ကျော်ကာရီက ဆုလာဘ်ပကာများစွာ ရတယ်၊ စားရ သောက်ရတယ်၊ အခုအခါ ငါ့မှာ အလွန် ကြပ်တည်း အလွန် ဆင်းရဲတယ်၊ အခုနေ ပြဟ္မဒတ်မင်းထံ စကား လက်ဆောင်ဆက်ရရင် ဆုလာဘ်များစွာ ရမှာဘဲ''လို့အကြံဖြစ်တယ်။ အကြံ

ဖြစ်တော့ ငါ့မှာ စားရ သောက်ရ ကြပ်တည်းတယ်၊ သွားမှဘဲဆိုပြီးဇော့ သွားတယ်။ "အေး-မတတ်နိုင်ဘူး၊ ကိုယ်ဖခါတော့၊ အမိဘော်ခဲ၊ သွားတော်ခဲ။ ဆိုသလိုဘဲ၊ သွားပြောမှဘဲ" သွားပြောတယ်။

"မြဟ္မဒတ်မင်းကြီး အသင်မင်းကြီးထံ စကား လက်ဆောင် ဆက်သခြင်လို့လာပါသည်ဘုရား"လို့ လျှောက်ထားတယ်။

"ကောင်းပြီ၊ အသင့်စကား လက်ဆောင် ဘာအကြောင်းတုန်း၊ လျှောက်စမ်း"လို့ မင်းကြီးက မိန့်တော်မူတယ်။

"ရှေးအထက် ကျော်ကာရီက ကောသလတိုင်း ပြည်ကြီးကို အစိုးရတော်မူသော ဒီဃိတိ ကောသလ မင်းကြီးနှင့်တကွ တောင်ညာစံ ဒေဝီမဟေသီ မိဖုရားကြီးသာ ဗာရာဏသီပြည် အစွန်အဖျား ဇနပုဒ်ရွာမှာ ရှိပါတယ်၊ အိုးတိန်းသည်အိမ်မှာ ပုန်းလျှိုးနေပါတယ်၊ ရှိပါတယ်ဘုရား" လို့ လျှောက်ထားတယ်။

## ဖမ်းပြီး သတ်စေ အမိန့်တော်

"ဟဲ့- ဆတ္တာသည်ပုဏ္ဏား၊ ဒီအတိုင်း ကေန်တကယ်မှန်ပါရဲ့လား"

"မှန်ပါတယ်ဘုရား"

"အကယ်၍ ခေါင်မင်း ကိုယ်ကိုင် လိုက်ပြနိုင်ပါ့မလား"

"ပြပါမယ်ဘုရား"

"ငါစစ်သူကြီး ခေါ်ပြီး အမိန့်တော်ချတ်မယ်၊ အသင်စစ်သူကြီး ဗာရာဏသီပြည် အစွန်အဖျား ဇနပုဒ်ရွာ အိုးထိန်းသည် အိမ်မှာ ရှေးအထက် ကျော် ကာရီက ကောသလတိုင်းပြည်ကြီးကို အစိုးရတော်မူသော ဒီဃိတိ ကောသလမင်းကြီးနဲ့ တောင်ညာစံ ဒေဝီမဟေသီ မိဖုဘုရားကြီး ရှိတယ်လို့ သတင်းစကား ကြားရတယ်။ အိုးထိန်းသည် အိမ်မှာ ရှိတယ် ကြားရတယ်၊ သတင်းစကား သန့်သန့်ကြားရတယ်။ သင်တို့ တပ်တောင်တာ ဗိုလ်ထု လူစုပြီးတော့ သွားဖမ်း၊ ဖမ်းလို့ မိသကာလ တခါထဲ အရှေ့တံခါးမှ အနောက်တံခါးအယိ သံတူနဲ့ ထုချိက်နှက်၊ မြောက်တံခါးမှတောင်

တံခါးအထိသံတူနဲ့ ထုရိုက်နှက်၊ တံခါးလေးမျက်နှာ စေ့သောအခါ ကျတော့မှ သုဿန်ထုတ် သုံးပိုင်းပိုင်း ကားစင် တင်ပါဘီ”လို့ အမိန့်တော် မှတ်လိုက်တယ်။

စစ်သူကြီးက ဆတ္တာသည် ပုဏ္ဏားခေါ်ပြီး ဇနပုဒ်ရွာ သွားပြီး တော့ တပ်တောင်တာ ဗိုလ်ထု လူစုပြီး ဝိုင်းပြီးဖမ်းတော့၊ ဒီဃီတိ ကောသလမင်းကြီးနဲ့ မိဖုရားကြီး ဖမ်းမိတာပေါ့၊ ဖမ်းမိတော့ နှောင်ကြိုးတဲပြီး သံတူနဲ့ထုရိုက်နှက် အရှေ့တံခါးက အနောက်တံခါးအထိ သံတူနဲ့ ထုရိုက်နှက်၊ မြောက်တံခါးမှ တောင်တံခါးအထိ သံတူနဲ့ ထုရိုက်နှက်၊ အဲဒီလို ရိုက်နှက်တော့ “အော် ငါတို့တော့ ရန်သူ့လက်တွင်း ရောက်ပြီ။ သေတော့ သေရတော့မှာဘဲ၊ သေပင် ၊ သေရသော်လဲဘဲ၊ ငါ့သားကြီးဟာ အခုနေ အသက်တဆယ့်ခြောက်နှစ် အရွယ်ရောက်ပြီ၊ အခု ငါ့သားကြီး မျက်နှာ ဝဝကြည့်ပြီး သေရရင် တော်လေစွ- ကောင်းလေစွ” များစွာ တောင့်တ တော်မူတယ်။

## မိဖမေတ္တာ၊ သားရောက်လာ။

မိဖမေတ္တာကြောင့် သားကလဲ အကြိမ်ကြိမ် အဖန်ဖန် သတိ ရတယ်၊ မိဖများကို အမှတ်ရတယ် ငါဟာ ငယ်စဉ် တောင်ကျေး ခလေး ထဲက မယ်တော် ဖခမည်းတော်တို့က တက္ကသိုလ်ဆရာထံ အပ်နှံသွား ခဲ့တယ်။ မယ်တော်ခမည်းတော်တို့ကို အမှတ်ရတယ်၊ အမတန်လွမ်းတယ်၊ တက္ကသိုလ်ဆရာကြီးထံ ခွင့်ပန်၍ ပြန်အုံးမှဘဲလို့ အကြံဖြစ်တယ်။

“တက္ကသိုလ်ဆရာကြီး၊ ကျွန်ုပ် မယ်တော်ခမည်းတော်ထံ သွားပြီး ဖူးမြော် ကန်တော့ပါရစေ၊ ကျွန်ုပ်ကို ခွင့်ပေးပါ” လို့ အခွင့်တောင်းတယ်။

“ကောင်းပြီ၊ အသင်အလိုရှိသလို သွားပေတော့”လို့ခွင့်ပြုလိုက်တယ်။

ဤကဲ့သို့ ခွင့်ပြုတော့၊ သွားရော၊ လမ်းခရီးကျတော့ သတင်းစကား သန့်သန့်ကြားရတယ်၊ ဒီတော့မှ “အလိုဗျာ ရတ်တရက် ရှောင်တခင် မိဖတို့ အရေးဟာ ပြေးလာလိုက်တာ ကြားရတဲ့ သတင်းစကား မကောင်းလိုက် တာနော်”လို့ ငြီးတယ်။ ဘယ်လိုကြားရပါသလဲဆိုတော့၊ မယ်တော်ခမည်း တော် နှစ်ပါး ဖမ်းမိ သွားပြီလို့ ကြားရတယ်။

## ပညာရှိသောပုဂ္ဂိုလ်၊ ပြင်တတ်ဆို

“ငါ့၏မယ်တော် ခမည်းတော်တို့ဟာ ရန်သူလက်တွင်းသို့ ရောက်နေပြီ ကြားတယ်။ အကယ်၍ ငါသွားသော် ငါ့အားဖမ်းလိမ့်မယ်၊ သတ်လဲ သတ်လိမ့်မယ်၊ ငါ ဘယ်နှယ်ကြံရပါ့မယ်”လို့ ငြီးတယ်။

“ဟာ ယောင်္ကျားဘဲ၊ ငါ တက္ကသိုလ်ဆရာကြီးထံမှာ အတတ် အမျိုးမျိုး ဒိုးကဲ့သို့မွေ့အောင် သင်ထားတာဘဲ၊ ငါပညာရှိသောပုဂ္ဂိုလ်ဘဲ၊ ငါပြင်သွားမှာဘဲ၊ ဘယ့်နှယ်ပြင်မတုန်း၊ သွားမယ် ရိလို့မောလို့၊ ပျော်လို့ ရွှင်လို့၊ ကလို့ ခုန်လို့၊ သွားမယ်၊ အမိမဟုတ်သလို၊ အဖမဟုတ်သလို ပြင်သွားမယ်၊ သွားမှာဘဲ၊ ငါ့မယ်တော် ခမည်းတော်တို့ဟာလဲ ပညာရှိသောပုဂ္ဂိုလ်တွေဘဲ၊ ပညာရှိသောပုဂ္ဂိုလ်ဆိုတော့ သိလိမ့်မယ်၊ သိတော့ သူတို့လဲ ပြင်တတ်မှာဘဲ၊ ငါ့သား မဟုတ်သလိုနေမှာဘဲ၊ ငါကလဲ အမိမဟုတ်သလို အဖမဟုတ်သလိုနေမှာဘဲ။ ပညာရှိချင်း ခရီးသွားလို့ ဘေးရန်ကင်းတာပေါ့လေ” သွားတယ်၊ သွားတော့ အရှေ့တံခါးက အနောက်တံခါး ထိအောင် သံတူနဲ့ထုရိုက်နှက်ထား၊ ငွေ့တယ်။ ရှေ့ကနေရိလိုက် မောလိုက်၊ ကလိုက် ခုန်လိုက်၊ ပျော်လိုက်ရွှင်လိုက်သွားတယ်။

## ချစ်စကိုရှည်စေ၊ ရန်စကိုတိုစေ၊ မှာခဲ့ပလေ

ဒီတော့ ဒီဃီတိကောသလမင်းကြီးနဲ့ မိဖုရားကြီးက မြင်တာပေါ့၊ “အမယ်လေး ငါ့သားကြီးလာပြီ၊ အမယ်လေး ငါ့သားကြီးလာပြီ၊ နေရာကျလိုက်တာ၊ ကြည့်ပါလား၊ ပညာတတ်လာပြီ၊ အမေမဟုတ်သလို အဖေမဟုတ်သလို ရိလို့မောလို့ ပျော်လို့ရွှင်လို့ ကလို့ခုန်လို့လာတယ်၊ ငါ့သားကြီး ပြင်လာတတ်တာပေါ့၊ ငါ့သားကြီး ပြင်လာတာ ငါတို့ကလဲ ပြင်မှာဘဲ” ဒီတော့ အရှေ့ပြောရမဲ့စကား အနောက်ပြော၊ တောင်ပြောရမဲ့စကား မြောက်ပြော၊ ပြောင်းတိ ပြောင်းပြန်ပြောတယ်၊ ရူးချင်ယောင်ဆောင်တာပေါ့၊ ရူးချင်ယောင်ဆောင်ပြီး ပါးစပ်က ဗြစ်တောက် ဗြစ်တောက်နဲ့ မြည်တယ်၊ မှာတယ်၊ “သားကြီးရင်နှ ဒီဃာဝု- ချစ်စကိုရှည်ပါစေ၊ ရန်စကိုတိုပါစေ၊ ရန်ကိုရန်ချင်း မတုံ့လျှင်းနဲ့၊ ရန်ချင်းတုံ့က ရှည်တတ်လှတယ်၊

မိဖုရားစကားနားထောင်ပြီးက သံပြားကျောက်စောင်း ကြိုးသော်မှပြောင်းတိ သကဲ့သို့၊ တောင်ပေါ်ကြာပေါက် အနောက်နေထွက် ဆိုဘိသကဲ့သို့ သားကြီးရင်နှ ဒီဃာဝု— ချစ်စကိုရှည်ပါစေ၊ ရန်စကို တိုပါစေ”ဆိုတာ ပါးစပ်က အတန်တန်မှာထားတယ်။ မှာထားတော့ ဒီဃာဝုကငါ့မယ်တော် ခမည်းတော်တို့က မှာတမ်းတော်သတာဘဲလို့ အောင်းမေ့တယ်။ မှတ်သား ထားတယ်။

## အရက်တိုက်ပြီး မိဖအလောင်းမီးသင်္ဂြိုဟ်

ထောင်မှူးအာဏာသားများက “အော် ဒီနေ့ ဒီဃိတိကောသလ မင်းကြီး သေရမှာကြောက်တော့၊ တောင်ပြောမြောက်ပြော၊ အရှေ့ပြော အနောက်ပြော၊ သူပြောချင်ရာပြောနေပြီ၊ မင်းကြီးလဲရူးပြီ၊ သူ့သားကြီး ဒီဃာဝု ဘယ်ရှိလိမ့်မတုန်း၊ အလကား ကတောင်ကရမ်းတွေ ပြောနေတယ်” လို့ ပြောကြတယ်။

“သေခါနီးပြီ ဟုတ်ပါရဲ့၊ ပညာမရှိသောပုဂ္ဂိုလ် ဘာသိလိမ့်မတုန်း၊ ပညာရှိသောပုဂ္ဂိုလ် သိမှာပေါ့”လို့ မင်းကြီးက ပြန်ပြောတယ်။

တံခါးလေးမျက်နှာ စေ့သောအခါကျမှ သုဿာန်ထုတ်၊ သုံးပိုင်း ပိုင်း၊ ပိုင်းပြီး ကားစင်တင်တာပေါ့၊ ကားစင်တင်တော့မှ ဒီဃာဝု သတို့သားက “အော်... ငါ့ဖခမည်းတော် မယ်တော်တို့ နတ်ရွာစံ ကံတော် ကုန်ပြီ၊ မိဖကျေးဇူး မြင့်မိုရ်ဦးမျှမက ဆပ်လို့မကြေဘူး”လို့ ပြောတယ်၊ ဒီတော့ သေတော့၊ ထောင်မှူးအာဏာသားတွေကို သေရည်သေရက်များစွာ ပေးပြီး သောက်လို့မူးသောအခါ အလောင်းဖြုတ်ယူမှာဘဲလို့ အကြံဖြစ် တယ်။ အကြံဖြစ်တော့ ထောင်မှူးအာဏာသားတွေကို သေရည်သေရက် တွေတိုက်၊ တိုက်ပြီးတော့ မူးလဲနေတော့မှ အမိအဖအလောင်းကို တခါထဲ ထမ်းပြီးတော့ တောအုပ်ထဲ ယူဆောင်လို့သွားတယ်။ တောထဲကျတော့ ထင်းများရှာပြီး မီးသင်္ဂြိုဟ်တယ်။ သင်္ဂြိုဟ်ပြီးတော့မှ ငိုးငိုတယ်။

## ဗုန်ကင်းတာလှည့်၊ တင်းတာလှည့်ပေါ့

ကြိမ်းဝါးတယ် “ဗြဟ္မဒတ်မင်း မင်းဆိုရင် နိုင်ရင်လုပ်တမ်းပေါ့၊ သတ်တမ်းပေါ့၊ အခုတော့ အကျိုးယုတ်အရှက်တကွဲ တောင်တံခါးက

မြောက်တံခါးထိအောင် သံတူနဲ့ထုရိုက်နှက်၊ အရှေ့တံခါးမှ အနောက်တံခါးထိအောင် သံတူနဲ့ထုရိုက်နှက်၊ တံခါးလေးမျက်နှာ စေ့သောအခါကျမှ သုသာန်ထုတ် သုံးပိုင်းပိုင်း ပိုင်းပြီးကားစင်တင်လို့ အမိန့်ထုတ်တယ်၊ ဒီလိုဆို နိုင်ငံရင်သတ်တမ်းပေါ့၊ အကျိုးယုတ် အရှက်တကွဲ လုပ်လေခြင်း၊ ပြဟ္မဒတ်မင်း 'သင်နဲ့ငါ ဤကမ္ဘာ ငါမကြေဘူးပေါ့၊ မှန်ကင်းတလှည့် ထင်းတလှည့်ပေါ့လေ၊ ယခုအခါ အသင်ကမှန်ကင်း ငါက ထင်းဘဲပေါ့၊ ငါမှန်ကင်းဖြစ်တဲ့အခါ ဖြစ်လိမ့်အုံးမပေါ့၊ သင် ထင်းဖြစ်တဲ့အခါ ဖြစ်လိမ့်အုံးမပေါ့"။

မှန်ကင်းတလှည့် ထင်းတလှည့်၊ ဤကမ္ဘာ ငါမကြေဘူးပေါ့၊ ကြည့်ပါလား ခံလိုက်ရတာ၊ ရင်ထဲနှလုံးထဲမှာကွဲမတတ်၊ ဆွေးမတတ်၊ ပွင့်မတတ် ခံရတယ်။ ဒီတော့ ဘယ်ကြေနိုင်ပါ့မလဲ၊ ဒီလောက်တောင် နှိပ်စက်တာ ငါကြေနိုင်ပါ့မလား။

ဒီဃာဝုသတို့သားက အမိအဖသင်္ချိုင်းမှာ ငိုကာ ရိုကာ တစာစာနေလို့ ငါမတော်သေးဘူး၊ လူသူလေးပါးမြင်ရင် ဒုက္ခရောက်လိမ့်မယ်၊ မိဖသင်္ချိုင်းကန်တော့ပြီး ပြန်သွားမှဘဲ၊ ပြန်သွားတယ်။ ပြဟ္မဒတ်မင်းကြီးကဧလသာပြတင်းက လှမ်းမြင်လိုက်တယ်၊ ဘယ်သူမှလဲ လာမလျှောက်ထားကြဘူး။

## ဆင်ထိန်းကလေး ဒီဃာဝု

ပြန်သွားတော့ ကောသလတိုင်းပြည်အနီးရောက်တော့ သူ့ကိုယ်သူအားပေးတယ်၊ "ဒီဃာဝု၊ ဒီဃာဝု၊ အသင်အကြံမလျော့နဲ့၊ အသင့်မှာ အမိလဲအားကိုးစရာမရှိ၊ အဖလဲအားကိုးစရာမရှိ၊ ဒီတော့ ကိုယ့်အားကိုယ်ကိုးမှဘဲ၊ ဘယ်လိုအားကိုးမတုန်း၊ ဘယ်လိုကြံမတုန်း၊ ဒီတော့ မင်းခစား ယောကျ်ားလုပ်ရအောင် ကြံမှဘဲ၊ ဘယ်လိုလုပ်မတုန်း၊ ဆင်ဝန်မင်းအိမ် သွားမှဘဲ။ ဆင်ဝန်မင်းအိမ်သွားပြီးတော့ "အသင်ဆင်ဝန်မင်း အကျွန်ုပ်ဟာ တောတွင်းကျေးလက်ကပါ၊ တောတွင်းကျေးလက်က အမိမဲ့အဖမဲ့သား ဖြစ်ပါတယ်၊ အစားရ အသောက်ရ ကြပ်တည်းလှန်းလို့ပါ၊ ဆင်းရဲလွန်းလို့ပါ၊ လုခ ရိက္ခာတော်မရ ရှိပါစေ။ ကျွန်ုပ်ကို ခိုင်းချင်ရာခိုင်းပါ၊ ကျွန်ုပ်နဲ့

တော်တဲ့အလုပ်ပေးပါ” အလုပ်တောင်းတယ်။ တောင်းတော့၊ အော်.... မြင်လျှင်မြင်ချင်း သနားကရုဏာ ရှိသည်အတွက်ကြောင့် ဆင်ထိန်းအလုပ် ပေးလိုက်တယ်။ ဆင်ထိန်းဖြင့်နေတာပေါ့။

အလွမ်းပြေ စောင်းတီး သီချင်းဆိုမိရာ။

ဆင်ထိမ်းလုပ်ပြီး နေတော့၊ ညမှာ မိုးကလေး တဖျောက်ဖျောက်နဲ့ ရွာတော့၊ အမိအဖ အလွန်လွမ်းဆွတ်တာကို၊ လွမ်းဆွတ်တော့ကို စောင်း အတတ်လဲတတ်တယ်၊ သီချင်းလဲ သီဆိုတတ်တယ်၊ ဒီတော့ သီချင်း သီဆိုပြီး စောင်းတီးတယ်။ ဆင်တင်းကုပ်က တီးတော့ မင်းကြီး နန်းတော်နဲ့ မနီး မဝေးဆိုတော့ ကြားတာပေါ့။

ကြားတော့ မနက်အာရုံ ကျင်း လင်းသကာလ၊မနက် ညီလာခံကျတော့ မေးတယ် “ညတုံးက စောင်းသံကြားတယ်၊ ဒီစောင်းသံ ဘယ်ကတုန်း” လို့ အမတ်ကြီးတွေကို မေးမြန်းတော်မူတယ်။

“အရှင်ဘုရား.... စောင်းသံဟာ တခြားအိမ်က မဟုတ်ပါဘူး၊ ဆင်ဝန်မင်းအိမ်ကပါ ဘုရား” လို့ သံတော်ဦးတင်တယ်။ သံတော်ဦး တင်တော့မှ ဆင်ဝန်မင်းနှင့်တကွ စောင်းသမားတို့ကို ရှေ့တော်သွင်းစေ အမိန့်တော် မှတ်လိုက်တယ်။

စောင်းသမား သက်တော်စောင့် ရာထူးယူစေ

အမိန့်တော် ပြန်လိုက်တော့မှ မင်းကြီး ရှေ့တော်မှောက် ရောက်တယ်။

“အမောင်ဟာ ဘယ်မြို့ ဘယ်ရွာ ဘယ်ဌာနကလဲ” လို့ မေးတော် မူတယ်။

“ဘုရား ကျွန်တော်မျိုးဟာ တောတွင်း ကျေးလက်ကပါဘုရား ဆင်ဝန်မင်းအိမ်မှာ ခိုင်းချင်ရာ ခိုင်းပါ၊ အစားအသောက် ကြပ်တည်း လွန်းလို့ပါ၊ ကျွန်ုပ်ထမင်း စားရရင် တော်ပါပြီ ခွင့်တောင်းလို့ ဆင်ထိန်း ခိုင်းထားပါတယ်ဘုရား”။

“ဒါဖြင့်ရင် မင့်မြင်မြင်ခြင်း အမတန် မေတ္တာရှိတော်မူတယ်၊ အမှုတော်များ မထမ်းချင်ဘူးလား”

“အရှင်ဘုရား သနားတော် မူပါက ခွင့်ပေးတော်မူပါဘုရား” လို့ ခွင့်တောင်း လျှောက်ထားတယ်။

“ကောင်းပြီ၊ အသင်ပင်းကြီးတို့ ငါအမိန့်တော် ပြန်မယ်၊ ဒီနေ့ ဒီရက် ဒီအချိန်ကစပြီးတော့၊ စောင်းသမား မောင်လုလင်အား မင်းသားကြီး လေးပါး တပါးအပါအဝင်၊ သက်တော်စောင့် ရာထူးယူစေ” လို့ သန့်လျက်မေးလိုက်တယ်။

ပေးလိုက်တော့ စောင်းသမား မောင်လုလင်ဟာ သက်တော်စောင့် ဖြစ်နေတာပေါ့၊ ဒီဿဝုဟာ သက်တော်စောင့် ဖြစ်နေတော့ မင်းကြီးရဲ့ ဝေယျာဝစ္စ ကောင်းစွာ ဆောင်ရွက်နိုင်တယ်၊ သူကပေါ့လဲ ပေါ့ပါးတယ် အစစ ပြည့်စုံအောင် လုပ်ဘော့ မင်းကြီးက အလွန်ချစ်တာပေါ့။

## တောနက်ရာ ဒိဿဝု မောင်းနှင်လာ

“စောင်းသမား မောင်လုလင်.... ငါ တောကစား မကြုံးရတာကြာပြီ၊ တောကစား သွားချင်တယ်၊ ဘယ်နှယ့် တော်ပါ့မလား” လို့ မေးတော်မူတယ်။

“ဖခမည်းတော်၊ ဘောနဲ့ တောင်နဲ့ စိမ့်နဲ့ စမ်းနဲ့ မြိုင်နဲ့ အင်မတန်မှ အလှမ်းပြေ တက်ပါတယ်။ သွားဘို့ တော်ကြောင်းပါဘုရား” လို့ သံတော် ဦးတင်တယ်။

“ကောင်းပြီး၊ ငါ တောကစားသွားမယ်၊ စစ်သည်ဗိုလ်ပါ အပေါင်းကို ဆင့်ဆိုလိုက်၊ ရထားများ ကောင်းမွန်စွာ ပြင်လိုက်ပေတော့” လို့ အမိန့်ချလိုက်တယ်။

အမိန့်ချမှတ်လိုက်တော့၊ ဒိဿဝုသတို့သားက ရထားကို ကိုယ်တိုင် ပြင်တယ်၊ စစ်သည်ဗိုလ်ပါ အပေါင်းကို ဆင့်ဆိုလိုက်တယ်။

"မင်းကြီးရထားပေါ်သာ တက်ပါတော့၊ ရထားထိန်းမလိုပါဘူး၊ ရထားအတတ် အကုန်တတ်ပါတယ်ဘုရား" လျှောက်ထားတယ်။ ရထားပေါ်ရောက်တော့၊ ဗာရာဏသီပြည်ကြီး လှည့်လည်ရစ်ပတ်သွားပြီးတော့၊ တောထဲရောက်ရော။ "အော် ငါ့ရန်သူတော့ ငါ့လက်တွင်း ရောက်ပြီ၊ ကိုင်း...." တခါထဲရထားကို တအားကုန် လွှတ်လိုက်တယ်၊ မောင်းနှင်သွားတာပေါ့၊ စက်ကုန်လွှတ်တော့၊ တောနက်ရာ ရောက်သွားတယ်။ ရောက်တော့—

"သားကြီးမောင်....သားကြီးမောင်၊ နားပါအုံး၊ နားပါအုံး၊ မောလှပြီ၊ နားပါအုံးတော့" လို့ မင်းကြီးက မိန့်တော်မူတယ်။

အရိပ်ကြီးတဲ့ နေရာကျမှ ထိုးရပ်လိုက်တယ်၊ ရပ်လိုက်ပြီးတော့ "သားကြီးမောင် ဖခမည်းတော် အလွန်ပင်ပန်းနေတယ်၊ တမေ့လောက် စက်တော်ခေါ်အပျော်ကြူးပါရစေ" လို့ ခွင့်တောင်းတယ်။

"စက်တော်ခေါ်အပျော်ကြူးတော်မူပါ၊ ထီးထဲနန်းထဲလဲ မဟုတ်ပါဘူး၊ ကျွန်တော်မျိုးပေါင်ပေါ်ကို မှီပြီးတော့ အပျော်ကြူးတော်မူပါ" လို့ ဘယ်ပေါင်ထိုးပေးတယ်။ ပေးတော့ ဘယ်ပေါင်ပေါ်မှာ မင်းကြီးစက်တော်ခေါ် အပျော်ကြူးတာပေါ့။

## ရန်သူမင်းကြီးရယ်၊ သုံးကြိမ်သုံးခါ သတ်ရန်ရှယ်

အပျော်ကြူးတော့ မင်းကြီးပျော်သွားတော့ ဒီဃာဝုသတို့သားက "ဒီဃာဝု၊ ဒီဃာဝု၊ မင်းလုပ်မဲ့ယောကျ်ား မဟုတ်လား၊ မင်းလုပ်မဲ့ ယောကျ်ားဆိုတာ ရက်စက်မှ ကြွက်ခွဲ၊ ရဲမင်းဖြစ်ဆိုသလိုဘဲ၊ ဒီတော့ကြံမှဘဲ"အားပေးတယ်။ဒီဃာဝုလဲ ရက်စက်မှ ကြွက်ခွဲ-ရဲမင်းဖြစ်ဆိုသလို သန်လျက်ထုတ် တအားဝင့်လိုက်တယ်။ သန်လျက်ဝင့်လိုက်တော့ "သားကြီးမောင်....ကြည့်စမ်း၊ ချစ်စကို ရှည်ပါစေ၊ ရန်စကိုတိုပါစေ၊ ရန်ရန်ချင်းမ တို့လျှင်းနဲ့၊ ရန်ချင်းတို့က ရှည်တတ်လှ၏။ ကြည့်စမ်း၊ မိဖစကားနား ထောင်ပြောက သံပြားကျောက်စောင်း ကြိုးသော်မှပြောင်းတိ သကဲ့သို့၊ တောင်ဆိပ်ကြာပေါက်၊ အနောက်နေထွက်ဆိုဘိသကဲ့သို့ "သားကြီးရင်နု-

ဒီဃာဝု၊ ချစ်စကို ရှည်ပါစေ၊ ရန်စကို တိုပါစေ” ဆိုတဲ့စကား ငါ့နားမှာ အတန်တန်ကြားနေပါကလား၊ သန်လျက်တန့်အုံး၊ သန်လျက်တန့်အုံးမှ၊ ဒါကြောင့် သန်လျက်ပြန်သိမ်းလိုက်တယ်၊ သိမ်းပြီးတော့—

“ဒီဃာဝု၊မင်းလုပ်မဲ့ ယောကျ်ား မဟုတ်လား၊မင်းလုပ်မဲ့ယောကျ်ား ဆိုရင်၊ ရက်စက်မှု ကြေကွဲ-ရဲမင်းဖြစ်ဆိုသလိုဘဲ၊ မင်းဘာလို့ ရန်သူကို ညှာနေရသေးတုန်း။ ကြည့်စမ်း၊ ရှေးဒေထက်ကျော်ကာရီကကောသလတိုင်း ပြည်ကြီးကို အစိုးရတော်မူတဲ့ ဒီဃီတိကောသလမင်းကြီးနှင့် မိဖုရားကြီးကို အရှေ့တံခါးက အနောက်တံခါးထိအောင် သံတူနဲ့ ထုရိုက်နှက်၊ မင်းမျက်စိ အောက်တွင် မဟုတ်လား၊ မြောက်တံခါးက တောင်တံခါးထိအောင် သံတူနဲ့ ထုရိုက်နှက်၊ဤအခါထုန်းက သင်ဟာ ရင်ထဲကွဲမတတ်၊ဆွေးမတတ်၊ ပွင့်မတတ်ခံရတယ်မဟုတ်လား။ အဲဒီလောက်တောင် လုပ်ထားတာ၊ မင်း ဘာညှာနေရသေးသတုန်း” တကြိမ် သန်လျက်ဆွဲထုတ် ဝင့်ပြန်တယ်။

“သားကြီးမောင်၊ ချစ်စကို ရှည်ပါစေ၊ ရန်စကို တိုပါစေ။ ရန်ရန် ချင်း မတုံ့လျှင်းနဲ့၊ ရန်ရန်ချင်းတုံ့က ရှည်တတ်လှ၏။ မိဖစကားနားထောင် ငြားက သံပြားကျောက်စောင်း ကြိုးသော်မှ ပြောင်းဘိသကဲ့သို့၊ တောင် ထိပ်ကြာပေါက်၊ အနောက်နေထွက်ဆိုဘိသကဲ့သို့၊ သားကြီးရင်နဲ့-ဒီဃာဝု၊ ချစ်စကို ရှည်ပါစေ၊ ရန်စကို တိုပါစေ”ဆိုတဲ့စကား ငါ့နားမှာ အတန် တန်ကြားနေပါကလား။ သန်လျက်ကို ပြန်သိမ်းထားလိုက်တယ်။ တကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်လုပ်တော့၊ မင်းကြီးက လန့်နိုးတယ်။

အသက်ချမ်းသာပေး၊ ထိုးနန်းယူပါလေး

“သားကြီးမောင်....သားကြီးမောင်....” လို့ မင်းကြီးက ခေါ်တယ်။ ရုတ်ကရက်ရှောင်တခင်နဲ့၊ ဘယ်လက်ရိုးဆံထုံးနှိပ်ပြီး၊ ညာလက်ရိုးက သန် လျက်မိုးထားပြီး၊ “ဘာ သားကြီးမောင်” လို့ တုန့် ပြန်ကြိမ်းတယ်။

“မောင် ဘယ်နှယ့်ပြောတာတုန်း”

“မျက်နှာကို စေ့စေ့ကြည့်စမ်း၊ ရှေးကနဲ့ ဒေခု တူရဲလား”

“မောင်ရယ်၊ မောင်ဘယ်နှယ့် စကားပြောတာတုန်း”

"နားထောင်ပြောမယ်၊ ရှေးအထက်ကျောက်ကာရိက ကောသလတိုင်း ပြည်ကြီး အစိုးရတော်မူတဲ့ ဒီဃီတိကောသလမင်းကြီးနဲ့ တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီး မွေးဖွားတဲ့ သားတော်ဒီဃာဝုသထွိုတားဆိုတာ ကျွန်ုပ် ဘဲ၊ ဒီတော့ သင်မင်းကြီးဟာ ကျွန်ုပ်ရဲ့ ရန်သူ၊ အသင်မင်းကြီးကို သတ်ရ လိမ့်မယ်"

'မောင်ရယ်၊ အသက်တချောင်း အမတန်ရရန် အမတန်ခဲယဉ်းပါ တယ်၊ ချမ်းသာပေးပါ မောင်ရယ်"

"ဖခမည်းတော်ချမ်းသာမပေးနိုင်ဘူး၊ သတ်ရလိမ့်မယ်။ မဖြစ်ဘူး၊ သတ်ရမှ အေးမယ်"

"မောင့်လက်ခုပ်ထဲက ရေ၊ သွန်လိုသွန်၊ မှောက်လိုမှောက်ပါ၊ထီး၏ စည်းစိမ်၊ နန်း၏ စည်းစိမ်၊ ကာမဂုဏ်မှု စည်းစိမ်ကိုလဲ မောင်ယူပါတော့" လို့အပ်လိုက်တယ်။

"အပ်တော့ ဖခမည်းတော် ယုံရမှာလား" လို့မေးတယ်။

"ယုံပါ မောင်ရယ်"

"မယုံနိုင်ဘူး"

"မယုံနိုင်ရင် မောင်ပေးချင်တဲ့ သစ္စာပေးပါ၊ သစ္စာဆိုပါ့မယ်"

ဒီတော့ သစ္စာရေတိုက်တယ်။ ပြီးတော့ "ဖခမည်းတော် သစ္စာရေ သောက်ပြီးပြီ၊ ဒိဂတိအတိုင်း တည်ပါစေနော်"

"တည်ပါမယ်"လို့ မင်းကြီးက ပြောတယ်။

## ဝန်ချတောင်းပန်၊ တိုင်းပြည်မြှန်

"သစ္စာတည်လို့ရှိရင် ဖခမည်းတော်အပေါ် ကျွန်ုပ် ဒေါသမာန်မာ နနဲ့ အမတန်ကြိမ်းမောင်းမိခဲ့ပါတယ်၊ ဘယ်လိုကြိမ်းမောင်းသလဲ ဆိုတော့၊ 'ကျွန်ုပ် ဖခမည်းတော်နဲ့ ကျွန်ုပ်မယ်တော်တို့ကို အရှေ့တံခါးက အနောက် တံခါးထိအောင် သံတူနဲ့ ထုရိုက်နှက်၊ မြောက်တံခါးမှ တောင်တံခါးထိ အောင် သံတူနဲ့ တုရိုက်နှက်၊ ဒီအခါ အနားမှာ ကျွန်ုပ်ရှိတယ်၊ အားမတန်

လို့ မာန်လျှော့ခဲ့ရတယ်၊ ဤအခါတုန်းက ရင်ထဲ နှလုံးထဲ ကွဲမတတ် ဆွေး မတတ်၊ ပွင့်မတတ် ခံရပါတယ်။ အဲဒီတော့ အသင်မင်းကြီးကို ကြိမ်းမောင်း ခဲ့တယ်၊ ဖြူဟူ ဒတ်မင်းကြီး မှန်ကင်းတလှည့်၊ ထင်းတလှည့်ပါ၊ ဤကမ္ဘာ ငါမကြေဘူး။ ယခုအခါ အသင်က မှန်ကင်း၊ ငါက ထင်းဘဲပေါ့။ ငါ မှန်ကင်း ဖြစ်တဲ့အခါ ဖြင်လိမ့်အုံးမပေါ့၊သင်က ထင်းဖြစ်တဲ့အခါ ဖြစ်လိမ့် အုံးမပေါ့ လို့ များစွာ ကြိမ်းမောင်းခဲ့တယ်။ သို့သော် ယခု အသင်မင်း ကြီးက သားအရင်းလို စိတ်ထင်ပါ၊ ကျွန်ုပ်က အဖအရင်းလို စိတ်က ထင်ပါတော့မယ်။ ကာယကံမှု အပြစ်ကြီးငယ်၊ ဝစီကံမှု အပြစ်ကြီးငယ်၊ မနောကံမှု အပြစ်ကြီးငယ်၊ ထိုအပြစ်များကို သည်းခံတော်မူပါဘုရား”လို့ တောင်းပန်တယ်။

မိဖစကားနားထောင်ပြေား၊ နှစ်ပြည်ထောင်အုပ်စိုးရတဲ့သား

တောင်းပန်ပြီးတော့ “ဖခမည်းတော် ဒါဖြင့် ဗာရာဏသီပြည် ပြန်ကြပါစို့ရဲ့” ဆိုပြီး၊ ဒီတော့မှ တိုင်းပြည်ပြန်ရန် ရထားပေါ်တက်တယ်၊ ပြန်သွားကြတော့။ ပြည်သူပြည်သား အမတ်ကြီးတွေက စောင့်နေကြတယ်၊ “အသင်မင်းကြီး အမတန်မှ မောသလား၊ ပန်းသလားဘုရား” လို့ ဆီး သံတော်ဦးတင် နှုတ်ဆက်ကြတယ်။ အားလုံးစုံတော့အခါမှာ “အသင် အမတ်ကြီးတို့ ငါ့မှာ ရန်သူပေါ်ပေါက်တယ်”

“အရှင်ဘုရား ရန်သူပေါ်ပေါက်ရင်၊ တိုင်းစွန်နိုင်ငံစွန်က ဂျမ်းသူပုန် ထရင် ကျွန်တော်မျိုးကြီးတာဝန်ထားပါ၊ ကျွန်တော်မျိုး သွားပြီးတော့ တွန်းလှန်ဖြိုဖျက်ပါ့မယ်”

ပြီးတော့ တချို့ကလဲ “အနီးက ရန်သူရှိရင် ကျွန်တော်မျိုးတို့ ဖမ်းပါ့မယ်၊ ကျွန်တော်မျိုး သတ်ပါ့မယ်၊ ကျွန်တော်မျိုးတာဝန်ထားပါ ဘုရား၊ အမိန့်သာရှိတော်မူပါဘုရား၊ ရန်သူဘယ်မဟုန်းဘုရား”လို့ လျှောက် ထားကြပြီး၊ သူဖမ်းမယ်၊ ငါဖမ်းမယ်နဲ့ အားလုံးအမတ်တွေပြောတာပေါ့။ အားလုံးအမတ်တွေလျှောက်တော့၊ “နားထောင်၊ ငါ၏ရန်သူဟာ တခြားလူ မဟုတ်ဘူး၊ စောင်းသားမောင်လုလင်ဘဲ။ ရှေးအထက်ကျော်ကာရီက ကောသလတိုင်းပြည်ကြီးကို အစိုးရတော်မူသော ဒီဃီတိကောသလမင်းကြီး၏

သားတော် ဒီဃာဝုသတို့သားဆိုတာ တခြားလူမဟုတ်ဘူး၊ စောင်းသမား မောင်လုလင်ဘဲ၊ အဲ-စောင်းသမားမောင်လုလင်ကို ထီး၏စည်းစိမ်၊ နန်း၏ စည်းစိမ်၊ ကာမဂုဏ်မှု၏ စည်းစိမ်တွေကို ငါလွှဲအပ်လိုက်ပြီ၊ သမီးတော် လက်ဆွဲပြီး နန်းတင်လိုက်ပေတော့”လို့ အပ်နှင်းလိုက်တယ်။

ဒီဃာဝုသတို့သားဟာ မိဖစကားနားထောင်တဲ့အတွက် ချစ်စရာ အောင်လုပ်နိုင်တဲ့အတွက်ကြောင့် ကောသလတိုင်းပြည်ကြီးနဲ့ ဗာရာဏသီ ပြည်ကြီး နှစ်ပြည်ထောင်စိုးစံရပါတယ်။ မြတ်စွာဘုရားက ဆုံးမတော် မူတယ်။

## ဆုံးမ မရ၊ ပလလည်း တောကြွ

“ချစ်သားရဟန်းတို့-အသင်တို့လဲဘဲ တဦးနဲ့တဦး ကျေနပ်ကြပါ” “ဆွမ်းစားအတူတူ၊ ကံဆောင်အတူတူ၊ ကျေနပ်ကြပါ”လို့ သံဃာတွေအား ဟောကြားဆုံးမတယ်။

သံဃာတွေက နားမထောင်ကြဘူး၊ နားမထောင်တော့၊ ဆွမ်းစား ကျောင်းပေါ်မှာ သပိတ်နဲ့ပေါက်၊ သပိတ်ဖုံးနဲ့ခုတ်၊ ဆုံးမ မရတော့၊ မြတ်စွာဘုရားက ပလလဲ (ပါလိလေယျကတော) သို့ ကြွသွားရတယ်။ ပလလဲတောမှာရောက်တော့၊ ပလလဲ ဆင်မင်းရှိတယ်။

ဆင်မင်းကြီးက မြတ်စွာဘုရားကို အလွန်ဘဲကြည်ညိုလွန်းလို့ အလုပ် အကျွေးပြုလုပ်နေတယ်။တောထဲက ကျောက်ခဲတွေမီးရှို့ပြီး ရေအိုင်ထဲထည့်၊ ရေပူကပ်တယ်၊ ရေအေးကပ်တယ်၊ ရေပူရေချမ်းကပ်နေတယ်၊ တောထဲသွား ငှက်ပျောသီးရှာ၊ရှာပြီးတော့ကပ်တယ်၊ အလုပ်အကျွေးလုပ်နေတာပေါ့။

မျောက်တကောင်လဲ ဘုရားအား ပျားလဘ်လှူဒါန်းတယ်၊ ပျားဥတွေ ဖယ်ပြီးကပ်တော့ ဘုရားကဘုဉ်းပေးတာမြင်တော့၊ မျောက်ကဝမ်းမြောက် ပီတိဖြစ်တယ်။ သစ်ပင်ဆွဲတက်လိုက်ရာ ကျိုးပဲ့ကျလို့ သေဆုံးပါလေရော။ တာဝတိံသာနတ်ပြည်မှာ မက္ကဋဒေဝပုတ္တနတ်သားသွားဖြစ်တယ်။

## မလှူကြနဲ့၊ သပိတ်မှောက်ကြ

သိတင်းဝါလကျွတ်တော့မှ မြတ်စွာဘုရား ပလလဲတောကြွသွားရတာ၊ ကောသမ္ဗီပြည် ရဟန်းတွေအတွက် ပလလဲတော ကြွသွားတာလို့ တိုင်းသူပြည်သား လူအများက ဖြစ်နေကြတာပေါ့။ ပြောနေကြတာပေါ့။

ဖြစ်နေတော့ ရဟန်းတွေ ဆွမ်းမလောင်းကြနဲ့၊ တိုင်းသူပြည်သားတွေက မလှူကြနဲ့၊ မတန်းကြနဲ့၊ ဒကာ ဒကာမတွေက ဆန်စျေးတောင်းမှောက်တာပေါ့၊ သပိတ်မှောက်တာပေါ့။

ဒီတော့ ရဟန်းတွေက နားထောင်ပါတော့မယ်၊ ညီညီညွတ်ညွတ် နေပါတော့မယ်။ ပြောကြတယ်။ အဲဒီတော့မှ သာဝတ္ထိပြည် အနာထပိဏ် သူဌေး၊ ဝိသာခါကျောင်းအမကြီး စသည်တို့က ညီတော် အာနန္ဒာ သွားလျှောက်ကြတယ်

"ဒီကောသမ္ဗီပြည် ရဟန်းတွေအတွက်ကြောင့် မြတ်စွာဘုရား ပလလဲတောကြွသွားရတယ်၊ အရှင်ဘုရားလိုက်ပင့်ပေးပါဘုရား၊ သိတင်းလဲကျွတ်ပါပြီ၊ လိုက်ပင့်ပေးပါ" အတန်တန်လျှောက်တားတော့၊ညီတော့အာနန္ဒာလဲ ရဟန်းငါးရာနဲ့ ပလလဲတော ကြွသွားတာပေါ့။

## ဘုရားပင့်ရာ၊ ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း

ညီတော် အာနန္ဒာက သပိတ်ကလေးလွယ်ပြီး ရဟန်း ငါးရာနဲ့ ကြွသွားရော၊တောစပ်ရောက်တော့ ရဟန်းငါးရာထားခဲ့ပြီးသွားရာ ပလလဲ ဆင်မင်းတွေ့တယ်။ ညီတော်အာနန္ဒာကို နှာမောင်းနဲ့ တုတ်ဆွဲပြီး လိုက်ရိုက်မလို့လုပ်တော့၊ "ဟဲ့....ဟဲ့၊ မလုပ်နဲ့၊ နင်လိုဘဲ ငါ့သားတော်ကြီးဘဲ မလုပ်နဲ့၊ အဲဒီတော့မှ သပိတ်ဆည်းယူတယ်" မြတ်စွာဘုရားကို ညီတော် အာနန္ဒာကပင့်တယ်။ "မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း ပြန်ကြွတော်မူပါဘုရား"လို့ ပင့်တယ်။

"ဘယ်သူတွေ ပါသေးသလဲ"

"ရဟန်းငါးရာ ပါတယ် ဘုရား....တောစပ်မှာ"

“သွားခေါ်ချေ” သွားခေါ်လို့ ရောက်တော့ ရဟန်းငါးရာကို မြတ်စွာဘုရားက ဓမ္မပဒဂါထာတရားဟောတယ်၊ ရဟန်း ငါးရာလုံး အရဟတ္တဖိုလ်တည်ကြတယ်။ ဂါထာအဓိပ္ပါယ်က—

“ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော် (ပညာရှိ) အဆွေခင်ပွန်းကို အကယ်၍ရခဲ့မူ၊ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိမ်နင်း၍ ဝမ်းမြောက်ဝမ်းသာ သတိရှိစွာကျင့်ရာ၏။ ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော တည်ကြည်သော အတူကျင့်ဖော်(ပညာရှိ) အဆွေခင်ပွန်းကို အကယ်၍ မရခဲ့သော် မင်းသည် နိုင်ပြီးသော တိုင်းပြည်ကိုစွန့်၍ ထွက်သကဲ့သို့ရင်း၊ မာတင်္ဂဆင်မင်းသည် တော၌တကောင်တည်း လှည့်လည်သကဲ့သို့ရင်း တယောက်တည်းကျင့်ရာ၏”

တယောက်တည်းကျင့်ခြင်းသည်မြတ်၏။ လူမိုက်၌ အဆွေခင်ပွန်း အဖြစ်မျိုးသည်မရှိ။ မာတင်္ဂဆင်မင်းသည် တောထဲ၌ တကောင်တည်း ကြောင့်ကြမဲ့လှည့်လည်ရာသကဲ့သို့ တယောက်တည်းကြောင့်ကြမဲ့ကျင့်ရာ၏။ မကောင်းမှုတို့ကိုမပြုရာ”

ဤကဲ့သို့ ဟောတော်မူ၍ ရဟန်းငါးရာ ရဟန္တာဖြစ်ကြလေကုန်၏။

## ဆင်မင်းတား၍ နေလိုက်ပါအုံး

ဘုရားပြန်ပင့်တော့ မြတ်စွာဘုရားက “ဆင်မင်း၊ ငါတော့ သွားရတော့မယ်။ နေရစ်ပေတော့”လို့ ဘုရားက ဆုံးမတော်ပေါ့။ဆင်မင်းကို ဆုံးမတော့ ညီတော်အာနန္ဒာက သပိတ်လွယ်ပြီး ရှေ့ကကြွသွားတယ်၊ ဆင်မင်းက ညီတော်အာနန္ဒာရှေ့က ကန့်လန့် ကန့်လန့်လုပ်နေတယ်။ ဒီတော့ ကန့်လန့်လုပ်နေတော့မှ ညီတော်အာနန္ဒာက “အရှင်ဘုရား ဆင်ကြီးက ကန့်လန့် ကန့်လန့်လုပ်နေတယ်” ဆိုင်းပါအုံးလို့တားတာ၊ ဝတ်ကြီး ဝတ်ငယ်ပြုပါရစေအုံးလို့တားတာ။ တားတော့ ရက်နဲနဲဆိုင်းလိုက်တယ်။

ဆိုင်းပြီးတော့ နောက်တနေ့ ကြွသွားတော့ ဘုရားရှေ့ကတားနေတယ်။ ဒီတော့ အရှင်ဘုရား မကြွပါနဲ့လို့ တားတယ်။ ဒီတော့မှ “အသင်ဆင်မင်း သည်းခံ”လို့ ပြောဆိုပြီး မြတ်စွာဘုရားက ကြွသွားတော်မူတယ်။

## ပလလဲ ဆင်မင်းရင်ကွဲနာကျသေ၍ နတ်သားဖြစ်၏

ကြွသွားတော့ ပလလဲ ဆင်မင်းကြီးလဲ မြတ်စွာဘုရားနောက်က လိုက်သွားတယ်။ လိုက်လာတော့ "အသင် ပလလဲ ဆင်မင်းပြန်တော့၊ ပြန်တော့၊ လူတို့တိုင်းနိုင်ငံဟာ အလွန်ကြောက်ကျစ်စဉ်းလဲတယ် မလိုက်နဲ့။ အုတ်ကျောက်ခဲနဲ့ ဝိုင်းပေါက်လိမ့်မယ် မလိုက်နဲ့။ နေရစ်ပေတော့လို့ တောင်းပန်တယ်"

ဆင်မင်းကြီးဟာ မြော်တကြည့်ကြည့်နဲ့ မော်ကြည့်ပြီး ရင်ကွဲနာ ကျပြီး သေရှာသတဲ့။ ဆင်မင်းကြီးဟာ တာဝတိံသာနတ်ပြည်မှာ ပါလိလေယျက နတ်သားသွားဖြစ်နေတယ်။ မြတ်စွာဘုရား အဲဒီကျမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းရောက်တယ်။ ရဟန်းတွေလဲ ညိုညိုညွတ်ညွတ်လာကြပြီး ဝန်ချတောင်းပန်ကြတယ်။ ဒီတော့မှ ဒကာ ဒကာမတွေကလဲ ဆန်စျေး တောင်းပြန်လှန်ကြတယ်။ သပိတ်ပြန်လှန်တာပေါ့။

## ဘုရားဟောဆုံးမချက် ရဟန်းတွေ သောတာပန်ဖြစ်လျက်

ဒီတော့မှ ဒီဃာဘုဇာတ်ပြန်ဟောပြီး ဆုံးမတော်မူတယ်။ နောက်ဆုံး ဂါထာဟောတော်မူပုံက—

ပရေ နစ ဝိဇာနန္တိ၊
မယ မေတ္ထ ယမာမသေ။
ယေစ တတ္ထ ဝိဇာနန္တိ၊
တတော သမ္မန္တိ မေဓဂါ။

ဘိက္ခဝေ=သံဃာရဟန်း၊ အလွန်ကြောက်လို၊ ငါ့ထံခိုသည့်၊ အိုတပည့်သား၊ ရဟန်းများတို့။ "တ္တေ သံဃမဇ္ဈေ စည်းဝေးရောက်လာ၊ များစွာ သွယ်သွယ်၊ ဤသံဃာတော်အလယ်၌ ပရေ ပညာမဲ့ငြား၊ တပါးသော သူတို့သည်" မယံ=ငါတို့သည် ယမာမသေ ဣတိ=စုတိမနေ၊ သေကြေ ပျက်စီးရချေကုန်အံ့ဟူ၍ နစ ဝိဇာ နန္တိ=မသိကုန်သာလျှင်သတည်း။ တတ္ထ သံဃမဇ္ဈေ=စည်းဝေးရောက်လာ၊ များစွာသွယ်သွယ်၊ ထိုသံဃာတော် အလယ်၌။ ယေစ=အကြင်သို့ သဘောပညာရှိသောသူတို့သည်ကား။ ယမာ မသေ ဣတိ=ငါတို့တတွေ၊ သေကြေပျက်စီးရချေကုန်အံ့ဟူ၍။ ဝိဇာနန္တိ=

ပညာမျက်စိဖြင့် သိမြင်ကြကုန်၏။ တတော=ထိုသို့မြင်သိ၊ ပညာရှိတို့ကြောင့်။ မေဓဂါ = ခိုက်ရန်ဖြစ်ပွား ကွဲပြားခြင်းတို့သည်။ သမ္မန္တိ=သိတလဓာတ်၊ ရေဖြင့်ဖြတ်၍ ငြိမ်းသတ်မီးပုံ၊ စဲပျောက်ပေကုန်၏။ ။

ထိုဒေသနာပါဠိဂါထာ၏ အဆုံး၌ ရောက်လာကြကုန်သော အလုံးစုံသော ရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့၌ တည်ကြကုန်၏။

\+ \+ \+

ဤကဲ့သို့ မြတ်စွာဘုရားဟော ဒီဃာဝုဇာတ်တော်ကိုရင်း၊ ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး ဟောတော်မူခဲ့သော "ချစ်စကိုရှည်စေ၊ ရန်စကိုတိုစေ" တရားဒေသနာကို ကြားနာရ၍ရင်း ယခုလို စွန်းလွန်းရာပြည့် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲတော်၌ စွန်းလွန်းကမ္မဋ္ဌာန်း ဆရာတော်များ၊ ဆရာများ၊ ယောဂီများ၊ သီလရှင်များအားလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး စိတ်တူ သဘောတူ သာသနာသုံးရပ်ကို ကြီးပွား တိုးတက်သန့်ရှင်းအောင် သာသနာပြုနိုင်ကြပါစေ။ကျန်းမာချမ်းသာစွာ တရားအားထုတ်နိုင်ကြပါစေ။တရား တဆင့်ထက်တဆင့် မြင့်သထက်မြင့်ကြပါစေ။မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး တရားတော်ကြားနာရ၍ ညီညီညွတ်ညွတ် စည်းလုံးချမ်းသာ ကျန်းမာကြပါစေ။ တရားအားထုတ်နိုင်ကြပါစေ။ မေတ္တာတရားဖြင့် သစ္စာတရား အမှန် သိမြင်နိုင်ကြပါစေသောဝ်။ တကမ္ဘာလုံး၊စကြာဝဠာအားလုံးငြိမ်းချမ်းသာယာပါစေ။အမှန်သစ္စာတရား ရှာဖွေသိမြင်နိုင်ကြပါစေ။ ချစ်စကိုရှည်စေလျှင် မုချ ကမ္ဘာငြိမ်းချမ်းရေးရမည်မှတ်ကြပါကုန်သော။ ရန်စကို တိုပါစေဆိုသည့်အတိုင်း ကျင့်သုံးလျှင်ဘေးရန်အန္တရာယ် ကင်းဝေး၍ ချမ်းသာသုခရကြမည်မလွဲတည်း။ လောကီငြိမ်းချမ်းရေးမှတဆင့် တက်သော်လောကုတ္တရာငြိမ်းချမ်းရေးဖြစ်သည့်နိဗ္ဗာန် ရလျှင် တကမ္ဘာလုံး၊ စကြာဝဠာအားလုံးငြိမ်းချမ်းရေးရပေမည်။ထိုကြောင့် အမှန် အရိယာသစ္စာတရားလေးပါးသိမြင်အောင် တရားအားထုတ်ကြ။ အာနာပါန သတိကမ္မဋ္ဌာန်းအားထုတ်ကြ။ သံသရာအေးရာရောက်အောင် ကြိုးစားကြကုန်လော့။

ယုံယုံကြည်ကြည် မိမိတို့အား ထုတ်သောတရားဖြင့် ပူဇော်ကြ။
အာမိသပူဇာ၊ ဓမ္မပူဇာနှစ်မျိုးတို့ဖြင့် ပူဇော်လှူဒါန်းကြ။
ဒုလ္လဘငါးပါးရခိုက် တရားအမွေခံကြကုန်လော့။

ဦးသောဘဏ–နာယကဆရာတော်
ဥက္ကဋ္ဌ၊
စွန်းလွန်းဂူကျောင်း၊ မြင်းခြံမြို့။
**စွန်းလွန်းရာပြည့်အမှုဆောင်အဖွဲ့။**

ဆရာတော်ဦးသာသနဝိသုဒ္ဓိ
အကျိုးဆောင်အတွင်းရေးမှူး။
ကျွန်းဘောကျောင်း၊
ရန်ကုန်။

ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရားကြီးမွေးနေ့ အနှစ်တရာပြည့်
အထိမ်းအမှတ်ပွဲတော် အမှုဆောင်အဖွဲ့။
မြင်းခြံမြို့။

မြတ်စွာဘုရားဟော

# မဟာဟံသဇာတ်ကို မူတည်၍

စွန်းလွန်းဆရာတော် ဟော

"သက်စွန့်မိတ်ဆွေ၊ ပေါင်းသင်းလေ၊ ရပေချမ်းသာကျိုး"

(စွန်းလွန်းထေရုပတ္တိစာအုပ်၌ မဖော်ပြရသေးသော တရားတော် ဖြစ်၏။)

## ဒေဝဒတ် ဘုရားသတ်ရန်ကြံ

ဒေဝဒတ်က လောကီအဘိညာဉ်စျာန်တွေရတယ်။ ရတော့ အဇာတသတ်မင်းသားလေးကို မယုံ ယုံအောင်တန်ခိုးတွေ ပြပြီးဖျားယောင်းတယ်။ ဖျားယောင်းပြီးတော့၊ ဆရာတပည့်ဖြစ်သွားရော၊ တိုင်ပင်တယ်။

"အသင် အဇာတသတ်မင်းသားနဲ့ ငါ၊ ဆရာတပည့် ဖြစ်ပြီ၊ သင်ကာ ကျောင်းဒကာလုပ်၊ ငါက ဘုရားလုပ်မယ်။ သင်က သင့်အဖကို သတ်၊ ငါက ဘုရားကို သတ်မယ်"လို့ ဒေဝဒတ်က တိုင်ပင် ပြောဆိုတယ်"

"ကောင်းပါပြီ" လို့ အဇာတသတ်မင်းသားက ဝန်ခံတယ်။ ဝန်ခံပြီးတော့ အဇာတသတ်မင်းသားက သူ့ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်းအကျဉ်းချထားတယ်၊ အစာမကျွေးဘူး၊ မကျွေးတော့ မင်းကြီးက စင်္ကြံလျှောက်လျှောက်နေတယ်၊ စင်္ကြံလျှောက်နေတော့မသေဘူး၊ အခါ ခြေဘဝါး ဓါးနဲ့ခွဲ မီးကင်တယ်။ ဒီတော့ ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံကံ တော်ကုန်တော်မူတယ်။ နတ်ရွာစံတော့ကို "ကျွန်တော့အတွက်တော့ ပြီးပြီ၊ ဆရာ့အတွက် ကျန်တော့တယ်" လို့ ပြောတယ်။

ဓဒ၀ဒတ်က လေးသမားတွေလွှတ် ဘုရားကိုသတ်ခိုင်းတယ်၊ မသတ်ဝံ့ကြဘူး ပြန်လာတယ်။ တရားရသွားကြတယ်။ ဒီတော့ ကျောက်ယန္တရားဆင်ပြီး ဂိဇ္ဈကုတ်တောင်ပေါ်က လှိမ့်ချတယ်၊ဘုရားခြေမဘော် ကျောက်စွန်းကွဲနဲ့ ထိလို့ သွေးခြေဥတယ်၊ ဆရာဇီဝက ဆေးကုလို့ ပျောက်တယ်။ ဒါကြောင့် ဒေဝဒတ်က နာဠာဂီရိဆင်နဲ့ နင်းသတ်ဘို့ ကြံတယ်။ "အေးကွယ်၊ ကောင်းပြီ၊ ငါ့အတွက် ကျန်လို့ရှိရင် အသင့်မှာ ရာဇဝတ်ပြစ်မှုရှိတဲ့လူများသတ်တော့ နာဠာဂီရိဆင်နဲ့ နင်းသတ်တယ် မဟုတ်လား။အဲဒီ နာဠာဂီရိဆင်ကို အရက်ကိုးမောင်းတိုက်ပြီးတော့ လှံနဲ့ထိုး၊ ချွန်းနဲ့ပေါက်၊ ပေါက်ပြီးတော့ ရှင်ကြီးဂေါတမ နံနက်ဆွမ်းခံကြွလာလိမ့်မယ်၊ ကြွလာတဲ့အခါ ရှေ့က နေလွှတ်ရမယ်၊ လွှတ်ရင် ဧကန်တ နင်းသတ်ရင် သေမှာဘဲ" လို့ ဒေဝဒတ်က ပြောတယ်။

## နာဠာဂီရိဆင်လွှတ်မယ် ဆွမ်းခံမကြွပါနဲ့ဘုရား

"ဒါဖြင့် ကောင်းပြီ" အားလုံးကုန်မြို့ရွာကို မောင်းခတ်ကြေငြာတယ်။ နက်ဖန်နံနက်အာရုံချင်း လင်းသကာလ အကူးအသန်း အသွားအလာမရှိစေရ။ နာဠာဂီရိဆင်ကို အရက်ကိုးမောင်းတိုက်ပြီးတော့ လှံနဲ့ထိုး၊ ချွန်းနဲ့ပေါက်ပြီး လွှတ်လိမ့်မယ်၊ အသွားအလာ မလုပ်ကြနဲ့၊ ရှင်ကြီးဂေါတမ နံနက်ဆွမ်းခံကြွလာရင် ရှေ့ကနေ လွှတ်မယ်၊အဲဒီလို မောင်းခတ်တော့။

အဲဒီတော့ ရှင်ကြီးဂေါတမတပည့်သားသမီး၊ ဒါကာ၊ ဒါကာမတွေက ရှင်ကြီးဂေါတမထံသွား လျှောက်ထားကြတယ်။ "အရှင်ဘုရား နက်ဖန်ဆွမ်းခံမကြွပါနဲ့၊ ဒေဝဒတ်က အဇာတသတ်နဲ့ ပေါင်းပြီး နာဠာဂီရိဆင်ကို အရက်ကိုးမောင်းတိုက်ပြီးတော့ အရှင်ဘုရား ဆွမ်းခံကြွလာတော့ ရှေ့ကနေ လွှတ်မါလိမ့်မယ် အရှင်းဘုရား ဆင်နင်းသတ်ပါလိမ့်မယ်" လို့ လျှောက်ထားတောင်းပန်ကြတယ်။

မြတ်စွာဘုရားက ဆိတ်ဆိတ်နေတော်မူတယ်၊ ဘုရားက ဘာမှမပြောဘူးတဲ့၊ ဆိတ်ဆိတ်နေပြီးတော့ ဘုရားက ကြည့်တော်မူတယ်၊ နာဠာဂီရိဆင်အကြောင်းပြုပြီးတော့ သတ္တဝါတွေ (ရှစ်သောင်းလေးထောင်) အများကြီးကျွတ်ဘို့ရာ မြင်တော်မူတယ်။

## ညီတော်အာနန္ဒာ အသက်စွန့်စောင့်ရှောက်တယ်

မနက်ကျတော့။ အာရုံကျင်းလင်းသကာလ၊ ညီတော်အာနန္ဒာခေါ် ပြီးတော့ "အာနန္ဒာ ဒီကနေ့ဆွမ်းခံကြွသောအခါ၊ ဒီပြင် သံဃာတော်တွေ ပါ ငါ့နောက်က လိုက်ခဲ့ကြပစေ" ဘုရားက မိန့်တော်မူတယ်။ အကုန်လုံး လိုက်ကြတယ်၊ ဒီအခါဆွမ်းခံကြွမယ် လုပ်တော့ အရှင်အာနန္ဒာက လျှောက် ထားတယ်။

"အရှင်ဘုရား၊ ဆွမ်းခံကြွတော်မမူပါနဲ့ ဘုရား ဘုရားတပည့်တော် ဒီလိုကြားပါတယ်"

"မဟုတ်ဘူး၊ ဒါသင့်အရာမဟုတ်ဘူး" လို့ ဘုရားက မိန့်တော် မူတယ်။

"သွားခြင်း သွားရင် တပည့်တော် ရှေ့က သွားပါရစေဘုရား"လို့ အရှင်အာနန္ဒာက လျှောက်တယ်။

"ဟဲ့၊ မသွားရဘူး" ဘုရားက တားမြစ်တော်မူတယ်။

ဒါနဲ့ သံဃာတော်တွေ တန်းစီပြီး ဆွမ်းခံကြွတော့ "တပည့်တော် ရှေ့က သွားပါရစေ၊ ဘုရား"ဟု လျှောက်ပြီး ရှေ့က တက်သွားတယ်။ "အရှင်ဘုရားအတွက် တပည့်တော် အသက်စွန့်ပါ့မယ်ဘုရား"

"မသွားရဘူး"လို့ ဘုရားက မိန့်တော်မူပြီး၊ တန်ခိုးတော်နဲ့ နောက် ရောက်သွားအောင် လုပ်လိုက်တယ်။ ဒါနဲ့ နောက်ပြန်ရောက်သွားတယ်။

## ကိုယ်မချိတော့၊ အမိတော်ခဲ၊ သားတော်ခဲ

ရာဇဂြိုဟ်မြို့ထဲရောက်ရော၊ နာဠာဂီရိဆင်ကို လှံနဲ့ထိုး၊ ချွန်းနဲ့ပေါက် အရက်ကိုးမောင်းတိုက်ထားတော့၊ စိတ်ဆိုးပြီး အိမ်တွေကောက်ပစ်၊ ဖျက်ဆီး ပစ်တယ်၊ ဤကဲ့သို့ လုပ်နေစဉ် မြတ်စွာဘုရားနဲ့ နာဠာဂီရိဆင်ကြားမယ် ခလေးမတယောက်က သားငယ်လေးပိုက်ပြီးတော့၊ ကြောက်အားလန့် အားနဲ့ ပြေးလာတယ်၊ဒီလိုပြေး အလာ ဆင်က လိုက်တော့၊ သားကလေး ချပြီး ပြေးပါရော။

အဲဒါက "ကိုယ်မချိတော့၊ အမိတော်ခဲ၊ သွားတော်ခဲ" ဆိုတာဘဲ။ ဆင်ကြီးဟာ ခလေးမနောက်လိုက်မလိုလို၊ ကလေးနောက် လှည့်လိုက်မလို လိုဖြစ်နေတယ်။

ဒီအခါ မြတ်စွာဘုရားက "နာဠာဂီရိဆင်ကြမ်း၊ ငါ့ထံလာလော့၊ ငါ့ထံလာလော့"လို့ အမိန့်ရှိတော်မူတယ်။ ဒီတော့ ဆင်ကြီးက တွေပြီး ကြည့်နေတယ်။ ကြည့်နေတော့ မြတ်စွာဘုရားတပည့်သားတွေ လူတွေကလဲ အိမ်မိုး၊ ခေါင်မိုး၊ သစ်ပင်ပေါ်တွေက တက်ပြီး ကြည့်နေကြတယ်။ ဒီတော့ "လာလော့၊ လာလော့" လို့ ရှင်ကြီးဂေါတမက ခေါ်တော်မူနေတော့၊ ဒေဝဒတ်တို့ဘက်တော်သား လူတွေက "ရှင်ကြီးဂေါတမတော့ ဒီတခါ သွားရော၊ သွားပြီ" အော် ပြောကြတယ်။ "ပရိနိဗ္ဗာန်ပြုပြီး သွားတော့မှာဘဲ" လို့ အော်ဟစ်ပြောကြတယ်။

အချို့ကလဲဘဲ၊ "အမယ်လေး၊ ဒို့ဘုရားတော့ ပရိနိဗ္ဗာန်ပြုတော့မှာဘဲ၊ အကျိုးနဲတော့မှာဘဲ"လို့ အော်တဲ့ လူက အော်ကြပေါ့။ အော်တဲ့လူတွေက တဖက်စီနေကြတာကိုး။

## ဓနပါလအမည်ရတဲ့ နာဠာဂီရိဆင်ကြီးဟာ

အဲဒီအခါ ဘုရားရှိရာ အရပ်ကို နာဠာဂီရိဆင်ကြီးက သွားရော၊ သွားတော့ ဘုရားရှေ့တော် ရောက်တော့ ပဆစ်ဒူးတုပ်ပြီး ဝပ်နေတယ်၊ မြတ်စွာဘုရားသခင်က ဆင်ကြီးရဲ့ ဥခေါင်းပေါ် လက်တင်ပြီးတော့ "အသင်နာဠာဂီရိဆင်ကြီး ပါဏာတိပါတာ သူတပါး အသက်ကို သတ်ခြင်းဟာ အဖန်ငါးရာ ငါးကမ္ဘာခံရတတ်တယ်" လို့ ဆုံးမတော်မူတယ်။

ဆုံးမတော့ ဆင်ကြီးက ကြည်ညိုလွန်းလို့ သူ့ဦးခေါင်းပေါ်ဖုန်တွေ တင်ပြီး ပူဇော်တယ်။ အဲဒီလို ပူဇော်တော့ ပရိသတ်ကြီးက "ဟာ၊ နာဠာဂီရိဆင်ကြီးဟာ မြတ်စွာဘုရား ရှေ့တော်မှောက် ဦးခေါင်းစိုက်နေပြီဟ၊ ကန်တော့နေပြီဟ" သြဘာပေးကြတာပေါ့။ အချို့က ပါတဲ့အဝတ်တွေ ချွတ်ပစ်ပြီး ချီးကျူးတယ်၊ အချို့ကလဲ ပုတီး နားတောင်း လက်ကောက်တွေပစ်၊ ပစ်တော့ ဆင်ကြီး တကိုယ်လုံး ဖုံးအုပ်သွားတယ်၊ ရတနာတွေ အဝတ်တွေ အားမကြီးတယ် ကြီးတယ်၊ ဆင်ကြီး ဖုံးအုပ်နေတယ်။

ဒီတော့ မြတ်စွာဘုရားက "နာဠာဂိရိဆင်ကြီး၊ ဒီနေ့ဒီရက် ဒီအချိန် အခါက စပြီး "ဓနပါလ" အမည်တွင်စေ" လို့ အမိန့်ရှိလိုက်တယ်၊ "ဒီရ တနာတွေ အဝတ်တွေ ပြန်ပြီးတော့ ဘူပစ္စည်း ရှင်တွေထံ ရောက်စေ"လို့ အမိန့်ရှိလိုက်တော့ ပြန်ရောက်ကုန်တယ်။ မြတ်စွာဘုရား တန်ခိုးတော်နဲ့ပေါ့။

## အတိတ်ဆောင်တော်မူပါဘုရား

မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ ကျောင်းပြန်ကြွလာတယ်၊ ကျောင်းရောက်တော့၊ သံဃာတော်တွေက တီးတိုးတီးတိုး စကား ပြော ကြတယ်၊ "အော် ညီတော် အာနန္ဒာဟာ မြတ်စွာဘုရား အပေါ်မှာ အလွန်ကရုဏာရှိတယ်၊ အလွန်ကြည်ညိုတယ်၊ အရှင်ဘုရား ရှေ့က တပည့် တော် သွားပါရစေလို့ လျှောက်တယ်။ အသက်အသေခံပြီးတော့ ဘုရား ရှေ့ကသွားပါရစေ သွားပါရစေ အတန်တန်လုပ်တယ်။ သွားခါယ်နောက် မှမြတ်စွာဘုရားက တန်ခိုးတော်နဲ့ နောက်ပို့လိုက်ရတယ်" မြတ်စွာဘုရား ကို အမတန် စောင့်ရှောက်တဲ့ အကြောင်း ပြောနေကြတယ်။

မြတ်စွာဘုရား ကြွလာတော့ "ငါ့ရှင်တို့ ဘာစည်းဝေးနေတုန်း" မေးတော်မူတယ်။

"အရှင်ဘုရား ညီတော် အာနန္ဒာဟာ နံနက်ဆွမ်းခံကြွရာမှာ ရှေ့က ကြွပါရစေ၊ ရှေ့ကနေတယ်၊ ဘုရားကို အသက်နဲ့လဲပြီး စောင့်ရှောက်တယ် ဒီလိုပြောနေကြပါတယ် ဘုရား" လို့ သံဃာတွေက လျှောက်ထားကြတယ်။

ဒီတော့ မြတ်စွာဘုရားက "ညီတော် အာနန္ဒာဟာ အခုမှမဟုတ် ဘူး၊ ရှေးအတိတ်ကာလတုံးက၊ ရှေးအထက်ကျော်ကာရီကလဲ၊ ငါ့ကို ဒီကဲ့ သို့ အသက်ပေး စောင့်ရှောက်ခဲ့ဘူးတယ်" လို့ အမိန့်ရှိတော်မူတယ်၊ "အတိတ်ဆောင်တော် မူပါဘုရား" လို့ သံဃာတွေက လျှောက်ထား ကြတယ်။

## ရွှေဟသ်ာညီနောင်တရား နာရပုံ မိဖုရားကြီးအိမ်မက်

အတိတ်ဆောင်တော် မူပါဆိုတော့၊ ရှေးလွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်ကြီးမှာ သံယမမင်းကြီး ထီးနန်း အုပ်ချုပ် မင်းလုပ်နေတယ် မင်းလုပ်နေတော့ မိဖုရားကြီးက ခေမာဒေဝီဘုရားကြီးလို့ ရှိတယ်။

ခေမာမိဖုရားကြီးဟာ နံနက်လင်းခါနီးမှာ အိပ်မက်မက်တယ်။ ရွှေဟသ်ာညီနောင် တရားနာရတယ်၊ တရားနာရတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်။ ပြီးတော့ သူ့လေသာပြတင်းပေါက်က ရွှေဟသ်ာကြီးတွေ ထွက်သွားတော့ "ဟဲ့၊ ဖမ်းလိုက်ကြပါဟဲ့၊ ဟသ်ာကြီးတွေဟဲ့၊ ဖမ်းလိုက်ကြပါဟဲ့၊ မသွားပါစေနဲ့"လို့ လန့်အော်တယ်၊ ယောင်အော်တယ်။ သူ့အထိန်းတော်ကြီးက "အမယ်လေး သခင်မကြီးရဲ့ ဘယ်မတုန်း၊ ဖမ်းလိုက်မယ်၊ ရွှေဟသ်ာကြီးတွေကို၊ ဖမ်းလိုက်မယ်၊ ဘယ်မတုန်း" လို့ ဓလျှင်ပြောင်ပြောတယ်။

အဲဒီတော့ မိဖုရားကြီးနိုးပြီးတော့ကို "ဟာ ငါအိပ်မက်၊ မက်တာပါလား"လို့ သတိရလာတယ်၊ သတိရတော့ နောက်တော့ ရွှေဟသ်ာညီနောင်တရား နာချင်တဲ့ ချင်ခြင်းဖြစ်နေတယ်၊ ချင်ခြင်းဖြစ်နေတော့၊ မစားနိုင်၊ မသောက်နိုင်ဖြစ်နေတယ်။ မင်းကြီးကို "အသင်မင်းကြီး ကျွန်ုပ်မစားနိုင် မသောက်နိုင်ဖြစ်နေတယ်၊ ရွှေဟသ်ာညီနောင်တရား နာလိုတဲ့ ချင်ခြင်းဖြစ်နေတယ်၊ ရွှေဟသ်ာညီနောင်တရားမှ မနာရလျှင် ကျွန်ုပ်သေဆုံးခြင်းသို့ရောက်ရပါလိမ့်မယ်" လျှောက်တယ်။

## ရွှေဟသ်ာ ဘယ်မှာ ရှိသတုန်း ?

သို့သော် "အသင်မိဖုရားကြီး ငါစုံစမ်းအုံးမယ်" စုံစမ်းဆိုတော့ ပုရောဟိတ်ပုဏ္ဏားတွေခေါ်တယ်၊ "အသင်ပုရောဟိတ်ပုဏ္ဏားတို့ ရွှေဟသ်ာများ ဘယ်ဆီမျှား ရှိသတုန်း၊ သတင်းကြားဘူးပါရဲ့လား" လို့ မေးတော်မူတယ်။

"အရှင်မင်းမြတ်ဘုရား၊ တပည့်တော်တို့ ရွှေဟသ်ာကို ဗေဒင်ကျမ်းထဲမှာသာ ပါတာတွေ့ဘူးတယ်၊ ရွှေဟသ်ာလဲပါတယ်၊ ရွှေဥဒေါင်းလဲပါတယ်၊ ရွှေငါးလဲ ပါတယ်၊ ရွှေပုဇွန်လဲ ပါတယ်၊ ရွှေလိပ်လဲ ပါတယ်၊ ရွှေသမင်လဲ ပါတယ်၊ ရွှေလူလဲ ပါတယ်၊ ဒီခုနှစ်မျိုးတွင် ဓာရဋ္ဌရွှေဟသ်ာမျိုးသည် ဉာဏ်ပညာနဲ့ ပြည့်စုံတယ်လို့ ဗေဒင်ကျမ်း၌ လာရှိပါတယ်ဘုရား" လို့ လျှောက်ထားတယ်၊ "ဒါပေမဲ့ ဘယ်ဆီနေမှန်း မသိပါဘုရား၊ မုဆိုးတွေ သိပါလိမ့်မယ်ဘုရား" လို့ လျှောက်ထားတော့။

ဒါနဲ့ တခါမုဆိုးတွေ ခေါ်ပြန်တယ်၊ မုဆိုးတွေ ခေါ်တော့၊ မုဆိုးတွေထဲမှာ အလွန်တရာ အသက်ကြီးတဲ့ မုဆိုးကြီးတယောက် ပါလာတယ်၊ မုဆိုးကြီးက "ဘယ်နေတယ်တော့ မသိပါဘူးဘုရား၊ ပြောသံ ကြားဘူးပါတယ်၊ ဘုရားတပည့်တော်တို့ ဘိုးဘွားများက ပြောတာ ကြားဘူးပါတယ်၊ ဟိမဝန္တာတောင်တဖက် စိတ္တကူဋ်တောင်မှာ ရှိတယ်၊ စိတ္တကူဋ်တောင်မှာ ကိုးသောင်းခြောက်ထောင်သော ဟသ်ာတွေ ခြံရံလျက် ဓတရဋ္ဌရွှေဟသ်ာမျိုးတွေ ရှိတယ် ကြားဘူးပါတယ် ဘုရား"လို့ လျှောက်ထားတယ်။ "ဘယ်လို ဖမ်းရမယ် မသိပါဘူး ဘုရား" လျှောက်တော့၊ ပုဏ္ဏားတွေ ခေါ်ပြီး မေးမြန်းတော်မူတယ် ဘယ်လို ဖမ်းရမလဲ"

ဒါဖြင့် အကယ်၍ ရွှေဟသ်ာမင်းကို လိုချင်လို့ ရှိရင် သိတော့ မသိဘူးဘုရား။

အစာနဲ့ ဖျားယောင်းယူ ရမှာဘဲ။ လောဘနဲ့ ဖျားယောင်းရင် ရမှာဘဲလို့ လျှောက်တယ်။

## ခေမာအိုင်ကြီး တည်ဆောက်လေ

"ဘယ်လို အကြံထုတ်မလဲ"

"ဒါဖြင့် ဘုရား ဒီလိုအကြံထုတ်တော်မူပါ၊ ဗာရာဏသီပြည်၊ မြို့မြောက်ဘက် တခေါ်လောက်မှာ ခေမာရေအိုင်ကြီးလုပ်ပါ၊ အဲဒီခေမာရေအိုင်ကြီးမှာ ကြာမျိုးများစွာ စိုက်ပျိုး၊ စပါးမျိုးများစွာ စိုက်ပျိုး၊ စိုက်ပျိုးပြီးတော့၊ အမတန် ယဉ်ကျေးတဲ့ မုဆိုးခေါ်ပြီးတော့၊ ရေအိုင်ကိုမုဆိုးစောင့်စေပြီး "ဘေးမဲ့၊ ဘေးမဲ့"လို့ ကြွေးကြော်လို့ အသီးသီးကြားသွားမှာဘဲ" လို့ အကြံပေး လျှောက်ထားကြတယ်။

"အသင် ပုရောဟိတ်ပုဏ္ဏား ဒီအတိုင်း မှန်လျှင် စီမံပေတော့" လို့ အမိန့်တော် ချမှတ်တယ်။ ဒီတော့ ဗာရာဏသီပြည် မြို့မြောက်ဘက် တခေါ်လောက်မှာ ခေမာအိုင်ကြီး လုပ်တာပေါ့၊ လုပ်ပြီးတော့ ခေမာအိုင်ကြီးမှာ စပါးတွေစိုက်၊ ကြာတွေစိုက်၊ စိုက်ပြီးတော့မှ အဲဒီကန်ကြီးမှာ အစောင့်ထားဘို့ မုဆိုးတယောက်ကို ခေမာမုဆိုးအမည်တွင်တယ်၊ ခေမာမုဆိုးဟာ

အိုးတုတ်ကြီး မှောက်မှောက်ပြီး အပေါက်ဖောက်၊ ဖောက်ပြီး အိုးတုတ်ကြီးထဲကနေပြီး စောင့်ကြည့်တယ်၊ ငှက်တွေပျံသွားတော့ မုဆိုးကြီးက 'ဘေးမဲ့၊ ဘေးမဲ့' လို့ ကြွေးကြော်နေရတယ်။ ဒီလိုချည်း ကြွေးကြော်နေတယ်။

## ဟင်္သာ ငါးမျိုးရောက်လာလျှင်

နောက်တော့ ဟင်္သာမျိုးတွေ ကျလာတာပေါ့၊ ဟင်္သာ ငါးမျိုးလာတယ်။ တိဏဟင်္သာမျိုးတွေကျလာရော၊ ပြီးတော့ ပဏ္ဍုဟင်္သာမျိုးရောက်လာပြန်ရော၊ နောက် မနောသိလာဟင်္သာမျိုး ရောက်လာတယ်၊ နောက် သေတဟင်္သာမျိုးကျလာရော၊ နောက်ဆုံး ပါကဟင်္သာမျိုးကျလာတာပေါ့။

မုဆိုးက "အရှင်မင်းကြီး၊ ဟင်္သာငါးမျိုးရောက်လာပါပြီ၊ မကြာမီ ရွှေဟင်္သာတို့လာကြပါလိမ့်မယ်ဘုရား၊ အဲဒီတော့ကို ဒီအနီးအနား အသွားအလာမရှိစေရလို့ မောင်းခတ်ပါ၊ ကြေငြာထားပါ၊ လူသူလေးပါးမသွားရအောင်" လို့ လျှောက်ထားတယ်။ ဒါနဲ့ မောင်းခတ်ကြေငြာတယ်။

"ပါကဟင်္သာမင်းကြီးရဲ့ သမီးနဲ့ စိတ္တကူဋ်ရွှေဟင်္သာမင်းကြီးတို့ဟာ သူတို့ချင်း အကြောင်းရှိလို့ ပေါင်းမိနေတယ်၊ သူတို့အမျိုး ပါကဟင်္သာမျိုးနဲ့ စိတ္တကူဋ်ရွှေဟင်္သာမျိုးတွေ ဆက်သွယ်နေတယ်၊ သူတို့ချင်း ပြောကြရင် ရောက်လာမယ်၊ နီးပါပြီဘုရား" လို့ လျှောက်ထားတယ်။

## ရွှေဟင်္သာတွေ ခေမာအိုင်သွား ကျက်စားခြင်းရှာ

ဟင်္သာတွေ သူတို့ချင်း စကားပြောကြတယ်၊ "အသင်တို့ ဘယ်မှာအစာစားကြသတုန်း" လို့ မေးတော့၊ "ဒို့ဟာ ဗာရာဏသီပြည် မြို့မြောက်တခေါ်လောက် ခေမာအိုင်ကြီးမှာ ရေကလဲ ကြည်လင်ပါဘိ၊ စပါးမျိုးကလဲ ပေါတယ်၊ ကြာမျိုးကလဲ ပေါတယ်။ သွားပြီး စားရတယ်၊ ပြီးတော့ ဘေးရန်လဲ ကင်းတယ်၊ 'ဘေးမဲ့၊ ဘေးမဲ့' နဲ့ ကြွေးကြော်နေတယ်အဲဒီမှာ သွားစားကြတယ်" လို့ ပြောပြတယ်။

"ဒို့လဲ လိုက်ချင်တယ်" ဆိုတော့ "လိုက်ချင်လိုက်တာပေါ့" ဒီတော့မှ စိတ္တကူဋ်ရွှေဟင်္သာမျိုးတွေ လိုက်ချင်တော့ "သုမုခစစ်သူကြီး ဗာရာဏသီပြည်

မြို့ မြောက်တခေါ်လောက်၊ ခေမာအိုင်ကြီးမှာ စပါးမျိုးလဲ ပေါတယ်၊ ကြာမျိုးလဲ ပေါတယ်၊ ရေကလဲ ကြည်လင်တယ်၊ သွားစားချင်တယ်” လို့ ပြောကြတယ်။

“ဒါဖြင့်နေအုံး”လို့ သုမုခစစ်သူကြီးက “ဓတရဋ္ဌရွှေဟသာမင်းကြီး ပြောရအုံးမယ်”လို့ ပြောတယ်။ “အသင်မင်းကြီး ဗာရာဏသီပြည်မြို့ မြောက်တခေါ်လောက် ခေမာအိုင်ကြီးမှာ စပါးမျိုး၊ ကြာမျိုးပေါများတယ်၊ ရေကလဲကြည်ပါတိ၊ အစားအသောက်လဲပေါများတယ်၊ဘေးရန်လဲ ကင်းတယ်၊ အဲဒါ သူတို့တတွေသွားစားချင်တယ်လို့ ပြောနေတယ်။“သွားစားချင်တယ်။”လို့ သုမုခကလျှောက်တော့ ရွှေဟသာမင်းကြီးက “ဗာရာဏသီပြည်မြို့ မြောက်တခေါ်လောက်မှာ ခေမာရေအိုင်ကြီးလို့ ရှေးကငါမကြားဘူး၊ ယခုမှ ပေါ်ပေါက်တဲ့၊ ခေမာအိုင်ဘဲ။ လူဆိုတာ အလွန်ကောက်ကျစ်စဉ်းလဲတယ်၊ လူတွေမကောင်းကြံတာ၊ သင်တို့ ငါတို့ကို အန္တရာယ်ပြုလိမ့်မယ်၊ အဲဒါမသွားကြနဲ့၊ မတော်ဘူး”လို့ တားမြစ်တယ်။

ဒီတော့ တကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်ကျတော့၊ မင်းကြီးက “သုမုခ၊ သုမုခ၊ သူတို့ကအများ ငါကတယောက်ထဲရယ်၊ သံဃာအား ဘုရားတောင် မလွန်ဆန်နိုင်ဘူးတဲ့၊ ကိုင်း–ငါပါ လိုက်တော့မယ်”ဆိုပြီးတော့ ခွင့်ပေးလိုက်တယ်။

## ရွှေဟသာမင်းကြီး ကျော့ကွင်းမိပြီ

ခွင့်ပေးလိုက်တော့၊ ဓတရဋ္ဌမင်းကြီးနဲ့အတူတကွ သွားပြီး စားကြသောက်ကြတယ်။ ဒီပြင် ဟသာတွေက တကောင်ပေါ်တကောင် ကျော်ကြ၊ လွှားကြ၊ ပျော်ကြ ပါးကြ၊ စားကြ သောက်ကြတာပေါ့။

ဓတရဋ္ဌမင်းကြီးကတော့ ကျတဲ့နေရာကစပြီး တဖြည်းဖြည်း တစတစစားသွားတယ်။ ခေမဝမုဆိုးကလဲ “နေရာကျပဟဲ့ ရွှေဟသာမျိုးတွေရောက်လာပြီ၊ အကြီးဆုံးရွှေဟသာကြီးဟာ အလွန်နေရာကျတယ်၊နေ့တိုင်းနေ့တိုင်း ဒီနေရာဘဲကျတယ်။ ဒီပြင်ဟသာတွေက ဟိုပျံလိုက်၊ ဒီပျံလိုက် ဒီတော့ ဓတရဋ္ဌရွှေဟသာမင်းကြီးကြတဲ့နေရာ၊ ငါကျော့ကွင်းချမှဘဲ” ဆိုပြီးတော့၊ ကျော့ကွင်းချတယ်။

ကျော့ကွင်းချတော့၊ နောက်တနေ့ရောက်လာရော၊ အဲဒီနေရာလာတော့ ဓတရဋ္ဌရွှေဟင်္သာမင်းကြီး ကျော့ကွင်းမိရော၊

မိသွားတော့ "အော်.... ကျော့ကွင်းမိတာကို ငါအော်လိုက်ရင် ဒီပြင်ဟင်္သာတွေလန့်ပြီးပျံရင် ပင်လယ်ထဲကျသွားလိမ့်မယ်၊ အစားလဲ မဝသေးဘူး၊သူတို့စားသောက်ဝမှ အော်မှဘဲ''လို့ အသာကြိတ်မှိတ်ပြီးရှန်းနေတာပေါ့၊ ပဌမအရေပြတ်သွားတယ်။ဒုတိယအသားပြတ်သွားတယ်၊ တတိယ အကြောပြတ်သွားတယ်၊ နောက်အရိုးမြတ်ရင်ဖြင့် မင်းလုပ်လို့နေရာ မကျတော့ဘူး၊ ဒါနဲ့ ညွန်ပြောင်းထဲလျှောင်းပြီး မှိန်းနေတယ်၊ သည်းခံပြီး နေရရှာတယ်။

## သုမုခစစ်သူကြီးပြန်လာပြီး စောင့်ရှောက်ရာ

သည်းခံပြီးနေတော့ အားလုံး စားလို့သောက်လို့ဝတော့မှ ကျော့ကွင်းမိတဲ့အသံပေးလိုက်တယ်၊ ကြားတော့ အားလုံး "ဝုန်း" ကနဲပျံသွားကြတယ်၊ သုံးစုကွဲပြီး ပျံသွားကြတော့ ရွှေဟင်္သာမင်းကြီးက ညွန်ပြောင်းထဲမှာလျှောင်းပြီး မှိန်းနေတယ်။

စစ်သူကြီး သုမုခလဲ လန့်ပျံသွားတဲ့အထဲ ပါသွားတယ်၊ လမ်းကျတော့ ကျော့ကွင်းနိုင်ငံမိတဲ့သူဟာ ဓတရဋ္ဌမင်းကြီးများ ဖြစ်လေမလား၊ ပြန်ပြီးရှာဖွေတယ်။ စာဖြည်းဖြည်းပျံလာပြီးတော့မှ ရှေ့ကနေ နောက်ပြန်စုံစမ်းလာခဲ့တယ်၊ မတွေ့ဘူး။ ခေမာအိုင်ကျတော့မှ ညွန်ပြောင်းထဲ ဓတရဋ္ဌမင်းကြီး လျှောင်းနေတာတွေ့တယ်။ အပေါ်ကနေဝဲပြီး အသံပေးတယ်၊ "အသင်မင်းကြီး၊ အသင်မင်းကြီး၊ မစိုးရိမ်ပါနဲ့၊ မကြောက်ပါနဲ့၊ မပူပန်ပါနဲ့၊ ကျွန်ုပ်အပေါ်ကရှိတယ်၊ ကျွန်ုပ်အပေါ်ကရှိတယ်။ မစိုးရိမ်ပါနဲ့၊ မကြောက်ပါနဲ့၊ မပူပန်ပါနဲ့''လို့ အသံပေးတယ်၊ အားပေးတယ်။

ဓတရဋ္ဌမင်းကြီးက "အသင်သုမုခ၊ အသင် သုမုခ၊ အသင် ခုနက ပျံသွားပြီမဟုတ်လား၊ ဘာလို့ပြန်လာတုန်း၊ ဘူတကာနဲ့လိုက်သွားပါတော့လား၊ အသင် အပေါ်က အော်နေတော့ ဘာကျေးဇူးရှိတုန်း၊ ခံတော့ ငါခံနေရတာ၊ အသင်ခံနေရတာမဟုတ်ဘူး၊ မကြောက်နဲ့၊ မကြောက်နဲ့ အပေါ်ကနေ အော်နေတော့ ဘာကျေးဇူးရှိမှာတုန်း၊ ပြန်သွားပါ"

“အသင်မင်းကြီး၊ အသင်မင်းကြီး၊ ကျွန်ုပ်ဟာ ငယ်စဉ် တောင်ကျေးခလေးဘဝက ဖွားဖက်ဖြစ်ပါတယ်၊ အသင်မင်းကြီးအသက်ကို ကျွန်ုပ်အသေခံစောင့်ရှောက်ခဲ့တယ်၊ ဒီလိုမဆိုပါနဲ့၊ အပြစ်မတင်ပါနဲ့”လို့ သုမုခစစ်သူကြီးက ပြောတယ်။

“အပြစ်မတင်ပါနဲ့ဆိုပေမဲ့၊ အသင်က အပေါ်ကနေ အော်နေလို့ ဘာကျေးဇူးရှိမှာတုန်း၊ ခံတော့ ငါခံနေရတာ”အဲဒီတော့ သုမုခစစ်သူကြီး ပျံဝဲဆင်းလာပြီး ဓတရဋ္ဌဟင်္သာမင်းကြီး လည်ပင်းဖက်ပြီး အားပေးတယ်၊ အားပေးတော့ မုဆိုးက“တယ်.... ဒီဟင်္သာကြီးက အလွန်စကားများတဲ့ ဟင်္သာကြီး၊ စကားများတဲ့ဟင်္သာကြီး” ဆိုပြီးတော့ ဆောက်ပုဘ်ကိုင်ပြီး အိုးတုတ်ကြီးလှန်ပြီး ပြေးလာတာပေါ့။

## စစ်သူကြီး သုမုခ အသက်စွန့်ကယ်ဆယ်ပုံ

ပြေးလာတဲ့အလာ၊ ဓတရဋ္ဌဟင်္သာမင်းကြီးထံမှ ခွာပြီးတော့ ရှေ့ကနေဆီးနှုတ်ဆက်တယ်။ မြန်မာလို “အသင်မုဆိုး၊ အသင်မုဆိုး၊ ကျမ်းဂန်သာလို့ မာပါရဲ့လား၊ မုဆိုးကတော်များရော ကျမ်းဂန်သာလို့ မာပါရဲ့လား”ဆီးနှုတ်ဆက်တယ်။

အဲဒီလို နှုတ်ဆက်တော့ မုဆိုးက မြန်မာစကားပြောတာ ကြားရတော့ ရပ်ပြီးအမ်းနေတယ်၊ ရပ်နေတယ်။

“အသင်မုဆိုး ကျွန်ုပ်မြင်ရဲ့လား”
“မြင်တယ်”
“ကျွန်ုပ် သင့်ကျောကွင်းမိသလား”
“မမိဘူး”
“မမိဘူး၊ ကျွန်ုပ်အလိုရှိတဲ့နေရာသွားနိုင်တယ် မဟုတ်လား”
“သွားနိုင်တယ်”
“ကျွန်ုပ်ကို သင် ထိတ်နိုင်ရဲ့လား”
“မတိတ်နိုင်ဘူး”
“သို့သော် ဟို....ဟင်္သာကြီးမြင်ရဲ့လား”
“မြင်တယ်”

"အသင့်ကျော့ကွင်းမိနေပြီ၊ ဟို...ဟင်္သာကြီးမလုပ်ပါနဲ့၊ ဟိုဟင်္သာကြီးက စိတ္တကုဋ်တောင်မှာ ကိုးသောင်းခြောက်ထောင်ခြံရံသော ဓတရဋ္ဌရှေ့ဟင်္သာမင်းကြီးဆိုတာ သူဘဲ။ ငါကစစ်သူကြီးသုမုခဆိုတာ ငါဘဲ၊ ဟိုဟင်္သာကြီးမလုပ်နဲ့ သီလရှိတယ်သမာဓိရှိတယ်။ ပညာရှိတယ်၊ သူတော်ကောင်းကြီးမလုပ်နဲ့၊ သူတော်ကောင်းပြစ်မှားရင်အပါယ်ငရဲကျလိမ့်မယ်၊ မလုပ်နဲ့။ ဒီတော့ အသားကိုလိုချင်၊ စားချင်၊ ငါ့အသားစားပါ။ အမွေးအတောင်ယူချင်လဲ ငါ့အတောင်နုတ်ယူပါ။ ပစ္စည်းဥစ္စာပရိယေသနအတွက် အလိုရှိရင် ငါ့ကိုယူသွားပါ။ အတိုင်းတိုင်း အပြည်ပြည်လိုက်ပြီး ငါကပြပါ့မယ်။ ဟိုဟင်္သာမင်းကြီးလွှတ်လိုက်ပါ" စစ်သူကြီး သုမုခက ပြောတယ်။

သူကပြောတော့၊ မုဆိုးက မေတ္တာသက်ဝင်တယ်။ အရှင်အတွက် အသက်စွန့်တဲ့ သစ္စာရှိတဲ့ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းတို့ရဲ့ တရားကို သဘောကျတယ်၊ အံ့သြတယ်။ လူတွေတောင် ဒီလောက် သစ္စာမရှိဘူး၊ မစွန့်ဝံ့ဘူး၊ ဒီဟင်္သာကြီးဟာ သူတော်ကောင်း တရားရှိတယ်၊ နှစ်သက်သဘောကျပြီး ပီတိဖြစ်တယ်။

## သင်တို့ကိုလွှတ်တယ်၊ ပြန်သွားကြပေတော့

"အသင့်လဲ မလိုချင်ပါဘူး၊ ဟိုဟင်္သာကြီးလဲ မလိုချင်ပါဘူး" လို့ မုဆိုးကပြောတယ်။

"အသင်မလိုချင်ရင် လွှတ်ပါ"

"လွှတ်ပါ့မယ်"

"ဒီတော့မှ၊ ကြည့်စမ်း၊ ခြေထောက်ကြည့်စမ်း၊ ပဌမ ရုန်းလိုက်တော့ အရေပြတ်တယ်၊ ဒုတိယရုန်းတော့ အသားပြတ်တယ်၊ နောက်တတိယရုန်းတော့ အကြောပြတ်တယ်၊ ပြတ်တော့ ညွှန် ပြောင်းထဲ လျှောင်းနေတယ်၊ အသင် မသနားဘူးလား" မေးတယ်။

"သနားပါတယ်"

"သနားလို့ ရှိရင် ခေမာအိုင်ထဲက ရေယူ၊ ရေနဲ့သစ္စာမှုပါ၊ ဓတရဋ္ဌမင်းကြီးအပေါ် သနားကရုဏာ သက်တာမှန်ပါ၏၊ မှန်လို့ရှိရင် ဒီအနာပျောက်ပါစေ၊ ရေနဲ့ပက် မေတ္တာပို့ နှိပ်ပေးလိုက်" နှိပ်ပေးလိုက်တော့

ပျောက်သွားရော။ ပျောက်သွားတော့မှ သုမုခက "ဓတရဋ္ဌမင်းကြီး၊ သူ့ကျေးဇူးရှိတယ်" ပြောတာပေါ့။

"အသင်တို့ ပြန်သွားကြတော့" လို့ခေမာမုဆိုးကြီးက ပြန်လွှတ်တယ်။

## ဘာကြောင့်ဖမ်း?၊ တရားနာချင်လို့ဖမ်း

ဒီတော့ "ဖမ်းတဲ့အကြောင်း ပြောပါအုံး" လို့ သုမုခက မေးတယ်။

"ဖမ်းရတဲ့အကြောင်းကတော့ တခြား ကိစ္စမဟုတ်ဘူး၊ ဗာရာဏသီပြည် သံယမ မင်းကြီး၏ ခေမာ မိဖုရားကြီးက ရွှေဟင်္သာ ညီနောင်တရားနာချင်တယ်လို့ ချင်ခြင်းဖြစ်တယ်၊ ချင်ခြင်းဖြစ်တော့ ကျွန်ုပ်ကို ခေမာအိုင်အစောင့်ချထားပြီး ကျော့ကွင်းထောင် ဖမ်းခိုင်းတာ မှန်ပါတယ်၊ အသင်တို့ ပြန်ပါတော့" လို့ မုဆိုးက ပြောတယ်။

"ဒါဖြင့် အသင့်ကို မင်းကြီးခိုင်းတာ မဟုတ်လား"

"ခိုင်းပါတယ်"

"ဒါဖြင့် အသင်ဟာ ငါတို့ကို ခိုးလွှတ်တာပေါ့၊ မင်းတို့ မျက်စောင်း အကြောင်းသုံးပါး မရှေးဘူး၊ နဂါးတို့ မျက်စောင်း အကြောင်းသုံးပါး ရှေးတယ်ဆိုတာ သိပါရဲ့လား" လို့ သုမုခ စစ်သူကြီးက မေးတယ်။

"မင်းဆိုတဲ့ လူမျိုးဟာ၊ တိုင်းတပါး နှင်ချင်လဲ နှင်တတ်တယ်၊ ခြေဖြတ်ခြင်း၊ လက်ဖြတ်ခြင်း အမှုလဲ ပြုတတ်တယ်၊ အသက်ဆုံးရှုံးအောင် သတ်ချင်လဲ သတ်တတ်တယ်၊ အသင့်ကို မင်းပြစ် မင်းဒဏ် ပေးလိမ့်မယ်၊ တို့ ခိုးလွှတ်တာကို" လို့ သုမုခက ဆိုတယ်။

"အသင်တို့ သူတော်ကောင်းတွေ၊ အသင်တို့ကို မလုပ်ဝံ့ဘူး၊ သီလရှိတယ်၊ သမာဓိရှိတယ်၊ ပညာရှိတယ်၊ အသင့်ကိုခန္ဓာငါးပါးနှင့်တကွ အသက်ပါလှူပါ၏၊ အသင်တို့ ပြန်သာ ပြန်ပါတော့။ သံယမ မင်းကြီးက တိုင်းတပါး နှင်ချင်နှင်ပါစေ၊ ခြေဖြတ်ခြင်း၊ လက်ဖြတ်ခြင်း အမှုပြုလဲ ပြုပါစေ၊ အသက်ဆုံးရှုံးအောင် သတ်ချင်လဲ သတ်ပါစေ၊ အသင်တို့ ပြန်ကြပါတော့၊ မခေါ်သွားပါဘူး" လို့ မုဆိုးက ပြောတယ်။

## သူတပါး အလိုလဲပြည့်အောင်၊ ကိုယ့်အလိုလဲပြည့်အောင်

သို့သော် ငါတို့ ဓာရဒ္ဒဿရှုဟယ်သာ မင်းကြီးဟာ သူတော်ကောင်းကြီး၊ သူတော်ကောင်းကြီးဆိုတော့ သူတပါးအလိုပြည့်အောင်၊ ကိုယ့်အလိုလဲ ပြည့်အောင်၊ သူတပါးလဲ စိတ်ချမ်းသာအောင်၊ ကိုယ်လဲ စိတ်ချမ်းသာအောင် ကြံနိုင်တယ်။

ငါဘယ့်နှယ်ကြံမတုန်း၊ အသင့်အလိုလဲ ပြည့်လေအောင်၊ မင်းကြီးအလိုလဲပြည့်လေအောင်၊ ခေမာမိဖုရားကြီးအလိုလဲ ပြည့်လေအောင်၊ တို့အလိုလဲပြည့်လေအောင် ကြံနိုင်ပါတယ်။

"တို့ကို ဗာရာဏသီပြည်ကြီး ဆောင်ယူသွား၊ ဆောင်ယူသွားတော့ကို မင်းကြီးဟာ သင့်ကို ဆုလာဘ်များစွာ ပေးလိမ့်မယ်၊ ပေးတော့ သင့်အလို မပြည့်ဘူးလား"

"ပြည့်တာပေါ့"

"မင်းကြီးကလဲ ရွှေသာ်ညီနောင် ပြည်တော် ဆောင်လာတော့၊ မင်းကြီးအလို မပြည့်ဘူးလား"

"ပြည့်ပါတယ်"

"ခေမာမိဖုရားကြီးကတော ရွှေဟယ်သာညီနောင်တရား နာရတော့၊ သူ့အလို မပြည့်ဘူးလား"

"ပြည့်ပါတယ်"

"တို့ကို ကောင်းမွန်စွာ ကျွေးမွေး ပြုစုပြီး၊ စိတ္တကုဋ်တောင် ပြန်လွှတ်လိုက်တော့၊ တို့ အလိုလဲ မပြည့်ဘူးလား"

"ပြည့်တာပေါ့"

"သို့ အတွက်ကြောင့် ရွှေဟယ်သာညီနောင်၊ ပြည်တော် ဆောင်ပေတော့၊ ဆောင်ပေတော့"

"သို့သော်၊ ကျွန်တော့အလိုနဲ့ မလိုချင်ဘူး၊ မယူချင်ဘူး၊ သင်တို့အလိုနဲ့ လိုက်ချင်တယ်ဆိုရင် ခေါ်မယ်"လို့ မုဆိုးက ပြောရှာတယ်။

"ကောင်းပြီ၊ အသင် မယူချင်နေပါ၊ တို့ အလိုနဲ့ လိုက်ပါရစေ၊ ယူပါ၊ လိုက်ပါရစေ၊ ဗာရာဏသီပြည်ကြီး လိုက်ပါရစေ" လို့ သုမုခ စစ်သူကြီးက ပြောတယ်။

"လိုက်ပါရစေဆိုရင်၊ ခေါ်ပါ့မယ်" လို့ မုဆိုး ဆိုတယ်။

"ဒီတော့၊ ခြင်းရက်ပေတော့၊ တလုံးက ကြီးကြီး၊ တလုံးက ငယ်ငယ်၊ ကြီးတဲ့ခြင်း ဓတရဋ္ဌ ရွှေဟင်္သာ မင်းကြီးထည့်၊ ငယ်တဲ့ခြင်း ထဲကို ငါ့ထည့်၊ ထည့်ပြီးတော့။ ဓတရဋ္ဌ ရွှေဟင်္သာ မင်းကြီးကို ရှေ့ကထား၊ ငါ့ကို နောက်ကထားပြီး အသင်ထမ်း၊ ထမ်းပြီးတော့ ဗာရာဏသီပြည်ကြီး ယူဆောင်သွားပါ" လို့ သုမုခ စစ်သူကြီးက စီမံတယ်။

လမ်းကျတော့ ရွှေဟင်္သာ မင်းကြီးက သူ့မိဖုရား ပါက ဟင်္သာမကို တမ်းတတယ်၊ လွှတ်တာ ပြန်သွားခြင်တယ်၊ ဟင်္သာမ သတ်သေမှာ စိုးရိမ်တယ်၊ ငိုနေမှာ ပူပန်တယ်။ ဒီတော့ သုမုခ စစ်သူကြီးက မိန်းမတို့ အကြောင်း ကဲ့ရဲ့ စကားပြောတယ်။

ကဲ့ရဲ့တော့ ရွှေဟင်္သာမင်းကြီးက မိန်းမတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို ဖော်ထုတ်ချီးမွမ်းပြီးဆုံးမတယ်။ "ဒါပေမဲ့ အသက်ပေးပြီး လွှတ်အောင်သာ ကြံပါ၊ သုမုခရယ်" လို့ ပြောတယ်။ "သူကြံနိုင်ပါတယ် စိတ်သာချပါ" လို့ ပြန်ဖြေတယ်။

## သံယမမင်းကြီးကို ပြစ်တင်စွပ်စွဲလိုက်ပုံ

ယူဆောင်သွားတော့ ဗာရာဏသီပြည်ကြီးရောက်ရော။ ရောက်တော့ကို၊ သံယမမင်း မင်းကြီးက "အသင် သုမုခ၊ ထိးထဲနန်းထဲ သူ့တိုင်းနိုင်ငံ ရောက်လာတော့ ယိတ်သလား၊ လန့်သလား၊ ကြောက်သလား၊ ပူပန်သလား" လို့ မေးတယ်။ "ငါတို့မှာ မထိတ်ဘူး၊ မလန့်ဘူး၊ မကြောက်ဘူး၊ မပူပန်ဘူး၊ အသင်မင်းကြီးလို ငါမဟုတ်ဘူး၊ ငါတို့မှာ သီလရှိတယ်၊ သမာဓိရှိတယ်၊ ပညာရှိတယ်၊ အသင်မင်းကြီးလို မဟုတ်ဘူး။ အသင် မင်းကြီးမှာ သီလမရှိဘူး၊ သမာဓိမရှိဘူး။ ပညာမရှိဘူး၊ မင်းကျင့်တရား ဆယ်ပါး အသင်မညီဘူး" လို့ ဖလူပစာနဲ့ စကားပြောတယ်။

"မင်းကျင့်တရားဆယ်ပါး ငါ့မှာ ရှိတယ်"လို့ မင်းကြီးက ဖြေတယ်။

"မရှိဘူး၊ ငါမေးမယ်၊ ငါမေးတာ ဖြေရလိမ့်မယ်"

"မေးပါ"

"ဗာရာဏသီပြည်ကြီး မြို့မြောက်တခါလောက် ခေမာအိုင်ကြီး လုပ်တာ ဘယ်သူတုန်း"

"ကျုန်ုပ်လုပ်တာ"

"နောက်ကို စပါးမျိုးတွေများစွာ၊ ကြာမျိုးတွေများစွာ စိုက်ခိုင်းတယ်မဟုတ်လား"

"ခိုင်းပါတယ်"

"ဘေးမဲ့၊ ဘေးမဲ့-လို့ မုဆိုးတယောက်ကို ကြေးပြော်ခိုင်းတယ်မဟုတ်လား"

"ခိုင်းပါတယ်"

"ဒါဖြင့် အသင်မင်းကြီး လာစားတဲ့သတ္တဝါတွေ အစားအစာတွေ 'ဘေးမဲ့၊ ဘေးမဲ့'လို့ ကြေးကြော်လို့ လာပြီးစားတဲ့ သတ္တဝါတွေ ကျော့ကွင်းချဖမ်းတယ်၊ ဖမ်းတာ သီလရှိသလား၊ သမာဓိရှိသလား"

သီလရှိသလား၊ သမာဓိရှိသလားဆိုတော့"အသင်စစ်သူကြီး၊ သင်နဲ့စကားပြောလို့ မကောင်းဘူး"ဆိုပြီးတော့၊ ဓတရဋ္ဌ ရွှေဟင်္သာမင်းကြီးဆီ သွားတယ်။

## အပြစ်ဒေါသများ ဝန်ချတောင်းပန်ကြ

ဓတရဋ္ဌရွှေဟင်္သာမင်းကြီးက "အသင်မင်းကြီး ကျမ်းဂန်သာ မာပါရဲ့လား၊ မင်းမိဖုရားကော ကျမ်းဂန်သာမာပါရဲ့လား၊ တိုင်းရေးပြည်ရေး နိုင်ငံရေးများသာ ယာပါရဲ့လား၊ မင်းကျင့်တရားဆယ်ပါးနဲ့ ညီပါရဲ့လား" ဆိုးနှုတ်ဆက်တာပေါ့။

ဒီတော့ "အမယ်လေး၊ အသင်မင်းကြီးက တယ်တော်တယ်၊ ပီယဝါစာဖြစ်အောင် ပြောတတ်တယ်။ ဟို ဟင်္သာစစ်သူကြီးက မုသားစွပ်စွဲ

နေတယ်၊ သီလမရှိဘူး၊ သမာဓိမရှိဘူး၊ ပညာမရှိဘူးလို့ မတရားစွပ်စွဲ နေတယ်။ မင်းကျင့်တရားဆယ်ပါးမရှိဘူးလို့ ပြောနေပါတယ်။ အသင် မင်းကြီးက ပီယဝါစာပြောတတ်သကိုး”လို့ သံယမ မင်းကြီးကပြောတယ်။

ဒီတော့ “အသင်မင်းကြီး စိတ်မရှိပါနဲ့၊ ဘာလို့လဲဆိုတော့ သူ့ စိတ်ထဲမှာ ကျွန်ုပ်ကို ကျော့ကွင်းချဖမ်းတာ၊ ကျော့ကွင်းမိတော့ ပဌမ အရေပြတ်တယ်၊ ဒုတိယ အသားပြတ်တယ်၊ တတိယ အကြောပြတ်တယ်၊ သို့မို့ကြောင့် အသင်မင်းကြီးကို အပြစ်ဆိုတာပါ။ သူ့စိတ်ထဲမှာ အမတန်မှ နှစ်နာတယ်၊ ဒါသူမကြေဘူး၊ အဲဒီအတွက်ကြောင့်ပါ။ မခြေနပ်လို့ ပြောတာပါ”

“ဟဲ့....သုမုခ စစ်သူကြီး၊ သွား မင်းကြီးကို တောင်းပန်ကန်တော့ လိုက်”လို့ တောင်းပန်ခိုင်းတယ်။

တောင်းပန်ရာမှာ ကာယကံ၊ ဝစီကံ၊ မနောကံ ပြစ်မှားမိခဲ့သမျှ တောင်းပန်ဝန်ချပါတယ်။ အဦးနဲ့တဦး လှည့်ပြီး တယောက်နဲ့တယောက် တောင်းပန်ကြတယ်။ တောင်းပန်ပြီးတော့မှ ရွှေဟင်္သာမင်းကြီးက တရား ဟောတယ်။ ခေမာမိဖုရားကြီးလဲ ရွှေဟင်္သာတရားနာရတယ်။ တရားနာ ရပြီးတော့ ကောင်းမွန်စွာကျွေး၊ ကျွေးပြီးတော့ စိတ္တကုဋ်တောင်ပြန်လွှတ် လိုက်တယ်။

## သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်

“သူတော်ကောင်းဆိုတာဟာ သူတပါး အလိုပြည့်အောင်၊ ကိုယ့် အလိုလဲ ပြည့်လေအောင်၊ သူတပါးလဲ ချမ်းသာအောင် ကိုယ်လဲချမ်းသာ အောင် ကြံနိုင်တယ်။ သို့အတွက်ကြောင့်မုဆိုးကလဲ ဆုလာဘ်များစွာရတော့ သူ့အလို မပြည့်ဘူးလား”

“ပြည့်ပါတယ်”

“မင်းကြီးကလဲ ရွှေဟင်္သာညီနောင်၊ ပြည်တောင်ဆောင်လာတော့ သူ့အလိုမပြည့်ဘူးလား”

“ပြည့်ပါတယ်”

"ခေမာမိဖုရားကြီးကလဲ ရွှေဟင်္သာညီနောင်တရားနာရလို့ သူ့အလို မပြည့်ဘူးလား"

"ပြည့်ပါတယ်"

မိတ်ဆွေစစ်မိတ်ဆွေကောင်း ပေါင်း၍ အကျိုးစီးပွားဖြစ်ထွန်း၏

မြတ်စွာဘုရားက ဇာတ်ပေါင်းလိုက်တော့ အဲဒီတုန်းက ဓတရဋ္ဌ ရွှေဟင်္သာမင်းကြီးဆိုတာ ငါဘုရားဖြစ်ခဲ့တယ်။ သုမုခ စစ်သူကြီးဆိုတာက အရှင်အာနန္ဒာဖြစ်ခဲ့တယ်။ သံယမမင်းကြီးဆိုတာက အရှင်သာရိပုတ္တရာ ဖြစ်ခဲ့တယ်။ ခေမာမိဖုရားကြီးဆိုတာက ခေမာထေရီဖြစ်ခဲ့တယ်။ ခေမာ မုဆိုးက ဆန္နမထေရ်ဖြစ်ခဲ့တယ်။ လို့ ဇာတ်ပေါင်းတာပေါ့။

မြတ်စွာဘုရားက "ရဟန်းတို့—ယခုအခါ၌သာလျှင် အာနန္ဒာသည် ငါဘုရားအကျိုးငှာ မိမိအသက်ကို စွန့်သည်မဟုတ်သေး၊ ရှေးအထက်ကျော် ကာရီကလည်း အာနန္ဒာသည် ငါဘုရားအကျိုးငှာ မိမိအသက်ကို စွန့်ခဲ့ ဘူးလေပြီ"ဟု မိန့်တော်မူ၏။ မိတ်ဆွေကောင်း မိတ်ဆွေစစ် ပေါင်းသင်း၍ အကျိုးကျေးဇူးရှိကြောင်း ဤဂါထာကို ဟောကြားတော်မူတယ်။

ဧဝံ မိတ္တဝတံ အတ္ထာ၊
သဗ္ဗေ ဟောန္တိ ပဒက္ခိဏာ။
ဟံသာ ယထာ ဓတရဋ္ဌာ၊
ဉာတိ သံဃ မုပါဂမုံ။ ။

ဘိက္ခဝေ၊ သင်ချစ်သား ရဟန်းတို့- မိတ္တ ဝန္တာ၊ အဆွေခင်ပွန်း ကောင်း မိတ်ဆွေစစ်ဖြစ်ကုန်သော။ ဓတရဋ္ဌာ၊ ဓတရဋ္ဌမျိုးဖြစ်ကုန်သော။ ဟံသာ၊ ရွှေဟင်္သာမင်းနှစ်ပါးတို့သည်။ ပဒက္ခိဏာ၊ အစီးအပွားနှင့် ယှဉ်ကုန် သည်ဖြစ်၍။ ဉာတိသံဃ၊ ဆွေမျိုး အပေါင်းသို့။ ဥပါဂမုံ ယထာ၊ ကပ်ရ ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ မိတ္တဝတံ၊ အဆွေခင်ပွန်းကောင်း မိတ်ဆွေစစ် ရှိသောသူတို့အား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အတ္ထာ၊ အကျိုးတို့သည်။ ပဒက္ခိဏာ၊ စီးပွားဖြစ်ထွန်းခြင်းနှင့် ယှဉ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကြ ကုန်၏။

## ရွှေဟင်္သာတရားနဲ့ တိုက်အုပ်ဆရာတော်ဘုရား

ဤတရားတော်ကိုကြားနာရ၍ရှင်း၊တဖန် တိတ်ခွေမှကူးရေးရအချော ရေးရသဖြင့်ရှင်း ကျေးဇူးရှင် စွန်းလွန်းဆရာတော် ဘုရားကြီးကို အသက် ပေး စောင့်ရှောက် လုပ်ကျွေး ပြုစုခဲ့သော တပည့်ကြီး ယခု နာယက ဆရာတော် ဦးသောဘဏကို အရှင် အာနန္ဒာအလား သိမြင်ရပေ၏၊ ဆရာ တော်ကြီးနဲ့ (၂၃)ဝါတိုင် အမြဲ ဆည်းကပ် လုပ်ကျွေး ပြုစုခဲ့တယ်၊ ဆရာ တော် ဘုရားကြီးကလည်း အသက်ပါ အပ်နှံထားတယ်၊ ပေးတာဝတ်မယ်၊ ကျွေးတာ စားမယ်၊ ကိုယ်တော့ သဘောသဲ၊ အားလုံး ပုံလွှဲအပ်ထားတယ်။ ကျောင်းအဆောက်ဦး ကိစ္စ၊ ဆွမ်းကိစ္စ၊ သံဃာကိစ္စ စသည်တို့ကို ဘာမှ ပြန်မကြည့်ဘူး၊ တရားနဲ့သာ နေတော်မူတယ်၊ တရားပြသခဲ့တယ်၊ တရား ဟောကြား ဆုံးမတော်မူခဲ့တယ်၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းတော့ ဇာတ် သိမ်းပြည်နိဗ္ဗာန်၊ ဝင်စံရတာပေါ့။

ဆရာတော်ကြီး တပည့်ကြီးတွေ များစွာ ရှိသော်လည်း အသက် ထက်ဆုံး မနေနိုင်ကြဘူး၊ ထွက်ခွာ သွားကြတယ်။ ကမ္မဋ္ဌာန်း ဆရာတော် ဖြစ်ကြတယ်၊ အချို့လဲ တော်လှန်ပုန်ကန် သွားကြသေး၏။ ငါ့ကျောင်းနေ ငါ့တပည့်တဲ့၊ အပြင်ရောက်တော့ လိုက်မဆုံးမ နိုင်ဘူး၊ သူတို့နေချင်သလို နေတယ်၊ ယခုလက်တွေ့ စစ်ဆေး စီစစ်ကြည့်လိုက်တော့ ဆရာတော်ဘုရား ကြီး တပည့်ရင်းကြီးတွေဆိုလို့ နာယကဆရာတော် ဦးသောဘဏရယ်၊ ဦးဝိသုဒ္ဓရယ် နှစ်ပါးကျန်တယ်၊ နာယက ဆရာတော် ဦးသောဘဏဟာ အခု စွန်းလွန်းရာပြည့်အထိ ဒီကျောင်းမှာဘဲ သီတင်းသုံး၊ အစစပြုပြင် ဆောင်ရွက်နေရတယ်၊ (၄၉) ဝါရှိပြီ၊ သက်တော်က ၇၉ နှစ်ရှိပြီ။ ဒါကာ တွေ ဒါကမတွေ အချို့ ဂိုဏ်းခွဲထွက်ကြတယ်၊ ရဟန်းတွေ မယ်သီလတွေ လူထွက်ကြတယ်၊ လောကဓံတရားကို ကြံ့ကြံ့ခံပြီး သည်းခံခြင်း တရား ဖြင့် ဒီစွန်းလွန်း ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး တရား ပြသ ဆုံးမနေတော် မူခဲ့တယ်၊ မတုန်လှုပ်ပါဘူး၊ ဆရာတော် ဘုရားကြီး၏ အဆုံးအမ ဩဝါဒ အရ ကျင့်သုံးနေထိုင်ခဲ့တယ်၊ သံသရာ အေးစေတီကြီး တည်ဆောက်အောင် မြင်တယ်၊ ကျေးဇူးရှင် စွန်းလွန်းဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်ကို ထိန်းသိမ်း စောင့်ရှောက်ခဲ့တယ်၊ အများပြည်သူလူထု ကြည်ညိုနိုင်တယ်၊

အဆောက်အဦးများလဲ တိုးတက် ကြီးပွားလာတယ်၊ စွန်းလွန်း ကမ္မဋ္ဌာန်း တိုက်များလဲ မြန်မာနိုင်ငံတော် အနှံ့အပြား ပေါ်ထွန်းလာတယ်၊ အာဏာနဲ့ ငွေကြေးပေးပြီး တည်ထောင်ကြတာ မဟုတ်ပါဘူး၊ သူတို့ စေတနာ ယုံကြည်ချက်အရ စွန်းလွန်း ကမ္မဋ္ဌာန်းတိုက်ခွဲတွေ ဖြစ်ပေါ်လာတာဘဲ။

ယခု ဒီနေ့ ဒီရက် ဒီအချိန်မှာ အားလုံး စည်းလုံး ညီညွတ်စွာ တက်ရောက်လာပြီး ဓမ္မပူဇာ၊ အာမိသပူဇာ၊ ထေရဂုဏပူဇာ ကျေးဇူးရှင် စွန်းလွန်း ဆရာတော် ဘုရားကြီး မွေးနေ့ အနှစ်တရာပြည့် အထိမ်းအမှတ် ပွဲတော်ကြီး ကျင်းပရခြင်း မင်္ဂလာအခါကောင်း နေ့ထူးရက်မြတ် ဖြစ်၍ မြတ်စွာဘုရား အဆုံးအမ ဩဝါဒ၊ စွန်းလွန်းဆရာတော်ကြီး၏ ဩဝါဒ အဆုံးအမများကို ရိုသေစွာ လိုက်နာ ကျင့်သုံး၍ မဂ်ဖိုလ် နိဗ္ဗာန်တရား ရကြပါစေ။

ဆရာတော် ဦးသောဘဏဟာ စာပေသင်ကြား(၁၁) ဝါရမှ- စွန်းလွန်းဂူကျောင်း ရောက်လာတာ၊ နှစ်ဝါ ပခုက္ကူ မဟာဝိသုဒ္ဓာရာမ တိုက်၌ စာပေ သင်ကြားခဲ့၏။ ဆရာတော် ဦးကုသလ (မင်းဘူး) က စွန်းလွန်းလာ တရားအားထုတ်ခဲ့ပြီး ပြန်ပြောပြသဖြင့် တရားအားထုတ် ရန် (၇)ရက် စမ်းသပ်အားထုတ်ရန် ဖြစ်ပေ၏၊ အားထုတ်နေတာ ယခု အချိန်တိုင်အောင်ဘဲ ဘယ်မှလဲ မပြန် ဖြစ်တော့ဘူး၊ နောက်မကြာမီ သံဃာ တွေ လာဘ်လာဘကြောင့် စကားများ ပြန်သွား ကြကုန်တယ်၊ စွန်းလွန်း ဆရာတော် ဘုရားက အမိဋ္ဌာန်လို့ ပြေးကြရတာဘဲ၊ ဒါနဲ့ ဆရာတော် ဦးသောဘဏကို ဆရာတော် ဘုရားကြီးက တိုက်အုပ်အဖြစ် လွှဲအပ်တယ်၊ အသက်ပါအပ်နှင်းထားခြင်း ခံရတယ်၊ ဒီတော့ ဘယ်ပြန်နိုင်တော့မလဲ။

တိုက်အုပ်ဆရာတော် ဦးသောဘဏဟာ စွန်းလွန်းဆရာတော်ကြီး ထက် သိက္ခာသုံးဝါကြီးတယ်၊ ဒါပေမဲ့ နည်းနာခံယူပြီး တပည့်အဖြစ် အားထုတ်နေတယ်၊ လုပ်ကျွေး ပြုစုတယ်၊ ရိုရိုသေသေ လေးလေးစားစား နဲ့ ဆရာတော်ဘုရားကြီးအတွက် တာဝန်ခံတယ်၊ ရှေးဘဝက ဝဋ်ကြွေးတွေ ဆပ်နေရတာလို့ စွန်းလွန်းဆရာတော်ကြီးက အမိန့်ရှိတယ်၊ ယခုတိုင်အောင် စွန်းလွန်း သာသနာပြုနေတာဘဲ။

ယခုအခါ စွန်းလွန်း တပည့်တွေထဲမှာ အသက်သိက္ခာ အကြီးဆုံးဖြစ်၍ရင်း၊ ထေရဝါဒအရရင်း၊ ဗဟုသုတ အတွေ့အကြုံများ ကြောင့်ရင်း စွန်းလွန်း ဩဝါဒ အဆုံးအမ များကိုရင်း၊ ပဓာန မဏ္ဍိုင် စွန်းလွန်းရဲ့ မူလအရင်းအမြစ်ဖြစ်၍ရင်း ပူဇော်ထိုက် အလေးပြုထိုက် ဆည်းကပ်ထိုက်ပါပေ၏။ အသက်ကို စွန့်၍ စွန်းလွန်း သာသနာတော်ကြီး ပြုစု ဆောင်ရွက် တာဝန် ထမ်းလာတာ သံမဏိ အသက် အရှည်ဆုံး ဖြစ်ပါပေ၏၊ ထို့ကြောင့် ယခုလို စွန်းလွန်းရာပြည့် ပွဲတော်ကြီး၌ မဟာနာယက ဆရာတော်ကြီးအား ချီးကျူး ပူဇော် ထိုက်ပါပေ၏၊ အကယ်၍ ဖြစ်မှားမိခဲ့ကြသော် သံသရာ ကြွေးရှင်း၍ အပြစ်များ ဝန်ချ တောင်းပန် ကန်တော့ကြပါကုန်။ ရှေးဘုရား ရဟန္တာ အရိယာများထံ နှလုံးမူ၍ တောင်းပန်ကျေအေးလျက် မဂ်ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း ဘုရားဟော အာနာပါနာသတိ ကမ္မဋ္ဌာန်းကို ကျေးဇူးရှင် စွန်းလွန်း ဥပနိသျှည်းဖြင့် ပေါက်မြောက်အောင်မြင်စွာ အားထုတ် နိုင်ကြပါစေ၊ ရှေ့ကို လဲ စွန်းလွန်း သာသနာပြုစုရန် သာသနာ့ အညွန့်အညှောက်များ ပျိုးထောင်၍ရင်း၊ စွမ်းနိုင်သောပုဂ္ဂိုလ်များ ဆက်လက်၍ စွန်းလွန်း သာသနာကြီးပွား တိုးတက် စည်ကားပြန့်ပွားရလေအောင် ကြံဆောင် အားထုတ် ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။

ဘုရားတပည့်တော်သည် အသက် ငါးဆယ်ပြည့်နှစ်၌ မြင်းခြံ စွန်းလွန်းဂူကျောင်း၌ သိက္ခာတင်ပြီး တရားအားထုတ်ရာ ဤယနေ့ ပြုလုပ်ရမည့် စွန်းလွန်းရာပြည့် ပွဲတော် ကျင်းပရန် စိတ်ထဲ၌ ပေါ်ပေါက်လာပါသည်။ ထို့ကြောင့် 'တိုက်အုပ် ဆရာတော် ဘုရားကို လျှောက်ထားရာ မသေလျှင် လုပ်ကြတာပေါ့၊ ကောင်းပါတယ်ဟု အမိန့်ရှိလိုက်ပါ၏။ ၁၃၃၂ (၁၉၇၀) နှစ်မှာ တောင်ကြီး စွန်းလွန်းကြွပြီး ဆရာတော် ဦးဓမ္မသာမိရဲ့ ထေရုပတ္တိ ရေးသားရန် ဘုရားဖူးရန် ရောက်ခဲ့ပါ၏။ ထိုမှ အပြန် မြင်းခြံ စွန်းလွန်းဂူကျောင်း ရောက်ရာ ထိုနှစ် ဝါဆိုဖြစ်လေသည်။ ထို့ကြောင့် စွန်းလွန်းရာပြည့်ပွဲ ကျင်းပရန် တိုက်အုပ်ဆရာတော် ဘုရားကို စာမူကြမ်းရေး၍ ထင်ပြခဲ့ပါတယ်၊ ဆရာတော် ဘုရား လက်မှတ်ထိုး၍ ကြေငြာခဲ့ပါတယ်။ ဂိုဏ်း ဂဏဖွဲ့ရန် ဓိမ္မ ပြုလုပ်ခြင်း မဟုတ်ဘဲ၊ တရားအားထုတ်ပူဇော် ဝါဆိုဝါကပ်နေရင်း ဤကဲ့သို့သောအကြံ စိတ်ကူးပေါ်

ပေါက်လာခြင်း ဖြစ်ပါတယ်။ သမ္မာဒေဝ နတ်များက ကူညီစောင့်ရှောက် တိုက်တွန်းပေး၍ ယခုလို အောင်မြင်စွာ စွန်းလွန်းရာပြည့်ကို ကျင်းပနိုင်ပါတယ်။

မြန်မာနိုင်ငံတော်တဝှမ်း၌ အလိုအလျောက် စွန်းလွန်း တရားတိုက်များ၊ ကမ္မဋ္ဌာန်းတိုက်များ ဖြစ်ပေါ်လာကြရာ နှစ်ကြာ လာသောအခါ အချို့တိုက်များ စည်းကမ်း ပျက်၍ ဖောက်ပြန် ကြတယ်။ တရားတော် ထိခိုက်လာတယ်။ သာသနာတော်အရေး ဆုတ်ယုတ် လာတယ်။ မသန့်ရှင်းကြသဖြင့် သန့်ရှင်းစင်ကြယ်စေရန် သာသနာတော်တိုးတက်ညီညွတ် စည်းလုံး၍ စည်းကမ်းသေဝပ် ကောင်းမွန်လာစေရန် ၎င်းညီလာခံသဘင်ပွဲ ဓမ္မသာဂစ္ဆာပွဲ ဆွေးနွေးပြုပြင်ရန် ဤစွန်းလွန်း ရာပြည့်ပွဲတော်ကြီးကို ကျင်းပရခြင်း အကြောင်းရင်းမူလ ဖြစ်ကြောင်း သိရှိစေလိုပါတယ်။ စိတ်စေတနာ ရည်ရွယ်ချက် ကောင်းမွန် မှန်ကန်သောကြောင့် ယခု တွေ့ဆုံ ကြရပါပြီ၊ တိုင်ပင် နှီးနှော အကြံဉာဏ်များပေး၍ သာသနာတော်ကြီး အကျိုးငှာ ဆောင်ရွက်ကြပါကုန်။ ဝိနည်းစည်းကမ်းရှိသေကြရပါမည်။ စာပေပရိယတ်ကိုလည်း မူလဘူတအဖြစ် လေ့လာ သင်ကြား၍ ပြုပြင် ကြရပါမည်။ ပရိယတ် ပဋိပတ် စွယ်စုံ သာသနာ့ သူရဲကောင်းများ မွေးပြီး စွန်းလွန်း သာသနာတော်ကြီးကို ရှေ့ကထက်တံပိုး ဆထက်တိုး၍ ကြီးပွားအောင်၊ ပြန့်ပွားအောင်၊ တရားထူးရကြလေအောင် တရားပြသ ညွှန်ကြားနည်းပေးကြရမယ်။

မိမိသိမြင်သလို သူတပါး သိမြင်အောင် တရား ပြသ ကြရမယ်။ ဝိပဿနာခေတ်၌ ကြိုးစား အားထုတ် လေ့ကျင့်ကြမှ သာသနာ နောက်ပိုင်း အရိယာတွေကျန်သေးတယ်ဟု စွန်းလွန်း ဆရာတော်ဘုရား မိန့်တော်မူခဲ့သည့်အတိုင်း၊ မြတ်စွာဘုရား သာသနာတော် နောက်ပိုင်း ကျွတ်တမ်း ဝင်နိုင်ရန် အတ္တဟိတ၊ ပရဟိတ ကိုယ့်အကျိုးဆောင်၊ သူတပါး အကျိုးလဲ ဆောင်နိုင်ကြပါစေ။ "သူတပါးအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်"လို့ စကားပုံရှိတယ်။ ထို့ကြောင့် ကြိုးစားအားထုတ်ဆောင်ရွက်ကြပါကုန်လော့။ ဆရာတော် ကမ္မဋ္ဌာန်းဆရာ၊ ယောဂီ၊ သီလရှင် အားလုံးကို သတိပေး တိုက်တွန်းလိုက်ပါတယ်။

ပြဿနာတွေကို အကြေအလည် ဆွေးနွေးဆုံးဖြတ်ကြ၍ တရားကိုသာ အဓိကထားကြပါ။ ဘုရား ရွှေမျက်နှာတော် ကိုသာ ထောက်ထားကြပါ၊ စွန်းလွန်းဆရာတော်ကြီး၏ ဩဝါဒများ၊များနည်းကို လက်ကိုင်ထား၍ကြိုးစားသာသနာ ပြုတော်မူနိုင်ကြပါစေ။ မေတ္တာ စေတနာဖြင့် ဆုတောင်းလိုက်ပါတယ်။မေတ္တာ စေတနာ အရင်းခံ၍ တရား ပြသကြပါလေ။ သစ္စာလေးပါး အမှန်တရား အရိယာတရားရအောင် အစွမ်းကုန် နည်းလမ်း ရှိသမျှဆောင်ရွက်နိုင်ကြပါစေ။ ဤနေ့ နေ့ထူး နေ့မြတ်ကြီးမှာ သူတော်ကောင်းတရားတွေ တိုးပွားကြပါစေ။ မင်္ဂလာတရားအရ စိတ်ထဲနှလုံးထဲ၌မှတ်သားစွဲကျန်ရစ်ပါစေ၊ မကောင်းမှု မပြုကျင့်ပါနဲ့၊ ကောင်းမှု ပြုကျင့်ပြည့်စုံကြပါစေ။ မိမိစိတ်ကို စင်ကြယ်ထားရန် သမထ ဝိပဿနာတရား ကြိုးစားပွားနိုင်ကြပါစေ။ကာယကံ ဝစီကံ မနောကံအကုသိုလ်များ မပြုလုပ်ဘဲ ကုသိုလ်များသာ ပြုလုပ်၍ သာသနာပြုကြပါလေ။ သို့သော် ဆပ်ပြာသည် မဖြစ်ကြပါစေနဲ့ သတိပြုကြပါကုန်။ မိမိကိုယ်ကို ကြည်ညိုအောင်နေပါ။ တရားအားထုတ်ပါ။ ဝေဒနာ သည်းခံပါ။

သူတော်ကောင်းဆိုတာ သူတော်မှ ကောင်းတယ်။ ကောင်းအောင်နေပါကုန်လော့။

ဆရာတော် ဦးသာသနဝံသဒ္ဒိ၊ အုကျိုးဆောင်။

မြတ်စွာဘုရားဟော

# မဟာသုတသောမဇာတ်ကို မှီတည်၍

## စွန်းလွန်းဆရာတော် ဟော

သူတော်ကောင်းနှင့် တကြိမ်တွေ့ ကျေးဇူးများတယ်ဟော့၊

သူတော်ကောင်းနဲ့ သူယုတ်မာ၊ မိုးနဲ့မြေကြီး ကွာ-တရား။

ဗာရာဏသီပြည်ကြီးမှာ ပေါရိသာဒမင်း ထီးနန်းအုပ်ချုပ် မင်းလုပ်နေတယ်။ အဲဒီ ပေါရိသာဒမင်း ထီးနန်းအုပ်ချုပ် မင်းလုပ်နေသောအခါ စားတော်ကဲ ရသက ရယ်လို့ ရှိတယ်။

### လူသားစားမိ၊ နှစ်သက်၏

မင်းကလဲ အသဲကြိုက်တယ်၊ အသားဟင်း ကြိုက်တယ်။ တနေ့တော့ ပွဲတော်စာ အသားတွေ စိမ့်ထားတာ (ခွေးခိုးစားသွားလို့) ပျောက်သွားတယ်။ ဥပုသ်နေ့ ဖြစ်နေလို့ဝယ်လို့လဲ မရဘူး၊ မရတော့ မင်းပြစ်မင်းဒဏ် သင့်မှာစိုးတာနဲ့၊ ရသက က, သုသာန် သွားပြီး၊ လတ်တလော သေသူ၏ အလောင်းဖော်ပြီး ပေါင်းသားလှီးယူပြီးချက်တယ်၊ ပွဲတော်အုပ်တည်တယ်။

ပွဲတော်ဆက်တာပေါ့၊ ပွဲတော်ဆက်တော့ မင်းကြီးက ဟာ-ဒီအသားစားတာနဲ့ အကြောပေါင်းတထောင် စိမ့်ပြီးတော့ အင်မတန်ကို သဘောကျ ဝမ်းမြောက်ဝမ်းသာဖြစ်တယ်၊ "အော်.... ကောင်းလေစွ၊ ကောင်းလေစွ" သူ့စိတ်ထဲမှာဖြစ်တယ်။

မင်းကြီးက ဒါနဲ့ နောက်ရသကခေါ်ပြီးမေးတယ်။ "ရသက-မင်းမှန်တဲ့အတိုင်း သုံတော်ဦး တင်စမ်း" စစ်ဆေးတာပေါ့၊ "ဒီကနေ့ ပွဲတော်ဆက်တာ ဘာအသားလဲ၊ မောင်မင်းမှန်မှန် သံတော်ဦးတင်စမ်း"

"အရှင်ဘုရား၊ နေ့တိုင်း ပွဲတော်ဆက်တဲ့အသားဟာ ပျောက်သွားလို့၊ ရှာလဲမရလို့ သုဿန်သွားပြီး လတ်တလော လူသေခါစ အလောင်းတူးဖော်ပြီး၊ လူသား ချက်ပြီးတော့ ပွဲတော် ဆက်မိပါတယ် ဘုရား" လို့ ရသက လျှောက်ထားတယ်။

"ဒါဖြင့်ရင် အဲဒီလူသားကို နေ့တိုင်း၊ နေ့တိုင်း ပွဲတော်တည်ရမယ်၊ လူသားကို နေ့တိုင်း နေ့တိုင်း ချက်ကျွေးရမယ်" လို့ အမိန့်တော် ချမှတ်လိုက်တယ်။

## လူတွေဖမ်းသတ်စား၊ လူပျောက်များ

အမိန့်တော်ချမှတ်လိုက်တော့၊ ထောင်ထဲမှာ အပြစ်သင့်တဲ့ လူတွေသတ်၊ သတ်ပြီးတော့ ချက်ကျွေးတာပေါ့၊ နောက်တော့ ထောင်ထဲမှာ အပြစ်သင့်တဲ့လူမရှိဘူး။ မရှိတော့ ရသကဟာ ညကျတော့ထွက်၊ ထွက်ပြီးတော့ ဥစ္စာထုပ် ပစ်ထားတယ်၊ ဥစ္စာထုပ်ယူတဲ့လူ၊ တွေ့တဲ့လူဖမ်း၊ ဖမ်းသတ်၊ ဒီလိုချည်း ချက်ကျွေးနေတယ်။

ဒီလို ချက်ကျွေးနေတော့ မြို့ထဲမှာ အုတ်အုတ်သဲသဲ ဖြစ်လာတယ်။ "လူပျောက်တယ်၊ လူပျောက်တယ်" နဲ့ အုတ်အုတ်သဲသဲ ဖြစ်နေတယ်။

ဒီတော့၊ ဒို့မြို့မှာ လူသား စားတဲ့လူ ရှိတယ်ထင်တယ်၊ လူပျောက်ပျောက်သွားတယ်။ အုတ်အုတ်သဲသဲ ဖြစ်နေတော့ စစ်သူကြီး ကာဠဟတ်ကို သွားတိုင်ကြားတယ်။

"အသင်စစ်သူကြီး၊ ကျုနိုပ်တို့ နိုင်ငံမှာ လူသား စားတဲ့လူ ရှိတယ်ထင်တယ်၊ လူတွေ ပျောက်ပျောက်သွားတယ်" လို့ လူတွေက တိုင်ကြားကြတယ်"

ဒါဖြင့်ရင်၊ အပျောက်များရင် စစ်သူကြီးက အမိန့်တုတ်လိုက်တယ် "မြို့ရွာမှာ ညကင်း စောင့်ရမယ်၊ ကြိုးတန်းခလောက်သွယ်ကြ၊ ညမအိပ်ကြနဲ့၊ မြို့ရွာစောင့်ရှောက်ရမယ်" လို့ အမိန့်ပေးလိုက်တယ်။

## လူသားစား၊ တိုင်းပြည်မှ ထွက်ခွာသွား

အမိန့်ပေးလိုက်တော့၊ တနေ့သ၌ကျတော့၊ ရသကကို မိတာပေါ့၊ ရသကမိတော့ စစ်သူကြီးထံပို့တယ်။ ပို့တော့ စစ်သူကြီးက "အသင်ရသက၊ မင်းဘယ့်နှယ့်လုပ်တာတုန်း" လို့ စစ်ဆေးတယ်။

"ကျုန်ုပ်အတွက် မဟုတ်ပါဘူး၊ မင်းကြီးအတွက်ပါ၊ မင်းကြီးအမိန့်ချမှတ်လို့ မင်းကြီးကို နေ့တိုင်း နေ့တိုင်း ချက်ကျွေးနေရပါတယ်" လို့ ရသက လျှောက်တယ်။

အဲဒီတော့ စစ်သူကြီးက "အသင် ပေါရိသာဒ၊ အသင်မင်းကြီး ဒီလိုတော့ မလုပ်ပါနဲ့၊ လူသားရင်လဲဖြတ်ပါ၊ တိုင်းပြည်ရင်လဲ စွန့်ပါ" လို့ ပြောတယ်။

မင်းကြီးက "ငါဟာ လူသားတော့ မစွန့်နိုင်ဘူး၊ တိုင်းပြည်စွန့်ဆိုရင် စွန့်ရမှာဘဲ" လို့ ပြန်ပြောတယ်။

ဒီတော့၊ "ဒါဖြင့်ရင် သင်မင်းကြီးနဲ့ ထီးနဲ့ နန်းနဲ့ မတော်ဘူး၊ ထွက်ပါ" လို့ ပြောတယ်။

"ထွက်လို့ရှိရင်၊ ငါ့ကို ရသကတော့ ထည့်လိုက်ပါ၊ ပေးလိုက်ပါ ဒီပြင်ဟာတော့ နေပါစေ၊ ရသက ထည့်လိုက်ပါ" လို့ မင်းကြီးက တောင်းတယ်။

ဒီတော့ရသက ခေါ်ပြီး မင်းကြီးနဲ့ ထည့်လိုက်တယ်။ မင်းကြီးတို့ကို အုတ်ကျောက်ခဲနဲ့ ဝိုင်းပေါက်ကြတယ်၊ ဒီတော့ တိုင်းပြည်မှ ထွက်ပြေး
 ရတယ်။

## မရ၊ ရသကချိုင်

ပေါရိသာဒမင်းပြေးတော့၊ တောကြီးထဲမှာ တောပုန်းတဲ့လူလို ပေါ့လေ၊ တောကြီးထဲမှာ အလွန်ကြီးတဲ့ ညောင်ပင်ကြီးရှိတယ်၊ ညောင် ပင်ခြေရင်းမှာ မှီခိုစားသောက် နေကြတယ်။

တနေ့သ၌တော့၊ လူသားက ရှာမရဘူး၊ ရှာမရတော့၊ ခေါ်သွား တဲ့ ရသကကို သတ်စား ပြန်ရော။ ဒါကြောင့် "မရ၊ ရသကချိုင်" လို့ ပြောရတာ၊ စကားပုံ ပေါ်လာတာပေါ့။ ရသက သေရော။

ဒီတော့ မင်းကြီးဘဲ ကျန်တော့တယ်။ မင်းကြီးက နေ့ခင်းသစ်ပင် ပေါ်၊ တက်တက်ကြည့်တယ်၊ နေ့ခင်း တက်ကြည့်တော့ အကူးအသန်း ကြည့်ပြီး၊ လူဖမ်းသတ်၊ ချက်စား၊ ဒီတော့ တိုင်းပြည်မှာ "လူသားစားတဲ့ လူရှိတယ်၊ လူသားစားတဲ့ လူရှိတယ်" ဆိုပြီး လူသူလေးပါး မသွားဝံ့ကြ ဘူး၊ သိပ်ကြောက်ကြတာပေါ့။

## လှည်းသား ငါးရာက ဝိုင်းဖမ်း၍ ပြေးရ၏

ကြောက်တော့ကို၊ တနေ့သ၌ကျတော့ လှည်းသား ငါးရာ လာကြ တယ်၊ လှည်းတပ်ကြီးရဲ့ နောက်ဆုံးလှည်းမှာ ပုဏ္ဏားတယောက် လှည်း ပေါ်ပါလာတယ်။ ပါလာတော့ သစ်ပင်ပေါ် တက်ကြည့်တဲ့ ပေါရိသာဒ က မြင်တာပေါ့၊ မြင်တော့ ဒီပုဏ္ဏား ငါဖမ်းမှဘဲ ဆိုပြီး သစ်ပင်ပေါ်က ဆင်းတာပေါ့။ ဆင်းသွားပြီး ပုဏ္ဏား ဖမ်းတာပေါ့။ ဖမ်းတော့ "သူသတ် ယောကျ်ားကြီး လာပြီဟေ့" ဆိုပြီး ဝိုင်းဖမ်းကြတာပေါ့။ ပုဏ္ဏားချခဲ့ပြီး လွတ်ရာ ထွက်ပြေးရော၊ မမိဘူး၊ သူက အခုန်အလွှား အလွန်ပေါ့ပါးတဲ့လူ၊ စည်းရိုးကို ခုန်လိုက်တော့၊ ခြေဘဝါး ငြောင့်စူးတာပေါ့၊ ငြောင့်စူးတော့ ညောင်ပင်အောက်သွားတယ်၊ လှည်းသားငါးရာလဲ သွားကြရော။

## အနာပျောက်သော် ရက္ခစိုး ယစ်ပူဇော်ပါမယ်

ညောင်ပင်အောက်ရောက်တော့ "အသင်ရုက္ခစိုး၊ ကျွန်ုပ်ငြောင့်စူးတဲ့ အနာရောဂါ ကျွန်ုပ်မှာရနေတယ်၊ အနာရောဂါ ပျောက်အောင် ကူသ ပေးပါ၊ အနာရောဂါ ပျောက်ရင် အသင် ရုက္ခစိုးကို တရာ့တပါးသော မင်း တွေနဲ့ ယစ်ပူဇော်ပါမယ်" လို့ တိုင်တည်တယ်။

အနာဂတတော့ ရက္ခစိုးကလို့ ပျောက်တာမဟုတ်ဘူး၊ သူ့အနာဂတ ညှော်တွေမရှိလို့ အလိုလို အနာပျောက်သွားတယ်၊ ဒီတော့သူက "ရက္ခစိုး မင်းရဲ့ ကျေးဇူးတွေများတယ်၊ ဒါကြောင့် တရာ့တပါးသော မင်းတွေကို ယစ်ပူဇော်ပါမယ်" လို့ ဂတိခံထားတယ်၊ တရာ့တပါးသော မင်းတွေ ယစ်ပူဇော်ရအောင်ဟု ဆိုပြီးတော့ ဟခါထဲ ထွက်ထွက်ပြီး၊ တိုင်းနိုင်ငံ တွေက မင်းတွေ လိုက်ဖမ်းတာပေါ့၊ တယောက်ပြီးတယောက် လိုက်ဖမ်း တယ်၊ ဖမ်းမိရင် ညောင်ပင်မှာ လက်ဖဝါးဖေါက်၊ ဖေါက်ပြီး ကြိုးနဲ့ချည် ထားတယ်၊ လက်ဝါးကပ်တင်ပြီး ကြိုးနဲ့ချည်ဆွဲထားတယ်။

## သကြားမင်းထံ ရက္ခစိုး အကြံတောင်းတယ်

ညောင်စောင့်နတ်က "အော်.... သူ့အနာ ငါလဲ ပျောက်အောင် ကူသပေးတာ မတုတ်ဘူး၊ သူ့ဟာသူပျောက်တာ၊ ငါ့ဒုက္ခရောက်နေပြီ၊ ဒီတော့ ငါသူ့ကို ဘယ်လိုနည်းနဲ့ ပယ်ဖျက်ရအောင် ကြံစီရပါ့မလဲ" လို့ စိတ်ကူးတယ်။ အောက် နတ်တွေ တိုင်ပင်စရာမရှိတော့ အထက်သိကြား မင်းထံသွားတယ်။

"သိကြားမင်း- အဲ ပေါရိသာဒဟာ ကျွန်ုပ်၏ ညောင်ပင်အောက် မှာ မင်းတွေ ဖမ်းပြီး လက်ဝါးကပ် တင်ထားတယ်၊ အသင်သိကြားမင်း တတ်နိုင်သလား" မေးတယ်။

"ငါလဲ မတတ်နိုင်ဘူး၊ သို့သော် နည်းတော့ ပြောလိုက်မယ်၊ သူ့နိုင်တာ မဟာသုတသောမမင်းမှတပါး ဘယ်သူမှ မနိုင်ဘူး၊ မဟာ သုတသောမမင်းကို လိုခြင်တယ်" လို့ ပြောပေတော့၊ သိကြားမင်းက နည်း ပေးလိုက်တယ်။

## မဟာသုတသောမမင်း လိုခြင်တယ်

ဒါနဲ့ ရက္ခစိုးက ပြန်လာရော၊ ပြန်လာပြီးတော့ မဟာသုတသော မမင်းဟာ သူ့ဆရာဖြစ်နေတယ်၊ တက္ကသိုလ်ကျောင်း နေစဉ်က သူ့ကိုပညာ သင်ပေးခဲ့တယ်။ ဒါနဲ့ တနေ့သ၌ ရက္ခစိုးက ရဟန်းယောင် ဆောင်ပြီး ညောင်ပင်အောက်သွားတယ်။

"ဟာ.... သူလဲရဟန်းဘဲ၊ ဖမ်းမှာဘဲ၊ သူဟာ မင်းနဲ့အတူတူဘဲ" ဆိုပြီးတော့ ပေါရိသာဒက လိုက်တယ်၊ လိုက်ဖမ်းတော့ ဖြူးဆို ရှက္ခစိုး အသွင်ပြောင်းနေလိုက်တယ်။

"အသင်ရှက္ခစိုး မင်းလား" လို့ မေးတယ်။

"ငါ့ညောင်စောင့် ရှက္ခစိုးဘဲ" လို့ ဖြေတယ်။

"ဒါဖြင့် အသင့် ကျေးဇူးတွေ များတယ်၊ အဲဒီမဟာဆီ၊ မဟာသေးတွေမိပြီ၊ တရာမိပြီ၊ တရာ့တပါး ပြည့်မှာ တယောက်ပဲလိုတော့တယ် ပြည့်ပါ့လိမ့်မယ်" ပေါရိသာဒက ပြောတယ်။

"ငါဒီပြင်ဟာတွေ မလိုချင်ဘူး၊ မဟာသုတသောမမင်း တပါးသာ လိုချင်တယ်၊ ဒီပြင်မင်းတွေ ငါအလိုမရှိဘူး"လို့ ရှက္ခစိုးက ပြောတယ်။

"ဒါဖြင့်ရင် သုတသောမမင်းရအောင် ဖမ်းပေးပါ့မယ်"ဆိုပြီးတော့ သူကစဉ်းစားတယ်၊ မဟာသုတသောမမင်းဟာ ခဏခဏ မင်္ဂလာရေကန် တော်မှာ ခေါင်းဆေးမင်္ဂလာပြုတယ်။ ခေါင်းဆေးမင်္ဂလာအပြု သွားတဲ့ အခါ ငါရေကန်ထဲကနေပြီး ဆီးဖမ်းမှာဘဲလို့ အကြံယူတယ်။

ဒါနဲ့သွားတော့ အင်မတန်မှ သတ္တိကောင်းတယ်၊ "အဟံ၊ ငါ ပေါရိသာဒ"လို့ အော်လိုက်ရင် "ဝုန်း-ဒိုင်း"ဆို လဲကွဲကုန်ကြရော၊ ထွက် ပြေးကြကုန်ရော၊ သူ့သတ္တိကလဲကောင်း မြန်လိုက်တာကလဲလွန်ရော၊ ကြာ ဖက်အောက်က စောင့်နေမယ်လို့ကြံတယ်။

## သုတသောမမင်း ဖမ်းယူဆောင်လာရာ

မဟာသုတသောမမင်းက မင်္ဂလာရေကန်တော်မှာ ခေါင်းဆေး မင်္ဂလာပြုမဲ့နေ့ကျတော့ သူက ညဦးက သွားပြီးတော့ မင်္ဂလာကန်ထဲက ကြာဖက်အောက်မှာ စောင့်နေတယ်။

မဟာသုတသောမမင်းကလဲ ဘယ်လောက် အစောင့်အရှောက်တွေ အားကောင်းသလဲဆိုတော့ ကန်ကြီးဝိုင်းပြီးတော့ ခြေလျင်တပ်၊ ရထားတပ် မြင်းတပ်၊ ဆင်တပ်၊ တပ်တွေနဲ့ အကုန်ဝိုင်းထားတယ်၊ ဝိုင်းစောင့်ရှောက်

နေကြတယ်။ ဒါပေမဲ့ သူက ညဦးက ကန်ထဲဆင်းနေတော့ ပေါရိသာဒက ရှိနေတယ်။ ရေကန်ထဲဆင်းပြီး စောင့်နေတော့ "ဒ.ဟံ၊ ငါ ပေါရိသာဒ၊ ဟေ့"လို့ အော်လိုက်ရင် "ဝုန်း-ဒိုင်း"နဲ့ အကုန်လုံး လဲကွဲကြကုန်ရော၊ ထွက်ပြေးကြကုန်ရော၊ သူက သုတသောမမင်း ဖမ်းမိတယ်၊ မိတော့ ပခုံးပေါ်ထမ်းပြီး ဆင်ကျောက်ကုန်းပေါ်တက်လိုက်၊ မြင်းကျောက်ကုန်း ပေါ်တက်လိုက်၊ ရထားတွေပေါ် ဖြတ်ဖြတ်နဲ့ ကျော်တက်ပြီး လွတ်သွား ရော။

## ဘုရားတရားမနာရ ဂတိသစ္စာပျက် စိတ်ပူလျက်

တောထဲရောက်တော့ သုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုတုန်းက ဆံပင်က ခေါင်းဆေးရေတွေ တစက်တစက်ကျလာတာပေါ့၊ ရေတစက်စက် ကျလာတော့ ပေါရိသာဒက "အော်....သုတသောမမင်းဟာ တရားသော မင်းတွေကို တရားဓမ္မဟောကြားဆုံးမတယ်၊ အခုတော့ သူ့ကျတော့ ထိတ်လို့၊ လန့်လို့၊ ကြောက်လို့ငိုတယ်၊ မျက်ရည်ကျတယ်" လို့ ထင် တယ်။

"အသင် သုတသောမမင်း- အသင့်အသားကို စားဘို့ရာ ယဇ်ပူဇော် ဘို့ရာ ငါယူဆောင်လာခဲ့ပြီ၊ အသင် ထိတ်သလား၊ လန့်သလား၊ ကြောက် သလား၊ ပူပန်သလား"လို့ မေးတယ်။

ဒီတော့ မဟာသုတသောမမင်းက "ငါမထိတ်လန့်ပါဘူး၊ မကြောက် ပါဘူး"

"အသင် မင်းမိဖုရားတွေရော ပူပန်သလား"
"မင်းမိဖုရားတွေအတွက် မပူပန်ပါဘူး"
"သားသမီးတွေအတွက် ပူပန်သလား"
"သားသမီးတွေအတွက် မပူပန်ပါဘူး"
"ထီးနန်းစည်းစိမ်တွေအတွက် ပူပန်သလား"
"ထီးနန်းစည်းစိမ်အတွက် မပူပန်ပါဘူး"
"အသင် ဘာပူပန်သတုန်း"

"ငါထွက်လာတုန်းက ခေါင်းဆေးမင်္ဂလာပြုထွက်လာစဉ် အခါက မြို့တံခါးဝမှာ နန္ဒပုဏ္ဏားနဲ့တွေ့တယ်။ နန္ဒပုဏ္ဏားက ငါ့ရှေ့ကနေ လက်ရုံး

ဆန့်တန်းပြီး ရပ်လိုက်တယ်၊ ရပ်တော့ ငါက "ပုရောဟိတ် ပုဏ္ဏား၊ ဘယ်အတွက်ကြောင့် လက်ရုံးဆန့်တန်းရပ်ရသလဲ"လို့ မေးတယ်"

"အသင့် အတွက်ပါဘုရား"လို့ လျှောက်ထားတယ်။

"ငါ့အတွက် ဘာဟုန်း လျှောက်စမ်း" ဆိုတော့

"ကျွန်ုပ်ဟာ တက္ကသိုလ်တိုင်းပြည်ကပြန်လာခဲ့တယ်၊ တက္ကသိုလ်တိုင်းက 'သတာရဟ တရားဂါထာလေးပုဒ်'ကို ကျွန်ုပ်နာခဲ့ရတယ်၊ ကဿပဘုရား ဟောတဲ့ သတာရဟ တရားနာခဲ့ရတယ်၊ အဲဒီတရား သင် မင်းကြီးဟောချင်လို့ပါ၊ အဲဒီအတွက် သင်မင်းကြီးရှေ့က ရပ်တန့်ပါတယ်လို့ "လျှောက်ထားတယ်။

"ဒါဖြင့် ကောင်းပြီး၊ ဒီတံခါးနားက စောင့်နေရစ်ပါ၊ စောင့်ဆိုင်းနေရစ်ပါလို့ သူ့ထားပစ်ခဲ့တယ်၊ အသင်ကလဲ ငါ့ကို တောအုပ်သို့ ယူဆောင်လိုလာခဲ့ပြီ၊ ဒါကြောင့် နန္ဒပုဏ္ဏားနဲ့ ငါနဲ့ ဂတိပျက်သွားပြီ၊ ကဿပဘုရား၏ တရားတော်ကို ငါမနာရတော့ဘူး၊ အဲဒီအတွက် ငါပူပန်တာပါ၊ ဒီပြင်ဘာမှ မပူပန်ဘူး"

"ပဿပဘုရား တရားနာဘို့ဟာနဲ့ နန္ဒပုဏ္ဏား ဂတိသစ္စာပျက်တာ ဒီနှစ်ခု ငါပူပန်တာဘဲ"လို့ ပြောပြတယ်။

## ဒါဖြင့် ပြန်လွှတ်လိုက်မယ် ပြန်လာခဲ့ပါ

ဒါဖြင့်ရင် အသင်ပူပန်ရင်၊ ဆရာမို့လို့လဲညာတယ်၊ ပူပန်လို့ရှိရင် ငါလွှတ်လိုက်မယ်၊ လွှတ်လိုက်တော့ကို နက်ဖြန်အာရုံချင်းလင်းသကာလ သင်ပြန်လာခဲ့ပါ၊ အသင့်ကို ယစ်ပူဇော်ချင်တယ်၊ အသင့် အသားကို စားချင်တယ်၊ လာခဲ့။

"လာပါမယ်"
"အသင် ဒီအတိုင်း ကေန် မုန်ရဲ့လား"
"မှန်ပါတယ်၊ လာပါမယ်"
"ဒါဖြင့် အသင် သစ္စာဆိုမှ ယုံမယ်"

"ဆိုပါ့မယ်၊ အသင်ပေါရိသာဒ၊ ပေါရိသာဒ နက်ဖန် အာရုံချင်း လင်းသကာလ အဆင့်ထံ ငါမရောက်လို့ရှိရင် သန်လျက်ဘေး၊လှံဘေး၊ ခဲဘေး သင့်ရပါလို၏"လို့ ကြိမ်ဆိုတယ်။

ကြိမ်ဆိုတော့ "သွားပေတော့" လို့ လွှတ်လိုက်တယ်။ ဒီတော့ ပေါရိသာဒက "အသင် သုတသောမမင်း ရန်သူလက်က လွတ်သော သူဟာ ရန်သူလက် ပြန်ရောက်ရိုး ထုံးစံမရှိဘူး"လို့ မှာလိုက်တယ်။

"သတာရဟ" တရားလေးပါး တထောင်စီပူဇော်ဗျား

သုတသောမမင်းက ပြန်သွားတာပေါ့ ပြန်သွားတော့ တိုင်းသူ ပြည်သားတွေက ပေါရိသာဒနောက် ပါသွားတော့ အကုန်လုံး မြော်တ နေကြတယ်။

"အမယ်လေး၊ ငါတို့မင်းကြီး ရန်သူလက်ပါသွားပြီ၊ ရန်သူလက် ပါပြီ၊ ပြောပြီး မြော်တနေကြတယ်။ ပြန်သွားတော့မှ တိုင်းပြည်ရောက် တော့ နန္ဒပဏ္ဍားခေါ်တယ်။ ခေါ်ပြီး "အသင် နန္ဒပဏ္ဍား အသင်နဲ့ငါ ဂတိကဝတ်ရှိတယ်၊ ကဿပဘုရားဟောတော်မူတဲ့ 'သတာရဟ' တရား လေးပါးဂါထာဟောပါ"လို့ ပြောတယ်။

အဲဒီတရားလေးပါး ဟောပါဆိုတော့ 'သတာရဟ' တရားဆိုတာ တခြားမဟုတ်ဘူး၊

သကိံ ဒေဝ သုတသောမ၊
သဗ္ဘိဟောတိ သမာဂမော။
သာနံ သင်္ဂတိ ပါသေတိ၊
နာသဗ္ဘိ ဗဟုသင်္ဂမော။ ။
သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံသဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ နပါပိယော။ ။
ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထောသရီရမ္ပိ ဇရံ ဥပေတိ။

သတဉ္စ မမွော နဇရံ ဥပေတိ၊
သန္တောဟ ဝေဗ္ဗိသ ပဝေ ဒယန္တိ
နဘဉ္စ ဒူရေ ပထဝိစ ဒူရေ။
ပါရံသ မုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရ တရံဝ ဒန္တိ။
သတဉ္စ မမွော အသတဉ္စ ရာဇ။

၁။ သူတော်မဟုတ် ယုတ်သောသူနဲ့ အကြိမ်တရာ တွေ့ပင် တွေ့ရသော်လည်း ဘာမှ ကျေးဇူးမများဘူး၊ သူတော် ကောင်း ဘုရား အရိယာသံဃာနဲ့ တကြိမ်တွေ့ချင် အင်မ တန်မှ ကျေးဇူးများပါတယ်။

၂။ သူတော်ကောင်းတို့နဲ့သာ ပေါင်းဖေါ်ကုန်ရာ၏၊ သူတော် ကောင်းနဲ့ ပေါင်းသင်း၍ ဘုရား အစရှိသော ပညာရှိတို့၏ သူတော်ကောင်းတရားကို သိ၍ အထူးသဖြင့် မြတ်သည် ဖြစ်ရာ၏၊ ယုတ်မာသည် မဖြစ်ချေ။

၃။ ကောင်းစွာ ဆန်းကျယ်သော မင်း၏ ရထားတို့သည် ဆွေးမြေ့ အိုမင်းကြကုန်သေး၏၊ ခန္ဓာကိုယ်သည်လည်း ထို့အတူပင် ဆွေးမြေ့ အိုမင်းခြင်းသို့ ရောက်ရသေး၏၊ သူတော်ကောင်းတို့၏ တရားတော် (နိဗ္ဗာန်)သည် ဆွေး မြေ့ အိုမင်းခြင်းသို့ မရောက်နိုင်ဟု သူတော်ကောင်းတို့ သည် သူတော်ကောင်းတို့နှင့် အချင်းချင်း ဆွေးနွေး ပြောကြား ကြကုန်၏။

၄။ ကောင်းကင်သည် မြေကြီးနဲ့ ဝေးသကဲ့သို့ မြေကြီးသည် ကောင်းကင်နဲ့ ဝေး၏၊ သမုဒ္ဒရာသည် ဒီဖက်ကမ်း ဟိုမှာ ဖက်ကမ်းနဲ့ ဝေး၏၊ ထိုကောင်းကင်နဲ့ မြေကြီး၊ သမုဒ္ဒရာ တဖက်ကမ်းနဲ့ ဘဖက်ကမ်း ဝေးသည်ထက် စင်စစ် သူတော် ကောင်းတရားနဲ့ သူတော်မဟုတ် သူယုတ်တရားသဘော သည် အလွန်ဝေးကွာလှပေ၏....ဟု ဟောပြတယ်။

ဟောတော့၊ "ကိုင်း၊ အသင်နန္ဒ ပဏ္ဍား အသင့် ကျေးဇူးတွေများ တယ်၊ အသင့်ကို တရား ပူဇော်မယ်" တဂါထာကို အသပြာတထောင်စီ ပူဇော်လိုက်တယ်။

## ကျေးဇူးရှင်ကြီးကြောင့် ကဿပဘုရားတရား နာရတယ်

ပူဇော်ပြီးတော့၊ မယ်တော် ခမည်းတော်တို့ကို သွားပြီး ကန်တော့ တယ်။ ကန်တော့ပြီးတော့၊ "မယ်တော် ခမည်းတော်တို့ နက်ဖန်၊ အာရုံချင်း လင်း သကာလ ပေါရိသာဒ ရှိရာအရပ် ကျွန်ုပ်သွား ရပါလိမ့်မယ်၊ သား တော်မောင် ကာယကံ၊ ဝစီကံ၊ မနောကံ ပြစ်မှား ကြူးလွန်ခဲ့မိသည် ရှိသော် သည်းခံခွင့် လွှတ်တော် မူပါဘုရား"လို့ ကန်တော့တယ်။

"သားကြီးမောင်၊ သားကြီးမောင်၊ မင်းဘယ်နှယ့် ပြောတဲ့ စကားတုန်း၊ ရန်သူထံ မသွားပါနဲ့၊ အကယ်၍ ရန်သူကို ဆင်တပ်၊ မြင်းတပ် နဲ့ စစ်တိုက်ရရင် တော်ပါသေးရဲ့၊ မောင့်တကိုယ်တည်း သွားဘို့ဟာ နေရာ မကျပါဘူး၊ စစ်သည်ဗိုလ်ပါ အပေါင်းတွေ ခေါ်ပြီး တိုက်ပါလား၊ မောင့်တကိုယ်တည်း သွားလို့ မတော်ဘူး။ ငါ့သား မသွားပါနဲ့" လို့ တားမြစ်ကြတယ်။

အဲဒီတော့ "မယ်တော် ခမည်းတော်တို့ ကျွန်ုပ် မသွားဘဲ မဖြစ်ဘူး သွားရမယ်၊ ကျေးဇူးရှင်ကြီးပါ၊ ပေါရိသာဒဟာ ရန်သူမဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့၊ကျေးဇူးရှင်ကြီး၊သူကလွှတ်လိုက်လို့သာ နန္ဒပဏ္ဍားနဲ့ ဂါထာ ကဝတ်လဲကျေပြီ၊ ကဿပ မြတ်စွာဘုရားဟောတဲ့ တရားလဲ နာရပေပြီ၊ အခုမယ်တော် ဖခမည်းတော်တို့ကိုလဲ ကန်တော့ရပေပြီ၊ မင်းမိဖုရားများ လဲ ဆုံးမခဲ့ရပေပြီ၊ သို့အတွက်ကြောင့် နက်ဖန် အာရုံ ချင်း လင်းသကာလ ပေါရိသာဒရှိရာအရပ် ကျွန်ုပ်သွားရပါလိမ့်မယ်" လို့ ပြောပြတယ်။

အားလုံး တုန်လှုပ်ကုန်တယ်၊ ပရိဒေဝမီး တောက်လောင်ပြီး၊ အတင်း နောက်က လိုက်ကြတာပေါ့၊ သုတသောမမင်း သွားတော့ ဝိုင်းလိုက် သွားကြတယ်။

"မလိုက်ခဲ့နဲ့" လို့ သုတသောမမင်းက ပြောတယ်၊ မနေဘူး

 လိုက်ကြတယ်၊ အာဏာနဲ့ စည်းတား ထားခဲ့တယ်၊ ဒီစည်းမကျော်ရဘူး၊

ကျော်ရင် မင်းပြစ် မင်းဒဏ် သင့်စေ၊ ဒီလို စည်းတားထားတော့ မကျော်ဝံ့ဘူး၊ မလိုက်ဝံ့ဘူး၊ အားလုံးသော မြို့သူမြို့သားတွေ အော်ဟစ်ငိုကြွေး နေရစ်ကြတယ်။ နေရစ်တော့၊ သုတသောမမင်းက သွားရော၊ သွားတော့ ရောက်တာပေါ့။

## မင်းပရိယာယ် နားလည်တယ်၊ ဂုဏ်ပျက်မှာသာ စိုးတယ်

ပေါရိသာဒကလဲ "အော်၊ သုတသောမမင်း လာချိန်နီးပြီ" မီးတွေ ထည့်၊ တံစို့မျှား ချွန်ပြီး စောင့်နေတော့၊ စိုက်စိုက် စိုက်စိုက်နဲ့ သုတသောမမင်း ရောက်လာရော၊ "အသင် သုတသောမမင်း အသင် တယ်ဖျင်းတဲ့မင်းပါလား၊ မင်း၏ ပရိယာယ် ဘာမှ မတတ်ဘူး၊ မင်း၏ ပရိယာယ် မတတ်ဘူး၊ အလွန်ဖျင်းတဲ့မင်း၊ အသင့်ကို ငါမနေ့က မှာလိုက်တယ် မဟုတ်လား၊ ရန်သူလက်က လွတ်သောသူဟာ၊ ရန်သူလက် ပြန်ရိုး ထုံးစံ မရှိဘူးလို့ မှာလိုက်တယ် မဟုတ်လား" လို့ မေးတယ်။

"မှာလိုက်တယ်၊ မှာမေ့မေ့၊ ငါဟာ မင်း၏ပရိယာယ် တတ်ပါတယ်၊ ငါ မင်း၏ပရိယာယ် မလုပ်ဘူး၊ အသင်နဲ့ ငါနဲ့ မနေ့က ဂတိကစတ် ရှိတယ်မဟုတ်လား၊ နက်ဖန် အာရုံချင်း လင်းသကာလ ငါလာခဲ့မယ်" လို့ ပြောတယ်။

"ရှိပါတယ်" လို့ ဖြေတယ်။

"ငါဂတိသာ ချစ်တာ၊ ငါဂတိပျက်မှာသာ စိုးတာ၊ (မင်းမှာ ဂတိ၊ လူမှာသစ္စာ၊ ဆိုသလိုပေါ့) သို့သော်လည်း၊ ငါ့ကို အသင်က လွှတ်လိုက်လို့ ကဿပမြတ်စွာဘုရား၏ တရား နာရပေပြီ၊ တရားဟောတဲ့ ပုဂ္ဂိုလ်ကိုလဲ တရား ပူဇော်ခဲ့ရပေပြီ၊ မယ်တော် ဖခမည်းတော်တို့ကိုလဲ ကန်တော့ခဲ့ရပေပြီ၊ မင်းမိဖုရားမျှားကိုလဲ ဆုံးမခဲ့ရပေပြီ၊ သို့အတွက် ငါ့ကို အသင် အလိုရှိရာ ပြုပေတော့၊ ပြုပေတော့၊ သင်အလိုရှိသလို ပြုပါ" လို့ အပ်လိုက်တယ်။

## ကဿပမြတ်စွာဘုရားဟောတဲ့တရား ပြန်ဟောပြပါ

အပ်လိုက်တော့ ပေါရိသာဒက တုန်လှုပ်သွားတယ်၊ (ကဿပမြတ်စွာဘုရား တရားနာရလို့ သတ္တိကောင်းတယ်၊ ဂတိသစ္စာတည်တယ်၊

သေရမှာမကြောက်ဘူး၊ အံ့ဘွယ်ရှိလေစွလို့ စဉ်းစားမိတယ်။) "အသင် ကဿပမြတ်စွာဘုရားဟောတဲ့ တရားနာခဲ့ရတယ်လို့ ပြောတယ်၊ ဒီတရား ဟောစမ်းပါ။ ကျွန်ုပ်ကို ဟောပြပါအုံး"လို့ ပေါရိသာဒက တောင်း ပန်တယ်။

"အသင့်ဟောလို့ ကျေးဇူးမရှိဘူး၊ အသင့်မှာ သီလလဲ မရှိဘူး၊ သမာဓိလဲ မရှိဘူး၊ ပညာလဲ မရှိဘူး၊ ခိုးသူကြီး၊ လူသား စားနေတဲ့သူ၊ သေရင် အပါယ်လားမှာ၊ အသင့်ဟောလို့ ဘာကျေးဇူးရှိမှာတုန်း၊ အဲဒါ ကြောင့် ပညာရှိသော ပုဂ္ဂိုလ်ဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားကို သိတယ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားကို သိခြင်းကြောင့် ခိုက်ရန် ဖြစ်ပွားခြင်းကို ငြိမ်းအောင်လုပ်နိုင်တယ်၊ နောင်ကိုလဲ ခိုက်ရန်ဖြစ်ပွားစရာ မရှိဘူး"

"ပညာမရှိသော ပုဂ္ဂိုလ်ဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းတရား မသိဘူး၊ ခိုက်ရန်ဖြစ်ပွားခြင်းကို ငြိမ်းအောင်မလုပ်နိုင်ဘူး၊ နောင်ကိုလဲ ခိုက်ရန်ဖြစ်ပွားအုံးမှာဘဲ"

ဒီတော့ ပေါရိသာဒက "ကဿပမြတ်စွာဘုရားဟောတဲ့'သတာရဟ' တရားဟောပါ၊ 'သတာရဟ' တရားဟောပါ"နဲ့ အတန်တန် တောင်းပန် တယ်။

### တရားနာရသောအခါ ဆုလေးပါးနဲ့ ပူဇော်တာ

"နားထောင်၊ ငါဟောမယ်၊ ငါ့ကို မြင့်ရာကထား၊ သင်က ပုဆစ်ဒူးတုပ်ပြီး နိမ့်ရာကနေ ကောင်းမွန်စွာ တရားနာလိုကြောင်း တောင်း ပန်ပါ"လို့ ပြောတယ်။

"အသင် သုတသောမမင်း ကျွန်ုပ်ကို ကဿပမြတ်စွာဘုရားဟောတဲ့ 'သတာရဟ' တရားဟောပြပါ"လို့ တောင်းပန်ပါတယ်။

၁။ ဘုရားအစရှိသော အရိယာသံဃာတွေနဲ့ တကြိမ် တွေ့ရရင် ကျေးဇူးများတယ်၊ သူတော်မဟုတ် သူယုတ်မာနဲ့ အကြိမ် တရာပေါင်းရသော်လည်း ဘာမှ ကျေးဇူးမများဘူး။

၂။ သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်ကုန်ရာ၏။ သူတော်ကောင်းနှင့် ပေါင်းသင်း၍ ဘုရားအစရှိသော ပညာရှိတို့၏ သူတော်ကောင်းတရားကိုသိ၍ အထူးသဖြင့် မြတ်သည် ဖြစ်ရာ၏။ ယုတ်မာသည် မဖြစ်ချေ။

၃။ (ရတနာတို့ဖြင့်)ကောင်းစွာဆန်းကျယ်သော မင်း၏ ရထားတို့သည် ဆွေးမြေ့ အိုမင်းကြကုန်သေး၏၊ ခန္ဓာကိုယ်သည်လည်း ထို့အတူပင်ဆွေးမြေ့အိုမင်းခြင်းသို့ ရောက်ရသေး၏။ သူတော်ကောင်းတို့၏ တရားတော်(နိဗ္ဗာန်)သည် ဆွေးမြေ့ အိုမင်းခြင်းသို့ မရောက်နိုင်ဟု သူတော်ကောင်း တို့သည် သူတော်ကောင်းတို့နှင့် အချင်းချင်း ဆွေးနွေးပြောကြားကြကုန်၏။

၄။ ကောင်းကင်သည် မြေကြီးနှင့်ဝေးသကဲ့သို့ မြေကြီးသည် ကောင်းကင်နှင့် ဝေး၏။ သမုဒ္ဒရာ ဒီဖက်ကမ်း သည် ဟိုမှာဖက်ကမ်းနှင့် ဝေး၏။ ဟိုကောင်းကင်နှင့် မြေကြီး၊ သမုဒ္ဒရာ တဖက်ကမ်းနှင့် ဟိုဖက်ကမ်းဝေးသည်ထက် စင်စစ် သူတော်ကောင်းတရားနှင့် သူတော်မဟုတ်၊သူယုတ်တရားသဘောသည် အလွန်ဝေးကွာလှပေ၏....ဟု ဟောကြားတယ်။ ဟောတော့ တရားနာရလို့ ပီတိဖြစ်တယ်။

အဲဒီတော့ ပေါရိသာဒဟာ ထိတ်လန့်ကြောက်ရွံ့ပြီးတော့ "အေဪ သူ့အသားစားရင် ငါ့ကို ဝရဇိန်လက်နက်နဲ့ ဥခေါင်းရှစ်စိတ်ခွဲမှာဘဲ" လို့ ထင်တယ်။ သူကမေးတယ်– တရားဟောတဲ့ ပုဂ္ဂိုလ်တရားများ ဘယ်လို ပူဇော်ခဲ့ရသတုန်း"လို့ မေးတယ်။

"ငါ တဂါထာအသပြာတထောင်စီ ပူဇော်ခဲ့ရတယ်"လို့ သုတသောမမင်းက ပြောတယ်။

"အသင့်ကိုလဲဘဲ ကျုပ် တရားပူဇော်ချင်တယ်၊ သို့သော်လဲဘဲ ကျုပ်မှာ ပူဇော်ရအောင်က ရွှေလဲမရှိ၊ ငွေလဲမရှိ၊ ကျောက်သံပတ္တမြားလဲ မရှိဘူး၊ အဲဒီတော့ ငါ ဆုလေးပါးနဲ့ ပူဇော်ပါရစေ၊ငါ့ဆီကဆုလေးပါး သင်ယူပါ"

"အသင် ပေါရိသာဒ ဆုလေးပါးယူပါဆိုပေတဲ့လို့ အသင့်မှာ သီလမရှိဘူး၊ သမာဓိမရှိဘူး၊ ပညာမရှိဘူး၊ ပညာမရှိတော့ အသင့်ပါးစပ်က ယူပါ၊ ယူပါ ဆိုတာ ဟုတ်တယ်၊ ငါကကယ်တောင်းတော့ အသင် ပေးချင်မှ ပေးမှာ"လို့ သုတသောမမင်းက ပြောတယ်။

"ယူပါ မောင်ရယ်၊ အတန်တန်ပြောတယ်၊ အသက်စွန့်ပြီးဆုလေးပါး ပေးပါတယ်" ပြောတယ်။

## တောင်းဆုလေးပါး ချမ်းသာအများ

"ဒါဖြင့် ကောင်းပြီ၊ ငါတောင်းတာ ပေးရလိမ့်မယ်နော်"

"ပေးပါ့မယ်"

၁။ "မြတ်သောသူနဲ့ မြတ်သောသူ အဆွေခင်ပွန်းသဘောသည် ကိုက်ညီကြ၍၊ ညဏ်ပညာရှိသောသူနဲ့ ဉာဏ်ပညာရှိသောသူ အဆွေခင်ပွန်းသဘော ကိုက်ညီကြ၏။ အဆွေပေါရိသာဒ ငါသည် သင့်ကို အနှစ်တရာပတ်လုံး အနာရောဂါ မရှိသည်ကို မြင်ရပါလို၏"လို့ ပဌမဆုယူတယ်။
"ပေးပါတယ်" (ငါ့အကျိုး လိုလားတဲ့ မင်းဘဲ၊ သဘော ကျတယ်)

၂။ "အသင်ဖမ်းထားသော မင်းများကို အသက်ချမ်းသာ ပေးပါ၊ ထိုပ်၌ အဘိသိက်သွန်းပြီးသောမင်းတို့ကို မစား ပါနဲ့" ဒုတိယဆုယူတယ်။

"ပေးပါတယ်".

၃။ ဖမ်းထားသောမင်းတွေကို သူကျွန် အခိုင်းအစေမလုပ်ပါနဲ့ / ရောင်းမစားပါနဲ့၊ သူတို့၏ တိုင်းနိုင်ငံ ပြန်ပို့ပေးပါ" လို့ တတိယဆုယူတယ်။
"ပြန်ပို့ပေးပါမယ်"

၄။ "ဒါဖြင့် သုံးကြိမ်ရှိပြီနော်၊ လေးကြိမ်မြောက် တောင်းမယ်"
"တောင်းပါ"
"အသင် ပေါရိသာဒ လူသားမစားပါနဲ့ ရှောင်ကြဉ်ပါ၊ ငါ့လှူပါ"လို့ စတုတ္ထဆုယူတယ်။

ဒီတော့ "သုတသောမမင်း၊ လူသားတော့ မလှူပါရစေနဲ့၊ သည်းခံပါ၊ ဒီပြင်ဟာ အသင့် ပေးပြီးပြီ၊ လူသားကို မပေးပါရစေနဲ့၊ ဒီလူသားကိုချစ်လွန်းလို့၊ ဒီလူသားတည်းဟူသော ရသာရုံကို နှစ်သက်လွန်းလို့ အမိအဖနှစ်ပါးကိုလဲ စွန့်ခဲ့ရပြီ၊ မင်းမိဖုရားများလဲ စွန့်ခဲ့ရပြီ၊ တိုင်းနိုင်ငံကြီး၏ ထီးနန်းစည်းစိမ်ကြီးကိုလဲ စွန့်ခဲ့ရပြီ၊ အဲဒီလူသားကို စုံမက်လွန်းလို့၊ အဲဒီလူသားကို ချစ်လွန်းလို့ပါ၊ အားလုံးစွန့်လွှတ်ခဲ့ရတယ်"

"အသင် ပေါရိသာဒ၊ အသင် ပေါရိသာဒ၊ ထိုလူသားတည်းဟူသော ရသာရုံ လိုက်စားသည့်အတွက် ဒုက္ခဆင်းရဲရောက်နေတာ အသင်သိရဲ့လား။ ရှေးအထက်ကျော်ကာရီကတော့ ဗာရာဏသီပြည်ကြီး၏ ဘုရင်မင်းမြတ်ဆိုတော့ ထီး၏ စည်းစိမ်၊ နန်း၏စည်းစိမ်၊ ကာမဂုဏ်မှုစည်းစိမ် စံစားခံစားရတယ်"

ထိုလူသားတည်းဟူသော ရသာရုံကို လိုက်စားမိတဲ့အတွက်ကြောင့် တိုင်းပြည်က အုတ်ကျောက်ခဲနဲ့ ဝိုင်းပြီး ပေါက်ထုတ်တာ ကောင်းရဲ့လား၊ အခုကြည့်စမ်း—အသင် ညောင်ပင်အောက်အိပ်တော့ မြေပေါ်အိပ်ရတယ်၊ စားတော့ တလုပ်တဆုပ်၊ အိပ်ရတော့ ငုတ်တုတ်၊ အသင်ပေါ့လော၊ အသင်ပေါ့—

ဒီလောက်တောင်ဒုက္ခတွေ ရောက်နေတာ သင်မသိဘဲကိုး၊ သတိမရဘဲကိုး၊ အသင်ဆင်းရဲနေတာ လူသားတည်းဟူသော ရသာရုံကြောင့် ဆင်းရဲနေတာ။ ထိုကြောင့် လူသားတည်းဟူသော ရသာရုံကို ငါ့ကို လှူပါ—

အဆွေပေါရိသာဒ၊ သူတော်ကောင်းတို့သည် ကိုယ့်အသက်ကို စွန့်ကုန်၏၊ တရားကို စင်စစ်မစွန့်ကုန်။ သူတော်ကောင်းတို့သည် မှန်သော ဝန်ခံခြင်း ရှိကုန်သည်သာလျှင် ဖြစ်ကြကုန်၏။

စဇေ ဓနံ အင်္ဂ ဝရဿ ဟေတု၊
အင်္ဂ စဇေ ဇီဝိတံ ရက္ခ မာနော။
အင်္ဂ ဓနံ ဇီဝိတဉ္စပိ သဗ္ဗံ၊
စဇေ နရော ဓမ္မ မနုဿရန္တော။ ။

ပညာရှိသောသူသည် မြတ်သော ကိုယ်အင်္ဂါအတွက်ကြောင့် ဥစ္စာကို စွန့်ရာ၏၊ အသက်ကို စောင့်ရှောက်လိုသည်ဖြစ်၍ မြတ်သော ကိုယ်အင်္ဂါကို စွန့်ရာ၏၊ မြတ်သော သဘောတရားကို အောက်မေ့သောသူသည် မြတ်သော ကိုယ်အင်္ဂါကိုဎင်း၊ ဥစ္စာကိုဎင်း၊ အသက်ကိုဎင်း အလုံးစုံ စွန့်ရာ၏-ဟု သုတသောမမင်းက ဆုံးမ၏။

တကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်ထိအောင် ငိုကြွေးပြီးမှ လူသားတည်းဟူသော ရသာရုံကို လှူလိုက်တယ်။ ငါးပါးသီလခံယူခိုင်းတော့၊ ငါးပါးသီလခံယူတယ်။ စောင့်ထိန်းတယ်။

## လူသားစွန့်ပစ်၊ သီလချစ်၊ အနှစ်တရားအကျိုးထူး

လူသားတည်းဟူသော ရသာရုံကို လှူပြီးတော့မှ "ကိုင်းတာဖြင့်ရင်အသင် ပေါရိသာဒ အားလုံးသော ဖမ်းထားတဲ့ မင်းတွေကို လွှတ်လိုက်ပါတော့"လို့ ပြောတယ်။

"ကျွန်ုပ် မလွှတ်ဝံ့ဘူး၊ အရင်ကတော့ ကျွန်ုပ်က ခြေထောက်နှစ်ချောင်း မိုးမြေဖနောင့်နဲ့ပေါက်ယူလာတာ အခု ကျွန်ုပ်မလွှတ်ပံ့ဘူး" ဆိုတယ်။ "သူတို့က ဝိုင်းခဲနဲ့ ပေါက်လိမ့်မယ်၊ အရင်ကတော့ မကြောက်ဘူး၊ အခုကြောက်တယ်၊ သီလစောင့်ထားတယ်၊ မလွှတ်ဝံ့ဘူး"

"အသင် မလွှတ်ဝံ့နေပါတော့၊ ငါသွားလွှတ်မယ်" ဆိုပြီးတော့ သုတသောမမင်းက "အို....မင်းများတို့- အသင်တို့ ပေါရိသာဒရန်ကို မကြောက်ကြပါနဲ့၊ မကြောက်ပါနဲ့၊ အခု ပေါရိသာဒဟာ အမတန်ယဉ်ကျေးလာပြီ၊ အစ်ကိုကဲ့သို့ အဖကဲ့သို့ အောက်မေ့ကြပါ" လို့ ဂတိခံခိုင်းပြီးမှ လွှတ်တယ်။

လွှတ်ပြီးတော့ "အသင် ပေါရိသာဒ တရာသောမင်းတို့ကို ကန်တော့ပါ၊ တောင်းပန်ပါ" တယောက်နဲ့ တယောက်အပြန်အလှန် ကြွေးရှင်းကြတယ်။ တောင်းပန်ကြတယ်။

အားလုံး မိမိတိုင်းပြည်ပြန်ကြမယ်ဆိုတော့ ပေါရိသာဒက မလိုက်ဝံ့ဘူး၊ တောထဲမှာဘဲ သစ်မြစ်သစ်ဥစားနေတော့မယ် ပြောပြီးငိုနေတယ်။

မဟာသုတသောမမင်းက ဗာရာဏသီပြည် ပြန်လိုက်ရန်ပြောတယ်၊ မလိုက်ဝံ့ဘူး။ ဒီတော့ တောထဲမှာနေရင် အကျိုးမရှိဘူး၊ ဆင်းရဲတယ်၊ ဗာရာဏသီပြည်ရဲ့ ဂုဏ်ကျေးဇူးငါးမျိုးချီးကျူးပြောပြတယ်။

ဒီတော့မှ ပေါရိသာဒက မဟာသုတသောမမင်းနဲ့ တွေ့ရလို့ ချမ်းသာတယ်၊ ဘုရားဟောတရားနာရတယ်၊ လမ်းမှန်ရောက်တယ်၊ သီလစောင့်ထိန်းရတယ်၊ ဒိဋ္ဌဓမ္မအကျိုးပေးတယ်၊ လိုက်ပါတော့မယ်၊ ဒါကြောင့် သုတသောမမင်းကို ချီးမွမ်းတယ်။ ငါသည် ရှေးအထက်ကျော်ကာရီက သူယုဘ်ရသကနဲ့ ပေါင်းသင်းမိ၍ လူသားစားမိတယ်၊ တောထဲမှာ ဆင်းရဲဒုက္ခရောက်နေခဲ့ရတယ်၊ နောင်လဲ အပါယ်ငရဲကျရပေလိမ့်မယ်။

ယခု မဟာသုတသောမမင်း ကဲ့သို့သော သူတော်ကောင်းနဲ့ ပေါင်းသင်းတွေ့ကြုံရတဲ့အတွက် လူသားလဲ မစားဘူး၊ သီလလဲ စောင့်ထိန်းရတယ်၊ ဗာရာဏသီပြည်လဲပြန်လိုက်မယ်၊ သူတော်ကောင်းတရားနဲ့ သူယုတ်မာတရားဟာ မိုးနဲ့ မြေကြီးလိုကွာဝေးတာ အမှန်ဘဲ၊ သိရပါပြီ။

## ပေါရိသာဒ ထီးနန်းစည်းစိမ်ပြန်ရခြင်း

ထိုနောက် မဟာသုတသောမမင်း၊တရာသောမင်းများနဲ့ ပေါရိသာဒတို့ ဗာရာဏသီပြည် သွားကြတယ်။ ဗာရာဏသီပြည် မင်းလုပ်နေတဲ့ ပေါရိသာဒ၏ သားတော်မင်းနဲ့ စစ်သူကြီးကာဠဟတ်တို့ကြားတော့ မြို့တံခါးပိတ်ထားတာပေါ့၊ ဒီတော့ မဟာသုတသောမမင်းတပါးတည်းသွားတော့မှ တံခါးဖွင့်ပေးတယ်။

မဟာသုတသောမမင်းက ယခု ပေါရိသာဒ ငါးပါးသီလတည်ပြီ၊ လူသားမစားတော့ဘူး၊ သူတပါး အသက်မသတ်တော့ဘူး၊ ယဉ်ကျေးသွားပြီ။ သားတော်မင်း၊ စစ်သူကြီးကာဠဟတ်နှင့် မိဖုရားကြီးတို့ကို တရားဟောပြောဆုံးမပြီး မင်းပြန်မြှောက်ကြရန် တိုက်တွန်းတယ်။

ဒီတော့ မြို့သူမြို့သားတွေပါ အားလုံးညီညွတ်စွာ ပေါရိသာဒကို မင်းပြန်မြှောက်ကြတယ်။

"ငါ၊ပါးသီလစောင့်ထိန်း၊ အဂတိလေးပါး မလိုက်စားနဲ့၊ မင်းကျင့်တရားဆယ်ပါးနဲ့အညီ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ပေတော့"လို့ မဟာသုတသောမမင်းက ဆုံးမဗြာဒိတ်ပေးတော်မူတယ်။

ဗြာဒိတ်ပေးပြီး ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့တော် ပြန်ကြွသွားတော်မူတယ်။ တရာသော မင်းတွေလဲ မိမိတို့ တိုင်းပြည်ပြန်သွားကြတယ်။ သူတော်ကောင်း တကြိမ်တွေ့ကြုံရသဖြင့် ပေါရိသာဒ လူသားမစားဘဲ မင်းပြန်ဖြစ်တယ်။

ဇာတ်ပေါင်းသောအခါ

ပေါရိသာဒသည် ယခုအခါ အင်္ဂုလိမာလ ဖြစ်လာတယ်။
ကာဠဟတ်စစ်သူကြီးသည် အရှင်သာရိပုတ္တရာဖြစ်လာတယ်။
နန္ဒပုဏ္ဏားသည် အရှင်အာနန္ဒာဖြစ်လာတယ်။
ညောင်စောင့်နတ်မင်းသည် အရှင်မဟာကဿပဖြစ်လာတယ်။
သိကြားမင်းသည် အရှင်အနုရုဒ္ဓါဖြစ်လာတယ်။
တရာသောမင်းတို့သည် ယခုအခါ ငါဘုရား၏ ပရိသတ်ဖြစ်လာတယ်။

ငါဘုရားသည် ထိုအခါက မဟာသုတသောမမင်း ဖြစ်ခဲ့တယ်ဟု မြတ်စွာဘုရားသခင်က နိဂုံးချုပ်ဇာတ်ပေါင်းလိုက်တယ်။

ဤတရားဒေသနာနဲ့ တပည့်တော်ဖြစ်ပုံ

ဤတရားဒေသနာကို ကြားနာရသောအခါ ဘုရားတပည့်တော်သည် ငါ့အတွက်များ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဟောတော်မူခဲ့တာလားလို့ အောက်မေ့မိပါတယ်ဘုရား။ စွန်းလွန်းထေရုပ္ပတ္တိစာအုပ်ထဲ၌ မပါသေးသည့် ဤတရားဒေသနာကို တိုက်အုပ်ဆရာတော်ဘုရားက တိတ်ဖွင့်ပြပြီး ပြောပြသဖြင့် တပည့်တော်က လိုက်ကူးရေးခဲ့တဲ့ တရားဒေသနာ
10 တော် သုံးပုဒ်ဖြစ်ပါတယ်ဘုရား။

ဘုရားတပည့်တော်ကို အားလုံး သိကြတဲ့အတိုင်း၊ အမျိုးသား အထက်တန်းကျောင်း ပုသိမ်မြို့က ၁၉၃၅ ခုနှစ် သပိတ်မှောက် ကျောင်းသားအဖြစ် စတင်နိုင်ငံရေးဆောင်ရွက်ခဲ့ပါတယ်၊ ထိုနောက် ပုသိမ်မြို့လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအမှုဆောင်ဖြစ်ခဲ့ပါတယ်၊ ဆယ်တန်းအောင်လို့ ရန်ကုန်တက္ကသိုလ်ရောက်တဲ့အခါ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင်ဖြစ်ခဲ့ပါတယ်၊ သံမဏိတပ်ဗိုလ်ချုပ်ဖြစ်ခဲ့ပါတယ်။ ကျောင်းသားဘဝကစပြီး နိုင်ငံရေး တိုင်းပြည်လွတ်လပ်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်ရောက်သော့ တပည့်တော်တို့ မြန်မာနိုင်ငံ မြေအောက်တော်လှန်ရေးသမားအဖွဲ့ တာဝန်ခံ ခေါင်းဆောင်တဦး ဖြစ်ခဲ့ပါတယ်။

ဂျပန်တွေဝင်လာတော့ ဗမာ့လွတ်လပ်ရေးတပ်မတော် ပုသိမ်ခရိုင် ခေါင်းဆောင်အဖြစ်နဲ့ပုသိမ်မြို့ကိုသိမ်းပိုက်ခဲ့ပါတယ်။ မြောင်းမြမြို့ သိမ်းပိုက်ပြီးနောက် ဖြစ်ပါတယ်။ နိုင်ငံခြားလူသားစားမိတာပေါ့၊ နောက် အထက်မြန်မာနိုင်ငံ ချီတက်တိုက်ခိုက်ခဲ့ရတာ ဗန်းမော်အထိ ရောက်ခဲ့ပါတယ်။ လူလဲသတ်ရခဲ့ပါတယ်။ လူဆိုးဗိုလ်သုံးဦးဖမ်းမိတော့ တဦးကို တပည့်တော်လှံစွပ်နဲ့ ထိုးသတ်ခဲ့ရပါတယ်။ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး အေးချမ်းသာယာရေး လွတ်လပ်ရေးအတွက်ကြောင့်ပါဘဲ။ နောက် ဗမာ့ကာကွယ်ရေး တပ်မတော်၊ ဗမာ့တပ်မတော်၊ မျိုးချစ်တော်လှန်ရေးတပ်မတော် တာဝန်တွေ အသီးသီးဆောင်ရွက်၍ ဂျပန်တော်လှန်တိုက်ခိုက်ပြီး ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့ရပါတယ်။ ဂျပန်သတ်လို့မသေ၊ သေတွင်းက နှစ်ကြိမ်လွတ်မြောက်ခဲ့ရပါတယ်။

နောက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ရန်ကုန်ခရိုင် ခေါင်းဆောင်၊ ရန်ကုန်ခရိုင်ဖဆပလအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗျာပန ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများ ဗျာပနအတွင်းရေးမှူး၊ ဒဲဝါဇာနည်ဗိမာန် အတွင်းရေးမှူး၊ စာရေးဆရာ အသင်းအမှုဆောင် စသည်ဖြင့် နိုင်ငံရေး လွတ်လပ်ရေး ဆောင်ရွက်ခဲ့ရာ ပြန်ကြားရေးဌာန၊ နိုင်ငံရေး အတွင်းဝန်အထိ ဖြစ်ခဲ့ပါတယ်။

လွတ်လပ်ရေးမော်ကွန်းဝင် ပဌမအဆင့် နိုင်ငံက ချီးမြှင့်ခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်အထိ ဆောင်ရွက် အမှုထမ်းခဲ့ပါတယ်၊ ဗိုလ်သိမ်းဆွေလို့ အားလုံးသိကြပါတယ်။ ဗိုလ်ချုပ်စာကြည့်တိုက် ဥက္ကဋ္ဌ။ မြန်မာနိုင်ငံ စာကြည့်တိုက်များ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ကို စုပေါင်းရေးသမျှ စီစဉ်တည်းဖြတ် ထုတ်ဝေခဲ့ပါတယ်။ ပင်လုံညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရပါတယ်။

ထို့နောက် အမေရိကန်၌ စာကြည့်တိုက် ပညာတော်သင်အဖြစ် တနှစ်သုံးလ သင်ကြားခဲ့ရပါသေးတယ်။စာကြည့်တိုက် အခြေခံပညာစာအုပ် ရေးသားထုတ်ဝေခဲ့ပါတယ်။ စာပေဗိမာန် စာကြည့်တိုက်ရာထူးကို လစာ နည်း၍ လက်မခံခဲ့ပါ၊ ထိုအချိန်အခါ အဒေါ်လုပ်သူ ကုသိုလ်ရှင်အောင် ရဟန်းအမ ဖြစ်လိုသောကြောင့် ခုနစ်ရက် ဒုလ္လဘရဟန်းခံခဲ့ပါတယ်။ နောက် တလနဲ့ကိုးရက်ကြာတော့ ရန်ကုန် စွန်းလွန်းဘောက်ထော်၊ အာနာ ပါနသတိကမ္မဋ္ဌာန်းတရားကို စွန်းလွန်း ဥပနိသျှည်းအတိုင်း အားထုတ်ခဲ့ရ ပါတယ်။ ခုနစ်ရက်အားထုတ်ပြီး နောက်ခုနစ်ရက်ဆက်အားထုတ်ခဲ့ရာ ယခု အခါ (၂၄)ဝါတဲ့ရနေပါပြီ၊ သူတော်ကောင်းတရား မြတ်စွာဘုရားဟော အာနာပါနသတိကမ္မဋ္ဌာန်းကို ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဥပနိသျှည်းဖြင့် တပည့်ရင်းဖြစ်သော ဆရာတော်ဦးဇဝန၊ ဆရာတော် ဦးသုန္ဒရတို့ထံမှ နည်းယူပြီး အားထုတ်ခဲ့ရပါတယ်။ တဖန် မြင်းခြံ စွန်းလွန်း ဂူကျောင်းတိုက်အုပ် ဆရာတော်ဘုရားကြီးထံ၌ အားထုတ်ခဲ့ရပါတယ်။ ယခု ဤတရားဒေသနာတွေ ကြားနာခဲ့ရပါတယ်။ ဒါကြောင့် သူတော်ကောင်း များ၏ တရားကြားနာ အားထုတ်ရသဖြင့် ဘုရားတပည့်တော်မှာ နိုင်ငံရေး သမား၊ စစ်ဗိုလ်ဘဝ၊ ဘဝမျိုးစုံမှကျွတ်လွတ်ပြီး မြတ်စွာဘုရား သာသနာ တော်မှာ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်ကို ရရှိခဲ့ပါတယ်ဘုရား။

ပြောမယ့်ကြုံမှသိ ဆိုသလိုပါဘဲ၊ တရားတော်က ဒိဋ္ဌဓမ္မအကျိုးပေး သဖြင့် တရားထူးများကို ကြားနာအားထုတ် သိမြင်ရပါသည်ဘုရား။ ၃၅ နှစ်တိုင်အောင် လူ့လောက၌ နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေး ဆောင်ရွက်ခဲ့တဲ့ သံယောဇဉ်ကို တရားတော်က ဖြတ်ပေးခဲ့ပါတယ်ဘုရား။ စွန်းလွန်း ဆရာတော်ဘုရားကြီး၏ အဆုံးမ ဩဝါဒကို နာယူမှတ်သား ရေးသားဖော်ပြပြီး ကျင့်သုံး အားထုတ်ခဲ့ရသောကြောင့် ကုသိုလ်ကံထူး ထောက်ပံ့၍ သာသနာ့ဘောင်မှာ ဆောက်တည်ရာ ရရှိခဲ့ပါသည်ဘုရား။

အင်္ဂုလိမာလကို မြတ်စွာဘုရားချွတ်သကဲ့သို့ ဘုရားတပည့်တော်ကိုလဲ စွန်းလွန်းတရားတော်ကြီးကချွတ်၍ သံသရာဘေး၊ အပါယ်ဘေးမှ ကယ်တင်ပေးတော်မူခဲ့လေပြီ ဆိုရပါမည်ဘုရား။ မတထောင် တကောင်ဖွား၊ နိုင်ငံရေး သူ့ရဲကောင်း စစ်သူ့ရဲကောင်းဘဝမှ သာသနာ့ သူ့ရဲကောင်းဘဝ ရောက်အောင် မြှင့်တင်ပေးလိုက်ပါသည် ဘုရား။ တရားအားထုတ်ပြီး သုံးဝါကျော်သောအခါ ပိဋကသုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို လေ့လာ ဆည်းပူး အားထုတ်ခဲ့ပါတယ်။ သထုံမြို့ မေဃဝန်ကျောင်း ဆရာတော် ဦးသုဝဏ္ဏဇောတိထံ၌ စာပေးစာယူ အဋ္ဌကထာဋီကာအမိပ္ပါယ်များ မေးမြန်းလေ့လာ သင်ယူခဲ့ပါသည်ဘုရား။ ဆဋ္ဌမူ မြန်မာပြန် ပိဋကစာအုပ်အားလုံး လေ့လာခဲ့ရပါသည်ဘုရား။ အထူးသဖြင့် အာနာပါနသတိကမ္မဋ္ဌာန်းနှင့် ပတ်သက်သမျှ ပိဋကသုံးပုံမှ ထုတ်နုတ်ကုန်စင်အောင် လေ့လာခဲ့ရသဖြင့် ပရိယတ်စာပေ ခိုင်လုံသောအထောက်အထားနှင့် ပဋိပတ္တိသာသနာပြုခဲ့ပါ၏။

ထို့ကြောင့် ဘုရားတပည့်တော်မှာ ပရိယတ္တိ၊ ပဋိပတ္တိသာသနာ စွယ်စုံအားထုတ်ယုံကြည်ခြင်း သဒ္ဓါတရား ဖြစ်ပွားလာပါသည် ဘုရား။ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလက်ကိုင်ထား၍ ကြိုးစားဆောင်ရွက်ခဲ့ရာ ယနေ့ စွန်းလွန်းရာပြည့်ပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပစီစဉ်နိုင်ခဲ့ပါသတည်း။

ဘုရားတပည့်တော်၏ ဆရာသမားဖြစ်သော ကမ္မဋ္ဌာန်းဆရာ၊ ဥပဇ္ဈာယ်ဆရာများပျံလွန်တော်မူသွားရာ ယခုအခါ နာယကဆရာတော် ဦးသောဘဏသည်ကမ္မဋ္ဌာနာစရိယ၊ဥပဇ္ဈာယ် ဆရာဘော်ဖြစ်သဖြင့်ရင်း၊ ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရားကြီးကိုရင်း၊မြတ်စွာဘုရားနှင့် တပည့်သာဝက ရဟန္တာတေဒဂ်ရအရှင်မြတ်ကြီးများကိုရင်း ဓမ္မပူဇာ အာမိသပူဇာဖြင့် ပူဇော်ကန်တော့သောပွဲလည်း ဖြစ်ပါပေ၏ဘုရား။ မြန်မာနိုင်ငံတော်အတွင်းရှိ စွန်းလွန်း သာသနာပြု ပုဂ္ဂိုလ်များအားလုံး စည်းစည်းရုံးရုံး ညီညွတ်စွာ ဓမ္မသာကစ္ဆာဘရား ဆွေးနွေးတိုင်ပင်နိုးနှောကြ၍ စွန်းလွန်းသာသနာတော်ကြီး စည်ပင်တိုးတက် ပြန့်ပွား ထွန်းလင်းတောက်ပပါစေသတည်း။ နေလကဲ့သို့ ထင်ရှားသော ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော် ဘုရားကြီး၏ အဆုံးအမဩဝါဒများကို နည်းခံယူကြလျက် မြတ်စွာဘုရားဟော ဝိနည်း

စည်းကမ်းလိုက်နာရှိသေလေးစားပြီး တရားထူးရရေး အဓိကထား၍ ကြိုးစားအားသစ်ဆောင်ရွက်နိုင်ကြပါစေသတည်း။

"ဓမ္မော ဟဝေ ဓမ္မစာရိ ရက္ခတိတိ" ဟူသည်နှင့် အညီ ဘုရားတပည့်တော်မှာ ကိုယ်တွေ့မြတ်စွာဘုရား ဓမ္မဝိနယ လိုက်နာကျင့်သုံး၍ စွန်းလွန်းဥပနိသျှည်းအတိုင်း အာနာပါန အားထုတ်ခဲ့ရပါသောကြောင့် သံသရာဝဋ္ဋဒုက္ခမျိုးစုံမှ ကျွတ်လွတ်ခဲ့ရပါပြီ။ နိုင်ငံရေး, စီးပွားရေး, ကြီးပွားရေး, သံသရာမရှည်တော့ဘဲ ဖြတ်တောက်ပြတ်စဲခဲ့သဖြင့် သာသနာ့ဘောင်၌ ချမ်းသာစွာကျင့်သုံးရပါသည်ဘုရား။ သို့မဟုတ်ခဲ့ပါမူ တောခိုသောင်းကြမ်း၍ သေဆုံးမည်လား? တော်လှန် တိုက်ခိုက် နေမည်လား? အထိန်းအသိမ်းဘဲခံရလေမည်လား? တော်လှန်ရေးအစိုးရနှင့် ပူးပေါင်းပြီး ရာထူးယူဆောင်ရွက်နေမည်လား? မပြောနိုင်ပါချေ။ ယခုမူ အားလုံးကလွတ်မြောက်၍ သံသရာအေးရန် အားထုတ်လျက်ရှိနေပါသည် ဘုရား။ နိုင်ငံလွတ်လပ်ရေးကိစ္စတာဝန်ကြေပွန်ပြီးဆုံးခဲ့၍ ယခု သံသရာလွတ်လပ်ရေးတိုက်ပွဲဝင်နေပါသည်ဘုရား။ ကော ဓမ္မော ဘုရားဟောနဲ့ အညီ တကြောင်းတည်း တခုတည်းသော အာနာပါနတရားနှင့် သမထ ဝိပဿနာ တရားအားထုတ်၍ သံသရာတဖက်ကမ်း တက်လှမ်းနိုင်ရပါလို၏ ဘုရား။ သံသရာလွတ်လပ်ရေးအစစ်ဖြစ်အောင်သာ ဓမ္မအဓိကထား၍ အားထုတ်ပြီး ဓမ္မပူဇာပြုလုပ်နေရပါကြောင်း။ ဤနေ့ မင်္ဂလာအခါ၌ တင်ပြလိုက်ရပါသည်ဘုရား။

အားလုံးဝမ်းမြောက်ကြ၍ မိမိတို့ ကိုယ်စီ ကိုယ်၌ စွန်းလွန်းဥပနိသျှည်းနှင့် သံသရာအေးရအောင် ကြိုးစားအားထုတ်၍ တဆင့်ထက်တဆင့် မြင့်မြတ်ကြပါစေ။ စွန်းလွန်းယောဂီအချင်းချင်း ကူညီယိုင်းပင်းစောင့်ရှောက်ထိန်းသိမ်းစောင်မနိုင်ကြပါစေ။ မေတ္တာရေစင် သွန်းလောင်းလျက် သစ္စာတရား လက်ကိုင်ထား၍ ပြောကြားခဲ့ပါသည်ဘုရား။ နိဗ္ဗာန်တရား နှလုံးအိမ်၌ စိမ်ထား သွင်းထား နှစ်မြုပ်ထားနိုင်ပါစေ။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ.... မေတ္တာဝေလိုက်ပါသည်ဘုရား။

ဦးသာသနဝိသုဒ္ဓိ

ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး အနှစ်တရာမြောက်မွေးနေ့

အထိမ်းအမှတ် ဓမ္မပူဇော်ပွဲတော်ကြီး၌

ပဋ္ဌိပတ္တိသာသန၊ ဂဏိဿရ၊ သံဃာ့ဥက္ကဋ္ဌ၊ မဟာနာယက၊

ကျေးဇူးရှင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းတိုက်

# ဆရာတော် ဦးသောဘဏာ၏

## ဩဝါဒ မိန့် ခွန်း

စိရံ တိဋ္ဌတု သာသနံ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၀၆။ မာသေ မာသေ သဟဿေန၊
ယော ယဇေထ သတံ သမံ။
ဧကဉ္စ ဘာဝိတတ္တာနံ၊
မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊
ယဉ္စေ ဝဿသတံ ဟုတံ။ ။
(ဓမ္မပဒ ပါဠိတော်)

ယော = အကြင်သူသည်။ သတံသမံ = အနှစ်တရာကာလပတ်လုံး။ မာသေမာသေ=လတိုင်း လတိုင်း။ သဟဿေန=တထောင်သော ဥစ္စာကို အကုန်ခံ၍။ ယဇေထ=လောကီသာမန် ပုဂ္ဂိုလ်(တက္ကတွန်း)တို့အား လှူဒါန်း ပူဇော်ရာ၏။ ယော စ=အကြင်သူသည်လည်း။ ဘာဝိတတ္တာနံ=သီလ၊သမာဓိ ပညာဂုဏ်ကျေးဇူးအထူးဖြင့် ပွားများအားထုတ်အပ်သော အောက်ဆုံး သောတာပန်၊ အမြတ်ဆုံးရဟန္တာတို့အား ဧကဉ္စ=တကြိမ်။မုဟုတ္တမပိ=တခဏမျှ။ ပူဇယေ=လှူဒါန်း ပူဇော်ရာ၏။

တေသံ=ထိုနှစ်ယောက်သောသူတို့၏။ ပူဇနာသု=လှူဒါန်းပူဇော်ခြင်းတို့တွင်။ သာဃေဝ ပူဇနာ=ထိုအရိယာ ရဟန္တာပုဂ္ဂိုလ်အား တခဏမျှလှူဒါန်းပူဇော်ခြင်းသည်သာလျှင်။သေယျော=မြတ်လှပါပေ၏။ဝဿသတံ=အနှစ်တရာပတ်လုံး။ဟုတံ=သာမန်ပုဂ္ဂိုလ် (တက္ကတွန်း) တို့အား လှူဒါန်းပူဇော်ခြင်းသည်။ ယဉ္စေသေယျော=မမြတ်သည်သာလျှင်ကတည်း။ ။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရား သခင်သည် အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏားအား လတိုင်း လတိုင်း အသပြာတထောင် အကုန်ခံ၍ တက္ကတွန်းတို့အား လှူဒါန်းပူဇော်ကာ ဗြဟ္မာ့ပြည်ရောက်ကြောင်း ထင်မှတ်ခဲ့သဖြင့် ဖော်ပြပါ ဂါထာဟောကြားဆုံးမတော်မူခဲ့ပါသည် အရှင်ဘုရားတို့။

ပုဏ္ဏားကြီး အသင်သည် ဤသို့ ပေးကမ်း လှူဒါန်း ပူဇော်စွန့်ကြဲသဖြင့် အနှစ်တရာပတ်လုံး ပေးလှူသောဒါနထက်၊ တခဏမျှကြည်ညိုလှစွာသောစိတ်ဖြင့် ငါဘုရား၏ တပည့်သား အရိယာသံဃာတော်အားကြည့်ရှုဖူးမြော်ခြင်းသည်ရင်း၊ တယောင်းမမျှသော ဆွမ်းကိုရင်း၊ မျှတရုံ တပါးစာဆွမ်းကိုရင်း၊ သင်္ကန်းကိုရင်း၊ လှူဒါန်းရခြင်းသည် အကျိုးကြီး မြတ်လှပေ၏ဟု မိန့်တော်မူခဲ့လေသည်။

ဒေသနာအဆုံး၌ ပုဏ္ဏားကြီးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ တပါးကုန်သော များစွာသောလူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကြကုန်၏။

## အမြတ်ဆုံး လှူဒါန်းကြ

ထိုကြောင့် ယနေ့ အနှစ်တရာပြည့် ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ မွေးနေ့အထိမ်းအမှတ်နေ့ စူဇော်ပွဲ၌ အာမိသဒါန လှူဒါန်းရခြင်းပင်လျှင် ဤကဲ့သို့ အကျိုးကြီးမြတ်လှပါပေ၏ဟု ဆိုလျှင် ဓမ္မဒါန ဓမ္မပူဇာ မဂ်ဖိုလ်နိဗ္ဗာန်တရားအားထုတ်ပြီး ပူဇော်ခြင်း အလွန်တရာမှမြတ်လှပါပေ၏။ အမြတ်တကာအမြတ်ဆုံး၊ အငြိမ်းဆုံး၊ အအေးဆုံး အကောင်းဆုံးဖြစ်ပါပေ၏ဟု ယုံကြည်ရှင်လန်းသော သဒ္ဓါကြည်ညိုစိတ်စေတနာသုံးတန်ပြဋ္ဌာန်း၍ အာမိသနှင့် ဓမ္မပူဇော်မှု ပြုကြစေလိုပါသည်။ ယောဂီ ရဟန်း ရှင်လူ သီလရှင်အပေါင်း သူတော်ကောင်းတို့။

## အသက်တရာနေရပေမဲ့ သေခြင်းကင်းရာမမြင်လျှင် အချည်းနှီး

ထိုပြင် မြတ်စွာဘုရားသခင်က ကိသဂေါတမီ ဘိက္ခုနီမအား ဆိမီးလျှံတွေချုပ်ငြိမ်းပျက်စီးသည်ကိုင်း၊ ဖြစ်ပျက်နေသည့် သဘောတရားကိုင်း၊ လူသတ္တဝါတွေလည်း ဖြစ်လည်းဖြစ်ကုန်၏။ ချုပ်လည်း ချုပ်ဆုံးကုန်၏။ တရားရှုနေစဉ် ဤဂါထာကို ဟောကြားတော်မူခဲ့လေသည်။

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော အမတံ ပဒံ။ ။

ယော စ=အကြင်သူသည်ကား။ အမတံပဒံ=သေခြင်းကင်းရာ နိဗ္ဗာန်ကို။ အပဿံ အပဿန္တော=မမြင်ဘဲ။ ဝဿသတံ=အနှစ်တရာကာလပတ်လုံး။ ဇီဝေ=အသက်ရှည်ငြားအံ့။ တတော=ထိုနိဗ္ဗာန် မမြင်သောသူ အနှစ်တရာအသက်ရှည်ခြင်းထက်။ အမတံ ပဒံ=သေခြင်းကင်းရာနိဗ္ဗာန်ကို။ ပဿတော=မြင်သောသူ၏။ ဧကာဟံ=တရက်မျှ (ဝါ) တခဏမျှပင်။ ဇီဝိတံ=အသက်ရှည်ခြင်းသည်။ သေယျော=မြတ်လှပါပေ၏။ အနှစ်တရာ အသက်ရှည်ပြီး နေရသော်လည်း အချည်းနှီးဖြစ်၏။ သေခြင်းကင်းရာ နိဗ္ဗာန်မမြင်လျှင် အချည်းနှီးအန္ဓဗာလ ပုထုဇဉ်အကန်းဟု ဆိုလိုပါတယ်။ အနှစ်တရာပင်မနေရသော်လည်း တနေ့တရက်ပင် ဖြစ်စေကာမူ သေခြင်းကင်းရာ နိဗ္ဗာန် သိမြင်သော အရိယာရဟန္တာပုဂ္ဂိုလ်တို့က မြတ်လှပါပေတယ်။

## စာမတတ်တဲ့ စွန်းလွန်း ဆရာတော်

ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီးသည် သက်တော် (၇၅) နှစ်သာ နေရသော်လည်း (၄၂) နှစ်ကစ၍ သမထ ဝိပဿနာ တရားကို အာနာပါနဿတိ ကမ္မဋ္ဌာန်းဖြင့် အားထုတ်ရာ တနှစ် ကြာသောအခါ တလပြီးတလ မဂ်ဖိုလ်ရသောကြောင့် ဝါကျွတ်သောအခါ ရဟန္တာ အရှင်မြတ် ဖြစ်ခဲ့လေပြီ။ ရဟန်း(၄၃)နှစ်က ဖြစ်၍ (၃၁) ဝါ တိုင်တိုင် စာပေပရိယတ် မတတ်သော်လည်း အကျင့်ပဋိပတ်တရား သာသနာပြု ပြသညွှန်ကြားဆုံးမတော်မူခဲ့လေသည်။ ရှေးဝိပါက် ဝဋ်ကြွေးကြောင့် ပညာပါရမီ

မပါခဲ့ချေ။ သတိသံဝေဂရ၍ စာပေ ပရိယတ်ကို မရှုံ့ချလေနှင့် အပြစ်မတင်ကြလေနှင့်၊ သတိပြုကြပါ။ ကာလဝိပါက် နောက်ပိုးတက် ဆိုသလို ဝင့်လိုက်တတ်တယ်။ အရှင်စူဠပန်မထေရ်၏ ဝတ္ထုကြောင်း ကြည့်ကြပါ အရှင်ဘုရားတို့။

## အနှောက်အယှက် အခက်အခဲကြားမှ သာသနာပြုရ၏

ဆရာတော်ဘုရားသည် ကိုယ်တိုင်လည်း တရားနှင့် နေလေ့ရှိပြီး၊ သူတပါးကိုလည်း မေတ္တာကရုဏာထား၍ ပဋိပတ္တိသာသနာ ပြုတော်မူခဲ့လေသည်။ ဆုံးမဩဝါဒများ နည်းနာနိသျှများ ပေးတော်မူခဲ့၏။ 'ရဟန်း ကိစ္စပြီးသော အရှင်မနိသာရမှာ ဝင့်ကြွားကြောင့် နှစ်ကြိမ် မီးရှို့သတ်ခံခဲ့ရ၏။ ဂူပိတ်မီးရှို့ခြင်း၊ ဓားနှင့် ဝိုင်းခုတ်ခြင်း ခံခဲ့ရလေသည်။ သို့သော် အသက်အန္တရာယ်မဖြစ်ချေ။ သမာဓိတန်ခိုးကြောင့်ပင်ဖြစ်၏။ စွန်းလွန်း ဆရာတော်ဘုရားကြီးလည်း ရေနံဆီလောင်းမီးရှို့ခံခဲ့ရသေး၏။ လင်မနှစ်ထဲအရက်ထည့်တိုက်ခြင်း၊ လောကီအောက်လမ်းပညာဖြင့် မြွေနဲ့တိုက်ခြင်း၊ အင်းမြှုပ်ခြင်းစသည်တို့ လုပ်ကြံဖျက်ဆီးနှောက်ယှက်ကြကုန်သေး၏။ ဆရာတော်ဘုရားကြီးသည်အမျိုးမျိုးစမ်းပြီလုပ်ကြသော်လည်းသည်းခံ၍မေတ္တာကရုဏာဖြင့်တရားအားထုတ်လျက် ပြဿနာများ ဖြေရှင်းအောင်မြင်ခဲ့လေသည်။ ရန်စကို တိုခဲ့ဓ၏။ ဒင်္ဂါးအကြီးကဲ့သို့ ငြိမ်ကုတ် နေခဲ့လေသည်။ မောင်းကြီး ဆွဲထားသလို တီးမှမြည်၏။ မေးမှဖြေ၏။ နောက်ဆုံးအချိန်ကျသောအခါ ဝန်ကြီးချုပ် ဦးနုတောင်းပန်လျှောက်ထားချက်အရ တိုက်အုပ် ဆရာတော် စီစဉ်၍ ရန်ကုန်သို့ နှစ်ကြိမ် ကြွတော်မူခဲ့လေသည်။ စွန်းလွန်းသာသနာ ပြန့်ပွားလာလေ၏။

## စွန်းလွန်း အရိယာ ရဟန္တာတွေ ပေါ်ပေါက်ခဲ့ခြင်း

ဆရာတော်ဘုရား၏ နည်းနာနိသျှအတိုင်း အားထုတ်၍ ဦးမနိသာရနှင့် ဦးကောသလ္လ (ရှားတောရွာ) နှစ်ပါးသည် ရဟန္တာများ ဖြစ်ခဲ့ကြကုန်၏။ သီလရှင် ဒေါ်မာလာသည်၎င်း၊ ထနောင်းတိုင်နယ် ဈေးရောင်းသူဦးလှကြီးသည်၎င်း အနာဂါမ် ဖြစ်ကြကုန်၏။ အခြားအရိယာများလည်း ရှိသေး၏။ ထိုပုဂ္ဂိုလ်များမှာ အနိစ္စ ရောက်ခဲ့ကြကုန်လေပြီ။ ယခု လက်ရှိ

စွန်းလွန်းတပည့် သာဝကရဟန်းရှင်လူ သီလရှင် ယောဂီများ သည်လည်း အရိယာများဖြစ်၍ အချို့ဖြစ်အောင် အားထုတ်နေကြကုန်၏။ တရားနဲ့နေ၊ တရားနဲ့သေရန် ပြင်ဆင်ထားကြကုန်၏။ ဒုလ္လဘငါးပါးနှင့် ကြုံတွေ့ရကျိုး နပ်ကြပါပေ၏။ သူတော်ကောင်းအစစ် ရဟန္တာ ဖြစ်သော ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ အရိပ်ခိုရ၍ ဆည်းကပ်ကိုးကွယ် နည်းယူ၍ အာနာပါန အားထုတ်ခဲ့ကြရကုန်၏။ ဆရာသခင်၏ ကျေးဇူးကား များပြားလှပါပေ၏။ တပည့်တော်မှစ၍ ဤနည်းနိသျည်းကို ကျင့်သုံးအားထုတ် ရသောကြောင့်သာ အရှင်ဘုရားများ၊ ယောဂီများ အားလုံးတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်ရောက်ကြ၍ ထောက်တည်ရာရကြကုန်၏။ မိမိတို့ စွမ်းအားရှိသလောက် သဒ္ဓါတရားရှိသလောက် ပါရမီ မြောက်ကြပြီး တရားထူးရရှိကြကုန်၏။ ဤတရားထူးဖြင့် ပူဇော်ခြင်းသည် ကျေးဇူးဆပ်ရာ ရောက်ပေ၏။ မြတ်စွာဘုရားနှင့်တကွ ဆရာတော် ဘုရားကြီးများ 'သာဓု' ခေါ်ကြပေမည်။

## ပဋိပတ် သာသနာပြုခဲ့ရာ (၅၅) နှစ်ကြာ

တပည့်တော်နှင့် အရှင်ဘုရားများ၊ ယောဂီ ဆရာကြီး များသည် စွန်းလွန်းဆရာတော်ကြီးနည်းအတိုင်း အာနာပါန ကမ္မဋ္ဌာန်းကို အတ္တဟိတ၊ ပရဟိတ အကျိုးငှာ ဟောကြားညွှန်ပြဆုံးမခဲ့ရာ (၅၄)နှစ်ကျော်(၅၅)နှစ် ရောက်ရှိလာပြီ၊ အမြဲမြဲ အရှာရှာ၌ ပဋိပတ် ကျင့်နည်းမှန်ကို ပြသသည့် စွန်းလွန်း ကမ္မဋ္ဌာန်းပေါင်း တရာကျော်နှင့် တပည့် ရဟန်းရှင်လူပေါင်း သောင်း သိန်းကျော်မျှ ပေါ်ပေါက် ထွန်းကားစည်ပင် ပြန့်ပြောလာခဲ့လေပြီ။ အဆောက်အဦး၊ လူပရိသတ် ကြီးကျယ် စည်ကားသည်ထက် တရားထူး ရရန် သိရန်သာ ပိုမိုကြိုးစားကြပါ။ အရေအတွက်ထက် အရည်အချင်းသာ၍ အလိုရှိပေ၏။ တရားရ၍ သံသရာအေးတာသာ လိုရင်းပန်းတိုင် ဖြစ်ပေ၏။ သူတပါးနှင့်ပြိုင်ဆိုင်ရန်မဟုတ်ချေ၊ မိမိတို့၏ တရားဓမ္မများထူးခြားတိုးတက် ရေးသာ အဓိကထားကြပါ။

အကောင်းရှိလျှင် အဆိုးရှိစမြဲဖြစ်သောကြောင့် ကမ္မဋ္ဌာန်း တရား ပြသည်ဆို၍ လောကီလမ်းများ ဆေး၊ ဗေဒင်၊ ဘုရားတည်၊ ဖိုထိုး၊ အင်း အိုင် လက်ဖွဲ့စသည် ဘုရားမကြိုက်သောအမှု ပြုလုပ်ကြကုန်၍ လူထွက်ခြင်း၊

ဒကာမတွေနှင့် နာမည်ပျက်ခြင်း မကောင်းသော အပုတ်နံ့များ ဖြစ်ပေါ် ခဲ့ကြ၏။ ထိုမှ သင်္ချိုင်းစာယူပြီးလျှင် အမှားရှောင်ကြဉ်၍ ရှေ့ဒီထက် ထိုး၍ လမ်းမှန် ဘုရားအကြိုက် သစ္စာလေးပါး သိမြင် မဂ်ဖိုလ် ဆိုက်ရန်သာ ကြိုးစား ပွားများ အားထုတ် နိုင်ကြပါ ကုန်လော့။ ကြိုးစား၍ ပဋိပတ္တိ သာသနာပြုကြပါကုန်လော့၊ စွမ်းနိုင်သူ များကလည်း ပရိယတ် ပဋိပတ် စွယ်စုံ သာသနာပြုကြပါကုန်။ မြတ်စွာဘုရား သာသနာတော်၌ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာ သုံးရပ်လုံး ပြည့်စုံအောင် သတိပြုကြိုးစားအား ထုတ်လျက် သံသရာ ဘေးစခန်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေ။

## ဘုရား (၄၅)ဝါ သာသနာပြုခဲ့ရာ

**သေဋ္ဌဇေဋ္ဌ**၊ မုနိပုင်္ဂဝ၊ ဒွိပဒုတ္တမ၊ လောကသင်းကျစ်၊ ဓမ္မရာဇ်ထွဋ် ဖူး၊ အောင်ပွဲမူးဖြစ်သော၊ စောထီးမြတ်စွာ၊ စိန္တေယျသည်၊ ဘုံသုံးဆယ့် တစ်၊ ဖြစ်ဖြစ်သမျှ၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဟု ဆို အပ်သော ဩဃလေးပါး၊ အာသဝ လေးပါး၌၊ နစ်တုံ ပေါ်တုံ၊ စုန်ခါ ဆန်ခါ၊ လူးလာယက်သဲ၊ ဂရက်ထဲ၌၊ဝဲတဘောင်ဘောင်၊ သောင်ကမ်းမမြင်၊ အထင်ဝိုးဝါး၊ သဘောပြား၍၊ မြောပါးသော ဝေနေယျာ၊ သတ္တဝါ ဟိန္ဒူ ဂူ၊ များဗိုလ်လူတို့ကို၊ ကရုဏာအစုဖြင့်၊ ရာဟုလာသား၊ တူညီစွာထားသကဲ့ သို့၊ သနားတော်မူလှ၍၊ လေးဆယ့်ငါးဝါ ကာလပတ်လုံး၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းတရားများ ဟောကြားဆုံးမတော်မူခဲ့သော ပိဋကသုံးပုံ၊ ငါးစုံနိကာယ်၊ ကိုးသွယ်အင်္ဂါ၊ ဓမ္မက္ခန္ဓာပေါင်း၊ ရှစ်သောင်းလေးထောင်၊ တရားသဘောဆောင်၍ လိုရင်းအချက်မှာ ဝိမုတ္တိရသာ အရဟတ္တဖိုလ် ထီးဖြူ အသွင်္ဂတမ်၍သာလျှင် မိန့်ဘော်မူခဲ့ ပါသတည်း။

## သံဂါယနာတင် ခုနစ်ပွဲတော်များ ကျင်းပရာ

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ပြုပြီးနောက်၊ ဓုတင်အရာ ဧတဒဂ် ရသော အရှင်မဟာကဿပ မထေရ်မြတ်ကြီးက ဦးဆောင်၍ သူယုတ်မာ တရား မကြီးထွားမီ တောထွက်ကြီး သုဘဒ္ဒစကား ဆိုကြားသည်ကို အကြောင်းပြု၍ ပဌမ သံဂါယနာကို ရာဇဂြိုဟ်ပြည်၌ ပဋ္ဌသမ္ဘိဒါပတ္တ ရဟန္တာငါးရာဖြင့် တင်တော်မူခဲ့လေသည်။

'အနာဂတေ လဇ္ဇီ ရက္ခိဿတိ' ဟူ၍သုံးကြိမ်မိန့်တော်မူခဲ့ရာ၊ ယခုအခါ လဇ္ဇီ သူတော်ကောင်း အရိယာ၊ ရဟန္တာ၊ စူဠသောတာပန်၊ ကလျာဏပုထုဇဉ် ရဟန်းများသာလျှင် သာသနာတော်မြတ်ကြီးကို စောင့်ရှောက်ခဲ့ကြ ပါသည်။ စောင့်ရှောက်နေကြဆဲဖြစ်သဖြင့်ဗျာဒိတ်တော်အတိုင်း ထင်ရှားဖြစ်နေပါသည်။

သာသနာဖျက်များလည်း ပေါ်ထွက်လာ၍ ရဟန်းကျင့်ဝတ် ပျက်ပြားလျက် ဂန္ထဓုရ၊ ဝိပဿနာဓုရ မဆောင်ရွက် နိုင်ကြဘဲ လာဘ်လာဘ အခြွေအရံများ ဒကာပေါများရေး သာသနာတော် ဆင်ဖြူမို့၍ ကြံစုတ်နေကြကုန်၏။ ထိုကြောင့် ဆင်ခြင်သတိပြုကြရန်၊ ဝေဖန်စိစစ်၍ သုံးသပ်ကြရန် သင့်ပေ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍ အနှစ်တရာ ကြာသောအခါ ရဟန်းဆိုးတို့သည် အဓမ္မဆယ်ပါးကို ကျင့်သုံးကြကုန်၏။

## အဓမ္မဝတ္ထု ဆယ်ပါး ဆိုသည်မှာ

၁။ နွားဦးချိုဖြင့် ထည့်အပ်သော ဆားကိုဆောင်၍ ဆားမရှိသော ဆွမ်းဖြင့် စားကောင်း၏၊ သန္နိဓိအာပတ်မသင့်ဟု ပြောဟော ကျင့်သုံးခြင်း။

၂။ မွန်းလွဲ၍ အရိပ် လက်နှစ်သစ် လွန်သော်လည်း ဘောဇဉ်ကို စားကောင်း၏။ စားအပ်၏။ ဝိကာလ ဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်။

၃။ တရပ်တရွာသို့ သွားလိုသောရဟန်းသည် ပဝါရိတ် သင့်သော်လည်း အတိရိတ် ဝိနည်းကမ်မပြုပဲ ဘောဇဉ်ကို စားကောင်း၏၊ စားအပ်၏၊ အာပတ်မသင့်။

၄။ တခုသော သိမ်၏ နယ်နိမိတ်အတွင်း၌ရှိသော ထိုထို ကျောင်းတို့၌ အသီးသီးသော သံဃာသည် ဥပုသ်ကမ်စသော ကမ်များကို ပြုကောင်း၏၊ ပြုအပ်၏၊ ဝဂ်မဖြစ်။

၅။ မရောက်လာသေးသော ရဟန်းတို့ထံမှ ဆန္ဒကို လာရောက်မှပင် တောင်းမည်၊ ထိုရဟန်းတို့ မလာမီ ကမ်ပြုနှင့်သော်လည်း ဝဂ် မဖြစ်။

၆။ ဆရာဥပဇ္ဈာယ်တို့၏ အစဉ်အလာ အလေ့အကျင့်သည် အချင်းခပ်သိမ်း အပ်သည်။

၇။ နို့သဘောမှ စွန့်၍ နို့ဓမ်းအဖြစ်သို့မရောက်သေးသောဝတ္ထုကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ် ဝိနည်းကမ် မပြုပဲ စားကောင်း၏၊ စားအပ်၏၊ အာပတ်မသင့်။

၈။ သေရည်အဖြစ်သို့ မရောက်သေးသော နုသောသေကို သောက်ကောင်း၏၊ သောက်အပ်၏၊ အာပတ်မသင့်။

၉။ အမြိတ်အဆာမရှိသော နိသီဒိုင်ကို သုံးဆောင်ကောင်း၏ဟု ပြောဟော ကျင့်သုံးခြင်း၊

၁၀။ ရွှေငွေကို ကိုင်ခံကောင်း၏ဟု ဟောပြော ကျင့်သုံးခြင်းတို့ ဖြစ်ကြကုန်၏။

ထိုကြောင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အရှင်မြတ် ယသသည် ဤအမှုတွေကို ပယ်ဖျက်ရန် နှီးဆော်တိုက်တွန်း စုရုံးလျက် မဟာ ထေရ်ကြီးများ ဖြစ်သော အရှင် ရေဝတ၊ အရှင်သဗ္ဗကာမိ၊ အရှင်မြတ်များက အကြီးအမှူး ပြု၍ ဒုတိယ သံဂါယနာကို ဝေသာလီပြည်၌ ရဟန္တာ ခုနစ်ရာဖြင့် တင်ခဲ့လေသည်။ အဓမ္မဝတ္ထုဆယ်ပါး ပယ်ရှား၍ သန့်ရှင်းစွာ သာသနာပြုတော်မူကြကုန်၏။

ထိုနောက် ကြာသောအခါ တိတ္ထိများ သံဃာဘောင် အစားချောင်၍ ဝင်ရောက်နေရာ သန့်ရှင်းပစ်ရန် သာသနာ သက္ကရာဇ် (၂၃၅) ခုနှစ်၌ တတိယသံဂါယနာတင်ပွဲကိုအရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးမှူး၍ရဟန္တာ တထောင်ဖြင့် ပါဋလိပုတ်ပြည်၌ တင်ခဲ့ကြလေ၏။ ထိုအပြင် သာသနာပြု ကိုးတိုင်း ကိုးဌာန စေလွှတ်တော်မူခဲ့ရာ သုဝဏ္ဏဘူမိ(သထုံပြည်) သို့ အရှင်သောဏ အရှင်ဥတ္တရနှစ်ပါး ကြီးမှူး၍ နောက်ပါ သုံးပါးနှင့် သာသနာပြု ရောက်လာခဲ့ကြလေသည်။

သာသနာသက္ကရာဇ်(၄၅၀) ၌ စတုတ္ထ သံဂါယနာကို သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာရ) မလယ ဇနပုဒ်၌ ရဟန္တာကြီးငါးရာ တင်တော် မူခဲ့၏။ နောင်အခါ အာဂုံမဆောင်နိုင်လတ္တံ့ဟု သိမြင်တော်မူ၍ ပေထက်အက္ခရာ တင်ခဲ့လေသည်။

သာသနာသက္ကရာဇ် ( ၂၄၁၄ ) ခုနှစ်၌ ရတနာပုံနေပြည်တော် မန္တလေးမြို့တွင် အရှင်ဇာဂရ မဟာထေရ်ကြီးမှူးလျက် ပဥ္စမ သံဂါယနာ တင်ခဲ့ရာ ကျောက်ထက်အက္ခရာ ရေးထိုးသားခဲ့လေသည်။ သံဃာတော် (၂၄၀၀)ဖြင့် သံဂါယနာတင်ခဲ့၏။ သာသနာ သက္ကရာဇ် ၂၅၀၀ ပြည့် နှစ်သက္ကရာဇ် (၁၃၁၈) ခုနှစ်တွင် ဆဋ္ဌသံဂါယနာတင်ပွဲကို ထေရဝါဒ ငါးနိုင်ငံမှ ရဟန်းများ ( ၂၅၀၀ ) ကျော်ဖြင့် ညောင်ရမ်း ဆရာတော် ဘုရားကြီး အမှူးထား၍ တင်ကြရာ စာအုပ်ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ဤကဲ့သို့ ပရိယတ္တိသာသနာတော်ကို သန့်ရှင်းစင်ကျယ်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြသေသည်။ ပါဠိတော်များ မြန်မာပြန်ဆိုရေးသားထုတ်ဝေ ခဲ့သေး၏။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအထိသံဂါယနာတင်ခဲ့လေသည်။

### အရှင်စူဠပန္ထကမထေရ်ဟူသော စွန်းလွန်းဆရာတော်ဦးကဝိ

မြတ်စွာဘုရားသခင်လက်ထက်တော်၌ နောင်တော်မဟာပန္ထကမထေရ် ရဟန္တာကညီတော်အရှင်စူဠပန္ထကအား လေးပါဒဂါထာတပုဒ်ကျက်ခိုင်းရာ တဝါသာကျွတ်သော်လည်း မရသဖြင့် ဇေတဝန်ကျောင်းတော်မှ နှင်ထုတ် လေ၏။ စာမတတ်သော ထိုစူဠပန္ထကသည် ငိုကြွေးနေစဉ် မြတ်စွာဘုရား ကိုယ်တိုင် စရိုက်ကိုကြည့်၍ အဝတ်ဖြူစကလေးပေးခါ သုံးသပ်ခိုင်းသဖြင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အရှင်မြတ်ဖြစ်တော်မူလေသည်။ စိတ်ဖြင့်ပြီးသော ကိုယ်(တထောင်)ကို ဖန်ဆင်းသောအတတ်၌ရှင်း၊ ရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာသောအရာ၌ရှင်း၊ တေဒဂ်နှစ်မျိုးရရှိခဲ့လေသည်။ ရှေးဘဝက ရဟန်းတပါးစာကျက်၍ မရစဉ် ပြောင်လှောင်ကဲ့ရဲ့မိသဖြင့် ဝဋ်ကြွေးခံရ ရှာလေသည်။

ထိုအတူ စွန်းလွန်းဆရာတော် ဦးကဝိသည် ငယ်စဉ်က မင်္ဂလသုတ်ပင် မကုန်၊ စာပေမတတ်ခဲ့ချေ။ သို့သော် အာနာပါန တရားအားထုတ်ရာ၌ ဦးဘစံ၏ လယ်တီဆရာတော် အာနာပါနကမ္မဋ္ဌာန်းနှင့် ဦးရွှေလုပ်၏ မင်းကွန်း 'အသိ' လိုက်ရကြောင်း တရားအားထုတ်နည်း လမ်းစရ၍ အားထုတ်ရာ ပေါက်မြောက်ခဲ့သဖြင့် ရဟန္တာဟု တနိုင်ငံလုံး၌ ကျော်ကြားလေသည်။ ဝဋ်ကြွေးကြောင့် စာမတတ်ဟု မိန့်ရှိခဲ့လေသည်။

သမထ ဝိပဿနာကို ပိုင်ပိုင် နိုင်နိုင် အားထုတ်ခဲ့သောကြောင့် မိမိ၏ ဘဝများကိုရင်း၊ သူတပါးစိတ်ဖြစ်နေပုံကိုရင်း၊ သိမြင် ပြောဆို သတိပေးတော်မူခဲ့၏။ ပဋိပတ်သာသနာပြုသွားသဖြင့် ရှေးခေတ် အရှင် စူဠပန်မထေရ်မြတ်၏ တပည့် အဆက်အနွယ်ဟု ယူသော် ရကောင်း ပေ၏။

## ပဋိပတ္တိသာသနာဝင် သမိုင်းကွင်းဆက်

ပဌမသံဂါယနာတင် အကြီးအမှူး အရှင် မဟာ ကဿပမထေရ်မြတ် ကြီးသည်လည်း မြတ်စွာဘုရား၏ ဩဝါဒသုံးချက်ဖြင့် ရဟန္တာ ဖြစ်ခဲ့လေ သည်။ အရှင်စူဠပန်မထေရ်လည်း မြတ်စွာဘုရားကယ်တင်ကမ္ဘဋ္ဌာန်းပေး၍ ရဟန္တာဖြစ်ခဲ့လေသည်။ နှစ်ပါးစလုံးသည်လည်း တေဒဂ် ရကြလေသည်။ ပဌမသံဂါယနာတင်စဉ်က အရှင်စူဠပန်မထေရ်လည်း ပါဝင်ခဲ့လေသည်။ ဒုတိယသံဂါယနာတင်၌ အရှင်ယသနိုးဆော်တိုက်တွန်း ဆောင်ရွက်ခဲ့လေ သည်။ တတိယသံဂါယနာတင်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ကြီးမှူး တင်ခဲ့ပြီးနောက် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ရာ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ (သထုံပြည်) သို့ အရှင်သောဏ၊ အရှင်ဥတ္တရနှစ်ပါး ကြီးမှူး၍ နောက်ပါသုံးပါး (အရှင်မဟိန္ဒ၊ အရှင်တိဿဂုတ္တ၊ အရှင်သောမာယ) တို့ ကြွလာပြီး ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုတော်မူကြလေသည်။ ပရိယတ် ပဋိပတ်သာသနာပြု၍ ပဋိဝေဓအရသာခံစားကြရကုန်၏။

သုဝဏ္ဏဘူမိသာသနာဝင် အစဉ်အဆက်မှာ အရှင်သောဏနှင့် အရှင်သတ္တရတို့ ပရိနိဗ္ဗာန်ပြုပြီးသောအခါ တပည့်ရင်း ရဟန္တာများက ဆက်လက်သာသနာပြုကြသည်။ အရှင်သောဘိတ၊ ထိုနောက် အရှင် သောမဒတ္တ၊ အရှင်သုမနတိဿ၊ အရှင်သောပါက၊ အရှင်သောမဒတ္တ၊ အရှင်အနောမဒဿီ၊ အရှင်အဓိသီလ၊ အရှင်ပြာဏဒဿီ၊ အရှင်မဟာ ကာလ (ဝါ) အရှင်သီလကာလ၊ အရှင်ဓမ္မဒဿီ။

၎င်းအရှင်ဓမ္မဒဿီသည် နောင်အခါ ပုဂံပြည်ကြွရောက်သာသနာပြုရာ အရှင်အရဟံဟု အမည်တွင်ကျော်ကြားလေသည်။ ဘုရင်မင်းမြတ်၏ ဆရာ တော် သာသနာပိုင်ဖြစ်လေသည်။

## ပုဂံပြည် ပဋိပတ္တိသာသနာဝင်များ

အရှင်အရဟံသည် ပိဋကသုံးပုံ တတ်ကျွမ်းတော်မူ၏။ ပါဠိတော်၊ မွန်စာပေ၊ ပြူစာပေ၊ သက္ကတနှင့် နောက်ဆုံး မြန်မာစာပေအကွရာ စတင်တီထွင်ခဲ့သေးသည်။ ဧျာန်ရ ရဟန္တာဖြစ်၍ ထူးခြားစွာ သာသနာ ပြုနိုင်ခဲ့လေသည်။ ပုဂံပြည်ကြီး၌ ကြီးစိုးနေသော အရည်းကြီးတို့၏ အယူ အဆများကို ပယ်ရှား၍ ထေရဝါဒ ဗုဒ္ဓဘာသာကို သင်ကြားပို့ချပေး တော်မူ၏။ ပိဋကသုံးပုံများ သတုံမှရသောအခါ သီဟိုဠ်ပိဋကများနှင့် တိုက်ဆိုင်သုတ်သင်သံဂါယနာတင်သကဲ့သို့ ပြုတော်မူခဲ့လေသည်။ အနော်ရထာမင်းမြတ် ကြည်ညို၍ ဓမ္မစက်ကို အာဏာစက်ဖြင့်တွဲ၍ သာသနာ ပြုခဲ့သဖြင့် မြန်မာတနိုင်ငံလုံး ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတော်ကြီးဖြစ်ခဲ့ လေသည်။

အနော်ရထာမင်း၊ သားတော် စောလူးမင်း၊ ကျန်စစ်သားမင်းနှင့် မြေးတော် အလောင်းစည်သူ မင်းလေးပါးတိုင်အောင် သာသနာပြုတော်မူ ခဲ့၏။ အခြေအမြစ်နှင့် မူလ ဘူတ ဗုဒ္ဓဘာသာ စာပေယဉ်ကျေးမှုအနုပညာ များသင်ကြားပေးခဲ့သည်သာမက တရားအားထုတ်ကျင့်သုံး၍ အရိယာများ ပေါ်ထွက်ခဲ့စေ၏။ ထို့ကြောင့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာ သုံးရပ်ကို အောင်မြင်တိုးတက် ကြီးပွားပြန့်ကား စည်ပင်ထွန်းပြောင်စေ ခဲ့၏။

ထိုနောက် စိမ်းညက်မင်းသား မဟာထေရ်၊ အရှင်အာနန္ဒာတို့ အရိယာသံဃာ အစဉ်အဆက် ပဋိပတ္တိ သာသနာဝင်များ ဖြစ်ကြကုန်၏။ ထိုနောက် ပဋိပတ္တိသာသနာဝင်များကိုသာ ဖော်ပြပေအံ့။

ပုဂံပြည် ပံသုကူမဟာထေရ် (ရဟန္တာ)၊ ထိုနောက် ပံသူကူငစွယ် ရှင်မထေရ်၊ ထိုနောက် (အလောင်းတော် ကဿပ)ခေါ် ပေါင်လောင်ရှင် ကဿပမထေရ်(ရဟန္တာ)၊ အရှင်သုမေဓာ (အရိယာ)။

ဇင်းမယ်ရဟန္တာ မဟာမင်္ဂလမထေရ်၊ မဟာဗဟုဂံမထေရ်၊ မဟာ ပါမုတ်အကြီးနှင့် နာဂုံကြီးကား အနာဂါမ်၊ နာဂုံငယ်ကား အရိယာဟု သိမှတ်ရပေ၏။

ပင်းယခေတ်၌ ရဟန္တာ တွေးခေါ်အရှင် ဒိဗ္ဗစက် သာသနာပြုတော်မူခဲ့၏။

အင်းဝခေတ်၌(ခေါ်းမကူးဆရာတော်)ခေါ် တောင်ဖီလာဆရာတော်နှင့် ရွှေဥမင်ဆရာတော်နှစ်ပါးကား စာပေပရိယတ် အကျော်အမော်ကျမ်းပြုပုဂ္ဂိုလ်များဖြစ်၍ နောက်အခါ၌ ပဋိပတ်အားထုတ်ကြသဖြင့် ပဋိပတ္တိသာသနာ၌ အလျှော်အားဖြင့် ဝင်၏။ ဆုကြီးပန်နှင့် အရိယာယူဆချန်ရှိ၏။

ထိုနောက် ကုန်းဘောင်ခေတ်တွင် ထွဋ်ခေါင်ဆရာတော်ဦးဇာဂရ-ဝန္တဓဇနှင့် တောင်လေးလုံးဆရာတော် ဦးမုနိန္ဒာတို့သည် အရိယာများဖြစ်ကြကုန်၏။ ရဟန္တာကင်းတောရဆရာတော်ဦးခေမာ၊ အနာဂါမ်သီးလုံးဆရာတော်ဦးစန္ဒိမာ၊ အနာဂါမ်အလယ်တောရ ဆရာတော်ဦးမဥ္ဇူသာ၊ ဂူဖြူတောရ ဆရာတော်ဦးမေဓာနှင့် ပခုက္ကူတောရ ဆရာတော် ဦးကြည်ခေါ် ဦးကိတ္တိတို့သည် အရိယာများဖြစ်ကြကုန်၏။ ထို့အတူ ပိုန္နဲကွင်းဆရာတော်ဦးကလျာဏ၊ ထိုဆရာတော်၏ တပည့်ဆရာတော်နှစ်ပါး အရိယာများဟုယူဆကြ၏။

ရဟန္တာဟု ကျော်ကြားသော ပုသိမ်မြို့ မိဂဒါရုံကျောင်း ဆရာတော်ဦးသုမနစာရ၊ ပဲခူးမြို့ ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီးဦးသီလ၊ အရိယာဖြစ်သော ပဌမဂန္ဓာရုံဆရာတော်ဦးဥတ္တရ (ရဟန္တာဟုလည်း ဆိုကြသေး၏။) ပြည်မြို့ အင်ကြင်းမြောင် ဆရာတော်ဦးအာသဘ (အရိယာ)၊ရဟန္တာဟုကျော်ကြားသော ညောင်လွန့်ဆရာတော်ဦးမေဓာဝီ၊ အင်္ဂုကတ္တာကျမ်းပြု ရဟန္တာဟု ကျော်ကြားသော သထုံမြို့ မင်းကွန်းဆရာတော်ဦးနာရဒ။ မုဒုံရွာမြို့မိုးညှင်းဆရာတော်ဦးသုမန (အရိယာ)၊ သိမ်တောင်တောရ ဆရာတော်ဦးဇောတိက(အရိယာ)၊ရွှေညောင်ပင်ဆရာတော်ဦးသီလ (အရိယာ)၊ယခုမြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ဦးကဝိသည်လည်း ရဟန္တာဟုကျော်ကြားလေသည်။

ထို့ပြင် ကန္နီမြို့ရွှေသိမ်တော်တောရဆရာတော်ဦးသောဘိတ၊မလှိုင်မြို့ရွှေကျောင်းဆရာတော် ဦးဝါယမတို့ကိုလည်း အရိယာများဟု ယူဆပါ၏။ သိမ်တောင်ဆယ်ကြီးတောရ ဆရာတော်ဦးဇဝန၊ သထုံခရိုင်၊ သပိတ်အိုင်

တောရဆရာတော် ဦးကိတ္တိတို့သည်လည်း ပဋိပတ္တိ သာသနာ့ဝင်ပုဂ္ဂိုလ်ထူးများဖြစ်ကုန်၏။ ဤကား ပဋိပတ္တိသာသနာ့ဝင်အစဉ်အဆက် သိသမျှ တင်ပြလိုက်ခြင်းဖြစ်ပေ၏။ခက်ခဲသည်မှာ ပဋိပတ္တိသာသနာ့ဝင်များကား အဆက်ပြတ်၍လည်း ဖြစ်ပေါ်ခဲ့ကြ၏။ သိသာထင်ရှားစွာလည်း ထူးထူးခြားခြား ပေါ်ထွက်လာတတ်ပါပေ၏။ အစစ်အမှန် ပုဂ္ဂိုလ်များ ရွေးချယ်စိစစ်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါ၏။

## ဓမ္မာနုဓမ္မ ရာယ်အတွက်အမိဋ္ဌာန်ထားခဲ့သော စွန်းလွန်းရပ်ကလပ်

လယ်တီဆရာတော်ဘုရားကြီး၏ အာနာပါနကမ္မဋ္ဌာန်းနှင့် မင်းကွန်းဆရာတော်ဘုရားကြီး၏ 'အသိ' လိုက်သော နည်းကို ကြားနာခံယူပြီး လေ့ကျင့်အားထုတ်ခဲ့သဖြင့် စွန်းလွန်းဆရာတော်ဘုရားကြီးသည် ရဟန်းကိစ္စပြီးမြောက်ခဲ့လေသည်။ ဤတွင် မိမိကိုယ်တွေ့နည်းလမ်း စည်းကမ်းဥပဒေသကို စာမတတ်သော်လည်း အသိပညာဖြင့် ပေးတော်မူခဲ့သည်မှာ 'ထိမှု၊ သိမှု၊ သတိကြပ်ကြပ်ပြု' အားထုတ်၍ ဝေဒနာလိုက်ရာ၌'မခံသာ၊ မှန်ပါဘိ၊ ဒိတရေး၊ ခံသာလျှင် သံသရာကြော မြောလိမ့်အများ'ဟု ဆုံးမတော်မူခဲ့လေသည်။ ပညာပါရမီမရှိသည်မှာ ရှေးဘဝဝဋ်ကြွေးကြောင့် ဖြစ်သော်လည်း မဖြစ်စဘူး အထူးအကဲအကျင့်ပါရမီအဆောက်အဦးကြောင့် တရားအားထုတ်၍ ရဟန္တာဖြစ်တော်မူ၏။ အထူးအဆန်းဖြစ်၍ မယုံကြည်ကြကုန်၊ ကဲ့ရဲ့ပြစ်တင်ရှုံ့ချပြောဆိုကြသူ အပေါင်းတို့သည် မမ္မာနုဓမ္မ ရာယ်ထိုက်ကုန်၏။

ထိုသူများအတွက် ရပ်အလောင်းကို ကန်တော့လျှင် ဓမ္မာနုဓမ္မ ရာယ်လွတ်ကင်းစေခြင်းငှာရင်း၊ ပဋိပတ္တိသာသနာတော်၏ တန်ခိုးသတ္တိ အဓိဋ္ဌာန်၏ တန်ခိုးသတ္တိကိုရင်း၊ သိမြင်ကြစေရန် တကယ်အားထုတ်လျှင် မဂ်ဖိုလ်တရားရနိုင်ကြောင်းကိုရင်း သက်သေ တင်ပြခဲ့ခြင်းဟု ယူဆနိုင်ပါ၏။ ထိုကြောင့် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်သည် ယခုတိုင်အောင် မပုပ်မသိုးတရားတန်ခိုးပြလျက် ရှိနေပါသည်။ ထို့ပြင် စာပေအကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများမေးမြန်းစုံစမ်းစစ်ဆေးကြရာ နှစ်သက်သဘောကျ၍ လက်ခံကြကုန်၏။ အချို့ တရားအားထုတ်ကြလေသည်။

သို့အတွက် စွန်းလွန်းတပည့်သာဝကများသည် အလွန်အားရှိစရာကောင်း၍ မဆုတ်မနစ် မိမိတို့ရရှိထားသော စွန်းလွန်းနည်းနာနိသျှဖြင့်

ဗိုလ်ငါးပါးလက်ကိုင်ထားလျက် တဆင့်ထက် တဆင့်မြင့်မြတ် ငြိမ်းချမ်းရန် ရဟန်းကိစ္စအပြီး အားထုတ်ဆောင်ရွက်နိုင်ကြပါစေ။ စာပေပရိယတ်သည် မူလအခြေခံဖြစ်၍ ပစ္စည်းလေးပါးထောက်ပံ့နိုင်ပါစေ။ စွမ်းနိုင်လျှင် စာပေလေ့လာသင်ကြားကြပါလေ၊ ဝိနည်းသိက္ခာပုဒ်များ အသက်ကဲ့သို့ ရိုသေလေးစား စောင့်ထိန်းနိုင်ပါစေ။ ဝိနည်းသည်လည်း သာသနာတော်၏ အသက်သွေးပင်ဖြစ်၏။ အထူးမှာ ပဋိပတ္တိသာသနာပြုရာ မိမိနှင့် သူတပါး အကျိုးများစေရန် တရားထူးများရကြစေရန် တရားထူးအစစ်အမှန် ပြန့်ပွားစေရန် ဆောင်ရွက်နိုင်ကြပါစေ။

## စွန်းလွန်းတပည့်သာဝကများအတွက် ဩဝါဒကထာ

ထို့ကြောင့် ဤစွန်းလွန်းရာပြည့် ညီလာခံဆွေးနွေးပွဲ ဩဝါဒ ဆယ်ပါး ပေးလိုပါတယ်။

၁။ စွန်းလွန်းယောဂီ ရဟန်းရှင်လူ သီလရှင်အားလုံးတို့သည် သမဂ္ဂသမောဓာန တိုင်ပင်ညီညွတ်ကြ၍ သံဃသမဂ္ဂီသံဃာတော်ညီညွတ်လျှင် ချမ်းသာခြင်းအကျိုးထူးတရားများ ဒိဋ္ဌဓမ္မသိမြင် ခံစားကြရန်ရင်း။

၂။ ဘယ်အချိန်ဘယ်အခါမဆို၊ တဦးကို တဦး ကြည်နူးဘဝင် ချစ်ခင်လေးစား၊ရိုသေကြည်ညိုမှုတရားဖြင့် ဗြဟ္မာစိုရ်တရား လေးပါးပွားများပြီး သစ္စာတရားထိုးတွင်း သိမြင်ကြစေရန်ရင်း၊

၃။ 'စတုသစ္စာ ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ' အဋ္ဌကထာပါဋ္ဌ လာရှိသည်နှင့်အညီ သစ္စာလေးပါးမှ လွတ်သော တရား မည်သည်မရှိ ဆိုသဖြင့်၊ သစ္စာလေးပါး မြတ်တရားကို မျက်မှောက်သိမြင်ရန်အတွက် အတ္တဟိတ၊ ပရဟိတအကျိုး နှစ်ပါးကို ပဋိပတ္တိသာသနာပြုနိုင်ကြပါစေရန်ရင်း။

၄။ အကျင့်သိက္ခာတူညီစွာ ကျင့်သုံးနေကြသော်လည်း နောင်အခါ၌ စည်းကမ်းဖောက်ဖျက် ကျူးလွန်သော အကျင့်ပျက်များကို ဖယ်ရှားခြင်း၊ သတိပေးဆုံးမခြင်း ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ကြစေရန်ရင်း။

၅။ မြတ်စွာဘုရား၏ သားတော်ရင်နှစ် ရဟန်းအစစ်ဖြစ်သော ကျေးဇူးရှင် စွန်းလွန်း ဆရာတော်ဘုရားကြီး၏ တပည့်သာဝကများပါကလားဟု ကမ္ဘာ့ဘာသာရေး၊ ယောဂီများက သတိပြု၍ စတုပါရိသုဒ္ဓိသီလ လေးဆူအရေးယူ၍ ဖွေးဖြူစေရန် ကျင့်သုံးလျက် သမထဝိပဿနာတရား၌ ရောင့်ရဲခြင်းမရှိ အားထုတ်ကြစေရန်ဌင်း။

၆။ ယခုအခါ စွန်းလွန်းဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်ပြုတော်မူခဲ့သော်လည်း လူသားသေ၊ နံမည်မသေဆိုသကဲ့သို့ စွန်းလွန်းတရားအားထုတ်နည်းကား ရှင်သန်ထွန်းကား ကြီးပွားသစ်လွင်နေဆဲဖြစ်၍ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိဘိသကဲ့သို့ ရုပ်ကလာပ်တော်ကြီးသည် အဓိဋ္ဌာန် ပါရမီဖြည့်လျက် သတိပေးညွှန်ပြထားရာ၊ အသက်ခန္ဓာကိုယ်နှင့် မင်္ဂဖိုလ်လဲမည်ဟူသော စိတ်ဓာတ်သဒ္ဓါတရား တိုးပွားကြီးစားအားထုတ်ကြစေရန် နိဗ္ဗာန်တရားကို မရမနေဇွဲသတ္တိဖြင့် ကျင့်ရန်ဌင်း။

၇။ စွန်းလွန်းပဋိပတ္တိ သာသနာတော်ကြီး တိုးတက်ကြီးပွားစည်ကားပြန့်ပြောထွန်းကားအောင် ဆောင်ရွက်ကြရမည့်တာဝန်သည် ယခုအခါ ငါတို့လက်သို့ ကျရောက်၍လာချေပြီ၊ ထို့ကြောင့် မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယ၊ သတ္တိဗျတ္တိနှင့်ရှေးကထက်တိုးတက်ကြီးပွားညီညွတ်ပူးပေါင်းစည်းရုံးပြီး ဆောင်ရွက်၍ လောကုတ္တရာတရားထူးများ ရရှိကြစေရန်ဌင်း။

၈။ ပဋိပတ်သာသနာပြုသကဲ့သို့ ပရိယတ်သာသနာချီးမြှင့် ကူညီထောက်ပံ့ပြီး နှီးနှင့်ရေ ရောသကဲ့သို့ ပူးတွဲ၍ သာသနာ့တာဝန်ဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါး ထမ်းဆောင်ကြစေရန်ဌင်း။

၉။ မအိုမှီ၊ မနာမှီ၊ မသေမှီ၊ မိမိတို့ရရှိသော တရားထူးများဖြင့် ဓမ္မပူဇာပြုရန်၊ ရဟန်းကိစ္စ အဓိက ထားကြရန်၊ သာသနာ

ပြုရင်း ကျေးဇူးရှင် စွန်းလွန်း ဆရာတော်ကြီးအားရင်း၊ မြတ်စွာဘုရားအားရင်း၊ တရားဖြင့် ပူဇော်ကြစေရန်ရင်း၊ သံသရာအေး စေတီတော်ကိုလည်း ပြုပြင် ပူဇော်ကြစေရန်ရင်း။

၁၀။ ဘုရားဟော အပရိဟာနိယတရား ခုနစ်ပါးအရ စည်းဝေးတိုင်ပင်ညီညွှန်၊ ဓမ္မသာဂဏ္ဍာတရား ဆွေးနွေးခြင်းသဘော တရားနှင့် ဝိနည်းလေးစား၍ ပဋိပတ်ကျင့်အားသန်သဖြင့် တရားထူးရကြသော ပုဂ္ဂိုလ်များကလည်း ကြောင့်ကျမှဲ မနေမူ၍ သာသနာပြုကြစေရန်ရင်း၊ မဂ်ဖိုလ်အဆုံးဖြတ်မှုများ အထင်နှင့် မပေးကြရန်၊ မပြောကြားရန်၊ ပြောလျှင် ဝိနည်းနှင့် အညီသာဖြစ်စေရန်ရင်း အထူးသတိပေး၍ ဤနေ့ စွန်းလွန်းရာပြည့်၌ အဆုံးအမ ဩဝါဒ ပေးလိုက်ရပါသည် သူတော်ကောင်းတို့၊ အရှင်ဘုရားတို့။

လောဘ၊ ဒေါသ၊ မောဟ၊ မီးဆယ့်တမီးတောက်လောက် ဖြစ်ပွားနေသော သံသရာဝဲဩဃကြီးမှ ကျွတ်လွတ်ထွက်မြောက်အောင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး၊ မဂ္ဂင်ရှစ်ပါး၊ဗောဓိပက္ခိယတရား(၃၇)ပါး ပြည့်စုံစေရန် မဇ္ဈိမပဋိပဒါလမ်းမှန်အကျင့်ဖြင့် ဤစွန်းလွန်းဥပနိသျည်း အတိုင်း ဘုရားဟော အာနာပါနဿတိကမ္မဋ္ဌာန်းကို အားထုတ်၍ လိုအပ်သော အမြင့်ဆုံး မဂ်ဖိုလ်အကျိုးထူးဘုရားများ ရကြပါစေသော်ဟု ဆုတောင်းပတ္တနာပြုခါ မေတ္တာရေစက် သွန်းလောင်းလိုက်ပါသတည်း။ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ခံစားနိုင်ပါစေ။

နာယက ဆရာတော် ဦးသောဘဏ

ဥက္ကဋ္ဌ၊ စွန်းလွန်းရာပြည့်အမှုဆောင်အဖွဲ့

စွန်းလွန်းဂူကျောင်း၊ မြင်းခြံမြို့။

အကျိုးဆောင် ဆရာတော်

# ဦးသာသနဓိသုန္ဒိဓိနိုဿင်ႏ

## သာသနာ မဆုတ်ယုတ်ရေး၊ ကြီးပွားရေး၊ တည်တံ့ရေးတရား

### အပရိဟာနိယတရား အကျယ်တင်ပြခြင်း

ရူပံ ဇီရတိ မစ္စာနံ၊ နာမ ဂေါတ္တံ န ဇီရတိ။ သံယုတ် ပါဠိတော် (စာမျက်နှာ-၄၀) ၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာ သတ္တဝါတို့၏ ရုပ်သည် ဆွေးမြေ့တတ်၏။ အမည်အနွယ်သည် မဆွေးမြေ့တတ်ချေ။ လောကဝေါဟာရစကားဖြင့် အများနားလည်အောင် "လူသေသော်လည်း နာမည်မသေ"ဆိုသကဲ့သို့ စွန့်လွှန်းဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်ပြုတော်မူသော်လည်း ဂုဏ်ကျေးဇူးတော် အထူးကျော်ကြားလျက် စွန့်လွှန်းတရားဥပနိသျှည်း ထင်ရှားပြန့်ပွားစည်ကား ထွန်းပြောင်နေသည်အသာမကကောင်းသတင်းများ ထင်ရှား ပေါ်လွှင် နေပါသည်။

မဟာသုတဂဿာမ ဇာတ်ပါဠိတော် (၄၇၁) ၌ရင်း၊ ဓမ္မပဒ ပါဠိတော် (၁၅၁) ၌ရင်း၊ သံယုတ်ပါဠိတော် (၇၁) ၌ ရင်း ဟောတော် မူခဲ့သည်မှာ—

ဇီရန္တိ ဝေ ရာဇ ရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တီတိ။ ။

(ရွှေငွေ အစရှိသော ရတနာတို့ဖြင့်) ကောင်းစွာ ဆန်းကျယ်သော မင်းရထားတို့သည် ဆွေးမြေ့ အိုမင်းကြကုန်သေး၏။ ခန္ဓာကိုယ်သည်လည်း

ထို့အတူမင် ဆွေးမြေ့ခြင်းသို့ ရောက်ရသေး၏။ သူတော်ကောင်း တို့၏ တရားတော်သည်ကား ဆွေးမြေ့ အိုမင်းခြင်းသို့ မရောက်နိုင်ဟု သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အချင်းချင်း ဆွေးနွေးပြောကြား ကြကုန်၏။ သတာရဟ ဂါထာတပုဒ်ဖြစ်သော ဤတရားကို မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

သို့သော် အလွန် ထူးဆန်း အံ့ဩဘွယ် ကောင်းသော ကျေးဇူးရှင် စွန်းလွန်း ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်မှာ အိုမင်း၍ အသက်ကုန်ခြင်း ပရိနိဗ္ဗာန်ပြုသွားသော်လည်း အဓိဋ္ဌာန်တန်ခိုး, သီလ၊ သမာဓိ၊ ပညာ တရားတန်ခိုးသော်ကြောင့် မပုတ်မသိုးမပျက်မစီး ယခုတိုင်အောင် ရှိနေသေးသည်။ အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် ဓာတ်တော်တိုက်ထဲ၌ ဆီမီးမသေ၊ ပန်းမညှိုး၊ နံ့သာအမွှေး မပျောက်အောင် အဓိဋ္ဌာန်တော် မူခဲ့၍ နှစ်ပေါင်း ၂၃၅နှစ်ကြာမှသိရိမမှာသောကမင်း ရှာဖွေ တွေ့ရှိခဲ့လေသည်။ သက်တော်ရှည်သော မြတ်စွာဘုရားများသော်လည်း တခဲနက် ခန္ဓာကိုယ် မပျက် အသဘိန္န ဓာတ်တော်ကြီးဖြစ်လျက် စေတီဘွင်း၌ထား ပူဇော်ကြရကုန်၏။ အဋ္ဌကထာများ၌ ဖွင့်ပြထားပေ၏။

ထိုမြတ်စွာဘုရား ဟောတော်မူခဲ့သော အာနာပါနဿတိ ကမ္မဋ္ဌာန်းတရားကို အားထုတ်၍ ပေါက်မြောက်အောင်မြင် ရဟန်းကိစ္စပြီးတော်မူသော စွန်းလွန်းဆရာတော်ဘုရားကြီး၏ လက်တွေ့ ဆုံးမဩဝါဒတရား၊ သူတော်ကောင်းတရားသည်ကား ဆွေးမြေ့ခြင်းမရှိ၊ သစ်လွင်နုပျို ရှင်သန်ဆဲရှိ၍ ကောင်းစွာ ထွန်းလင်းတောက်ပလျက် သမ်းမှန်နိဗ္ဗာန် ဆောက်ကြောင်းကို ညွှန်ပြနေပါသည်။ မြတ်စွာဘုရား၏ တပည့်သာဝကအစစ်ဖြစ်တော်မူသော စွန်းလွန်းဆရာတော်ကြီး၏ ဥပနိသျှည်းရရှိကြကုန်သော စွန်းလွန်း ယောဂီ၊ ရဟန်း-ရှင်-လူ၊ သီလရှင်တို့သည်လည်း မဂ်ဖိုလ်နိဗ္ဗာန် စခန်းရောက် ပေါက်မြောက်ရှင်လန်းစွာ ခံစားကြရကုန်၏။

သရီရဿ ဂုဏာနဉ္စ၊
ဒူရ မစ္စန္တ မန္တရံ။
သရီရံ ခဏ ဝိဒ္ဓံသီ၊
ကပ္ပန္တဋ္ဌာယိနော ဂုဏာ။ ။

ဟူသော ဟိတောပဒေသ၊ ပဟာရဟနိတိ အစရှိသည်တို့နှင့် ညီစွာ ဟာသခ်ယာ မဟာစည်သူ ရေးသားစပ်ဆို ထားသည့်အတိုင်း၊

အရှည်မကြာ၊ ဤခန္ဓာကား၊ တရားအနှစ်၊ ကိုယ်၌ဖြစ်သား၊
ပြန်စစ်နိုင်းလျှော်၊ ကျေးဇူးသော်မူ၊ ကျူးကျော်ကုန်ခမ်း၊
ကမ္ဘာကျွမ်းလှည်း၊ ဥဒါန်းမကြေ၊ လူမြေနဟ်ရပ်၊ ပဲ့တင်ထပ်လိမ့်—

မှာသော သံဝေဂလင်္ကာအရ၊ ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူး သတင်းထူးတို့ကား မိုးဦးတိမ်ယံ၊ တိမ်နဘန်ဝယ်၊ ထိန်လျှံ ထွန်းပ၊ နေနှင့်လကဲ့သို့ ကမ္ဘာရှည်သမျှ မြန်မာနိုင်ငံတော်ဝယ် ကျော်စော ထင်ရှားစေရန်မော်ကွန်းတင်၍ သာသနာ့သမိုင်း မှတ်တိုင်စိုက်ထူပြီး၊ နောင် လာ နောက်သား မျိုးလေးပါးတို့ အားကျနည်းယူ နယဂ္ဂါဟ မူကြပြီး ကြည်ဖြူရိုကျိုး မြတ်နိုးပူဇော်ကြရန် ရည်သန်ရေးသား တင်ပြအပ်ပါသည်။

(၁၉၃) ဒုလ္လဘော ပုရိသာ ဇညော၊
နသော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊
တံ ကုလံ သုခ မေဓတိ။ ။(ဓမ္မပဒ)

ယောကျ်ားအာဇာနည် (ရဟန္တာ) ပုဂ္ဂိုလ်မျိုးသည် ဖြစ်ထွန်း ပေါ်ပေါက် နိုင်ခဲ၏။ ထိုယောကျ်ား အာဇာနည် (ရဟန္တာ) မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်း နိုင်ချေ။ ပညာရှိ သော အာဇာနည် ရဟန္တာ ယောကျ်ားမျိုးသည် အကြင် အမျိုးအနွယ်၌ ဖြစ်ပေါ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဤကဲ့သို့ မြတ်စွာဘုရား ဟောတော်မူခဲ့သလို ကျေးဇူးရှင်စွန်းလွန်း ဆရာတော်ဘုရားကြီးသည် အာဇာနည် ရဟန္တာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး ပေါ်ထွန်းလာသဖြင့် ဘုရားဟော အာနာပါနဿတိ ကမ္မဋ္ဌာန်း တရား ခေတ်စားထွန်းလင်းတောက်ပြောင်လာ၍ မင်္ဂဖိုလ်နိဗ္ဗာန်ချမ်းသာ သန္တိသုခ ခံစားရရှိကြကုန်၏။ မြန်မာနိုင်ငံတော် တဝှမ်းနှင့် နိုင်ငံခြားပါ၊ စွန်းလွန်း တပည့်ယောဂီ ရဟန်းရှင်လူ သီလရှင်များ တရားထူး အကျိုးထူးခံစားကြရ ကုန်၏။ သံသရာဝဲသြဃမှကျွတ်လွတ်ထွက်မြောက်၍လောဘ ဒေါသ မောဟ မီးဆယ့်တပါးတို့၏ ငြိမ်းရာအေးရာနိဗ္ဗာန်သံသရာအေးရောက်ကြရလေကုန်၏။

ထိုကဲ့သို့ ဓမ္မပဒပါဠိတော်နှင့်အညီ ယနေ့ စွန်းလွန်း ရာပြည့်မွေးနေ့ အထိမ်းအမှတ် ပွဲတော်ကြီး ကျင်းပရခြင်းသည် ကောင်းမြတ်သော မင်္ဂလာ

တရားနှင့်ညီညွတ်ပါပေ၏။ ဤခေတ်အခါ၌ ကံကောင်းထောက်မ၍ ဒုလ္လဘ ငါးပါးနှင့်ပြည့်စုံပြီး ဤတရားအားထုတ်လျက် တရားထူးရကြသဖြင့် ကိလေသာအမိုက်မှောင်ကို နေမင်းရောင်၊ လမင်းရောင်ထက် ပညာအလင်းရောင်ဖြင့် ထွန်းပြောင်ပါပေ၏။

အာမိသ၊ ဓမ္မပူဇာနှစ်မျိုးတို့ဖြင့် ပူဇော် ချီးကျူး ဂုဏ်ကျေးဇူး အထူးသတိရလျက် မိမိရရှိသောတရားကို တိုးတက်ဖြူစင် တောက်ပြောင်သထက် တောက်ပြောင်အောင် ပွတ်တိုက် ဆေးကြော သန့်ရှင်းနိုင်ကြပါစေ။ ဤပွဲတော်ကြီး ကျင်းပရာ ဆရာတော်တပါးက စွန်းလွန်းရာပြည့် လုပ်ရန် ညီလာခံသဘင် ပူဇော်ပွဲလုပ်ရန် မလိုဟုပင် ပြောဆိုသေး၏။ ထို့ကြောင့် ဘုရားဟော အပရိဟာနိယတရား ခုနစ်ပါးကို မဟာပရိနိဗ္ဗာနသုတ်၌ အကျယ်ဟောထားသည်ကို မလေ့လာဘူး၊ မကြားဘူးသောကြောင့် ပြောမှားဆိုမှားဖြစ်ခဲ့လေသည်။ သာသနာသန့်ရှင်းစင်ကျယ်ရန်ရှင်း၊ အကောင်းအဆိုးတိုင်ပင်ရန်ရှင်း အလွန်လိုအပ်နေသော ဟာကွက်ကြီးကို ယနေ့ဖြည့်လိုက်ရပါပြီ။ ဆွေးနွေးတိုင်ပင် ညီညွတ်စွာ ဆောင်ရွက်ခြင်းသည် သာသနာတော်အရှည် တည်တန့်ကြီးပွားခိုင်ခံ့ရေး ထွန်းကားရေး ဖြစ်ပါပေ၏။

## အပရိဟာနိယတရား အကျယ်များ

မြတ်စွာဘုရား လေးဆယ့်လေးဝါရပြီး နောက်ဆုံးဝါ၌ ဤအပရိဟာနိယတရားကို အဇာတသတ်မင်းက စေခိုင်း၍ ဝဿကာရပုဏ္ဏားအား ဟောတော်မူလိုက်၏။ ဤတရားစကားသည် သံသရာဝဋ်မှ မလွတ်မြောက်စေ၊ သံသရာဝဋ်၌သာ မှီသော လောကီ ကြီးပွားရေးသာ ဖြစ်ပေ၏။

မယှံ ပန သာသနေ တထာရူပိ ကထာ ကထေတဗ္ဗာ၊ သာ ဟောတိ နိယျာ နိကာ ဝိဝဋ္ဋ နိဿိတာ၊ ယာယ သာသနံ မယှံ ပရိနိဗ္ဗာနတော ပရမ္ပိ အဒ္ဓနိယံ အသာစီရဋ္ဌိတိကန္တိ စိန္တေသိ [သုတ်မဟာဝါဋ္ဌကာ(၁၂၅)]။

စင်စစ်သော်ကား ငါးဘုရား၏ သာသနာတော်၌ ထို့အတူ မဆုတ်ယုတ်ကြောင်း (အပရိဟာနိယ)=ကြီးပွားကြောင်း တရားဟောကြားသင့်ပေ၏။ ထိုသာသနာအတွက် ဟောကြားအပ်သော ကြီးပွားကြောင်း တရားသည် သံသရာဝဋ်မှ ထွက်မြောက်စေတတ်၍ ဝဋ်မှလွတ်ကင်းရာ

နိဗ္ဗာန်ကိုမှီသော တရားဖြစ်၏။ ယင်းတရားကြောင့် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသာသနာသုံးရပ်သည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် အဓွန့်ရှည်ကြာ တည်တန့်လိမ့်မည်ဟု ကြံစည်ဆင်ခြင်တော်မူခဲ့၏။ ထိုကြောင့် ရဟန်းတွေ စုရုံးစည်းဝေးစေပြီး ဤကြီးပွားရေးတရား (အပရိဟာနိယ)ကို အကျယ်ငါးမျိုး ခြောက်မျိုး ဟောကြားဆုံးမတော်မူခဲ့လေသည်။

မဟာဝဂ္ဂပါဠိတော်၌(၆၄-၆၈) ဘိက္ခုအပရိဟာနိယဓမ္မဟုဟော၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ပဥ္စမသတ္တကသုတ်စသည်ဖြင့် (၄၁၂-၄၁၇) ဟောတော်မူခဲ့၏။ ပါထိက ဝဂ္ဂပါဠိတော်၌ ဒသုတ္တရသုတ်၌ အချို့ပါရှိသေး၏၊ ထိုကြောင့် ခိုင်လုံသော ကျမ်းဂန် အထောက်အထားလည်း ဖြစ်ပပေ၏။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူအဘိဏှံ သန္နိပါတာ သန္နိပါတ ဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိ ယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ၊ စသဖြင့် ဟောတော်မူ၏။

၁။ ရဟန်းတို့-ရဟန်းတို့သည် မကြာမကြာ စည်းဝေးလျက် အကြိမ်များစွာ စည်းဝေးနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

၂။ ရဟန်းတို့-ရဟန်းတို့သည် အညီအညွတ် စည်းဝေးလျက် အညီအညွတ် အစည်းအဝေးမှ ထလျက် သံဃာကိစ္စတို့ကို အညီအညွတ်ဆောင်ရွက်နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏။ ဆုတ်ယုတ် ရန်ကား မရှိပေ။

၃။ ရဟန်းတို့-ရဟန်းတို့သည် (ဘုရား) မပညတ်သောအရာကို မပညတ်ပဲ၊ ပညတ်ပြီးသောအရာကို မပယ်ဖျက်ပဲ၊ ပညတ်ထားသမျှသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ။

၄။ ရဟန်းတို့-ရဟန်းတို့သည် ရဟန်းဝါရင့်ကုန်သော၊ ရဟန်းသက်ရှည်ကုန်သော၊ သံဃာ့ဦးစီးဖြစ်ကုန်သော၊ ထေရ်ကြီးတို့ကို အရိုသေပြုလျက်၊ အလေးပြုလျက်၊ မြတ်နိုးလျက်၊ ပူဇော်လျက် ထိုထေရ်ကြီးတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်၍ နေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

၅။ ရဟန်းတို့-ရဟန်းတို့သည် ဖြစ်ပေါ်လာသော တဖန် ဘဝသစ်ကို ပေးတတ်သော တဏှာ၏ အလိုသို့ မလိုက်ကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

၆။ ရဟန်းတို့-ရဟန်းတို့သည် တောကျောင်းတို့၌ (နေရန်)လိုလားသော စိတ်ရှိနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

၇။ ရဟန်းတို့-ရဟန်းတို့သည် မလာရောက်ကုန်သေးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့လာရောက်ခြင်းငှာ၊ လာရောက်ကုန်ပြီးသော သီလကို ချစ်မြတ်နိုးသည့် သီတင်းသုံးဖော်တို့သည် ချမ်းသာစွာနေရခြင်းငှာ ကိုယ်စီကိုယ်ငှသတိပြုနေသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။

## အဋ္ဌကထာအဖွင့်ဖတ်မှ သဘောပေါက်ကြရာ

ဂင်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ (၁၁၄) မှ (၁၁၂၆) အထိ အကျယ်ဖော်ပြထား၏။

၁။ ။ဤ၀၄မ အပရိဟာနိယတရား၌လည်း မကြာမကြာ အစည်းဝေးမလုပ်လျှင် ထိုထိုအရပ်တို့၌ ဖြစ်ပေါ်သော သတင်း၊ ထိုထိုအရပ်တို့မှ လာရောက်ကြသော ရဟန်းသံဃာနှင့် ဆိုင်ရာသတင်းများကို မကြားကြရကုန်။ ထိုသို့ သတင်းစကားမကြားရခြင်းကြောင့် “ဤမည်သော ကျောင်းတိုက်သိမ်သည် ရောယှက်လျက်ရှိ၏၊ ထိုသို့ရောယှက်ခြင်းကြောင့် ဥပုသ်၊

ပဝါရဏာများ မပြုလုပ်ပဲ ရပ်နားထားရ၏၊ ဤမည်သော အရပ်၌ ရဟန်းတို့သည် ဆေးကုခြင်း၊ တမန်မှုကို ပြုခြင်း စသည်များကို ပြုလုပ်နေကြကုန်၏။ အတောင်းအရမ်းများ၍ ပန်းပေးခြင်း စသည်တို့ဖြင့် အသက်မွေးကြကုန်၏၊ ဤသို့ အစရှိသော အကြောင်းတို့ကို မသိနိုင်ကြကုန်”

ရဟန်းယုတ်တို့သည်လည်း ‘ရဟန်းသံဃာသည် မေ့လျော့၍နေ၏’ ဟု အစုလိုက်အပေါင်းလိုက် ဖြစ်ကြကာ အင်အားကြီးမားလာကြသဖြင့် သာသနာတော်ကို ဆုတ်ယုတ်စေကုန်၏။

မကြာမကြာ စည်းဝေးကြလျှင်ကား ထိုထိုသတင်းစကားကို ကြားသိရသောကြောင့် ရဟန်းသံဃာများကို စေလွှတ်၍ သိမ်ကို ဖြောင့်မတ်အောင်ပြုလုပ်ကြလျက် ဥပုသ်၊ ပဝါရဏာကံ စသည်တို့ကို ဖြစ်စေနိုင်ကုန်၏။ မိစ္ဆာဇီဝဖြင့် အသက်မွေးကြသည့် ရဟန်းယုတ်များ နေရာအရပ်သို့ အရိယာ သာဝကရဟန်းတော်များစေလွှတ်၍ အရိယာဝံသတရား ဟောကြားစေနိုင်ကုန်၏။အကျင့်ပျက်ရဟန်းယုတ်များကို ဝိနည်းမိုရ်အရှင်မြတ်များအား လွှတ်၍ နှိပ်ကွပ်စေနိုင်ကုန်၏။ ရဟန်းယုတ်တို့သည်လည်း “ရဟန်းသံဃာများသည် မမေ့မလျော့ကြချေ၊ ငါတို့သည် အသင်းအဖွဲ့လုပ်ကာ လှည့်လည်ရန် မစွမ်းနိုင်ကြကုန်” ဟု ပြောဆို၍ အသင်းအဖွဲ့ဖျက်ခါ ထွက်ပြေးကြကုန်၏။ ဤကဲ့သို့ဖြစ်သော် ရဟန်းတို့အဖို့ရာ ဆုတ်ယုတ်ခြင်း ကြီးပွားခြင်းကို သိအပ်ပေ၏။

၂။ ။အညီအညွတ် စည်းဝေးကြသည်ဟူသည်မှာ စေတီတော်ကို ရှင်းလင်းသုတ်သင်ရန်ဖြစ်စေ၊ ဗောဓိအိမ်၊ ဥပုသ်အိမ်များ မိုးရန်ဖြစ်စေ၊ ကတိကဝတ်ကို ထားဖို့ရန် ဖြစ်စေ၊ အဆုံးအမကို ပေးရန် ‘သံဃာသည် စည်းဝေးပါလော့’ ဟုစည်ကို ဖြစ်စေ၊ ခေါင်းလောင်းကိုဖြစ်စေ တီးအပ်ထိုးအပ်သည်ရှိသော် “ငါ့မှာ သက်န်းချုပ်ရန်ကိစ္စရှိနေသည်၊ ငါ့မှာ သပိတ်ဖုတ်ရန် ကိစ္စရှိနေသည်၊ ငါ့မှာ အမှုသစ်ကိစ္စရှိနေသည်” ဟု ဤသို့ စသော ဆင်ခြေစကား ပြောကြားကြလျက် ပြန့်လွင့်မှုဖြစ်၍ အစည်းဝေးမတက်လျှင် အညီအညွတ်စည်းဝေးသည် မမည်ချေ။

အထက်ဖော်ပြသည့်အတိုင်း သင်္ကန်းချုပ်မှု အစရှိသော အမှုသစ်ကိစ္စ အားလုံးတို့ကို မိမိတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စများ ကိုချထားပစ်

ခဲ့၍ "ငါအလျင် ရောက်အောင်သွားမည်၊ ငါအလျင် ရောက်အောင်သွားမည်" ဟူသော နှလုံးသွင်းဖြင့် သွားရောက် တပြိုင်နက် စည်းဝေးကြမှသာလျှင် အညီအညွတ်စည်းဝေးသည်မည်၏။

တိုင်ပင်ဆွေးနွေးစည်းဝေးကြပြီး ဆုံးဖြတ်သင့်သမျှကို ပြုလုပ်ကြပြီးနောက်တပြိုင်နက် အတူတူ အစည်းအဝေးပြုရာဌာနမှ မထကြလျှင် အညီအညွတ်အစည်းအဝေးမှ ထကြသည် မမည်ပေ။ ဤကဲ့သို့ မညီမညွတ် တချို့က ထ၍ တချို့က ချန်နေရစ်ခဲ့ကြလျှင် အလျင်ရှေးဦး ထ၍သွားကြသော ရဟန်းတို့၏စိတ်ထဲ၌ "ငါတို့သည် အရေးမကြီးသည့် အပရိက စကားမျှကို သာကြားခဲ့ရကုန်၏၊ ငါတို့ထလာပြီး နောက်၌အရေးကြီးသော အဆုံးအဖြတ်စကားဖြစ်ပေလိမ့်မည်" ဟု စိတ်ဝမ်းကွဲပြားဖွယ် အမှားကြံစည်၍ အထင်မှားအမြင်မှားဖြစ်တတ်သည်။

တိုင်ပင်ဆွေးနွေး စည်းဝေးပြီးလျှင် အားလုံးတညီတညွတ်တည်း စည်းဝေးရာဌာနမှ ထွက်ကြထကြမှသာ အညီအညွတ် အစည်းအဝေးမှ ထကြသည်မည်၏။

တနည်းအားဖြင့်ကား၊ "ဤမည်သော အရပ်၌ ကျောင်းတိုက်သိမ်သည် ရေယွက်လျက် ရှိ၏၊ ထိုသို့ ရေယွက်ခြင်းကြောင့် ဥပုသ်၊ ပဝါရဏာများ မပြုလုပ်နိုင်ပဲ ရပ်နားထားရ၏။ ဤမည်သော အရပ်၌ ဆေးကုသမှုစသည် ပြုလုပ်ကြသော ရဟန်းယုတ် များပြားလျက်ရှိကြ၏" ဟူသော သတင်းစကားကို ကြားသိရ၍ "ထိုရဟန်းယုတ်တို့ကို အဘယ်သူသွားရောက်၍ နှိမ်နင်းမည်နည်း" ဟု တိုင်ပင်စကားပြောကြားသောအခါ "ငါအလျင်သွားမည်၊ ငါအလျင်သွားမည်" ဟု ပြောဆို၍ သူ့ထက်ငါ ဦးအောင်သွားကြလျှင်လည်း အညီအညွတ်အစည်းအဝေးမှ ထကြသည် မည်၏။

ထို့ပြင် အာဂန္တုရဟန်းတပါးပါး လာရောက်သည်ကို မြင်လျှင် "ဤပရိဝုဏ်သို့ သွားပါလေ၊ ထိုပရိဝုဏ်သို့ သွားပါလေ၊ ဤရဟန်းကား အဘယ်သူနည်း" စသည်ဖြင့် တာဝန်တိမ်းရှောင်သည့် စကား မပြောကြားကြပဲ ရဟန်းအားလုံးတို့ အာဂန္တုကဝတ်ကို တညီတညွတ်တည်း ပြုကြလျှင်၎င်း၊ သပိတ်သင်္ကန်း ဟောင်းနွမ်းရှိရှား ခေါင်းပါးသော ရဟန်းကို မြင်သောအခါ ထိုရဟန်းအတွက် ဆွမ်းခံလှည့်လည်သောဝတ်ဖြင့် သပိတ်

သက်န်းကို ရှာမှီးကြလျှင်ရင်း၊ သူနာရဟန်းအတွက် တညီတညွတ်တည်း ဆေးပစ္စည်းကို ရှာကြလျှင်ရင်း၊ ကိုးကွယ်ရာမဲ့သော သူနာရဟန်းကို "ဤမည်သော ပရိဝုဏ်သို့ သွားလေ၊ ဤမည်သော ပရိဝုဏ်သို့သွားလေ" စသည်ဖြင့် တာဝန်တိမ်းရှောင်သည့် စကား မပြောကြားပဲ၊ မိမိ မိမိတို့၏ ပရိဝုဏ်ကျောင်းအရာမ်၌ ခေါ်ဆောင်ကြကာ ပြုစုကြလျှင်ရင်း၊ ဘုရားဟော ဒေသနာကျမ်းစာတခုခု ပါဠိအားဖြင့်သော်ရင်း၊ အနက်အားဖြင့်သော်ရင်း၊ ပျောက်ပျက်တော့မည့် အဖြစ်မျိုးကို တွေ့ကြုံလာလျှင် ဉာဏ်ပညာ ထက်မြက်သော ရဟန်းတပါးပါးကို ပစ္စည်းလေးပါးတို့ဖြင့် ဝိုင်းဝန်းချီးမြှောက်ကြ၍ ထိုဉာဏ်ကောင်းသော ရဟန်း၊ ထိုကျမ်းကို ပါဠိအနက် မပျောက်ပျက်အောင် သင်ကြားနိုင်ရန် ဝိုင်းဝန်းချီးမြှောက်ကြလျှင်ရင်း သံဃာ့ကိစ္စကို အညီအညွတ် ဆောင်ရွက်နေကြသည် မည်၏။

၃။ တရားနှင့်မညီသော ကတိကဝတ် အသစ်ကိုသော်ရင်း၊ သိက္ခာပုဒ်အသစ်ကိုသော်ရင်း ထားကြပြုကြလျှင် ဘုရားရှင် မပညတ်ခဲ့သောအရာကို ပညတ်ကြသည်မည်၏။ ဝိနယ ပါစိတ္တိ ပါဠိစာမျက်နှာ (၃၃၆) လာ ၂ ကောသိယဝဂ် ၅ ခုမြောက် သိက္ခာပုဒ်ကို နိဿဒ္ဒနသန္ထက သိက္ခာပုဒ်ဟူ၍ရင်း၊ ပုရာဏသန္ထကသိက္ခာပုဒ်ဟူ၍ရင်း ခေါ်၏။ ထိုသိက္ခာပုဒ်၌ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပယ်နေတော်မူစဉ် တချိန်၌ ဘုရားရှင်က ရဟန်းတို့ကို "ရဟန်းတို့– ငါဘုရားသည် သုံးလပတ်လုံး ထပါးတည်း ကိန်းအောင်းနေထိုင်လိုသည်။ ငါဘုရားထံမှောက်သို့ ဆွမ်းပို့သော ရဟန်းမှလွဲ၍ အခြားမည်သည့် ရဟန်းမျှ မလာရ" ဟု မိန့်တော်မူထားသည်။ ထိုအခါ သာဝတ္ထိပြည်နေ သံဃာတော်များသည် "ဘုရားထံ သွားသော ရဟန်းမည်သူမဆို ပါစိတ်အာပတ်ကို ဒေသနာကြားကြ စတမ်း" ဟူ၍ ကတိကဝတ်သိက္ခာပုဒ်အသစ်ထားကြလေသည်။ ဤကဲ့သို့သော ကတိကဝတ်သိက္ခာပုဒ်အသစ်ထားခြင်း ပြုလုပ်ခြင်းသည် ဓမ္မဝိနယနှင့်မညီ၊ တရားနှင့်မလျော်သည်ကို ပြကြလျှင် "ဘုရားရှင် မပညတ်ခဲ့သောအရာကို ပညတ်ကြသည် မည်၏"

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် အနှစ်တရာမြောက်သောအခါ ဝေသာလီပြည်သား ဝဇ္ဇီပုတ္တက ရဟန်းများကဲ့သို့ ဘုရားရှင်၏ ပညတ်ချက် သိက္ခာပုဒ်တို့ကို ပယ်ဖျက်၍ အဓမ္မဝတ္ထုဆယ်ပါးကိုပြခြင်း စသည်အမှုပြုလုပ်ကြလျှင် "ဘုရားရှင် ပညတ်ပြီးသောအရာကို ဖယ်ဖျက်ကြသည် မည်၏"

ဘုရားရှင် လက်ထက်တော်အခါက အဿဇိရဟန်း ပုနဗ္ဗသုက ရဟန်းတို့ကဲ့သို့ ခုဒ္ဒါနုခုဒ္ဒက အာပတ်အငယ်စားများကို လွန်ကျူးလိုသော စေတနာဖြင့် စေ့ဆော်၍ လွန်ကျူးကြလျှင် "ဘုရားရှင် ပညတ်ထားသော သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည်၍ ကျင့်သည် မမည်"

ပုရာဏသန္ထတဝတ္ထု၌ အရှင်ဥပသေန (အရှင်သာရိပုတ္တရာညီတော်) ရဟန္တာမထေရ်ကဲ့သို့ တရားနှင့် မညီ မလျော်သော ကတိကာဝတ်အသစ်၊ သိက္ခာပုဒ်အသစ်မျိုးကို မထားကြ မပြုလုပ်ကြလျှင် "ဘုရားရှင် မပညတ်ခဲ့သော အရာကို မပညတ်ကြသည်မည်၏"

အရှင်ယသ (ဒုတိယသံဂါယနာတင်ဆော်အောမူး)ရဟန္တာမထေရ် မြတ်ကဲ့သို့ ဓမ္မဝိနယနှင့် အညီ၊သာသနာတော်ဘုရားအဆုံးအမကို ပြုကြလျှင် "ဘုရားရှင် ပညတ်ပြီးသော အရာကို မပယ်ဖျက်ကြသည် မည်၏"

ပဌမသံဂါယနာတင်ပြီးနောက် သံဃာအစည်းအဝေး၌ "ဘုရားရှင်က ပရိနိဗ္ဗာန်စံခါနီးတွင် အရှင်အာနန္ဒာအား ခုဒ္ဒါနုခုဒ္ဒက(အငယ်စား)သိက္ခာ ပုဒ်များကို ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သံဃာက အလိုရှိလျှင် ပယ်နုတ် နိုင်ကြောင်း ခွင့်ပြုခဲ့သော်လည်း အရှင်အာနန္ဒာသည် ခုဒ္ဒါနုခုဒ္ဒက အငယ် စားသိက္ခာပုဒ်များဆိုသည်မှာ အဘယ်နည်း" ဟု မမေးမိခဲ့ချေ။ ထိုခုဒ္ဒါနု ခုဒ္ဒက အငယ်စား သိက္ခာပုဒ်များကို မပယ်နုတ်ရန် ဉတ်ကမ္မဝါစာဖြင့် အခိုင် အမာ အတည်ပြုခဲ့သော အရှင်မဟာကဿပရဟန္တာ အရှင်မြတ်ကြီးကဲ့သို့ အငယ်စားသိက္ခာပုဒ်များကိုပင် မပယ်နုတ်ပဲ၊ မလွန်ကျူးပဲ လိုက်နာကျင့် သုံးကြလျှင် "ဘုရားရှင်ပညတ်ထားသော သိက္ခာပုဒ်များကို ကောင်းစွာ ဆောက်တည်၍ ကျင့်သည်မည်၏"

၄။ ။သံဃာ့ဦးစီးမထေရ်ကြီးများကို ရိုသေသမှု စသည်မပြုကြပဲ ထိုမထေရ်ကြီးတို့ထံ၌ အဆုံးအမခံယူရန် တနေ့လျှင် နှစ်ကြိမ်သုံးကြိမ်မဆည်း ကပ်ကြသော ရဟန်းတို့အား သံဃာ့ဦးစီးမထေရ်ကြီးတို့သည် အဆုံးအမ ဩဝါဒကို မပေးကြကုန်။ ဆရာစဉ်ဆက် ဆင်းသက်လာသော တရားစကား ကို မဟောကြားကြကုန်၊ အနှစ်သာရဖြစ်သော လက်ဆုပ်တရားများကို သင်ကြား၍ မပေးကြကုန်၊ ထိုသံဃာ့ဦးစီးမထေရ်ကြီးတို့က အစွန့်အပစ်ခံ ရသော ရဟန်းတို့သည် သီလ စသော ကျေးဇူးတရားငါးပါး၊အရိယာဥစ္စာ ခုနစ်ပါး ဤသို့ အစရှိသော ဂုဏ်ကျေးဇူးတရားတို့မှ ဆုတ်ယုတ်ကြ ဆုံးရှုံး ကြကုန်၏။

သံဃာ့ဦးစီးမထေရ်ကြီးများတို့ကို ရိုသေသမှုစသည် ပြုကြ၍ ထိုမထေရ်ကြီးတို့ထံ၌ အဆုံးအမ ခံယူရန် တနေ့လျှင် နှစ်ကြိမ် သုံးကြိမ် ဆည်းကပ်ကြသော ရဟန်းတို့အား ထိုမထေရ်ကြီးတို့သည် အဆုံးအမဩဝါဒကို ပေးကြကုန်၏။ "ဤသို့ ငါရှင်သည် ရှေ့သို့ တက်ရာ၏၊ ဤသို့ ငါရှင်သည် နောက်သို့ ဆုတ်ရာ၏၊ ဤသို့ တူရူကြည့်ရာ၏၊ တစောင်းကြည့်ရာ၏၊ လက်ကွေးရာ၏၊ လက်ဆန့်ရာ၏၊ ဤသို့ ငါရှင်သည် ဒုကုဋ်သပိတ်သင်္ကန်းများကို ဝတ်ရုံသုံးဆောင်ရာ၏၊ ဤသို့ စသည်ဖြင့် ဆရာစဉ်ဆက်ဆင်းသက်လာသော တရားစကားများကိုလည်း သင်ကြားပေးကြကုန်၏၊ အနုစ်သာရဖြစ်သော လက်ဆုပ်တရားများကိုလည်း သင်ကြားပေးကြကုန်၏၊ ဓုတင်တဆယ့်သုံးပါး၊ ကထာဝတ္ထုဆယ်ပါးတို့ဖြင့် ကံမြစ်ကြကုန်၏၊ ထိုရဟန်းတို့သည် ထိုမထေရ်ကြီးတို့၏ အဆုံးအမဩဝါဒ၌ တည်ကြ၍ သီလအစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ကြီးပွားကြကုန်လျက် အရိယာဖိုလ်တည်းဟူသော ရဟန်းပြုရကျိုးသို့ ရောက်ကြရကုန်၏"

၅။ ။ပစ္စည်းလေးပါး ရလိုမှုကြောင့် ဒါယကာတို့နောက်သို့ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါကြ၍ တရွာမှတရွာသို့ တမြို့မှတမြို့သို့ လှည့်လည်ကျက်စား သွားလာနေကြလျှင် တဏှာ၏အလိုအကြိုက်သို့ လိုက်ပါကြသည် မည်ကုန်၏။ ထိုသို့ လိုက်ပါလျှင် ထိုရဟန်းတို့အဖို့ရာ သီလစသော ဂုဏ်ကျေးဇူးတို့ ဆုတ်ယုတ်ကြကုန်၏။

ထိုသို့ တဏှာအလိုသို့ မလိုက်ပါလျှင် သီလစသော ဂုဏ်ကျေးဇူးတို့ တိုးပွားစည်ပင်ကြကုန်၏။

၆။ ။ကုပ်လုပ်လေးတာ အပြန်ငါးရာဝေးသော ကျောင်းကို 'တောကျောင်း'ဟု ခေါ်၏။ ထိုတောကျောင်းများ၌ နေထိုင်ရန် လိုလားတောင့်တမှု ရှိရမည်ဟု ဆိုလိုသည်။ မှန်၏၊ မြို့ရွာနှင့် နီးကပ်သော ကျောင်းများ၌ ဈာန်ဝင်စား၍နေသော်လည်း ထိုဈာန်မှ ထလျှင်ပင် မိန်းမသံ၊ ယောက်ျားသံ၊ ကလေးသံ စသည်ကို ကြားနေရ၏၊ ယင်းသို့ ကြားနေရခြင်းကြောင့် ထိုရဟန်း၏ အဖို့ရာ ရရှိပြီးသော လောကီဈာန်တရားများလည်း လျော့ကျပျက်စီးဆုံးရှုံးတတ်၏။

တောကျောင်း၌ကား အိပ်ရာမှ နိုးလျှင်ပင် ခြင်္သေ့၊ သစ်၊ ကျား၊ ဥဒေါင်း စသည်တို့၏ အသံများကို ကြားရ၏၊ ယင်းသို့ ကြားရသောကြောင့် တော၌ ဖြစ်သော မွေ့လျော်ခြင်း နှစ်သက်ခြင်း ပီတိတရားကို ရရှိကာ ထိုပီတိကိုပင် သုံးသပ်လျက် အရဟတ္တဖိုလ်သို့ ရောက်ရှိနိုင်၏။

ဤသို့လျှင် မြတ်စွာဘုရားသခင်သည် မြို့ရွာနီးသော ကျောင်း၌ ချာန်ဝင်စား၍ နေသော ရဟန်းထက် တောကျောင်း၌ အိပ်၍ နေသော ရဟန်းကို ချီးမွမ်းတော်မူ၏။ ထို့ကြောင့် ထိုတောကျောင်းနေ ရဟန်းအဖို့ရာ အရဟတ္တဖိုလ်သို့ အလွယ်နှင့် ဆိုက်ရောက်ရန် အထောက်အပံ့ အကြောင်း အရာများကို ရလွယ်မှုတည်းဟူသော အကျိုးကို မြော်ကိုးတော်မူ၍ မြတ်စွာဘုရား သခင်သည် 'တောကျောင်းတို့၌ နေထိုင်ရန် လိုလားသော စိတ်ရှိနေကြသမျှကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေဟု ဟောတော်မူ၏။

၇။ ။သီလကို ချစ်မြတ်နိုးကြသည့် သီတင်းသုံးဖေါ်အရှင်သူမြတ်တို့ မိမိတို့ ကျောင်းတိုက်သို့ လာရောက်ခြင်းကို အလိုမရှိကြသော ကျောင်းနေအာဝါသိက ရဟန်းတို့သည် သဒ္ဓါတရား ခေါင်းပါးသူများ ရတနာသုံးပါး၌ မကြည်ညိုသူများသာ ဖြစ်ကြကုန်၏၊ သို့ဖြစ်ရကား ထိုကျောင်းနေ အာဝါသိက ရဟန်းတို့သည် မိမိတို့ ကျောင်းတိုက်သို့ ဆိုက်ရောက်လာကြသော အာဂန္တုရဟန်းတို့အား ခရီးဦးကြိုဆိုမှု၊ သပိတ်သင်္ကန်းကို သိမ်းကြို ယူမှု၊ နေရာခင်းပေးမှု၊ ယပ်လေခပ်ပေးမှု စသော ကျောင်းနေ ရဟန်းတို့ ပြုရမည့် ဝတ်တရားများကို မပြုကြကုန်။ ထိုအခါ ထိုအာဝါသိက ရဟန်း တို့အဖို့ရာ "ဤမည်သော ကျောင်းနေရဟန်းတို့သည် သဒ္ဓါတရားခေါင်း ပါးသူများ၊ ရတနာသုံးပါး၌ မကြည်ညိုသူများ ဖြစ်ကြလျက် ကျောင်း တိုက်တွင်းသို့ ဝင်ရောက်လာသော အာဂန္တုရဟန်းတို့အား ဝတ်ကြီးဝတ် ငယ်များကို မပြုကြကုန်" ဟု မကောင်းသတင်း ပြန့်နှံ့လေတော့၏။ ထိုမကောင်းသတင်းကို ကြားကြရသဖြင့် ရဟန်းတို့သည် ကျောင်းတိုက် တံခါးဝရောက်သော်လည်း မဝင်ရောက်ကြကုန်။ ဤသို့ ဖြစ်လတ်သော် မရောက်လာသေးသော လဇ္ဇီရဟန်းတို့သည် မရောက်လာကြတော့ချေ။

ထိုမှတပါး ရောက်လာပြီးသော လဇ္ဇီ ရဟန်းကောင်းတို့ အဖို့ရာ ချမ်းသာစွာ နေထိုင်ရမှု မရှိသဖြင့် မသိ၍ လာရောက်ကြသော ရဟန်းတို့ သည်လည်း "ငါတို့သည် နေထိုင်ကုန်အံ့"ဟု လာရောက်ကြပါသည်။ "ဤ ကျောင်းနေ ရဟန်းတို့၏ ဝတ်တရား မကျေသော နေပုံထိုင်နည်းကြောင့် ဘယ်သူ နေတော့အံ့နည်း" ဟု ရှုံ့ချစကား ပြောကြားကြကာ ထွက်ခွာ သွားကြကုန်၏။ ဤသို့ ဖြစ်လတ်သော် ထိုကျောင်းတိုက်သည် အခြား လဇ္ဇီ ရဟန်းကောင်းတို့၏ နေထိုင်မဖြစ်ချေ။ ထိုအခါ ကျောင်းနေ ရဟန်းတို့သည် လဇ္ဇီသီလဝန် အရှင်မွန် အရှင်မြတ်တို့ကို ဖူးမြော်ခွင့် မရကြကုန်ရကား မိမိ တို့၏ ယုံမှားသံသယ ဖယ်ဖျောက်နိုင်မှုကိုရင်း၊ ကိုယ်ကျင့် သိက္ခာကို သင် ကြား ပြသပေးမည့် ဆရာကောင်းကိုရင်း၊ ချိုမြိန်သော တရားစကား နာကြားရခြင်းကိုရင်း အလျင်းပင်မရကြတော့ကုန်၊ ထိုကျောင်းနေ ရဟန်း တို့အဖို့ရာ မသင်ကြားရသေးသော တရားကို သင်ကြားရမှု၊ သင်ကြားပြီး သော တရားကို ရွတ်ပွားမှု၊ သဇ္ဈာယ်မှုဟူ၍ အလျင်းပင် မရှိတော့ရကား သီလစသော ဂုဏ်ကျေးဇူးတရားတို့သည် တနေ့တခြား လျော့ပါးဆုတ်ယုတ် လေကုန်၏။

သီတင်းသုံးဖော် လဇ္ဇီ ရဟန်းကောင်းတို့ မိမိတို့ ကျောင်းတိုက်သို့ လာရောက်ခြင်းကို အလိုရှိကြ တောင့်တကြသော ကျောင်းနေ ရဟန်းတို့ သည်ကား သဒ္ဓါတရား ကြီးမားသူများ၊ ရတနာသုံးပါး၌ ကြည်ညိုသူများ ဖြစ်ကုန်၏။ ထို့ကြောင့် မိမိတို့ ကျောင်းတိုက်သို့ ဆိုက်ရောက် လာကြသည့် သီတင်းသုံးဖော် လဇ္ဇီရဟန်းတော်တို့အား ခရီးဦးကြိုဆိုမှု စသည်ကို ပြုကြ၍ ကျောင်းအိပ်ရာ နေရာကို ခင်း၍ ပေးကြကုန်၏။

ထိုအာဂန္တု လဇ္ဇီရဟန်းတို့ကို ပင့်ဆောင်၍ ဆွမ်းခံရွာသို့ ဝင်ကြ ကုန်၏။ မိမိတို့ယုံမှား သံသယကို ပယ်ဖျောက်ကြကုန်၏။ ချိုမြိန်သော တရားစကား နာကြားခွင့်ကို ရကြကုန်၏။ ထိုအခါ ထိုကျောင်းနေ အာ ဝါသိက ရဟန်းတို့ အဖို့ရာ "ဤမည်သော ကျောင်းတိုက်၌ နေထိုင်ကြ သော ရဟန်းတို့သည် ဤသို့,ဤပုံ သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏။ ရတနာ သုံးပါး၌ ကြည်ညိုကြကုန်၏။ ဝတ်ကြီး ဝတ်ငယ်နှင့် ပြည့်စုံကြ ကုန်၏။ သီတင်းသုံးဖော် အာဂန္တု လဇ္ဇီရဟန်းတို့အား ချီးမြှောက်ကြ ကုန်၏။" ဟူ၍ ကောင်းသတင်း ကျော်စောခြင်း ဖြစ်လေသည်။

ထိုသတင်းစကားကို ကြားရ၍ အဝေးမှလည်း လဇ္ဇီရဟန်းကောင်း တို့သည် လာရောက်ကြကုန်၏။ ထိုအာဂန္တုရဟန်းကောင်းတို့အား ကျောင်း နေရဟန်းတို့သည် ဝတ်ကြီး ဝတ်ငယ်ကို ပြုကြကုန်၏။ ညှော်သည် ရဟန်း ကောင်းတို့၏အနီး ချဉ်းကပ်ကြကာ သိက္ခာဝါကြီးသော ညှော်သည်ရဟန်း ကောင်းကိုရှိခိုး၍ ရိုသေစွာထိုင်နေကြကုန်၏။ သိတင်းငယ်ညှော်သည် ရဟန်း ကောင်းအနီး၌ မိမိတို့၏ နေရာထိုင်ခင်း များကို ယူဆောင်၍ ထိုင်နေကြ ကုန်၏။

ထိုသို့ ထိုင်နေကြပြီးသော် "အရှင်မြတ်တို့သည် ဤကျောင်းတိုက် ၌ နေတော်မူကြမည်လော၊ သို့မဟုတ် ဆက်၍ပင်ခရီးကြွချီသွားတော်မူကြ မည်လော"ဟု မေးကြကုန်၏။ ညှော်သည် ရဟန်းကောင်းက "ခရီးဆက်၍ သွားပါမည်"ဟု ပြောလျှင် "ဤကျောင်းအိပ်ရာနေရာသည် အရှင်မြတ်တို့ နှင့် သင့်လျော် လျောက်ပတ် သပ္ပါယ ဖြစ်ပါသည်၊ ဆွမ်းလည်း ရလွယ်ပါ သည်" ဤသို့ စသည်ဖြင့် ဆက်လက်နေချင်ဖွယ်စကားများကို ပြောကြား ၍ သွားဖို့ရန် အခွင့်မပေးကြကုန်၊ ညှော်သည်ရဟန်းသည် ဝိနည်းဓိုရ် ဖြစ်ခဲ့ လျှင် ထိုရဟန်းအထံ၌ ဝိနည်းကို သင်ကြား သရဇ္ဈာယ်ကြကုန်၏။ သုတ္တန် ဆောင်ရဟန်း စသည်ဖြစ်ခဲ့လျှင်လည်း ထိုရဟန်းထံ၌ ထိုရဟန်းဆောင်သည့် ထိုထိုတရားအစုကို သင်ကြား သရဇ္ဈာယ်ကြကုန်၏။ ထိုကျောင်းနေ ရဟန်း တို့သည် ညှော်သည် ရဟန်းကောင်းတို့၏ အဆုံးအမ ဩဝါဒ၌ တည်ကြ၍ ပဋိသမ္ဘိဒါ ဉာဏ်လေးပါး တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ညှော်သည် ရဟန်းကောင်းတို့သည် "ငါတို့ကား တရက်၊ နှစ်ရက်မျှ နေကြ ကုန်အံ့ ဟု လာခဲ့ကြပါသည်။ သို့သော်လည်း ဤကျောင်းနေရဟန်းတို့နှင့် အတူတကွ နေထိုင်ရသည်မှာ ချမ်းသာလှသောကြောင့် ဆယ်နှစ် ဆယ့်နှစ် နှစ် ကာလကြာရှည် ငါတို့ နေထိုင်ကုန်အံ့" ဟု ဝမ်းမြောက်ဖွယ် စကား ပြောကြားကြကုန်၏။ထိုသို့ ဖြစ်လတ်သော် ထိုရဟန်းတို့အဖို့ရာ သီလစသော ဂုဏ်ကျေးဇူး တရားတို့ တိုးတက် ကြီးပွားခြင်း သာလျှင် ဖြစ်လေတော့၏။

## ဒုတိယ မဆုတ်ယုတ်ကြောင်း(အပရိဟာနိယ)ကြီးပွားရေးတရား

၁။ ရဟန်းတို့-ရဟန်းတို့သည်ကိစ္စကြီးငယ်၌မွေ့လျော်ပျော်ပိုက် လို့လ မိုက်၍ မနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏။ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရင်းအဋ္ဌကထာအဖွင့်သည်ကား၊ ကိစ္စကြီးငယ် ဟူသည်မှာ သင်္ကန်း စီရင်မှု၊ သင်္ကန်းချုပ်မှု၊ အထပ်အလွှာတင်မှု၊ နှစ်ထပ်သုံးထပ် စသည်ပြုမှု၊ အပ်ကျည်ပြုလုပ်မှု၊ သပိတ်အိတ်ချုပ်မှု၊ ပခုံးဖွဲ့ချုပ်မှု၊ ခါးပန်းချုပ်မှု၊ ရေစစ်ချုပ်မှု၊ သပိတ်ခြေပြုလုပ်မှု၊ ခြေပွတ်အိုးခြမ်းပြုမှု၊ တံမြက်စည်း ပြုလုပ်မှု စသည်တို့ကို ခေါ်၏။ အချို့သော ရဟန်းတို့သည် ဖော်ပြရာ ကိစ္စကြီးငယ်တို့ကို ပြုလုပ်သည်ရှိသော် တနေ့ပတ်လုံး ထိုကိစ္စကြီးငယ် တို့ကိုသာ ပြုလုပ်နေ၏။ ထိုကဲ့သို့သော ရဟန်းမျိုးကို ရည်စူး၍ ဤသို့ ပယ်မြစ်ခြင်းဖြစ်သည်။

ထိုကိစ္စကြီးငယ်တို့ကို ပြုလုပ်သင့်သောအချိန်၌သာ ပြုလုပ်၍ စာသင်ချိန်၌ စာသင်သောရဟန်း၊ စာအံချိန်၌ စာအံသောရဟန်း၊ စေတီယင်္ဂဏ စတ်ကို ပြုလုပ်သင့်သော အချိန်၌ ပြုလုပ်သောရဟန်း၊ ကမ္မဋ္ဌာန်းတရား နှလုံးသွင်းသင့်သောအချိန်၌ နှလုံးသွင်း အားထုတ်သောရဟန်း ဤရဟန်း မျိုးသည်ကား ကိစ္စကြီးငယ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ နေသော ရဟန်းမမည်ချေ၊ မဟုတ်ချေ။

၂။ စကားစမြည် ပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏။ ဆုတ်ယုတ်ရန်ကားမရှိပေ။

ရင်းအဋ္ဌကထာအဖွင့်၌၊ မိန်းမ၏ ဂုဏ်ကျေးဇူးစကား၊ ယောကျ်ား၏ ဂုဏ်ကျေးဇူးစကား စသည်အားဖြင့် မဂ်ဖိုလ်အား ကျေးဇူး မများသော စကားမျိုးကိုသာ ပြောဆိုလျက် နေ့ညဉ့်ကိုကုန်စေသောရဟန်း၊ ဤသို့သော စကားမျိုး၌ အဆုံးအပိုင်းအခြား ထားမှုကို မပြုသော ရဟန်း မျိုးသည် "စကားစမြည် ပြောခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ နေသော ရဟန်းမည်၏"

ညဉ့်နေ့ဆက်ကာ တရားဟောသောရဟန်း၊ ပြဿနာကို ဖြေဆိုသော ရဟန်းသည်ကား "စကားနည်းသော ရဟန်း၊ စကားပြောဆိုမှု၌ အပိုင်း အခြားထားရှိကာ နှိုင်းနှိုင်းချိန်ချိန် ပြောဆိုသော ရဟန်းမည်၏" ဟူသည် ကြောင့်ဆိုသော်—

သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ၊
ဓမ္မီ ဝါကထာ အရိယော ဝါ တုဏှီဘာဝေါ။

"ရဟန်းတို့-သင်ချစ်သားတို့အဖို့ရာ ပေါင်းဆုံ စည်းဝေးမိကြလျှင် ပြုလုပ်ကြရမည့် ကိစ္စမှာ (၁) တရားဟောခြင်း၊ (၂) သမာပတ်ဝင်စားကာ ဆိတ်ဆိတ်နေခြင်းဟူ၍ ဤနှစ်ပါးသာ ရှိ၏"ဟု မြတ်စွာဘုရား မူလပဏ္ဏာသ ပါဠိတော် ပါသရာသိသုတ် (၂၁၇) ၌ ဟောကြားတော်မူခဲ့လေသည်။

၃။ ထိုင်းမှိုင်းပျင်းရိလျက် အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက်လုံ့လစိုက်၍ မနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

၎င်းအဋ္ဌကထာတွင် စင်္ကြံသွားသော်၎င်း၊ ထိုင်နေသော်၎င်း၊ လျောင်းနေသော်၎င်း၊ ထိနမိဒ္ဓတရား လွှမ်းမိုးနှိပ်စက်၍ အိပ်သောရဟန်းသည် "ထိုင်းမှိုင်းပျင်းရိလျက် အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍နေသော ရဟန်းမည်၏"

ရဟန်းတရားကို ကြိုးစားအားထုတ်ရာ ကရဇခေါ်ဆို ဤခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်သောကြောင့် စိတ်အစဉ်ဘဝင်သို့ သက်ရောက်သောရဟန်းသည်ကား "အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက်သော ရဟန်းမမည်ချေ" မြတ်စွာဘုရားသည် "အဂ္ဂိဝေဿန ငါသည် နွေဥတုတို၏ နောက်ဆုံးဖြစ်သောလ၌ ဆွမ်းခံရာမှ ဖဲခွာခဲ့၍ ဆွမ်းစားပြီးနောက် ဒုကုဋ်သင်္ကန်းကို လေးထပ်ခင်းကာ လက်ျာနံပါးဖြင့် သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ အိပ်ပျော်ဘူးသည်ကို အမှတ်ရ၏"ဟု မိန့်တော်မူ၏။ (မူလ ပဏ္ဏာသပါဠိတော် မဟာသစ္စကသုတ်(၃၁၆)၌ ဖော်ပြပါရှိ၏။)

၄။ အပေါင်းအဖေါ်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော် ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

၎င်းအဋ္ဌကထာ၌ အဖေါ်ရဟန်းတပါး၊ နှစ်ပါး၊ သုံးပါးရှိလျှင် ရောနှောယှက်တင်နေတတ်သောရဟန်း၊ တပါးတည်းနေရလျှင် မဖြစ်မနေတတ် သက်သာရာမရသော ရဟန်းမျိုးသည် "အပေါင်းအဖေါ်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ နေသောရဟန်း မည်၏" လေးပါးသောဣရိယာပုဒ်တို့၌ အဖေါ်မမှီး တကိုယ်တည်းနေရမှ ချမ်း

သာမှု သက်သာရာရသော ရဟန်းသည် "အပေါင်းအဖေါ်တို့နှင့် စုရုံး နေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လို့လစိုက်၍ နေသောရဟန်း မမည် ချေ"

၅။ မိမိ၌မရှိသောဂုဏ်ကို ဖော်ပြတတ်သော အလိုဆိုးမှ ကင်းကုန် လျက် အလိုဆိုးတို့၏ ဆွဲဆောင်ရာသို့ မလိုက်ကြသမျှကာလပတ်လုံး ရဟန်း တို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ဂုဏ်းအဋ္ဌကထာကား မိမိက ဒုဿီလဖြစ်ပါလျက် မိမိ၌ မရှိသော ဂုဏ်ကို ဖော်ပြတတ်သော ရဟန်းသည် အလိုဆိုးရှိသော ရဟန်း မည်၏။ ထိုမှ အပြန်အားဖြင့် အလိုဆိုးမှကင်းသော ရဟန်းကိုသိအပ်၏။ (ယခု ခေတ်၌ ရဟန္တာ၊ အရိယာဖြစ်ပြီ စသဖြင့် မရှက်မကြောက် ပြောဆိုကြ၍ အလိုဆိုးရှိကြကုန်၏။ အဓိမာနမှန်းလည်း မသိ၊ သမာဓိလွန်၍ ထူးကဲဖြစ် ခြင်းမှန်းလည်း မသိကြကုန်၊ ဝိပဿနာတရား အလွန်ထုတ်၍လည်း ထူးခြား သောအဖြစ်ကို တရားထူးထင်ကြကုန်၏။ အထင်မျှသာဖြစ်၍ အလိုဆိုးသို့ သက်ဝင်နေကြကုန်၏၊ သတိပြုကြပါကုန်။ နှုတ်စောင့်စည်းကြပါကုန်။ အထူးမှတ်ကြပါကုန်။)

၆။ ယုတ်ညံ့သော အဆွေခင်ပွန်း အပေါင်းအဖေါ်မရှိမူ၍ ယုတ်ညံ့ သူတို့၌ စိတ်မညွတ်ကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ဂုဏ်းအဋ္ဌကထာအဖွင့်မှာ ယုတ်မာသော အဆွေခင်ပွန်းရှိသူဖြစ်၏၊ သွားအတူ လာအတူ ဣရိယာပုထ်လေးပါး၌ အတူပေါင်းသင်းသော ယုတ် မာသည့် သူငယ်ချင်းရှိကုန်၏။ထိုယုတ်မာသော အဆွေခင်ပွန်းတို့သို့ ညွတ် ကုန်၊ ကိုင်းကုန်၊ ရှိုင်းကုန်သည်၏ အဖြစ်ကြောင့် ယုတ်မာသော အဆွေ ခင်ပွန်းတို့၌ ကိုင်းညွတ်ကုန်သည် ကုန်သည်မည်၏။ မေတ္တာသက်ဝင် ချစ်ခင် အပ်သောသူသည် အဆွေခင်ပွန်း မိတ်ဆွေကောင်းမည်၏။ အသက်စွန့်၍ ကယ်ဆယ်ကူညီသူသည် မိတ်ဆွေစစ်မည်၏။ (မဟာဟံသဇာတ်ကြည့်ပါ)။ အတူတကွ ခရီးသွားဖေါ် လာဖက် စားဖေါ် သောက်ဖက်ဖြစ်သော သူသည် အပေါင်းအသင်း သူငယ်ချင်းမည်၏။ မိတ်ဆွေသုံးမျိုး သန္ဒိဋ္ဌ အချင်းချင်း တွေ့ကြုံသွားလာ ပြောဆိုဘူးသောမိတ်ဆွေ၊ သမ္ဘတ္တ အတူ

တက္က ထမင်းလက်ဆုံစားဘူးသည်ထိအောင် ရင်းနှီးသော မိတ်ဆွေ၊ သမသိက္ခိတ ကျောင်းနေဖက် ကစားဖက် တကျောင်းတည်းထွက် မိတ်ဆွေ၊ တရားကျင့်သုံးဖက် မိတ်ဆွေ၊ ဆရာတူ တပည့်မျိုး။

၇။ အနည်းငယ်သောတရားထူးကို ရရှိမှုဖြင့် အရဟတ္တဖိုလ်သို့ မရောက်မီ လမ်းခုလပ်၌ ရစ်ဝဲ၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ဤင်းအဋ္ဌကထာ၊ အနည်းငယ်သောတရားထူးရရှိမှုဖြင့် ရပ်မနေမှု၍ ရဟန်းကိစ္စပြီးဆုံးအောင် အားထုတ်ခြင်းကိုဆိုလို၏။ သီလစင်ကျယ်ရှိမှုဖြင့်ငင်း၊ ဝိပဿနာတရားသဘောပေါက်ခါမျှသော်ငင်း၊ စျာန်တရား ရရှိမှုဖြင့်ငင်း၊ သောတာပန်ဖြစ်ခါမျှဖြင့်ငင်း၊ သကဒါဂါမ်ဖြစ်ခါမျှဖြင့်ငင်း၊ အနာဂါမ်ဖြစ်ခါမျှဖြင့်ငင်း ရပ်တန့်ကျေနပ် မနေကြသမျှကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျင်းမရှိပေ။ (အတုအယောင်မဂ်ရသည့်အဖြစ်မျိုးမဟုတ်၊ တကယ်တရားထူးများရသော်လည်း ရဟန်းကိစ္စပြီးအောင် ရဟန္တာဖြစ်အောင် အားထုတ်ကြရမည် ဆိုလိုပါသည်။ ထို့ကြောင့် မမေ့မလျော့ အားထုတ်ကြရန် ဖြစ်ပါသည်။ အနည်းငယ်သိမြင်ခါမျှနှင့် တရားပြဆရာ၊ ကမ္မဋ္ဌာန်းဆရာတော်များသည် စွန်းလွန်းဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့သလို ဆပ်ပြာသယ်ဖြစ်မနေကြရန် အထူးသတိပြုကြပါကုန်။ တကယ်အရိယာအစစ်ဖြစ်၍ ပြသလျှင်ကား ပြနိုင်ပါ၏။ ကိုယ်နှင့်ထပ်တူ တရားသိမြင်စေရန်ဖြစ်၏၊ သို့သော် မိမိအတွက် အရဟတ္တဖိုလ်အဆုံးရစေမည်မှာ ဘုရားဟောဖြစ်ပေ၏။)

### တတိယ ကြီးပွားကြောင်းတရား ခုနစ်ပါး

၁။ သဒ္ဓါတရားနှင့် ပြည့်စုံသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်မရှိပေ။ အဋ္ဌကထာအဖွင့်၌ ယုံကြည်ခြင်းတရားလေးမျိုးပြ၏။

(က) အာဂမနီယသဒ္ဓါ၊ ဘုရားလောင်းသဒ္ဓါတရားဖြစ်၏။

(ခ) အဓိဂမသဒ္ဓါ၊ အရိယာပုဂ္ဂိုလ်တို့၏ ခိုင်မြဲသောသဒ္ဓါ။

(ဂ) ပသာဒသဒ္ဓါ၊ ဘုရား တရား သံဃာဟူ၍ ပြောဆိုကာမျှဖြင့် ကြည်ညိုမှု သဒ္ဓါတရားဖြစ်၏။

(ဃ) ဩကပ္ပနသဒ္ဓါ၊ ဉာဏ်ဖြင့်သက်ဝင်၍ ရတနာသုံးပါးကို မတုန်မလှုပ် ကြည်ညိုသော သဒ္ဓါတရား၊ တရားအားထုတ်သူများ ဤသဒ္ဓါတရားမျိုးရှိမှသာလျှင် မဂ်ဖိုလ်ရနိုင်ပေ၏။ သတိပြုကြပါကုန်။

ဤအပရိဟာနိယတရား၌ ပသာဒသဒ္ဓါနှင့် ဩကပ္ပနသဒ္ဓါနှစ်ပါးကို ယူရမည်။ ထိုသဒ္ဓါတရားနှစ်မျိုးနှင့် သက်ဝင်ယုံကြည်သော ရဟန်းသည် ဝက္ကလိမထေရ်နှင့်တူသည်ဖြစ်၏။ ထိုသဒ္ဓါတရားနှင့် ပြည့်စုံသောရဟန်းသည် စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်ကိုပြုလုပ်၏။ ဥပဇ္ဈာယ်ဆရာဝတ်တို့ကိုရင်း၊ အားလုံးစုံသောဝတ်တို့ကိုရင်း ပြည့်စုံစေ၏၊ ဖြည့်ကျင့်၏။

(က) ဗျာဒိတ်တော်ရရှိသည်မှစ၍ သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိ၍ ဘုရားဖြစ်တော်မူသည့်တိုင် ပါရမီ၊ စာဂ၊ စရိယစသည် များကျင့်သုံးသော ဘုရားလောင်းဘဝတိုင်း၌ အမြဲ ဖြစ်ပေါ်နေသော ရတနာသုံးပါး၌ ကြည်ညိုခြင်း၊ယုံကြည်ခြင်း တရားကို အာဂမနီယသဒ္ဓါတရားဟု ခေါ်၏။

(ခ) သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်း ကြောင့် သောတာပန်အစ ရဟန္တာအဆုံး အရိယာပုဂ္ဂိုလ် တို့၏ သန္တာန်၌ဖြစ်ပွားလာသော မည်သူ့ အဦးတယောက် မျှ ဖျက်ဆီး၍မရသော ခိုင်မြဲတည်တန့်သော ဘုရား တရား သံဃာ၌ ယုံကြည်မှုကြည်ညိုမှုသည် အဓိဂမသဒ္ဓါတရား ဟုခေါ်၏။သောတာပန် သုရမ္ဗဋ္ဌကဲ့သို့ရင်း၊သုပ္ပဗုဒ္ဓကဲ့သို့ရင်း၊ ဓနဉ္စာနိပုဏ္ဏေးမကဲ့သို့ရင်း မဖျက်ဆီးနိုင်သော သဒ္ဓါတရား ရရှိကြကုန်၏။အထက်မဂ်ရသူများ အထူးပြောဖွယ်မလိုတော့ ချေ။ (အင်္ဂုတ္တိုရ် ပါဠိ၊ ဥဒါန်း၊ သံယုတ်ပါဠိ၊ ဓမ္မပဒ စသည်တို့၌ အကျယ်ကြည့်ပါလေ။) အာဠဝက ဘီလူး ဝတ္ထုရှိသေး၏။ သုတ္တနိပါတ်။

(ဂ) ဝက္ကလိမထေရ်၊ အနာထပိဏ်သူဌေး၊ မဟာကပ္ပိနမင်း အနော်ရထာဒေဝီမိဖုရား၊ပက္ကုသာတိမင်း စသည်တို့၏ သန္တာန် ၌ ဘုရား၊ တရား၊ သံဃာ ဟူသော စကားမျှ ကြား၍

ပီတိသောမနသာဖြစ်ခါ ယုံကြည် ကြည်ညိုမှုသဒ္ဓါတရားဖြစ်ပေါ်လာခြင်းသည် ပသာဒသဒ္ဓါဖြစ်၏။ ဤပုဂ္ဂိုလ်များသည် အရိယာများဖြစ်ကြကုန်၏။ ပုထုဇဉ်ဘဝကပင် ကြည်ညိုယုံကြည်ခြင်းဖြစ်၏။ ယခုကာလ ဗုဒ္ဓဘာသာမှန်သမျှ ရတနာသုံးပါးကြည်ညိုခြင်းသည် ပသာဒသဒ္ဓါဖြစ်၏။

(ဃ) ဘုရား၊ တရား၊ သံဃာ ဟူ၍ သူတပါးက ပြောဆိုသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်ကြံစည်သုံးသပ်ပြီးမှ ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုရသည့်အလား မတုန်မလှုပ်သက်ဝင်ယုံကြည်သော သဒ္ဓါတရားကို ဩကပ္ပနသဒ္ဓါဟူ၍ ခေါ်သည်။ (ပါထိကဝဂ္ဂ အဋ္ဌကထာ (၂၁၂) မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ (၂၂၅) ကြည့်ပါလေ။)

၂။ ။မကောင်းမှုမှ ရှက်ခြင်း 'ဟိရီတရား' ရှိကြသမျှကာလပတ်လုံး....။

၎င်းအဋ္ဌကထာမှာ။ မကောင်းမှုကို စက်ဆုပ်ခြင်း လက္ခဏာရှိသော ရှက်ခြင်းနှင့် ယှဉ်သော စိတ်ရှိကြကုန်သည် ဖြစ်လိမ့်မည်။

၃။ ။မကောင်းမှုမှ ကြောက်ခြင်း 'ဩတ္တပ္ပတရား' ရှိကြသမျှကာလပတ်လုံး....။

၎င်းအဋ္ဌကထာ၌၊ မကောင်းမှု ပြုလုပ်မည်ကို ကြောက်ခြင်းလက္ခဏာရှိကြကုန်၏။ ဤဟိရီနှင့် ဩတ္တပ္ပတရားနှစ်ပါး၏ အထူးကို ဆိုဦးအံ့၊ အေးမြ၍ မစင်လိမ်းကျံနေသော သံတွေခဲကို ပညာရှိသောသူသည် မစင်ပေမည်စိုး၍ စက်ဆုပ်ရွံရှာသောကြောင့် မကိုင်ဝံ့ချေ။ မီးရဲရဲတောက်လောင်ထားသော သံတွေခဲကို ပညာရှိသည် ပူလောင်မည်စိုး၍ ကြောက်ရွံ့သောကြောင့် မကိုင်ဝံ့ချေ။ ထိုအတူပင် သူတော်ကောင်းသည် မကောင်းမှုကို စက်ဆုပ်ရွံရှာခြင်းတည်း ဟူသော အရှက်တရားကြောင့် ရှောင်ကြဉ်၏။ ထိုမကောင်းမှု၏မျက်မှောက်ဘဝတမလွန်ဘဝတို့၌ ခံရမည့်ဘေးကို ကြောက်လန့်သောကြောင့် ရှောင်ကြဉ်လေသည်။

၄။ ။များသော အကြားအမြင် 'ဗဟုဿုတ' ရှိကြသမျှကာလပတ်လုံး....။

အဋ္ဌကထာက၊ များသော အကြားအမြင်ရှိသူဆိုရာ၌ (က) ပရိယတ္တိဗဟုသုတရှိသူ ပိဋကကျမ်းဂန်အကြားအမြင်များစွာ ရှိသူနှင့် (ခ) ပဋိဝေဓဗဟုသုတရှိသူ သစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင်သည့် လောကုတ္တရာမဂ်ဉာဏ်ဖိုလ်ဉာဏ်အကြားအမြင်များစွာရှိသူ ဟူ၍ နှစ်မျိုးရှိ၏။ ဤအရာ၌ ပရိယတ္တိဗဟုသုတပုဂ္ဂိုလ်ကိုသာ ယူရမည်။ ထိုပရိယတ္တိဗဟုသုတပုဂ္ဂိုလ်သည်လည်း (၁) နိဿယမုစ္စနကဗဟုသုတပုဂ္ဂိုလ်၊ နိဿည်းလွတ်လောက်အောင် အကြားအမြင်အရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ (၂) ပရိသုပဋ္ဌာကဗဟုသုတပုဂ္ဂိုလ်၊ ပရိသတ်မွေးမြူနိုင်လောက်အောင် အကြားအမြင်အရည်အချင်းပြည့်စုံသော ပုဂ္ဂိုလ်၊ (၃) ဘိက္ခုနောဝါဒက ဗဟုသုတပုဂ္ဂိုလ်၊ ဘိက္ခုနီမတို့ကို ဆုံးမနိုင်လောက်အောင် အကြားအမြင်အရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ (၄) သဗ္ဗတ္ထကဗဟုသုတပုဂ္ဂိုလ်၊ ရှေးဗဟုသုတပုဂ္ဂိုလ်သုံးမျိုးတို့ကဲ့သို့ ပိဋကသုံးပုံမှ ပိုင်းခြားသတ်မှတ်ထားသော တစိတ်တဒေသမျှအကြားအမြင်ရှိသူမဟုတ်ပဲ အရှင်အာနန္ဒာမထေရ်မြတ်ကဲ့သို့ ပိဋကသုံးပုံအလုံးစုံ၌ ပြောဆိုဟောကြားနိုင်သော အကြားအမြင် အရည်အချင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ လေးမျိုးရှိရာ ဤတရားတော်၌ သဗ္ဗတ္ထကဗဟုသုတပုဂ္ဂိုလ်ကို ယူရမည်။ အဘယ်ကြောင့်ဆိုသော် ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မနှစ်ပါး၏ မူလဘူတဖြစ်သော ပရိယတ္တိသဒ္ဓမ္မ၌ ကောင်းစွာ တည်သောကြောင့်တည်း။

၅။ ။အားထုတ်သော 'လုံ့လ' ရှိကြသမျှကာလပတ်လုံး....။

အဋ္ဌကထာကား၊ ဤတွင် ကာယိကဝီရိယ-ကိုယ်၌မှီသောဝီရိယနှင့် စေတသိကဝီရိယ- စိတ်၌မှီသော ဝီရိယဟူ၍ နှစ်ပါးရှိရာ၊ (၁) အပေါင်းအသင်းတို့နှင့် ရောထွေးယှက်တင်နေထိုင်မှုကို ပယ်ဖျောက်၍ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်လေးပါးတို့၌ ဝီရိယာရမ္ဘဝတ္ထု ရှစ်ပါးကို ပွားများအားထုတ်ကာ တကိုယ်တည်း နေထိုင်ကြသော ရဟန်းတို့ သန္တာန်၌ ဖြစ်ပွားသော ဝီရိယကို ကာယိကဝီရိယဟု ခေါ်၏။ (၂) စိတ်၏ အာရုံခြောက်ပါးတို့နှင့် ကိလေသာတရား တဖွားဖွား ဖြစ်ပွားကာ ရောထွေးယှက်တင်နေထိုင်မှုကို ဖယ်ဖျောက်၍ ဈာန်သမာပတ်ရှစ်ပါးကို လေ့လာဝင်စားကာ တကိုယ်တည်း နေထိုင်ကြလျက် စင်္ကြံသွားသောအခါ၌ ဖြစ်သော ကိလေသာအား ရပ်တည်သောအခါသို့ ရောက်ခွင့်မပေး၊ ရပ်တည်

သောအခါ၌ ဖြစ်သော ကိလေသာအား ထိုင်သောအခါသို့ ရောက်ခွင့်မပေး၊ ထိုင်သောအခါ၌ ဖြစ်သော ကိလေသာအား လျောင်းသောအခါသို့ ရောက်ခွင့်မပေးပဲ၊ ဖြစ်ရာဌာန၌ပင် ကိလေသာတို့ကို နှိပ်ကွပ်သော ရဟန်းတို့၏ ဝီရိယကို စေတသိကဝီရိယဟုခေါ်၏။ ဤဝီရိယနှစ်ပါးလုံးနှင့် ပြည့်စုံနေသမျှကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွားချိန်သာ ရှိပေ၏၊ဆုတ်ယုတ်ရန် အလျှင်းမရှိချေ။

၆။ ။စွဲမြဲသောသတိနှင့် ပြည့်စုံနေကြသမျှကာလပတ်လုံး....။

အဋ္ဌကထာဖွင့်ပုံကား စွဲမြဲသော သတိနှင့် ပြည့်စုံကြသူများဟူသည်မှာ မဟာဂုတ္တမထေရ်၊ ဒီဃဘာဏကအဘယမထေရ်၊ တိပိဋကစူဠာဘယမထေရ်တို့ကဲ့သို့ လွန်ခဲ့သော အချိန်ကြာမြင့်စွာက ပြုခဲ့ ပြောခဲ့သော ကာယကံမှု ဝစီကံမှုတို့ကို မမေ့မပျောက် အောက်မေ့နိုင်သော ပုဂ္ဂိုလ်များကို ဆိုလိုသည်။

(က) မဟာဂုတ္တမထေရ်သည် မိမိဖွားမြင်ပြီးနောက် ငါးရက်မြောက်၌ မင်္ဂလာ နို့ထမင်းကျွေးမွေးသော ပွဲလမ်းသဘင်ဝယ် နို့ထမင်းခွက်ကို နှိုက်ရန် ကျီးကန်းလာသည်ကိုမြင်၍ 'ဟု-ဟု' ဟူသော အသံကိုပြုခဲ့လေသည်။ ထိုနောက် ထိုသူငယ်သည် ရဟန်းဖြစ်၍ မထေရ်ကြီးဖြစ်သောအခါ တပည့်ရဟန်းတို့က "အရှင်ဘုရား ဘယ်အချိန်ကစ၍ ကာယကံမှု ဝစီကံမှုများကို အောက်မေ့ အမှတ်ရပါသနည်း" ဟု မေးလျှောက်လေရာ "မွေးပြီးနောက် ငါးရက်မြောက်၌ ကျီးကန်းကို ချောက်လှန့်ရန်-ဟု-ဟု ဟုပြုခဲ့သော အသံမှစ၍ အမှတ်ရ၏ ငါ့အရှင်တို့" ဟူ၍ မိန့်တော်မူလေသည်။

(ခ) ဒီဃဘာဏက အဘယမထေရ် ဖြစ်မည့်သူငယ် မွေးဖွားပြီးနောက် ကိုးရက်မြောက်နေ့၌ မိခင်ဖြစ်သူသည် သားကို ချစ်မြတ်နိုးလှ၍ "နမ်းစုတ်မည်" ဟု သားမျက်နှာပေါ်သို့ ညွတ်လိုက်ရာ မိခင်ဖြစ်သူ၏ ဆံထုံးကြီးသည် ပြေ၍ကျလေ၏၊ ထိုအခါတပြည်သားမျှလောက်သော မြတ်လေးပန်းတို့သည် သူငယ်၏ ရင်ပတ်ပေါ်၌ ကျရောက်၍ ဆင်းရဲနာကျင်မှုကို

ဖြစ်စေသည်၊ ထိုသူငယ်သည် ဒီဃဘာဏက အဘယမထေရ် ကြီးဖြစ်သောအခါ၌ တပည့်ရဟန်းတို့က "အဘယ်အချိန်က စ၍ အမှတ်သတိရပါသနည်း အရှင်ဘုရား" ဟု မေး လျှောက်ရာ "မွေးဖွားပြီးနောက် ကိုးရက်မြောက်သောနေ့ မှစ၍ အမှတ်သတိရ၏ ငါ့ရှင်တို့" ဟု ဖြေတော်မူ၏။

(ဂ) တိပိဋကစူဠာဘယမထေရ်မြတ်သည်ကား တပည့်ရဟန်းတို့က "အဘယ်မျှလောက် အောက်မေ့မှု သတိရှိခဲ့ပါသနည်း အရှင်ဘုရား" ဟု မေးလျှောက်လေရာ အနုရာဓမြို့တော်၌ တံခါးမကြီး လေးပေါက်ရှိရာ တံခါးမကြီး သုံးပေါက်ကို ပိတ်ဆို့ထား၍ လူတို့ကို တံခါးပေါက်တခုတည်းမှ အထွက် ခိုင်းလျက် "သင်သည် အဘယ်အမည်ရှိသနည်း၊ သင်သည် အဘယ်အမည်ရှိသနည်း" ဟု တယောက်စီ တယောက်စီ လူစေ့မေးပြီး ထိုလူအားလုံးတို့ ပြောကြားဖြေဆိုသော အမည်များကို မှတ်သားထားပြီးနောက် ညနေချမ်း၌ တဖန် မြို့တွင်းသို့ အဝင်ခိုင်းပြီးလျှင် အသစ်မမေးရတော့ပဲ ထိုလူ များ၏ အမည်များကို မမှားရအောင် "ဤသူကား ဤအမည် ရှိ၏၊ ဤသူကား ဤအမည်ရှိ၏" ဟု သူ့အမည်နှင့် သူတပ် ၍ ပြောနိုင်၏ ငါ့အရှင်တို့-ဟု ဖြေတော်မူလေ၏။

၇။ ။ရဟန်းတို့-ရဟန်းတို့သည် ဝိပဿနာပညာနှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး....ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရှင်းအဋ္ဌကထာအဖွင့်ကား။ ဝိပဿနာပညာဟူသည် ခန္ဓာငါးပါး တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိမ်းဆည်း၍မြင်သော ဥဒယဗ္ဗယဉာဏ်ပညာ ကိုဆိုလိုသည်။ ဤတရားနောက်ဆုံးနှင့်ချုပြစ်သော သတိနှင့် ပညာဟူသည် မှာ ဝိပဿနာရှုကြသော ရဟန်းတို့၏ ဝိပဿနာအဆောက်အဦ ဖြစ်သော သမ္မာသတိနှင့် ဝိပဿနာပညာကို ဆိုအပ်ကုန်၏။ ဝိပဿနာရှုပွားအားထုတ် သောအခါ ဖြစ်သော သတိနှင့် ပညာကို ယူပါဟု ဆိုလို၏။ သတိ ပညာ အရေးကြီးကြောင်းသိအပ်ပေ၏။ ဤကား မှတ်ဖွယ်အထူးတည်း။ ဤတရား ခုနစ်ပါးသည် သူတော်ကောင်းတရားခုနစ်ပါးဖြစ်၏။

## စတုတ္ထ ကြီးပွားကြောင်း တရား ခုနစ်ပါး

၁။ ရဟန်းတို့- ရဟန်းတို့သည် မင်္ဂ၏အကြောင်းဖြစ်သော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ကို ပွားများနေကြသမျှ ကာလပတ်လုံး....၊
၂။ ....ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို....၊
၃။ ....လုံ့လ ဝီရိယသမ္ဗောဇ္ဈင်ကို....၊
၄။ ....နှစ်သိမ့်မှု ပီတိသမ္ဗောဇ္ဈင်ကို....၊
၅။ ....ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို....၊
၆။ ....တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်ကို....၊
၇။ ....ရဟန်းတို့- ရဟန်းတို့သည် မင်္ဂ၏ အကြောင်းဖြစ်သော လျစ်လျူ ရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများ နေကြသမျှ ကာလပတ်လုံး.... ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ဤတရား ခုနစ်ပါးသည် ဝိပဿနာ မင်္ဂဖိုလ်နှင့် ယှဉ်သော လောကီ လောကုတ္တရာ အရာဖြစ်သော ဗောဇ္ဈင်တရားတို့ကို ဟောတော်မူသည်။

## ပဉ္စမ ကြီးပွားကြောင်း တရား ခုနစ်ပါး

၁။ ရဟန်းတို့- ရဟန်းတို့သည် မမြဲဟု သိမှတ်မှု အနိစ္စသညာကို ပွားများ နေကြသမျှ ကာလပတ်လုံး....၊
၂။ ....အတ္တ မဟုတ်ဟု သိမှတ်မှု အနတ္တသညာကို....၊
၃။ ....မတင့်တယ်ဟု သိမှတ်မှု အသုဘ သညာကို....၊
၄။ ....အပြစ်ကိုသိမှတ်မှု အာဒီနဝသညာကို....၊
၅။ ....ပယ်ဖို့ရန် သိမှတ်မှု ပဟာနသညာကို....၊
၆။ ....တပ်မက်ခြင်း ကင်းရန် သိမှတ်မှု (တပ်ခြင်းကင်းရာ နိဗ္ဗာန်ကိုသိမှတ်မှု)... ။
၇။ ရဟန်းတို့- ရဟန်းတို့သည် ချုပ်ခြင်းကို သိမှတ်မှု (ချုပ်ရာ နိဗ္ဗာန်ကို သိမှတ်မှု) နိရောဓ သညာကို ပွားများနေကြသမျှ ကာလပတ်လုံး.... ရဟန်းတို့ အဖို့ရာ ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ထိုခုနစ်ခု၏ အဋ္ဌကထာ အဖွင့်များ ဖေါ်ပြဦးမည်။

သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း လေးပါးပြ၏။ (၁) သတိသမ္ပဇည တရားရှိသူ၏ အဖြစ်သည်၎င်း (၂) သတိလွတ်သော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်းသည်၎င်း၊ (၃) ထင်သော သတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းသည်၎င်း (၄) သတိသမ္ဗောဇ္ဈင် ဖြစ်အောင် စိတ်ညွတ်ကိုင်းသည်၎င်း ဖြစ်၏။

ဤတွင် အဋ္ဌကထာ၌ ဖေါ်မပြသည်ကို တပည့်တော် မိလိန္ဒပဥှာပါဠိတော်မှ ဆောင်ယူ ပြပါမည်။ သတိဖြစ်ကြောင်း တဆယ့်ခုနစ်ပါး ရှိပါသည်။

၁။ အမြဲသိမှတ်သော အားဖြင့်လည်း သတိဖြစ်၏။
၂။ အခြားသူတို့ လှုံ့ဆော်သော အားဖြင့်လည်း သတိဖြစ်၏။
၃။ ထင်ရှားသော အာရုံကို သိသော အားဖြင့်လည်း သတိဖြစ်၏။
၄။ အကျိုးစီးပွားရှိ၏ဟု သိသောအားဖြင့်လည်း သတိဖြစ်၏။
၅။ အကျိုးစီးပွားမရှိဟု သိသောအားဖြင့်လည်း သတိဖြစ်၏။
၆။ သဘောတူ အာရုံအားဖြင့်လည်း သတိဖြစ်၏။
၇။ သဘောကွဲ အာရုံအားဖြင့်လည်း သတိဖြစ်၏။
၈။ စကားကို ကြားသိသော အားဖြင့်လည်း သတိဖြစ်၏။
၉။ မှတ်ကြောင်း အင်္ဂါလက္ခဏာ အားဖြင့်လည်း သတိဖြစ်၏။
၁၀။ သူတပါး သတိပေးသော အားဖြင့်လည်း သတိဖြစ်၏။
၁၁။ အက္ခရာ အရေးအသား အားဖြင့်လည်း သတိဖြစ်၏။
၁၂။ ဂဏန်းသင်္ချာ အရေအတွက် အားဖြင့်လည်း သတိဖြစ်၏။
၁၃။ နှုတ်တက်အာဂုံဆောင်သော အားဖြင့်လည်း သတိဖြစ်၏။
၁၄။ ကမ္မဋ္ဌာန်း ဘာဝနာ အားဖြင့်လည်း သတိဖြစ်၏။
၁၅။ ပေပရပိုက် စာအုပ်တို့နှင့် ဖွဲ့ယှက် ဆက်စပ်သော အားဖြင့်လည်း သတိဖြစ်၏။

၁၆။ အနီး၌ သိမ်းဆည်း ထားသော အားဖြင့်လည်း သတိ
ဖြစ်၏။

၁၇။ သုံးဆောင်ခံစားဘူးသော အားဖြင့်လည်းသတိဖြစ်၏။ ဟု
အရှင်နာဂသေန မထေရ် ရဟန္တာ အရှင်မြတ်က မိလိန္ဒ
မင်းကြီးအား မိန့်တော်မူ၏။

၁။ အသျှင်အာနန္ဒာနှင့် ခုဇ္ဇုတ္တရာ ဥပါသိကာမ(ဥပါလိသူကြွယ်)
တို့သည် ပိဋကသုံးပုံကို အောက်မေ့နိုင်ကုန် သကဲ့သို့ရင်း၊
ဇာတိဿရဉာဏ်ကို ရသူတို့သည် မိမိတို့၏ ဖြစ်ပြီး ဘဝကို
အောက်မေ့နိုင်ကုန်သကဲ့သို့ ၎င်းတည်း။ ဤသို့လျှင် သတိ
သည် အမြဲ သိမှတ်သော အားဖြင့် ဖြစ်၏။

၂။ ပြကတေ့ အားဖြင့် သတိမေ့လျော့တတ်သူကို သူတပါးတို့က
သတိရစေခြင်းငှာ အမြဲမပြတ် ဖွဲ့စပ်နှိုးဆော်ရကုန်၏၊ ဤသို့
လျှင် သတိသည် အခြားသူတို့ လှုံ့ဆော်သောအားဖြင့်
ဖြစ်၏။

၃။ မင်းအဖြစ်၌မူလည်း အဘိသိက်သွန်းခံရသူ ဖြစ်၏၊ သောတာ
ပတ္တိဖိုလ်သို့မူလည်း ရောက်သူဖြစ်၏။ ဤသို့လျှင် သတိသည်
ထင်ရှားသော အာရုံကို သိသောအားဖြင့် ဖြစ်၏။

၄။ အကြောင်အရပ်၌ ချမ်းသာစေအပ်၏၊ "ဤမည်သောအရပ်၌
ဤသို့ ချမ်းသာစေအပ်ပြီ"ဟု ထိုအရပ်ကို အောက်မေ့၏၊
ဤသို့လျှင် သတိသည် အကျိုးစီးပွားရှိ၏ဟု သိသော အား
ဖြင့် ဖြစ်၏။

၅။ အကြောင်အရပ်၌ ဆင်းရဲစေအပ်၏၊ "ဤမည်သောအရပ်၌
ဤသို့ ဆင်းရဲစေအပ်ပြီ"ဟု ထိုအရပ်သို့ အောက်မေ့၏။
ဤသို့လျှင် သတိသည် အကျိုးစီးပွား မရှိဟု သိသောအား
ဖြင့်ဖြစ်၏။

၆။ အမိစသည်နှင့်တူသော ပုဂ္ဂိုလ်ကိုမြင်၍ အမိကိုရင်း၊ အဖကိုရင်း၊ အစ်ကိုကိုရင်း၊ အမညီမကိုရင်း သတိရ၏။ ကုလားအုပ်ကိုရင်း၊ နွားကိုရင်း၊ မြည်းကိုရင်း မြင်၍ အခြားတပါးသော ထိုသို့သဘောရှိသော ကုလားအုပ်ကိုရင်း၊ နွားကိုရင်း၊ မြည်းကိုရင်း သတိရ၏။ ဤသို့လျှင် သတိသည် သဘောတူ အာရုံအားဖြင့်ဖြစ်၏။

၇။ ဤမည်သောသူ၏အဆင်းသည် ဤသို့သဘောရှိ၏၊ အသံသည် ဤသို့သဘောရှိ၏၊ အနံ့သည် ဤသို့ သဘောရှိ၏၊ အရသာသည် ဤသို့သဘောရှိ၏၊ အတွေ့အထိသည် ဤသို့ သဘောရှိ၏ဟု အောက်မေ့၏၊ ဤသို့လျှင် သတိသည် သဘောကွဲ အာရုံအားဖြင့် ဖြစ်၏။

၈။ ပြကတေ့အားဖြင့် မေ့လျော့တတ်သူကို သူတပါးတို့က သတိရစေကုန်၏။ ထိုစကားဖြင့် ထိုသူသည် အောက်မေ့ နိုင်၏၊ ဤသို့လျှင် သတိသည် စကားကို ကြားသိသော အားဖြင့် ဖြစ်၏။

၉။ အကြင်သူသည် ပြကတေ့အားဖြင့် နွားတို့၏ ခြေလက်စသော အင်္ဂါဖြင့် သိ၏၊ မွေ့အိမ်မြောင်စသော လက္ခဏာဖြင့် သိ၏။ ဤသို့လျှင် သတိသည် မှတ်ကြောင်း အင်္ဂါလက္ခဏာ အားဖြင့် ဖြစ်၏။

၁၀။ ပြကတေ့အားဖြင့် မေ့လျော့တတ်သူကို "အချင်းသတိရလော့၊ အချင်းသတိရလော့" ဟုအတန်တန် အောက်မေ့စေ၏။ ဤသို့လျှင် သတိသည် သူတပါး သတိပေးသော အားဖြင့် ဖြစ်၏။

၁၁။ အက္ခရာ အရေးအသားကိုသင်ကြားထားသည်၏အဖြစ်ကြောင့် "ဤအက္ခရာ၏ အခြားမဲ့၌ ဤအက္ခရာကို ပြုအပ်၏" ဟု သိ၏၊ ဤသို့လျှင် သတိသည် အက္ခရာအရေး အသားအားဖြင့် ဖြစ်၏။

၁၂။ ဂဏန်း သင်္ချာ၌ သင်ကြား ထားပြီးသည်၏ အဖြစ်ကြောင့် ဂဏန်းသင်္ချာ တတ်သူတို့သည် များစွာသော ဂဏန်းကိုလည်း ရေတွက် နိုင်ကုန်၏။ ဤသို့လျှင် သတိသည် ဂဏန်းသင်္ချာ အတွက်အားဖြင့် ဖြစ်၏။

၁၃။ နှုတ်တက် ဆောင်ခြင်းဖြင့် သင်ကြား ထားပြီးသည်၏ အဖြစ်ကြောင့် နှုတ်တက်အာဂုံဆောင်သူတို့သည် များစွာသော ကျမ်းဂန်တို့ကို ဆောင်နိုင်ကုန်၏၊ ဤသို့လျှင် သတိသည် နှုတ်တက်အာဂုံဆောင်သောအားဖြင့် ဖြစ်၏။

၁၄။ ဤသာသနာတော်၌ ရဟန်းသည် များပြားသော၊ ရှေး၌ နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤကား အဘယ်နည်း၊ တဘဝကိုဎင်း၊ နှစ်ဘဝကိုဎင်း။ ပ၊ ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည် အနွယ်နှင့်တကွ၊ ရှေး၌ နေဘူးသည်ကို အောက်မေ့ နိုင်၏။ ဤသို့လျှင် သတိသည် ကမ္မဋ္ဌာန်း ဘာဝနာအားဖြင့် ဖြစ်၏။

၁၅။ မင်းတို့သည် အပြစ်ဒဏ်စသည် ချပေးဆုံးဖြတ်ရာ၌ စည်းမျဉ်းဥပဒေကို မေ့လျော့ကုန်သည် ဖြစ်၍ ဤမည်သော စည်းမျဉ်းဥပဒေကျမ်းကို ဆောင်ယူခဲ့ ကုန်လော့ဟု ဆို၍ ထိုစည်းမျဉ်းဥပဒေကျမ်းဖြင့် အောက်မေ့သတိရကုန်၏၊ ဤသို့လျှင် သတိသည်ပေပရပိုက်ကို စာအုပ်တို့နှင့်ဖွဲ့ယှက်ဆက်စပ်သော အားဖြင့် ဖြစ်၏။

၁၆။ အနီး၌ထားသော ဥစ္စာဘဏ္ဍာအရာဝတ္ထုတို့ကိုမြင်၍ သတိရ၏။ ဤသို့လျှင် သတိသည် အနီး၌ သိမ်းဆည်းထားသော အားဖြင့် ဖြစ်၏။

၁၇။ မြင်ဘူးသည်၏အဖြစ်ကြောင့် အဆင်းကို အောက်မေ့၏၊ ကြားဘူးသည်၏ အဖြစ်ကြောင့် အသံကို အောက်မေ့၏။ နမ်းရှူဘူးသည်၏ အဖြစ်ကြောင့် အနံ့ကိုအောက်မေ့၏၊ လျက်ဘူးသည်၏အဖြစ်ကြောင့် အရသာကို အောက်မေ့၏၊ တွေ့ထိဘူးသည်၏ အဖြစ်ကြောင့် အတွေ့အထိကို အောက်မေ့၏။ သိဘူးသည်၏အဖြစ်ကြောင့် သဘောတရားကို အောက်မေ့၏၊ ဤသို့လျှင် သတိသည် သုံးဆောင်ခံစားဘူးသော အားဖြင့် ဖြစ်၏။ မင်းမြတ်....ဤတဆယ့်ခုနစ်ပါးကုန်သော အကြောင်းတို့ဖြင့် သတိဖြစ်၏ဟု အရှင်နာဂသေန မိန့်တော်မူ၏။ (မိလိန္ဒပဥှာ မြန်မာပြန်၊ ၉၁၊ ၉၃။)

ထို့ကြောင့် သတိသမ္ဗောဇ္ဈင်ဖြစ်အောင် သတိပဋ္ဌာန်သုတ်မှာ ခုနစ်ဌာန ပြတယ်။ ရှေ့တက်တဲ့အခါ၊ နောက်ဆုတ်တဲ့အခါ၊ တူရူကြည့်တဲ့အခါ၊ တစောင်းကြည့်တဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါ၊ သပိတ်သင်္ကန်း ယူဆောင်တဲ့အခါ၊ စားတဲ့အခါ၊ သောက်တဲ့အခါ၊ မျိုတဲ့အခါ၊ ဝါးတဲ့အခါ၊ ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ၊ သွား၊ ရပ်၊ ထိုင်၊ အိပ်၊ နိုး၊ စကားပြောနေတဲ့အခါ၊ တိတ်ဆိတ်ဆိတ် နေတဲ့အခါများ၌သတိသမ္ပဇဉ ရှိရမည်။ သို့အတွက်ကြောင့် ၁။ သတိသမ္ပဇညတရား ရှိရမည်။ ၂။ မုဋ္ဌဿတိ ပုဂ္ဂလ ပရိဝဇ္ဇနတာ သတိလွတ်သောသူ ရှောင်ကြဉ်ရမည်။ ၃။ ဥပဋ္ဌိတဿတိ ပုဂ္ဂလသေဝနတာ ထင်သောသတိရှိသူ ဆည်းကပ် မှီဝဲရမည်၊ ၄။ တဒဓိမုတ္တတာ၊ သတိသမ္ဗောဇ္ဈင် ဖြစ်ဖို့ရန် စိတ်ညွတ်နေရမည်၊ နှလုံးသွင်း မှန်နေရမည် ဆိုလိုပါသည်။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်း ခုနစ်ချက်ကား—

(၁) ပရိပုစ္ဆကတာ၊ နိကာယ်ငါးရပ် ပိဋကတော်နှင့် စပ်၍ ခက်ရာခက်ဆစ်ကို မေးမြန်းတတ်သော အဖြစ်။ ဝါ။ ခန္ဓာ အာယတနဓာတ် သမထ ဝိပဿနာ အကြောင်းကို အပြန် အလှန် ပါဠိအဋ္ဌကထာနှင့် မေးမြန်းခြင်း။

(၂) ဝတ္ထုဝိသဒကြိယာ၊ မိမိကိုယ် သန့်ရှင်း စေခြင်း အပြင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းစေခြင်း။

(၃) ဣန္ဒြိယသမတ္တပဋိပါဒနာ၊ သဒ္ဓါ အစရှိသော ဣန္ဒြေ တို့၏ ညီမျှသည်၏အဖြစ်ကို ပြုခြင်း။

(၄) ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ၊ ဖြစ်ပျက် ဥဒယဝယဉာဏ် မရှိသော ပညာမဲ့ကို ရှောင်ကြဉ်ရခြင်း။

(၅) ပညဝန္တပုဂ္ဂလသေဝနာ၊ ဖြစ်ပျက်ဥဒယဝယဉာဏ်ပညာရှိသော သူကို မှီဝဲ ဆည်းကပ်ရခြင်း။

(၆) ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ၊ နက်နဲခက်ခဲသောဉာဏ် ဖြင့်ကျက်စားအပ်သော သုတ်တရားများတို့ကို ဆင်ခြင်ခြင်း။

(၇) တဒဓိမုတ္တတာ၊ ထိုဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်း၌ စိတ်ညွတ် ကိုင်းခြင်း။

ဤတွင် နံပါတ်(၂)ကို အဋ္ဌကထာအဖွင့် ဖေါ်ပြပါမည်။ အတွင်းအပြင် ဝတ္ထုတို့ကို သန့်ရှင်းစင်ကျယ်အောင် ပြုရခြင်းဆိုသည်မှာ ယောဂီသည် ဆံပင်၊ ခြေသည်း လက်သည်းတို့ ရှည်ကုန်၏။ ကိုယ်၌ ချွေးတို့ထွက်၏။ ဆံပင်ရိတ်၊ ခြေသည်း လက်သည်း ဖြတ်၍ ရေချိုးရမည်။ ယောဂီ၏ အစတ်အစားများ ဟောင်းနွမ်းညစ်ထေးလျှင် လျှော်ရဖွပ်ရ၏၊ မကောင်းသော အနံ့များကို သန့်ရှင်းစေရ၏၊ ကျောင်းအတွင်း အပြင် ပတ်ဝန်းကျင်၌ အမှိုက်များစုပုံနေလျှင် တံမြက်လှဲပစ်ရ၏။ မစင်ကျယ်သော ဆီမီးခွက်၊ မီးစာ၊ ဆီ၊ တို့ကို အမှီပြု၍ ဖြစ်သော မီးလျှံ၏ အရောင်သည် မစင်ကျယ်ဘိသကဲ့သို့ မစင်ကျယ်သောဉာဏ်ဖြင့် သင်္ခါရတို့ကို သုံးသပ်သော ယောဂီအား သင်္ခါရတို့သာ မထင်ရှားကုန်၊ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်အားလည်း ကမ္မဋ္ဌာန်းသည် ကြီးပွားခြင်း စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့မရောက်၊ သန့်ရှင်းစင်ကျယ်သော အတွင်း အပဝတ္ထုတို့ဖြစ်သော စိတ်စေတသိက်တို့၌ ဉာဏ်သည် သန့်ရှင်းစင်ကျယ်၏။ စင်ကျယ်သော မီးခွက်၊ မီးစာ၊ ဆီမီးတို့ကို အမှီပြု၍ဖြစ်သော ဆီမီးလျှံ၏ အရောင်ကဲ့သို့ စင်ကျယ်သန့်ရှင်းသောဉာဏ်ဖြင့် သင်္ခါရတို့ကို သုံးသပ်သော ပုဂ္ဂိုလ်အား သင်္ခါရတို့သည် ဉာဏ်အား ထင်ကုန်၏။ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်အားလည်း ကမ္မဋ္ဌာန်းသည် ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ ရောက်၏။

(၃) ဣန္ဒြေတို့ကိုညီမျှအောင် ပြုခြင်းဟူသည်ထိုယောဂီပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေက အားကြီးသည်ဖြစ်၍ တပါးသော ဣန္ဒြေတို့ကနုံ့သည် အကယ်၍ ဖြစ်အံ့၊ထိုသို့ဖြစ်သောကြောင့် ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်းကိစ္စကို၊သတိန္ဒြေသည် အာရုံသို့ ကပ်၍တည်ခြင်းကိစ္စကို၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကို၊ ပညိန္ဒြေသည် အာရုံ၏ သဘောကို မြင်သောကိစ္စကို ပြုခြင်းငှာ မတတ်နိုင်။ထို့ကြောင့် ထိုသဒ္ဓိန္ဒြေ၏တရားသဘောကို စုံစမ်းဆင်ခြင်းခြင်းဖြင့်၎င်း အကြင်သို့ နှလုံးသွင်းသောသူအား အားရှိ၏။ ထိုသို့သော အခြင်းအရာဖြင့် ဘာဝနာကို နှလုံးမသွင်း သဖြင့်၎င်း ယုတ်စေ အပ်၏။ ဤအရာ၌ ဝက္ကလိမထေရ်ကိုပြ၏။ ဝက္ကလိမထေရ်သည်

သဒ္ဓိန္ဒြေအားကြီးနေ၍ ဘုရားမျက်နှာတော်ကိုသာ ဖူးမြှော်နေ၍တရားမရ။ ဘုရားက ငါ၏ ကိုယ်ကောင်ပုတ်ကြည့်နေ ပေမဲ့ အချည်းနှီးပင်။ တရားမြင်မှ ငါဘုရားမြင်မည်ဟု မိန့်တော်မူ၍ ဝါဆိုခါနီး၌ ကျောင်းမှ နှင်ထုတ်လိုက်၏။ သဒ္ဓါတရားလျော့သွား၍ ဂိဇ္ဈကုဋ်တောင်ပေါ်တက်လျက် ခုန်အချမှာ ဣန္ဒြေငါးပါးညီမျှ၍ ဘုရားဟော ဂါထာ ကြားရသဖြင့် ပီတိဖြစ်ခါ တရားနှလုံးသွင်း၍ ရဟန္တာ ဖြစ်ခဲ့လေသည်။ သဒ္ဓါလွန်၍ တရားမရနိုင်ချေ။ သတိပြုရန် ဖြစ်ပေ၏။

ထို့ပြင် ဝီရိယိန္ဒြေသည် အကယ်၍ အားကြီးသည်ဖြစ်အံ့၊ ထိုသို့ ဖြစ်ခဲ့သော် သဒ္ဓိန္ဒြေသည် အာရုံ၌ ဆုတ်နစ်ဆုံးဖြတ်၍ ယုံကြည်ခြင်းကိစ္စကို ပြုပြင်ခြင်းငှာ မတတ်နိုင်။ ထိုမှတပါး သတိန္ဒြေစသည်တို့သည် မိမိတို့ဆိုင်ရာ ကိစ္စကို ပြုခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ဝီရိယိန္ဒြေကို ပဿဒ္ဓိသမ္ဗောဇ္ဈင် စသည်ကို ပွားခြင်းဖြင့် ယုတ်စေအပ်၏။ ဤအရာ၌ သောဏမထေရ်ပြ၏။ ခြေဘဝါးအမွေးနုပေါက်သော သူဌေးသားရဟန်းသည် တရားအားထုတ်ရာ၌ ခြေဘဝါးမှ သွေးတွေကျ၏၊ ပေါက်ပြဲကုန်၏။ ဒူးထောက်၍ စင်္ကြံ သွားရာ ဒူးတွေပွန်းပဲ့ကုန်၏။ တထောင်နှင့် ထောက်သွားရာ ပွန်းပဲ့ သွေးတွေထွက်၍ ဝီရိယလွန်နေတော့၏။ ဘုရားကြွလာ၍ မလျော့မတင်း စောင်းဥပမာပြ တရားချ၍ ရဟန္တာဖြစ်ခဲ့လေသည်။ ဝီရိယလွန်၍လည်း မရချေ။ ဤအတူ ကြွင်းသောသတိ၊ သမာဓိ၊ ပညိန္ဒြေတို့တွင်လည်း တခုခု အားရှိသော် ဤမှတပါးသော ဣန္ဒြေတို့သည် မိမိတို့၏ ကိစ္စတို့၌ မစွမ်းနိုင် ဖြစ်သည်ကို သိအပ်ကုန်၏။ အထူးအားဖြင့်ကား ဤငါးပါးသော ဣန္ဒြေ တို့တွင် သဒ္ဓါနှင့် ပညာတို့၏ ညီမျှခြင်းသည်ရင်း၊ ဝီရိယနှင့် သမာဓိတို့၏ ညီမျှခြင်းသည်ရင်းလိုအပ်၏။ ဆရာများချီးမွမ်းကြကုန်၏။

သဒ္ဓါလွန်ကဲသောသူသည် နုံ့သောပညာရှိ၏၊ ထိုသူသည် အချည်းနှီးသော ပုဂ္ဂိုလ်ကိုသည်း ကြည်ညိုယုံကြည်တတ်၏၊ မကြည်ညိုသင့်သော အရာ၌ ကြည်ညို၏။

ပညာလွန်ကဲသော သဒ္ဓါတရားနုံ့သောသူသည် စဉ်းလဲကောက်ကျစ် သောအဖြစ်သို့ ရောက်တတ်၏၊ ဆေးကြောင့်ဖြစ်သော ရောဂါသည် အကု ခက်သကဲ့သို့ ဖြစ်၏။ စိတ်ဖြစ်ခါမျှနှင့် (ဝါ) သိရုံကာမျှဖြင့် ကုသိုလ်သည်

ဖြစ်၏ဟု အလွန်အကျွံယူဆလိုက်သဖြင့် ဒါန သီလ ဘာဝနာတို့ကို မပြု လုပ်သည်ဖြစ်သောကြောင့် ငရဲကျလေ၏။ သတိပြုပါလေ။ သဒ္ဓါနှင့် ပညာ နှစ်ပါးညီမျှခြင်းကြောင့် ကြည်ညိုထိုက်သောအရာ၌ ကြည်ညို၏။ ဒါန သီလ ဘာဝနာပြုလုပ်၏။ သဒ္ဓါလွန်လျှင် ပညာဖြင့် ထိန်းပေး၍ ပညာလွန် လျှင်လည်း သဒ္ဓါတရားဖြင့် ထိန်းပေးရ၏။ တရားအားထုတ်သောအခါ၌ ထိုတရားမျိုးများဖြစ်ပေါ်လာသောအခါ အညီအမျှ ချိန်ခွင်ဘောင်သတ် သကဲ့သို့ ညီနေရစေ၏။

သမာဓိလွန်ကဲသောသူအား ဝီရိယနှင့်၏၊ သမာဓိ၏ ပျင်းရိခြင်းအဖို့ ရှိသောကြောင့် ပျင်းရိခြင်းသည် ဖိစီးနှိပ်စက်၏။ ဝီရိယလွန်ကဲသောသူအား သမာဓိနှင့်၏၊ ဝီရိယ၏ ဥဒ္ဓစ္စပျံ့လွင့်ခြင်းအဖို့ရှိသောကြောင့် ဥဒ္ဓစ္စသည် လွှမ်းမိုးနှိပ်စက်၏၊ ဝီရိယနှင့် ကောင်းစွာ ယှဉ်အပ်သော သမာဓိသည် ပျင်းရိခြင်း၌ ကျခြင်းငှာ အခွင့်မရ၊ ထိုကြောင့် သဒ္ဓါနှင့် ပညာနှစ်ပါး၊ ဝီရိယနှင့် သမာဓိနှစ်ပါး အပေါင်းကို အညီအညွတ်ဖြစ်စေအပ်၏။ သဒ္ဓါနှင့် ပညာနှစ်ပါးညီမျှ၍ ဝီရိယနှင့် သမာဓိနှစ်ပါးညီမျှသောကြောင့် အပ္ပနာသည် ဖြစ်၏။

**စင်စစ်သော်ကား** သမာဓိအလုပ်ကို အားထုတ်သောသူအား သဒ္ဓါ ထက်သန်အားရှိရန်သင့်၏၊ ဤသို့ ယုံကြည်သည်ရှိသော် အာရုံသို့ သက်ဝင် သကဲ့သို့ စုတ်စုတ်နစ်နစ်အားဖြင့် ယုံကြည်သည်ဖြစ်၍ အပ္ပနာသို့ရောက်လတ္တံ့။

သမာဓိ ပညာတို့တွင် သမာဓိကို အားထုတ်သော ပုဂ္ဂိုလ်အား ကောဂ္ဂတာသည် ထက်သန်အားရှိရန်သင့်၏။ ဤသို့ဖြစ်သည်ရှိသော် ထိုပုဂ္ဂိုလ် သည် အပ္ပနာသို့ ရောက်၏။

ဝိပဿနာအလုပ်ကို အားထုတ်သောသူအား ပညာထက်သန်ရန် အားရှိရန်သင့်၏၊ ဤသို့ဖြစ်သည်ရှိသော် ထိုသူသည် အနိစ္စသဘောလက္ခဏာ ကို ထိုးထွင်း၍ သိခြင်းသို့ ရောက်၏၊ သမာဓိပညာနှစ်ပါးတို့၏ ညီမျှသည့် အဖြစ်ကြောင့်လည်း အပ္ပနာသည် ဖြစ်သည် သာတည်း။

အလုံးစုံသော သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့၌ သတိထက် သန် အားရှိရန် သင့်လှပေ၏။ အားရှိသော သတိသည် စိတ်ကို ဥဒ္ဓစ္စအဖို့၌ ယှဉ်ကုန်သော သဒ္ဓါ၊ ဝီရိယ၊ ပညာတို့၏ အစွမ်းဖြင့် ဥဒ္ဓစ္စ၌ ကျခြင်းမှရင်း၊ ပျင်းရိခြင်းအဖို့ရှိသော သမာဓိကြောင့် ပျင်းရိခြင်းသို့ ကျခြင်းမှရင်း၊

စောင့်ထိန်း၏။ ထိုကြောင့် ထိုသတိကို အလုံးစုံသော ဟင်းလျာတို့တွင် ဆားကို အလိုရှိအပ်သကဲ့သို့၊ အလုံးစုံသော မင်း၏ ကိစ္စတို့၌ ပြီးစီးအောင် ဆောင်ရွက်သော ဝန်ကြီးချုပ်ကဲ့သို့ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌ အလို ရှိအပ်၏။ ထိုကြောင့် သံယုတ်ပါဠိတော်မဟာဝဂ္ဂ(၁၀၀)၌ မြတ်စွာဘုရား ဟောထားတော်မူခဲ့တယ်။ သတိံ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ၊ သတိ ကို အလုံးစုံသော အရာဌာနတို့၌ အလိုရှိအပ်၏။ အကြောင်းမူကား ကုသိုလ် စိတ်သည် သတိလျှင် လည်းလျောင်းရာကိုးကွယ်ရာရှိ၏၊ သတိနှင့် ကင်း၍ စိတ်ကို ချီးပင့်ခြင်း နှိပ်ခြင်း မဖြစ်နိုင်၊ စောင့်ရှောက်ခြင်းလျှင် ရှေးရှုထင် သောအခြင်းအရာရှိ၏၊ ထိုကြောင့် မြတ်စွာဘုရား ဟောတော်မူခဲ့လေသည်။

သတိအရေးကြီးဆုံးဖြစ်သည်မှာ သတိပိုသည် လွန်သည်မရှိချေ။ အမြဲ လိုနေတတ်၏။ အခြား သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယတို့သည်ကား လို လျှင်လည်း လိုကြကုန်၏။ ပိုလွန်လည်း ပိုလွန်နေတတ်ကြကုန်၏။ ထိုကြောင့် သတိတလုံး အရေးကြီးဆုံး အဆုံးနိဗ္ဗူတာ ဟု ဆိုရိုးစကားရှိပေ၏။ သတိပြု တော်မူကြပါကုန်။

## သတိကင်း၍ စိတ်ကို ချီးပင့်ခြင်း၊ နှိပ်ခြင်း မဖြစ်နိုင်ဆိုသည်မှာ—

အကြင်အခါ၌ ထိုယောဂီပုဂ္ဂိုလ်အား အလွန်လျော့သော ဝီရိယ အစရှိသည်တို့ဖြင့် စိတ်သည် တွန့်ဆုတ်သည်ဖြစ်၏၊ ထိုအခါ ပဿဒ္ဓိ သမ္ဗောဇ္ဈင် အစရှိသော သုံးပါးသော ဗောဇ္ဈင်တို့ကို မပွားများအားမထုတ် ဘဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် အစရှိသည်တို့ကို ပွားများအားထုတ်စေအပ်၏။ ထိုကြောင့် မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ "အို ရဟန်းတို့- ဥပမာအားဖြင့် ယောကျ်ားတယောက်သည် အနည်းငယ်သော မီးကို တောက်စေလိုသည်ဖြစ်ရာ၏၊ ထိုယောကျ်ားသည် ထိုအနည်းငယ်သော မီး၌ စိုစွတ်သော မြက်တို့ကို ထည့်ရာ၏၊ စိုသော နွားချေးတို့ကို ထည့်ရာ၏။ စိုသော ထင်းတို့ကို ထည့်ရာ၏၊ ရေနှင့်ရောသော လေကိုလည်း ပေးရာ၏၊ မြေမှုန့်တို့ဖြင့်လည်း ကြဲလောင်းရာ၏"

"အို ရဟန်းတို့—ဤသို့ဖြစ်ခဲ့သော် ထိုယောကျ်ားသည် အနည်းငယ် သော မီးကို တောက်ထစေခြင်းငှာ ထိုက်ပါအံ့လော" "အရှင်ဘုရား ဤသို့ ပြုသဖြင့် အနည်းငယ်သော မီးကို တောက်ထစေခြင်းငှာ မဖြစ်နိုင်ပါ"

အို ရဟန်းတို့-ဤဥပမာအတူ အကြင်အခါ၌ စိတ်သည် တွန့်တို၏၊ ထိုအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို သမာဓိသမ္ဗောဇ္ဈင်ကို ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားများခြင်းငှာ အခါမဟုတ်။ အဘယ်ကြောင့်ဆိုသော် အို ရဟန်းတို့ စိတ်သည် တွန့်တိုဆုတ်နစ်၍ နေ၏။ ထိုစိတ်ကို ထိုဗောဇ္ဈင်တို့ဖြင့် ထကြွစေခြင်းငှာ မတတ်နိုင်ချေ။ အို ရဟန်းတို့—အကြင်အခါ၌ စိတ်သည် တွန့်တို ဆုတ်နစ်၏၊ ထိုအခါ ဓမ္မဝိစယသမ္ဗောဇ္ဈင်,ပီတိသမ္ဗောဇ္ဈင်,ဝီရိယသမ္ဗောဇ္ဈင်တို့ကို ပွားခြင်း၏ အခါကာလပေတည်း”

အဘယ်ကြောင့်ဆိုသော် “အို ရဟန်းတို့—စိတ်သည်တွန့်တိုဆုတ်နစ်၍ နေ၏၊ ထိုစိတ်ကို ထိုဗောဇ္ဈင်တို့ဖြင့် ထကြွစေခြင်းငှာ တတ်နိုင်၏၊ အို ရဟန်းတို့—ဥပမာအားဖြင့် ယောကျ်ားတဦးသည် အနည်းငယ်သော မီးကို တောက်ထစေလိုသည် ဖြစ်ရာ၏။ ထိုယောကျ်ားသည် ထိုမီး၌ ခြောက်သွေ့သော မြက်တို့ကို ထည့်ရာ၏၊ ခြောက်သွေ့သော နွားချေးတို့ကို ထည့်ရာ၏၊ ခြောက်သွေ့သော ထင်းတို့ကို ထည့်ရာ၏၊ နှုတ်သီးလေဖြင့်လည်း မှုတ်ရာ၏၊ မြေမှုန့်များကို မလောင်းမကြဲ”

“အို ရဟန်းတို့—ထိုယောကျ်ားသည် အနည်းငယ်သော မီးကို တောက်ထစေခြင်းငှာထိုက်ပါအံ့လော”“အရှင်ဘုရား ဤသို့ ဖြစ်မူကား မီးတောက်ခြင်းငှာထိုက်ပါ၏” ဟူ၍ ဖြစ်သည်။ဤဟောတော်မူချက်၌ အကြင်အကြင်တရားတို့မှာ မိမိတို့၏ အကြောင်း အာဟာရ၏ အစွမ်းဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် အစရှိသည်ကို ပွားများခြင်းကို သိအပ်၏။ ထိုကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်မှာ“အို ရဟန်းတို့-ကုသိုလ် အကုသိုလ်တရား၊ အပြစ်ရှိ မရှိတရား၊ ယုတ်ကုန် မြတ်ကုန်သော တရား၊မည်းညစ်သော အဖို့ ဖြူစင်သောအဖို့ ရှိသောတရားတို့သည် ရှိကြကုန်၏၊ထိုတရားတို့၌ လမ်းမှန်သော အကြောင်းဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့၊ဤသို့ပြုခြင်းသည် မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှာ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ပွားများခြင်း ငှာ၊ ထက်ဝန်းကျင်ပြည့်စုံခြင်းငှာဖြစ်၏။ထိုကြောင့် အကြောင်းအာဟာရမည်၏”

“အို ရဟန်းတို့—ထိုပြင် လက်ဦးအစ အားထုတ်မှု အာရမ္ဘဓါတ်ဝီရိယ၊ ပျင်းရိခြင်းမှ ထွက်မြောက်သော နိက္ကမဓါတ်ဝီရိယ၊ အဖန်တလဲလဲ စွဲစွဲမြဲမြဲအားထုတ်မှု ပရက္ကမဓါတ်ဝီရိယတို့သည် ရှိကြကုန်၏၊ ထိုသုံးပါး၌

အသင့် အားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့၊ ဤသို့ ပြုခြင်းသည် မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှာ၊ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်၏ အလွန်ဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ပွားများခြင်းငှာ၊ ထက်ဝန်းကျင်ပြည့်စုံခြင်းငှာဖြစ်၏။ ထို့ကြောင့် အကြောင်း အာဟာရမည်၏"

"အို ရဟန်းတို့—ထိုပြင် ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့၊ ဤသို့ ပြုခြင်းသည် မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းငှာ၊ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်၏ လွန်စွာဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ပွားများခြင်းငှာ၊ ထက်ဝန်းကျင်ပြည့်စုံခြင်းငှာဖြစ်၏၊ ထို့ကြောင့် အကြောင်း အာဟာရမည်၏" ဟု ဟောတော်မူ၏။ ထိုဟောတော်မူချက်၌ သဘာဝလက္ခဏာ သာမညလက္ခဏာတို့ကို ထိုးထွင်း၍ သိခြင်း၏ အစွမ်းဖြင့် ဖြစ်သော မနသိကာရသည် ကုသိုလ် အစရှိသည်တို့၌ ယောနိသော မနသိကာရမည်၏၊ အာရမ္ဘဓါတ် အစရှိသည်တို့ကို ဖြစ်စေသည်၏ အစွမ်းဖြင့် ဖြစ်သော မနသိကာရသည် အာရမ္ဘဓါတ် အစရှိသည်တို့၌ ယောနိသောမနသိကာရမည်၏။ ထိုသုံးပါးတို့တွင် အာရမ္ဘဓါတ်ဆိုသည်ကား လက်ဦးအစ အားထုတ်သော ဝီရိယကို ဆိုလို၏၊ နိက္ကမဓါတ်ဆိုသည်ကား ပျင်းရိခြင်းမှ ထွက်မြောက်တတ်သောကြောင့် ထိုအာရမ္ဘဓါတ်ထက် အားကောင်းသော ဝီရိယကို ဆိုလိုသည်။ ပရက္ကမဓါတ်ဆိုသည်ကား အဖန်တလဲလဲ အဆင့်ဆင့်တက်ခါ ဆထက်ဝီရိယများထက် လွန်ကဲထက်သန်သော ဝီရိယကို ဆိုလိုသည်။

## ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်း (၁၁)ပါး

၁။ အပါယဘယ ပစ္စဝေက္ခဏတာ၊ အပါယ်လေးပါး ဘေးတို့ကို ဆင်ခြင်သောအားဖြင့်၊

၂။ အာနိသံသ ဒဿာဝိတာ၊ ဝီရိယနှင့် စပ်သော လောကီ လောကုတ္တရာတရားထူးရခြင်း၏ အကျိုးအာနိသင်ကို ရှုသောအားဖြင့်။

၃။ ဂမနဝီထိ ပစ္စဝေက္ခဏတာ၊ ဘုရား ပစ္စေကဗုဒ္ဓါ မဟာသာဝက အရိယာတို့ ကြွသွားသောလမ်းခရီးကို ငါသည် သွားသင့် သွားအပ်၏၊

ထိုလမ်းသည်လည်း ပျင်းရိသောသူသည် သွားခြင်းငှာ မတတ်နိုင်ဟု ဤသို့လျှင် သူတော်ကောင်းတို့ သွားရာလမ်းစဉ်ကို ဆင်ခြင်သောအားဖြင့်၊

၄။ ပိဏ္ဍပါတာ ပစာနယတာ၊ ဆွမ်းဒါယကာတို့၏ အကျိုးကြီးသည့် အဖြစ်ကို ပြုခြင်းဖြင့်, ဆွမ်းကိုလှူစေသော အားဖြင့်,ဆွမ်းကို ပူဇော်တို ပူဇော်သောအားဖြင့်၊

၅။ ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏတာ၊ ငါသည် သူတော်ကောင်းတရားတည်းဟူသော မြတ်သောအမွေကို ခံယူအပ်၏၊ ထိုအမွေကိုပျင်းရိသောသူတို့သည် ခံယူခြင်းငှာမထိုက်၊ ဤသို့လျှင် အမွေခံခြင်း၏ မြတ်သောအဖြစ်ကို ဆင်ခြင်သောအားဖြင့်၊

၆။ သတ္တုမဟတ္တ ပစ္စဝေက္ခဏတာ၊ ငါ၏ ဆရာဖြစ်သောမြတ်စွာဘုရားသည် လုံ့လဝီရိယရှိသူ၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏၊ ထိုမြတ်စွာဘုရားသည် မလွန်ကျူးအပ်သော သာသနာရှိတော်မူ၏၊ ငါတို့အားလည်း များသော ကျေးဇူးရှိ၏၊ အကျင့်ဖြင့် ပူဇော်အပ်သည့်ရှိသော် ကောင်းစွာ ပူဇော်သည်မည်၏၊ ဤအကျင့်မှ တပါး ပူဇော်ခြင်းများသည် ပူဇော်သည် မမည်ဟု ဤသို့လျှင် ဆရာဖြစ်သော မြတ်စွာဘုရား၏ မြင့်မြတ်တော်မူသည့်အဖြစ်ကို ဆင်ခြင်သောအားဖြင့်၊

၇။ ဇာတိမဟတ္တ ပစ္စဝေက္ခဏတာ၊ ဇာတ်အမျိုးအနွယ် အားဖြင့် မြင့်မြတ်ပုံကို ဆင်ခြင်ခြင်းအားဖြင့် (ဒီ၊ ဌ၊ ၂။ ၃၇၈။ အရ ဖြစ်၏။) ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအရကား အလင်းရောင် အမှတ်ကို နှလုံးသွင်းခြင်း၊ ဣရိယာပုထ်ပြောင်းခြင်း၊ လွင်တီးခေါင်ကို မှီဝဲခြင်း စသည်တို့ဖြင့်(ခုနစ်မျိုးရှိ၏၊ အင်္ဂုတ္တိုရ်ပါဠိကြည့်ပါ)ထိနမိဒ္ဓကိုပယ်ဖျောက်သောအားဖြင့်ဆိုလို၏။ မှုကဲ၏။

၈။ သဗြဟ္မစာရိမဟတ္တ ပစ္စဝေက္ခဏတာ။ မိမိသီတင်းသုံးဖေါ်တို့၏ ကြီးကျယ်မြင့်မြတ်ပုံများကို ဆင်ခြင်ခြင်းအားဖြင့် မှုကဲ ဝိသုဒ္ဓိမဂ္ဂဋ္ဌကား သမ္မပ္ပဓာန်လေးပါးကို ဆင်ခြင်သောအားဖြင့် ဆိုလို၏။

၉။ ကုသိတ ပုဂ္ဂလ ပရိဝဇ္ဇနတာ၊ ပျင်းရိသောသူကို ရှောင်ကြဉ်ခြင်းအားဖြင့်၊

၁၀၊ အာရဒ္ဓဝီရိယ ပုဂ္ဂလ သေဝနတာ၊ လုံ့လဝီရိယ အားကောင်းသူကို မှီဝဲဆည်းကပ်ခြင်းအားဖြင့်၊

၁၁။ တဒဓိမုတ္တာ၊ ထိုဝိရိယသမ္ဗောဇ္ဈင်ကို စိတ်ညွတ်ကိုင်းသောအား ဖြင့် နှလုံးသွင်းသောသူအဖြစ်တို့သည် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်း ဖြစ်၏၊ အဒ္ဒကထာအဖွင့်ကား၊ အပါယ်ငရဲကျလျှင် ငါးပါးသော နှောင် ဖွဲ့ခြင်းတို့ဖြင့် နှိပ်စက်သောအခါမှစ၍ ကြီးစွာသောဆင်းရဲကို ခံစားနေရ သဖြင့် ဒီလိုဝီရိယမျိုးကို အားထုတ်ရန် မစွမ်းနိုင်ချေ။ တိရစ္ဆာန်ဘုံ ရောက်သောအခါ ငါးဖြစ်လျှင် ပိုက်ကွန်တို့မြုံးတို့ထောင်ပြီး အဖမ်းခံနေရ သဖြင့် အားမထုတ်နိုင်ချေ။ နွားဖြစ်လျှင်လည်း နှင်တန်၊ ဆူး၊ ကြိမ် စသည်တို့နှင့် ရိုက်နှက်ပုတ်ခတ်ခြင်းဖြင့် နှိပ်စက်ထိုးဆွအပ်သည်ဖြစ်၍ လှည်းကိုဆွဲနေရသဖြင့် တရားအားမထုတ်နိုင်ချေ။ ပြိတ္တာဘုံ ရောက်လျှင် အနှစ်တထောင် ပတ်လုံးရင်း၊ ဘုရားတဆူနှင့် တဆူကြားပတ်လုံးရင်း ငတ်မွတ်ခေါင်းပါး ရေမွတ်သိပ်ခြင်းတို့ဖြင့် နာကျင်ဆင်းရဲသော အခါ၌ တရားကို လုံ့လဝီရိယနှင့် အားမထုတ်နိုင်ချေ။

ကာလကိဉ္စက အသူရာ ဖြစ်ခဲ့သော် အတောင်ခြောက်ဆယ်၊ အတောင် ရှစ်ဆယ်ရှိသော အရိုးအရေမျှသော ခန္ဓာကိုယ်ဖြင့် လေနေပူအစရှိသော ဆင်းရဲခြင်းကို ခံစားနေရ၍ တရားအားထုတ်နိုင်ခြင်း မရှိပေ။ ဤကဲ့သို့ အပါယ်လေးပါးဘေး ဆင်ခြင်သော အားဖြင့် အပါယ်လွတ်အောင် လုံ့လ ဝီရိယဖြင့် ကြိုးစား အားထုတ်ရန်ဖြစ်၏။ နောက် မဂ်လေးပါး ဖိုလ်လေး ပါး နိဗ္ဗာန်တရားထူး ကိုးပါး လောကုတ္တရာ တရားတို့ကို ဝီရိယ ရှိသူသာ ရ၏။ ပျင်းရိသူမရချေဟု ဆင်ခြင် အားထုတ် ကြိုးစား၏။ ရှေးအရိယာ များ လမ်းစဉ်လိုက်လျှင် ကြိုးစား အားထုတ်ရန် ဆင်ခြင်ပြီးဖြစ်၏။

ပြည်သူတို့၏ ဆွမ်းကို ပူဇော်တု ပူဇော်တတ်သော ပုဂ္ဂိုလ်အဖြစ် ဆိုရာ၌လည်း ထိုဆွမ်း လှူဒါန်းသူတို့သည် သင်၏ အလုပ်အကျွေးလည်း မဟုတ်၊ ဆွေမျိုးလည်းမဟုတ်၊ ကျွန်လည်းမဟုတ်ကြကုန်၊ ထိုရဟန်းကို မှီပြီး အသက်မွေးဝမ်းကျောင်းရန်မဟုတ် ပြုလုပ်သော ကောင်းမှု၏ ကြီးမား သော အကျိုးရှိကုန်သည်ဖြစ်၍ မြော်လင့် တောင့်တလျက် ပေးလှူကြ ကုန်၏။

မြတ်စွာဘုရားကလည်း ပစ္စည်းလေးပါး သုံးဆောင်ပြီး ခန္ဓာကိုယ် ဝဖြိုးပြီး ချမ်းချမ်းသာသာ နေရန်အတွက် မဟုတ်ချေ၊ ရဟန်းတရားအား

ထုတ်၍ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်လိမ့်မည်ဟူ၍ နှလုံးသွင်းလျက် ပစ္စည်းလေးပါးတို့ကို ခွင့်ပြုတော် မူခဲ့လေ၏။ ဆွမ်းစားပြီး မျှင်းရိနေ၍ မဖြစ်၊ ဆွမ်းဒါယကာများ အကျိုးများရန် ပူဇော်တုံ့ပြုရပေမည်ဟု အား ထုတ်ရမည်ဖြစ်၏။

ဤတွင် ကဿကလိုဏ်မှာ နေတဲ့ အယျမိတ္တာထေရ်၏ ဆွမ်းခံရွာ၌ ဥပါသိကာမကြီး တယောက်ရှိရာ သူ့၌ သမီးပျို တဦးသာရှိ၏။ အယျ မိတ္တာထေရ်ကို သားကဲ့သို့ ကြည်ညို၍ အိမ်၌ အမြဲ ဆွမ်းလောင်း ဝတ်ပြု နေ၏။ ဟနေ့သောအခါ ဥပါသိကာမကြီး တောသို့ သွားခါနီး သမီးကို "ချစ်သမီး.... ဤနေရာ၌ ဆန်တောင်းရှိ၏၊ ထိုနေရာ၌ ထောပတ်ရှိ၏၊ နို့သည်ရင်း၊ တင်လဲသည်ရင်း ရှိကြကုန်၏၊ သင့်မောင်တော် အရှင်အယျ မိတ္တာထေရ် ကြွလာသောအခါ ဆွမ်းချက်၍ ထိုထောပတ်၊တင်လဲ၊ နို့တို့ကို လည်း လောင်းလှူလိုက်၊ ငါ့သမီးလဲ စားနှင့်၊ အမေ့အတွက်တော့ မနေ့က ချက်ပြီးသား ထမင်းကြမ်းနှင့် ပုန်းရည်ကြီးကို ငါစားပြီးပြီ၊ နေ့ခင်းကျ တော့ အမေ့အတွက် ဆန်ကွဲနှင့် ဟင်းရွက်ကို ပြုတ်ထားလိုက်၊ အဲဒါ ငါပြန်လာမှ စားမယ်"

ထိုစကားကို မထေရ်သည် သင်္ကန်းရုံ၍ သပိတ်ကို အိပ်မှ ထုတ်စဉ် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြား၏။ မိမိကိုယ်ကို မိမိဆုံးမလေ၏၊ "ဒိမွန် ပြုတ်တဲ့ ဆွမ်းလှူဒါနီးတာ ငါ့ထံက အဝတ်၊ လယ်မြေ စသည်တို့ကို တောင့် တ၍ မဟုတ်ချေ၊ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို အလိုရှိလို့ဘဲ၊ ဒီတော့ ရာဂ၊ ဒေါသ၊ မောဟတွေနဲ့ ဒီဆွမ်း အလှူခံစားလို့ မတော်ဘူး" သပိတ်ကို အိပ်တဲပြန်ထည့် ကမ္ဗတ်သီး ဖြုတ်၍ လိုဏ်ထဲ ဝင်ခဲ့လေ၏။ သပိတ် ကို ညောင်စောင်း အောက်၌ ထား၍ အပေါ်ရုံ သင်္ကန်းကို ချွတ်ပြီး စာန်းမှာ တင်လျက် အရဟတ္တဖိုလ်သို့ မရောက်မခြင်း မထွက်တော့ အံ့ဟု အဓိဋ္ဌာန် ဆောက်တည်ပြီးလျှင် တရားအားထုတ်ထိုင် နေ၏၊ ရှည်မြင့်စွာ သော နေ့ည ကာလပတ်လုံး မမေ့မလျော့သော သတိရှိသည် ဖြစ်၍ အားထုတ်နေသော ရဟန်းသည် ဝိပဿနာကို ရှုပွား၍ ဆွမ်းခံချိန်၌သာ လျှင် ရဟန္တာဖြစ်၍ ပဒုမ္မာကြာပန်း ပွင့်သကဲ့သို့ ရဟန္တာကြီးသည် သာ သာ ညှင်းညှင်း ပြုံးရယ်ခြင်းကို ပြုလျက် ထိုင်နေသည်။

လိုက်၍ စောင့်သောရှက္ခစိုးသည် "ကြောင်းကျိုးနှစ်တန် လှမ်းမှန်ကို ကောန်သိမြင်တတ်သော ယောကျ်ားမြတ်ဖြစ်သော အရှင်ဘုရား...၊ အကြင် အရှင်ဘုရား၏ အာသဝေါတွေကုန်ပါပြီ၊ ထိုအရှင်အား ကျွန်ုပ်သည် ရှိခိုးပါ၏။ ယောကျ်ားမြတ်ဖြစ်သော အရှင်ဘုရား....၊ အကြင် အရှင်ဘုရား၏ အာသဝေါတို့သည် ကုန်ပါပြီ၊ ထိုအရှင်အား ကျွန်ုပ်သည် ရှိခိုးပါ၏။ အကျွန်ုပ်အလား ချမ်းသာများသည့် အရှင်ဘုရား သင်သည် သီတင်းသည့် ဒါယကာမကြီး၏ အလှူကို ခံယူတော်မူလိုက်သည် ဖြစ်ပါ၏၊ ဤကဲ့သို့ ဥဒါန်းကျူး၍ အရှင်ဘုရားဆွမ်းခံဝင်ကြကုန်သော အရှင်ဘုရားကဲ့သို့သော ရဟန္တာတို့အား ဆွမ်းလောင်းလှူကြကုန်၍ မိန်းမကြီးတို့သည် ဆင်းရဲ အပေါင်းမှ လွတ်မြောက်ကြရပါလိမ့်မည်" ဟု လျှောက်၏။

မထေရ်သည် ထ၍ တံခါးကိုဖွင့်ပြီး ဆွမ်းခံချိန်ကို ကြည့်သော် စောသေးသည်ကို သိ၍ သပိတ်ကိုယူပြီး ဆွမ်းခံဝင်လေ၏။

သမီးပျိုသူငယ်မသည် ဆွမ်းကိုပြည့်စုံစေ၍ မောင်တော်ဆွမ်းခံကြွလာလိမ့်မည်ဟု စောင့်မြော်လျက်နေ၏။ မထေရ်ကြွလာသောအခါ သပိတ်ကို လှမ်းယူ၍ ထောပတ်တင်လဲတို့ဖြင့် ယှဉ်စပ်သော နွားနို့ဆွမ်းကိုလောင်း၏။ မထေရ်သည် မိန်းမငယ်အား ချမ်းသာခြင်းသည်ဖြစ်ပါစေသတည်း ဆုပေး၍ ပြန်ကြွလေ၏။ မိန်းမငယ်သည် မထေရ်ကို မျှော်ကြည့်ရာ မထေရ်၏ အရေအဆင်းသည် အလွန်သန့်ရှင်းစင်ကြယ်၏၊ ဣန္ဒြေတို့သည် အထူးကြည်လင်ကြကုန်၏၊ အညာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ မျက်နှာတော်သည် တင့်တယ်ကြည်ညိုဖွယ်ရှိပါပေ၏။

ဥပါသိကာမကြီးသည် တောမှ ပြန်လာ၍ သမီး၏ မောင်တော် ရဟန်းကြွလာသလားဟု မေး၏။ မိန်းမပျိုသည် ဖြစ်လေသော အကြောင်းကို ပြောကြားလေသည်။ ဥပါသိကာမကြီးသည် ယနေ့ ငါ၏ သားတော်သည် ရဟန်းကိစ္စ အပြီး အဆုံးသို့ရောက်ပြီဟု သိသဖြင့် "ချစ်သမီး.... သင်၏ မောင်တော်သည် မြတ်စွာဘုရားရှင် သာသနာတော်၌ အလွန်မွေ့လျော် ပျော်ပိုက်လေပြီ၊ ငြီးငွေ့စိတ်ပျက် လူထွက်ရန် မရှိတော့ချေ" ဟု ပြောဆို၏။

ဤဖြစ်ရပ်များကား သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)၌ ဖြစ်ခဲ့၍ အလွန်အားကျ အတုယူဖွယ်ကောင်းလှပေ၏။ ထိုသို့ မဖြစ်စေကာမူ ထိုနည်းတူစွာ ခုနစ် လ၊ ခုနစ်နှစ် စသည်ဖြင့် သေသည့်တိုင်အောင် တရားထူးမရမနေ ကြိုးစားအားထုတ် လုံ့လဝီရိယ ပြုသင့်ပါပေ၏။

### ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း(၁၁)ပါး

၁။ ဗုဒ္ဓါနုဿတိ၊ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို အာရုံပြုနှလုံးသွင်းခြင်း၊ ၂။ ဓမ္မာနုဿတိ၊ ၃။ သံဃာနုဿတိ၊ ၄။ သီလာနုဿတိ၊ ၅၊ စာဂါနုဿတိ၊ ၆။ ဒေဝတာနုဿတိ၊ ၇။ ဥပသမာနုဿတိဒီ ခုနစ်ပါး အကျယ်ကိုတော့ ပြည့်ပြည့်စုံစုံ လေ့လာသိရှိကြရန် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၌ ကြည့်ပါလေ။ အချိန်ကြာလွန်းမည် ဖြစ်၍ အတိုချုံးလျှောက်ထားရပါသည် ဘုရား။ ၈။ လူခပုဂ္ဂလပရိဝဇ္ဇနတာ၊ စိတ်ကြမ်းကိုယ်ကြမ်းပုဂ္ဂိုလ်များကို ရှောင်ကြဉ်ရမည်၊ ၉။ သိနိဒ္ဓပုဂ္ဂလ သေဝနတာ၊ ကိုယ်၊နှုတ်၊ စိတ် အမူအရာ သိမ်မွေ့နူးညံ့ ဘုရား တရား သံဃာ ကြည်ညိုဆည်းကပ်သူများကို မှီဝဲဆည်းကပ်ရမည်။

၁၀။ ပသာဒနီယ သုတ္တန္တ ပစ္စဝေက္ခဏတာ၊ ကြည်ညိုဖွယ်ရာဖြစ်သော သုတ္တန်တရားများကို ဖတ်ရှုလေ့လာနှလုံးသွင်းပေးရခြင်း။

၁၁။ တဒဓိမုတ္တ ထိုပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် စိတ်ညွတ်ကိုင်းခြင်း၊ နှလုံးသွင်းခြင်း။

တရားအားထုတ်၍ အထင်ကြီး ဘဝင်မြင့်ခြင်း၊ စိတ်ပျံ့လွင့်ခြင်းဖြစ်နေသောအခါ စိတ်ကို နှိမ်ရန် ဓမ္မဝိစယ၊ ဝီရိယ၊ ပီတိသမ္ဗောဇ္ဈင်တွေ အားမထုတ်ရဘူး။ ထိုအခါမျိုး၌ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာသမ္ဗောဇ္ဈင် သုံးပါးကိုသာ အားထုတ်ရမည်ဖြစ်ကြောင်း ယောဂီအပေါင်း သတိပြုသြပါကုန်လော့။ ဤကား အထူးတည်း။

### ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း (၇) ပါး

၁။ ပဏီတ ဘောဇန သေဝနတာ၊ မွန်မြတ်သော ဘောဇဉ်ကို မှီဝဲရမည်၊

၂။ ဥတုသုခသေဝနတာ၊သင့်လျော်ကောင်းမွန်သော ဥတုကို မှီဝဲရမည်။

၃။ ဣရိယာပထသုခ သေဝနတာ၊ သင့်လျော်ကောင်းမွန်သော ဣရိယာပုထ်ကို မှီဝဲရမည်။

၄။ မဇ္ဈတ္တပယောဂတာ၊ အလယ်အလတ်ဖြစ်သော ကာယိက ပယောဂအားထုတ်မှု ကမ္မဿကတာ ဆင်ခြင်သုံးသပ်၍ အလယ်အလတ် ကျင့်ခြင်း။

၅။ သာရဒ္ဓပုဂ္ဂလ ပရိဝဇ္ဇနတာ၊ ပူပန်သော ကိုယ်စိတ်ကြမ်း၍ ရမ်းသောသူ ရှောင်ကြဉ်ရခြင်း။

၆။ ပဿဒ္ဓကာယ ပုဂ္ဂလသေဝနတာ၊ ကိုယ်စိတ်ငြိမ်းချမ်းသောသူကို မှီဝဲရမည်။

၇။ တဒဓိမုတ္တတာ၊ ထိုပဿဒ္ဓိသမ္ဗောဇ္ဈင်ကို စိတ်ညွတ်ကိုင်းခြင်း၊ နှလုံးသွင်းခြင်း။

## သမာဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း (၁၁) ပါး

၁။ ဝတ္ထုဝိသဒကိရိယတာ၊ အတွင်းအပြင်ဝတ္ထုတို့သန့်ရှင်းစင်ကျယ်စေခြင်း။

၂။ ဣန္ဒြိယသမတ္တ ပဋိပါဒနတာ၊ ဣန္ဒြေတို့ညီမျှအောင် ကျင့်သုံးစေရခြင်း။

၃။ နိမိတ္တ ကုသလတာ၊ နိမိတ်၌ လိမ္မာသော အဖြစ်။

၄။ သမယေ စိတ္တဿ ပဂ္ဂဏှနတာ၊ အခါကာလအား လျော်စွာ စိတ်ကို ချီးမြှောက်ခြင်း။

၅။ သမယေ စိတ္တဿနိဂ္ဂဏှနတာ၊ အခါကာလအားလျော်စွာ စိတ်ကို နှိမ်သော အဖြစ်။

၆။ သမယေ သမ္ပဟံသနတာ၊ ဘာဝနာစိတ်ကို ရွှင်လန်းစေသင့်သောအခါ၌ ရွှင်စေခြင်း။

၇။ သမယေ အဇ္ဈုပေက္ခနတာ၊ အညီအညွတ်ကောင်းစွာဖြစ်သော စိတ်ကို လျစ်လျူရှုသော အဖြစ်။

၈။ အသမာဟိတပုဂ္ဂလ ပရိဝဇ္ဇနတာ၊ သမာဓိမရှိသောသူ စိတ်မတည်ကြည်သောသူကို ရှောင်ကြဉ်ရ၏။

၉။ သမာဟိတပုဂ္ဂလ သေဝနတာ၊ သမာဓိရှိသောသူ၊ စိတ်တည်ကြည်သူ မှီဝဲဆည်းကပ်ရ၏။

၁၀။ ဈာနဝိမောက္ခ ပစ္စဝေက္ခဏတာ၊ ဈာန်ဝိမောက္ခတို့ကို သက်ဝင်ဆင်ခြင်သော အဖြစ်။

၁၁။ တဒဓိမုတ္တတာ၊ ထိုသမာဓိသမ္ဗောဇ္ဈင်ကို စိတ်ညွတ်ကိုင်းခြင်း၊ နှလုံးသွင်းခြင်း အဖြစ်တို့သည် သမာဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတည်း။

## ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ကြောင်း (၅) ပါး

၁။ သတ္တမဇ္ဈတ္တတာ၊ သတ္တဝါတို့၌ လျစ်လျူရှုသော အဖြစ်။

၂။ သင်္ခါရမဇ္ဈတ္တတာ၊ သင်္ခါရတို့ကို လျစ်လျူရှုသော အဖြစ်။

၃။ သတ္တသင်္ခါရ ကေလာယန ပုဂ္ဂလပရိဝဇ္ဇနတာ၊ သတ္တဝါသင်္ခါရတို့ကို ငါ့လူ ငါ့ဟာ ငါ့ဥစ္စာဟု ကပ်ငြိစွဲလမ်းတတ်သူကို ရှောင်ကြဉ်သော အဖြစ်။

၄။ သတ္တသင်္ခါရ မဇ္ဈတ္တ ပုဂ္ဂလသေဝနတာ၊ သတ္တဝါသင်္ခါရတို့ကို လျစ်လျူရှုသော ပုဂ္ဂိုလ်အား မှီဝဲသော အဖြစ်။

၅။ တဒဓိမုတ္တတာ၊ ထိုဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်အောင် စိတ်ညွတ်ကိုင်းခြင်း၊ နှလုံးသွင်းခြင်း အဖြစ်တို့ပင်တည်း။

ပဌမ ကြီးပွားကြောင်းတရား ခုနစ်ပါး အဋ္ဌကထာဖွင့်သည်မှာ၊ အနိစ္စဟု အဖန်ဖန်ရှုသော အနုပဿနာပညာနှင့်တကွဖြစ်သော သညာသည် အနိစ္စသညာမည်၏၊ အနတ္တသညာစသည်တို့၌လည်း ထိုနည်းတူသာတည်း။ တေဘူမက သင်္ခါရတို့ကို အနိစ္စဟူ၍ ရှုကြောင်း ဖြစ်သော ပညာသည် အနိစ္စာနုပဿနာမည်၏၊ထိုပညာနှင့်တကွဖြစ်သော သညာကို ပွားများလျှင် ပညာကိုလည်း ပွားများအပ်သည်သာ မည်၏၊ ထိုကြောင့် ပါဠိတော်၌ 'အနိစ္စသညာ' စသည်ဖြင့် ဟောတော်မူအပ်လေသည်။ (တနည်း) သညာကို အဦးမူသဖြင့် ဝိပဿနာပညာကိုသာ ညွှန်ပြ ဟောခြင်းဖြစ်သည်။အနတ္တသညာ စသည်တို့၌လည်း ဤနည်းအတူသာတည်း။

ဤသညာခုနစ်ပါး ကြီးပွားကြောင်းတရားတို့အနက် ရှေ့ငါးပါး (အနိစ္စ၊ အနတ္တ၊ အသုဘ၊ အာဒီနဝ၊ ပဟာနသညာ) တို့သည် လောကီသာဖြစ်၏၊ နောက်နှစ်ပါး (ဝိရာဂနှင့် နိရောဓသညာ) ကား လောကီ၊ လောကုတ္တရာ အရာဖြစ်၏။ ဤကား အထူးမှတ်ရန် ဖြစ်ပေ၏။

## သာရဏီယတရား=ရဟန်းကို ကြီးပွားကြောင်းတရား ခြောက်ပါး

၁။ ရဟန်းတို့-ရဟန်းတို့သည် သီတင်းသုံးဖော်တို့၏ အပေါ်၌ မေတ္တာစိတ်ဖြင့် ပြုအပ်သော ကိုယ်အမှုအရာကို မျက်မှောက်မျက်ကွယ်၌ ရှေးရှုထင်စေကြသမျှကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွားကြောင်း ဖြစ်ပေ၏၊ ဆုတ်ယုတ်ရန် မရှိ။

၂။ သီတင်းသုံးဖော်တို့၏ အပေါ်၌ မေတ္တာစိတ်ဖြင့် ပြုအပ်သော နှုတ်အမှုအရာကို မျက်မှောက်မျက်ကွယ်၌ ရှေးရှုထင်ကြစေသမျှကာလပတ်လုံး....။

၃။ သီတင်းသုံးဖော်တို့၏ အပေါ်၌ မေတ္တာစိတ်ဖြင့် ပြုအပ်သော စိတ်အမှုအရာကို မျက်မှောက်မျက်ကွယ်၌ ရှေးရှုထင်ကြစေသမျှ....။

၄။ တရားနှင့် အညီရသော ပစ္စည်းလေးရပ် ဓမ္မိယလာဘ်ကို အယုတ်ဆုံးအားဖြင့် သပိတ်အတွင်းရှိ ဆွမ်းမျှကိုသော်လည်း သီးခြားခွဲ၍ မသုံးဆောင်ပဲ၊ သီလရှိသော သီတင်းသုံးဖော်တို့နှင့် သက်ဆိုင်စေ၍ သုံးဆောင်သမျှကာလပတ်လုံး....။

၅။ တဏှာ၏ ကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်ကုန်သော၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော၊ မှားယွင်းစွာ မသုံးသပ်အပ်ကုန်သော၊ သမာဓိကို ဖြစ်စေတတ်ကုန်သော၊ မကျိုး၊ မပေါက်၊ မကျား၊ မပြောက်ကုန်သော သီလတို့ဖြင့် ရဟန်းတို့သည် မျက်မှောက်မျက်ကွယ်၌ပင် သီတင်းသုံးဖော်တို့နှင့် သီလချင်းတူမျှလျက် နေကြသမျှ....။

၆။ နိဗ္ဗာန်သို့ ဆောင်တတ်သော အကြင် အရိယာ ပညာသည် ထိုပညာကို လိုက်နာပြုကျင့်သူအား ဆင်းရဲစင်စစ်ကုန်ခမ်းဖို့ရန် ဆောင်တတ်၏၊ ထိုသို့သော အရိယပညာအားဖြင့် ရဟန်းတို့သည် မျက်မှောက်မျက်ကွယ်၌ပင် သီတင်းသုံးဖော်တို့နှင့် ပညာချင်း တူမျှလျက် နေကြသမျှကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွားရန်သာရှိ၏။

## မေတ္တာတရား ရှေ့ထားဆောင်ရွက်ပုံများကား

ၸင်းအဋ္ဌကထာအဖွင့်၊ သိမှတ်ဖွယ် အလွန် ကောင်းသဖြင့် တင်ပြပါဦးအံ့။ (၁၊ ၂၊ ၃၊) ၌ ပါသော မေတ္တာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို

ပရိသတ် လေးပါးတို့တွင် ရဟန်းပရိသတ်က အမြတ်ဆုံးဖြစ်သောကြောင့် ရဟန်းတို့နှင့်စပ်၍ ဟောကြားတော်မူအပ်၏။ လူဝတ်ကြောင် ယောဂီတို့လည်း ရအပ်ကုန်၏။

ရဟန်းတို့အဖို့ရာ မေတ္တာစိတ်ဖြင့် ဝတ်ကြီး ဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းသည် မေတ္တာ ကာယကံ မည်၏။ လူတို့အဖို့ရာ စေတီတော်ကို ဖူးမြော်ရန် ဗောဓိပင်ကို ရှိခိုးရန် သံဃာတော်ကို ပင့်ဖိတ်ရန်သွားခြင်း၊ ရွာတွင်းသို့ ဆွမ်းခံဝင်လာသော ရဟန်းကို မြင်လျှင် ခရီးဦး ကြိုဆိုခြင်း၊ သပိတ်ကို ဆီးကြိုယူငင်ခြင်း၊ နေရာခင်းပေးခြင်း၊ ရဟန်း ပြန်ကြွသောအခါ လိုက်၍ပို့ခြင်း အစရှိသည်များသည် ကာယကံ မေတ္တာမည်၏။ ကိုယ်အမူအရာ မေတ္တာဆို၏။

ရဟန်းတို့အဖို့ရာ မေတ္တာစိတ်ဖြင့် လိုက်နာကျင့်သုံးရမည့် သိက္ခာပုဒ်များကို ပြောကြားမြခြင်း၊ ကမ္မဋ္ဌာန်းတရား ဟောကြား ပြသခြင်း၊ အခြားတရားဟောပြောခြင်း၊ အချုပ်အားဖြင့် ပိဋကသုံးပုံကို သင်ကြားပြသ ပို့ချပေးခြင်းသည် မေတ္တာဝစီကံ မည်၏။

လူတို့အဖို့ရာ "စေတီတော်ကို ဖူးမြော်ရန် သွားကြကုန်အံ့၊ ဗောဓိပင်ကို ဖူးမြော်ရန်သွားကြကုန်အံ့၊ တရားနာသွားကြကုန်အံ့၊ ဆီမီး ရေချမ်းပန်း ပူဇော်မှု ပြုကြကုန်အံ့။ (ဤအရာ၌ စွန်းလွန်းရာပြည့်ပူဇော်ပွဲ ပြုလုပ်ကြကုန်အံ့၊ သွားကြကုန်အံ့၊ တရားနာကြကုန်အံ့၊ လှူဒါန်း ပူဇော်ကြ ကုန်အံ့။)ကာယ၊ ဝစီ၊ မနော၊ သုစရိုက်သုံးမျိုးတို့ကို ကောင်းစွာဆောက်တည်၍ ကျင့်ကြကုန်အံ့၊ စာရေးတံဆွမ်း စသည်တို့ကို ပေးလှူကြ ကုန်အံ့၊ ဝါဆိုသင်္ကန်း ကပ်လှူကြကုန်အံ့၊ ယနေ့ သံဃာတော်အား ပစ္စည်းလေးပါးတို့ကို ပေးလှူကြကုန်အံ့။ (သံဃာတော်များ ပင့်ဖိတ် ပြီးလျှင်) ခဲဖွယ် ဘောဇဉ်တို့ကို စီမံကြကုန်လော့၊ နေရာတို့ကို ခင်းကြ ကုန်လော့၊ သောက်ရေကို တည်ထားကြကုန်လော့၊ သံဃာတော်များကို ခရီးဦးကြိုဆို၍ ပင့်ဆောင်ခဲ့ကြကုန်လော့၊ ခင်းထားအပ်ပြီးသော နေရာ၌ ထိုင်စေကြကုန်လော့၊ စေတနာ သဒ္ဓါတရားဖြင့် ထက်သန်သော ဆန္ဒ၊ လုံ့လတို့ဖြင့် ဝေယျာဝစ္စကို ပြုလုပ်ကြကုန်လော့" ဤသို့ ပြောဆိုသောအခါ မေတ္တာဝစီကံ မည်၏။

ရဟန်းတို့အဖို့ရာ စောစောထ၍ကိုယ်လက်သုတ်သင်ကာ စေတီယင်္ဂဏဝတ် စသည်တို့ကို ပြုလုပ်ပြီးလျှင် ဆိတ်ငြိမ်သော နေရာ၌ ထိုင်နေ၍ "ဤကျောင်းတိုက်အတွင်း၌ နေကြသော ရဟန်းတို့သည် ချမ်းသာကြ ပါစေ၊

ကျန်းမာကြပါစေ၊ ဘေးရန်ကင်းကြပါစေ။ စိုးရိမ်ခြင်း ဒုက္ခမရှိပါစေနှင့် မိမိကိုယ်ကို ချမ်းသာအောင် မင်္ဂလာဖိုလ်ရအောင် အားထုတ် နိုင်ကြပါစေ” ဤကဲ့သို့ မေတ္တာပွားများ ပို့သနေခြင်းသည် မေတ္တာမနောကံ မည်၏။

လူတို့အဖို့ရာ “အရှင်မြတ်တို့သည် ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ ဘေးရန် ကင်းကြပါစေ၊ စိုးရိမ်ကြောင့်ကြ မရှိပါစေနှင့် မင်္ဂလာဖိုလ် နိဗ္ဗာန်ရအောင် တရား အားထုတ်နိုင်ကြပါစေ၊ တရားထူး ယောကြွားနိုင်ပါစေ” စသည်ဖြင့် မေတ္တာပို့သ ပွားများနေခြင်းသည် မေတ္တာမနောကံ မည်၏။

## မျက်မှောက်မျက်ကွယ် မေတ္တာအကြောင်းကား

သီတင်းသုံး ရဟန်းတို့၏သင်္ကန်းချုပ်မှုစသည်ဘို့၌ မထေရ်ကြီးတို့က ကူညီဝိုင်းဝန်းပြုလုပ်ပေးခြင်းသည် မထေရ်ကြီး၏မျက်မှောက် မေတ္တာကာယကံမည်၏။သီတင်းသုံးတို့ကမထေရ်ကြီးတို့အား ခြေဆေးပေးခြင်း၊ ရှိခိုးခြင်း ယပ်လေခပ်ပေးခြင်း စသော အရိုအသေ ပြုမှုအားလုံးသည် သီတင်းသုံး တို့၏ မျက်မှောက်မေတ္တာ ကာယကံမည်၏။ (သမ္မုခါ မေတ္တာ ကာယကံ မည်၏။) သီတင်းသုံး ထေရ်ကြီးနှစ်ဦးတို့ အထားမတော်သော သစ်ဘဏ္ဍာ စသည်တို့ကို ထိုပစ္စည်းရှင် သီတင်းသုံး ထေရ်ကြီးတို့၌ မထိမဲ့မြင်မှု လုံးဝ မပြုပြ၊ မိမိပင်လျှင် အထားမတော်သည့် ဘဏ္ဍာများကို တရိုတသေ သိမ်းဆည်းခြင်းသည် မျက်ကွယ်မေတ္တာ ကာယကံမည်၏။ ပရမ္မုခါမေတ္တာ ကာယကံ မည်၏။

မျက်မှောက်ရှေ့တွင်စကားပြောဆိုသောအခါ “ဒေဝမထေရ်သူမြတ်၊ တိဿမထေရ်သူမြတ် ဤသို့ စသည်ဖြင့် ချိုးချိုးမြွောက်မြွောက် ပြောကြား ခြင်းသည် သမ္မုခါ မေတ္တာဝစီကံ မည်၏၊ မျက်မှောက် နှုတ်အမူအရာ မေတ္တာမည်၏”

ကျောင်းတိုက်၌ မရှိသော ရဟန်းကို မေးမြန်း လိုသောအခါ “အကျွန်ုပ်တို့၏ ဒေဝမထေရ်သူမြတ်သည် အဘယ်မှာနည်း၊ အကျွန်ုပ်တို့၏ တိဿမထေရ်သူမြတ်သည် အဘယ်မှာနည်း၊ အဘယ်အခါ ပြန်ကြွလာတော်မူပါမည်နည်း” ဤသို့ စသည်အားဖြင့် မြတ်နိုးကနာ ပြောကြား မေးမြန်း ခြင်းသည် ပရမ္မုခါ မေတ္တာဝစီကံ မျက်ကွယ်နှုတ်အမူအရာ မေတ္တာမည်၏။

မျက်မှောက်ထင်ထင် မေတ္တာ အစေးတို့ဖြင့် ပြေပြစ်သော စိုစွတ်သော မျက်လုံးတို့ကို ဖွင့်၍ အလွန်ကြည်လင် ရွှင်ပျသော မျက်နှာဖြင့် ကြည့်ရှုသောအခါ ယင်းသို့ ကြည့်ရှုကြောင်းဖြစ်သော မေတ္တာစိတ် စေတနာသည် မျက်မှောက်မေတ္တာမနောကံ သမ္မုခါမေတ္တာမနောကံ မည်၏။ (မေတ္တာအစေးဖြင့် ပြေပြစ်စိုစွတ်သော မျက်လုံးတို့ကို ဖွင့်ခြင်း၊ ကြည်လင်ရွှင်ပြသော မျက်နှာဖြင့် ကြည့်ရှုခြင်းများကား မေတ္တာကာယကံ ဖြစ်သည်။)

မျက်ကွယ်၌ "ဒေဝ မဒေသရ်သူမြဘ်၊ တိဿ မထေရ်သူမြတ်သည် ရောဂါအနာ ကင်းရှင်းတော်မူပါစေဟု နှလုံးသွင်းခြင်းသည်။ မျက်ကွယ်စိတ်အမူအရာမေတ္တာ ပရမ္မုခါ မေတ္တာ မနောကံ မည်၏"

(၄) ၌ သီးခြားခွဲသည်ဆိုရာတွင် အာမိသ (ပစ္စည်းလာဘ်)ကို သီးခြားခွဲမှု၊ ပုဂ္ဂိုလ်ကို သီးခြားခွဲမှုဟူ၍ နှစ်မျိုးရှိ၏၊ ထိုတွင် ဤမျှသော ပစ္စည်းလာဘ်ကို ငါပေးဝေအံ့၊ ဤမျှကိုကား ငါမပေးဝေအံ့၊ ဤကဲ့သို့စိတ်ဖြင့် ခွဲဝေမှုသည် အာမိသကို သီးခြား ခွဲမှုမည်၏။ ဤမည်သော ရဟန်းအား ငါပေးမည်၊ ဤမည်သောရဟန်းအား ငါမပေး၊ ဤကဲ့သို့ စိတ်ဖြင့်ခွဲဝေမှုသည်ကား ပုဂ္ဂိုလ်ကို သီးခြားခွဲမှု မည်၏။

သီလဝန္တ သီတင်းသုံးဖော်တို့နှင့် သက်ဆိုင်စေ၍ သုံးဆောင်သော ရဟန်း၏လက္ခဏာကား အကြင် အကြင်ကောင်းမွန်သော ဆွမ်းကို ရအပ်၏၊ ထိုထိုရအပ်သည့် မွန်မြတ်သော ဆွမ်းကို လာဘ်ကို ရှားမှီးခြင်းကို အဦးမူသဖြင့် လူတို့အားလည်းမပေး၊ မိမိကိုယ်တိုင်လည်း လက်ဦးမစား၊ သံဃာအား ခွဲဝေပေးပြီးမှ ကျန်လျှင် မိမိစား၏။ ခံယူစဉ်ကာပင် 'သံဃာနှင့်သက်ဆိုင်စေ' ဟူသောနှလုံးသွင်းဖြင့် ခံယူပြီးလျှင် ခေါင်းလောင်းကျောက်စည်ထိုး၍ စားသုံးရမည့် သံဃာလာဘ် သံဃိက ဥစ္စာကဲ့သို့ ရှုကြည့်၏။ ဤအကျင့်ကို သာသနာတော်၌ သာရဏီယဝတ် အကျင့်ဟူ၍ ခေါ်၏။

## သာရဏီယဝတ် ဆိုသည်မှာ

ဤသာရဏီယဝတ်အကျင့်ကို အဘယ်ရဟန်းသည် ကျင့်နိုင်သနည်း။ အဘယ်ရဟန်းသည် မကျင့်နိုင်သနည်းဟူမူ၊ ရှေးဦးစွာ ဒုဿီလရဟန်းသည် မပြည့်ကျင့်နိုင်၊ မှန်၏၊ ထိုဒုဿီလရဟန်း၏ ဥစ္စာကို သီလဝန္တရဟန်းတော်တို့သည် ဘယ်နည်းဖြင့်မျှ မခံယူကြကုန်၊ ထိုကြောင့် ဒုဿီလရဟန်းသည်

ဤသာရဏီယဝတ်အကျင့်ကို မဖြည့်ကျင့်နိုင်။ ထက်ဝန်းကျင် စင်ကျယ်သော သီလရှိသော ရဟန်းသည်သာ ဖြည့်ကျင့်နိုင်၏၊ ထိုသီလဝန္တရဟန်းသည်လည်း ဤသာရဏီယဝတ်အကျင့်ကို မကျိုးမပြတ်စေပဲဖြည့်ကျင့်ရ၏။ ထိုသာရဏီယ ဝတ် အကျင့်ဆိုသည်မှာ-

အကြင်ရဟန်းသည် ရည်ညွှန်းပိုင်းခြားမှုကို ပြု၍ အမိအားဖြစ်စေ၊ အဖအားဖြစ်စေ၊ ဆရာဥပဇ္ဈာယ် စသည်တို့အားဖြစ်စေ ပေးငြားအံ့၊ ထိုရဟန်းသည် ပေးသင့်သည်ကို ပေးသော ရဟန်းသာဖြစ်၏၊ သူ၏ပေးခြင်း သည် သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ခြင်းမဟုတ်ချေ၊ ပလိဗောဓကို သုတ်သင်ခြင်းဟူ၍သာ သာသနာတော်၌ ခေါ်၏၊ မှန်၏၊ ဤအကျင့်သည် ပလိဗောဓကျွတ်လွတ်ပြီးသော ရဟန်းအားသာ သင့်၏။

သာရဏီယဝတ်အကျင့်ကို တကယ်ဖြည့်ကျင့်လိုသော ရဟန်းသည် ရည်ညွှန်းပိုင်းခြားမှုပြု၍ ပေးလိုလျှင် သူနာရဟန်း၊ သူနာပြုရဟန်း၊ အာဂန္တုရဟန်း၊ ခရီးသွားနှင့် သင်္ကန်းကိုင်ပုံ သပိတ်ကိုင်ပုံ မကျွမ်းကျင် မလိမ္မာသေးသည့် ရဟန်းသစ် ဤသူများအား ပေးသင့်၏။ ပေးနိုင်၏။ ထိုသူများ ပေးပြီးနောက် (သပိတ်ထဲ၌ ဆွမ်းကျန်ရှိသေးလျှင်) မထေရ်ကြီး၏ နေရာမှ စ၍ (အနည်းငယ်သာ မပေးပဲ) ထေရ်ကြီး စသော ရဟန်းတို့ခံယူလိုသလောက် ပေးရာ၏။ သပိတ်ထဲ၌ ဆွမ်းကျန်မရှိခဲ့သော် (ဆွမ်းကုန်၍ ဆွမ်းခံရန် အချိန်ရှိသေးသော်) တဖန် ဆွမ်းခံလှည့်လည်၍ မထေရ်ကြီးကစ၍ ထိုအရှင် မြတ်တို့ အလိုရှိသမျှ မွန်မြတ်ရာဆွမ်းကို ပေးလှူပြီးမှ သပိတ်၌ ဆွမ်းကျန် သေးလျှင် မိမိစားရာ၏။ (သပိတ်၌လည်း ဆွမ်းမကျန်၊ ဆွမ်းခံချိန်ကလည်း မရှိတော့လျှင် စိတ်မပျက်ရ၊ မိမိဖြည့်ကျင့်အပ်သော သာရဏီယဝတ်အကျင့်ကို အောက်မေ့၍ ဝမ်းမြောက်နှစ်သက်စွာ ပီတိပါမောဇ္ဇဖြင့် နေရာ၏၊)

အထူးမှတ်ရန်ကား ပါဠိတော်၌ 'သီလရှိသော သီတင်းသုံးဖေါ် တို့နှင့် ဟူ၍ ဝိသေသနဖြင့် ဟောတော်မူအပ်သောကြောင့် ဒုဿီလရဟန်း အား မပေးရ၊ မပေးခြင်းငှာလည်း အပ်ပါ၏၊ ပေးလိုကလည်း သနား သဖြင့် ပေးနိုင်ပါ၏။ ဝတ်ကိုဖြည့်ကျင့်သော အနေဖြင့်ကား ပေးရန် မဟုတ်ချေ။

သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ပုံ အစီအရင်၌ ကောင်းစွာ တတ်သိကျွမ်းကျင် လိမ္မာသော သံဃာရှိသတ်၌ ဤသာရဏီယဝတ်အကျင့်ကို

ဖြည့်ကျင့်ရန် လွယ်ကူ၏၊ သံဃပရိသတ်က ထိုအကျင့်ကို ဖြည့်ကျင့်ပုံ အစီအရင်၌ မကျွမ်းကျင် မလိမ္မာသောပရိသတ်ဖြစ်လျှင် ဖြည့်ကျင့်ရန် မလွယ်ကူချေ၊ ဆင်းရဲလှပေ၏။

ကောင်းစွာတတ်သိ ကျွမ်းကျင်လိမ္မာသော သံဃ ပရိသတ် ဖြစ်က ဖြည့်ကျင့်ရန် လွယ်ကူချမ်းသာပုံမှာ၊ထိုတတ်သိကျွမ်းကျင်လိမ္မာသော သံဃပရိသတ်၌ အခြားမှ ဆွမ်းရသောရဟန်းသည် မခံယူချေ။ အခြားမှ ဆွမ်းမရသော ရဟန်းကလည်း (ထိုကျင့်သောရဟန်း ပင်ပန်းဆင်းရဲမှု မရှိစေရန်) အတိုင်းအရှည် ပမာဏနှင့် ယှဉ်၍သာလျှင် ခံယူ၏၊ အပိုအလျှံ မခံယူချေ၊ သို့ဖြစ်ရကား တတ်သိကျွမ်းကျင်လိမ္မာသော သံဃပရိသတ်ဖြစ်က ထိုသာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ရန် လွယ်ကူချမ်းသာလှ၏။

ထိုအကျင့်ကို ဖြည့်ကျင့်ပုံ အစီအရင်၌ မတတ်သိ မလိမ္မာ မကျွမ်းကျင်သော သံဃပရိသတ်၌ကား အခြားမှ ဆွမ်းရခဲ့သော ရဟန်းကလည်း လောဘတိုက်ကာ ခံယူတတ်၏၊ အခြားမှ ဆွမ်းမရသော ရဟန်းကလည်း အတိုင်းအရှည် ပမာဏထက် အပိုအလျှံ ခံယူတတ်၏၊ ထိုအခါ အချိန်ရှိသမျှ ထပ်ခါ ထပ်ခါ ဆွမ်းခံရ၊ ရသမျှကလည်းကုန်၊ ဝတ်ကျင့်သော ရဟန်းမှာ ဆွမ်းပြတ်ငတ်ရမှုနှင့် နေ့ဆက် ရက်ဆက်ကြုံရတတ်သောကြောင့် မတတ်သိ မကျွမ်းကျင် မလိမ္မာသော သံဃပရိသတ်ဖြစ်က ထိုသာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ရန် မလွယ်ကူချေ၊ ဆင်းရဲလှပေ၏။

## ဆယ့်နှစ်နှစ်ကြာအောင် ဖြည့်ကျင့်မှ အောင်မြင်၏

ဤဆိုအပ်ပြီးသောအတိုင်း ထပ်ခါ ထပ်ခါ ဆွမ်းခံ၍ ရတိုင်း ရတိုင်းသောဆွမ်းကို သီတင်းသုံးဖေါ် သီလဝန္တ ရဟန်းတော်တို့အား လှူဒါန်းသော(ဝတ်ဖြည့်သည့်)ရဟန်းအဖို့ရာမှာလည်း ဆယ့်နှစ်နှစ်တင်းတင်း ဖြည့်အောင် ဖြည့်ကျင့်မှ ဤသာရဏီယဝတ် အကျင့်ပြည့်စုံ အောင်မြင်လေသည်၊ ဆယ့်နှစ်နှစ်မပြည့်လျှင် မအောင်မြင်နိုင်။

အကယ်၍ ဆယ့်နှစ်နှစ် ပြည့်သောနေ့၌ သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်သောရဟန်းသည် ဆွမ်းဖြင့် ပြည့်သော သပိတ်ကို ဆွမ်းစားကျောင်း၌ထား၍ ရေချိုးရန်သွားနေစဉ် သံဃမထေရ်ကြီးက "ဤသပိတ်သည် အဘယ်သူ၏ သပိတ်နည်း" ဟု မေး၍ အခြားရဟန်းတို့က "သာရဏီယဝတ်

အကျင့်ကို ဖြည့်ကျင့်သောရဟန်း၏ သပိတ်ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားကြလေလျှင် သံဃမထေရ်ကြီးသည် "ထိုသို့ဖြစ်လျှင် ထိုသပိတ်ကိုယူခဲ့ကြလော့"ဟု မိန့်တော်မူကာ အလုံးစုံသောဆွမ်းကို ထေရ်စဉ်ဝါလိုက်ပေးဝေဘုဉ်းပေး၍ အချည်းနှီးသောသပိတ်ကို ထားငြားအံ့၊ ထိုနေ့၏မှ သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်သော ရဟန်းသည် ရောက်လာ၍ ဆွမ်းမရှိသောသပိတ်ကိုမြင်သော် "ငါ့အတွက်တာ လုံးဝမချန်ကြပဲ စားရက်ကြပေကုန်၏"ဟု နှလုံးမသာယာမှုဖြစ်စေခဲ့လျှင် သာရဏီယဝတ်အကျင့်ပျက်လေတော့၏။ နောက်ထပ် ဆယ့်နှစ်နှစ်ကြာ ဖြည့်ကျင့်ရပြန်၏။ မှန်၏၊ ဤသာရဏီယဝတ်အကျင့်သည် တိတ္ထိယပရိဝါသ်နှင့် တူ၏၊ တကြိမ်ကျိုးပြတ်လျှင် တဖန် အသစ်ထပ်ဖြည့်ကျင့်ရပြန်၏။ ထိုကျင့်ဝတ်ဖြည့်သောရဟန်းသည် ထိုကဲ့သို့ သီတင်းသုံးဖော်တို့က မိမိမျက်ကွယ်တွင် ဘုဉ်းပေးကြ၍ သပိတ်အချည်းနှီးကိုမြင်လေလျှင် "အော် ငါ၏ သပိတ်အတွင်းရှိ ဆွမ်းကို မပန်မကြားကြပဲပင် သီတင်းသုံးဖော် အရှင်သူမြတ် တို့သည် ဘုဉ်းပေးသုံးဆောင်တော်မူကြကုန်၏၊ ငါ့အဖို့ရာ အရတော်လေစွ" ဟု ဝမ်းမြောက်မှုကို ဖြစ်စေ၏။ ထိုရဟန်း၏ သာရဏီယဝတ် အကျင့်သည် ပြည့်စုံအောင်မြင်သည် မည်၏။

## သာရဏီယဝတ်ကို ဖြည့်ကျင့်ရခြင်းအကျိုးများ

၁။ ဤသို့ ဆယ့်နှစ်နှစ်ကြာ အောင်မြင်စွာ သာရဏီယဝတ် အကျင့်ကို ဖြည့်ကျင့်ပြီးသော ရဟန်း၏သန္တာန်၌ ကာလကြာမြင့်စွာ ပွားအပ်သောဘာဝနာဖြင့် ခါတွက် ပယ်ဖျောက်အပ်သောကြောင့် မနာလိုမှု (ဣဿာတရား) ဝန်တိုမှု (မစ္ဆရိယတရား) များမဖြစ်ပေ။

၂။ ထိုရဟန်းကို စွန့်ကြဲလေ့ရှိသည်၏ အဖြစ်ဖြင့် စင်ကျယ်သူ ဖြစ်သောကြောင့် မြင်မြင်သမျှ လူအပေါင်းတို့ကလည်း ချစ်ခင်မြတ်နိုးကြလေသည်။

၃။ ထိုရဟန်းသည် ဒါနနှင့် စပ်၍ ကုသိုလ်ဆန္ဒပြင်းပြအားကြီးသော ပုဂ္ဂိုလ်တို့၏ အလှူဒါနၡ ဤဘဝတွင်ပင် မစွည်းကို ရမှုတည်းဟူသောအာနိသံသအကျိုးပေးခြင်း သဘောရှိသောကြောင့် ပစ္စည်းလေးပါးကို လွယ်ကူစွာရရှိလေသည်။

၄။ သပိတ်အတွင်းရှိဆွမ်းဖြင့် ဆယ့်နှစ်နှစ်ကြာမြင့်သော ထူးမြတ်လှသည့် ဝတ်အကျင့်ကို မပြတ်အောင် ဖြည့်ကျင့်တော်မူခဲ့သောကြောင့် ထိုရဟန်း၏ သပိတ်အတွင်းရှိဆွမ်းသည် သူတပါးတို့အား မည်မျှပေးငြားသော်လည်း မကုန်မခမ်းနိုင်ချေ။

၅။ နေ့စဉ်နေ့တိုင်း မြတ်သော အလှူခံ သီတင်းသုံးဖေါ်တို့အား အကြီးအဦးမှုစ၍ ဆွမ်းဒါန အလှူပေးခဲ့သောကြောင့် သံဃာတော်များ ပစ္စည်းဥစ္စာဘဏ္ဍာ ခွဲဝေပေးရာ၌သာန၌ အကောင်းဆုံးအမြတ်ဆုံး ဘဏ္ဍာကို ရရှိ၏။

၆။ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့ကို ခွဲခြမ်းမှုမပြုပဲ၊ မိမိအတွက် ငဲ့ကွက်လိုစိတ်မရှိပဲ ကာလရှည်ကြာ ဒါနဝတ်ကို ဖြည့်ကျင့်ခြင်းဖြင့် ကြည်လင်စေအပ်သော စိတ်နှလုံးရှိခဲ့သောကြောင့် တစုံတရာသော ဘေးရန်ဆာလောင်မွတ်သိပ်ခြင်းများ(ဒုဗ္ဘိက္ခဘေးများ) ဖြစ်ပွား ဆိုက်ရောက်လာသောအခါ နတ်များက ထိုဘေးမှ လွှတ်မြောက်အောင် ကြောင့်ကြစိုက်ကူညီကြကုန်၏။

ရှည်နေပြီဖြစ်၍ ဝတ္ထုကြောင်းတွေ ထုတ်မပြတော့ပါဘူး၊ အလိုရှိလျှင် (သုတ်မဟာဝါ အဋ္ဌကထာ၊ ၁၂၃၊ ၁၂၆ အထိ)ကြည့်ကြပါကုန်လော့။ ဤအပရိဟာနိယ တရားများကို မြတ်စွာဘုရားသခင်သည် နေအထောင်၊ လအထောင်ထွက်ပေါ်လာ၍ ထွန်းလင်းတောက်ပသကဲ့သို့ရှင်း၊ လေးဖက်လေးတန်အိမ်နံရံအတွင်း၌ ဆီမီးတထောင်ထွန်းညှိထားသကဲ့သို့ရှင်း သာသနာတော် အရှည်တည်တန့်ရေး သာသနာ ထွန်းလင်းတောက်ပြောင်နေရေး အတွက် ဟောကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ဤအကျင့်များ ဖြည့်ကျင့်သင့်ပေ၏။

## စွန်းလွန်းရာပြည့် ပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း

ဤနေ့စွန်းလွန်းရာပြည့်ပူဇော်ပွဲတော်ကြီးကျင်းပရာ၌ ဤအပရိဟာနိယ တရားအရ တိုင်ပင်ဆွေးနွေးညီညွတ်ကြ၍ သာသနာတော် အကျိုးငှာ ပူးပေါင်းဆောင်ရွက်ကြရန် ညီလာခံသဘင်ပွဲကြီးလည်း ဖြစ်ပါပေ၏။ တရားပွဲကြီးလည်း ဖြစ်ပါပေ၏။ အာနာပါနဿတိဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် ပြည့်စုံအောင် အားထုတ်ကျင့်သုံး၍ မဂ်ဖိုလ်နိဗ္ဗာန်

ရကြောင်းအတွက် ပူဇော်ပွဲကြီး ကျင်းပရခြင်းဖြစ်ပါကြောင်း အစီရင်ခံပါ သည် အရှင်ဘုရားတို့၊ ယောဂီအပေါင်းသူတော်ကောင်းတို့။ ဤကား သီလ တည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း၊ သီလ၌ တည်၍ဖြစ် စေအပ်သော သမာဓိသည် များသော အကျိုးအာနိသင်ရှိ၏။သမာဓိ၌တည် ၍ ဖြစ်စေအပ်သော ပညာသည် များသောအကျိုးအာနိသင်ရှိ၏။ ပညာ၌ တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ တည်းဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင် ကောင်း စွာပင်လျှင် လွတ်မြောက်၏ဟု ဤတရားစကားကိုသာ ကြိမ်ဖန်များစွာ မြတ်စွာဘုရား နောက်ဆုံးအချိန် ပရိနိဗ္ဗာန်မပြုမီကလေးတွင် ဟောကြား ဆုံးမတော်မူခဲ့လေသည်။

ဝင်းအဋ္ဌကထာအဖွင့်က ဤစကားရပ်၌ သီလ၊ သမာဓိ၊ ပညာတို့အရ မဂ်၏ အဆောက်အဦဖြစ်သော လောကီစတုပါရိသုဒ္ဓိသီလ၊ လောကီဥပစာ ရသမာဓိ၊ အပ္ပနာသမာဓိ၊ လောကီဝိပဿနာပညာတို့ကို ယူရမည်။

"သီလ၌ တည်၍ ဖြစ်စေအပ်သော သမာဓိဟူရာ၌ သမာဓိအရ လောကုတ္တရာမဂ်သမာဓိ ဖိုလ်သမာဓိကို ကောက်ယူရာ၏။ ထိုမဂ်သမာဓိ၊ ဖိုလ်သမာဓိ နှစ်ပါးတို့တွင် မဂ်သမာဓိသည် အရိယာဖိုလ်ကည်းဟူသော များမြတ်သော အကျိုးရှိ၏။ (အကျိုးရင်းကို ဖလဟု ဆို၏။) ဝဋ္ဋဆင်းရဲ၏ ငြိမ်းအေးခြင်းတည်းဟူသော များမြတ်သော အာနိသင်ရှိ၏၊ (အကျိုး ဆက်အကျိုးများကို အာနိသံသဟု ဆို၏။) နောက် ဤလည်း ဤနည်း အတူတည်း။ ဖိုလ်သမာဓိသည် ကိလေသာတို့ကို ပဋိပဿဒ္ဓိပဟာန်ဖြင့် ပယ်ခြင်းတည်းဟူသော အကျိုးရင်း၊ ကိလေသာငြိမ်းအေးမှု (နိဗ္ဗုတိ) ချမ်းသာသုခကို ဖြစ်စေခြင်းတည်းဟူသော အကျိုးဆက်ရှိ၏"

သမာဓိ၌ တည်၍ ဖြစ်စေအပ်သော ပညာဟူရာ၌ ပညာအရ လောကုတ္တရာမဂ်ပညာ ဖိုလ်ပညာကို ကောက်ယူရာ၏။ ထိုပညာနှစ်ပါး၏ အကျိုးရင်း၊ အကျိုးဆက်များ မြတ်ပုံမှာ သမာဓိနှင့် အလားတူဖြစ်၏။

"ပညာ၌ တည်၍ ဖြစ်စေအပ်သော စိတ်ဟူရာ၌ ပညာအရ လောကီ ဝိပဿနာပညာ၊ ဈာန်သမာဓိနှင့်တကွ ဖြစ်သော ပညာတို့ကို ကောက်ယူ ရာ၏။ စိတ်အရ လောကုတ္တရာမဂ်စိတ် ဖိုလ်စိတ်တို့ကို ကောက်ယူရာ၏။

မဂ်စိတ်အည် သမုစ္ဆေဒပဟာန်အနေဖြင့်၎င်း၊ ဖိုလ်စိတ်သည် ပဋိပ္ပဿဒ္ဓိ ပဟာန်အနေဖြင့်၎င်း အာသဝတရားတို့မှ အရိပ်အမြွက်မျှ အငွေ့အသက်မျှ မကျန်ရအောင်လွတ်မြောက်၏" ဟု ဆိုလိုသည်။

ထိုကြောင့် သိက္ခာသုံးပါးအကျယ် မဂ္ဂရှစ်ပါးအကျယ်ဆုံး ဗောဓိပက္ခိယတရား (၃၇) ပါး ပြည့်စုံအောင် ပွားများအားထုတ်တော်မူကြ၍ မဂ်ဖိုလ်နိဗ္ဗာန်ရကြပါစေ။

ပူဇာရဟေ ပူဇယတော၊
ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စ သမတိက္ကန္တေ၊
တိဏ္ဏ သောက ပရိဒ္ဒဝေ။ (၁၉၅၊ ဓမ္မပဒပါဠိတော်။)
တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတော ဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊
ဣမေတ္တ မပိ ကေနစိ။ ။(၁၉၆၊ ဓမ္မပဒပါဠိတော်။)

ပူဇော်ထိုက်ကုန်သော တဏှာ မာန ဒိဋ္ဌိဟူသော သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးကုန်သော စိုးရိမ်ပူဆွေးငိုကြွေးခြင်းကို လွန်မြောက်ပြီးကုန်သော ဘုရားရှင်တို့ကို၎င်း၊ မြတ်စွာဘုရား၏ တပည့်တို့ကို၎င်း (ဘုရားတပည့်သာဝက ဖြစ်တော်မူသော စွန်းလွန်းဆရာတော်ကို၎င်း) ပူဇော်သောသူ၏ ကောင်းမှုကို ဤကောင်းမှုသည် ဤမျှရှိ၏ ဟုတ်တစုံတယောက်သောသူသည်လည်း ရေတွက်ခြင်းငှာ မတတ်နိုင်ချေ။

ဤကဲ့သို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သဖြင့် ဤနေ့ဤရက် ဤအချိန် ဤအခါ၌ ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရားကြီး၏ မွေးနေ့ အနှစ်တရာပြည့် အထိမ်းအမှတ်ပူဇော်ပွဲကြီး ညီလာခံသဘင်ပွဲတော်ကြီး၌ ကိလေသာငြိမ်းအေး၊ ဘေးရန်ကင်းဝေးသည့် သံသရာအေးနိဗ္ဗာန်ရရှိပြီးသော ဘုရားရဟန္တာတို့အား ဓမ္မပူဇာ အာမိသပူဇာဖြင့် လှူဒါန်းပူဇော်ရခြင်းသည် များစွာကောင်းမှုတိုးတက်စေ၏။ မဂ်ဖိုလ်ချမ်းသာဝိမုတ္တိအရသာ ခံစားရသော တပည့်သာဝကများသည် လွန်စွာ ဝမ်းမြောက် ဝမ်းသာ ပီတိဖြာ၍သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ထိုက်ပါပေ၏။ ထိုကြောင့် ကျင်းမ

ရလေပြီ။ ဤမြင်းခြံမြို့ စွန်းလွန်းဂူကျောင်းတိုက်၌ နှစ်စဉ် မွေးနေ့အထိမ်းအမှတ် ကျင်းပခဲ့လေသည်။ ယခုအချိန်ကား ကျယ်ကျယ်ပြန့်ပြန့် မြင်-- တနိုင်ငံလုံးရှိ ယောဂီများ သဒ္ဓါစေတနာတရားဖြင့် လာရောက်ပူဇော်ကြခြင်း၊ တိုင်ပင်နှီးနှော ဆွေးနွေး ညီညွတ်ကြခြင်း၊ အားသစ်လောင်းခြင်း ဉာဏ်သစ်လောင်း၍ တရားထူးရရန် ဖြစ်ပေ၏။

သုခါ ဗုဒ္ဓါန မုပ္ပါဒေါ၊
သုခါ သဒ္ဓမ္မ ဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊
သမဂ္ဂါနံ တပေါ သုခေါ။ (၁၉၄၊ ဓမ္မပဒပါဠိတော်။)

ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ (စွန်းလွန်းဆရာတော် ပေါ်ပေါက်လာခြင်းသည် မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာရရန် ဖြစ်ပါပေ၏။) သူတော်ကောင်း တရား (မဂ်ဖိုလ် ရကြောင်းတရား) ကို ဟောကြားတော်မူခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း ချမ်းသာခြင်း၏ အကြောင်း ဖြစ်ပါပေ၏။

သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်း ဖြစ်ပါပေ၏။ (ယခုကဲ့သို့ စွန်းလွန်း တပည့်သား ရဟန်းရှင်လူ ယောဂီ သီလရှင် အပေါင်း ညီညွတ် ပေါင်းဆုံ၍ ဓမ္မပူဇာ ပြုကြခြင်းသည် ချမ်းသာကြောင်း ဖြစ်ပေ၏။) စိတ်ဓာတ် ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်း ဖြစ်ပေ၏။ (စိတ်သဘော သီလအကျင့် တူမျှညီညွတ်ကြသော ဤစွန်းလွန်း ဥပနိဿယ အားထုတ်သော ယောဂီအပေါင်းသည် မဂ်ဖိုလ် ရကြောင်း အကျင့်ကောင်း ဖြစ်ပါပေ၏။ ချမ်းသာကြောင်း အထူး ဖြစ်ပါပေ၏။ ကျေးဇူးရှင် စွန်းလွန်းဆရာတော် ဘုရားကြီး ဟောကြားတော်မူခဲ့သော ဒိဿဝုဇာတ်တရား ဒေသနာအရ "ချစ်စကို ရှည်ကြပါစေ၊ ရန်စကို တိုကြပါစေ၊ ရန်ရန်ချင်း မတုံ့လျှင်းနှဲ့၊ ရန်တုံ့မှုက ရှည်လာတတ်လှ၏" ဟူသော ဆုံးမ ဩဝါဒကို နားဝင်၍ ကြားနာ သတိရလျက် ညီညွတ်ကြပါ၊ မဂ်တရားဖိုလ်တရားရအောင် အား ထုတ်ကြပါ။ အတ္တဟိတ၊ ပရဟိတ၊ အကျိုး သည်ပိုးထမ်းဆောင်၍ ကျွန်းခြားတိုက်ကြီး တရားပွားကြပါ၊ လောဘ၊ ဒေါသ၊ မောဟနှင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ပယ်ဖျောက် နိုင်ကြပါစေ။ ထိုတရားများ ဖြစ်လာ၍ ထိန်းနိုင်ကြပါစေ၊ စိတ်ပြင် ထားနိုင်ကြပါစေ၊

ယောဂီလူအများအတွက် ဘုရား၊ တရား၊ သံဃာတို့၌ ရိုသေလေးစားခြင်း သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ကျင့်ခြင်းဖြင့် ရိုသေခြင်း၊ သမာဓိပွားများ၍ သမာဓ်၌ ရိုသေခြင်း၊ မိတ်ဆွေကောင်းရှိခြင်း၊ ပညာရှိတို့ အဆုံးအမကို နာယူလွယ်ခြင်းနှင့် ပြည့်စုံကြပါစေ၊ နောက်တမျိုးကား၊ သူတော်ကောင်း အရိယာ ရဟန်းတို့အား ဖူးမြင်ရန် သွားမှု၌မဆုတ်ယုတ်ခြင်း၊ သူတော်ကောင်း တရား ကြားနာမှု၌ မမေ့မလျော့ခြင်း၊ သီလကျင့်သုံး ဆောက်တည်ခြင်း၊ ရဟန်းတို့၌ ကြည်ညိုမှုသည်လည်း အလွန်အလွန်ပွားများ၏၊ ချုပ်ချယ်လိုစိတ် မရှိမှု၍လည်း တရားကို ကြားနာရန် အလိုရှိ၏၊

ဤသာသနာတော်မှ အပ၌ တပါးသော အလျှခံ ပုဂ္ဂိုလ်ကို မရှာမှီး၊ ဤသာသနာတော်၌သာလျှင် ရှေးဦး အလှူကိုပြု၏။ ဤကား ဥပါသကာ၏ ပြည့်စုံကြောင်း တို့တည်းဟု မိန့်တော်မူ၏။ ထိုခုနစ်ပါးသည် မဆုတ်ယုတ်ကြောင်း တရားတို့ကို မှီဝဲသော ထိုဥပါသကာသည် သူတော်ကောင်းတို့၏ တရားမှ မဆုတ်ယုတ်၊ ကြီးပွားရန်သာ ဖြစ်ပေ၏။ အင်္ဂုတ္တိုရ် ပါဠိတော် ပရာဘဝသုတ် ဒုတိယ ပရိဟာနိယသုတ်၌ ပါရှိပေ၏။

ပဌမ ပရိဟာနိယသုတ်၌လည်း ၁။ အမှုသစ်၌ မမေ့လျော့မှု၊ ၂။ စကားပြောဆိုခြင်း၌ မမေ့လျော့မှု၊ ၃။ အိပ်စက်ခြင်း၌ မမေ့လျော့မှု၊ ၄။ အပေါင်းအဖေါ်တို့နှင့် စုရုံး နေထိုင်ခြင်း၌ မမေ့လျော့မှု၊ ၅။ ဣန္ဒြေတို့၌ တံခါးကို ပိတ်ထားမှု၊ ၆။ စားဖွယ်၌ အတိုင်းအရှည်ကို သိမှု၊ ၇။ သံဃာ၌ သံဃာ့ပြုဖွယ်ကိစ္စ ရှိကြကုန်ရာ ထိုကိစ္စတို့၌ ထိုသေက္ခရဟန်းသည် ဤသို့ဆင်ခြင်၏၊ "ရဟန်းဝါရင့်ကုန်သော၊ ရဟန်း သက်ရှည်ကုန်သော၊ သံဃာ့ဝန်ကို ဆောင်ကုန်သော မထေရ်ကြီးတို့သည်မိမိအား လျော်သော ထိုကိစ္စဖြင့် ထင်ရှား ကုန်လိမ့်မည်" ဟု ဆင်ခြင်၍ မိမိသည် ထိုမထေရ်ကြီးတို့ ပြုအပ်သော ကိစ္စတို့၌ အားထုတ်ခြင်းသို့ မရောက်၊ ဤကား သေက္ခရဟန်းတို့အား မဆုတ်ယုတ်ရန် ဖြစ်ကုန်သော တရား ခုနစ်ပါးတည်း။

ထို့အတူ လူများ၊ ဥပါသကာ အရိယာများသည် ထိုသုတ်ကို လေ့လာလိုက်နာ ကျင့်သုံးတတ်ရမည်၊ ယောဂီလူဆရာများသည် သံဃာကို ချုပ်ချယ်ခြင်း မပြုလုပ်ရန် သတိကြီးစွာ ထားသင့်ပေ၏၊ ထိုဆရာများ

မာနကြီးမှု၊ အဓိမာန ဖြစ်နေမှုကြောင့် တရားရရန် ခက်ခဲကြလေကုန်၏၊ သတိပြုကြပါလော့။

အာနာပါနဿတိ ယဿ၊
ပရိပုဏ္ဏာ သုဘာဝိတာ။
အနုပုဗ္ဗံ ပရိစိတာ။
ယထာ ဗုဒ္ဓေန ဒေသိတာ။
သောမံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ၊ (ထေရဂါထာ ပါဠိတော်)

မြတ်စွာဘုရား ဟောတော်မူတိုင်းသော (၁၆ပါးသော) အခြင်းအရာဖြင့် အာနာပါနဿတိကို ပြည့်စုံအောင် ကောင်းမွန်စွာ အစဉ်အတိုင်း ပွားများ လေ့ကျင့် အားထုတ်ပြီးသော ပုဂ္ဂိုလ်သည် တိမ်တိုက်မှ လွတ်ကင်းသော လမင်းကဲ့သို့ ဤသြကာသ လောကကို (မဂ်ဖိုလ်) ပညာဉာဏ်ရောင်ဖြင့် ထွန်းလင်း တောက်ပစေ၏။ အယံခေါ ဘိက္ခဝေ ကောဓမ္မော ဘာဝိတော ဗဟုလီကတော ကေန္တ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိတိ။ ငါ၏ချစ်သား ရဟန်းများတို့- ပွားများအပ် အဖန်ဖန် အလေ့လာပြုအပ်သော ဤတခုတည်းသော တရား (အာနာပါနဿတိ) သည် ကောန်စစ်စစ် အားဖြင့် ၁။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊ ၂။ တပ်မက်မှု ကင်းခြင်းငှာ၊ ၃။ ရာဂစသည်တို့ ချုပ်ခြင်းငှာ၊ ၄။ ကိလေသာတို့ ငြိမ်းအေးခြင်းငှာ၊ ၅။ လက္ခဏာယာဉ်သို့ တင်၍ အထူးသိခြင်းငှာ၊ ၆။ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ၊ ၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏ ဟု မြတ်စွာဘုရား သခင် အင်္ဂုတ္တိုရ် ပါဠိတော် ဧကဓမ္မ ပါဠိ၊ ပဌမဝဂ်၌ ဟောတော်မူခဲ့ပါသည် အရှင်မြတ်တို့ ဘုရား။

ထို့ကြောင့် အလွန်အားရှိစရာ ကောင်း၍ ရွှန်းလွှန်း ဥပနိသျှည်း ရကြသော ကျွန်ုပ်တို့မှာ အရိယာကျန်သေးသည် မိန့်တော်မူခဲ့သည့် အထဲ ပါအောင် ကြိုးစားကြပါကုန်လော့။

# စွန်းလွန်းရာပြည့်

## ပူဇော်ပွဲမင်္ဂလာ ပြုလုပ်ထိုက်ကြောင်း သာဓကဝတ္ထုများ

၁၉၅။ ပူဇာ ရဟေ ပူဇယတော၊
ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စ သမတိက္ကန္တေ၊
တိဏ္ဏ သောက ပရိဒ္ဒဝေ။

၁၉၆။ တေတာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတော ဘယေ။
န သက္ကာ ပုည သင်္ခါတုံ၊
ဣမေတ္တမပိ ကေနစိ။ (ဓမ္မပဒ၊ ၄၁၊ ဒု၊ ၁၆၃)

ပူဇာရဟေ=ပူဇော်ခြင်းငှာထိုက်ကုန်သော။ ပပဉ္စ သမတိက္ကန္တေ=တဏှာဒိဋ္ဌိမာနဟူသော သံသရာချဲ့တရား သုံးပါးတို့ကို လွန်မြောက်ပြီးကုန်သော။ တိဏ္ဏ သောကပရိဒ္ဒဝေ=စိုးရိမ်မှုဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ပြီးကုန်သော။ ဗုဒ္ဓေဝါ=သဗ္ဗညုဘုရားရှင်တို့ကို၎င်း။ ယဒိဝါ=ထိုမှ တပါး ပစ္စေကဗုဒ္ဓါတို့ကို၎င်း။ သာဝကေဝါ=ဘုရားတပည့်သား အရိယာ ရဟန္တာသာဝကတို့ကို၎င်း။ ပူဇယတော=ပူဇော်သော သူ၏၎င်း။ (ဤယခု စွန်းလွန်းရာပြည့် အထိမ်းအမှတ်ပူဇော်ပွဲမင်္ဂလာတော်၌၎င်း၊ ဘုရားတပည့် သာဝကအစစ် ရဟန္တာဖြစ်တော်မူသော ကျေးဇူးရှင် စွန်းလွန်းဆရာတော် ဘုရားကြီး၏ အနှစ်တရာပြည့်တွင် ဓမ္မပူဇာ အာမိသပူဇာဖြင့် ပူဇော်သော သူ၏၎င်း။)

တာဒိသေ=ထိုသို့ဆိုအပ်ခဲ့ပြီးသော သဘောရှိကုန်သော။ နိဗ္ဗုတေ=ကိလေသာမီး ငြိမ်းပြီးအမှန် နိဗ္ဗာန်ဝင်စံတော်မူကြကုန်သော။ အကုတောဘယေ=ဘဝအာရုံတစုံတခုမှ ဘေးရန်မခကြကုန်သော။ တေ=ထိုနိဗ္ဗာန်ဝင် စံကြကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကတို့ကို။ ပူဇယတော=ပူဇော်သောသူ၏၎င်း။ ပုညံ=ကောင်းမှုတို့ကို။ ဣမံ=ဤကောင်းမှုသည်။ ဧတ္တံ=အကျိုးဤမျှရှိ၏။ ဣတိ=ဤသို့။ ကေနစိ = ဗြဟ္မာ နတ် လူ

တစုံတယောက်သောသူသည်လည်း။ သင်္ခါတုံ=အကျိုးအာနိသင်အားဖြင့် ရေတွက်ခြင်းငှာ ပြောဆိုခြင်းငှာ။ န သက္ကာ=မတတ်ကောင်းချေ။ မတတ်နိုင်သောလျှင်ကတည်း။

ဤဂါထာကို ရှင်တော်ဂေါတမမြတ်စွာဘုရားသည် ကဿပဘုရား၏ ရွှေစေတီတော်ဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူလေ၏။

## ကဿပဘုရား၏ ရွှေစေတီဝတ္ထု

ရှေးဘုရားရှင်တို့ကဲ့သို့ ကြွလာတော်မူတတ်သည်၏ အဖြစ်ကြောင့် တထာဂတမည်တော်မူသော ဂေါတမနွယ်ဘွား ငါတို့၏ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်မှ ထွက်ခွာတော်မူခဲ့၍ အစဉ်အတိုင်းအားဖြင့် ဗာရာဏသီပြည်သို့ကြွသွားတော်မူသည်ရှိသော်၊ လမ်းခရီးအကြား တောဒေယျပုဏ္ဏားရွာအနီး၌ များစွာသော ရဟန်းသံဃာအပေါင်း ခြံရံတော်မူလျက် အမှတ်မရှိ တခုသော နတ်ကွန်းနေရာသို့ ကောင်းစွာရောက်တော်မူလေသည်။ ထိုအရပ်၌ သီတင်းသုံးနေထိုင်တော်မူသော မြတ်စွာဘုရားသည် တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာကို စေလွှတ်တော်မူ၍ မနီးမဝေးသော အရပ်၌ လယ်ထွန်ခြင်း အမှုကို ပြုလျက် နေသော ပုဏ္ဏားကို ခေါ်ခိုင်းတော်မူလိုက်လေ၏။

ထိုလယ်သမားပုဏ္ဏားသည် လာရောက်ပြီးလျှင် မြတ်စွာဘုရားကိုကား ရှိမခိုးပဲ ထိုနတ်ကွန်းနေရာကိုသာလျှင် ရှိခိုးလျက် ရပ်တည်နေလေ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်လည်း "ပုဏ္ဏားကြီး ဤနေရာကို အဘယ်အရာဝတ္ထုဟူ၍ မှတ်ထင် အောက်မေ့ဘိသနည်း"ဟု မိန့်တော်မူလေ၏။

"အရှင်ဂေါတမ ဤနေရာကား အကျွန်ုပ်တို့၏ အစဉ်အဆက်မှ လာသော စေတီနေရာဟူ၍ အမှတ်ပြုကာ ရှိခိုးပါသည်"ဟု ဖြေဆိုသောအခါ "ပုဏ္ဏားကြီး ဤနေရာကို ရှိခိုးသော သင်သည် ကောင်းသောအမှုကို ပြုအပ်ပေ၏တကား"ဟု မြတ်စွာဘုရားသည် ထိုပုဏ္ဏားကြီးကို ကောင်းစွာ ရွှင်လန်းဝမ်းသာစေတော်မူလေ၏။

## သံသယပယ်ဖျောက်၍ ရွှေစေတီတော်ကြီးပေါ်ပေါက်လာပုံ

ထိုစကားကို ကြားရသောအခါ ရဟန်းတို့သည် "အဘယ်သို့သော အကြောင်းဖြင့် မြတ်စွာဘုရားသည် ဤသို့ကောင်းစွာ ရွှင်လန်းဝမ်းသာ စေတော်မူဘိသနည်း" ဟု ယုံမှားသံသယကို ဖြစ်ကြလေကုန်၏။ ထို့နောက် မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ ယုံမှားသံသယကို ပယ်ဖျောက်ခြင်းငှာ မဇ္ဈိမနိကာယ်၌ လာသော ဃဋိကာရသုတ္တန်ကို ဟောတော်မူပြီးလျှင် တန်ခိုး အာနုဘော်တော်အားဖြင့် ကဿပမြတ်စွာဘုရား၏ တယူဇနာအမြင့်ရှိသော ရွှေစေတီတော်ကိုင်း၊ စာဆူသော အခြား ရွှေစေတီတော်ကိုင်း ကောင်း ကင်၌ ဖန်ဆင်းတော်မူ၍ များစွာသော လူအပေါင်းကို ထုတ်ဆောင်ပြ တော်မူပြီးလျှင် ဖူးမြင်စေတော်မူလျက် "ပုဏ္ဏားကြီး–ဤသို့ သဘောရှိ ကုန်သော၊ ပူဇော်ခြင်းငှာ ထိုက်ကုန်သော စေတီတော်တို့အား ပူဇော်ရခြင်း သည် အထူးအားဖြင့် သင့်လျော်သည်သာတည်း" ဟု မိန့်တော်မူ၏။ မဟာ ပရိနိဗ္ဗာနသုတ္တန်၌ ဟောကြားတော်မူအပ်သော နည်းအားဖြင့်သာလျှင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသာဝကနှင့် စကြာဝတေးမင်းဟု ဆိုအပ် သော လေးဦးသော စေတီထိုက်သော ပုဂ္ဂိုလ်တို့ကို ညွှန်ပြတော်မူပြီးလျှင် ကိုယ်တော်ဓါတ်တော် စသော သရီရစေတီတော်ကိုင်း၊ ရုပ်ပွားဆင်းတုဟူ သော ဥဒ္ဒိဿစေတီတော်ကိုင်း၊ သက်န်းစသော ပရိက္ခရာနှင့်တကွ သဗ္ဗညုတ ဉာဏ်တော် ရရှိတော်မူသော မဟာဗောဓိပင် စသော ပရိဘောဂစေတီ ကိုင်း၊ ဤသို့သော စေတီတော် သုံးမျိုးတို့ကို အထူးအားဖြင့် ပူဇော်ရှိခိုး ထိုက်၊ တည်းထားကိုးကွယ်ထိုက်ကြောင်းကို ဟောပြတော်မူ၍ အထက်ပါ ဂါထာတို့ကို ဟောကြားတော်မူလေ၏။

ထိုသို့ သက်တော်ထင်ရှားရှိသော ဘုရားအစ ရှိသည်တို့ကိုင်း၊ ပရိနိဗ္ဗာန်ပြုပြီးသော ဘုရားအစရှိသည်တို့ကိုင်း ပူဇော်သောသူ၏ ကောင်း မှုအကျိုးသည် မရေမတွက်နိုင်သောကြောင့်သာလျှင် ဝိမာနဝတ္ထုပါဠိ တော်၌–

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊
သမံ စိတ္တေ သမံ ဖလံ။
စေတော ပသာဒ ဟေတုမှိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ။

တိဋ္ဌန္တေ စ=သက်တော်ထင်ရှားဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာသာဝကတို့၌ရှင်း။ နိဗ္ဗုတေစာပိ=ပရိနိဗ္ဗာန်ပြုသွား ဘုရားအစရှိသည်တို့၌ရှင်း။ စိတ္တံ=စိတ်သည်။ သမံ=အညီအမျှထားသည်ရှိသော်။ ဖလံ=အကျိုးတရားသည်။ သမံ=ညီမျှညီတူဖြစ်လေ၏။ စေတောပသာဒဟေတုမှိ=စိတ်ထားကြည်ညိုခြင်းအကြောင်းကြောင့်။ သတ္တာ=သတ္တဝါတို့သည်။ သုဂတိံ=လူနတ်ဗြဟ္မာ ကောင်းရာဘဝသို့။ ဂစ္ဆန္တိ=လာကြရောက်ကြကုန်၏။ ဤသို့ ဟောတော်မူလေပြီ။

## သောတာပန်လယ်သမားနှင့် လူထုအကျွတ်တရားရပုံ

ဒေသနာတော် အဆုံး၌ ယိုလယ်သမားပုဏ္ဏားကြီးသည် သောတာပန်ဖြစ်လေ၏။ တယူဇနာရှိသော ရွှေစေတီတော်ကြီးသည် ခုနစ်ရက်ပတ်လုံး ကောင်းကင်၌သာလျှင် တည်ရှိလေ၏။ အလွန်ကြီးကျယ် များပြားသော လူထုအစည်းအဝေးကြီးသည်လည်း ဖြစ်လေ၏။ ခုနစ်ရက်ပတ်လုံး စေတီတော်ကြီးကို အထူးထူးအပြားပြားအားဖြင့် ပူဇော်ကြလေကုန်၏။ ထိုအခါ ပျက်စီးမှားယွင်းသော အယူဝါဒ ရှိသော မိစ္ဆာဒိဋ္ဌိတို့အား ထိုမိစ္ဆာအယူဝါဒ ပျက်စီးခြင်းသို့ ရောက်လေ၏၊ ဘုရားရှင်၏ တန်ခိုးတော် အာနုဘော်အားဖြင့် ထိုစေတီတော်ကြီးသည် မိမိနေရာသို့သာ ရောက်သွားလေ၏၊ ပျောက်ကွယ်သွားလေ၏၊ ထိုနေရာ၌သာလျှင် တို့ခဏ္ဍ ကြီးကျယ်သော ကျောက်စေတီ တဆူ ဖြစ်ပေါ် လာတော်မူလေ၏၊ ထိုလူထု အစည်းအဝေး ပူဇော်ပွဲကြီး၌ ရှစ်သောင်း လေးထောင်သော သူတို့အား သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်လေ၏။

## သုဓါပိဏ္ဍိယတ္ထေရ အပါဒါန် ဝတ္ထု

အထက်ပါ ပူဇာရဟေ ပူဇယတော စသော ဂါထာ နှစ်ပုဒ်သည် သုဓါပိဏ္ဍိယတ္ထေရအပါဒါန် ပါဠိတော်၌ လာရှိလေ၏၊ ထိုကြောင့် ထိုမထေရ်မြတ်၏ အပါဒါန်တရား ဖြစ်ပုံကို ပြဆိုအံ့-

၁။ ပပဉ္စတရား (သံသရာ၌ရှည်စေတတ်သော တရား) ကိုကို လွန်မြောက်ပြီးသည်ဖြစ်၍ စိုးရိမ် ပူဆွေးခြင်း (သောက) နှင့် ငိုကြွေး မြည်တမ်းခြင်း (ပရိဒေဝ) တို့ကိုလည်း လွန်မြောက်သော ပူဇော်ထိုက်

သော မြတ်စွာဘုရား (ပစ္စေကဗုဒ္ဓါ) တို့ကို ပူဇော်သော သူ၏ရင်း၊ ထိုမှ တပါး(ရဟန္တာသာဝက) တပည့်သားတော်တို့ကို ပူဇော်သောသူ၏ရင်း။

၂။ ပရိနိဗ္ဗာန်ပြုပြီးသည်ဖြစ်၍ ဘေးရန်တစုံတရာမရှိ ကုန်သော ထိုကဲ့သို့သော ဘုရား (ပစ္စေကဗုဒ္ဓါ) ရဟန္တာ သာ ဝက တို့ ကို ပူဇော်သောသူ၏ရင်း၊ ကောင်းမှု၏ အဟုန်အစုကို (ဤနတ်နှင့်တကွသော လူ့အပေါင်းတို့တွင်) တစုံတယောက်သော နတ် လူသည်သော်လည်း ဤမျှ. ဤမျှ အကျိုးရ၏ဟု ရေတွက် ပြောဆိုခြင်းငှာ မတတ်နိုင်။

၃။ အကြွမ်သူသည် ဤလောက၌ လေးကျွန်းလုံးတို့ကို အစိုး ရသော စကြာဝတေးမင်း အဖြစ်ကို ပြုရာ၏။ ထိုသူ၏ လေးကျွန်းလုံးကို အစိုးရခြင်းသည် တကြိမ်ပူဇော်ရခြင်း၏ တဆယ့်ခြောက်စိတ်စိတ်၍ တစိတ် မျှ မမှီနိုင်။

၄။ လူတို့ထက် မြတ်သော သိဒ္ဓတ္ထမြတ်စွာဘုရား၏ စေတီတော်၌ ကွဲအက်သော အကြား၌ ငါသည် အထူးသဖြင့် ကြည်လင်သော စိတ်ဖြင့် အင်္ဂတေစိုင်ကို လှူဒါန်းခဲ့၏။

၅။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာ အထက်၌ စေတီတော် ၌ ပြင်ဆင်မှုကို ပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် စေတီတော်ကို ပြင်ဆင်ရခြင်း၏ အကျိုးပေတည်း။

၆။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာသုံးဆယ်အထက်၌ ရတနာ ခုနစ်ပါးတို့ နှင့် ပြည့်စုံသော ပင်္ဂသင်္ခါရ အမည်ရှိကုန်သော စကြာဝတေးမင်းတို့သည် တဆယ့်သုံးကြိမ် ဖြစ်ဘူးကုန်၏။

၇။ လေးပါးသောပဋိသမ္ဘိဒါတို့ကိုရင်း၊ ရှစ်ပါးသော ဤဝိမောက္ခ တို့ကိုရင်း၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုရင်း မျက်မှောက်ပြုအပ် ပါကုန်ပြီ၊ မြတ်စွာ ဘုရား၏ အဆုံးအမ တော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။ ဤသို့လျှင် အချင်သုဓါပိဏ္ဍိယ မထေရ်မြတ်သည် ဤဂါထာတို့ကို မိန့်ဆို တော်မူ၏။

(ထိုကြောင့် ယနေ့ စွန်းလွန်းရာပြည့် ပူဇော်ပွဲကြီး၌ ပရိနိဗ္ဗာန် ပြုပြီး တော်မူသော စွန်းလွန်း ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်ကော် ကို ယနေ့တိုင် မပုတ်မသိုး တည်ရှိလျက် မျက်မြင်ကိုယ်တွေ့ သာကေပြုလျက် သံသရာအေးဇေတီတော်ကြီးအတွင်း၌ ဌာပနာ ထားရှိပေ၏။ ဇေတီ တော် အက်ကွဲရာ၌ ပြင်ဆင်ခြင်း၊ ရွှေချခြင်း၊ ထီးတော် အသစ်တင်ခြင်း စသော လှူဒါန်း ပူဇော် ရှိခိုးကန်တော့၍ မြတ်စွာ ဘုရားဟော အာနာပါ နဿတိ ကမ္မဋ္ဌာန်းကို ကျေးဇူးရှင် စွန်းလွန်း ဆရာတော် ဘုရားကြီး ပဉ္စနိ သျှည်းဖြင့် ယခုဘဝ၌ပင်လျှင် ဒိဋ္ဌဓမ္မနိဗ္ဗာနသုခ သန္တိရသာ ခံစားရအောင် ဓမ္မပူဇာဖြင့် ကြိုးစား အားထုတ်ကြရကုန်၏။ အသက်ပါ ဝတ္ထုသက်သော များကြောင့် အလွန်အားထုတ် ဝမ်းမြောက်စရာ ကောင်းလှပါပေ၏။ မိတိ သောမနဿဖြစ်၍ မိမိအားထုတ်ခဲ့သော တရားထူးကိုလည်း ဆင်ခြင် သုံးသပ် ပွားများ စည်ပင်တိုးတက် မြင့်မြတ်စေနိုင်ပါပေ၏၊ တရားဖြင့် အမြတ်ဆုံး ပူဇော်ခြင်းကိုလည်း စာတွေ့ ငါတွေ့ ခန္ဓာ ဉာဏ်တွေ့ဖြင့် ဝမ်းမြောက်စွာ ပူဇော်နိုင်ကြပါစေ။ စွန်းလွန်း ဆရာတော် ဘုရား၏ ခြေရာနင်း၍ အရဟတ္တဖိုလ် ချမ်းသာအထိ အမြတ်ဆုံးပန်းတိုင် ရအောင် ရောက်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေ။

## စိတ်ထားတူညီ၍ အကျိုးတရားထူးရပုံတူညီ၏

၇၂။ အဋ္ဌဒသီ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူသည် ရှိတော် (စံလွန်သည်၏) အခြားမဲ့ (ငါသည်) ဘီလူးမျိုး၌ဖြစ်၏။ ထိုအခါ ငါသည် အခြံအရံနှင့်ပြည့်စုံခြင်းသို့ ရောက်၏။

၇၃။ ငါ့အား စင်းစ် [illegible] မြင်း[illegible] ဖြစ်၏။ [illegible] သော မိုးလင်းရခြင်း၊ မ[illegible]ကောင်းသော ထခြင်းသည် ဖြစ်၏။ (အဘယ်ကြောင့် ဆိုသော်) ငါ့အား စည်းစိမ်ဥစ္စာ ရှိပါလျက် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံရ၏။

၇၄။ သာဂရမည်သော [illegible] ငါ၏ [illegible] ငါ့ကို ကယ်တင်လိုသောကြောင့် ငါ၏ [illegible] ကြလာတော်မူ၏။

၇၅။ ကောင်းသော ပညာရှိ [illegible]ကြောင့် [illegible]၊ မကြောက်လင့်၊ တရားကို ကျင့်လော့။ မြတ်စွာဘုရားသည် [illegible] သူတို့အား ကောင်းမှုမျိုးစေ့၏ပြည့်စုံခြင်းကို ပေးတော်မူ၏။

၇၆။ အကြင်သူသည် လူဘို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်သော သက်တော် ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရာ၏၊ အကြင်သူသည်ကား ပရိနိဗ္ဗာန် စံတော်မူသော မြတ်စွာဘုရား၏ မုန်ညင်းစေ့ ခန့်မျှလည်း ဖြစ်သော ဓာတ်တော်ကို ပူဇော်ရာ၏။

၇၇။ စိတ်၏ ကြည်ညိုခြင်းတူမျှသော် မြတ်သည်၏အဖြစ်သို့ရောက်သော ကောင်းမှုသည် တူမျှ၏၊ ထို့ကြောင့် ဘုရားရှင်၏ ဓာတ်တော်တို့ကို ပုထိုးစေတီပြုလုပ်၍ ပူဇော်လော့(ဟုမိန့်၏)။

၇၈။ ငါသည် သာဂရမင်းထေရ်၏စကားကို ကြား၍ စေတီကိုတည်ထား ကိုးကွယ်၏။ မြတ်စွာဘုရား၏ စေတီတော်မြတ်ကို ငါးနှစ် ပတ်လုံး လုပ်ကျွေးပူဇော်၏။

၇၉။ အခြေနှစ်ချောင်းရှိသူ လူ,နတ်,သတ္တဝါတို့ကို အစိုးရသော၊ လူဘို့၏ အကြီးအမှူးဖြစ်၍ လူတို့ထက် မြတ်သော မြတ်စွာဘုရား-အကျွန်ုပ်သည် ထိုကောင်းမှု ကံကြောင့် စည်းစိမ်ကို ခံစားရ၍ (နောက်ဆုံး) အရဟတ္တဖိုလ်သို့ ရောက်ရ၏။

၈၀။ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာခုနစ်ရာအထက်၌ ရတနာခုနစ်ပါးနှင့် ပြည့်စုံသည် ဖြစ်၍ များမြတ်သည့် ဗိုလ်ပါ အင်အား ရှိသော ဘူရိပညမည်ကုန်သော စကြာဝတေးမင်းတို့သည် လေးကြိမ် ဖြစ်ခဲ့ဘူးကုန်၏။

၈၁။ လေးပါးသောပဋိသမ္ဘိဒါတို့ကိုငင်း၊ရှစ်ပါးသောဤဝိမောက္ခတို့ကိုငင်း၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုငင်း မျက်မှောက် ပြုအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ကျင့်သုံးပြီး ပါပြီ။ ဤသို့လျှင် အသျှင် ပစ္စုပဋ္ဌာန သညက မထေရ်သည် ဤဂါထာတို့ကိုမိန့်ဆိုတော်မူ၏။

ထို့ကြောင့် စိတ်ထားတတ်လျှင် အကျိုးထူးတရားရမည်ဖြစ်၍ အာမိသဓမ္မပူဇာပြုလော့။

## ပရောသဟဿဇာတ်။

မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဤဇာတ်ကို ဟောတော်မူ၏။ ပုဟန်းတို့- သာရိပုတ္တရာသည် ယခုအခါ၌ သာလျှင် ငါဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူသော စကားကို

အကျယ်အားဖြင့် ဟောသည်မဟုတ်သေး၊ ရှေးဘဝ၌လည်း ဟောခဲ့ဘူးသည် သာလျှင်တည်းဟု အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ဟောတော်မူသော ဇာတ်ဖြစ်ပါသည်။

လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအုပ်စိုးသည် ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်ကြားပြီးနောက် ကာမတို့ကိုပယ်၍ ရသေ့ပြုပြီးလျှင် ငါးပါးသော အဘိညာဉ်၊ ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာတောင်၌နေ၏။ ဘုရားလောင်း၌တပည့်အခြံအရံ ရသေ့ငါးရာ ရှိလေသည်။ ဘုရားလောင်း၏ တပည့်ကြီးသည် မိုးတွင်းကာလဖြင့် နှစ်ရာ့ ငါးဆယ်သော ရသေ့တို့ကို ခေါ်ဆောင်၍ ချဉ်ဆား မှီဝဲခြင်း အလို့ငှာ လူ့ပြည်သို့ သွားလေ၏။ ထိုအခါ ဘုရားလောင်း၏ စုတေသော ကာလ သည် ဖြစ်၏။ စုတေခါနီး၌ ဘုရားလောင်းကို တပည့်တို့သည်။ "ဆရာသည် အဘယ်တရား ဂုဏ်ကျေးဇူးကို ရပါသနည်း" ဟု ရအပ်သော တရားကို မေးကြကုန်၏။ ဘုရားလောင်းသည် "နတ္ထိကိဉ္စိ" ဟု ဆို၍ အာဘဿရဗြဟ္မာ့ ပြည်၌ဖြစ်၏။ ထိုစကားသည်မှန်၏။ ဘုရားလောင်းတို့သည် အရူပသမာပတ် ကို ရကုန်သော်လည်း မလားအပ်သော အရပ်ဖြစ်သောကြောင့် အရူပဘုံ ၌ မဖြစ်ကြကုန်။ တပည့်တို့သည် ငါတို့ဆရာအား ရအပ်သော တရားသည် မရှိချေဟု သဂြိုဟ်ရာ သုသာန်၌ ပူဇော် သက္ကာရကို မပြုကြကုန်။ တပည့် ကြီးသည် ပြန်ရောက်လာလတ်သော် ဆရာသည် အဘယ်မှာနည်းဟု မေး ရာ၊ စုတေပြီဟု ကြား၍ ဆရာကို ရအပ်သော တရားကို မေးလိုက်ကြ ကုန် သလောဟုဆို၏။ မေးကုန်၏ဟု ဖြေဆိုကြကုန်၏။ အသို့ဆရာပြောဆိုသနည်း ဟု မေး၏။ နတ္ထိကိဉ္စိ ဟု ဆရာသည် ပြောဆိုခဲ့၏၊ ထိုကြောင့် ကျွန်ုပ်တို့သည် ဆရာအား ပူဇော်သက္ကာရကို မပြုကြကုန်ဟု ဆို၏။

သင်တို့ကား ဆရာပြောဆိုသော စကား၏ အနက် အဓိပ္ပာယ်ကို မသိကြကုန်၊ အမှန်မှာ အာကိဉ္စညာယတန သမာပတ်ကို ရ၏ဟု ဆို၏။ ထို ရသေ့တို့သည် တပည့်ကြီး အဖန်တလဲလဲ ပြောဆိုသော်လည်း မသိကြကုန် လက်မခံကြကုန်။

ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ အလွန် မိုက်ကုန်သော ရသေ့တို့သည် ငါ့တပည့်ကြီး၏ စကားကို မသိကြကုန်၊ ယုံ[illegible]ကုန်။ ထို

ရသေ့တို့အား ထင်ရှားအောင်ပြုအံ့ဟု ဗြဟ္မာ့ပြည်မှလာ၍ ရသေ့တို့၏ ကျောင်းထိပ်အပြင် ကောင်းကင်၌ ကြီးစွာသော အာနုဘော်ဖြင့် ရပ်နေ၏။ တပည့်ကြီး၏ ပညာအာနုဘော်ကို ချီးမွမ်းလိုရကား "ပရောသဟဿံပိ သမာဂတာနံ" အစရှိသော ဂါထာကို ဆို၏။ ဤသို့ဘုရားလောင်းသည် တရားဟော၍ ရသေ့အပေါင်းတို့ကို သိစေပြီးလျှင် ဗြဟ္မာ့ပြည်သို့သာလျှင် သွားလေ၏။

ယခုလည်း စွန်းလွန်းဆရာတော် ဆုံးမခဲ့သော စကားကို နားလည်သောသူသည် ပညာရှိသော တပည့်ကြီးဖြစ်၍ တရားထူးရသောသူ ဖြစ်ခါ သာသနာပြုနိုင်ကြပေလိမ့်မည်။ သာသနာ တဝက်၊ မင်းကောင်း တဆက် ဆိုသည်မှာ မောင်မင်းတို့ ကောင်းမှ တရားရမှ သာသနာဘဆက် ရှည်မည်၊ တည်မည်။ဗုဒ္ဓရာဇာစသည် မြော်မနေကြနှဲ၊ ကိုယ်တရားထူးရအောင် အားထုတ်ကြ။ အရိယာတွေ ကျန်သေး၏။ ဘုရား၏ ဂါထာအဓိပ္ပါယ်မှာ—

ပရော သဟဿမ္ပိ သမာဂတာနံ၊
ကန္ဒေယျုံ တေ ဝဿသတံ အပညာ။
ဧကောဝ သေယျော ပုရိသော သပညော၊
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။

ပညာမဲ့သော ထိုသူတို့သည် အနှစ်တရာပတ်လုံး ငိုကြွေးမည်တမ်းကြကုန်စေကာမူ (ဆရာ့စကား၏ အကျိုးအကြောင်းကို ကေန်ပင် မသိနိုင်ကြကုန်လေရာ) ထိုပညာမဲ့သူ လူပေါင်း တထောင်ကျော်စည်းဝေးကြသောထက်၊ဆရာ့စကား၏ အနက်အဓိပ္ပါယ်ကို ပိုင်းခြား၍ သိသော ပညာရှိယောကျ်ားတယောက်သည်သာလျှင် ချီးမွမ်းအပ် မြတ်လှပေ၏။ (ပရောသဟဿဇာတ်ပါဠိတော်)။

ထိုကြောင့် ယခု စွန်းလွန်းရာပြည့် အစည်းအဝေး၌လည်း အရိယာတွေကျန်နေသေးသည်။ အားထုတ်ကြ။ သီလ၊ သမာဓိ၊ ပညာပြည့်စုံအောင် ကျင့်သုံးကြ။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဆိုက်အောင်လုပ်ကြ။ သာသနာပြုကြ။ သတိရကြပါစို့။ ထိမှု၊ သိမှု၊ သတိပြု။ မခံသာ၊ မှန်ပါ၏၊ ဤတရား။ အနက်အဓိပ္ပါယ်သိအောင် အားထုတ်ကြ။ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းမြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်။ ရဟန်းကိစ္စပြီးအောင်လုပ်ကြပါ။ ဒါမှ

စွန်းလွန်းတပည့် ပီသကြပါမည်။ ငိုနေလို့အကျိုးမရှိ။ လွမ်းနေလို့အကျိုး မရှိ။ အာနာပါနဿတိကမ္မဋ္ဌာန်းဖြင့် ကောဓမ္မေဖြစ်အောင် ကြိုးစား ကြရပါမယ်။ မြတ်စွာဘုရားရဲ့ အမွေဖြစ်တဲ့ ဝယဓမ္မာ သင်္ခါရာ အပ္ပမာ ဒေနသမ္ပာဒေထကို အနက်အဓိပ္ပါယ်သိအောင် လုံ့လဝီရိယ အားထုတ်ကြ ပါ။နိဗ္ဗာန် ဟဒယသ္မိံ ဩပိယ။ အနက်ထင်ထင် သိမြင်အောင် ပြုလုပ်ရန် ကျွန်ုပ်တို့၏ တာဝန်ဖြစ်နေပါသည်။ ကြိုးစားကြပါစို့။

အပ္ပံ ဝဿသတံ အာယု၊
ဣဒါနေ တရဟိ ဝိဇ္ဇတိ။
တာဝတာ ဟိဋ္ဌမာနော ဟာ၊
ထာရေမိ ဇနတံ ဇဟုံ။

ချစ်သား သာရိပုတ္တရာ- ယခုအခါ လူတို့၏ အသက်တမ်းကား အနည်းငယ်မျှ အနှစ်တရာသာရှိ၏၊ ငါဘုရားသည် အာယုကပ်၏၊ ငါးပုံ လေးပုံ အနှစ်ရှစ်ဆယ် (ဝါတော် လေးဆယ့်ငါးဝါ) ကာလပတ်လုံး တည်လျက် များစွာသော ဝေနေယျအပေါင်းကို သံသရာတည်းဟူသော သမုဒ္ဒါမှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ကယ်ကင်ပေအံ့။

ဌပယိတွာန ဓမ္မုက္ကံ၊
ပစ္ဆိမံ ဇန ဗောဓနံ။
အဟမ္ပိ နစိရေဿဝ၊
သဒ္ဓိံ သာဝကာ သံဃာတော။
ဣဓေဝ ပရိနိဗ္ဗိဿံ၊
အဂ္ဂိဝ ဟာရသင်္ခယာ။ (ဗုဒ္ဓဝံသပါဠိ၊ ၃၈၁)

ချစ်သား သာရိပုတ္တရာ—ငါဘုရားသည်လည်း နောက်နှောင်း လူတို့ သစ္စာလေးပါးတရား သိမြင်နိုင်ရန် တရားတည်းဟူသော မီးရှူးတန်ဆောင်ကို စိုက်ထောင်ထားခဲ့ပြီ၊ မကြာမီပင် တပည့် ရဟန်း အပေါင်းနှင့် တကွ မီးစာကုန်ခြင်းကြောင့် မီးတောက်ကြီးငြိမ်းသကဲ့သို့ ကုသိနာရုံ ဤလူ့ ဘုံ၌ပင် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းရပေလိမ့်မည်။ ထို့အတူ စွန်းလွန်း ဆရာတော် ဘုရားကြီးသည်လည်း ပရိနိဗ္ဗာန် ပြုတော်ခဲ့လေပြီ။ အာနာပါနဿတိ ကမ္မဋ္ဌာန်းတရား လက်ကိုင်ထား၍ ဥပါဒါနက္ခန္ဓာငါးပါး

တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသုဘ ပွားများအားထုတ်ကြပြီး မဂ်ဖိုလ်နိဗ္ဗာန်ရကြပါစေ။ သိက္ခာသုံးပါးကို မမေ့မလျော့ပြည့်စုံအောင် အားထုတ်ကြကုန်လော့။

သဟာယာ မပိ ဓေ ဝါစာ၊
အနတ္တ ပဒ သံဟိတာ။
ဧကံ အတ္တပဒံ သေယျော၊
ယံ သုတွာ ဥပသမ္မတိ။ ။(၁၀၀) ဓမ္မပဒပါဠိတော်။

(ဟောဖွဲ့ တောင်ဖွဲ့) အကျိုးမဲ့ပုဒ်နှင့်သာ ဆိုင်သော စကားသည် အခွန်းတထောင်ရှိစေကာမူ (မမြတ်ချေ)၊ ကြားနာရသဖြင့် ရာဂစသည် ငြိမ်းအေးကြောင်းဖြစ်၍ အကျိုးရှိသော ပုဒ်တပုဒ်သည်သာ ပိုလွန်၍ မြတ်လှပါပေ၏။

ဆိုခဲ့သည့်အတိုင်း၊ ဣတိဝုတ်ပါဠိတော် အသုဘာနုပဿီ သုတ်ဂါထာ တင်ပြလိုက်ပါတယ်။

'အသုဘာ နုပဿီ ကာယသ္မိံ၊
အာနာပါနေ ပဋိဿတော။
သဗ္ဗ သင်္ခါရ သမထံ၊
ပဿံ အာတာပီ သဗ္ဗဒါ။
သ ဝေ သမ္မဒ္ဒသော ဘိက္ခု၊
ယတော တတ္ထ ဝိမုစ္စတိ။
အဘိညာ ဝေါသိတော သန္တော၊
သ ဝေ ယောဂါတိဂေါ မုနိ တိ။ ။(၂၅၀)

ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော အခါခပ်သိမ်း ကောင်းစွာမြင်သော ထိုရဟန်းသည် ခန္ဓာကိုယ်၌ အသုဘ အခြင်းအရာကို ရှုသည်ဖြစ်၍ရင်း၊ ဝင်လေထွက်လေ၌ ထင်သော သတိရှိသည်ဖြစ်၍ရင်း၊ အလုံးစုံသော သင်္ခါရတို့၏ ချုပ်ငြိမ်းမှုကို ရှုသည်ဖြစ်၍ရင်း၊ ထိုအလုံးစုံသော သင်္ခါရတို့ ချုပ်ငြိမ်းရာ၌ အရဟတ္တ ဖလဝိမုတ္တိဖြင့် လွတ်မြောက်၏၊ ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ်ကိစ္စပြီးဆုံးပြီ ဖြစ်၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွန်မြောက်ပြီးသူ ဖြစ်တော့၏။ ဟု ဤဂါထာကို မြတ်စွာဘုရားဟောတော်မူခဲ့ပါသည် အရှင်ဘုရားတို့၊ သူတော်ကောင်းတို့။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဆတ္တံ မဟန္တံ ယထ ပဿကာလေ။
ဧသော နိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ တိ။ (နေတ္တိပါဠိ) ၂၉၊ ၃၀။

စင်စစ် တရားကိုစောင့်ရှောက်အားထုတ်သော သူ့အား တရားက ပြန်စောင့်ရှောက်ပေ၏။ ဥပမာအားဖြင့် မိုးကြီး ရွာသွန်းသော အခါ ကြီးစွာသောထီးသည် မိုးရေစိုစွတ်ခြင်းမှ ကာကွယ်စောင့်ရှောက် သကဲ့သို့ ပင်တည်း။ ဤကဲ့သို့ တရားကို ကောင်းစွာ အားထုတ် လေ့ကျင့်သော သူသည် အပါယ်လေးပါးသို့ မလားမရောက်အောင် တရားကျင့်သူ့အား စောင့်ရှောက်သော အကျိုးအာနိသင်ပင်ဖြစ်လေသည်။

ဤဂါထာကို အရကျက် မှတ်သား၍ တရားစောင့်လျှင် တရားက စောင့်၏ဟု အမြဲသတိရပါစေ။ မုချတရား ကျင့်သုံး အားထုတ် သူ့အား မကောင်းမှု ဘေးအန္တရာယ်မှုရင်း၊ အပါယ်ဘေးမှုရင်း၊ မကျအောင် စောင့်ရှောက်ရုံသာမက လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရစေ ပါသည် အရှင်ဘုရားတို့၊ သူတော်ကောင်း ယောဂီတို့။

ထိုကြောင့် လုံ့လဝီရိယစိုက်၍ ကြိုးစားအားထုတ်ကြရန် ဘုရားက-

အာရမ္ဘထ နိက္ကမထ၊
ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊
နဠာ ဂါရံဝ ကုဉ္ဇရော။ (ပေဋကောပဒေသပါဠိတော် (၂၁၇)၌ ပါရှိ၏။ သံယုတ်ပါဠိ(၁၅၉)။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊
အ ပမတ္တော ဝိဟဿတိ၊
ပဟာယ ဇာတိ သံသာရံ၊
ဒုက္ခဿန္တံ ကရိဿတိ တိ။

မြတ်စွာဘုရား သာသနာတော်၌ အားထုတ်ကြကုန်လော့၊ ထွက် မြောက်ကြောင်းလုံ့လကို ပြုကြကုန်လော့၊ ဘာဝနာနှင့် ယှဉ်သောလုံ့လကို ကြိုးမမ်းကြကုန်လော့၊ ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်း၏ စစ်သည်ကို ချေဖျက်ကြကုန်လော့။

အကြင်သူသည် ဤဓမ္မဝိနယ (သာသနာတော်၌) မမေ့လျော့သည်ဖြစ်၍ နေလတ္တံ့၊ ထိုသူသည် ပဋိသန္ဓေ နေခြင်းဟု ဆိုအပ်သော သံသရာကို ပယ်စွန့်၍ ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုလတ္တံ့။

ရုက္ခ မူလ ဂဟန ပသက္ကိယ၊
နိဗ္ဗာနံ ဟဒယသ္မိံ ဩပိယ။
ဈာယ ဂေါတမ မာ စ ပမာဒေါ၊
ကိံ တေ ဗိဠိ ဗိဠိကာ ကရိဿတိ။ ။

ထေရဂါထာပါဠိ (၂၄၅)အရ ဝဇ္ဇိပုတ္တမထေရ်က ရဟန္တာအရှင် အာနန္ဒာ သောတာပန်ကို တိုက်တွန်း နိုးဆော်ဆုံးမဩဝါဒပေးခဲ့လေသည်။

အဓိပ္ပါယ်မှာ— ဂေါတမနွယ်ဖြစ်သော အာနန္ဒာ—သစ်ပင်ခြေရင်း တည်းဟူသော တောအုပ်သို့ ချဉ်းကပ်ပြီးလျှင် ငါသည် ဤသို့ ကျင့်၍ နိဗ္ဗာန်ကို ရယူထိုက်၏ဟု နိဗ္ဗာန်ကို စိတ်နှလုံး၌ သွင်းထားပြီးလျှင် သမထ ဝိပဿနာဘာဝနာနှင့်တကွဖြစ်သော မဂ္ဂဘာဝနာတရားကို ပွားများ အား ထုတ်ပါလော့။ (လွန်ကဲသော ကုသိုလ်တရားတို့၌) မမေ့လျော့လင့်၊ဗလစ် ဗလစ်ပြောဆိုနေခြင်းသည် သင့်အား အဘယ်အကျိုးကို ပြီးစေနိုင်အံ့နည်း။

နိဗ္ဗာန်ကို စိတ်နှလုံး၌ သွင်းထားပြီးလျှင် အဋ္ဌကထာဆရာဖွင့်ပြရာ နှစ်ချက်ရှိ၏။ ပဌမအချက်ကား၊ ငါသည် ဤသို့ ကျင့်၍ နိဗ္ဗာန်သို့ရောက် အံ့ဟု လို့လစီရိယဖြင့် ကြိုးစားအားထုတ်သော သူသည် အလုပ်ကိစ္စအား ဖြင့် နိဗ္ဗာန်ကို စိတ်နှလုံး၌ သွင်းထားသည်မည်၏။ ဤတွင် သောတာပန် အရှင်အာနန္ဒာအား အထက်မဂ်အရဟတ္တဖိုလ်သို့ ရောက်အောင် အလုပ်ကိစ္စ အားဖြင့် အားထုတ်ရန်တိုက်တွန်းခြင်းဖြစ်၏။

ဒုတိယအချက်ကား၊ နိဗ္ဗာန်သာလျှင် အာရုံပြုသော ဖလသမာပတ် ကို ဝင်စားနေသော သူသည် အာရုံအားဖြင့် နိဗ္ဗာန်ကို စိတ်နှလုံး၌ သွင်း ထားသည်မည်၏။ ဤတွင် အရှင်အာနန္ဒာအား ရဟန္တာဖြစ်သောအခါ၌ လည်း အရဟတ္တဖိုလ်ဝင်စားနေရန် တိုက်တွန်းခြင်းဖြစ်၏။ သဂါထာသံ ယုတ်၌ နတ်သားတပါး တိုက်တွန်းသည်ဟု ပါရှိလေသည်။

ဤကား နိဗ္ဗာန်ကို စိတ်နှလုံး၌ သွင်းထားပုံ နှစ်မျိုးအထူးတည်း။

ထို့အတူ စွန်းလွန်းယောဂီရဟန်း ရှင် လူ သီလရှင်အပေါင်းတို့သည် မဂ်ဖိုလ်မရသေးလျှင် ရအောင် ကြိုးစားအားထုတ်ကြပါကုန်လော့။ ရပြီးလျှင်လည်း သောတာပန် သကဒါဂါမ်အနာဂါမ်ဖြစ်သော်လည်း တင်းတိမ်၍ မနေကြဘဲ အရဟတ္တဖိုလ်ရွှေထီး နိဗ္ဗာန်ရွှေပြည်ကြီးရောက်အောင် အားထုတ်ကြ၍ ဖလသမာပတ်ချမ်းသာ ခံစားနေကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ဒုလ္လဘငါးပါးရခိုက် ဆရာသမားကောင်း ရဟန္တာအရှင်မြတ်ကြီးဖြစ်တော်မူသော စွန်းလွန်းဆရာတော်ဘုရားကြီး ဥပနိဿည်းခံယူကျင့်သုံးလျက် ဤစွန်းလွန်းရာပြည့်အထိမ်းအမှတ်နေ့၌ မဂ်ဖိုလ်နိဗ္ဗာန်ကို စိတ်နှလုံး၌ သွင်းထားလျက် ပရိနိဗ္ဗာန်ပြုနိုင်အောင် ကြိုးစားကြမည်ဟု အဓိဋ္ဌာန်ပြုကြပါကုန်လော့။ ယောဂီ၊ ရဟန်း၊ ရှင်၊ လူ၊ သီလရှင်အပေါင်း သူတော်ကောင်းတို့။

လိုသလောက်မရသော်လည်း၊ လုပ်သလောက် ရကြပေလိမ့်မည်မလွဲတည်း။

နိဗ္ဗာန်မြတ်ဆိုး၊ စိတ်နှလုံး၊ ကျင့်သုံးသွင်းထားကြ။

မြတ်နှလုံးအိမ်၊ နိဗ္ဗာန်စိမ်၊ စိတ်ငြိမ် မဂ်ဖိုလ်ရ။

ကိုယ်စိတ်ငြိမ်းချမ်း၊ နိဗ္ဗာန်လမ်း၊ ကျင့်စမ်း ယောဂီတို့။

နိဗ္ဗာန်တရား၊ နှလုံးသား၊ စိမ်ထားမဂ်ဖိုလ်ရ။ ဟု သဘောပေါက်ကြပြီး အသီးသီး မိမိတို့ရရှိတိုက်သော တရားထူးများ ရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။ ဗလာဗလစ်နဲ့ ပြောတာလဲများပြီး ဖြစ်၍ ဤတွင် နိဂုံးသတ်ပါတော့မည်။

"အပ္ပမာဒေန ဝိဇ္ဇာယ၊ အဗ္ဗဟေ သလ္လ မတ္တနောတိ" (သုတ္တနိပါတ်ပါဠိတော်)။ မမေ့မလျော့ခြင်းဖြင့်၎င်း၊ အာသဝက္ခယ(ဝိဇ္ဇာ) ဉာဏ်ဖြင့်၎င်း၊ မိမိစိတ်နှလုံး၌ စူးဝင်နေသော မြားငြောင့်တို့ကို နုတ်ရာ၏။ နုတ်ကြပါကုန်လော့။

အပ္ပမာဒေန၊ သမ္ပာဒေထ၊ မေ့ဖိုလ်နိဗ္ဗာန်ရ။ ဆိုသကဲ့သို့–
မဂ်ဖိုလ်ရကြောင်းသာ အားထုတ်ပူဇော်ကြပါစို့။

ဤစွန်းလွန်းရာပြည့် မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲ၊ တရားဆွေးနွေးပွဲ၊ ညီလာခံသဘင်ပွဲ မင်္ဂလာအချိန်အခါကြီး ဖြစ်ကြောင်း သာသနာ့သမိုင်းတွင် မှတ်တမ်းတင် ဥဒါန်းထိုးရန် ဖြစ်ပါသတည်း။

ကျန်းမာချမ်းသာကြပါစေ။

ဆရာတော် ဦးသာသနဝိသုဒ္ဓိ

"အပ္ပမာဒေန၊ သမ္ပာဒေထ" ကျောင်း၊ ရန်ကုန်မြို့။

အကျိုးဆောင်အတွင်းရေးမှူး

ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး အနှစ်တရာပြည့်မြောက်

အထိမ်းအမှတ်ပူဇော်ပွဲ အမှုဆောင်အဖွဲ့၊ မြင်းခြံမြို့။

# ဩဝါဒများ

## မြတ်စွာဘုရားဟော သာရိပုတ္တာသုတ်

မြတ်စွာဘုရားသည် ဤပရေသဟာယဇာတ်ကို ဟောကြားတော်မူပြီးလတ်သော် အရှင်သာရိပုတ္တာမထေရ်သည် မိမိ၏ သဒ္ဓိဝိဟာရိက (ဥပဇ္ဈာယ်ယူအတူနေ) တပည့်ရဟန်းငါးရာတို့၏ အကျိုးငှာ သပ္ပါယ ဖြစ်မည့်နေရာကျက်စားရာ အလေ့အကျင့်စသည်တို့ကို မေးမြန်းအံ့သောငှါ "န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ" အစရှိသော ဤချီးမွမ်းသော ဂါထာ ရှစ်ဂါထာကို ရွတ်ဆို လျှောက်ထား မေးမြန်းလေသည်။

ထိုမေးမြန်းချက်ကို ဖြေကြားတော်မူလို၍ မြတ်စွာဘုရားသည် "ဝိဇိဂုစ္ဆ မာနဿ ယဒိဒံ ဖာသု" အစရှိသော တဆယ့်သုံးဂါထာတို့ကို ဟောကြားတော်မူလေသည်။

(အရှင်သာရိပုတ္တာသည် ဤသို့ လျှောက်ဆို၏) —

နှမ်းကောင်းမှ လျှောက်ဖွယ်ရာ နတ်ပြည်လောကမှ ဖြတ်လာတော်မူခဲ့သော၊ ဂိုဏ်းဆရာဖြစ်တော်မူသော၊ ဤသို့ အင်္ဂါရှိငါးရှိသော အသံတော်ဖြင့် ချိုမြိန်သာယာစွာ ဟောကြားမြွက်ဆိုတော်မူတတ်သော ဆရာဘုရားကို (သက်သေနှင့်ရှိပြည်သို့ သက်ဆင်းတော်မူရာ) ဤအခါမှ ရှေး၌အကျွန်ုပ်သည် ကိုယ်တိုင်လည်းမမြင်ဘူးပါ၊ တစုံတယောက်သောသူ၏ ပြောဆိုချက်လည်း မကြားဘူးပါ။ (က)။

မြတ်သောစက္ခုရှိတော်မူသော၊ ပြိုင်ဘက်မရှိ ကာ ူ တည်း သာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် နတ်နှင့်တကွသော လူအပေါင်းသည် (အချင်းချင်း) ထင်ရှားတွေ့မြင်နိုင်လောက်အောင် အမိုက်မှောင်အားလုံးကို ပယ်ဖျောက်တော်မူပြီး၍ မွေ့လျော်မှုကိုရတော်မူပြီ။ (ခ)။

မင်းပုဏ္ဏားစသော မျှားစွာသောသူတို့ အကျိုးငှာဖြင့်၊ အလုပ်အကျွေးတပည့်ရဟန်းတို့ အကျိုးငှါဖြင့် တကျော့ဒိဋ္ဌိကိုမမှီသော၊ သည်းခံခြင်း ဂုဏ်နှင့်ပြည့်စုံသော၊ အံ့သြဖွယ် " ကုဟန " အမှုကို မပြုတတ်သော၊ ဂိုဏ်းဆရာအဖြစ်သို့ ရောက်တော်မူသော ထိုမြတ်စွာဘုရားကို ပြဿနာမေးရန် အလို့ငှါ ဤအရပ်သို့ ကျွန်ုပ်ရောက်လာခဲ့ပါ၏။ (၈)။

ဤသုံးဂါထာသည် မြတ်စွာဘုရားအား ချီး ကျူး ခြင်း ဖြစ် ၍ အောက်ငါးဂါထာသည် အမေးဖြစ်၏။

၁။ (ဇာတိ စသည်မှ) ငြီးငွေ့စက်ဆုပ်သည်ဖြစ်၍ မလျှောက်ပတ်သော ရှုပ်ါရုံ စသည်မှ ဆိတ် သုဉ်း သည့် နေ ရာ ဖြစ် သော သစ်ပင်ရင်း သုသာန် တောင် လိုဏ် ဂူ တို့ ၌ မှီဝဲ ဆည်း ကပ် သော ရဟန်းအား (ကြောက်မက်ဖွယ်ဘေးရန်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း)။

၂။ အယုတ်အမြတ်ဖြစ်သည့် အိပ်ရာနေရာတို့တွင် အသံကင်းဆိတ်သော အကြွင်အိပ်ရာနေရာ၌ ရဟန်းသည် အကြွင် ကြောက်မက်ဖွယ် ဘေးရန်တို့ကြောင့် မတုန်လှုပ်ရာ၊ ထိုအိပ်ရာနေရာ၌ မှီဝဲသော ရဟန်းအား ထိုကြောက်ဖွယ်ဘေးရန်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း။

၃။ အစွန်အဖျားကျသော အိပ်ရာနေရာကျောင်း၌ (နေသော)ရဟန်းသည် အကြွင်ဘေးရန်တို့ကို နှိမ်နင်းနိုင်ရာ၏။ သောကာ၌ မရောက်ဘူးသေးသည့် နိဗ္ဗာန်အရပ်သို့သွားသော ရဟန်းအား ထိုဘေးရန်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း။

၄။ ဤသာသနာတော်၌ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသော ထိုရဟန်းအား အဘယ်သို့သောစကားတို့သည် ဖြစ်ပါကုန်သနည်း၊ အဘယ်သို့သော ကျက်စားရာ " ဂေါစရ " တို့သည် ဖြစ်ပါကုန်သနည်း၊ အဘယ်သို့သောစောင့်ထိန်းမှု " သီလ " ဆောက်တည်မှု " ဝတ " တို့သည် ဖြစ်ပါကုန်သနည်း။

၅။ တည်ကြည်သောစိတ်ရှိသော၊ ရင့်ကျက်သောပညာရှိသော၊ သတိနှင့်ပြည့်စုံသော ထိုရဟန်းသည် အဘယ်မည်သောအကျင့်သိက္ခာကို ဆောက်တည်၍ ရွှေပန်းတိမ်သည်သည် ရွှေ၏အညစ်အကြေးကို ထုတ်သကဲ့သို့ ဤအတူ မိမိ၏(ကိလေသာ)အညစ်အကြေးကို ထုတ်ရာပါသနည်းဟု (အရှင်သာရိပုတ္တရာက လျှောက်၏။)။

(မြတ်စွာဘုရားသည် တဆယ့်သုံးဂါထာဖြင့် ဖြေကြားတော်မူလေ၏။) —

သာရိပုတ္တရာ — (သံသရာဘေးကို) စက်ဆုပ်တတ်သော ဆိတ်ငြိမ်သည့်နေရာအိပ်ရာ ကျောင်းကိုမှီဝဲသော စင်စစ် (ဝင်္ဂဏ်ကို) အလိုရှိသောသူ၏ ချမ်းသာစွာနေကြောင်းဖြစ်သော လောကုတ္တရာတရား အားလျော်သော အကျင့်တရားကို ငါသိသည့်အတိုင်း ဟောကြားပေအံ့။ (၁)။

အပိုင်းအခြားရှိသည့်သီလ (သီလ၊ ဣန္ဒြိယသံဝရ၊ ဘောဇနေမတ္တညုတ၊ ဇာဂရိယ လေးပါးသောအပိုင်းအခြားရှိသောသီလ) ဖြင့်ကျင့်လေ့ရှိသော၊ သတိရှိသော၊ ပညာရှိသောရဟန်းသည် (၁) မှက်နှင့်ခြင်ယင်တို့ (ကိုက်ခဲသော) ဘေးဟူသော မှရင်း၊ (၂) မြွေကင်းသန်းတို့ (ကိုက်ခဲသော) ဘေးမှရင်း၊ (၃) (လူဆိုးလူမိုက်) တို့ ညှဥ်းဆဲထိပါးသောဘေးမှရင်း၊ (၄) ခြေလေးချောင်းရှိသော (ခြင်္သေ့၊ ကျား သစ် အစရှိသော သားရဲ) တို့ဘေးမှရင်း၊ (၅) သာသနာပြင်ပ ဗာဟိရက အယူရှိကြသည့် ရတနာသုံးပါး၌ မကြည်ညိုသူတို့၏ ဆန့်ကျင်ဘက် မေးမြန်းပြောဆို ညှဥ်းပန်းနှိပ်စက်သည့် ဘေးတို့ကိုရင်း ဤဖော်ပြရာ ဘေးငါးမျိုးတို့ကို မကြောက်မရွံ့ရာ၊ ထိုဖော်ပြရာငါးမျိုးတို့၏ ကြောက်မက်ဖွယ်ရာ အာရုံအမျိုးမျိုးတို့ကို တွေ့ကြုံရသော်လည်း မလှန့်မထိတ်ရာ။ ထို့မှတပါး အခြားဘေးရန်တို့လည်း နှိမ်နင်းတိုက်ဖျက်ရာ၏။ (၂၊၃)။

အခြားဘေးရန်ဆိုသည်မှာ အတွင်းဘေးရန်ဖြစ်သော (၁) အနာရောဂါညှဥ်းဆဲထိပါးမှုဖြင့်ရင်း (၂) ဆာလောင်မွတ်သိပ်မှုဖြင့်ရင်း တွေ့ထိခံရသူသည် သည်းခံရာ၏။ (၃၊၄)။ ထို့ပြင် အချမ်းအပူကိုလည်း သည်းခံရာ၏၊ ထိုအနာရောဂါစသည်တို့ဖြင့် များစွာတွေ့ထိခံရသူသည် ဘဝသစ်ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံတို့၏ဖြစ်ခွင့်ကို မပေးမူ၍ လုံ့လကြိုးကုတ် အားထုတ်မှုကို မြဲမြံစွာပြုရာ၏။ (၄)။

ခိုးမှုကိုမပြုရာ၊ မုသားစကားကိုမဆိုရာ၊ ပုထုဇဉ်သေက္ခနှင့် ရဟန္တာပုဂ္ဂိုလ်တို့ကို မေတ္တာဖြင့် တွေ့ထိပြန့်နှံ့စေရာ၏၊ (မိမိ) စိတ်နောက်ကျုမှုကို သိသောအခါ မာရ်နတ်၏ အသင်းအပင်းဟု (နှလုံးသွင်း၍) အကုသိုလ်တရားအစုကို ပယ်ဖျောက်ရာ၏။ (၅)။

အမျက်ထွက်မှု 'ကောဓ' အလွန်ထောင်လွှားမှု 'မာန'၏ အလိုနိုင်ငံသို့မလိုက်ရာ၊ ကောဓ၊ မာနတို့၏ အမြစ်အရင်းဖြစ်သည့် (အဝိဇ္ဇာ၊ အယောနိသော မနသိကာရ၊ အသ္မိမာန၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဒစ္စ)တို့ကိုလည်း တူးဖြိုပယ်နုတ်ရာ၏၊ ထို့ပြင် ချစ်ခင်နှစ်သက်ဖွယ် ဣဋ္ဌာရုံနှင့် မချစ်မနှစ်သက်ဖွယ် အနိဋ္ဌာရုံကို လွှမ်းမိုးနှိပ်စက်နိုင်အောင် ကေန်မုချ လွှမ်းမိုးနှိပ်စက်ရာ၏။ (၆)။

ဗုဒ္ဓါနုဿတိ စသည်တို့၏ (ပွားများအားထုတ်သည့်) အစွမ်းဖြင့် ဖြစ်ပေါ်လာသော ကောင်းမြတ်သောပီတိနှင့် ပြည့်စုံသူသည် ပညာကို ရှေ့သွားပြု၍ ထိုဘေးရန်တို့ကို ပယ်ခွာပစ်ရာ၏။ အစွန်အဖျားကျသော အိပ်ရာနေရာ၌ မမွေ့လျော်မှုကို သည်းခံရာ၏၊ (ဆိုလတ္တံ့သော) မြည်တမ်းငိုကြွေးကြောင်း တရားလေးပါးတို့ကို သည်းခံရာ၏။ (၇)။

တကျော်အိမ်၌ ကျက်စားလေ့ရှိသော သေက္ခပုဂ္ဂိုလ်သည် အဘယ်ကို စားရအံ့နည်း၊ အဘယ်အမျိုး၌မူလည်း စားရအံ့နည်း၊ ဤညဉ့်၌ ဆင်းရဲစွာ အိပ်ခဲ့ရပြီတကား၊ ယနေ့ညဉ့်၌မူ အဘယ်အရပ်မှာ အိပ်ရပါအံ့နည်း၊ ဤသို့ မြည်တမ်းငိုကြွေးကြောင်း ဖြစ်သော ထိုအကြံအစည်တို့ကို ပယ်ဖျောက်ရာ၏။ (၈)။

ဤသာသနာတော်၌ ရဟန်းသည် လျောက်ပတ်သော ကာလ၌ ဆွမ်းကိုရင်း၊ အဝတ် သင်္ကန်းကိုရင်း ရခဲ့သော် ရောင့်ရဲလွယ်ခြင်းအကျိုးငှာ အတိုင်းအရှည်ကို သိရာ၏။ (အတိုင်းအရှည်ကို သိမှုဟူသည်မှာ— အလှူဝတ္ထု အနည်းအများ ပမာဏ၊ လှူသူ ဒါယကာ၏ လှူလိုသော ကုသိုလ်ဆန္ဒပမာဏ၊ မိမိ၏ပမာဏ ဤသုံးပါးကို နှိုင်းချိန်၍ ခံယူခြင်းပင်တည်း။ (က) အလှူဝတ္ထုကများ၍ ဒါယကာ၏ လှူလိုသော ဆန္ဒကနည်းနေလျှင် ဒါယကာ၏လှူလိုသော ကုသိုလ်ဆန္ဒကိုငဲ့၍ နည်းနည်းပင် အလှူခံယူမှု (ခ) အလှူဝတ္ထုကနည်း၍ ဒါယကာ၏ လှူလိုသောဆန္ဒကများနေလျှင် အလှူဝတ္ထု နည်းပါးသည်ကိုငဲ့၍ နည်းနည်းပင် အလှူခံမှု၊ (ဂ) အလှူဝတ္ထုကလည်း များ၍ ဒါယကာ၏ လှူလိုသော ကုသိုလ်ဆန္ဒကလည်းများနေလျှင် မိမိ၏ ပမာဏကို သိ၍ မျှတရုံသာခံယူမှု၊ ဤသုံးမျိုးသော ခံယူမှုကို "ပဋိဂ္ဂဟဏမတ္တညုတာ" ခံယူခြင်း၌ အတိုင်းအရှည်ကို သိမှုဟူ၍ ခေါ်၏။ ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်၍ ဆင်ခြင် သုံးဆောင်ခြင်းကို "ပရိဘောဂမတ္တညုတာ" သုံးဆောင်ခြင်း၌ (အတိုင်းအရှည်ကို သိမှုဟူ၍ ခေါ်၏)။

ရွာတွင်း၌ (ဣရိယာပုထ်လေးပါးတို့ကို ထိန်းသိမ်း) စောင့်စည်းအပ်သည့် အကျင့်ရှိသော ရဟန်းသည် ထိုပစ္စည်းလေးပါးတို့၌ (ဖေါ်ပြထားသော မတ္တညုတာ ဂုဏ်နှစ်ပါးဖြင့် အကုသိုလ်မှုတို့မှ လုံခြုံစေရန်) ရောင့်ရဲမှုဖြင့် စောင့်စည်းလျက် (သူတပါးတို့က) ပုတ်ခတ်ထိပါး ချုပ်ချယ်ထိပါးသော်လည်း (မိမိက) ကြမ်းတမ်းသောစကားကို မပြောဆိုရာ။(၉)။

မျက်လွှာချလားသူဖြစ်ရာ၏၊ မရပ်မတည် လှည့်လည်ခြင်းဖြင့် ခြေမငြိမ်သူ မဖြစ်ရာ၊ ဈာန်ရှုမှုကို အားထုတ်သူ များစွာနိုးကြားမှု (တနေ့ ၂၄ နာရီ၌ ခြောက်ပုံတပုံသာ သတိဖြင့် အိပ်၍ ကျန်အချိန်များ၌ စကြံသွားခြင်း၊ထိုင်ခြင်း ဣရိယာပုတ်နှစ်ပါးဖြင့် အာနာပါနဖြစ်စေ၊ အနုဿတိဆယ်ပါးမှ တခုခုဖြစ်စေ၊ ကမ္မဋ္ဌာန်းလေးဆယ်မှ မိမိနှင့် သပ္ပါယဖြစ်သော ကမ္မဋ္ဌာန်းအားထုတ်ရမည်)ရှိသူ ဖြစ်ရာ၏။ စတုတ္ထဈာန်နှင့် ယှဉ်သော ဥပေက္ခာကို အကြောင်းပြု၍ တည်ကြည်သော စိတ်ရှိသည်ဖြစ်လျက် ကာမဝိတက်စသော ကြံစည်မှု ကာမသညာစသော တည်ရာကိုရင်း၊ လက်ဆော့ခြေဆော့ ‘ကုက္ကုစ္စ’၊ နောင်တ တဖန် ပူပန်မှု ‘ကုက္ကုစ္စ’ကိုရင်း ဖြတ်တောက်ရာ၏။ (၁၀)။

ဝိနည်းကံအရ အပ် မအပ်စကားတို့ဖြင့် အပြစ်တင် (စောဒနာ) ခဲ့သော် သတိကိုဖြစ်စေလျက် နှစ်သက်ဝမ်းမြောက်ရာ၏။ သီတင်းသုံးဖေါ်တို့ အပေါ်၌ ဖြစ်မှားမှုကြောင့် သတင်းကိုဖျက်ဆီးရာ၏။ ကုသိုလ်နှင့်စပ်သော စကားကို မြွက်ဆိုရာ၏။ ကာလအပိုင်းအခြား သီလအပိုင်းအခြားကို လွန်၍လည်း မမြွက်ဆိုရာ၊ လူအများ စွပ်စွဲခြင်းခံရမည့်(သီလပျက်စီးမှု၊ အကျင့်ပျက်စီးမှု၊ အယူပျက်စီးမှု၊ အသက်မွေးမှုပျက်စီးမှု)အကြံတို့ကို အားမထုတ်ရာ။(၁၁)။

ထို့ပြင် လောကဌ် (ရူပရာဂ၊ သဒ္ဒရာဂ၊ ဂန္ဓရာဂ၊ ရသရာဂ၊ ဖောဋ္ဌဗ္ဗရာဂ)မြူငါးမျိုးတို့ရှိကုန်၏၊သတိရှိသူတို့သည် ယင်းမြူငါးမျိုးတို့ကို ပယ်ဖျောက်နိုင်ရန် ကျင့်ရာ၏၊ (သိက္ခာသုံးပါး ပွါးများကျင့်ရမည်) ဤသို့ ကျင့်သူသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်မက်စွဲလန်းမှု ‘ရာဂ’ကို သည်းခံနိုင်ရာ၏၊ (သိက္ခာသုံးပါး ကျင့်သော သူသာ ဤအာရုံငါးပါး ရာဂတရားတို့ကို ပယ်ဖျောက် သည်းခံနိုင်ရာ၏ ဟူလို)။ (၁၂)။

ဆင့်လျော်သောအခါ၌ သင်္ခတထရားကို အမှန်အတိုင်း စူးစမ်းဆင်ခြင်သူ နိဗ္ဗာနသည့်တို့မှ လွတ်မြောက်ပြီးသော စိတ်ရှိသူ သတိရှိသူ ထိုရဟန်းသည် ထို (ရူပါရုံစသော) တရားတို့၌ အလိုဆန္ဒကို ပယ်ဖျောက်ရာ၏။ တည်ကြည်သော စိတ်ရှိသော ထိုရဟန်းသည် အဝိဇ္ဇာစသော အမိုက်တိုက်ကို ပယ်ဖျောက်နိုင်ရာ၏။ (ဈာန်သမာပတ်ရ၍ နိဗ္ဗာနတွေ့ကင်းသော ရဟန်းသည် ထိုဈာန်ကို အခြေခံလျက် သင်္ခတတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မဖေါက်မပြန် အမှန်ထင်ထင် စူးစမ်းဆင်ခြင်၍ ဝိပဿနာရှုပွားသော် တည်ကြည်သော စိတ်နှလုံးရှိသူ ဖြစ်ပြီးလျှင် ကိလေသာအမိုက်တိုက်ကို လောင်မြိုက်ပယ်ရှားနိုင်ရာ၏။ (၁၃)။

ဤသို့ မြတ်စွာဘုရားသခင်သည် အရှင်သာရိပုတ္တရာ မေးလျှောက်ချက်ကို အရဟတ္တဖိုလ် အတွက်ထပ်ကာ ဖြေဆို ဟောကြားတော်မူလေသည်။ ဒေသနာနိဂုံး၌ အရှင်သာရိပုတ္တရာ၏ တပည့်ငါးရာရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြ၍ ကုဋေသုံးဆယ်သော လူနတ်တို့၏ သစ္စာလေးပါး တရားသိမြင် (သောတာပန်အစရှိသည် ဖြစ်၍ ကျွတ်တမ်းဝင်ကြလေကုန်၏။ အဋ္ဌကထာအဖွင့်အရ ဖေါ်ပြပါသည်။)

ဤတရားကို သေသေချာချာ လေ့လာပြီး အားထုတ်၍ မဂ်ဖိုလ်ရကြပါစေသတည်း။

*                    +                    *

## မိုခိုရာတရား ဆယ်ပါးနှင့်နေရန် နာထသုတ်

ရဟန်းတို့—မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ မှီခိုရာမရှိမူ၍ မနေကြကုန်လင့်။ ရဟန်းတို့—မှီခိုရာမရှိသူတို့သည် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့—မှီခိုရာကို ပြုတတ်သော တရားတို့သည် ဤဆယ်မျိုးတို့တည်း။ အဘယ်ဆယ်မျိုးတို့နည်းဟူမူ....

၁။ ရဟန်းတို့—ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်းလျက်နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၂။ နောက်တမျိုးကား ရဟန်းသည် အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်နိုင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိကြ၍ အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတတ်သော သဘောရှိသော တရားတို့ကို ထိုရဟန်းသည် များစွာသင်ကြားအပ်ကုန်၏၊ ဆောင်အပ်ကုန်၏၊ နှုတ်ဖြင့် လေ့လာအပ်ကုန်၏။ စိတ်ဖြင့် ဆင်ခြင်မှတ်သားအပ်ကုန်၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၃။ နောက်တမျိုးကား ရဟန်းသည် အဆွေခင်ပွန်းကောင်းရှိ၏၊ အပေါင်းအဖေါ်ကောင်းရှိ၏၊ အဆွေခင်ပွန်းကောင်းတို့၌ ကိုင်းညွတ်၏။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၄။ နောက်တမျိုးကား ရဟန်းသည် ဆိုဆုံးမလွယ်၏၊ ဆိုဆုံးမလွယ်ကြောင်းတရားနှင့် ပြည့်စုံ၏၊ သည်းခံနိုင်၏၊ အဆုံးအမကို အရိုအသေ ခံယူတတ်၏။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၅။ နောက်တမျိုးကား သီတင်းသုံးဖေါ်တို့၏ အသို့ပြုရမည်နည်းဟု ဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သော အမှုကိစ္စတို့၌ လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ထိုအမှုကိစ္စတို့၌ အကြောင်းကို စူးစမ်းသော ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်ရန် စွမ်းနိုင်၏၊ စီရင်ရန်စွမ်းနိုင်၏။ ဤတရားသည်လည်း မှီခိုရာ ပြုတတ်သော တရားတည်း။

၆။ နောက်တမျိုးကား ရဟန်းသည် တရားတော်ကို အလိုရှိ၏၊ ချစ်ဖွယ်ကို ပြောဆိုတတ်၏၊ လွန်မြတ်သော သုတ်အဘိဓမ္မာဝိနည်း၌ များစွာမြတ်နိုးခြင်းရှိ၏။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၇။ နောက်တမျိုးကား ရဟန်းသည် အကုသိုလ်တရားတို့ကို ပယ်ရန်၊ ကုသိုလ်တရားတို့နှင့် ပြည့်စုံရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားအစွမ်းရှိ၏၊ မြဲမြံသော ဝီရိယရှိ၏၊ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်းမရှိ။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၈။ နောက်တမျိုးကား ရဟန်းသည် ရတတ်သမျှသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ဆေးဟူသော အဆောက်အဦဖြင့် ရောင့်ရဲ၏။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၉။ နောက်တမျိုးကား ရဟန်းသည် သတိနှင့် ပြည့်စုံ၏၊ လွန်ကဲ ရင့်ကျက်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာ ပြုပြီးသော အလုပ်ကို ၎င်း၊ ကြာမြင့်စွာက ပြောပြီးသော စကားကို၎င်း အောက်မေ့နိုင်၏၊ အဖန်တလဲလဲ အောက်မေ့နိုင်၏။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

၁၀။ နောက်တမျိုးကား ရဟန်းသည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိသော၊ ကိလေသာကို ဖောက်ခွဲနိုင်သော၊ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ကောင်းစွာရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။ ဤတရားသည်လည်း မှီခိုရာကို ပြုတတ်သော တရားတည်း။

ရဟန်းတို့–မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ မှီခိုရာမရှိပဲ မနေကြကုန်လင့်။ ရဟန်းတို့–မှီခိုရာမရှိသူသည် ဆင်းရဲစွာနေရ၏၊ ရဟန်းတို့ ဤသည်ကား မှီခိုရာကို ပြုတတ်သော တရားဆယ်မျိုးတို့ပင်တည်းဟု မြတ်စွာဘုရားသခင်မိန့်တော်မူ၏။

ဤနာထသုတ်သည် နှစ်သုတ်ရှိ၏။ အကြောင်းအရာတူကြ၏။ သာဝတ္ထိဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဟောကြားတော်မူ၏။ ဒုတိယသုတ်၌မူ မထေရ်ကြီး၊ လတ်၊ ငယ်များ ပြောဆိုသင့်၏၊ ဆုံးမသင့်၏ဟု ထင်မှတ်၍ အစဉ်သနားသောကြောင့် ထိုရဟန်းသည် ကုသိုလ်တရားတိုးပွားမှုသာ (မချွတ်ဖြစ်လိမ့်မည်ဟု) မျှော်လင့်နိုင်၏၊ ဆုတ်ယုတ်မှု (ဖြစ်လိမ့်မည်ဟု)မမျှော်လင့်နိုင်။ ဤကဲ့သို့ ဟောကြားထားသည်နှင့် ကျင့်သုံးအားထုတ်ကြပါစို့။ သေသေချာချာလေ့လာလျှင် တရားတူ[illegible] အကျိုးထူးဖြစ်ပါပေ၏ ပ ယုံကြည်ကြပါကုန်လော့။ ဤကား အင်္ဂုတ္တိုရ်ပါဠိတော် တတိယတွဲမှ ထုတ်ဖော်ပြရခြင်းဖြစ်ပါ၏။ ထို့ကြောင့် ပဋိပတ်သမားသည်လည်း အကြားအမြင်ရှိ၍ စာပေပရိယတ်ကိုလည်း စွမ်းနိုင်သမျှလေ့လာ အားထုတ်သင့်ကြားနာယူ ဆောင်ထားအပ်ပါပေ၏။ သုတ်ဝိနည်း အဘိဓမ္မာကို မြတ်နိုးရပေမည်။ ဘုရားဟော လမ်းညွှန်နှင့်၎င်း၊ ပိဋကမှတ်ကျောက်ဖြင့်၎င်း မိမိရသော တရားကို့ကို စစ်ဆေးစမ်းသပ် မှတ်ကျောက်တင်ခံနိုင်ကြပါစေသော်။

နောက်ဆုံး အရိယာတို့နေခြင်းဟူသော သုတ်နှစ်သုတ်ကိုလည်း လိုက်နာခံယူကျင့်သုံးရန် တင်ပြလိုက်ပါ၏။ အလွန်ကောင်းသော အချက်အလက်များဖြစ်၍ ပြည့်စုံအောင် အရိယာအစစ်ဖြစ်လိုသူ ယောဂီ ရှင်ရဟန်း လူများ သီလရှင်များမကျန် အားလုံးလေ့လာလိုက်စား ကျင့်သုံးသင့်သဖြင့် နောက်ဆုံး တင်ပြလိုက်ပါသတည်း။ အကျယ်ရေးရလျှင် ဟောရသော စာအုပ်ကြီးတအုပ်နှစ်အုပ် ရေးထုတ်ဟောပြောရပါလိမ့်မည်။ ဤအင်္ဂါများ ပြည့်စုံသောသူ အရိယာမှန်ပါပေ၏ဟု မှတ်ယူတော်မူကြပါကုန်။ အရိယာ စစ်နည်း ခြောက်ပါး ဝိနည်း၌ရှိပေ၏။

## ဒုတိယ အရိယာဝါသသုတ်

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မ မည်သော ကုရုတိုင်းသူတို့နိဂုံး၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏။ ရဟန်းတို့ အရိယာတို့၏ နေခြင်းတို့သည် ဤဆယ်မျိုးတို့တည်း၊ ယင်းအရိယာတို့၏ နေခြင်းဆယ်မျိုးတို့ကို အရိယာတို့သည် (ရှေးကလည်း) မှီ၍ နေကြကုန်ပြီ၊ (ယခုလည်း) မှီ၍ နေကြကုန်ဆဲ (နောင်လည်း) မှီ၍ နေကြကုန်လတ္တံ့။ အဘယ်ဆယ်မျိုးတို့နည်းဟူမူကား—

ရဟန်းတို့— ဤသာသနာတော်၌ ရဟန်းသည် အင်္ဂါငါးမျိုးကို ပယ်ပြီး ဖြစ်၏။ အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံ၏။ အစောင့်အရှောက်တခု ရှိ၏။ မှီရာ လေးခုရှိ၏။ ပယ်နှုတ်ပြီး သီးခြား သစ္စာရှိ၏။ ရှာမှီးခြင်း အားလုံးကို ကောင်းစွာစွန့်ပြီး ဖြစ်၏။ မနောက်ကျသောသတိ ရှိ၏။ ကိုယ်ကိုပြုပြင်မှု 'ကာယသင်္ခါရ' ငြိမ်းပြီး ဖြစ်၏။ ကောင်းစွာလွတ်မြောက်ပြီးသောစိတ် ရှိ၏။ ကောင်းစွာလွတ်မြောက်ပြီးသောပညာ ရှိ၏။

၁။ ရဟန်းတို့- ရဟန်းသည် အဘယ်မျှလျှင် အင်္ဂါငါးမျိုးကို ပယ်ပြီး ဖြစ်သနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် ကာမတို့၌ လိုချင်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ပြီး ဖြစ်၏။ ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်ပြီး ဖြစ်၏။ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ပယ်ပြီး ဖြစ်၏။ ပျံ့လွင့်မှု နောင်တ တဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကို ပယ်ပြီး ဖြစ်၏။ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ပြီး ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးတို့ကို ပယ်ပြီး ဖြစ်၏။

၂။ ရဟန်းတို့- ရဟန်းသည် အဘယ်သို့လျှင် အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံသနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်သော် ဝမ်းလည်းမသာ၊ ဝမ်းလည်းမနည်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏။ နားဖြင့်အသံကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့ကိုနံသော်။ပ။ လျှာဖြင့် အရသာကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်။ပ။ စိတ်ဖြင့် သဘောတရားကိုသိသော် ဝမ်းလည်းမသာ၊ ဝမ်းလည်းမနည်း သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏။ ရဟန်းတို့-ဤသို့လျှင် ရဟန်းသည် အင်္ဂါခြောက်မျိုးနှင့် ပြည့်စုံ၏။

၃။ ရဟန်းတို့- ရဟန်းသည် အဘယ်သို့လျှင် အစောင့်အရှောက် တခုရှိသနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် သတိတည်းဟူသော အစောင့်အရှောက်ရှိသော စိတ်နှင့်ပြည့်စုံ၏။ ရဟန်းတို့-ဤသို့လျှင် ရဟန်းသည် အစောင့်အရှောက်တခု ရှိ၏။

၄။ ရဟန်းတို့-ရဟန်းသည် အဘယ်သို့လျှင် မှီရာ လေးခုရှိသနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် ဆင်ခြင်၍ အချို့ကို မှီဝဲ၏။ ဆင်ခြင်၍ အချို့ကို သည်းခံ၏။ ဆင်ခြင်၍ အချို့ကို ရှောင်ကြဉ်၏။ ဆင်ခြင်၍ အချို့ကို ပယ်ဖျောက်၏၊ ရဟန်းတို့- ဤသို့လျှင် ရဟန်းသည် မှီရာလေးခု ရှိ၏။ (ဤအရာ၌ မူလ ပဏ္ဏာသပါဠိတော် သဗ္ဗာသဝသုတ်မှ ဟူ၍ဖွင့်လိုက်ပါ၏။ အကျယ်ရင်း အဋ္ဌကထာ ကြည့်ပါလေ။ ၁)

ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍ သင်္ကန်းကို မှီဝဲ၏။ အအေးကို ပယ်ဖျောက်ရုံမျှသာ၊ အပူကို ပယ်ဖျောက်ရုံမျှသာ၊ မှက် ခြင် လေ နေပူ မြွေကင်းသန်း အတွေ့တို့ကို ပယ်ဖျောက်ရုံမျှသာ၊ အရှက်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါကို ဖုံးလွှမ်းရုံမျှသာ (သင်္ကန်းကို မှီဝဲ၏။)။

သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍ ဆွမ်းကို မှီဝဲ၏။ မြူးထူးခြင်းငှါ မဟုတ်၊ မာန်ယစ်ခြင်းငှါ မဟုတ်၊ တန်ဆာဆင်ခြင်းငှါ မဟုတ်၊ အရေအဆင်း ပြိုးပြိုးပွားခြင်းငှာ မဟုတ်၊ ဤကိုယ်၏ တည်တံ့ရုံမျှသာ မျှတရုံမျှသာ (ဆာလောင်မွတ်သိပ်သော) ပင်ပန်းခြင်းကို ပယ်ဖျောက်ရုံ

မျှသာ မြတ်သောအကျင့်ကို ချီးမြှောက်ခြင်းငှာသာ (ဆွမ်းကိုမှီဝဲ၏)။ ဤသို့မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်ရင်း အပြစ်မရှိသည့်အဖြစ်သည်ရင်း ချမ်းသာစွာနေရခြင်းသည်ရင်း ဖြစ်လတ္တံ့ ဟု ဆွမ်းကို မှီဝဲ၏။

သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ အိပ်ရာနေရာ ကျောင်းကို မှီဝဲ၏။ အအေးကို ပယ်ဖျောက်ရုံမျှသာ အပူကို ပယ်ဖျောက်ရုံမျှသာ မှက် ခြင် လေ နေပူ မြွေ ကင်း သန်း အတွေ့တို့ကို ပယ်ဖျောက်ရုံမျှသာ (ရာသီ) ဥတုဘေးရန်ကို ပယ်ဖျောက်၍ ကိန်းအောင်း မွေ့လျော်ရုံမျှသာ (အိပ်ရာ နေရာ ကျောင်းကို မှီဝဲ၏။)။

သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ သူနာ၏အထောက်အပံ့ ဆေး (ပစ္စည်း) အဆောက်အဦကို မှီဝဲ၏၊ ဖြစ်ပေါ်ကုန်သော ဖျင်နာ ခံခက် နှိပ်စက်တတ်ကုန်သော (ရောဂါ) ဝေဒနာတို့ကို ပယ်ဖျောက်ရုံမျှသာ ဆင်းရဲဒုက္ခ ကင်းပျောက်ရုံမျှသာ ဆေးကိုမှီဝဲ၏၊ ဤကား ဆင်ခြင်၍ အချို့ကို မှီဝဲ၏ ဆိုလို၏။

ရဟန်းတို့—ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်း အားဖြင့် ဆင်ခြင်၍ အချမ်း, အပူ, ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ မှက်, ခြင်, လေ, နေပူ, မြွေ-ကင်း အတွေ့တို့ကို သည်းခံနိုင်၏။ မကောင်းသဖြင့် ဆိုအပ်ကုန်သော၊ မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုရင်း၊ ကိုယ်၌ ဖြစ်ဆဲ ဖြစ်ကုန်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ် ကျင်နာ မသာယာဖွယ် မနှစ်မြို့ဖွယ်သော၊ အသက်ကိုဆောင်နိုင်သော ဆင်းရဲ ဝေဒနာတို့ကိုရင်း သည်းခံနိုင်ခြင်းသဘောရှိသူ ဖြစ်၏။ ဤကား ဆင်ခြင်၍ အချို့ကို သည်းခံ၏ ဆိုလို၏။

ရဟန်းတို့— ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်း အားဖြင့် ဆင်ခြင်၍ ကြမ်းသောဆင်ကို ရှောင်ကြဉ်၏၊ ကြမ်းသော မြင်း၊ နွား၊ ခွေးကို ရှောင်ကြည်၏။ မြွေကို၊ သစ်ငုတ်ကို၊ ဆူးရှိရာဌာနကို၊ ချောက်ကို၊ ကမ်းပါးကို၊ အညစ်အကြေးစွန့်ရာကို၊ အညစ်အကြေးစီးဆင်းရာ ကန်စီးတွင်းကို (ရှောင်ကြဉ်၏)။ အကြင်သို့ သဘောရှိသော နေရာမဟုတ်

သော ရဟန်းတို့ကျက်စားရာမဟုတ်ရာ၌ ကျက်စားသောရဟန်း၊ ယုတ်မာသော မိတ်ဆွေတို့ကို ဆည်းကပ်သောရဟန်းကို ပညာရှိသိတင်းသုံးဖေါ်တို့သည် မကောင်းသောအရာ၌သာနတို့၌ တွေးတောကုန်ရာ၏။ ထိုရဟန်းသည် ထိုနေရာမဟုတ်ရာကိုင်း၊ ကျက်စားရာမဟုတ်ရာကိုင်း၊ ယုတ်မာသော မိတ်ဆွေတို့ကိုင်း သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ ရှောင်ကြဉ်ရာ၏။ ဤကား ဆင်ခြင်၍ အချို့ကို ရှောင်ကြဉ်၏ ဆိုလို၏။

ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းမခံ စွန့်ပယ်၏။ ဖျောက်ဖျက်၏။ အဆုံးကင်းအောင်ပြု၏။ အဖန်ဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဖြစ်ပေါ်လာသော ဗျာပါဒဝိတက်ကို။ ဖြစ်ပေါ်လာသော ဝိဟိံသဝိတက်ကို။ ဖြစ်တိုင်းဖြစ်တိုင်း ကုန်သော ယုတ်မာသော အကုသိုလ်တရားတို့ကို သည်းမခံ စွန့်ပယ်၏၊ ဖျောက်ဖျက်၏။ အဆုံးကင်းအောင် ပြု၏။ ဤကား ဆင်ခြင်၍ အချို့ကို ပယ်ဖျောက်၏ဟုလို။

၅။ ရဟန်းတို့--ရဟန်းသည် အဘယ်သို့လျှင် ပယ်နုတ်ပြီး သီးခြားသစ္စာရှိသနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည်များစွာသော သမဏ ဗြာဟ္မဏတို့၏ သီးခြား သစ္စာများစွာ ရှိကုန်၏၊ ဤသည်တို့ကား အဘယ်နည်း“လောကသည် မြဲ၏”ဟူ၍ငင်း၊“လောကသည် မမြဲ”ဟူ၍ငင်း၊ “လောကသည် အဆုံးရှိ၏” ဟုငင်း၊ “လောကသည် အဆုံးမရှိ” ဟုငင်း၊ “ထိုအသက်သည် ထိုကိုယ်ဖြစ်၏”ဟုငင်း “အသက်တခြား ကိုယ်တခြား” ဟုငင်း၊ “သတ္တဝါသည် သေပြီးနောက်ရှိ၏” ဟုငင်း၊ “သတ္တဝါသည် သေပြီးနောက်မရှိ” ဟုငင်း၊ “သတ္တဝါသည် သေပြီးနောက် ရှိလည်းရှိ၊ မရှိလည်း မရှိ” ဟုငင်း၊ “သတ္တဝါသည် သေပြီးနောက် ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်” ဟုငင်း ဤသည်တို့တည်း။ ထိုအလုံးစုံကုန်သော သစ္စာတို့ကို နုတ်အပ်ကုန်၏။ ပယ်နုတ်အပ်ကုန်၏။ စွန့်အပ်ကုန်၏။ ထွေးအန်အပ်ကုန်၏။ လွှတ်အပ်ကုန်၏။ ပယ်အပ်ကုန်၏။ တဖန် စွန့်အပ်ကုန်၏။ ရဟန်းတို့-ဤသို့လျှင် ရဟန်းသည် ပယ်နုတ်ပြီး သီးခြားသစ္စာရှိ၏။

၆။ ရဟန်းတို့-ရဟန်းသည် အဘယ်သို့လျှင် ရှာမှီးခြင်းအားလုံးကို ကောင်းစွာ စွန့်အပ်သနည်း။ ရဟန်းတို့-ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့၌ ရှာမှီးခြင်းကို ပယ်အပ်ပြီးဖြစ်၏၊ ဘဝ၌ ရှာမှီးခြင်းကို

ပယ်အပ်ပြီးဖြစ်၏၊ မြတ်သောအကျင့်၌ ရှာမှီးခြင်းသည် ငြိမ်း၏။ ရဟန်းတို့-ဤသို့လျှင် ရဟန်းသည် ရှာမှီးခြင်းအားလုံးကို ကောင်းစွာစွန့်အပ်၏။

၇။ ရဟန်းတို့—ရဟန်းသည် အဘယ်သို့ မနောက်ကျုသော အကြံရှိသနည်း။ ရဟန်းတို့-ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်၌ ကြံစည်မှုကို ပယ်အပ်ပြီး ဖြစ်၏။ ပျက်စီးစေလိုခြင်းဟူသော ကြံစည်မှုကို ပယ်အပ်ပြီး ဖြစ်၏။ ညှဉ်းဆဲလိုခြင်းဟူသော ကြံစည်မှုကို ပယ်အပ်ပြီး ဖြစ်၏။ ရဟန်းတို့ ရဟန်းသည် မနောက်ကျုသောအကြံရှိ၏။

၈။ ရဟန်းတို့— ရဟန်းသည် အဘယ်သို့လျှင် ကိုယ်ကိုပြုပြင်မှု "ကာယသင်္ခါရ" ငြိမ်းပြီးဖြစ်သနည်း။ ရဟန်းတို့— ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း၊ ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာယာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရင်း၊ ဆင်းရဲ ချမ်းသာမရှိသော လျစ်လျူရှုမှု "ဥပေက္ခာ" ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့-ဤသို့လျှင် ရဟန်းသည် ကိုယ်ကိုပြုပြင်မှု "ကာယသင်္ခါရ" ငြိမ်းပြီး ဖြစ်၏။

၉။ ရဟန်းတို့-ရဟန်းသည် အဘယ်သို့လျှင် ကောင်းစွာ လွတ်မြောက်ပြီးသောစိတ်ရှိသနည်း။ ရဟန်းတို့—ဤသာသနာတော်၌ ရဟန်းသည် တပ်စွန်းမှု "ရာဂ" မှစိတ်သည် လွတ်မြောက်၏။ အမျက်ထွက်မှု "ဒေါသ" မှ စိတ်သည် လွတ်မြောက်၏။ တွေဝေမှု "မောဟ" မှ စိတ်သည် လွတ်မြောက်၏။ ရဟန်းတို့—ဤသို့လျှင် ရဟန်းသည် ကောင်းစွာ လွတ်မြောက်ပြီးသောစိတ်ရှိ၏။

၁၀။ ရဟန်းတို့- ရဟန်းသည် အဘယ်သို့လျှင် ကောင်းစွာ လွတ်မြောက်ပြီးသော ပညာရှိသနည်း။ ရဟန်းတို့- ဤသာသနာတော်၌ ရဟန်းသည် "ငါသည် တပ်စွန်းမှု" ရာဂကို ပယ်အပ်ပြီး အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်အပ်ပြီး (နှုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိပြီ" ဟုသိ၏။ "ငါသည် အမျက်ထွက်မှု" ဒေါသကို ပယ်အပ်ပြီ။ "ငါသည် တွေဝေမှု" မောဟကို ပယ်အပ်ပြီ၊ အမြစ်အရင်းကို အကြွင်းမဲ့ ဖြတ်အပ်ပြီ၊ (နှုတ်ပြီးသော)

ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိပြီ”ဟု သိ၏။ ရဟန်းတို့- ဤသို့လျှင် ရဟန်းသည် ကောင်းစွာ လွတ်မြောက်ပြီးသော ပညာရှိ၏။

ရဟန်းတို့- လွန်ခဲ့ပြီး အခွန့်ကာလ၌ အရိယာ အားလုံး တို့သည် အရိယာတို့၏ နေခြင်းဆယ်မျိုးတို့ကိုသာလျှင် မှီ၍နေခဲ့ကြကုန်ပြီ၊ ရဟန်းတို့ လာလတ္တံ့သော အခွန့်ကာလ၌ အရိယာတို့သည် အရိယာတို့၏ ဤနေခြင်း ဆယ်မျိုးတို့ကိုသာလျှင် မှီ၍နေကြလတ္တံ့။ ရဟန်းတို့ ယခု အခါ၌လည်း အရိယာအားလုံးတို့သည် အရိယာတို့၏ နေခြင်းဆယ်မျိုးတို့ကိုသာလျှင် မှီ၍ နေကုန်၏။ ရဟန်းတို့-ဤသည်တို့ကား အရိယာတို့၏ နေခြင်းဆယ်မျိုးတို့ ပေတည်း။ ယင်းဆယ်မျိုးတို့ကို အရိယာတို့သည် (ရှေးကနည်း) မှီ၍ နေကြကုန်ပြီ၊ (ယခုလည်း) မှီ၍ နေကြကုန်ဆဲ၊ (နောင်လည်း) မှီ၍ နေကြကုန် လတ္တံ့ဟု မိန့်တော်မူ၏။

ထိုကြောင့် အရိယာသုတ်အရ မိမိတို့ရရှိသော တရားထူးနှင့် ကိုက်ညီ မညီကို စစ်တမ်းထုတ်၍ ဆင်ခြင်ကြည့်ရှုကြရာ၏။ မရသေးလျှင် ရအောင်၊ ရပြီးလျှင်၊ တဆင့် တဆင့် မြင့်မြတ်အောင် နောက်ဆုံးပန်းတိုင် ဖြစ်သော နိဗ္ဗာန်သို့ရောက်အောင် ကြိုးစားအားထုတ်ပေါက်မြောက်ကြပါ စေကုန်သတည်း။ ဤကား ဘုရား ဓမ္မဒါယာဒတရား အမွေခံကြရန် ရည်ရွယ်၍ တင်ပြလိုက်ခြင်းဖြစ်ပါသတည်း။

အဘယ်ကြောင့်နည်းဆိုသော် မြတ်စွာဘုရားက ရဟန်းတို့ (သင်တို့ သည်) ငါဘုရား၏ တရားအမွေခံတို့သာ ဖြစ်ကြကုန်လော့၊ ပစ္စည်း“အာ မိသ”အမွေခံတို့မဖြစ်ကြကုန်လင့်။ ဟု ဓမ္မဒါယာဒသုတ်၌ မိန့်မြွက် ဟော ကြားတော်မူခဲ့ပါသည်။ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီးကလည်း အရိယာတွေ့ကျန်သေးသည်။ ကြိုးစားအားထုတ်ကြဟု မှာကြားမိန့်တော် မူခဲ့လေသည်။ ဘဘုရားစကားနှင့် ဆရာသမားစကား နားထောင်ယူ ကျင့်သုံးအားထုတ်၍ ဓမ္မပူဇာလုပ်နိုင်ကြပါစေသော်။

ဓမ္မာ ရာမော ဓမ္မ ရတော၊
ဓမ္မံ အနု ဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊
သဒ္ဓမ္မာ န ပရိဟာယတိ။

တရားလျှင် မွေ့လျော်ရာသော တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော တရားကို အဖန်ဖန် အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်ချေ။

သဗ္ဗ ဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗံ ရသံ ဓမ္မ ရသော ဇိနာတိ။
သဗ္ဗ ရတိံ ဓမ္မ ရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗ ဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊ တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံသော ဝဋ်ဆင်းရဲကိုအောင်နိုင်၏။ အောင်ကြပါစေသတည်း။

# မြတ်စွာဘုရား၏ ဩဝါဒ

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်နှင့်နာဠန္ဒမြို့အကြား၊ ဗဟုပုတ္တစေတီ (ညောင်ပင်ရင်း) ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရာ၊ အရှင်မဟာကဿပသည် ဖူးမြင်သောအခါ "ငါသည် ဆုံးမတတ်သူကို တွေ့မြင်လိုသည် ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကို သာလျှင် စင်စစ် တွေ့မြင်ရာ၏။ ငါသည် ကောင်းသောလာခြင်းရှိသူကို တွေ့မြင်လိုသည် ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကိုသာလျှင် စင်စစ်တွေ့မြင်ရာ၏။ ငါသည်(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်သိသူကို တွေ့မြင်လိုသည်ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကို သာလျှင် စင်စစ်တွေ့မြင်ရာ၏" ဟု အကြံဖြစ်၏။ အဝေး, မနီးမဝေး, အနီးအရပ်တို့၌၊ မင်လျှင် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်၍မြတ်စွာ ဘုရားအား "အရှင်ဘုရား—မြတ်စွာဘုရားသည် ကျွန်ုပ်၏ ဆရာပါတည်း၊ အကျွန်ုပ်ကား တပည့်ဖြစ်ပါ၏။ ဟု သုံးကြိမ် လျှောက်ထားလေ၏။

"ကဿပ-အကြင်သူသည် ဤသို့အလုံးစုံသော စိတ်နှင့်ပြည့်စုံသော တပည့်ကို မသိပါပဲလျက်လျှင် ငါသိ၏ဟူ၍ မမြင်ပါပဲလျက်လျှင် ငါမြင်၏ ဟူ၍ ဆိုမိငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ပြတ်ကြွေကျရာ၏၊ ကဿပ- ငါဘုရားသည်ကား သိတော်မူသောကြောင့် သာလျှင် သိ၏၊ မြင်တော်မူသောကြောင့်သာလျှင်မြင်၏' ဟူ၍ဘုရားမိန့်တော်မူ၏။ (သံယုတ်၊ပ၊၄၂၀)

"ချစ်သားကဿပ- ထိုင်လော့၊ သင်ချစ်သားအား ငါဘုရားသည် အမွေပေးတော့အံ့" ဟု မိန့်တော်မူ၏။ (အံ၊ ၃၊ ပ၊ ၁၄၂။ တော၊ ၃၊ ဒု၊ ၄၄၃)။

ထိုနောက် ဩဝါဒသုံးပါး ပေးတော်မူ၏။ (သံ၊ ပ၊ ၄၂၀)။၌ လာသည်ကား—

(၁) တသ္မာ တိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ "တိဗ္ဗံ မေ ဟိရောတ္တပ္ပံ ပစ္စုပဋ္ဌိတံ ဘဝိဿတိ ထေရေသု နဝေသု မဇ္ဈိမေသု" တိ၊ ဧဝံ ဟိ တေ ကဿပ သိက္ခိတဗ္ဗံ။

(၂) တသ္မာ တိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ "ယံ ကိဉ္စိ ဓမ္မံ သုဏိဿာမိ ကုသလူပ သံဟိတံ၊ သဗ္ဗံ တံ အဋ္ဌိံ ကတွာ မနသိ ကရိတွာ သဗ္ဗ စေတသာ သမန္နာ ဟရိတွာ ဩဟိတ သောတော ဓမ္မံ သုဏိဿာမိ" တိ၊ ဧဝံ ဟိ တေ ကဿပ သိက္ခိတဗ္ဗံ။

(၃) တသ္မာ တိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ "သာတ သဟ ဂတာ စ မေ ကာယဂတာ သတိ န ဝိဇဟိ ဿတိ" တိ၊ ဧဝံ ဟိ တေ ကဿပ သိက္ခိတဗ္ဗန္တိ။

၁။ ကဿပ-ထိုကြောင့်ဤသာသနာတော်၌ သင်သည် ထေရ်တင်းကြီး, သီတင်းငယ်, သီတင်းလတ် ပုဂ္ဂိုလ်တို့၌ ပြင်းစွာ ထက်သန်သော အရှက် အကြောက် (ဟိရိ ဩတ္တပ္ပ) ကို ရှေးရှု ထင်သည် ဖြစ်လတ္တံ့ဟု ဤသို့ ကျင့်ရမည်။

၂။ ကဿပ-ထိုကြောင့် ဤသာသနာတော်၌ သင်သည် ကုသိုလ်နှင့်စပ်သော တရား အားလုံးကို နာအံ့၊ ထိုတရားအားလုံးကို အရိုအသေ ပြုကာ နှလုံးသွင်း၍ အလုံးစုံသော စိတ်ဖြင့် ကောင်းစွာဆောင်၍ နားစိုက်လျက် တရားကို နာအံ့ဟူ၍ ဤသို့ကျင့်ရမည်။

၃။ ကဿပ- ထိုကြောင့် ဤသာသနာတော်၌ သင်သည် သုခနှင့် တကွဖြစ်သော ကာယဂတာ သတိသည် ငါ့အား မစွန့်လတ္တံ့ဟု ဤသို့ ကျင့်ရမည်။

ဤအဆုံးမဩဝါဒ သုံးပါးကို ပေးတော်မူသည်။ ထိုဩဝါဒသုံးပါးကို အရှင်မဟာကဿပသည်လည်း ရှိသေစွာ ခံယူ ကျင့်သုံးတော် မူသဖြင့် ရှစ်ရက်မြောက်နေ့၌ အရဟတ္တဖိုလ်ကို ရလေသည်။

အထူး မှတ်သားရန်မှာ ဤအဆုံးအမ ဩဝါဒ သုံးပါးသည်ပင် အရှင်မဟာကဿပ၏ အတွက် ရှင်ရဟန်းခံခြင်း သည်လည်း ဖြစ်၏။ ဤရဟန်း ခံခြင်းမျိုးကို ဤသာသနာတော်၌ အရှင်မဟာကဿပ မထေရ်မြတ်တပါးသာလျှင် ရရှိတော်မူ၏။ ဤရဟန်းခံခြင်းမျိုးကို ဩဝါဒ ပဋိဂ္ဂဟဏ ဥပသမ္ပဒါဟု ခေါ်သည်။

သံယုတ်အဋ္ဌကထာ ဒုတိယတွဲ (၁၃၈) ၌ ပဌမသြဝါဒကို ဖွင့်ဆိုရာ "ချစ်သား ကဿပ-သင်ချစ်သားသည် မိမိထက် အသက်သိက္ခာ ကြီးသော ပုဂ္ဂိုလ်၊ မိမိအောက် အသက်သိက္ခာငယ်သော ပုဂ္ဂိုလ်၊ မိမိနှင့်အသက်သိက္ခာ တူညီသောပုဂ္ဂိုလ် ဤသိတင်းသုံးဖေါ် သုံးမျိုးလုံး၌ပင် အလွန်ထက်သန်သော အရှက်, အကြောက်, ဟိရီ, သြတ္တပ္ပတရား နှစ်ပါးကို အလျှင် လက်ဦးဖြစ်ပွားစေရမည်၊ ထားရှိရမည်" ဟု ဆိုလို၏။ (သံ၊ ဋ္ဌ၊ ဒု၊ ၁၆၈) ၌ ဤ ပဌမ သြဝါဒကို အရှင်မဟာကဿပ မထေရ်မြတ်မှာ ဗြာဟ္မဏဇာတ် ရှိသူဖြစ်သောကြောင့် ဇာတိမာန်ကို ပယ်ဖို့ရန် ဟောကြားဆုံးမတော်မူ၏။

(၂) ဒုတိယ သြဝါဒ၌ကား "ချစ်သား ကဿပ-သင်ချစ်သားသည် အပြစ်ကင်းသော တရားများကို တရားနာစဉ် ပြင်ပတခြား စိတ်မသွားစေပဲ၊ အစ, အလယ်, အဆုံး သုံးပါးလုံးမှာပင် ပညာနား၊ ပသာဒနား နှစ်ပါးဖြင့် ကောင်းစွာ စူးစိုက်နားထောင်၍ ရိုသေစွာ နာယူရမည်" ဟု ဆိုလိုရင်းဖြစ်၏။ သံယုတ်ဋီကာ အတူ အင်္ဂုတ္တိုရ်ဋီကာ။ ပ၊ ၁၅၃ ၌သည်း ဤဒုတိယသြဝါဒကိုအရှင်မဟာကဿပမထေရ်မြတ်သည် ဗဟုသုတ အကြားအမြင်များသူ ဖြစ်၍ ယင်း အကြား အမြင် များမှုကို အမှီပြု၍ ဖြစ်တတ်သော ငါတလူလူ မာန်မူမှုကို ပယ်ဖို့ရန် ဟောကြား ဆုံးမတော်မူ၏။

(၃) တတိယ သြဝါဒ၌ကား "ချစ်သားကဿပ- သင်ချစ်သားသည် ကာယဂတာသတိ ပွားများ အားထုတ်ရာတွင် အသုဘ (၉) ပါး အာနာပါနဿတိနှင့် (၁၀) ပါးသော အာရုံတို့၌ ဖြစ်သည့် သုခ ဝေဒနာ ယှဉ်ဖက်ပါသော ပဌမဈာန်ကို မိမိသန္တာန်၌ စွန့်ခွာ၍ မသွားရအောင် စွဲစွဲမြဲမြဲကျင့်သုံး အားထုတ်ရမည်" ဟု ဆိုလိုသည်။ ဋီကာများ၌ ဤတတိယ သြဝါဒကို အရှင်မဟာကဿပ မထေရ်မြတ်သည် ဥပဓိရုပ်နှင့် ပြည့်စုံ တင့်တယ်သောသူဖြစ်၍ ယင်းဥပဓိရုပ်နှင့် ပြည့်စုံမှုကို အမှီပြုကာ ဖြစ်ပေါ်လာမည့် မိမိကိုယ်ကို ချစ်ခင်တွယ်တာသည့် တဏှာလောဘကို ပယ်ဖို့ရန် ဟောကြား ဆုံးမတော်မူ၏။

ဤသြဝါဒသုံးပါးသည် ဘုရားတပည့်တော်တို့နှင့်လည်း အလွန်သက်ဆိုင်၍မှတ်သားကျင့်သုံးလိုက်နာထိုက်သော သြဝါဒအထူးဖြစ်ပါပေ၏။ ထို့ကြောင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ အနက် အဓိပ္ပာယ်တို့ကို အာဂုံဆောင် လေ့

ကျက်၍ အမြဲလေ့ကျင့်အားထုတ်ကြရပါမည်။ ဘုရား၏ တရားအမွေ ခံယူကြရပါမည်။ဤတွင် တိုက်ဆိုင်နေသည်မှာ အာနာပါနဿတိဖြင့် သုခ နှင့်ယှဉ်သော ပဥ္စမဈာန်ကို အခြေခံ၍ ဝိပဿနာ ရှုပွားအားထုတ်ခါ မဂ်ဖိုလ် နိဗ္ဗာန်ရအောင် ကြိုးစားအားထုတ်ကြရပေမည်။ အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးသည်လည်း အာနာပါနဿတိ အားထုတ်၍ အသုဘရှုခါ ကာယဂတာသတိစွဲမြဲသဖြင့် ရှစ်ရက်မြောက်နေ့၌ ရဟန္တာ ဖြစ်သောထုံးကို နှလုံးမူနိုင်ကြ ပါစေသတည်း။

အဂ္ဂမဟာသာဝကကြီး ဖြစ်သော အရှင်သာရိပုတ္တရာ သည်လည်း အာနာပါနဿတိကထာကို ဉာဏ်စဉ်အသေးစိပ်၍ မဂ်ဖိုလ်ရအောင်အကျယ် တဝင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ၎င်းအဋ္ဌကထာ၌ ဟောကြားတော် မူခဲ့ သဖြင့် လေ့လာအားထုတ်ကြရပေမည်။သားတော်ရာဟုလာ၊အရှင်မေဃိယ၊ အရှင်ဂိရိမာနန္ဒ၊ မဟာကပ္ပိန၊ ပက္ကုသာတိ၊ တိဿ၊ အာနန္ဒာ စသည် တို့လည်း အားထုတ်၏။

## ဆောင်ပုဒ်များ

(၁) သိက္ခာကြီး ငယ်၊ အလတ်ဝယ်၊ ရှက်ဘွယ် ကြောက်ဘွယ် ထင်ပါစေ။

(၂) ကုသိုလ်တရား၊ ရှိသေငြား၊ လေးစားနာယူ ရှုးစိုက်စေ။

(၃) ကာယဂတာ၊ သတိသာ၊ သင့်မှာ မစွန့် မြဲပါစေ။

၁။ ရှက်ကြောက်တရား၊ လက်ဦးပွား၊ သုံးပါး မွေဆော့။
ဇာတိမာန၊ ပယ်စွန့်ချ၊ မိန့်ဟ မြတ်ဗုဒ္ဓ။

၂။ ပသာဒနား၊ ပညာနား၊ တခြားမသွား နာယူလေ။
ဗဟုသုတမာန်၊ ပယ်စွန့်ရန်၊ အမှန် ဟောကြားပေ။

၃။ အာနာပါန၊ အသုဘ၊ သုခဈာန် မြဲစေ။
ကိုယ့်ကို ခင်တွယ်၊ တဏှာပယ်၊ ကျင့်ဘွယ်သုံးချက်ပေ။

* + *

မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတော်မူ သော ဩဝါဒ ပါတိမောက်။

(၁) ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(၂) သဗ္ဗ ပါပဿ အကရဏံ၊
ကုသလဿူပ သမ္ပဒါ။
သ စိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

(၃) အနူ ပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာ သနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။ ။(ဓမ္မပဒပါဠိတော်)

၁။ တိတိက္ခာဟု အမည်ရသော သည်းခံမှု ခန္တီသည် မြတ်သော အကျင့်တည်း။ နိဗ္ဗာန်ကို အလွန်မြတ်၏ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏။ ရဟန်းဟူသည် သူတပါးကို မညှဉ်းဆဲ၊ သူတပါးကို ညှဉ်းဆဲသော သူသည် ရဟန်းမဟုတ်။

၂။ မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ မိမိ၏ စိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၃။ သူတပါးကို မကဲ့ရဲ့မစွပ်စွဲရာ၊ မညှဉ်းဆဲရာ၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ရာ၏။ စားဖွယ်၌ အတိုင်းအရှည်ကို သိရာ၏။ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာ၌ ကပ်ရောက်နေထိုင်ရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

## ဆောင်ပုဒ်ကားး

၁။ ခန္တီသည်းခံ၊ မြတ်ဆုံးမှန်၊ ကျင့်ရန် ဘုရားဟော။
နိဗ္ဗာန်ချမ်းသာ၊ မြတ်ဆုံးပါ၊ မိန့်မှာ တို့ဗုဒ္ဓေါ။
ရဟန်းမှန်လတ်၊ မညှဉ်းဇတ်၊ ညှဉ်းသတ်ရဟန်း မဟုတ်ဟော။

၂။ မကောင်းမှုတွေ၊ မပြုစေ၊ ပယ်လေ ဩဝါဒေါ။
ကုသိုလ်ကောင်းမှု၊ ပြည့်စုံပြု၊ ဖြည့်ဟု မဂ်ဉာဏ်ဟော။
မိမိစိတ်ဓါတ်၊ ဖြူစင်လတ်၊ ဖိုလ်မြတ် ဆောက်စေယော။

၃။ သူ့ကို စွပ်စွဲ၊ ဖိညှဉ်းသဲ၊ ရှောင်လွှဲ ကင်းပါစေ။
ဝိနည်းသိက္ခာ၊ စောင့်ထိန်းပါ၊ စားရာတိုင်းရှောသိပါလေ။
ဆိတ်ငြိမ်ကျောင်းသွား၊ ဈာန်စိတ်ပွား၊ ကြိုးစား အား
ထုတ်နေ။

"ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ" [မူလပဏ္ဏာသ ပါဠိတော် (၁၅)]၊ ရဟန်းတို့—သင်တို့သည် ငါဘုရား၏ တရားအမွေခံတို့သာ ဖြစ်ကြကုန်လော့။ ပစ္စည်း (အာမိသ) အမွေခံတို့ မဖြစ်ကြကုန်လင့်။ ဟု မိန့်တော်မူခဲ့သည်ကို ဦးထိပ်၌ ပန်ဆင်၍ ဘုရား၏ တရားအမွေခံရန် ဩဝါဒအဆုံးအမများကို လိုက်စားကျင့်သုံး အားထုတ်ကြရပါမည်။ မမေ့မလျော့သော သတိဖြင့် ပြည့်စုံအောင် ကြိုးကုတ်အားထုတ်ကြပါစို့။

* + *

မူလပဏ္ဏာသပါဠိတော်၊ စူဠသစ္စကသုတ် (၂၉၈) ၌ မြတ်ဘုရား ဟောတော်မူသည်မှာ--

ဧဝံ ဝိမုတ္တ စိတ္တော ခေါ အဂ္ဂိဝေဿန ဘိက္ခု တီဟိ အနုတ္တရိယေဟိ သမန္နာဂတော ဟောတိ ဒဿနာ နုတ္တရိယေန ပဋိပဒါ နုတ္တရိယေန ဝိမုတ္တာ နုတ္တရိယေန။ ဧဝံ ဝိမုတ္တ စိတ္တော ခေါ အဂ္ဂိဝေဿန ဘိက္ခု တထာဂတဉ္ဇေဝ သက္ကရောတိ ဂရုံ ကရောတိ မာနေတိ ပူဇေတိ "ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ ဒေသေတိ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတီ"တိ

မြန်မာပြန်=အဂ္ဂိဝေသာနံ ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသော ရဟန်းသည် အမြင်ထူးခြားခြင်း၊ အကျင့်ထူးခြားခြင်း၊ လွတ်မြောက်မှု ထူးခြားခြင်းဟူသော သုံးပါးသော ထူးခြားခြင်းတို့နှင့် ပြည့်စုံ၏။ အဂ္ဂိဝေသာန ဤသို့ လွတ်မြောက်သော စိတ်ရှိသော ရဟန်းသည် မြတ်စွာဘုရားကို သာလျှင် ရိုသေပူဇော်၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏။ “သိတော်မူသော ထိုမြတ်စွာဘုရားသည် သိစေခြင်းငှါ တရားကို ဟောကြားတော်မူ၏။ ယဉ်ကျေးတော်မူပြီးသော ထိုမြတ်စွာဘုရားသည် ယဉ်ကျေးစေခြင်း ငှါ တရားကို ဟောတော်မူ၏၊ (ကိလေသာ) ငြိမ်းတော်မူပြီးသော ထိုမြတ်စွာ ဘုရားသည် (ကိလေသာ)ငြိမ်းစေခြင်းငှါ တရားကို ဟောတော်မူ၏။(သြဃ လေးပါးမှ) ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရားသည် (သြဃ လေး ပါး) ကို ကူးမြောက်စေခြင်းငှါး တရားကို ဟောတော်မူ၏။ အကြွင်းမဲ့ ငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားသည် အကြွင်းမဲ့ ငြိမ်းအေးစေ ခြင်းငှါ တရားတော်ကို ဟောတော်မူ၏”ဟု မိန့်တော်မူ၏။

၁။ ဗုဒ္ဓေါ သော ဘဂဝါ ဗောဓါယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထား ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး အမှန် တရားကို မိမိကိုယ်တိုင် ထိုးထွင်း သိမြင်တော်မူပြီးသည်ဖြစ်၍။ ဗောဓါယ၊ သတ္တဝါ အများအား ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်း အကျိုးငှါ။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် သစ္စာလေးတန် အမှန်တရားကို။ ဒေသေတိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ လေးစားသမှု မှီခိုခြင်းပြုရာ အစစ်ဖြစ်သော ထိုမြတ်စွာဘုရားသည်။ ဒန္တော၊ ကိလေသာအညစ်အကြေး ကင်းစင်၍ ကိုယ်တိုင် ယဉ်ကျေးတော်မူပြီးသည် ဖြစ်၍။ ဒမထာယ၊ သတ္တဝါ အများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ အညစ်အကြေး ကင်းစင်၍ ယဉ်ကျေးကြပါစေခြင်းငှါ၊ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း ဖြစ်၍ ယဉ်ကျေးစေရန် တရားတော်ကို။ ဒေသေတိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားကိုးသမှု ဆည်းကပ်ခြင်း ပြုရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ သန္တော၊ ရာဂစသည် ပယ်စွန့်ပြီး၍ တည်ငြိမ်ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍။ သမထာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ တည်ငြိမ် ငြိမ်းအေးကြပါခြင်း အကျိုးငှါ။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း မှန်၍ တည်ငြိမ် ငြိမ်းအေးစေရန် တရားတော်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

၄။ တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ လေးစားကော်ရော် ပူဇော်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ တိဏ္ဏော၊ ဩဃလေးဖြာ သံသရာ၏ ဟိုမှာ ကမ်းရောက် နိဗ္ဗာန်ပေါက်အောင် ကူးမြောက်တော်မူပြီး သည်ဖြစ်၍။ တရဏာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလား တူစွာ ကူးမြောက်ကြပါစေခြင်း အကျိုးငှါ။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန်ပေါက် ရောက်အမှန် ကူးမြောက်စေရန် တရားတော်ကို။ ဒေသေတိ၊ ကရုဏာ ရှေ့သွားပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ လေးစားဂရု မြတ်နိုးမှုအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ကိလေသာခပ်သိမ်း အလုံးစုံငြိမ်းပြီးသည်ဖြစ်၍။ ပရိနိဗ္ဗာနာယ၊ သတ္တဝါအများ ကျွန်ုပ်တို့ အားလည်း အလားတူစွာ ကိလေသာပေ်သိမ်း ငြိမ်းကြပါစေခြင်း အကျိုး ငှါ။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် သိမြင်အမှန် ကိလေသာ ငြိမ်းစေရန် တရား တော်ကို။ ဒေသေတိ၊ . ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြား တော်မူခဲ့ပါပေ၏။

တံ ဘဂဝန္တံ၊ ထိုဂုဏ်ကျေးဇူးတော်အဂ္ဂ ပြည့်စုံတော်မူသော မြတ် စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ကာယ, ဝစီ, မနော

ကြည်၍, သုံးလီသဒ္ဒါရ, ပဏ္ဍာမဖြင့်, ရိုသေမြတ်နိုး, လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

ထို့အတူ မြတ်စွာဘုရား၏ တပည့်သာဝကကြီး တပါးဖြစ်တော်မူသော ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကိုလည်း ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပါ၏ အရှင်မြတ်ဘုရား။

ဓမ္မပဒပါဠိတော်၊ ဂါထာ၊ ၃၉၂။ ၌

ယမှာ ဓမ္မံ ဝိဇာနေယျ၊
သမ္မာသမ္ဗုဒ္ဓ၊ ဒေသိတံ
သက္ကစ္စံ တံ နမဿေယျ၊
အဂ္ဂိ ဟုတ္တံ၀ ဗြာဟ္မဏော။ ။

သမ္မာသမ္ဗုဒ္ဓ ဒေသိတံ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော။ ဓမ္မံ၊ အာနာပါနသတိကမ္မဋ္ဌာန်း သီလ, သမာဓိ, ပညာ, သမထဝိပဿနာနှင့် မဂ်ဖိုလ်နိဗ္ဗာန်တရားကို။ ယမှာ၊ အကြင်ဆရာ့ (ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရား) ထံမှ ကြားနာရ၍။ ဝိဇာနေယျ၊ မှန်ကန်ကျန သိမြင်ရသည်ဖြစ်ငြားအံ့။ တံ၊ ထိုသို့ သိမြင်အောင် ထုတ်ဖေါ်ညွှန်ပြ ဆုံးမသင်ကြားပေးသော ဆရာသခင် (ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရား) ကို။ သက္ကစ္စံ၊ ရိုသေလေးမြတ်စွာ။ နမဿေယျ၊ ရှိခိုးကန်တော့ပူဇော်ရာ၏။ ကိမိဝ၊ အဘယ်ကဲ့သို့ နည်းဟူမူ။ ဗြာဟ္မဏော၊ မီးကို ပူဇော်ခြင်းဖြင့် ဗြဟ္မလောကသို့ ရောက်သည်ဟု ယုံကြည်သော ပုဏ္ဏားသည်။ အဂ္ဂိဟုတ္တံ၊ ပူဇော်အပ်သော မီးကို။ သက္ကစ္စံ၊ ရိုသေလေးစားစွာ။ နမဿတိ ဣဝ၊ ရှိခိုးကန်တော့ပူဇော်သကဲ့သို့ပင် ရှိခိုးပူဇော်မြတ်နိုးရာသတည်း။

ဤဂါထာသည် အရှင်သာရိပုတ္တရာ ဝတ္ထုဖြစ်၍ အရှင်အဿဇိမထေရ်ရဟန္တာထံမှ ယေဓမ္မာ ဟေတုပ္ပဘဝါဟူသော ဂါထာတဝက်မျှပင်လျှင် သောတာပန်ဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင်လျှင် အရှင်သာရိပုတ္တရာမထေရ်မြတ် ကြီးရောက်ရာအရပ်မှ အိပ်ရာဝင်သောအခါ အရှင်အဿဇိမထေရ်မြတ်ရှိရာ အရပ်ရည်မှန်း ဦးခေါင်း၍ထားကြိမ်းစက်တော်မူလေသည်။ ဤကဲ့သို့ ကြိမ်းသောကြောင့် ကဲ့ရဲ့ခံရပြီး ဘုရားသခင်ကိုယ်တော်တိုင် ဖြေရှင်းဟောကြား ဆုံးမတော်မူခဲ့သည့် ဂါထာဖြစ်လေသည်။ယခုလို စွန်းလွန်း

ရာပြည့်အထိမ်းအမှတ်နေ့၌ အတုယူဘွယ်ကောင်းသော အရှင်သာရိပုတ္တရာ ထုံးအရ ကျွန်ုပ်တို့ကလည်း အာစရိယဂုဏောအနန္တောအရ ကျေးဇူး ရှင်စွန်းလွန်းဆရာတော်ဘုရားကြီး၏ဥပနိဿျည်းဖြင့် အံ့ဘွယ်ရှစ်ဖြာသာသနာ တော်၌ ထောက်တည်ရာရ၍ ချမ်းသာစွာ ပဋိပတ္တိသာသနာဠိပဝေဓ သာသနာနှင့် ပရိယတ္တိသာသနာတော်သုံးရပ် ထမ်းဆောင်ပြီး ရှိသေလေး စားစွာ ရှိခိုးကန်တော့ပူဇော်ရပါပေ၏တကား။ ။

တရားအမွေးခံယူ၍ တဆင့်ထက်တဆင့် မြင့်မြတ်ချမ်းသာဘွယ်သာသနာ ပြုနိုင်ကြပါစေ။ ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်ဆို သည့်အတိုင်းကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ၊ တရားပြုသနိုင်ကြ ပါစေ၊ ပဋိပတ္တိကိုယ်တွေ့ ချမ်းသာကို ပရိယတ် စာပေကျမ်းဂန်နှင့် မှတ် ကျောက်တင်၍ ကြည့်ရှုလေ့လာဝေဖန်သုံးသပ်နိုင်ကြပါစေ။

မြတ်စွာဘုရား၏ သာသနာတော်၌ အံ့ဘွယ် ရှစ်ဖြာရှိပါပေ၏

အစဉ်နက်ဝှမ်း၊ ကမ်းကို မလွန်၊ ရှုံဘွယ်သယ်ပစ်၊ တမည် ဖြစ်ခြင်း၊ မရှင်းမဘိုး၊ ဆယ်မျိုးရတနာ၊ ရသာအားတူ၊ ကြီးသူ နေရာ၊ ရှစ်ဖြာအံ့ဘွယ်၊ သာသနာတည်း။ ။

၁။ အစဉ်နက်ဝှမ်း ဆိုသည်မှာ မဟာသမုဒ္ဒရာသည် ကမ်းစပ်၌ စောက်နက်သည် မဟုတ်မူ၍ အစဉ်အတိုင်း နိမ့်သည်၊ အစဉ်အကိုင်း ကိုင်းသည်၊ အစဉ်အတိုင်း ရှိုင်းသည် ဖြစ်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ သာသနာတော်၌ သိက္ခာစဉ်ရှိ၏၊ လုပ်ငန်းစဉ်ရှိ၏၊ ကျင့်စဉ် ရှိ၏၊ အစဉ်သာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိသည်သာဟုတ်၊ ယင်းသို့ ဤဓမ္မဝိနယ သာသနာတော်၏ သိက္ခာစဉ်ရှိခြင်း၊ လုပ်ငန်းစဉ်ရှိခြင်း၊ ကျင့် စဉ်ရှိခြင်း အစဉ်သာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိရခြင်းသည် ဤဓမ္မဝိနယသာသနာတော်၌ အံ့ဖွယ်ဖြစ်သော၊ မဖြစ်ဘူး ဖြစ်သော ပဌမ သဘောပေတည်း။ ယင်းသဘောကို မြင်ကုန်မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယသာသနာတော်၌ အလွန်မွေ့လျော်ကြကုန်၏။ ထိုအတူ အာန ပါနဿတိကမ္မဋ္ဌာန်းတရား၊ အားထုတ်ရာ အကြိမ်ကြိမ်အဖန်ဖန် ပွားများ ကြိုးစား၍ ဝါယောဓါတ်မှီပြီး ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓါတ်၊

သစ္စာ၊ ဝိသုဒ္ဓိခုနစ်ပါး၊ ဉာဏ်စဉ်တရား၊ ဗောဓိပက္ခိယတရား (၃၇)ပါး၊ သီလ၊ သမာဓိပညာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပဋ္ဌာန်းတရားများအထိ ကြီးကျယ်နက်နဲခက်ခဲသော တရားထူးများ အဆင့်ဆင့် တွေ့မြင်သိရှိသွားလေသည်။

၂။ ကမ်းကိုမလွန် ဟူသည်။ မဟာသမုဒ္ဒရာသည် တည်တံ့သော သဘောရှိသည်ဖြစ်၍ ကမ်းကိုမလွန်သကဲ့သို့ ဤအတူပင် ငါသည် တပည့်တို့အတွက် ပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်သော်လည်း မကျူးကျော်ကြကုန်၊ ယင်းသို့ တပည့်တို့အတွက် ငါပညတ်ထားသော သိက္ခာပုဒ်ကို ငါ၏တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့်သော်လည်း မကျူးကျော်ခြင်းသည်လည်း ဤဓမ္မဝိနယသာသနာတော်၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ဒုတိယသဘောပေတည်း။ ယင်းသဘောကို မြင်ကုန်မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယသာသနာတော်၌ အလွန်မွေ့လျော်ကြကုန်၏။

ထို့အတူ အာနာပါန အားထုတ်သောသူသည် ဝါယောဓာတ်၏ ဖြစ်ပျက်မြင်၍ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ သိမြင်၍ တရားသဘော ပေါက်လျှင် ဘုရား၏ဝိနည်းကို လေးစားရိုသေ၏။ သိက္ခာပုဒ်များ မကျူးလွန်ချေ။ အသက်လဲ၍စောင့်ရှောက်သော သီလလုံခြုံပါပေ၏။

၃။ ရှုံ့ဘွယ်ဆယ်မြစ်ဟူသည်။ မဟာသမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ၊ မဟာသမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင် ကမ်းသို့လျင်စွာ ကပ်စေကုန်သကဲ့သို့၊ ကုန်းပေါ်သို့ တင်စေသကဲ့သို့ ဤအတူပင် ယုတ်ညံ့သော အကျင့်ရှိသော မစင်ကျယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်ရှိသော အမှုကိုဖုံးကွယ်သော၊ ရဟန်းမဟုတ်ပဲ ရဟန်းဟု ဝန်ခံသော၊ မြတ်သောအကျင့်ကို မကျင့်ပဲ မြတ်သောအကျင့်၏ဟု ဝန်ခံသော၊ အတွင်းပုပ်သော ကိလေသာမိုးစိုစွတ်သော၊ အရှိုက်သဖွယ်ဖြစ်သော သီလမရှိသော ထိုပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စည်းဝေး၍ ထိုပုဂ္ဂိုလ်ကို လျင်စွာနှင်ထုတ်၏။ ထိုပုဂ္ဂိုလ်သည် သံဃာ့အလယ်၌ ထိုင်နေသော်လည်း စင်စစ်အားဖြင့် သံဃာမဝေး၏။ သံဃာသည်လည်း ထိုပုဂ္ဂိုလ်နှင့်

ပေး၏။ ထိုပုဂ္ဂိုလ်နှင့် ပေးခြင်းသည်လည်း ဤဓမ္မဝိနယ သာသနာတော်၌ အံ့ဖွယ်ဖြစ်သော၊ မဖြစ်ဘူးမြဲဖြစ်သော တတိယသဘောပေတည်း။ ယင်းအံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော သဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ သာသနာတော်၌ အလွန်မွေ့လျော်ကုန်၏။

ထို့အတူ အာနာပါန အားထုတ်သူသည် ဝါယောဓာတ် ဖြစ်ပျက်တွေ့မြင်သိရှိရာ ပစ္စုပ္ပန်တွဲတွဲ ပရမတ်ဆတ်ဆတ်သိပြီး ဒိဋ္ဌိ ဝိစိ ကိစ္စာ အစရှိသော ကိလေသာ အပုပ်ကောင်တို့ကို တဆင့်ပြီးတဆင့် ဆယ်ပစ်ပယ်ပစ်လျက် သန့်ရှင်းစွာ နေ၏။ အထက်ပါ သီလမရှိသော ရဟန်းတုများနှင့် မပေါင်းသင်းတော့ချေ။ ကေစာရီ ကျင့်နေလေ့ရှိ၏။

၄။ 'တမည်ဖြစ်ခြင်းဟူသည်' ဂင်္ဂါမြစ်, ယမုနာမြစ်, အစိရဝတီမြစ်, မဟီမြစ်ဟူသော မြစ်ကြီးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်ကုန်လတ်သော် ရှေး၌ဖြစ်ကုန်သော အမည်အနွယ်တို့ကို စွန့်ကြရကုန်၍ "မဟာသမုဒ္ဒရာ" ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ကြကုန်သကဲ့သို့ ဤအတူပင် မင်း, ပုဏ္ဏား, ကုန်သည်, သူဆင်းရဲ ဟူသော ဤအမျိုးလေးပါးတို့သည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယ သာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်ကုန်လတ်သော် ရှေး၌ဖြစ်ကုန်သော အမည်အနွယ်တို့ကို စွန့်ကြကုန်၍ "သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့" ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ကုန်၏။ "သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့" ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ခြင်းသည်လည်း ဤဓမ္မဝိနယ သာသနာတော်၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော စတုတ္ထသဘောတည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ သာသနာတော်၌ အလွန်မွေ့လျော်ကြကုန်၏။

ထို့အတူ အာနာပါန အားထုတ်သူသည် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး စသည်အားလျော်စွာ အမည်တွေ မျာ:ပြားနေသော်လည်း 'ဧ ကော ဓ မ္မော' တခုတည်းသောတရား အာနာပါန အားထုတ်ရင်း တရားထူးရသော် ပြည့်စုံစွာ ရရှိလေသည်။ ဘုရားသားတော် အရိယာဖြစ်လာတော့၏။ ရုပ်နာမ်တရား ပရမတ်အမြင်ဖြင့် အားလုံးသော

လူများ အမျိုးလေးပါးတို့သည် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး အစုအဝေး သာတည်း။ ရဟန်း ရှင်လူ အတူတူပင်၊ အရိယာဖြစ်လျှင်လည်း တရား သဘော တခုတည်းပင်။

၅။ မရွှင်းမတိုးဟူသည်။ လောက၌ အလုံးစုံသော မြစ်ကြီး မြစ်ငယ် တို့သည် မဟာသမုဒ္ဒရာသို့ ဝင်ကုန်၏၊ အလုံးစုံသော ကောင်းကင်မှ မိုးရေ အယဉ်တို့သည်လည်း ကျကုန်၏၊ထိုရေကြောင့် မဟာသမုဒ္ဒရာ၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှားသကဲ့သို့ ဤအတူပင် များစွာသော ရဟန်းတို့ သည် ခန္ဓာမကြွင်းကျန်သော အငြိမ်းဓာတ်ဖြင့် ငြိမ်းကုန်၏။ ထိုငြိမ်းခြင်း ဖြင့် အငြိမ်းဓာတ်၏ လျော့ခြင်း ပြည့်ခြင်းသည် မထင်ရှား။ ယင်းသည် လည်း ဤဓမ္မဝိနယသာသနာတော်၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲဖြစ်သော ပဉ္စမ သဘောတည်း။

ထို့အတူ အာနာပါန အားထုတ်သူသည် မဂ်ဖိုလ်နိဗ္ဗာန် တရားထူး ရသော် ပရိနိဗ္ဗာန်ပြုသော်လည်း လောကုတ္တရာနိဗ္ဗာန်၌ တိုးခြင်း လျော့ခြင်း ပြည့်ခြင်း မရှိချေ။ ပုထုဇဉ်များသာ ပုဂ္ဂိုလ်အားဖြင့် အရေအတွက်အားဖြင့် မွေးလာ သေသွား တိုးခြင်း လျော့ခြင်း ရှိ၏၊ ပရမတ်တရား လောကုတ္တရာ တရား၌ မရွှင်း မတိုး ဖြစ်ပေ၏။

၆။ ရသာဆားတူ ဆိုသည်မှာ။ မဟာသမုဒ္ဒရာသည် ငန်သော အရသာတမျိုးတည်းသာ ရှိသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယသာသနာ တော်သည် လွတ်မြောက်မှုအရသာတမျိုးတည်းသာ ရှိ၏။ ယင်းသည် လည်း သာသနာတော်၌ အံ့ဖွယ်ဖြစ်သော၊ မဖြစ်ဘူးမြဲဖြစ်သော ဆဋ္ဌ သဘောတည်း။

ထို့အတူ သီလပြည့်စုံသော သူသည် အာနာပါန အားထုတ်၍ သမထ ဝိပဿနာဖြင့် မဂ်ဖိုလ်ချမ်းသာ ဝိမုတ္တိရသာ တခုတည်းကို ခံစား ရလေသည်။

၇။ ဆယ်မျိုးရတနာ ဆိုသည်မှာ။ မဟာသမုဒ္ဒရာသည် ပုလဲ, မြ, ကြောင်, မျက်ရှဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ငွေ, ရွှေ, ပတ္တမြားနီ, ပတ္တမြား ပြောက် ဟူသော များသောရတနာ မရေမတွက်နိုင်သော ရတနာ ရှိသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ သာသနာတော်သည် သတိပဋ္ဌာန်

လေးပါး၊ သမ္မပ္ပဓါန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဟူသော များသောရတနာ မရေမတွက်နိုင်သောရတနာ ရှိ၏။ ယင်းသည်လည်း သာသနာတော်၌ အံ့ဖွယ်ဖြစ်သော၊ မဖြစ်ဘူးမြဲဖြစ်သော သတ္တမသဘော တည်း။ ယင်းသဘောကို မြင်ကုန် မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယ သာသနာတော်၌ အလွန်မွေ့လျော်ကြကုန်၏။

ထို့အတူပင် အာနာပါန အားထုတ်၍ ပြည့်စုံလျှင် သူတော်ကောင်း ဥစ္စာ ခုနစ်ပါး၊ ရတနာ ခုနစ်ပါး၊ ဗောဓိပက္ခိယတရား (၃၇)ပါးရတနာ တွေ့ ရ၏။ အဝိဇ္ဇာ သုံးပါး၊ ရှစ်ပါး ပြည့်စုံ၏။ ဈာန်သမာပတ်တွေ ရ၏။ အမြတ်ဆုံးရတနာတွေ ရ၏။

ဂ။ ကြီးသူနေရာဟူသည်။ မဟာသမုဒ္ဒရာအည် တိမိမည်သောငါး, တိမိင်္ဂလမည်သောငါး, တိမိရပိင်္ဂလမည်သောငါး, အသုရာ, နဂါး, ဂန္ဓဗ္ဗ နတ်ဟူသော သတ္တဝါကြီးတို့၏ရင်း၊ ယူဇနာတရာ, ယူဇနာနှစ်ရာ, ယူဇနာ သုံးရာ, ယူဇနာလေးရာ, ယူဇနာငါးရာ တိုင်အောင် အတ္တဘော ကြီးမား သော သတ္တဝါကြီးတို့၏ ရင်းနေရာ ဖြစ်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ သာသနာတော်သည်သောတာပန်ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုရန်ကျင့်ဆဲ ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်,သကဒါဂါမိဖိုလ်ကို မျက်မှောက် ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, အနာဂါမိဖိုလ်ကို မျက်မှောက် ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်, အရဟတ္တဖိုလ်ကို မျက်မှောက် ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ဟူသော ကြီးမြတ်သော သတ္တဝါတို့၏ နေရာ ဖြစ်၏။ ယင်းသည်လည်း သာသနာတော်၌ အံ့ဖွယ်ဖြစ်သော မဖြစ်ဘူးမြဲ ဖြစ်သော အဋ္ဌမသဘောတည်း။ ယင်းသဘောကို မြင်ကုန်မြင်ကုန်၍ ရဟန်း တို့သည် ဤဓမ္မဝိနယ သာသနာတော်၌ အလွန် မွေ့လျော်ကြ ကုန်၏။ ထို့အတူ အာနာပါန အားထုတ်သောသူသည် ဘုရား, မစ္ဆေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက, ပုဂ္ဂိုလ်ထူး, ရှင်ထူး, ရဟန်းထူး တို့သာ အားထုတ်နိုင်၍ ကျက်စားရာ နိဗ္ဗာန်ချမ်းသာရေး ဤမြတ်စွာဘုရား သာ သနာတော်ကြီး၌ နေထိုင် သီတင်းသုံးတော် မူကြရလေသည်။ ထိုကြောင့်
25 အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသောသာသနာတော်မြတ်၌ အာနာပါန ယောဂီ

ရဟန်း၊ ရှင်၊ လူ၊ သီလရှင် အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ပီတိ ဖြာလျက် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာရ၍ တရားအမွေခံပြီး တရားနှင့် ပျော်မွေ့နေကြကုန်၏။ တရားနှင့်နေ၍ တရားနှင့်သေကြရပေမည်၊ သေခါနီးလေ အာစိဏ္ဏကံ အာသေဝနပစ္စည်းဆက်၍ အာနာပါနဿတိ တရား သုံးသပ် ဆင်ခြင် နိဗ္ဗာန်ဝင်စံရအောင် အားသစ်ကြိုးစား ပွားများအားထုတ်ကြပါကုန်လော့။ ဤစွန်းလွန်းရာပြည့်နေ့ကစ၍ နေ့စဉ်နေ့တိုင်း သတိမလွတ် စွဲစွဲမြဲမြဲ ကျင့်သုံး၍ အနုပါဒိသေသနိဗ္ဗာန် အရောက်လှမ်းတက် နိုင်ကြပါစေ။

## နိဂုံးချုပ် ဩဝါဒ ဂါထာ

မဟာကပ္ပိန မထေရ်မြတ်သည် ရဟန်းတထောင်တို့ကို ဆုံးမဩဝါဒ ပေး၍ ရဟန္တာဖြစ်ကြလေကုန်၏။ ထိုကြောင့် တေဒဂ်ရလေသည်။ ထိုမထေရ်မြတ်ကြီး၏ ထေရဂါထာ ဥဒါန်းကျူး ဂါထာကို နှလုံး သည်းပွတ်ထဲ၌ ထည့်သွင်း စိမ်ထားအပ်ပေ၏။ (ထေရ၊ ၃၀၂)

> အာနာ ပါနဿတိ ယဿ၊ ပရိပုဏ္ဏာ သုဘာဝိတာ။
> အနု ပုဗ္ဗံ ပရိစိတာ၊ ယထာ ဗုဒ္ဓေန ဒေသိတာ။
> သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

မြတ်စွာဘုရား ဟောတော် မူတိုင်းသော အခြင်းအရာ အားဖြင့် အာနာပါနဿတိကို ပြည့်စုံအောင် ကောင်းမွန်စွာ အစဉ် အတိုင်း (၁၆ ချက်တို့ဖြင့်) ပွားများ လေ့ကျင့် အားထုတ်ပြီးသော ပုဂ္ဂိုလ်သည် တိမ်တိုက်မှ လွတ်ကင်းလာသော လမင်းကဲ့သို့ ဤသြကာသ လောကကို ပညာ ဉာဏ်အရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

## ဆောင်ပုဒ်

> ဗုဒ္ဓမြတ်စွာ၊ ဟောကြားရာ၊ အာနာပါနဿတိမှာ
> ကောင်းစွာပြည့်စုံ၊ လေ့ကျင့်ထုံ၊ ပွားကုန်စဉ်တိုင်းသာ။
> တိမ်တိုက်လွတ်ကင်း။ ငွေလမင်း၊ ထွန်းလင်းဤလောကာ။
> မဂ်ပညာရောင်၊ သိမြင်အောင်၊ လူ့ဘောင် ငြိမ်းချမ်းစွာ။
> နှလုံးမြတ်အိမ်၊ နိဗ္ဗာန်စိမ်၊ စိတ်ငြိမ်ချမ်းသာ၏။
> ကိုယ်စိတ်ငြိမ်းချမ်း၊ နိဗ္ဗာန်လမ်း၊ အေးချမ်းဝိမုတ္တိ။ ။

သိက္ခာသုံးပါး။ မေတ္တာပွား၊ ကျင့်ထား အာနာပါနသာ။
သုံးသရာအေး၊ ကျင့်ကြံရေး၊ ကျန်သေးအရိယာ

ပါမောက္ခံ ဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓ သာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။ ။

(ဓမ္မပဒ၊ ဂါထာ။ ၃၈၁။)

ဗုဒ္ဓသာသနေ၊ အံ့ဘွယ်ရှစ်ဖြာ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌။ ပသန္နော၊ ကြည်ညိုမြတ်နိုး (ရှိခိုးပူဇော်) ၍။ ပါမောဇ္ဇဗဟုလော၊ နှစ်သက်ဝမ်းမြောက်ခြင်းများသော။ ဘိက္ခု၊ ရဟန်းသည်။ သင်္ခါရူပသမံ၊ ပြုပြင်တတ်စွ သင်္ခါရတို့၏ ချုပ်ငြိမ်းရာဖြစ်သော။ သုခံ၊ တုမဲ့ လွတ်ကင်း အထွတ်အထိပ် ချမ်းသာခြင်းဖြစ်သော သန္တံ၊ ငြိမ်သက် ချမ်းမြေ့သော။ ပဒံ၊ နိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ ရရာ၏။ ။ မြတ်စွာဘုရား၏ အံ့ဘွယ် ရှစ်ဖြာ ဤသာသနာတော်ကြီး၌ ကြည်ညိုမြတ်နိုး ရှိခိုးပူဇော်၍ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း များစွာဖြစ်သော ယောဂီ ရဟန်းသည် ပြုပြင် တတ်သော သင်္ခါရတို့၏ချုပ်ငြိမ်းရာ၊ တုမဲ့ လွတ်ကင်း အထွတ်အထိပ် ချမ်းသာခြင်း အစစ် ဖြစ်သော ငြိမ်သက် ချမ်းမြေ့လှသော နိဗ္ဗာန်ကိုရရာ၏။

ဤကား ဘုရားဟော ဗဟုဇနဟိကသုတ်။

(ဣတိဝုတ္တက ပါဠိတော်) (၂၄၉)

သတ္တာဟိ လောကေ ပဉ္စမော မဟေသိ၊
တထာဂတော သာဝကော ဘာဝိတတ္တော။
အထာပရော ပါဋိပဒေါပိ သေခေါ၊
ဗဟုဿုတော သီလဝတူပပန္နော။
ဧတေ တယော ဒေဝမနုဿ သေဋ္ဌာ၊
ပဘင်္ကရာ ဓမ္မ မုဒီရယန္တာ။
အပါပုရန္တိ အမတဿ ဒွါရံ၊
ယောဂါ ပမော စေန္တိ ဗဟုဇ္ဇနံ တေ။
ယေဝါဟေန အနုတ္တရေန၊

သု ဒေသိတံ မဂ္ဂ မနုက္ကမန္တိ။
ဣမေဝ ဒုက္ခဿ ကရောန္တိ အန္တံ၊
ဓယ အပ္ပမတ္တာ သုဂတဿ သာသနေ”တိ။ ။

လောက၌ ဂုဏ်ကျေးဇူးကိုရှာမှီးသော ရှေးဦး ပဌမ ဖြစ်သော မြတ်စွာဘုရားသည်၎င်း။ ထိုမြတ်စွာဘုရားသို့အတုလိုက်၍ကျင့်သော ပွားများအပ်ပြီးသော အရဟတ္တဖိုလ်စိတ်ရှိသော တပည့်သာဝကသည်၎င်း၊ ထို့ပြင် မဂ်အကျင့်ဖြင့် အရိယာဇာတ်ရှိသော အကြားအမြင်များ၍ သီလနှင့် ပြည့်စုံသော ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်သည်၎င်း၊ နှာ် လူ့တို့ထက် မြတ်ကုန်သော ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့သည် ပညာရောင်ကို ပြုတတ်ကုန်လျက် တရားကို ဟောကြားကြကုန်ပြီးလျှင် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်ကြ ကုန်၏။ ထိုပုဂ္ဂိုလ် တို့သည် များစွာသော လူအပေါင်းကို ယောဂ လေးပါးမှ လွတ်မြောက်ကြစေကုန်၏။

အကြင်သူတို့သည် အတုမရှိ မြတ်သော လှည်းမျှုးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူအပ်သော အရိယာမဂ်ကို အတုလိုက်၍ ကျင့်ကြ ကုန်၏။ အကြင် သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ မမေ့လျော့ကြကုန်၊ ထိုသူနှစ်ဦးတို့သည် ဤဘဝ၌ပင် ဆင်းရဲ၏ အဆုံးကို ပြုကြကုန်၏”ဟု ဤဂါထာဖြင့် ဟောဆိုအပ်၏။

မြတ်စွာဘုရား ဟောကြားသော ဤအနက်သဘောကိုလည်း ကျွန်ုပ်ကြားနာခဲ့ရပါ၏။ ဤကားရဟန္တာအရှင်မြတ်၏ ဥဒါန်းကျူးရင့်ပုံ။
(ဥဒါန်းပါဠိတော် (၁၇၀)

“ဥဒ္ဓံ အဓော သဗ္ဗဓိ ဝိပ္ပမုတ္တော၊
အယံ ဟ မသ္မီတိ အနာနုပဿီ။
ဧဝံ ဝိမုတ္တော ဥဒတာရိ ဩဃံ၊
အတိဏ္ဏ ပုဗ္ဗံ အပုနဗ္ဘဝါယာ”တိ။ ။

အကြင်ပုဂ္ဂိုလ်သည် အထက်ရူပ၊ အရူပဓာတ်၌၎င်း၊ အောက်ကာမဓာတ်၌၎င်း၊ သခါရ အားလုံး၌၎င်း၊ ခပ်သိမ်းသော အခြင်းအရာ တို့ဖြင့် လွတ်မြောက်၏၊ထိုပုဂ္ဂိုလ်သည် ဤတရားသည်ပင် ငါဖြစ်၏ဟု မရှုတော့ပြီး၊

ဤသို့ သံယောဇဉ်ဆယ်ပါး အကုသိုလ် အားလုံးတို့မှ ဤသို့ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် တဖန်ဘဝသစ်၌ ဖြစ်ဘို့ရန် ရှေးအခါက မကူးမြောက်ခဲ့ဘူးသော ဩဃလေးဖြာ သံသရာကို ကူးမြောက်ခဲ့လေပြီ" ဟု ဤဥဒါန်းကျူးရင့်တော်မူ၏။ ။

ထို့ကြောင့် သင်ယောဂီရဟန်း ရှင် လူတို့သည် မာရဝေယျသုတ်အရ သိက္ခာသုံးပါး ပြည့်စုံအောင် ကြိုးစားအားထုတ်ကြကုန်လော့။ (ဣတိဝုတ္တက ပါဠိတော်(၂၃၀)

"သီလံ သမာဓိ ပညာစ၊ ယဿ ဧတေ သုဘာဝိတာ။
အတိက္ကမ္မ မာရဓေယျံ၊ အာဒိစ္စောဝ ဝိရောစတီ" တိ။

အကြင်ပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ ပညာ ဖြစ်ကုန်သော ဤတရားသုံးပါးတို့ကို ကောင်းစွာပွားများအားထုတ်အပ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် မာရ်မင်း၏ နိုင်ငံကို လွန်မြောက်၍ နေမင်းကဲ့သို့ တင့်တယ်တောက်ပပါပေ၏။

ယဒါ ဒွယေသု ဓမ္မေသု၊ ပါရဂူ ဟောတိ ဗြာဟ္မဏော။
အထဿ သဗ္ဗေ သံယောဂါ၊ အတ္ထံ ဂစ္ဆန္တိ ဇာနတော။
(ဓမ္မပဒ၊ ဂါထာ၊ ၃၈၄။)

ယဒါ၊ အကြင်အခါ၌။ ဗြာဟ္မဏော၊ မကောင်းမှုကို၊ ပေါင်းစုပယ်ချ၊ အပပြုပြီးသော ရဟန္တာသည် ပုဂ္ဂိုလ်သည်။ ဒွယေသု ဓမ္မေသု၊ သမထ ဝိပဿနာ၊ နှစ်ဖြာဖြစ်ပွား၊ တရားတို့၌။ ပါရဂူ၊ ထက်မြက်ဉာဏ်စွမ်း၊ ကမ်းပေါက်၊ အဆုံး ရောက်သည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ဇာနတော၊ ထိုးထွင်းသိမြင်သော။ အဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ သဗ္ဗေသံယောဂါ၊ ကာမရာဂ၊ စသည်များတုံ၊ အလုံးစုံသော၊ သံယောဇဉ်တို့သည်။ အတ္ထံ၊ အကြင်းမဲ့ ကုန်ဆုံးချုပ်ခြင်းသို့၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊

ဓမ္မာ ရာမော ဓမ္မ ရတော ဓမ္မံ အနုဝိစိန္တယံ။
(ဓမ္မပဒ၊ ဂါထာ၊ ၃၆၄)

ဓမ္မံ အနုဿရံ ဘိက္ခု သဒ္ဓမ္မာ နပရိဟာယတိ။
(အာနန္ဒာဝေဠုရဂါထာ ၃၇၇)

ဓမ္မာရာမော၊ သမထ ဝိပဿနာ တရားသာလျှင် မွေ့လျော်ရာ ရှိသော။ ဓမ္မရတော၊ သမထ ဝိပဿနာတရား၌ မွေ့လျော်တတ်သော။ ဓမ္မံ၊ သမထ ဝိပဿနာတရားကို။ အနုဝိစိန္တယံ၊ အဖန်တလဲလဲကြံခြင်း ဆင်ခြင်ခြင်း နှလုံးသွင်းခြင်းရှိသော။ ဓမ္မံ၊ သမထ ဝိပဿနာတရားကို။ အနုဿရံ၊ အဖန်တလဲလဲ အောက်မေ့ခြင်းရှိသော။ ဘိက္ခု၊ ရဟန်းသည် သဒ္ဓမ္မာ၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၊ လောကုတ္တရာ တရား ကိုးပါးမှ။ နပရိဟာယတိ၊ မဆုတ်ယုတ်တော့သည်သာလျှင်သတည်း။

ဂဟိတံ ဣဝ ကေသေသု၊ မစ္စုနာ ဓမ္မမာစရေ။

(ဟိတောပဒေသ)

မစ္စုနာ၊ သတ္တဝါအားလုံးကို တဖြုန်းဖြုန်းမစဲ၊ အမြဲတစေ၊ သတ်၍ နေသောအရှင်သေမင်းသည်။ ကေ သေသု၊ မလွှတ်နိုင်ရန်၊ ဥသျှောင်ဆံ တို့၌။ ဂဟိတံ ဣဝ၊ ခဏလတ်လတ်၊ သတ်တော့မည်မသွေ၊ ဆုတ်ကိုင်၍ နေသကဲ့သို့။ စိန္တေတွာ၊ ကြံစည်စိတ်ကူး၊ အထူးနှလုံးသွင်း၍။ ဓမ္မံ၊ သူတော်ကောင်းတရား၊ သုံးပါးသိက္ခာ၊ အာနာပါန၊ သမထ ဝိပဿနာ တရားအပေါင်းကို။ အာစရေ၊ ကာလမလင့်၊ လေ့ကျင့်အမြဲ၊ အသဲ စွဲအောင်၊ အားခဲပွားများ၊ အားထုတ်ရာ၏။

အပ္ပမာဒေန ဝိဇ္ဇာယ၊ အဗ္ဗုဗ္ဗဟ သလ္လ မတ္တ နောတိ။

(သုတ္တနိပါတ်ပါဠိ (၃၂၈)

မမေ့မလျော့ခြင်း (သတိ) ဖြင့်၎င်း၊ အာသဝက္ခယ (ဝိဇ္ဇာ) အသိ ဉာဏ်ဖြင့်၎င်း၊ မိမိစိတ်နှလုံး၌ စူးဝင်နေသော (ရာဂစသည့်) မြားငြောင့် တို့ကို ထုတ်နုတ်ပစ်ရာ၏။ သုတ္တနိ ဗျော၊ သဒ္ဓါ ဝေါဟာ သာဝကော။

ယောသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ အာနာပါနဿတိ။

(နယဂ္ဂဟာဂါထာ)

ယောသံ၊ ပြင်္ကသူတို့အား။ ဒိဝါ စ၊ နေ့၌၎င်း။ ရတ္တော စ၊ ညဉ့်၌၎င်း။ နိစ္စံ၊ အလုံးစုံလုံး မပြတ်မြဲ။ အာနာပါနဿတိ၊ ဝင်လေ ထွက်လေတို့ကို

ထိမှု သိမှု သတိကြပ်ကြပ်ပြု အားထုတ်ခြင်းသည်။ အတ္တိ၊ ရှိပါပေ၏။ ဂေါတမ သာဝကော၊ ဂေါတမန္ဒယ်ဖွား မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကိုလိုက်နာကျင့်သုံးကြကုန်သော တပည့်သားတော်ဖြစ်ကြကုန်သော။ တေ၊ ထိုသူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုပ္ပဗုဒ္ဓ၊ ကောင်းစွာနိုးခြင်းကို ဝါ၊ အဝိဇ္ဇာ မောဟ အိပ်ပျော်ခြင်းမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်, အမှန်ပွင့်လင်း၊ သိမြင်နိုးကြားခြင်းကို။ ပဗုဇ္ဈန္တိ၊ နိုးကြကုန်၏၊ ဝါ၊ မဂ်ဖိုလ် နိဗ္ဗာန်, ရကြောင်းမှန်သည့်, ကြည်လင်သန့်ရှင်း နိုးကြခြင်းဖြစ်ကြလေကုန်၏။

ကတာမော ကေဓမ္မေ၊ အာနာပါနသာတိ။ အယံ ခေါ ဘိက္ခဝေ ကော ဓမ္မော ဘာဝိတော ဗဟုလီကတော ကေန္တ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတီတိ။

(ဤယား အင်္ဂုတ္တိုရ်ပါဠိတော် ကေနိပါတ်(၃၂)၌ ပေယျာလထိုး၍ မြှုပ်ထားသည့် ပါဠိတော်ကို ဖေါ်ပြလိုက်ခြင်းဖြစ်ပေ၏။ အရ ကျက်မှတ် အားထုတ်ကြပါလေ။)

ရဟန်းတို့-တခုသောတရားဆိုသည်မှာ အဘယ်နည်းဟု မေးတော်မူ၍။ အာနာပါန သတိကမ္မဋ္ဌာန်းတရား အားထုတ်ခြင်း ဖြစ်ပေ၏ဟု မိန့်တော် မူ၏။

ရဟန်းတို့—ပွားများအပ် အဖန်ဖန် အလေ့လာပြုအပ်သော ဤ တခုသော (အာနာပါနသတိ) တရားသည် စင်စစ်အားဖြင့်—

၁။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊
၂။ တပ်မက်မှုကင်းခြင်းငှာ၊
၃။ ရာဂစသည်တို့ ချုပ်ခြင်းငှာ၊
၄။ ကိလေသာတို့ ငြိမ်းအေးခြင်းငှာ၊
၅။ (လက္ခဏာယာဉ်သို့တင်၍) အထူးသိခြင်းငှာ၊
၆။ (သစ္စာလေးပါးကို) ထိုးထွင်းသိခြင်းငှာ၊
၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာဖြစ်၏ဟု မိန့်တော်မူ၏။

ထိုပြင် ဤကဲ့သို့ ပေယျာလထိုး၍ မြှုပ်ထားသော အာပုဏ္ဏစုရာ သံယုတ္တပါဠိတော်(၄၃)ကိုလည်း ဖေါ်ထုတ်ပြပါဦးအံ့။

အစ္ဆရာ သဿတ မတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု အာနာပါနသတိ ဘာဝေတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထု သာသနကရော ဩဝါဒ ပတိကရော အ မောဃံ ရဋ္ဌ ပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီ ကရောန္တီတိ။

ရဟန်းတို့—ရဟန်းသည် လက်ဖျစ်တတီး ကာလမျှလည်း အကယ်၍ ဝင်လေ ထွက်လေကို အဖန်တလဲလဲ အောက်မေ့ခြင်း(သတိဖြင့်) အာနာပါနသတိကို ပွားများအားထုတ်ငြားအံ့၊ ရဟန်းတို့ ဤရဟန်းကို ဈာန်မှ ဆိတ်သုဉ်းခြင်းမရှိမူ၍နေသော ရဟန်းဟူ၍ရင်း၊ မြတ်စွာဘုရား၏ သွန်သင်မှုကိုလိုက်နာ၍နေသော ရဟန်းဟူ၍ရင်း၊ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ၍နေသော ရဟန်းဟူ၍ရင်း၊ ပြည်သူတို့ဆွမ်းကို အချည်းနှီးမဖြစ်စေမူ၍ စားသုံးသောရဟန်းဟူ၍ရင်း၊ ဆိုထိုက်၏။ ထို(အာနာပါနသတိကို အားထုတ်၍ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ အရူပဈာန်တို့ကို အဖန်ဖန် အလေ့လာပြုကုန်သော ရဟန်းတို့၌ကား အဘယ် ဆိုဖွယ်ရာရှိပါအံ့နည်းဟု မိန့်တော်မူ၏။

## သုတမယသုတ်၊ ကထာသုတ်၊ အာရညသုတ်

အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ (၁၀၅။ ၁၀၆။)

ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သမန္နာ ဂတော ဘိက္ခု အာနာပါနသတိံ အာသေဝန္တော န စိရဿေဝ အကုပ္ပံ ပဋိဝိဇ္ဈတိ။ ကတမေ ပဉ္စ။

၁။ ဣဓ ဘိက္ခဝေ ဘိက္ခု အပ္ပဋ္ဌော ဟောတိ အပ္ပကိစ္စော သုဘရော သုသန္တောသော ဇီဝိတ ပရိက္ခာရေသု။

၂။ အပ္ပာဟာရော ဟောတိ အနောဒရိကတ္တံ အနုယုတ္တော။

၃။ အပ္ပမိဒ္ဓေါ ဟောတိ ဇာဂရိယံ အနုယုတ္တော။

၄။ ဗဟုဿုတော ဟောတိ သုတဓရော သုတ သန္နိစယော၊ ယေ တေ ဓမ္မာ အာဒိကလျာဏာ မဇ္ဈေ ကလျာဏာ ပရိယောသာန ကလျာဏာ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ အဘိဝဒန္တိ၊

တထာ ရူပါဿ စမ္မာ ဗဟုဿုတာ ယောန္တိ ဓာတာ ဝစသာ ပရိစိတာ မနသာ နုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။

၅။ ယထာ ဝိမုတ္တံ စိတ္တံ ပစ္စဝေက္ခတိ။

ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အာနာပါနဿတိံ အာသေဝန္တော န စိရဿေဝ အကုပ္ပံ ပဋိဝိဇ္ဈတိ။ ။

ကထာသုတ္တံ စ အာရညသုတံ သဒိသာ ဟောတိ။ ပန စတုတ္ထ ပဒေ ဝိသေသတော။

၄။ ယာယံ ကထာ အဘိသလ္လေခိကာ စေတော ဝိဝရဏ သပ္ပာယာ။ သေယျထိဒံ။ အပ္ပိစ္ဆ ကထာ၊ သန္တုဋ္ဌိ ကထာ၊ ပဝိဝေက ကထာ၊ အ သံသဂ္ဂ ကထာ၊ ဝီရိယာရမ္ဘ ကထာ၊ သီလ ကထာ၊ သမာဓိ ကထာ၊ ပညာ ကထာ၊ ဝိမုတ္တိ ကထာ၊ ဝိမုတ္တိဉာဏ ဒဿန ကထာ။ ဧဝရူပိယာ ကထာယ နိကာမ လာဘီ ဟောတိ အကိစ္ဆ လာဘီ အကသိရ လာဘီ။ ။

၄။ အာရညကော ဟောတိ ပန္တ သေနာသနော။

* × *

ဆက္ကနိပါတပါဠိ ခတ္တိယသုတ္တံ (၁၁၉)

သမဏာ ပန တော ဝေါတမ ကိံ အဓိပ္ပါယာ ကိံ ဥပဝိစာရာ ကိံ အဓိဋ္ဌာနာ ကိံ အဘိနိဝေသာ ကိံ ပရိယောသာနာတိ။

သမဏာ ခေါ ဗြာဟ္မဏ ခန္တိ သောရစ္စာ ဓိပ္ပါယာ ပညုပဝိစာရာ သီလာဓိဋ္ဌာနာ အာကိဉ္စညာ ဘိနိဝေသာ နိဗ္ဗာန ပရိယောသာနတိ။ ။

\+ * +

ရဟန်းတို့ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို မှီဝဲသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးတွင်း

 ၍ သိနိုင်၏။

အဘယ်ငါးမျိုးတို့နည်းဟူမူ—

၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (အမှုသစ်ကို) အားထုတ်မှုနည်းပါး၏၊ ကိစ္စနည်းပါး၏၊ မွေးမြူလွယ်၏၊ အသက်၏ အဆောက်အဦဖြစ်သော ပစ္စည်းတို့၌ ရောင့်ရဲလွယ်၏။

၂။ အစားအသောက်နည်းပါး၏၊ ဝမ်းရေကို အားမထုတ်။

၃။ အအိပ်နည်းပါး၏၊ နိုးကြားမှု၌ အားထုတ်၏။

၄။ အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏။ အနက်သဒ္ဒါနှင့် တကွဖြစ်၏ အလုံးစုံစင်ကြယ်သည့် မြတ်သောအကျင့်ကို ဖော်ပြတတ်ကုန်သော အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသောတရားတို့ကို ထိုသူသည် များစွာကြားနာဘူး၏၊ ဆောင်ထား၏၊ နှုတ်ဖြင့် လေ့ကျက်ထား၏၊ စိတ်ဖြင့် မှတ်သားထား၏၊ ပညာဖြင့် ကောင်းစွာထိုးထွင်း၍သိ၏။

၅။ (ကိလေသာမှ) လွတ်မြောက်တိုင်းသော (အရဟတ္တဖိုလ်)စိတ်ကို ဆင်ခြင်၏။ ရဟန်းတို့ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို မှီဝဲသည် ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု မိန့်တော်မူ၏။ ထို့အတူပင် ကထာသုတ်၌လည်း ဟော၏၊ အာရညသုတ်၌လည်း ဟော၏။သို့သော် နံပါတ်လွဲ အပိုဒ်မတူကွဲပြား ခြားနားလေသည်။

၄။ အလိုနည်းမှုနှင့် စပ်သော စကား၊ ရောင့်ရဲလွယ်မှုနှင့် စပ်သော စကား၊ ဆိတ်ငြိမ်မှုနှင့် စပ်သောစကား၊ မနှီးနှောမှုနှင့် စပ်သောစကား၊ လုံ့လအားထုတ်မှုနှင့် စပ်သောစကား၊ သီလနှင့် စပ်သောစကား၊ သမာဓိနှင့်စပ်သောစကား၊ ပညာနှင့် စပ်သောစကား၊(ကိလေသာမှ) လွတ်မြောက်မှုနှင့် စပ်သောစကား၊ (ကိလေသာမှ လွတ်မြောက်မှု (အရဟတ္တဖိုလ်)၌ ဖြစ်သော ဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်)နှင့် စပ်သောစကားဟူသော ကိလေသာကို လွန်စွာခေါင်းပါး စေတတ်သော စိတ်၏ ပွင့်လင်းကြောင်း (သမထ ဝိပဿနာ) အား လျော်ကပ်သော သဘောရှိသည့် စကားမျိုးတို့ကို အလိုရှိတိုင်းရ၏၊ မငြိုမငြင်ရ၏၊ မပင်မပန်းရ၏။

ဤသုတ်၌ အာနာပါနသာတိကို ပွားများသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု မိန့်တော်မူ၏။

တဖန် ထို့အတူ အာရဉ္ဉသုတ်၌မူ နံပါတ်လေး အပိုဒ်တွင် တမျိုး ပြ၍ ဟောတော်မူ၏။

၄။ တော၌ နေ၏၊ အစွန်အဖျားကျသော ကျောင်း၌လျှင် နေရာရှိ၏။ ။

ဤတွင် အာနာပါနသာတိကို ကြိမ်ဖန်များစွာ အလေ့အလာပြုသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု မိန့်တော်မူ၏။

* + *

**ခတ္တိယသုတ်** မြန်မာပြန်ကား—

အရှင်ဂေါတမ ရဟန်းတို့သည်ကား အဘယ်ကို အလိုရှိကုန်သနည်း၊ အဘယ်အလို့ငှါ လေ့လာကုန်သနည်း၊ အဘယ်လျှင် တည်ရာရှိကုန်သနည်း၊ အဘယ်ကို နှလုံးသွင်းကုန်သနည်း၊ အဘယ်လျှင် အဆုံးရှိကုန်သနည်းဟု လျှောက်ထား၏။

ပုဏ္ဏား ရဟန်းတို့သည်ကား—

(၁) သည်းခံမှု သီလစင်ကြယ်မှုကို အလိုရှိကုန်၏။
(၂) ပညာအလို့ငှါ လေ့လာကုန်၏။
(၃) သီလလျှင် တည်ရာရှိကုန်၏။
(၄) ကြောင့်ကြမရှိမှုကို နှလုံးသွင်းကုန်၏။
(၅) နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။ဟု မိန့်တော်မူ၏။

ဤတရားကိုပင် ကျေးဇူးရှင် ဓူန်လွန်းဆရာတော်ဘုရားကြီးက ဟောကြားဆုံးမတော် မူခဲ့လေသည်။ ။ 'အလိုရှိတာက ဘာကိုအလိုရှိတုန်း ဆိုလျှင် သုခချမ်းသာကို အလိုရှိတယ်။ ဤချက်၌ ဘုရားဟောနှင့် အနည်းကွဲသော်လည်း သည်းခံမှု သီလစင်ကြယ်မှုဆိုသော ဝိနည်းရှိသလေးစားခြင်းကြောင့် ပညာသုဝိဟာရနှင့်အညီ သုခချမ်းသာခြင်းဖြစ်၏ ဟု အံ့လျှော်အား မှန်သည်ဆိုရပေမည်၊ မှတ်သားစရာဖြစ်ပေ၏။ ကျန်အချက်များတူညီကြကုန်၏။

* *

## အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ (၇၆၊ ၇၈)။ ဓမ္မဝိဟာရီသုတ္တံ။

အထ ခေါ အညတရော ဘိက္ခု ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ သော ဘိက္ခု ဘဂဝန္တံ ဧတဒဝေါစ “ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ ဘိက္ခု ဓမ္မဝိဟာရီ ဟောတီ”တိ။

၁။ ဣဓ ဘိက္ခု ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ သော တာယ ဓမ္မပရိယတ္တိယာ ဒိဝသံ အတိနာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဉ္ဇတိ အဇ္ဈတ္တံ စေတောသမထံ။ အယံ ဝုစ္စတိ ဘိက္ခု ဘိက္ခု ပရိယတ္တိဗဟုလော နော ဓမ္မဝိဟာရီ။

၂။ ပုန စ ပရံ ဘိက္ခု ဘိက္ခု ယထာသုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန ပရေသံ ဒေသေတိ၊ သော တာယ ဓမ္မပညတ္တိယာ ဒိဝသံ အတိနာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဉ္ဇတိ အဇ္ဈတ္တံ စေတောသမထံ။ အယံ ဝုစ္စတိ ဘိက္ခု ဘိက္ခု ပညတ္တိဗဟုလော နော ဓမ္မဝိဟာရီ။

၃။ ပုန စ ပရံ ဘိက္ခု ဘိက္ခု ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန သဇ္ဈာယံ ကရောတိ၊ သော တေန သဇ္ဈာယေန ဒိဝသံ အတိနာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဉ္ဇတိ အဇ္ဈတ္တံ စေတောသမထံ။ အယံ ဝုစ္စတိ ဘိက္ခု ဘိက္ခု သဇ္ဈာယဗဟုလော နော ဓမ္မဝိဟာရီ။

၄။ ပုန စ ပရံ ဘိက္ခု ဘိက္ခု ယထာသုတံ ယထာ ပရိယတ္တံ ဓမ္မံ စေတသာ အနုဝိတက္ကေတိ အနုဝိစာရေတိ မနသာ နုပေက္ခတိ၊ သော တေဟိ ဓမ္မဝိတက္ကေဟိ ဒိဝသံ အတိနာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဉ္ဇတိ အဇ္ဈတ္တံ စေတောသမထံ။ အယံ ဝုစ္စတိ ဘိက္ခု ဘိက္ခု ဝိတက္ကဗဟုလော နော ဓမ္မဝိဟာရီ။

၅။ ဣဓ ဘိက္ခု ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ သော တာယ ဓမ္မပရိယတ္တိယာ န ဒိဝသံ အတိနာမေတိ၊ န ရိဉ္စတိ ပဋိသလ္လာနံ၊ အနုယုဉ္ဇတိ အဇ္ဈတ္တံ စေတောသမထံ။ ဧဝံ ခေါ ဘိက္ခု ဘိက္ခု ဓမ္မဝိဟာရီ ဟောတိ။

ဣတိ ခေါ ဘိက္ခု ဒေသိတော မယာ ပရိယတ္တိ ဗဟုလော၊ ဒေသိတော ပညတ္တိ ဗဟုလော၊ ဒေသိတော သဇ္ဈာယ ဗဟုလော ဒေသိတော ဝိတက္ကဗဟုလော၊ ဒေသိတော ဓမ္မဝိဟာရီ။ ယံ ခေါ ဘိက္ခု သတ္ထာရာ ကရဏီယံ သာဝကာနံ ဟိတေသိနာ အနုကမ္ပကေန အနုကမ္ပံ ဥပါဒါယ၊ ကတံ ဝေါ တံ မယာ။ ဧတာနိ ဘိက္ခု ရုက္ခမူလာနိ ဧတာနိ၊ သုညာဂါရာနိ၊ ဈာယထ ဘိက္ခု မာ ပမာဒတ္ထ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီတိ။ တတိယ ဒုတိယ ဓမ္မဝိဟာရီသုတ္တံ။

ထိုသုတ်မြန်မာပြန်ကား—

ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား

"အရှင်ဘုရား တရားနှင့် နေလေ့ရှိသူ တရားနှင့် နေလေ့ရှိသူဟု ဆိုပါ၏။ အရှင်ဘုရား အဘယ်မျှလောက်ဖြင့် ရဟန်းသည် တရားနှင့် နေလေ့ရှိသူဖြစ်ပါသနည်းဟု လျှောက်ထား၏။

၁၊ ရဟန်း ဤသာသနာတော်၌ ရဟန်းသည် သုတ်ဒေယျ ဝေယျာကရဏ်း ဂါထာ ဥဒါန်း ဣတိဝုတ်ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ယူ၏၊ ထိုရဟန်းသည် ထိုတရားတော်ကို သင်ယူခြင်းဖြင့် နေ့ကိုကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိအတွင်းသန္တာန်၌ စိတ်၏(ကိလေသာမှ)ငြိမ်းမှုကို မကြိုးစား။ ရဟန်း ဤရဟန်းကို သင်ကြားမှု ပရိယတ္တိများသူဟူသာ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

၂။ ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ်သင်ယူအပ်ပြီးသောတရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟော၏၊ ထိုရဟန်းသည် ထိုတရားကို သူတပါးတို့အား သိစေခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်းမှုကို စွန့်လွှတ်၏။ မိမိ၏ အတွင်းသန္တာန်၌ စိတ်၏(ကိလေသာမှ) ငြိမ်းမှုကို မကြိုးစား။ ရဟန်း ဤရဟန်းကို သိစေခြင်းများသူဟူသာ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

၃။ ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ် သင်ယူအပ်ပြီးတိုင်းသော တရားကို အကျယ်အားဖြင့် ရွတ်အံ (သရဇ္ဈာယ်)ခြင်းဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်းကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိအတွင်းသန္တာန်၌ စိတ်၏ (ကိလေသာမှ) ငြိမ်းမှုကို မကြိုးစား။ ရဟန်း ဤရဟန်းကို ရွတ်အံ(သရဇ္ဈာယ်)ခြင်းများသူဟုသာ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

၄။ ရဟန်း နောက်တမျိုးကား ရဟန်းသည် ကြားနာအပ်သင်ယူအပ်ပြီးတိုင်းသော တရားကို စိတ်ဖြင့်ကြံ၏၊ သုံးသပ်၏၊ စိတ်ဖြင့် အဖန်ဖန်ရှု၏၊ ထိုရဟန်းသည် ထိုတရားကို ကြံစည်ခြင်း 'ဝိတက်' တို့ဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်းကိန်းအောင်းမှုကို စွန့်လွှတ်၏၊ မိမိအတွင်းသန္တာန်၌ စိတ်၏ (ကိလေသာမှ) ငြိမ်းမှုကို မကြိုးစား။ ရဟန်း ဤရဟန်းကို ကြံစည်ခြင်း 'ဝိတက်' များသူဟုသာ ဆိုအပ်၏၊ တရားနှင့် နေလေ့ရှိသူဟူ၍ကား မဆိုအပ်။

၅။ ရဟန်း ဤသာသနာတော်၌ ရဟန်းသည် သုတ်ဂေယျ ဝေယျာကရိုဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော တရားကို သင်ယူ၏၊ ထိုရဟန်းသည် ထိုတရားကို သင်ယူခြင်းဖြင့် နေ့ကို မကုန်လွန်စေ၊ တယောက်တည်းကိန်းအောင်းမှုကို မစွန့်လွှတ်၊ မိမိအတွင်းသန္တာန်၌ စိတ်၏ (ကိလေသာမှ) ငြိမ်းမှုကို ကြိုးစား၏။ ရဟန်း ဤသို့လျှင် ရဟန်းသည် တရားနှင့် နေလေ့ရှိသူ ဖြစ်၏။

ရဟန်း ဤသို့လျှင် ငါသည် ကြားနာမှုများသူကို ဟောပြီးပြီ၊ သုတ်ပါဠိကိုသာ သိစေခြင်းများသူကို ဟောပြီးပြီ၊ ရွတ်အံ (သရဇ္ဈာယ်) ခြင်းများသူကို ဟောပြီးပြီ၊ ကြံစည်ခြင်း 'ဝိတက်' များသူကို ဟောပြီးပြီ၊ တရားနှင့် နေလေ့ရှိသူကို ဟောပြီးပြီ၊ ရဟန်း တပည့်အပေါင်းကို ရှာလေ့ရှိ၍ သနားစောင့်ရှောက်တတ်သည့် ဆရာဖြစ်သော ငါသည် တပည့်တို့ကို သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ သင်တို့အတွက် ပြုဖွယ်ကို ငါပြုပြီးပြီ၊ ရဟန်း ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း။ ဤသည်တို့ကား ဆိတ်ငြိမ်ရာ [illegible]တည်း၊ ရဟန်း ကပ်၍ ရှုကြည့်ကြကုန်လော့၊ မမေ့မလျော့ ကြကုန်လော့၊ နောက်မှ(အားမရ နောင်တ လိုက်ရ)ဟု နောင်တပူပန်ခြင်းမဖြစ်ကြစေကုန်လင့်၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမပင်တည်းဟု မိန့်တော်မူ၏။

ဒုတိယ ဓမ္မဝိဟာရီသုတ်၌ အတူပင်ဖြစ်၍ ထို့ ယက် ပိုလွန်၍လည်း ဆိုတရား၏အနက်ကို ပညာဖြင့် မသိသူလေးဦးနှင့်ထိုတရား၏အနက်ကိုပညာ ဖြင့် သိသူသာ ကွာခြားပေ၏။

* * *

တာလပုဋ္ဌောထေရဂါထာ လေးပုဒ်ကို ပြဦးအံ့။ ဥဒါန်း ဂျူးပို ထေရဂါထာ (၃၆၁)

၁၁၄၃။ တယာ သုဒန္တေန အဝဋ္ဌိတေန ဟိ၊ ဟယေန ယောဂ္ဂါ စရိယောဝ ဥဗ္ဗုနာ။ ပဟောမိ မဂ္ဂံ ပဋိပဇ္ဇိတုံ သိဝံ၊ စိတ္တာနုရက္ခီဟိ သဒါ နိသေဝိတံ။

၁၁၄၄။ အာရမ္မဏေ တံ ဗလသာ နိဗန္ဓိသံ၊ နာဂံဝ ထမ္ဘမှိ ဒဠှာယ ရဇ္ဇုယာ။ တံ မေ သုဂုတ္တံ သတိယာ သုဘာဝိတံ သဗ္ဗာ ဘဝေသု ဟေဟိသိ။

၁၁၄၅။ ပညာယ ဆေတွာ ဝိပထာနုသာရိနံ၊ ယောဂေန နိဂ္ဂယှ ပထေ နိဝေသိယ။ ဒိသွာ သမုဒယံ ဝိဘဝဉ္စ သမ္ဘဝံ၊ ဒါယာဒ ကော ဟေဟိသိ အဂ္ဂဝါဒိနော။

၁၁၄၆။ စတုဗ္ဗိပလ္လာသဝသံ အဓိဋ္ဌိတံ၊ ဂါမဏ္ဍလံဝ ပရိနေသိ စိတ္တမံ။ နနု သံယောဇနဗန္ဓနစ္ဆိဒံ၊ သံသေဝသေ ကာရုဏိကံ မဟာမုနိံ။

၁၁၄၇။ ဟယ်စိတ် မြင်းထိန်းသည် ကောင်းစွာ ဆုံးမထားသော ဖြောင့်ဖြောင့် သွားသော မြင်းဖြင့် ဘေးကင်းရာ အရပ်သို့ သွားခြင်းငှာ စွမ်းနိုင်သကဲ့သို့ ထို့အတူ (သမထ ဝိပဿနာ ဘာဝနာဖြင့်) ကောင်းစွာ ယဉ်ကျေးပြီးသော တည်ကြည်သော သင်စိတ်ဖြင့်ပင် စိတ်ကိုအစဉ် စောင့် ရှောက်သော ဘုရား အစရှိသည်တို့ အခါခပ်သိမ်း မှီဝဲအပ်သော ဘေးမဲ့ သော အရိယာမဂ်ခရီးကို ငါသည် လျှောက်သွားခြင်းငှာ စွမ်းနိုင်၏။

၁၁၄၈။ ဆင်ထိန်းသည် ဆင်ပြောင်ကြီးကို ဆင်ချည်တိုင်၌ မြဲမြံ လှသောကြိုးဖြင့် ဖွဲ့ချည်သကဲ့သို့ ထို့အတူ ငါသည် သင်စိတ်ကို (အာနာပါန) ကမ္မဋ္ဌာန်း အာရုံ၌ ဘာဝနာ၏ အစွမ်းဖြင့် ချည်အံ့၊ ဟယ်စိတ် သင်သည် ငါ၏ သတိဖြင့် ကောင်းစွာလုံခြုံစေအပ်၊ ကောင်းစွာ ပွားများ အပ်သည် ဖြစ်၍ အလုံးစုံသောဘဝတို့၌ (တဏှာစသော မှီရာတို့ဖြင့်) မမှီရသည် ဖြစ် လတ္တံ့။

၁၁၄၅။ ခရီးမဟုတ်သည်ကို သွားသော စိတ်ကိုပညာဖြင့် ဖြတ်တောက်၍ (ဝိပဿနာဟူသော အားထုတ်ခြင်းလုံ့လဖြင့် နှိပ်ကွပ်၍ ဝိပဿနာ)ခရီး၌ တည်စေအာယတန ဖြစ်ကြောင်း စာရားကိုငင်း၊ကင်းခြင်းကိုငင်း၊ဖြစ်ခြင်းကိုငင်း(မတွေဝေသော အားဖြင့်)သိမြင်၍သင်သည်မြတ်သော နိဗ္ဗာန်ကို ဟောတော်မူတတ်သော မြတ်စွာဘုရား၏အမွေခံ ဖြစ်ပေလတ္တံ့။

၁၁၄၆။ ဟယ်စိတ် သင်သည် (အနိစ္စ၌ နိစ္စ အသုဘ၌ သုဘ ဒုက္ခ၌ သုခ အနတ္တ၌ အတ္တဟု) လေးပါးသော ဖောက်ပြန်မှု 'ဝိပလ္လာသ'တို့၏ အလိုသို့ လိုက်လျက် တည်သောငါ့ကို ရွာသူသားယော်ကဲ့သို့ ထိုမှဤမှ ဆွဲဆောင်ဘိ၏၊ သံယောဇဉ်အနှောင်အဖွဲ့တို့ကို ဖြတ်တတ်သော သနားခြင်း ကရုဏာရှိတော်မူသော မြတ်စွာဘုရားကို မှီဝဲ ဆည်းကပ်သင့်သည် မဟုတ်တုံလော။

* * *

## သာရိပုတ္တတေရဂါထာ(၃၄၃)

၉၈၁။ ယထာစာရီ ယထာသတော သတီမာ၊ ယတသင်္ကပ္ပဈာယိ
အပ္ပမတ္တော။

အဇ္ဈတ္တရတော သမာဟိတတ္တော၊ ဧကော သန္တုသိတော တမာဟု
ဘိက္ခုံ။

၉၈၂။ အလ္လံ သုက္ခံ ဝါ ဘုဥ္ဇန္တော၊န ဗာဠှံ သုဟိတော သိယာ။
ဦနူဒရော မိတာဟာရော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

၉၈၃။ စတ္တာရော ပဉ္စအာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။

၉၈၄။ ကပ္ပိယံ တစ္ဆာဒေ ဆာဒေတိ၊ စီဝရံ ဣဒမတ္ထိကံ။
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။

၉၈၅။ ပလ္လင်္ကေန နိသိန္နဿ၊ ဇဏ္ဏုကေ နာဘိဝဿတိ။
အလံ ဖာသုဝိဟာရာယ၊ပဟိတတ္တဿ ဘိက္ခုနော။

၄၈၆။ ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခမေဒ္ဒက္ခိ သလ္လတော။
ဥဘယန္တရေန နာဟောသိ၊ ကေန လောသ္မိံ ကိံ သိယာ။

၄၈၇။ မာ မေ ကဒါစိ ပါပိစ္ဆော၊ ကုသိတော ဟိနဝိရိယော။
အပ္ပသုတော အနာဒရော၊ ကေန လောကသ္မိံ ကိံ သိယာ။

၄၈၈။ ဗဟုဿုတော စ မေဓါဝီ၊ သီလေသု သုသမာဟိတော။
စေတော သမထာနုယုတ္တော၊ အပိ မုဒ္ဓနိ တဋ္ဌတု။

၄၈၉။ ယော ပပဉ္စမနုယုတ္တော၊ ပပဉ္စာဘိရတော မဂေါ။
ဝိရာဓယိ သော နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

၄၉၀။ ယော စ ပပဉ္စံ ဟိတွာန၊ နိပ္ပပဉ္စပထေ ရတော။
အာရာဓယိ သော နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။ ။

မြန်မာပြန်ကား—

၄၈၁။ အကြွင်းသူသည် ကာယစသည်တို့ဖြင့် စောင့်စည်းသည်ဖြစ်၍နေ၏၊ အရိယာသူတော်ကောင်းတို့နှင့် မကွဲမပြား တသားတည်းဖြစ်နေ၏၊ လွန်ကဲသော သတိရှိ၏၊ မိစ္ဆာသက်ပွကို ပယ်ကာ (သမ္မာသက်ပွ၏အစွမ်းဖြင့်) ကောင်းသော အကြံရှိသည်ဖြစ်၍ ဈာန်စင်စားလေ့ရှိ၏၊ မမေ့မလျော့မှု၍ ပေါစရဇ္ဇတ္တဟူသော(အာနာပါန) ကမ္မဋ္ဌာန်းဘာဝနာ၌ မမေ့လျော်၏၊ တည်ကြည်သော စိတ်ရှိ၏၊ တယောက်တည်း ကောင်းစွာ ရှောင့်ရဲ၏။ ထိုသို့ သဘောရှိသောသူကို ရဟန်းဟူ၍ ဆိုကုန်၏။

(မှတ်ချက်။ (အာနာပါန) ဖြည့်စွက်ထည့်သွင်းဖေါ်ပြချက်ဖြစ်၏။ ကျွန်ုပ်တို့နှင့် သက်ဆိုင်သော ကမ္မဋ္ဌာန်းဖြစ်၍ ထည့်သွင်းပြလိုက်ခြင်းဟု မှတ်ပါလေ။

၄၈၂။ ရဟန်းသည် စိုစွတ်သိမ်မွေ့သော အစာကိုရင်း ခြောက်သွေ့ကြမ်းတမ်းသော အစာကိုရင်း စားသည်ရှိသော် အလွန်ဝမ်းဝအောင် မစားရာ၊ လျော့သော ဝမ်းရှိသည်ဖြစ်၍ နှိုင်းချိန်သော စားမျိုခြင်းရှိလျက် သတိပြုကာ နေရာ၏။

၄၈၃။ နောက်ဆုံးဖြစ်သော လေးလုတ်ငါးလုတ်တို့ကို မသုံးဆောင်မူ၍ ရေကို သောက်ရာ၏။(ဤသို့၊ လေးလုတ်ငါးလုတ်လျှော့စား၍ ရေသောက်ခြင်းသည်)နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာနေခြင်းငှါ စွမ်းနိုင်၏။

၄၈၄။ (ဤအချမ်းအပူစသည်ကို တားမြစ်ရုံမျှ) အကျိုးရှိသော အပ်သော သင်္ကန်းကို ဖုံးလွှမ်းဝတ်ရုံခဲ့မူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာ နေခြင်းငှါ စွမ်းနိုင်၏။

၄၈၅။ (အကြင်ကျောင်း၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော ရဟန်း၏ ပဆစ်ဒူးနှစ်ဖက်တို့ကို မိုးရည်မစွတ်၊ (ထိုသို့ သဘောရှိသော ကျောင်း၌ နေသည်ရှိသော်) နိဗ္ဗာန်သို့ စေလွှတ် ထားသော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာ နေခြင်းငှါ စွမ်းနိုင်၏။

၄၈၆။ အကြင်ရဟန်းသည် သုခဝေဒနာကို ဝိပရိဏာမဒုက္ခအားဖြင့်မြင်၏၊ ဒုက္ခဝေဒနာကို ငြောင့်တံသင်းအားဖြင့် မြင်၏၊ (သုခဝေဒနာ ဒုက္ခဝေဒနာ) နှစ်ပါးတို့၏ အလယ်ဖြစ်သော ဥပေက္ခာ ဝေဒနာ၌ (အတ္တအတ္တနိယ ဟုမှားသော နှလုံးသွင်းခြင်း) မဖြစ်။ ထိုရဟန်းသည် လောက၌ အဘယ်မည်သော ကိလေသာဖြင့် အဘယ်သို့ ဖြစ်ရာပါတော့အံ့နည်း။

၄၈၇။ ယုတ်မာသော အလိုရှိသော ပျင်းရိသော လုံ့လဝီရိယ ဆုတ်ယုတ်သော အကြားအမြင်နည်းသော (အဆုံးအမ ဩဝါဒ၌) ရိုသေခြင်းကင်းသောသူသည် ငါ၏ (အယံ၌) တရံတခါမျှ (မရှိပါစေသတည်း) ။(အကြောင်းမူကား) လောက၌ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်အား အဘယ်မည်သော အဆုံးအမ ဩဝါဒဖြင့် အဘယ်သို့ ဖြစ်ရာပါတော့အံ့နည်း။

၄၈၈။ (အကြင်ပုဂ္ဂိုလ်သည်) များသော အကြားအမြင်လည်း ရှိ၏၊ ပညာလည်းရှိ၏၊ (စတုပါရိသုဒ္ဓိ) သီလတို့၌ ကောင်းစွာတည်၏၊ စိတ်ကို ကောင်းစွာ ထားခြင်းနှင့် ယှဉ်၏၊ ထိုသို့သော ပုဂ္ဂိုလ်သည် ငါ၏ ဦးထိပ်၌သော်လည်း တည်ပါစေသတည်း။

၉၀၉။ အကြင်ပုဂ္ဂိုလ်သည်ကား သံသရာ့ချွတ်ထွင်တတ်သော (မပဥ္စ) တရားနှင့်ယှဉ်၏၊ သံသရာကိုချွတ်ထွင်တတ်သော (ပပဥ္စ) တရား၌ (အပြစ်ကို မမြင်သဖြင့်) မွေ့လျော်၏၊ သားတိရစ္ဆာန်နှင့်တူ၏၊ ထိုပုဂ္ဂိုလ်သည် ယောဂလေးပါးတို့ ကုန်ရာအတု မရှိသော နိဗ္ဗာန်ကို ချွတ်ယွင်းစေ၏။

၉၉၀။ အကြင်ပုဂ္ဂိုလ်သည်ကား သံသရာကိုချွတ်ထွင်တတ်သော (မပဥ္စ) တရားကိုပယ်၍ သံသရာကို ချွတ်ထွင်တတ်သော (ပပဥ္စ) တရားမရှိရာ နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သောအရိယာမဂ်၌ မွေ့လျော်၏၊ ထိုဂုဂ္ဂိုလ်သည် ယောဂလေးပါး၏ ကုန်ရာအထုံမရှိ နိဗ္ဗာန်ကို ပြီးစေနိုင်၏။

၁၀၁၆။ သမ္ပာဒေထ အပ္ပမာဒေန၊ ဧသော မေ အနုသာသနီ။
ဟန္ဒာဟံ ပရိနိဗ္ဗိဿံ၊ ဝိပ္ပမုတ္တောမှိ သဗ္ဗဓိတိ။

၁၀၁၆။ မမေ့မလျော့ခြင်းနှင့် ပြည့်စုံစေကြကုန်လော့၊ ဤသည်လျှင် ငါ၏ အဆုံးအမတည်း၊ ယခုအခါ ငါသည် ပရိနိဗ္ဗာန်ပြုတော့အံ့၊ ငါသည် အလုံးစုံသော ပြည့်စုံမှု၏ တည်ရာ 'ဥပဓိ'မှ လွတ်မြောက်၏။ ဤကဲ့သို့ အသျှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးသည် နောက်ဆုံးနေ့ မိန့်ခွန်းပေးတော် မူခဲ့လေသည်။ မြတ်စွာဘုရားကဲ့သို့ အတုလိုက်၍ အမွေ ပေးတော် မူခဲ့လေသည်။ ခဒိရ ဝနိယ ရေဝတ မထေရ်မြတ်လည်း ထို့အတူ ဆုံးမတော်မူခဲ့၏။ (၃၁၅) ထိုပြင် ဖုဿတ္ထေရဂါထာ (၃၄၇) ၌ ဤကဲ့သို့ မိန့်မှာတော်မူခဲ့လေသည်၊ သတိကြပ်ကြပ်ပြု။

၉၇၀။ ပုရာ အာဂစ္ဆတေ ဧတံ၊ အနာဂတံ မဟဗ္ဘယံ။
သုဗ္ဗစာ ဟောထ သခိလာ၊ အညမညံ သဂါရဝါ။

၉၇၉။ မေတ္တာစိတ္တာ ကာရုဏိကာ၊ ဟောထ သီလေသု သံဝုတာ။
အာရဒ္ဓဝီရိယာ ပဟိတတ္တာ၊ နိစ္စံ ဒဠှပရက္ကမာ။

၉၈၀။ ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော။
ဘာဝေထ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဖုသန္တာ အမတံ ပဒံ။

၉၇၀။ (သာသနာ ဆုတ်ယုတ်လာမည့်) ထိုအနာဂတ် ဘေးကြီး မရောက်လာမီ (သင်တို့သည်) ဆိုဆုံးမလွယ်သူ စိတ်နှလုံး နူးညံ့သူ အချင်းချင်း ရိုသေခြင်း ရှိသူ ဖြစ်ကြပါကုန်လော့။

၉၇၉။ (အလုံးစုံသော သတ္တဝါတို့၌) မေတ္တာစိတ်ရှိသူ သနား ခြင်း ကရုဏာနှင့် ပြည့်စုံသူ (စတုပါရိသုဒ္ဓိ) သီလ စောင့်စည်းသူ အားထုတ်သောလုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသူ အမြဲမပြတ် ခိုင်ခံ့သော လုံ့လရှိသူတို့ ဖြစ်ကြပါကုန်လော့။

၉၈၀။ ငါ့ရှင်တို့ မေ့လျော့ခြင်းကို ဘေးကြီးဟူ၍ မမေ့မလျော့ ခြင်းကိုလည်း ဘေးကင်းကြောင်းဟူ၍ ရှုမြင်ကုန်သည်ဖြစ်၍ အင်္ဂါရှစ်ပါး ရှိသော မဂ်ကို ပွားများ ကြပါကုန်လော့၊ သေခြင်းကင်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်လျက် (မိမိသန္တာန်၌ ဖြစ်စေကြကုန်လော့)။ အလွန် မှတ်သားဖွယ် ကောင်းသော ဩဝါဒ ဖြစ်၏။

× + +

မြတ်စွာသုရား နေ့စဉ် ခြေဆေး အင်ပြင်၌ အာရုံဆွမ်းကိစ္စပြီး နောက် သံဃာတော်များအား ဩဝါဒ ပေးတော်မူခဲ့လေသည်။သုတ္တနိပါတ် အဋ္ဌကထာ၊ ၊ပ၊ ၁၂၀။ အံ၊ ဌ၊ ပ၊ ၄၉။ ဒီ၊ ဌ၊ ပ ၄၇။ တို့၌လည်း ထို အတူ ဖွင့်ပြကြကုန်၏။

"ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ မနုဿ ပဋိလာဘော ဒုလ္လဘော၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘော၊ သဒ္ဓမ္မဿနံ ဒုလ္လဘံ လောကသ္မိံ" န္တိ။

ချစ်သား ရဟန်းတို့ မမေ့မလျော့သော သတိဖြင့် သိက္ခာသုံးပါးကို ပြည့်စုံအောင် အားထုတ်ကြကုန်လော့။ လောက၌ မြတ်စွာဘုရား ပွင့်ထွန်း ပေါ်ပေါက်လာခြင်းသည် ရခဲ၏ ကြုံခဲ၏။ လူ့ဘဝရခြင်းသည်လည်း ရခဲ၏ ကြုံခဲ၏သဒ္ဓါတရားပြည့်စုံခြင်းအဖြစ်သည်လည်းရခဲ၏ကြုံခဲ၏။ ရဟန်း အဖြစ် သည်လည်း ရခဲ၏ကြုံခဲ၏။ သူတော်ကောင်း တရားကြားနာခြင်းသည်လည်း လောက၌ ရခဲ၏ကြုံခဲ၏။ ဟု နေ့စဉ် ဆုံးမဩဝါဒ ပေးတော်မူခဲ့လေသည်။ သတိကြပ်ကြပ် ပြုကြပါကုန်လော့။

အင်္ဂုတ္တရ ဋ္ဌကထာ၌ ခဏသမ္ပတ္တိဟု ဆဋ္ဌမူက ရေးသား၏။ သဒ္ဓါ သမ္ပတ္တိကို မူ ထိုင်းမူ၊ အချို့သော မြန်မာမူဟု အောက်ခြေ၌ မှတ်ချက် ပြုထားလေသည်။ ကိုးကားရာ၌ ဋီကာ အဖွင့် ကိုးကားလေသည်။ တဖန်

ဒီဃနိကာယ အဋ္ဌကထာ၌မူ သမ္ပတ္တိဟု သာပြ၏။ ခဏသမ္ပတ္တိကို သီဟိုဠ်မူ၊ ထိုင်းမူဟု အောက်ခြေ၌ ပြထား၏။ အမှန်မှာ ခဏသမ္ပတ္တိသည် ဗုဒ္ဓုပ္ပါဒေါ နှင့် မနုဿ ပဋိလာဘတော၌ အကြုံးဝင်နေ၏။ သဒ္ဓါသမ္ပတ္တိသာ ဖြစ်ထိုက်၏။ သဒ္ဓါတရားသည်လည်း အလွန်အရေးပါ အရာရောက်၍ မဂ်ရရန် အခြေခံဖြစ်၏။

နောက်ဆုံး ပစ္ဆိမဝစန အဖြစ်ဖြင့် "ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယ ဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထာ"တိ မိန့်တော်မူခဲ့၏။

ချစ်သား ရဟန်းတို့ သင်တို့အား ယခု (ငါ) မိန့်မှာတော် မူခဲ့အံ့၊ ပြုပြင်ပေးရသော သင်္ခါရ တရားတို့သည် ပျက်စီးခြင်း သဘော ရှိကုန်၏၊ မမေ့သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့။ဟု မိန့်တော်မူ၏။

သေရာညောင်စောင်း၌ လျောင်းသော များသော ဥစ္စာရှိသော သူကြွယ်သည် သားသမီးတို့အား မြတ်သော ဥစ္စာနှစ်ကိုမှာထား ပြောဆို ဘိသကဲ့သို့ ထို့အတူသာလျှင် ပရိနိဗ္ဗာန် စံတော်မူရာ ညောင်စောင်း၌ လျောင်း စက်တော်မူသော မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါ ပတ်လုံး ပေးအပ်ပြီးသော အလုံးစုံသော အဆုံးအမတို့ကို တခုတည်းသော 'အပ္ပမာဒ' ပုဒ်၌သာလျှင် ထည့်သွင်း၍ ဟောတော်မူပြီ ။ ဟု သုံးတွဲအဋ္ဌကထာ ပ၊ ၂၀၄၌ ဖွင့်ပြထား၏။

သတိနှင့် မကွဲမကွာယှဉ်ခြင်းဖြင့် ဝါသတိမြဲစွဲစွာဖြင့် အလုံးစုံသော ကိစ္စဆိုသည်မှာ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး၊ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓသာသနာ သုံးပါး၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာပိဋက သုံးပုံတို့ကို ဆောင်ယူ၍ အပ္ပမာဒပုဒ်၌ ပြသဖြင့် ဤပိဋက သုံးပုံပြည့်စုံအောင် အားထုတ်ကြကုန်လော့ဟု ဆုံးမဩဝါဒပေးတော်မူခဲ့၏။

သကလမ္ပိ တေပိဋကံ ဗုဒ္ဓဝစနံ အာဟရိတွာ အပ္ပမာဒပဒဿေဝ အတ္ထံ ကတွာဟု စရိယာပိဋကအဋ္ဌကထာ (၃၂၆) ၌ ဖွင့်ထားပေ၏။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၄၅။ ဥဒါန်း၊ ဋ္ဌ၊ (၁၃၆) စသည်များ ဖွင့်ပြကြကုန်၏။ ဤအပ္ပမာဒ တရား၏ ကြီးကျယ်အရေးပါပုံကို သိမြင်ကြ၍ သတိစွဲစွဲမြဲမြဲထား တရား

အားထုတ်ခါ ပညာယှဉ်လျက်ပါပါစေ။ အာနာပါနဿတိ ကမ္မဋ္ဌာန်း၌ အလွန်အရေးကြီးသော သော့ချက်ဖြစ်ပေ၏။ ဝိသုဒ္ဓိမဂ်နှင့် ပဋိသမ္ဘိဒါမဂ်၊ အခြား အဋ္ဌကထာများ၌လည်း ဖေါ်ပြသတိပေးထားလေသည်။ ယောဂီ အပေါင်းတို့။ ။

* + *

"ဣမေစ သုဘဒ္ဒ ဘိက္ခူသမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိအဿ" ဟု မြတ်စွာဘုရား ဟောတော်မူသည်မှာ အိုသုဘဒ္ဒ၊ ဤ (ဆယ့်နှစ်ပါးသော) ရဟန်းတို့သည် ကောင်းစွာ နေကြကုန်ပါမူ လောကကြီးသည် ရဟန္တာတို့ဖြင့် မဆိတ်သုဉ်းပဲ ရှိရာ၏ဟု မိန့်တော်မူ၏။

အဋ္ဌကထာ အဖွင့်ကား—

သောတာပန်သည် မိမိ၏ရအပ်သော သောတာပတ္တိမဂ်၏ အကြောင်း ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါကို တခြားသော ပုဂ္ဂိုလ်အား ဟောပြောပြသ၍ ထိုပုဂ္ဂိုလ်ကို သောတာပန်ဖြစ်အောင် ပြုခဲ့သော် ကောင်းစွာနေသည် မည်၏။ သကဒါဂါမ်သည် မိမိရအပ်ပြီးသော မဂ်လမ်းစဉ်ကို တခြားသော သူအား သကဒါဂါမ်ဖြစ်အောင် ဟောကြားပြသ၍ သကဒါဂါမ်ဖြစ် အောင်ပြုခဲ့သော် ကောင်းစွာနေသည်မည်၏။ အနာဂါမ်သည် မိမိရအပ် သောမဂ်လမ်းစဉ်ကို တခြားသော သူအား ဟောကြားပြသ၍ အနာဂါမ်ဖြစ် အောင်ပြုခဲ့သော် ကောင်းစွာနေသည်မည်၏။ ရဟန္တာသည် မိမိရအပ်သော မဂ်လမ်းလမ်းစဉ်ကို တခြားသော သူအား ဟောကြားပြသ၍ ရဟန္တာဖြစ် အောင်ပြုခဲ့သော် ကောင်းစွာနေသည်မည်၏။ ထိုနည်းအတိုင်းပင် သောတာ ပတ္တိမဂ်၌တည်သူ၊ သကဒါဂါမိမဂ်၌ တည်သူ၊ အနာဂါမိမဂ်၌ တည်သူ၊ အရဟတ္တမဂ်၌ တည်သူသည် တခြားသောသူအား မိမိရသော မဂ်ကဲ့သို့ ရအောင် ဟောကြားပြသ၍ မဂ်၌တည်ခဲ့သော် ကောင်းစွာနေသည်မည်၏။ ထိုနည်းအတိုင်းပင် သောတာပတ္တိမဂ်အကျိုးငှါ အားထုတ်အပ်ပြီးသော ဝိပဿနာရှိသော ရဟန်းသည် မိမိလေ့လာအပ်ပြီးသော ဝိပဿနာ ကမ္မဋ္ဌာန်းကို ဟောကြားပြသ၍ တခြားသော ရဟန်းကို အာရဒ္ဓဝိပဿနာ ဖြစ်အောင်ပြုခဲ့သော် ကောင်းစွာနေသည်မည်၏။ ထို့အတူ အထက်မဂ်သုံး

ပါးတို့ အားထုတ်သော ဝိပဿနာရှိသောသူ ဖြစ်အောင် ဟောကြားပြသသောသူသည် ကောင်းစွာနေသည်မည်၏။ မိမိရသော ဝိပဿနာ၊ မဂ်၊ ဖိုလ်တို့ကို သူတပါးအား ဟောကြားပြသခြင်းဖြင့် အရိယာပုဂ္ဂိုလ်များ ရဟန္တာများ မဆိတ်သုဉ်းတော့ချေ။ ကျုံးတော၊ မြားတော၊ ကိုင်းတောတို့ကဲ့သို့ အကြားမရှိ ပေါများ ဖြစ်ထွန်းလေ၏။ ထို့အတူ မိမိရသလို ရဟန္တာ အရိယာများက ဟောကြား ပြသ နေသဖြင့် ဗုဒ္ဓပတ္တိ သာသနာကြီး ပြန့်ပွား စည်ပင် တိုးတက် ဖြစ်ပေါ် နေမည်ဖြစ်၏။ ဤအား ကမ္မဋ္ဌာနာ စရိယများ သတိပြုကြရန် ဖြစ်၏။ မိမိကိုယ်ကိုင်က ဟကာယ် မဂ်ဖိုလ် မရသေးသော်လည်း မဂ်ရရန် အတွက် အားထုတ်ပေသော ဝိပဿနာ ရှိရပေမည်။ အမှန်စင်စစ်ကား မဂ်ဖိုလ်ချပြီးသော သူသာလျှင် ကမ္မဋ္ဌာန်းဆရာ ပြုလုပ် ထိုက်ပေ၏၊ ပိဋ္ဋကတ်ပုံဆောင် အနည်းလုံး နိုယာယ် တခုကို ပါဠိအဋ္ဌကထာနှင့် တတ်သိသောသူ ပုဂ္ဂိုလ်ဖြစ်ရမည်ဟု ဝိသုဒ္ဓိ မဂ်ကပြဆိုထား၏။

* + *

ဆရာတပည့် လိုက်နာရန် ဥပရိပဏ္ဏာသ ပါဠိတော် မဟာသုညက သုတ်၌ ဟောခဲ့၏။ အာနန္ဒာ အဘယ်သို့လျှင် တပည့်တို့သည် ဆရာကို ချစ်ခြင်း ရှိသည်၏ အဖြစ်ဖြင့် ကျင့်ကြကုန်သနည်း။ မုန်းခြင်းရှိသည်၏ အဖြစ်ဖြင့် မကျင့်ကြကုန်သနည်း။ အာနန္ဒာ ဆရာသည် "ဤအကျင့်သည် သင်တို့အား အကျိုးစီးပွားအလို့ငှါ ဖြစ်၏။ ဤအကျင့်သည် သင်တို့အား ချမ်းသာခြင်းအလို့ငှါ ဖြစ်၏။ ဟု တပည့်တို့အား အစဉ်သနားသည် အကျိုးစီးပွားကို ရှာမှီသည်ဖြစ်၍ အစဉ်သနားခြင်းကို အမှီပြု၍ တရားဟော၏။ ထိုဆရာ၏ တပည့်တို့သည် ကောင်းစွာ နားကြားကြကုန်၏၊ နားထောင်ကြကုန်၏၊ သိခြင်းငှာ စိတ်ကိုထားကြကုန်၏၊ ဆရာ၏ အဆုံးအမကို လွန်ကျူး၍ မကျင့်ကြကုန်။ အာနန္ဒာ ဤသို့လျှင် ဆရာကို တပည့်တို့သည် ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကြကုန်၏၊ မုန်း ခြင်းရှိသည်၏ အဖြစ် ဖြင့် မကျင့်ကြကုန်။

အာနန္ဒာ ထို့ကြောင့် ငါ့ကို ချစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် ကျင့်ကြ ကုန်လော့၊ မုန်းခြင်း ရှိသည်၏အဖြစ်ဖြင့် မကျင့်ကြကုန်လင့်၊ ထိုမုန်းခြင်း

ရှိသည်၏အဖြစ်ဖြင့် မကျင့်ခြင်းသည် သင်တို့အား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွားခြင်းငှါဖြစ်လတ္တံ့။ အာနန္ဒာ အိုးထိန်းသည်သည် အစိမ်းသက်သက် (သို့မဟုတ်) မကျက်တကျက် အိုးခွက်၌ ကြောင့်ကြစိုက်သကဲ့သို့ ငါသည် သင်တို့၌ ကြောင့်ကြမစိုက်။ အာနန္ဒာ ငါသည် နှိပ်၍ နှိပ်၍ ဟောအံ့၊ ငါသည် မြောက်၍ မြောက်၍ ဟောအံ့၊ မဂ်ဖိုလ် အနှစ်အသား ရှိသောသူသည် တည်လတ္တံ့ ဟု မိန့်တော်မူ၏။

\+ ❊ +

ကိဋာဂိရိသုတ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်

ရဟန်းတို့ယုံကြည်ခြင်းရှိသော ဆရာ့အဆုံးအမ၌ သက်ဝင်၍ ကျင့်နေသော တပည့်သာဝကအား ဆရာ့အဆုံးအမသည် ကြီးပွား စည်ပင်၏။ အခြေခိုင်ခံ့၏။ ရဟန်းတို့–ယုံကြည်ခြင်းရှိသော ဆရာ့ အဆုံးအမ၌ သက်ဝင်၍ ကျင့်နေသော တပည့်သာဝကအား ''ကိုယ်၌အရေသည်ရှင်း၊ အကြောသည်ရှင်း၊ အရိုးသည်ရှင်း၊ အကယ်၍ ကြွင်းကျန်စေကာမူ ယောကျ်ားတို့၏ အစွမ်းယောကျ်ားတို့၏ လုံ့လဖြင့်ရအပ် ရောက်အပ်သော အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ ဝီရိယ၏ လျော့ပါးခြင်းသည် မဖြစ်လတ္တံ့'' ဟူသော ဤသဘောသည်ဖြစ်၏။

ရဟန်းတို့ ယုံကြည်ခြင်းရှိသော ဆရာအဆုံးအမ၌ သက်ဝင်၍ ကျင့်သော တပည့်အား ''မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကိုရင်း၊ ဥပါဒါန်ကြွင်းရှိသော အနာဂါမ် ပုဂ္ဂိုလ်အဖြစ်ရင်း'' ဤသို့ နှစ်ပါးသော အကျိုးတို့တွင် တပါးပါးသောအကျိုးသည် ကေန်ဖြစ်ရမည်ဟု မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။(အံ၊ ပ၊ ၅၂ ဤသို့ကျင့်ရမည် ဆုံးမ၏။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ စင်္ကီသုတ်၌ ဆုံးမပုံ သိရှိစေလိုပါသည်)။

ထိုကြောင့် ဖော်ပြပြီးအံ့ စူးစမ်းသော သူသည် လောဘ၊ ဒေါသ၊ မောဟတရားတို့မှ အထူးသဖြင့် စင်ကြယ်သော ထိုရဟန်းကို မြင်သောကြောင့် ထိုရဟန်း၌ ယုံကြည်မှုကို ဖြစ်ပွားစေ၏။ ယုံကြည်မှု ဖြစ်သည်ရှိသော် ချဉ်းကပ်သည်ရှိသော် ဆည်းကပ်၏။ ဆည်းကပ်သည် ရှိသော် နားထောင်၏။ နားထောင်သော သူသည် တရားကို နာယူ၏။ ကြားနာရ၍

တရားကိုဆောင်၏။ ဆောင်ထားသော တရားတို့၏ အနက် သဘောကို စူးစမ်းဆင်ခြင်၏။ အနက်သဘောကို စူးစမ်းဆင်ခြင်ခြင်သည် ရှိသော် တရားတို့သည် ရှုဆင်ခြင်ခြင်းငှါခံ့ကုန်၏၊ တရားတို့သည် ရှုဆင်ခြင်ခြင်းငှါခံ့သည် ရှိသော် အလိုဆန္ဒသည်ဖြစ်၏၊ အလိုဆန္ဒ ဖြစ်သည် ရှိသော် အားထုတ်၏။ အားထုတ်သည်ရှိသော် နှိုင်းချိန်၏။ နှိုင်းချိန်ပြီးသော် ပြင်းစွာ အားထုတ်၏။ စိတ်စိုက်နေသည်ရှိသော် ကိုယ်ဖြင့်လည်း မွန်မြတ်သော သစ္စာကို မျက်မှောက်ပြုနိုင်၏။ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်နိုင်၏။ ဘာရဒွါဇ ဤမျှအတိုင်းအရှည်ဖြင့် မဂ်ကိုလျော်စွာ သိခြင်းသည် ဖြစ်၏။ ဤမျှ အတိုင်းအရှည်ဖြင့် မဂ်ကိုလျော်စွာ သိတတ်သူဖြစ်၏။ ဤမျှအတိုင်းအရှည်ဖြင့်လည်း ငါတို့သည် သစ္စာကိုလျော်စွာသိခြင်းကို ပညတ် ပြောဆိုကုန်၏။ ဖိုလ်ကို မျက်မှောက်ပြုခြင်း သည်ကားမဖြစ်သေးသည်သာတည်းဟု မိန့်တော်မူ၏။

အရှင်ဂေါတမ ဤမျှအတိုင်းအရှည်ဖြင့် မဂ်ကိုလျော်စွာသိခြင်းသည် ဖြစ်ပါ၏။ ဤမျှအတိုင်းအရှည်ဖြင့် မဂ်ကိုလျော်စွာ သိသူဖြစ်ပါ၏။ ဤမျှအတိုင်းအရှည်ဖြင့်လည်း အကျွန်ုပ်တို့သည် မဂ်ကိုထိုးထွင်း၍သိခြင်းကိုမြင်ကြပါကုန်၏။ အရှင်ဂေါတမ အဘယ်မျှ အတိုင်းအရှည်ဖြင့် ဖိုလ်ကို မျက်မှောက်ပြုခြင်းဖြစ်ပါသနည်း၊ ဖိုလ်သို့အစဉ်ရောက်ပါသနည်း၊ အကျွန်ုပ်တို့သည် အရှင်ဂေါတမအား ဖိုလ်ကို မျက်မှောက် ပြုခြင်းကို မေးလျှောက်ပါကုန်၏ ဟုလျှောက်၏။

ဘာရဒွါဇ ထိုတရားတို့ကို သာလျှင် ထုံခြင်းကြောင့် ပွားများခြင်းကြောင့် ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် ဖိုလ်ကိုမျက်မှောက်ပြုခြင်းသည် ဖြစ်၏။ ဘာရဒွါဇ ဤမျှအတိုင်းအရှည်ဖြင့် ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ဖြစ်၏၊ ဤမျှအတိုင်းအရှည်ဖြင့် ဖိုလ်သို့ လျော်စွာ ရောက်၏။ ဤမျှအတိုင်းအရှည်ဖြင့်လည်း ငါတို့သည် ဖိုလ်ကို မျက်မှောက် ပြုခြင်းကို ပညတ်ကုန်၏ ဟူ မိန့်တော်မူ၏။

\+ + +

မေတ္တာပွားများသည်းခံနေရန် ကကစူပမသုတ်ကို မူလ ပဏ္ဏာသပါဠိတော်၌ဟော၏။ ရဟန်းတို့– ယုတ်မာမှု ရှိသော ခိုးသူတို့သည် နှစ်ဖက်ရိုး ရှိသော လွှဖြင့် အင်္ဂါကြီးငယ်တို့ကို အကယ်၍လည်း တိုက်ဖြတ်ကုန်ငြားအံ့၊
28 ထိုသို့ တိုက်ဖြတ်ရာ၌လည်း စိတ်ဖြစ်မှားသောသူသည် ထိုစိတ်ဖြစ်မှားခြင်း

ဖြင့် ငါ၏အဆုံးအမကို ပြုကျင့်သူမဟုတ်၊ ရဟန်းတို့ထိုသို့တိုက်ဖြတ်ရာ၌လည်း သင်တို့သည် ဤသို့ကျင့်ရမည်။ "ငါတို့၏စိတ်သည် ဖောက်ပြန်မှုမဖြစ်လတ္တံ့၊ ယုတ်မာသောစကားကိုလည်း မမြွက်ဆိုကြကုန်အံ့၊ အစီးအပွားဖြင့် ငဲ့ညှာ ကာ မေတ္တာစိတ်ရှိကုန်လျက် ပြစ်မှားသောစိတ်မရှိကြကုန်ပဲ နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့်တကွ ဖြစ်သောစိတ်ဖြင့် ဖြန့်၍ နေကုန်အံ့၊ အကြွင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏ အာရုံ ပြုလုပ်လျက် ပြန့်ပြောသော မြတ်သည်၏အဖြစ်သို့ရောက်သော အပိုင်းအခြား ပမာဏမရှိ သော ရန်မရှိသော ဆင်းရဲခြင်းမရှိသော မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍နေကြကုန်အံ့"ဟု ဤသို့ သင်တို့ ကျင့်ရမည်။

ရဟန်းတို့- သင်တို့သည် ဤလွှဥပမာရှိသော အဆုံးအမ ဩဝါဒ ကိုလည်း မပြတ်နှလုံးသွင်းကြ ကုန်လော့၊ ရဟန်းတို့—သင်တို့သည် မခံနိုင် လောက်သော ငယ်ငယ်ကြီးကြီးဖြစ်သော ထိုစကား လမ်းကြောင်းကို သင် တို့ တွေ့မြင်ကြကုန်သလောဟု မေးတော်မူ၏။

အရှင်ဘုရား မတွေ့မြင်ကြပါဟု လျှောက်ထားကြကုန်၏။

ရဟန်းတို့— ထို့ကြောင့် ဤလွှဥပမာရှိသော အဆုံးအမ ဩဝါဒကို မပြတ်နှလုံးသွင်းကြကုန်လော့။ ထိုအဆုံးအမ ဩဝါဒသည် သင်တို့အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်းငှါ၊ ချမ်းသာခြင်းငှါဖြစ်လတ္တံ့ ဟု မြတ်စွာဘုရားသည် ဤ(ကကစူပမသုတ်) တရားတော်ကို ဟောတော် မူ၏။

ဤသည်ကား ကမ္မဋ္ဌာန်း စရိယများ ယောဂီ များလက် သုံး ကျင့်ရမည် ဩဝါဒအဆုံးအမ ဖြစ်ပါပေ၏။ လိုက်နာကျင့်ရပေမည်။ ဗုဒ္ဓ၏ သာသနာတော်ပြုစုရန် အတွက် ဤအချက်အရေးကြီးလှပါပေ၏။

\+ \+ \+

ရဟန်းတို့— ရဟန်းသည် "အာသဝေါတို့၏ကုန်ခြင်းကြောင့် အာသ ဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက် သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့်

ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်ရှိနေလို၏”ဟု အကယ်၍ တောင့်တခဲ့ပါမူသီလတို့ကိုသာလျှင် ဖြည့်ကျင့်သူ မိမိ၏စိတ်ကို ငြိမ်အောင် ကြိုးစားသူ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွားစေသူသာလျှင် ဖြစ်ရာ၏။

ဤကဲ့သို့ အာကင်္ခေယျသုတ်၌ ဟောတော်မူ၏။

စွန်လွန်းမဟာထေရ်မြတ်ကြီး၏ ဝဿသတပူဇာကရဏ အနှစ်တရာပြည့်မြောက် မွေးနေ့ပူဇော်ပွဲကြီးကို (ဝါ) စွန်းလွန်း ရာပြည့် ပူဇော်ပွဲကြီး အတွက် ဘုရား၏ အဆုံးအမများ စသည်တို့ကို တရာမကဖော်ပြ၍မဆုံးနိုင်တော့ပါ။ ဤမျှလောက်နှင့်ပင် လုံလောက်၍ ဤအဆုံးအမဩဝါဒများ၊ ကျေးဇူးရှင် စွန်းလွန်း ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒများ (အာနာပါန အားထုတ်နည်းကျမ်း၌ ဖော်ပြထားရှိပေ၏) တို့ကို လေ့လာ နာယူကျင့်သုံးအားထုတ်၍ ချမ်းသာသုခ သန္တိသုခ ရကြပါစေသတည်း။

အပ္ပမာဒေန သမ္ပာဒေထ၊ မဂ်ဖိုလ်နိဗ္ဗာန်ရ။
နိဗ္ဗာနံ ဟာဒယသ္မိံ ဩပိယ။ မြတ်နှလုံးအိမ်၊ နိဗ္ဗာန်စိမ်၊
စိတ်ငြိမ်ချမ်းသာရ။
ထိမှု၊ သိမှု၊ သတိကြပ်ကြပ်ပြု၊ မခံသာ မှန်ပါ၏ ဤတရား။
ခံသာလျှင်၊ သံသရာကြော၊ မြောလိမ့်အများ။ ။
အရိယာတွေကျန်သေး၏၊ အားထုတ်ကြပါကုန်လော့။ဒုလ္လဘငါးပါး
ရခိုက် အရယူလိုက်ကြပါကုန်လော့။

ဆရာတော်ဦးသာသနဝိသုဒ္ဓိ၊ ရန်ကုန်မြို့။

အကျိုးဆောင် အတွင်းရေးမှူး။

စွန်းလွန်းရာပြည့်ပူဇော်ပွဲ ကျင်းပရေးအဖွဲ့ချုပ်။

စွန်းလွန်းဂူကျောင်းတိုက်၊ မြင်းခြံမြို့။

အသုဘာနုပဿီသုတ်၊ ဣတိဝုတ္တက

# ပါဠိတော်

ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမ ရဟတာတိ မေ သုတံ-

အသုဘာ နုပဿီ ဘိက္ခဝေ ကာယသ္မိံ ဝိဟာရထ၊ အာနာပါ နဿတိ စ ဝေါ အဇ္ဈတ္တံ ပရိမုခံ သူပဋ္ဌိတာ ဟောတု၊ သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿိနော ဝိဟာရထ။ အသုဘာနုပဿီနံ ဘိက္ခဝေ ကာယသ္မိံ ဝိဟရတံ ယော သုဘာယ ဓာတုယာ ရာဂါနုသယော သော ပဟီယတိ၊ အာနာပါနဿတိယာ အဇ္ဈတ္တံ ပရိမုခံ သူပဋ္ဌိတာယ ယေ ဗာဟိရာ ဝိတက္ကာသယာ ဝိဃာတပက္ခိကာ၊ တေ န ဟောန္တိ။ သဗ္ဗသင်္ခါရေသု အနိစ္စာနုပဿီနံ ဝိဟရတံ ယာ အဝိဇ္ဇာ၊ ယာ ပဟီယတိ။ ယာ ဝိဇ္ဇာ၊ သာ ဥပ္ပဇ္ဇတီတိ။ ဧတမတ္ထံ ဘဂဝါ အဝေါစ၊ တတ္ထေတံ ဣတိ ဝုစ္စတိ-

အသုဘာနုပဿီ ကာယသ္မိံ၊ အာနာပါနေ ပဋိဿတော။
သဗ္ဗသင်္ခါရသမထံ၊ ပဿံ အာတာပိ သဗ္ဗဒါ။
သဝေ သမ္မဒ္ဒသော ဘိက္ခု၊ ယတော တတ္ထ ဝိမုစ္စတိ။
အဘိညာဝေါသိတော သန္တော၊ သ ဝေ ယောဂါတိဂေါ မုနီ။" တိ။

အယမ္ပိ အတ္ထော ဝုတ္တော ဘဂဝတာ ဣတိ မေ သုတန္တိ။

ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်-

ရဟန်းတို့ ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက် နေကြကုန်လော့၊ အာနာပါနဿတိသည်လည်း သင်တို့၏ ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှုဘည်စေကြကုန်လော့၊ အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟု ရှုလျက် နေကြကုန်လော့၊

ရဟန်းတို့ ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက်နေကြကုန်သော သူတို့အား တင့်တယ်သည့်အဖြစ်ဟူသော သုဘခေတ်ကြောင့် ရာဂကိန်းဝပ်မှု ရာဂ အနုသယသည်ကင်းပျောက်၏၊ အာနာပါနဿတိ၏ ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှုတည်မှုကြောင့် အပဖြစ်ကုန်သော ဆင်းရဲခြင်း အဘို့ရှိကုန်သော အလိုဆန္ဒ အာသယသို့ အစဉ်လိုက်တတ်သည့် မိစ္ဆာဝိတက်တို့သည်မဖြစ်ပေါ်ကုန်၊ အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟု ရှုလျက်နေကြကုန်သောသူတို့အား အဝိဇ္ဇာမောဟ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏။ ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို-

"ကိလေသာကိုပယ်ပြန်စေတတ်သော လုံ့လရှိသော အခါခပ်သိမ်း ကောင်းစွာမြင်သော ထိုရဟန်းသည် ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုသည်ဖြစ်၍ရင်း၊ ဝင်လေထွက်လေ၌ ထင်သောသတိ ရှိသည် ဖြစ်၍ရင်း၊ အလုံးစုံသောသင်္ခါရတို့၏ ချုပ်ငြိမ်းမှုကိုရှုသည်ဖြစ်၍ရင်း၊ ထိုအလုံးစုံသော သင်္ခါရတို့ချုပ်ငြိမ်းရာ၌ အရဟတ္တ ဖလ ဝိမုတ္တိဖြင့် လွတ်မြောက်၏၊ ထို့ကြောင့် ရဟန်းသည် အဘိညာဉ် ကိစ္စ ပြီးဆုံးပြီဖြစ်၍ ငြိမ်းအေးပြီးလျှင် ယောဂ လေးပါးကို လွန်မြောက်ပြီးသူ ဖြစ်တော့၏"ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောကြားအပ်၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။ ဤသုတ်ကို အရကျက်၍ ဆောင်ထား၍ အားထုတ်ခါ မဂ်ဖိုလ်ချမ်းသာ ဝိမုတ္တိရသာခံစားနိုင်ပါစေ။

စွန်းလွန်းမဟာထေရ် အနုစိတရာပြည့်မွေးနေ့ ဒသဓမ္မဒါနဖြစ်ပါပေ၏။

အင်္ဂုတ္တရ နိကာယ ဒုကနိပါတပါဠိ၊ (၅၂) ဥပညာတသုတ်။

တုမှေပိ ဘိက္ခဝေ နစိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿထ။ တသ္မာ တိဟ။ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ 'အပ္ပဋိဝါနံ ပဒဟိဿာမ' ကာမံ တစော စ နှာရု စ အဋ္ဌိ စ အဝသိဿတု သရီရေ ဥပသုဿတု မံသလောဟိတံ၊ ယံ တံ ပုရိသထာမေန ပုရိသဝီရိယေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ၊ န တံ အပါပုဏိတွာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတီတိ။ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။

ရဟန်းတို့ သင်တို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်သော အမျိုးသားတို့လိုလားအပ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့။ ရဟန်းတို့ ထို့ကြောင့် ခန္ဓာကိုယ်၌ "အရေအကြော အရိုးသာ ကြွင်းလိုလျှင် ကြွင်းစေတော့၊ အသားအသွေးသည် ခန်းခြောက်လိုလျှင် ခန်းခြောက်စေတော့၊ ယောကျ်ားတို့၏ စွမ်းအား၊ ယောကျ်ား တို့၏ လုံ့လ၊ ယောကျ်ား တို့၏ ဥဿာဟဖြင့် ရောက်အပ်သော ဈာန် မဂ် ဖိုလ် နိဗ္ဗာန်သို့ မရောက်သေးသမျှ အားထုတ်ခြင်း ဝီရိယ၏ဆုတ်နစ်ခြင်းသည် မဖြစ်လတ္တံ့"ဟု ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်ရမည်ဟု မိန့်တော်မူ၏။

အဋ္ဌကထာအဖွင့်၌ ငါသည် ကပ်ရောက်၍(ဝါ)ရရှိ၍(မရောင့်ရဲသော တရားနှင့် မဆုတ်မနစ်အားထုတ်ခြင်းတရား) နှစ်ပါးတို့၏ ဂုဏ်ကျေးဇူးကို သိရပြီ၊ ထိုးထွင်းသိမြင်ပြီ။ ဤတရားနှစ်ပါးကို မှီ၍ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ရရှိ၏။ ထို့ကြောင့် ထိုတရား၏ အာနုဘော်ကိုပြလို၍ ဆို၏။ မရောင့်ရဲသောတရားဆိုသည်မှာ ငါသည် ဈာန်ရကာမျှရင်း (သြဘာသ) အလင်းရောင်မြင်ရကာမျှရင်း မရောင့်ရဲကြ အရဟတ္တမဂ်ကိုသာဖြစ်စေ၏၊ အကြင်မျှလောက်ကိုမဂ်မဖြစ်သေး၊ ထိုမျှလောက် ငါသည် မရောင့်ရဲ မတင်းတိမ်ချေ။ မဆုတ်မနစ်သော အားထုတ်ခြင်းဆိုသည်မှာ အားထုတ်ခြင်း၌သည်း မပျင်းမရိ၊ မဆုတ်မနစ်သည်၍သာလျှင် အားထုတ်ခြင်းကိုပြု၏။ မဖဲ့ခွာခြင်း မဆုတ်နစ်ခြင်းကိုပြု၍ ငါသည် မိမိ၏ လုံ့လ စွမ်းအား၌ တည်လျက် ဘုရားလောင်းအဖြစ်၌ပင် သဗ္ဗညုတဉာဏ်ကို တောင့်တပြီး ပဓာနအားထုတ်မှုကို ပြုခဲ့၏။ အရေသာကြွင်းစေသည် အင်္ဂါတပါး၊ အကြောသာကြွင်းစေသည် အင်္ဂါတပါး၊ အရိုးသာကြွင်းစေသည် အင်္ဂါတပါး၊ အသွေးအသားတွေ ခန်းခြောက်ပါစေသည် အင်္ဂါတပါး။ ဤအင်္ဂါ လေးပါးနှင့်ပြည့်စုံ၍ ယောကျ်ားတို့၏ဉာဏ်ရှင်း ဉာဏ်စ၊ ဉာဏ်ဝီရိယ၊ ဉာဏ်အားထုတ်ခြင်းဖြင့်ရင်း အားထုတ်ရာ၌ ရပ်တန့်ခြင်းမရှိ၊ အားခလျှော့ခြင်းစိတ်မရှိ၊ ဆုတ်နစ်ခြင်းမရှိ၊ အားထုတ်လိုစိတ်ပျောက်ငြိမ်းခြင်းမရှိ လွန်ကဲသော လုံ့လဝီရိယဖြင့် အားထုတ်သောသည်။ ဤသို့ အဓိဋ္ဌာန်အပ်သော ဝီရိယကို အင်္ဂါလေးပါးနှင့် ပြည့်စုံသော လုံ့လအဓိဋ္ဌာန်မည်၏။ ဤသို့ မိမိကျင့်သုံးခဲ့သော

အကျင့်ကိုပြဆို၏။ သတိမကင်းဟူသော သတိကြပ်ကြပ်ပြုမှု အပ္ပမာဒတရားဖြင့် တရားထူးရရှိခဲ့၏။ အိပ်ပျော်နေခြင်း မေ့လျော့နေခြင်းဖြင့် ရရှိခဲ့သည် မဟုတ်ချေ။ လေးပါးသောမဂ်ဉာဏ်ကိုရင်း သဗ္ဗညုတဉာဏ်ကိုရင်း အိပ်နေ မေ့လျော့နေခြင်းဖြင့် ရရှိရန် မစွမ်းနိုင်ပေ။ ဘုရားအဖြစ်သာ မဟုတ်သေး၊ အရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော အတုမရှိသော ယောဂဝပေးပါးဟူ၍ တော ကင်းရာကိုလည်း သတိကြပ်ကြပ်ပြုဟူသောသတိ "အပ္ပမာဒ" တရားဖြင့်သာ ရခဲ့သည်သာလျှင်သတည်း။ မိမိရရှိခဲ့သော တရားထူး ဂုဏ်ထူးများကို ပြန်နိုး တပည့်သာဝကများ လိုက်နာကျင့်သုံး ဆောက်တည်စေလို၍ ဤသုတ်ကို ဟောတော်မူခဲ့လေသည်။ မမေ့ကြကုန်လင့်။ (အံ၊ ဋ္ဌ၊ ၃၊ (၅၊ ၆)၊

တဖန် မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကီဋာဂိရိသုတ် အမှတ် [illegible] (၁၃၅) ၌၊ ဤသုတ်၏ အဆုံးပိုဒ်၌ ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝိရိယကို အမြဲဌာန်ပြုပြီး အရဟတ္တဖိုလ်သို့ မရောက်လျှင် မထတော့ချေဟု ကျင့်ရ၏။ ဤသုတ်ကို ဘုရားသည် နေယျပုဂ္ဂိုလ်အစွမ်းဖြင့် အရဟတ္တဖိုလ် အတွက် ထပ်၍ အဆုံးသတ်ဟောကြားတော်မူထား၏၊ ထို့ကြောင့် ယခု ခေတ် နေယျပုဂ္ဂိုလ် အမျိုးအစားများသည် အရိုးကျေကျေ အရေစုပ်စုပ် မတွန့်မဆုတ်လုံ့လဖြင့် အားထုတ်၍ တရားထူးရကြပါစေသတည်း။ ။

* + *

## အမြတ်ဆုံး ဘုရားရှိခိုးခြင်း

သံယုတ်ပါဠိတော်၊ ဒုတိယ ဒသဗလသုတ် သဒ္ဓါတရားဖြင့် ရဟန်း ပြုသူသည် နှစ်မျိုးရှိ၏။ အကျင့်ကောင်းသော သူနှင့် အကျင့်ပျက်သော သူ ရှိရာ အကျင့်ကောင်းသော အမျိုးသား ရဟန်းကို ဆိုလို၏။ အမျိုးမြတ်သော ရဟန်းသည် အကျင့်ကောင်းသော အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်၏။ ထိုရဟန်းတို့ကို အင်္ဂါလေးပါးနှင့် ပြည့်စုံအောင် အမြဲဌာန် အားထုတ်ကြရန် တိုက်တွန်းထား၏။ ပျင်းရိသူ၏ ဖြစ်ရပ်များသည် မလုံခြုံ၊ ကာယ၊ ဝစီ၊ မနောကံ သုံးပါး မစင်ကြယ်၊ အသက်မွေးမှု မစင်၊ ပျက်စီးပြီး အမျိုးအိမ်သို့ လှည့်လည်သွားလာနေသော [illegible] ဖြစ်၏။ ထိုရဟန်းသည် သီတင်းသုံးဖော်များ၏ မျက်စိ၌ [illegible] သို့

ဖျက်ဆီးခြင်းကို ပြု၍ ဆင်းဆင်းရဲရဲနေရ၏။ အင်ယုဉ်ကို ချိုးဖျက်သူ၊ အိမ်သာ၌ မစင်ပြည့်သူဖြစ်၏။ ဆန်ကုန်မြေလေး ပုဂ္ဂိုလ်ဟု ဆိုလို၏။ ဘုရားအလိုကို ယူခြင်းငှါ မစွမ်းနိုင်။ ဒုလ္လဘာခဏကို ချွတ်ယွင်းစေ၏၊ ငှင်းစားသောက်သော ပြည့်သူ၏ ဆွမ်းလည်း အကျိုးကြီးမဖြစ် အာရဒ္ဓဝီရိယ ပုဂ္ဂိုလ်သည် ဤသာသနာတော်၌ ချမ်းသာစွာ နေရ၏။ ဒွါရခြောက်ပေါက်ကို လုံခြုံ၏၊ ကာယ၊ ဝစီ၊ မနောကံများ စင်ကျယ်၏။ အသက်မွေးပြုစင်၏။ သီတင်းသုံးဖော်များ၏ မျက်စိ၌ အလွန်အေးမြသော မျက်စဉ်းကဲ့သို့ရင်း အရိုးတိုင်အောင် စွဲသော စန္ဒကူးကဲ့သို့ နှစ်မျိုဖွယ်ဖြစ်၍ ချမ်းသာစွာနေရ၏။ ဘုရား၏ အလိုကို ယူခြင်းငှါ စွမ်းနိုင်၏၊ မိဒွေးတော် ဂေါတမီက ကြီးသော လုံ့လရှိသော မြတ်စွာဘုရား ကြာမြင့်စွာ အသက်ရှည်ပါစေ၊ တကမ္ဘာပတ်လုံး တည်တော်မူပါစေဟု လျှောက်ထား ရှိခိုးရာ ဘုရားက တားမြစ်တော်မူ၏။

အားထုတ်အပ်သော လုံ့လရှိကုန်သော၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သော၊ အမြဲပြင်းထန်သော လုံ့လရှိကုန်သော၊ ညီညွတ်ကုန်သော တပည့်သာဝကတို့ကို ရှုကြည့်ပါလော့၊ ဤသို့ လိုက်နာခြင်းသည် မြတ်စွာဘုရားတို့အား ရှိခိုးခြင်းပင်တည်း။ (ထေရီအပဒါနပါဠိ ၂၁၂)

တရားအားထုတ်သူ ရဟန်းရှင်လူယောဂီ၊ တရားထူးရသောသူတို့သာ လျှင် မြတ်ဘုရား၏ အလိုတော်ကြ၍ အမြတ်ဆုံး ရှိခိုးခြင်း ပူဇော်ခြင်းဖြစ်ပေ၏။ သတိပြုပါလေ။ စွန့်လွှန့်ရာပြည့်နေ့မှစ၍ သတိတရား စွဲမြဲထား၍ အားထုတ်ကြပါ။ တရားထူးယူပါ။

သံယုတ်ပါဠိတော်၊ ဒသဗလသုတ် (ဒုတိယ)၌ ဘုရားဟောကြားဆုံးမတော်မူခဲ့ရာ ရဟန်းတို့ ငါသည် ဤသို့ ပဋိစ္စသမုပ္ပါဒ် တရားကို ကောင်းစွာ ဟောအပ် ပေါ်လွင်စေအပ် ဖွင့်လှစ်အပ်သော အစုတ်အပြတ် အချုပ်အဖါမရှိသော ပုဆိုးသစ်ကဲ့သို့ ဝေဖန်ပြအပ်သည်ရှိသော် သဒ္ဓါတရားဖြင့် ရဟန်းပြုသော အမျိုးကောင်းသားသည် အရေအကြောအရိုးသာကြွင်း၍ ကိုယ်၌ အသားအသွေး ကုန်ခန်းခြောက်သွေ့စေဦးတော့၊ ယောကျ်ားတို့၏ အား အစွမ်း ယောကျ်ားတို့၏ လုံ့လ ယောကျ်ားတို့၏ အားထုတ်မှုဖြင့် ရောက်အပ်သော အရဟတ္တဖိုလ်သို့ မရောက်မူ၍ လုံ့လ၏ ရပ်တံ့ခြင်း မဖြစ်စေအံ့ဟု အားထုတ်ခြင်းငှါ သင့်သည်သာတည်း။

ရဟန်းတို့ ပျင်းရိသောသူသည် ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ဖြင့် ရောပြွမ်းသည်ဖြစ်၍ ဆင်းရဲစွာနေရ၏၊ ကြီးမားလှသော မိမိအကျိုးကိုလည်း ဆုတ်ယုတ်စေ၏၊ ရဟန်းတို့ ထက်သန်သော လုံ့လရှိသူသည်ကား ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့မှလည်း ကင်းဆိတ်သည်ဖြစ်၍ ချမ်းသာစွာနေရ၏၊ ကြီးမားလှသော မိမိအကျိုးကိုလည်း ပြည့်စုံစေ၏။

ရဟန်းတို့ ယုတ်သော လုံ့လဖြင့် မြတ်သော (အရဟတ္တဖိုလ်) သို့ မရောက်နိုင်၊ မြတ်သော လုံ့လဖြင့်သာလျှင် မြတ်သော (အရဟတ္တဖိုလ်) သို့ ရောက်နိုင်၏။ ရဟန်းတို့ ဤမြတ်သော 'အကျင့်သည် ကြည်လင်သော သောက်ဖွယ်ဖြစ်၏၊ မြတ်စွာဘုရားသည်လည်း မျက်မှောက်ရှိ၏၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ မရောက်သေးသည့် အရဟတ္တဖိုလ် (နိဗ္ဗာန်) သို့ ရောက်ရန်၊ မရသေးသည်ကို ရရန်၊ မျက်မှောက်မပြုရသေးသည်ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်ကြကုန်လော့။ ဤသို့လျှင် ငါတို့၏ ဤရဟန်းအဖြစ်သည် ငါတို့အား မမြုံချေ၊ အကျိုးရှိသည် ကြီးပွားခြင်းရှိသည် ဖြစ်လတ္တံ့၊ အကျင်သူတို့၏ သင်္ကန်းဆွမ်းကျောင်း 'အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို ငါတို့ သုံးဆောင်မှီဝဲအပ်ကုန်၏။ ငါတို့၌ ပြုအပ်ကုန်သော ထိုသူတို့၏ ကောင်းမှုတို့သည်လည်း ကြီးသော အကျိုးအာနိသင်ရှိကုန်လတ္တံ့ဟု အားထုတ်ကြကုန်လော့၊ ရဟန်းတို့ ဤသို့ ကျင့်ရမည်။

ရဟန်းတို့ မိမိ၏ အကျိုးကို၎င်း၊ သူတပါးတို့၏ အကျိုးကို၎င်း၊ မိမိအကျိုး သူတပါးအကျိုး နှစ်ပါးစုံကို၎င်း ကောင်းစွာမြင်သောသူသည် မမေ့မလျော့မှု အပ္ပမာဒတရား (သတိကြပ်ကြပ်ပြု) နှင့် ပြည့်စုံစေခြင်းငှါ သင့်သည်သာလျှင် သတည်းဟု ဟောတော်မူ၏။

ရိုးကြောအရေ၊ ကြွင်းကျန်စေ၊ ကုန်စေသားအသွေး။
အသက်ကိုမှ၊ မညှာရ၊ သမ္မပ္ပဓါန်လေး။
တထိုင်တည်းထုတ်၊ မြတ်စွာဗုဒ်၊ ပယ်နုတ်အာသဝ။
ငါကဲ့သို့သာ၊ ကျင့်ကြပါ၊ မှန်စွာမဂ်ဖိုလ်ရ။
ယောကျ်ားအားစွမ်း၊ ထူးတိုက်တွန်း၊ စွန်းလွန်းဟာမိအားထုတ်ပါ။ ။

ဤသုတ်ကို ပါဠိတော်နှင့် အနက်မြန်မာပြန်ရပါစေ၊ အဋ္ဌကထာလည်း ကြည့်နိုင်ကြပါစေ။

ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။ အတ္ထတ္တံ ဝေါ ဟိ ဘိက္ခဝေ သမ္မာသမာနေန အလ မေဝ အမ္ဗမာဒေန သမ္ပာဒေတုံ၊ ပရတ္ထံ ဝေါ ဟိ ဘိက္ခဝေ သမ္ပဿမာနေန အလ မေဝ အပ္ပမာဒေန သမ္ပာဒေတုံ၊ ဥဘယတ္ထံ၊ ဝေါ ဟိ ဘိက္ခဝေ သမ္ပဿမာနေန အလ မေဝအပ္ပမာဒေန သမ္ပာဒေတုန္တိ။ ။ (သံ ၁ ၊ ၂၆၇)။

ထေရဂါထာပါဠိ၊ အဘိဘူတတ္ထေရဂါထာ၊ (၂၆၇၀)

သုဏာထ ဉာတယော သဗ္ဗေ၊ ယာဝန္တေတ္ထ သမာဂတာ။
ဓမ္မံ ဝေါ ဒေသယိဿာမိ၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
အာရမ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတီတိ။ ။

ဝေဠုပုရကြီးရှင် ဘုရင်မင်းမြတ် အဘိဘူတသည် မိမိနေပြည်တော်သို့ မြတ်စွာဘုရား ကြွရောက်လာသောအခါ ဖူးမြင်ကြည်ညိုရပြီး တရားတော်ကို နာယူရသဖြင့် အလှူကြီး ပေးလှူဒါန်းခဲ့၏။ ထိုအလှူ၌ မြတ်စွာဘုရား၏ အနုဒမောဒနာတရားအကျယ်ကို ကြားနာသောကြောင့် ထီးနန်းစည်းစိမ်ကို စွန့်ပယ်၍ ရဟန်းပြုခဲ့လေသည်။ ရဟန်းတရားကို လုံ့လကြိုးကုတ်အားထုတ်သဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရသောအခါ မိမိရဟန်းဖြစ်ခဲ့ပုံကို ထင်ရှားဖော်ပြရွတ်ဆို ဥဒါန်းကျူးတော်မူခဲ့လေသည်။ ဂါထာ မြန်မာပြန်ကား—

ဤအရပ်သို့ အညီအညွတ် စည်းဝေးရောက် လာ ကြ သ မျှ သော ဆွေမျိုးအားလုံးတို့ (သင်တို့) နားထောင်ကြကုန်လော့၊ သင်တို့အား (ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ) တရားကို ဟောကြားပေအံ့၊ အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှ၏။

မြတ်စွာဘုရား သာသနာတော်အတွင်း၌ အားတုတ်ကြကုန်လော့၊ ကြိုးစားကြကုန်လော့၊ လုံ့လပြုကြကုန်လော့၊ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ (သင်တို့သည်) သေမင်း၏ (ကိလေသာ) စစ်သည်ကို ချေမှုန်းဖျက်ဆီးကြကုန်လော့။ အကြင်သူသည် ဓမ္မဝိနယ သာသနာတော်၌ မမေ့မလျော့ပဲနေအံ့၊ ထိုသူသည် ပဋိသန္ဓေနေခြင်းလျှင် အကြောင်းရှိသော သံသရာဝဋ်ကို ပယ်၍ ဆင်းရဲ၏အဆုံးကို ပြုနိုင်လတ္တံ့။ ။

ထိုအတူ သံယုတ်ပါဠိတော်၊ အရုဏဝတီသုတ်၌လည်း ဤနောက်နှစ်ဂါထာကို သိခီမြတ်စွာဘုရား၏ အဂ္ဂသာဝကကြီးဖြစ်သော အဘိဘူ မထေရ်မြတ်ကြီးကလည်း ဗြဟ္မာ့ပြည်၌ ဟောကြားတော်မူခဲ့လေသည်။ ထိုကြောင့် စွဲစွဲမြဲမြဲ အားတုတ်ကြပါကုန်လော့။

ဤကား စွန်းလွန်းမဟာထေရ်မွေးနေ့ အထိမ်းအမှတ် အနှစ်တရာပြည့်၌ "စွန်းလွန်း မဟာ ထေရ ဝိဇာတ မင်္ဂလာ ဝဿသတပူဇာကရဏ" မဟာသဘင်ပွဲတော်ကြီး၌ ဓမ္မပူဇာ ဓမ္မဒါန ဓမ္မလက်ဆောင်ဖြစ်ပါပေ၏။ ။

### မိလိန္ဒပဉှာ၊ ဗုဒ္ဓပူဇနပဉှာ၌

မင်းမြတ် "အာနန္ဒာ သင်တို့သည် ငါဘုရား၏အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြမစိုက်ကြကုန်လင့်" ဟူသော ဤစကားကို မြတ်စွာဘုရား ဟောတော်မူအပ်၏။ တဖန်လည်း "ပူဇော်ထိုက်သော ဘုရားရှင်၏ သရီရဓါတ်တော်ကို ပူဇော်ကုန်လော့၊ ဤသို့ပူဇော်ခြင်းကို ပြုကုန်သော သူတို့သည် ဤကောင်းမှုကြောင့် လူ့ပြည်မှ နတ်ပြည်သို့ ရောက်ရပေကုန်လတ္တံ့" ဟု ဟောတော်မူအပ်၏၊ ဤသို့ ဟောလင့်ကာသား ထိုသရီရ ဓာတ်တော်ကို ပူဇော်ခြင်း၌ ကြောင့်ကြမစိုက်ကုန်လင့် ဟူသော စကားကို မူကား သတ္တဝါအားလုံးတို့ကို ရည်ရွယ်၍ ဟောတော်မူသည်မဟုတ်၊ ဘုရားသားတော်(ရဟန်း)တို့ကိုသာ အကြောင်းပြု၍ "အာနန္ဒာ ငါဘုရား၏ အလောင်းတော်ကို ပူဇော်မှု၌ ကြောင့်ကြမစိုက်ကုန်လင့်" ဟု (မိန့်တော်မူအပ်၏)။

မင်းမြတ် ထိုစကားမှန်၏၊ အကြင်ပူဇော်သက္ကာရ ပြုခြင်းသည် ရှိ၏၊ ဤပူဇော်သက္ကာရပြုခြင်းသည် မြတ်စွာဘုရားသားတော်တို့၏ အလုပ်ဝတ္တရားမဟုတ်ပေ။ သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်ခြင်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ သတိပဋ္ဌာန်လေးပါးကို အဖန်ဖန်တလဲလဲ ရှုခြင်း၊ အာရုံ၏အထွတ်အမြတ်ကို လက်ကိုင်စွဲယူခြင်း၊ ကိလေသာကို စစ်ထိုးခြင်း၊ အရဟတ္တဖိုလ်ဟူသော မိမိအကျိုးကို အားထုတ်ခြင်း ဤအမှုမျိုးသည်သာ ဘုရားသားတော်တို့ ပြုသင့်ပြုထိုက်သော အမှုတည်း။

ပူဇော်သက္ကာရပြုမှုသည် ဘုရားသားတော်တို့မှ ကြွင်းကုန်သော နတ်လူတို့ ပြုသင့်ပြုထိုက်သော အမှုတည်း။

ထို့ကြောင့် ဘုရားသားတော် ရဟန်းတို့သည်ရင်း ယခုဘဝမဂ်ဖိုလ် ရလိုသူ ယောဂီအပေါင်းတို့သည် အာနာပါနဿတိ ကမ္မဋ္ဌာန်းတခုတည်းဖြင့် သတိပဋ္ဌာန်လေးပါး ဗောဇ္ဈင်ခုနစ်ပါးပြည့်စုံအောင် အားထုတ်လျက် မဂ်ဖိုလ်ရရန် ဓမ္မပူဇာပြုကြရမည်။ အလောင်းတော်ဓါတ်ကိုမူ ကောင်းမှုကုသိုလ်လိုသော၊ လူ နတ်ဖြစ်လိုသူများက ပူဇော်သက္ကာရ ပြုကြမည်ဖြစ်၏။ အာမိသပူဇာဖြစ်ပေ၏။

ထို့အတူ စွန်းလွန်းမဟာထေရ် အနှစ်တရာပြည့် ပူဇော်ပွဲ၌လည်း ယောဂီအပေါင်းတို့သည် ဓမ္မပူဇာကိုသာ အဓိကထား၍ အာမိသပူဇာကား ယောဂီ လူ နတ်များ တာဝန်ပေတည်း။

ထို့ကြောင့် ဓမ္မပဒ အဋ္ဌကထာ၌ အတ္တဒတ္ထမထေရ်ဝတ္ထုကို သိအပ်လှပေ၏။ ဘုရားရှင်သည် ပရိနိဗ္ဗာန် စံယူတော်မူအံ့သောအခါ၌ ချစ်သားရဟန်းတို့ ငါဘုရားသည် ဤလမှ လေးလလွန်သောအခါ ပရိနိဗ္ဗာန်စံယူတော်မူအံ့ဟု မိန့်တော်မူသတ်သည်ရှိသော် ထိတ်လန့်ခြင်း သံဝေဂဖြစ်ကုန်သော ခုနစ်ရာသော ပုထုဇဉ်ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံတော်ကို မစွန့်မူ၍ ငါ့ရှင်တို့ အဘယ်သို့ ပြုရပါကုန်အံ့နည်းဟု တိုင်ပင်ပြောဆိုကာ သွားလာလှည့်လည်ကြကုန်၏၊ အတ္တဒတ္ထမထေရ်သည်ကား ဤသို့ကြံစည်လေ၏၊ ငါတို့ ဆရာဘုရားမြတ်စွာသည် လေးလလွန်သောအခါ ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့၊ ငါသည်လည်း ရာဂမကင်းသေးဖြစ်ခဲ့၏။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်စိမ့်သောငှါ

လုံ့လပြုအံ့ဟု ကြံစည်၍ ထိုအတ္တဒတ္ထမထေရ်သည် ရဟန်းတို့၏ အထံသို့ မသွားပဲ နေလေ၏။ ထိုအခါ အတ္တဒတ္ထမထေရ်ကို ရဟန်းတို့သည် "ငါ့ရှင် အဘယ်ကြောင့် သင်သည် ငါတို့၏ အထံသို့ မလာဘိသနည်း?၊ တစုံတခု သော စကားကို မတိုင်ပင်ပဲ နေဘိသနည်း? ဟု ဆို၍ ဘုရားရှင်၏ အထံ တော်သို့ ခေါ်ဆောင်ပြီး ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအတ္တဒတ္ထမထေရ်သည် ဤသို့ သဘောရှိပါသည်ဟု လျှောက်ထားကြ လေကုန်၏။

ထိုအတ္တ ဒတ္ထမထေရ်ကို မြတ်စွာဘုရားသည်။ အဘယ်ကြောင့် ဤသို့ ပြုဘိသနည်း?ဟု မေးမြန်းအပ်သည်ရှိသော် "မြတ်စွာဘုရားရှင်တော်မြတ် ဘုရားတို့သည် လေးလသွန်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူကြပါလိမ့်မည်ဟု ကြား၍ တပည့်တော်သည် ရှင်တော်မြတ်ဘုရားတို့ သက်တော်ထင်ရှား ရှိစဉ်သာလျှင် ရဟန္တာအဖြစ်သို့ ရောက်ရန်အလို့ငှါ လုံ့လပြုအံ့ ဟူ၍ ကြံစည်အားထုတ်ကာ နေပါသည် ဘုရား" ဟု လျှောက်ကြားလေသည်။ ဘုရားရှင်သည် ထိုအတ္တဒတ္ထ မထေရ်အား ကောင်းချီးပေးတော်မူပြီးလျှင် "ချစ်သားရဟန်းတို့ အကြင်ရဟန်းအား ငါ၌ ချစ်မြတ်နိုးခြင်းသည်ရှိ၏။ ထိုရဟန်းသည် အတ္တဒတ္ထ မထေရ်ကဲ့သို့ ဖြစ်ခြင်းငှါ သင့်ပေ၏။ နံ့သာဆီ တို့ဖြင့် ပူဇော်ကြကုန်သော သူတို့သည် ငါဘုရားကို ပူဇော်ကြသည်မမည် ကုန်။ လောကုတ္တရာ ကိုးပါးအားလျော်သော အကျင့် မြတ်ဖြင့်သာလျှင် ငါဘုရားကို ပူဇော်ကြသည်မည်ကုန်၏။ ထို့ကြောင့် အတ္တဒတ္ထမထေရ်မှ တပါးသော ရဟန်းသည်လည်း အတ္တဒတ္ထ မထေရ်ရဟန်းနှင့် တူသည် သာလျှင် ဖြစ်တိုက်ပေ၏" ဟု မိန့်တော်မူ၍ ဤဂါထာကိုဟောတော်မူ၏။

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ နဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထပသုတော သိယာ။

သူတပါး၏ များစွာသော အကျိုးစီးပွားအတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို (အနည်းငယ်မျှ)မဆုတ်ယုတ်စေရာ၊ မိမိအကျိုးစီးပွားကို သိ၍ မိမိအကျိုးစီးပွားတိုးပွားအောင် လော့ကျက်အားထုတ်ရာ၏။

လူဖြစ်သောသူသည် အနည်းငယ် တချင်ရွေးမျှလည်း ဖြစ်သော အကျိုးစီးပွားကို မတောင်မျှလည်း ဖြစ်သော သူတပါး၏ အကျိုး စီးပွားဖြင့် မဆုတ်ယုတ်စေရ၊ တချင်ရွေးမျှဖြစ်စေကာမူ မိမိ၏ အကျိုး

စီးပွားသည် ခဲဘွယ်ဘောစဉ်ကို ဖြစ်စေနိုင်သည်၊ သူတပါး၏ အကျိုးစီးပွားသည် မဖြစ်စေနိုင်။ ဤနေရာ၌ကား ကမ္မဋ္ဌာန်းကို အဦးပြု၍ဟောတော်မူခြင်းကြောင့် ရဟန်းမည်သည် သံဃာအားဖြစ်ပေါ်သော စေတီပြုပြင်ခြင်းစသော ကိစ္စကိုရှင်း, ဥပဇ္ဈာယ် စသည်တို့၌ ကျင့်ဝတ်ကိုရှင်း, မဆုတ်မယုတ်စေရ၊ အဘိသမာစာရိကမည်သော ကျင့်ဝတ်ကို ဖြည့်ကျင့်မှသာလျှင် မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ရသည်၊ ထိုကြောင့် ဤသို့ပြုသော ရဟန်းသည်လည်း မိမိအကျိုးစီးပွားကို ပြုသည် မည်သာတည်း။ အကြင်ရဟန်းသည်ကား လွန်စွာအားထုတ်အပ်သော ဝိပဿနာရှိသည်ဖြစ်၍ ယနေ့၌ရှင်း, နက်ဖန်၌ရှင်း, မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိမ့်မည်ဟု တောင့်တကာ လှည့်လည်၏။ ထိုရဟန်းသည် ဥပဇ္ဈာယ်ဝတ်စသည်တို့ကိုသော်လည်း ဆုတ်ယုတ်စေလျက် (မပြုလုပ်နိုင်ပဲ) မိမိကိစ္စ (ကမ္မဋ္ဌာန်းတရား)ကိုသာ ပြုလုပ်အားထုတ်အပ်၏။ ဤသို့သဘောရှိသော မိမိအကျိုးစီးပွားကို သိသဖြင့် ဤကား ငါ၏ အကျိုးစီးပွားဟု မှတ်သားလျက် မိမိ၏ ဥစ္စာဖြစ်သော အကျိုးစီးပွား၌ လွန်စွာအားထုတ်သင့်ပေ၏ ဟူလို။

ဒေသနာတော်၏ အဆုံး၌ အတ္တဒတ္ထ မထေရ်သည် ရဟန္တာ အဖြစ်၌ တည်လေ၏။ ရောက်လာသော ရဟန်းတို့အားလည်း အကျိုးရှိသော တရားဒေသနာဖြစ်တော်မူလေသည်။

ထိမှု၊ သိမှု၊ သတိကြပ်ကြပ်ပြု။ ခံသာ၊ မှန်ပေါ်၏၊ ဤတရား။ ။

စွန်းလွန်းဥပနိသျှည်းဖြင့် အားထုတ်ကြရာ ပြင်းထန်သော ရှုရိုက်နည်းဖြင့် အားထုတ်သောကြောင့် အချို့သူ အတ္တကိလမထာနုယောဂဟု ကဲ့ရဲ့ပြစ်တင်မိတတ်ကြကုန်၏၊ အကြောင်း မြတ်စွာဘုရားဟော အာနာပါန အားထုတ်နည်း စွန်းလွန်းဥပနိသျှည်းကျမ်း၌ အပြည့်အစုံပြရှင်းခဲ့လေပြီ။ ထိုကျမ်းစာအုပ်(၁၂၉၊ ၁၆၄)အထိ သေသေချာချာ ကြည့်ရှုလေ့လာကြပါကုန်။ မာရသံယုတ်ပါဠိတော် ငွေမအုပ် တပေါကမ္မသုတ်ဖြင့် သိနိုင်ကြောင်း ပေါ်ထုတ်ပြဆိုကြပေဦးအံ့။

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပေါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူပြီးစ ရှေးဦးစွာ ဥရုဝေလတော နေရဉ္စရာမြစ်ကမ်းနား အဇပါလ ညောင်ပင်ရင်း၌ (သိတင်းသုံး) နေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်း ကိန်းအောင်း နေတော်မူစဉ် မြတ်စွာ

ဘုရားအား ဤသို့သောစိတ်အကြံသည် ထင်ရှားဖြစ်၏။ "ကိုပြုနိုင်ခဲသော အကျင့် (ဒုက္ကရကာရိကာယ) (ဒုက္ကရ စရိယာ) ကို ကျင့်ခြင်းမှ ငါသည် လွတ်မြောက်ပြီတကား၊ အကျိုးမဲ့နှင့်စပ်သော ထိုပြုနိုင်ခဲသော အကျင့်ကို ကျင့်ခြင်းမှ လွတ်မြောက်ခြင်းသည် ကောင်းလေစွတကား၊ ကိလေသာတို့မှ လွတ်မြောက်၍ သဗ္ဗညုတဉာဏ်ကို ကောင်းစွာရခြင်း ဖြစ်သည်တကား ကောင်းလေစွတကား" ဟု (စိတ်အကြံဖြစ်၏။)

ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏။

"သတ္တဝါတို့သည် ခေါင်းပါးသော အကျင့်မှ ဖဲရှောင် ကုန်သော ကြောင့် မစင်ကြယ်ကြကုန်၊ သင်သည် မစင်ကြယ်ပဲလျက် စင်ကြယ်၏ဟူ၍ မှတ်ထင်ဘိ၏။ စင်ကြယ်သော ခရီးမှလွဲချော်လေစွတကား" ဟု ရွတ်ဆို၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသူကား ယုတ်မာသော မာရ်နတ် တည်းဟုသိ၍ ယုတ်မာသော မာရ်နတ်သားကို ဂါထာဖြင့် မိန့်ဆိုတော်မူ၏။

"ကြည်းကုန်းထက်၌ လှော်တက်သည် အချည်းနှီးဖြစ်သကဲ့သို့ အလုံးစုံသော အတ္တကိလမထ အကျင့်မျိုးသည် အကျိုးမဲ့ကို ဆောင်ရွက် တတ်၏။ ဤသို့သိ၍ အကျိုးမဲ့နှင့်စပ်သော မသေရခြင်းငှါ ကျင့်အပ်သော အလုံးစုံသော အတ္တကိလမထ အကျင့်ကို ငါစွန့်ပြီ။

အရိယာမဂ်ကို သိခြင်းငှါ သီလ, သမာဓိ, ပညာကို ပွါးများသည် ဖြစ်၍ လွန်စွာစင်ကြယ်သော အရဟတ္တဖိုလ်သို့ ရောက်၏။ သေမင်း မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ" ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏" ဟု ဆင်းရဲခြင်း နှလုံးမသာယာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။ ဘုရား၏ ဂါထာကို ကျက်မှတ် ထားရပေမည်။

"အနုတ္တရံ ယဟိတံ ဥတ္တမ၊ ယံကိစ္စံ အမရံ တပံ။
သဗ္ဗံ နတ္ထာဝဟံ ယောတိ၊ ဇီယာရိတ္တံ ဝ ဓမ္မနိ။
သီလံ သမာဓိ ပညဉ္စ။ မဂ္ဂံ ဗောဓာယ ဘာဝယံ။
ပတ္တောသိ ပရမံ သုဒ္ဓိံ၊ နိဟတော တွမသိ အန္တကာ"တိ။

(သံ၊ ပ၊ ၁၀၄။)

ရင်းအဋ္ဌကထာအဖွင့်၌—

ဘုရားဖြစ်၍ ရှေးဦးစွာ ပဉ္စဝဂ္ဂီ ပညာဟုဆိုသော ခြောက်နှင့်ပတ်လုံး ပြုကျင့်ခဲ့သော ဒုက္ကရစရိယာအကျင့်မှ လွတ်မြောက်သဖြင့် ကောင်းလေးစွ ဟု အကြံဖြစ်၏။ မိမိနိုင်ငံကို ကျော်လွန်ရန် ကျင့်သော သတ္တဝါများကို သက်တတ်၏ ထို့ကြောင့် မာရ၊ မကောင်းမှု၌ ယှဉ်စေတတ်သောကြောင့် (ဝါ)ကိုယ်တိုင်လည်း မကောင်းမှု၌ ယှဉ်သောကြောင့် ပါပိမာ။ ကဏှာ၊ အဓိပတိ၊ ဝသဝတ္တိ၊ အန္တကော၊ နမုစိ၊ ပမတ္တဗန္ဓု စသော သူ၏ အခြား များစွာသော အမည်များလည်း ရှိသေး၏။ ဤ၌ အမည်နှစ်ခုသာ လာ၏။ ဤဂေါတမရဟန်းသည် ငါလွတ်ပြီဟု မှတ်ထင်နေ၏၊ မလွတ်သေးသည်ကို သူ့အား ပြောကြားအံ့ဟု ကြံပြီး ချဉ်းကပ်၏။

ခြိုးခြံစွာ ကျင့်ခြင်းမှ ဖဲခွာ၍ သင်သည် စင်ကြယ်သောမဂ်မှ ပေး သေး၏ဟု ဆို၏၊ မသေသော အကျင့်၊ မသေခြင်းငှါ ကျင့်သောအကျင့် သည် အတ္တကိလမထာနုယောဂတည်း။ အားလုံးသော အကျင့်သည် ငါ့ အား အကျိုးကို ဆောင်သည် မဟုတ်ကုန်ဟု သိပြီ။ ဥပမာ တော၌ ကုန်း မြေပြင်၌ လှေကို ထားပြီး ဘဏ္ဍာအပြည့်တင်ခါ လူအများ တက်စီး၍ တက်မထိုးဝါးတို့ကို ယူပြီး လှော်ခတ်ကုန်ရာ၏၊ ထိုခတ်ရာ၏၊ လူအများ၏ ထိုလုံ့လသည် လက်တသစ် နှစ်သင်မျှလည်း လှေသွားခြင်းကို မဖြစ်စေပဲ အကျိုးမဲ့သာ ဖြစ်ရာ၏။ အကျိုးကို မဆောင် ဤအတူသာလျှင် အားလုံး သော (အမရတပံ) မသေသော အကျင့်(ဝါ) အတ္တကိလမထာနုယောဂ အကျင့်သည် အကျိုးမဲ့ကို ဆောင်၏ဟု သိပြီး၊ ငါသည် စွန့်ပယ်ခဲ့၏။

ယခု ထိုဒုက္ခရောဂါအကျင့် (အတ္တကိလ မထာနုယောဂ) ကို စွန့်ပြီး အကြင်မဂ်ဖြင့် ဘုရားဖြစ်၏။ ထိုထိုပြုရန် သီလ, သမာဓိ, ပညာကို ဆို၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဖြင့် သီလကို ယူအပ်၏၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဖြင့် သမာဓိကိုယူအပ်၏၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဖြင့် ပညာကို ယူအပ်၏။ ဤအင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကိုသာလျှင် သိရှိရန် ပွားများအားထုတ်လျက်နေ၏။ မဂ်အလို့ငှါ မဂ္ဂင်ရှစ်ပါး ပွားများအာထုတ်ပြီးပြီ။ ဥပမာ ယာဂုအလို့ငှါ ယာဂုကိုသာ ကြိုချက်ကြ၏၊ မုန့်အလို့ငှါ မုန့်ကိုသာ ကြိုချက်ကြ၏၊ အခြား တစုံတရာ မပြုလုပ်ကြချေ၊ ဤအတူသာ မဂ်အလို့ငှါ မဂ်ကိုသာ ပွားများအားထုတ်၏။ ထို့ကြောင့် မဂ္ဂံ ဗောဓာယ ဘာဝေန္တိဟု ဆိုပြီ။ အရိယာမဂ်ကို သိခြင်းငှါ သီလ၊ သမာဓိ၊ ပညာ (ဝါ) မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်သည်ဖြစ်၍ လွန်စွာ စင်ကြယ်သော အရဟတ္တဖိုလ်သို့ ရောက်၏။ ယာယ်မာဂ်နတ်သင်အားရှုံးလေပြီ"ဟု မိန့်တော်မူလေ၏။

အမရတာပံ အတ္တတိလမထာ နုယောဂ ဒုက္ခရစရိအကျင့်ဟု အာနာပါနအားထုတ်ရာ၌ ပြင်းပြင်းရှုရှိက်ခြင်းကို အပြစ်တင်ခြင်းသည် မာရ်နတ်တပည့်များသာဟု ဆိုအပ်၏။ မဂ်ဖိုလ်ရောက်ကြောင်းကို သီလ၊ သမာဓိ၊ ပညာ (ဝါ) မဂ္ဂင်ရှစ်ပါးဖြင့် ရက်ရက်စက်စက်အပြင်းအထန် အရိုးအရေ အကြောကျန်စေ၊ အသွေးအသားကုန်ခန်းစေ မလျော့သော လုံ့လဖြင့် အားထုတ်၍သာလျှင် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ရယူနိုင်ကြပါပေ၏ဟု မှတ်သားကြိုးစားအားထုတ်နိုင်ကြပါစေ။ ရဟန်းပန်းတိုင် ရောက်ကြပါစေ။ ဤစွန်းလွန်းရာပြည့်မွေးနေ့ဩဝါဒများကို လိုက်နာနိုင်ကြပါစေ။ ဘုရားဟောပါဠိ၊ အဋ္ဌကထာများ ဖေါ်ထုတ်တင်ပြ ဓမ္မဒါနပြုလိုက်ပါသတည်း။

စွန်းလွန်းရာပြည့် အကြိုဆုံး ဖြတ်ချက်များ နှင့်

# သြဝါဒများ

၁၃၃၇ ခုနှစ် တပေါင်းလဆန်း (၂) ရက် (၁-၃-၇၆) တနင်္ဂလာနေ့နံက် (၈) နာရီအချိန် ကျွန်းတောကျောင်းတိုက်၊ အပ္ပမာဒေန် သမ္မာဒေထ ကျောင်း၌ ပဏာမ ဆွေးနွေးပွဲကျင်းပရာ။ ၁- ဆရာတော် ဦးသေဠိလ (အဂ္ဂမဟာ ပဏ္ဍိတ) ၂- မူလပဌာန်း ဆရာတော် ဦးနာရဒ၊ ၃- ဇေတဝန်ဆရာတော် ဦးနာရဒ၊ ၄- ဗားကရာဆရာတော် ဦးတိလောက (ဆဋ္ဌသံဂါယနာဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ) ၅- သရက်တောတိုက် ဖျာပုံတိုက်သစ် ဆရာတော် ဦးဩဘာသာဘိဝံသ(သရုပ်ပြ သုတေသန အဘိဓါန်ကျမ်းပြု) စွန်းလွန်း ကမ္မဌာန်း ဆရာတော်၊ ၆- ကမာရွတ် ဓမ္မာရုံ ဆရာတော် ဦးပဏ္ဍိစ္စ၊ ၇- ပုသိမ် စွန်းလွန်းဆရာတော် ဦးပဏ္ဍဝ၊ ၈- ဘောက်ထော် စွန်းလွန်းဂူကျောင်း ဆရာတော် ဦးမာဃသိရိ၊ ၉- အပ္ပမာဒေနသမ္မာဒေထကျောင်း စွန်းလွန်း ကမ္မဋ္ဌာနာစရိယ၊ ဂန္ထကာရကဆရာတော် ဦးသာသန ဝိသုဒ္ဓိ၊ ၁၀- ကျိုက်စကော၊ ကျိန်နီကျောင်း ဘုန်းကြီး ဦးစန္ဒိမာ၊ ၁၁- ပေါင်းထည် စွန်းလွန်း ဆရာတော် ဦးသုဝဏ္ဏသိရိ၊ သီရိမြိုင်ခြံ၊ အောင်မင်္ဂလာလှမ်း၊ သမိုင်း၊ (ရက်မှား၍ နောက်တနေ့မှလာ၏။) ၁၂- ကြိုးကုန်၊ စွန်းလွန်းဂူကျောင်း တိုက်အုပ် ဘုန်းကြီး ဦးဉာဏောဘာသ၊ ၁၃- မော်လမြိုင် စွန်းလွန်းဂူကျောင်း ဆရာတော် ဦးစရိတမေ့၊ ၁၄- ဦးသီလ၊ ရွှေဘုန်းပွင့်ကျောင်း သီရိမင်္ဂလာကျောင်း၊ ရန်ကုန်၊ ဦးသဒ္ဓမ္မတိတ္ထိ၊ လှုငယ်ဓမ္မာရုံ ကျောင်းတိုက်၊ ကြည့်မြင်တိုင်တို့ ကြွရောက်လာကြပါကြောင်း။

မြင်းခြံ၊ မန္တလေး၊ မင်းဘူး၊ တောင်ကြီး၊ မော်လမြိုင်၊ ကျောက်တလုံး၊ ထန်နီး၊ ပခုက္ကူ၊ မြောင်းမြ၊ ညောင်ရွှေ၊ စံရွေး၊ ဘောက်ထော်၊ ရွှေဒဂုံ ငွေဒဂုံ ဆရာတော် ဦးသောသိဘတို့က အကြောင်း မညီညွတ်၍ရင်း၊ မကျန်းမာ၍ရင်း၊ မကြွလာနိုင်သဖြင့် ဆန္ဒပေးတော်မူကြကုန်။

တောင်ဥက္ကလာပ- ၂-ပါး၊ သထုံ၊ သံတွဲကုလားပြင်၊ စစ်တွေ၊ မှူရစ်ကလေး စသည်တို့ကား စာပြန် မကြွလာကြကုန်။

၁။ အစည်းအဝေး၌ ဆရာတော်ဦး သေဋ္ဌိလ**ာ** သဘာပတိ၊ ဆရာတော်ဦးသာသနဝိသုဒ္ဓိက အကျိုးဆောင်အဖြစ်ဆောင်ရွက်ကြပါသည်၊ အကျိုးဆောင်လျှောက်ထားတင်ပြချက်များမှာ။ ၁- အပရိဟာရိယ တရားခုနစ်ပါးအရ၊ မကြာမကြာ အစည်းအဝေး ကျင်းပဆွေးနွေးကြရန်၊ ၂-အညီအညွတ် အစည်းအဝေး ဆောင်ရွက်ကြရန်၊ ၃- ဘုရား ပညတ်သောဝိနည်းအတိုင်းကျင့်သုံးကြရန်၊ ၄- မဟာထေရ်ကြီး များအား ရိုသေမြတ်နိုးလျက် ဩဝါဒ နာယူရန်၊ ၅-တဏှာအလိုသို့ မလိုက်ကြရန်၊ ၆-တောကျောင်း နေရန် စိတ်ရှိနေကြရန်၊ ၇- မလာသေးသော သီလကို ချစ်မြတ်နိုးသော သီတင်းသုံး ဖေါ်လာစေရန်၊ လာသောသူအား ချမ်းသာစွာနေရခြင်းငှါ ကိုယ်စီကိုယ်ငှ သတိပြုနေကြသမျှ ကာလပတ်လုံး၊ ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိချေ။ သုတ်မဟာဝါ ပါဠိတော် (၆၄–၆၈) အကျယ်ငါးမျိုးတို့ကို ကြည့်ရှုကြပါကုန်၊ ထိုပါဠိတော်အဖွင့် အဋ္ဌကထာနှင့် ဖတ်ရှုကျင့်သုံးကြရန် ဖြစ်ပါသည်။ အင်္ဂုတ္တိုရ ပါဠိတော် ပဉ္စမ သတ္တကသုတ် (၄၁၂–၄၁၇) ၌ အကျယ်ကြည့်၍ ကျင့်သုံးလိုက်နာ အားထုတ် ကြပါရန် ဖြစ်ပါသည်။ (စာအုပ်ထုတ်ဝေမည်)

၂။ ပဋိပတ္တိသာသနာ စည်ပင်တိုးတက် တည်တံ့ခိုင်မြဲစေရန်၊ ပရိယတ္တိ ပေးရာကစ၍ တူညီစေရန် ယက်စွဲ "ထိမှုသိမှုသတိကြပ်ကြပ်ပြု။ မခံသာ၊ မှန်ပါ၏ ဤတရား" အတိုင်းအားထုတ်ကြစေရန် မဂ်ဖိုလ်အဆုံးအဖြတ် မရဲကြရန်၊ သဒ္ဓါလွန်၍ ဆွယ်တရားမဟောကြရန်၊ အမှန်တရား သစ္စာကိုသာ မေတ္တာဖြင့် သိမြင်ကျနစေရန်၊ မြှောက်ပင့်ချီးမွမ်းလွန်၍ ဆွယ်တရား မဟောကြရန်၊ သိမြင်လျှင်လည်း ဆက်လက် အားထုတ်စွဲမြဲစေ၍ တိုးတက်ရင့်သန် ချမ်းသာစေရန် ဖြစ်ရမည်။ အဟောအပြော အရေးအသား ကျမ်းပြုစုခြင်း၊ အပြုအသ တရားအားထုတ်နည်းအားလုံး ညီညွှတ်ကြစေရန်။ မူရင်းသဘော တူညီကြစေရန်၊ ဒေသအလိုက် အကျယ်ချဲ့နိုင်ကြပါကြောင်း။

၃။ ဝိနည်းစည်းကမ်း ရိုသေလေးစားကျင့်သုံးကြရန်၊ ဘုရားမကြိုက်တာမလုပ်နှင့်ဟု စွန်းလွန်းဆရာတော် ဘုရားကြီးက ကသွန်းတည်းနှင့် အပြီးမိန့်တော်မူခဲ့၏။ ဝိနည်းသည် သာသနာ၏ အသက်သွေးခဲ ဖြစ်၍ ဝိနည်း

ကျင့်သုံးဖြူစင်မှ သီလစင်ကြယ်မှ သာသနာ အရှည်တည်တံ့ ခိုင်မြဲပြန့်ပွား စည်ကားမည်။ အသက်နှင့်လဲ၍ ဝိနည်း စောင့်ထိန်းရန် လိုအပ်၏။ ပဋိပတ် အားထုတ်လေလေ ဝိနည်းအတိုင်း ကျင့်သုံးလေလေ ဖြစ်ထိုက်ပါပေ၏။ ၂၂၇ သွယ်သော သိက္ခာပုဒ်အခြေခံ လုံခြုံစေရမည်။ အသေးအဖွဲဖြစ်စေကာမူ ရှောင်ရွှင်ကိုင်သုံးစွဲခြင်း မပြုအပ်ချေ။ ကွမ်းစားဆေးသောက် အမှုရောက် ပယ်ဖျောက်သင့်ကြပေသည်။ အဂတိမလိုက်ရ၊ တိုက်တွင်းစည်းကမ်းများအတိုင်း စွမ်းနိုင်သမျှ လိုက်နာကျင့်သုံး စံနမူနာပြကြရန် လိုအပ်နေပါကြောင်း။ အထူးသဖြင့် ဗေဒင်ဟော၊ လက္ခဏာဖတ်၊ အင်းအိုင်လက်ဖွဲ့၊ မှော်သွင်း၊ နတ်ဝင်၊ နတ်ဘိုးတော် လုပ်ခြင်း၊ ဆေးကုသခြင်း၊ အကြားအမြင်ရသလို ဟောခြင်း၊ တမန်ပြုလုပ်ခြင်း၊ ရောင်းဝယ် ဖောက်ကားခြင်း (ကားငွားစားခြင်း၊ ကုန်ကူးခြင်း စသည်တို့ကို ဆိုလို၏)။

လောကီဝိဇ္ဇာ၊ အဂ္ဂိရပ်ထိုးခြင်း၊မဟာဒိဗ္ဗဂိုဏ်း၊စေဂိုဏ်း၊ အမတော်ဂိုဏ်းစသည်တို့ကိုမပြုလုပ်ရချေ။ပြုလုပ်သောကမ္မဋ္ဌာန်းတိုက်ကိုစွန်းလွန်းမှပယ်ထုတ်ရမည်။ မိမိတို့ကိုက်သလို လုပ်လိုလျှင် စွန်းလွန်းအမည် မခံကြရန် တင်ပြလျှောက်ထားသည်ကိုသဘောတူညီကြပါကြောင်း၊ (ဝိနယောနမသာသနဿအာယု။)

၄။ ဘုရားအားထုတ်ရာ၌ စည်းကမ်းကျနညီညွတ်စေရန် "ယိမ္ဘသိမှသဘိပြု၊ မခံသာ၊ မှန်ပါ၏၊ ဤတရား။ ခန္ဓာကိုယ်စိုက် ဝေဒနာလိုက်ရန်" တနေ့ လေးကြိမ်၊ အနည်းဆုံးဘနာရီ၊ နာရီ (၂၀) ရအောင် မဂ်ဖိုလ်အမိကာသအားဖြင့် အားထုတ်ကြရန် ဖြစ်ပါကြောင်း။

၅။ သာသနာသုံးရပ် အားနည်းလာခိုက် စည်းလုံးညီညွတ်စွာတရားအားထုတ်၍ စံနစ်တကျပြုပြင်ပယ်ရှားလျက် သန့်ရှင်းစင်ကြယ်စွာ သာသနာပြုကြပါရန် သတိပေးတိုက်တွန်းပါကြောင်း။

၆။ စွန်းလွန်းရာပြည့် သာသနာဝင်ကျမ်းနှင့်စွန်းလွန်း ထေရုပ္ပတ္တိကျမ်းပြုရန် ငိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ မိမိတို့ ကမ္မဋ္ဌာန်း ဆရာတော် ထေရုပ္ပတ္တိကို အပြည့်အစုံ ရေးသားပေးပို့ရန် လိုအပ် ပါကြောင်း။ ဤတင်ပြချက်များကို အားလုံး သဘောတူညီကြပါကြောင်း။

၇။ ပဋိပတ္တိသာသနာ ထွန်းလင်းတောက်ပရန် သန္တိသုခ ချမ်းသာ ရကြရန် ကြိုးစားဆောင်ရွက်တော်မူကြပါ။ ထိုနောက်သမထသန်၍ အကြား အမြင်ဖြင့် ဟိုပြောဒီပြော မလုပ်ကြရန် မြတ်စွာဘုရားဟော ကေဝဋ္ဋသုတ်ကို ကြည့်ကြပါရန် တင်ပြ၏။ တန်ခိုးဖန်ဆင်းပြခြင်းသည် ဂန္ဓာရီ ဝိဇ္ဇာလည်း ဖြစ်၏။ စိတ်အကြံကိုသိ၍ ဟောပြောခြင်း (အာဒေသနာ ပါဋိဟာရိယာ) သည် စိန္တာမဏိလည်း ဖြစ်၏။ ထိုကြောင့်ဣဒ္ဓိပါဋိဟာရိယာနှင့်အာဒေသနာ မပြုလုပ်ကြရချေ။ ဘုရားပညတ်တော်မူခဲ့၏။ ပိဏ္ဍောလ ဘာရဒွါဇ မထေရ် ဝတ္ထုဖြင့် သိနိုင်၏။ စူဠဝါ ပါဠိတော် (၂၄၇) ကြည့်ပါ။ အနုသာသနီပါဋိ ဟာရိယာဆုံးမခြင်း ပြာဋိဟာဖြင့်သာ မဂ်ဖိုလ်ရအောင် သီလသမာဓိပညာ သစ္စာလေးပါး အကျယ်ဟောကြားဆုံးမရန် ဖြစ်ပါသည် "ဤသို့ကြံကြကုန် လော့၊ ဤသို့မကြံကုန်လင့် ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်း ကုန်လင့်၊ ဤ (တရား) ကိုယ်ပယ်လော့၊ ဤတရားသို့ရောက်၍နေကုန်လော့" ဟုဆုံးမကြရမည်။ ဘုရားဂုဏ်တော်ကိုးပါး၊ စူဠ၊ မဇ္ဈိမ၊ မဟာသီလ၊ ဈာန် လေးပါး၊ ဝိပဿနာရှုနည်း၊ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိ၊ အာသဝက္ခယဉာဏ်အလို့ငှါသာ ဆုံးမကြ ဟောကြား ပြသကြရမည် ဖြစ်ပါ ကြောင်း ဆုံးဖြတ်ကြပါသည်။

မန္တလေး စွန်းလွန်း ကမ္မဋ္ဌာန်း ဆရာတော် ဦးကေသရက ရာပြည့် အကြိုကို မန္တလေး၌ ကျင်းပမည်ဖြစ်၍ မကြွလာနိုင်ပါ၊ သဘောတူ ဆန္ဒ ပေးပြီး အထူးအဆိုတချပ် တင်ပြပါသည်။ စွန်းလွန်းပဋိ ပတ္တိသာသနာပြုရန် ဌာနချုပ်အဆက်အသွယ် စာပေးစာယူ ကိုယ်တိုင်ကြွရောက် ဆောင်ရွက်နိုင် သော ဆရာတော် ဦးသာသန ဝိသုဒ္ဓိအား ဆောင်ရွက်ရန် အဆိုသွင်း ပါသည်။ သဘောတူညီကြပါသည်။ ဆရာတော်ဦးမာလက စကားအနည်း ငယ် ပြောသေးကြောင်း။

ထိုနောက်ဆရာတော် ဦးသေဋ္ဌိလက ဩဝါဒ ပေးတော် မူသည်မှာ၊ မြတ်စွာဘုရား၏ အာနာပါနကမ္မဋ္ဌာန်းသည် ပင်ရင်း ပင်မဖြစ်၏။ စွန်းလွန်း ဆရာတော်ဘုရားကြီးကလည်း အမိန့်ရှိခဲ့၏။ "ကိုင်းတွေ ပျော်လိုက်မနေ နဲ့ ကိုင်းကျိုးကျတတ်ကယ်" ဒါကြောင့် ဘုရားဟောအတိုင်း ကျင့်သုံး၍ ပေါက်မြောက်တော်မူသော စွန်းလွန်းဥပနိသျည်းကို စည်းကမ်းတကျ ညီ ညွတ်စွာ လိုက်နာအားထုတ်ကြရမည်။ သို့မှသာ ပဋိပတ် ပိုးဟောက် စည်ကား

မည်။ ဆရာတော် ဦးသာသနဝံသဒ္ဓိ လျှောက်ထားသလို ဗေဒင် လက္ခဏာ စသည် ဘုရားမကြိုက်သောအလုပ်များ မလုပ်ကြရန် ဩဝါဒပေးတော်မူ၏။ သိက္ခာသုံးပါး ဗောဓိပက္ခိယတရား (၃၇) ပါးကို ပြည့်စုံအောင်ကျင့်သုံး အားထုတ်ကြရန် ဖြစ်၏။

ကဿပသံယုတ်ပါဠိတော်မှာ ဟောတော်မူခဲ့သည့်အတိုင်း ရွှေတုတွေ ပေါ်လာလျှင် ရွှေအစစ်တွေ ကွယ်ပျောက်မည်ဖြစ်၍ ထိုအတူ တရားတုတွေ ပေါ်လာလျှင် အစစ်တွေပျောက်မည်ဖြစ်သောကြောင့် သတိကြပ်ကြပ် ပြုရန်ဖြစ်၏။ စွန်းလွန်းစည်းမျဉ်းအရသာ ကျကျနန ဆောင်ရွက်ကြရန် ဘုရားဟောကိုလည်း မပျောက်ကွယ်စေရန် သတိချပ်ရမည်။ မဂ်ဖိုလ်အဆုံး အဖြတ်တွေပေးပြီး ယောဂီတွေကို မြှောက်ပင့် ဆွယ်တရား မဟောကြရန် ပရိသတ်မစုရန်၊ စားပွဲသာမပြုလုပ်ကြရန်လိုအပ်၏။ ကိုယ်တိုင်လည်း အား ထုတ်ခဲ့ဘူး၏ဟု မိန့်၏။ (စွန်းလွန်းနည်းပြဆရာကြီး ဦးကျော်စိန်နှင့် အား ထုတ်ဘူး၏။ ထို့နောက် ကျောင်းဆောက်နေစဉ် ဆရာတော် ဦးမာဃ ကျောင်း၌ သီတင်းသုံး၍ တရားအားထုတ်နေခဲ့လေသည်။ အဘိဓမ္မာ တရားကိုရင်း၊ အာနပါနကမ္မဋ္ဌာန်းကိုရင်း၊ နိုင်ငံခြားသားများအား ဟော ပြောပြသနေ၏။ ကမ္ဘာလှည့်၍ သာသနာပြုတော်မူခဲ့၏။ ယခု သမ္မော ဟဝိနောဒနီကျမ်းကို အင်္ဂလိပ်လိုပြန်ဆိုရေးသားနေ၏။) အောင်မြင်စေရန် ဩဝါဒပေးတော်မူ၏။

မူလပဋ္ဌာန်း ဆရာတော် ဦးနာရဒက ဩဝါဒပေးရာ သာမန်အသိနှင့် ပရမတ်အသိ ကွဲပြားခြားနားရမည်။ ပရမတ်တရားကို ထူးထူး ပြားပြား ကွဲအောင် သိမြင်ရန်အားထုတ်ရမည်။ ဝိပဿနာ၏ အာရုံက ပရမတ် ဖြစ် ကြောင်း ပဋ္ဌာန်းပါဠိတော် (ပါ၊ ၁၅၃) အရ၊ "သေက္ခာ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊" မိန့်တော်မူ၏။ ယခုအခါ မဂ်ဖိုလ် အဆုံးအဖြတ်တွေ ပေးနေစရာမလိုပါဘူး။ ကိုယ်တိုင် သိမြင်လျှင် သူတပါးကပြောမှ တရားရသည်မဟုတ်ချေ။ မိမိကိုယ်တိုင် သိရ၏။ မိမိကိုယ် မိမိအသိဆုံးဖြစ်၏။ စေတောပရိယ အဘိညာဉ်ရသော အရိယာသာလျှင် အမှန်သိမြင်ဆုံးဖြစ်နိုင်ပုံကိုလည်း ပဋ္ဌာန်းသေက္ခတိတ် အရ ဩဝါဒပေးတော်မူ၏။

(မ၊ ဋ္ဌ၊ ပါ၊ ၁၈၈၊၁၈၉။သမ္မောဟဝိနောဒနီ၊ ၄၇၀)

ဓမ္မဒိန္န တပည့် ရဟန္တာနှင့် မဟာနာဂ မဟာဒတ္တ မထေရ်ကြီး ဝတ္ထု သက်သေပြတော်မူ၏။ တရားအားထုတ်ပြီး မိမိနေရာ ပြန်လာသောအခါ ပုထုဇဉ်တုံးကအတိုင်းဆိုလျှင် အဘယ်မှာ ထူးခြားမှုရှိပါမလဲ။ ပုထုဇဉ်နှင့် အရိယာဟာနေပုံ ထိုင်ပုံ ပြောပုံက စ၍ ကွာခြားလာရမည်ဖြစ်၏။ ထူးခြားသော ပြောင်းလဲမှုရှိရမည်။ စိတ်ရော ရုပ်ပါ ပြောင်းလဲလာရ၏။ ပယ်အပ်သောဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာ၊ အနုသယများကို အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်ရမည်။ တရားထူးရပုံသိ၍ ဩဝါဒများနာယူကျင့်သုံးပြီး ပဋိပတ် တိုးတက် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေဟု မိန့်တော်မူ၏။ နောက်ဆုံး ဩဝါဒကို ဖျာပုံတိုက်သစ် ဆရာတော် ဦးဩဘာသာဘိဝံသက ပေးတော်မူ၏။ "သီလေပတိဋ္ဌာယ နရော သပညော၊ စိတ္တံပညဉ္စ ဘာဝယံ

(သံယုတ်၊ ပ၊ ၁၃။)

အာတာပီ နိပကော ဘိက္ခု၊ သောဣမံ ဝိဇဋယေ ဇဋံ။ ဟူသော သံယုတ်ပါဠိတော်လာ ပဋိသန္ဓေနေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇ ပညာပါရှိသောသူသည် (ယောဂီ ရဟန်း ရှင်လူ တို့သည်) သီလအကျင့်၌ ကောင်းစွာ ဆောက်တည်၍ ကိလေသာကို ပူပန်စေတတ်သော လုံ့လ ဆန္ဒကျင်ဘက် ကိလေသာကို တားမြစ်နိုင်စွမ်းသော ပညာရှိသည် ဖြစ်၍ စိတ်၏ တည်ကြည်မှုသမာဓိကိုရင်း၊ အထူးရှုမြင်မှု ဝိပဿနာပညာကိုရင်း ပွားစေသည်ရှိသော် ထိုသို့ သဘောရှိသော သူသည် ဝါးရုံပင် အခက်အလက်နှင့်တူသော ဤတဏှာအမြွှေးအရှက်ကို ဖြေဖြက်ရှင်းလင်းအကြွင်းမဲ့ သုတ်သင်နိုင်ရာ၏။ ဟု မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသည့်အတိုင်း သီလကို ကြပ်ကြပ်ဖြူစင်အောင် ကျင့်သုံး ဆောက်တည်စေရမည်။ သီလ ဖြူစင်မှ သမာဓိရလွယ်၍ ပညာစခန်းတက်လှမ်းနိုင်မည်။ အခြေခံ သီလကိုပင် ဂရုပြု၍ ဝိနည်းစည်းကမ်းအရ လိုက်နာ ကျင့်သုံးကြရ ပေမည်။ ဝိနည်းလေးစားရာတွင် အသက်ကြီးမှ ရဟန်းဖြစ်သော အရှင်သာသန ဝိသုဒ္ဓိသည် ရိုသေလေးစားစွာ ကျင့်၏။ စာပေကျမ်းဂန်လည်း ကြည့်ရှု၏။ ဆဋ္ဌမူအမှားများကို တင်ပြရာ ထိုအခါက ဆဋ္ဌသံဂါယနာပွဲ၌ ကိုယ်တိုင် ပါဝင် ဆင်နွှဲခဲ့သဖြင့် ထိုတင်ပြချက်များ မှန်ကန်ကြောင်း တွေ့မြင်သိရှိခဲ့၏။ ဒါကြောင့် ပရိယတ်ရော ပဋိပတ်ပါ လေ့လာကြိုးစားမှုရှိ၍ ချီးမွမ်းမိပါ၏။

စွန်းလွန်းဝိပဿနာသည်လည်း မြတ်စွာဘုရား၏ အာနာပါနကမ္မဋ္ဌာန်း ပင်မကြီးဖြစ်၍ မဖုံးကွယ်စေရပါ၊ လောကလူအများ ပညတ်ခေါ်ကြ၍ စွန်းလွန်းအမည်တွင်နေကြောင်း။ စွန်းလွန်းဥပနိသျှည်းအတိုင်း အားထုတ်ကြ၍ တရားအရသာကို ခံစားကြရသည်ကို တွေ့ရ၏။ ကိုယ်တိုင်လည်း စွန်းလွန်းဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ရသဖြင့် ကြည်ညိုဖွယ် ဂုဏ်အင်္ဂါများကို ဖူးမြင်ကြည်ညိုခဲ့ရပါသည်။ ထိုအာနာပါနတရား အားထုတ်ခဲ့ရ၍ သရုပ်ပြ သုတေသန အဘိဓာန်ကျမ်း၌ ထေရုပ္ပတ္တိရေးရာ ဝိပဿနာအခန်းတွင် ဖော်ပြထားပါတယ်။ (မှတ်ချက် ဆရာတော် ဦးဩဘာသည် စွန်းလွန်းဂူကျောင်း၌ (၇)ရက်၊ ရက်ရက်စက်စက် အားထုတ်ခဲ့ပြီးနောက် ဖျာပုံတိုက်သစ်ကျောင်း အလှူခံရသဖြင့် စွန်းလွန်းဝိပဿနာတရားပြသဟောကြားဆုံးမလျက် စာလည်းချနေသေး၏။ ထိုနောက် မြောင်းမြ ဝေဠုဝတီကမ္မဋ္ဌာန်းဆရာတော်ကြီး ဦးနန္ဒိယထံ၌လည်း သြောင်လွန့်နည်း စွန်းလွန်းနည်း အားထုတ်ရာ(၇)ရက်ကြာခဲ့၏။ ယခုအခါ ပဋိပတ္တိသာသနာ ပြုလျက် ရန်ကုန်သရက်တောကျောင်းတိုက်တွင် တခုတည်းသော စွန်းလွန်း ဝိပဿနာတိုက်အဖြစ် ထင်ရှားနေဘော၏။) စွန်းလွန်းနည်းဖြင့် အားထုတ်ရာ ပြင်းပြင်းရှုနည်းကို ဆရာတော် ဦးသုန္ဒရနှင့် ဦးတိလောကတို့က စတင် ပြသခဲ့ကြောင်း၊ ရှေးအခါက မှန်မှန်သက်သာစွာ အားထုတ်ကြကြောင်း၊ သို့ရာတွင် မိမိတို့၏ စရိုက်အရ သင့်ရာအားထုတ်ကြရမည်။ သတိစွဲမြဲရန်နှင့် ဝိပဿနာပညာဖြစ်ရန် အရေးကြီး၏။ ထိုကြောင့် ယခု ဆွေးနွေးပွဲ၌ အားလုံးသော ကမ္မဋ္ဌာန်းတိုက်များသည် တညီတညွတ်တည်း စီစဉ် အားထုတ်ကြ၍ စည်းကမ်းသေဝပ်စွာ တညီတည်းဖြစ်စေရမည်။ ဘုရားမကြိုက်သော အလုပ်များ၊ လမ်းလွဲများရှောင်ကြဉ်၍ ပရိယတ်အခြေခံ အားထုတ်ရမည်။ ပရိယတ်မပယ်ကြလေနှင့် တရားအားထုတ်ရာ၌ အခြေခံ သီလ ဆောက်တည်ပြီး သမာဓိပညာသိက္ခာသုံးပါးပြည့်စုံအောင် အားထုတ်ကြ၍ စည်းလုံးညီညာ အောင်မြင်စွာ သာသနာပြုနိုင်ကြပါစေ။ ပဋိပတ္တိသာသနာ တော်ကြီး ထွန်းပြောင်စည်ပင်ကြီးပွားပါစေဟု ဩဝါဒ ပေးတော်မူ၏။ "သာဓု" သုံးကြိမ်စီ အားလုံးခေါ်ကြလေသည်။

ဆရာတော် ဦးဩဘာသည် မြင်းခြံ စွန်းလွန်းဂူကျောင်း၌ ၁၃၃၈ ခုနှစ် တပေါင်းလဆန်း (၂)ရက် (၁၀-၃-၇၇) နေ့တွင် စွန်းလွန်း ရာပြည့် ကျင်းပသောအခါ အရှင်သာသနဝိသုဒ္ဓိ အလိုရှိရာ သုံးရန် နဝကမ္မ

ငွေ-၁၀၀၀ကျပ်၊ တထောင်ကျပ်ကို လှူဒါန်းပါကြောင်း။ ငွေကိုကပ္ပိယ ဒါကာ နိုင်ငံကျော် လျှပ်စစ်ဗေဒင် ဦးအုံးသင်အား သိမ်းဆည်းထားရန် အပ်ထား၏။ ဦးသိလကလည်း နဝကမ္မ ၆၅-ကျပ်နှင့် အလှူခံရသော သင်္ကန်း ဘိနပ် စသည်ထို့ကို ထိုအတူ လှူဒါန်း၍ အပ်ထား၏ (ဆရာတော် ဦးသာ သနဝိသုဒ္ဓိသည်လည်း ရေနံချောင်း စွန်းလွန်းရိပ်သာမှ တရားပြသာ ဟော ပြော၍ လှူဒါန်းသော ငွေ-၂၀၀ကျပ်နှင့် ကထိန်သင်္ကန်း ဒွိပုံ (၂)ပုံ ၁၆၀ကျပ်၊ သံသရာအေးစေတီ လျှပ်စစ်မီးပူဇော်ရန်ငွေ၅၀ကျပ်၊ ကိုကို မြင်းခြံတိုက်အုပ် ဆရာတော် ဦးသောဘဏာထံ၌ အပ်နှံ လှူဒါန်းထားခဲ့ ပါကြောင်း (၂၀-၁၁-၇၅)။ ထို့ပြင် ရွှေတိဂုံဘုရား၌ (၁-၃-၇၆) ရာပြည့် အကြိုနေ့တွင် လျှပ်စစ်မီးပူဇော်ရာငွေ ၁၉၉-ကျပ်၊ လှူဒါန်းပြီး ပါကြောင်း။ ထို့ကြောင့် စွန်းလွန်း ကမ္မဋ္ဌာန်းတိုက်အားလုံး စွန်းလွန်း ရာပြည့် ပူဇော်ပွဲ တက်ရောက်ကြရန် အာမိသဒါန၊ ဓမ္မဒါန၊ ဓမ္မပူဇာပွဲ ဆင်နွှဲကြရန် ကြိုတင်ပြင်ဆင် ဆောင်ရွက် ကြပါရန် တိုက်တွန်း လိုက်ပါ ကြောင်း။

ရာပြည့်အကြို ပူဇော်ပွဲ ကြွလာသော ဆရာတော်များအား ဆရာ တော်ဦးသာသနဝိသုဒ္ဓိက သင်္ကန်း၊ ထီး၊ ဘိနပ်၊ ဆေး၊ လက်သုတ်ပုဝါ၊ မျက်နှာသုတ်ပုဝါ၊ လက်ကိုင်ပုဝါ၊ ဆပ်ပြာ၊ စာအုပ် (စွန်းလွန်းရာပြည့် ပူဇော်ရန်) အတိတ်နှင့် ထိလက်မှတ် တစောင်စီ လှူဒါန်း ဆက်ကပ်ပါ ကြောင်း။ (၁၄) ပါး ကြွလာ၍ နောက်တနေ့ တပါးကြွလာ၏။ ဦးအုံးတင်ကတပါး ငွေ၁၀-ကျပ် စီလှူဒါန်းပါ၏။ ပညာရေး တက္ကသိုလ် ကထိက၊ ဆရာမများက သင်္ကန်းဒွိစုံ (၆)စုံ၊ထီး၄ လက် ဘိနပ် ၄ရံ၊ ဆွမ်းဟင်း သစ်သီး လက်ကိုင်ပုဝါ၊ ဦးသာသန ဝိသုဒ္ဓိက သင်္ကန်း (၂)စုံ အားလုံး တန်းဘိုးငွေ ၁၇၈၆-ကျပ်၊ လှူဒါန်းကြပါသည်။ ယောဂီ ဦးဘ ကျူးနှင့် ဦးသိန်းမောင် ဓမ္မမိတ်ဆွေများ စုပေါင်း၍ ဒန်ပေါက်ကြက်သား ရေခဲမုန့်၊ လိမ္မော်ရည်၊ သစ်သီးစုံ၊ ကိတ်မုန့်၊ ကားဖြင့် ပို့ခြင်း စသည်နှင့် ထီး-၅လက်၊ ဘိနပ်၅-ရံ လှူဒါန်းရာ တန်ဘိုးငွေ၇၆၅-ကျပ်ဖြစ်ပါသည်။ ဆွမ်းကြေးအတွက် လျှပ်စစ်ဗေဒင် ဦးအုံးသင်က ၂၀၀-ကျပ်၊ ဦးသိလက ၁၁၀-ကျပ်၊ ဗိုလ်မှူးကြီး အောင်ညွန့် မိသားစုက ၁၀၀ ကျပ်၊ ဦးစံမြ ၅၀-ကျပ်၊မန္တလေး ဦးကေသရ ၅၀-ကျပ်၊ လက္ခဏာ ဆရာစံ ၅၀ မကွေး ဦးဆုမြိုင် ၅၀-ကျပ်၊ မကွေး ဦးသောင်းခင် ဒေါ်စိန်ကုပ် ၅၀ ကျပ်၊

ဦးခင်မောင်လတ် ဒေါ်ခင်မျိုးချစ် ၅၀-ကျပ်၊ဆရာမ မြမြ ကောက်ခံငွေ ၇၄-ကျပ်၊ ဆရာမ ဒေါ်တင်တင် ကောက်ခံငွေ ၄၃ကျပ်၊ ဒေါ်ခင်သီ ၂၀ ကျပ်၊ လက္ခဏာ ဆရာဦးကိုကိုကြီး၁၀- ကျပ်၊ ဒေါ်ရင်ညွန့် ၁၀- ကျပ်၊ ညောင်ရွှေလွယ်တန်း ကမ္ဘဋ္ဌာန်းတိုက် ၁၅၀- ကျပ်၊ ပခုက္ကူ စွန်းလွန်း ဦးတေဇ ၁၀၀-ကျပ်၊ အမည်မသိ ၂၀-ကျပ်၊ ပေါင်း ၁၁၃၇-ကျပ် ဖြစ်ပါတည်။

ရဟန္တာနှင့် အရိယာများ၏ ထေရုပ္ပတ္တိစာအုပ် (၁၅၀) တန်ဖိုး ၂၅၅၀- ကျပ်ကို ဆရာတော် ဦးသာသနဝံသဒ္ဓိက လှူဒါန်း ဓမ္မဒါန ပြုပါသည်။ စုစုပေါင်း ၅၇၅၀- ကျပ်၊ ဖြစ်ကြောင်း။ ဘုရားအနေကဇာ တင်ပွဲ၊ စာအုပ်ဓမ္မဒါနနှင့် သံဃာတော်များ ဆွမ်းကြွေး သက်န်း နဝကမ္မ စသည် လှူဒါန်း၍ အောင်မြင်စွာ ရတနာ သုံးပါး ပူဇော်ပြီး ပါကြောင်း တရား အားထုတ်၍ နောက်မှ ပူဇော်ရပါသည်။ အကျဉ်းချုပ် အစီရင် ခံစာဖြစ်ပါသည်။ အကျယ်ကို မှတ်တမ်းစာအုပ်၌ ကြည့်နိုင်ပါကြောင်း။ စွန်းလွန်းရာပြည့်နေ့ မြင်းခြံ၌(၁၃၃၈)ခုနှစ် ကျင်းပပူဇော်ကြပါစို့၊ စီစဉ် ကြပါကုန်လော့၊

သက်ရှည်ကျမ်းမာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ တရားထူးရရန် အားထုတ်နိုင်ကြပါစေ။ စွန်းလွန်းဆရာတော် ဘုရားကြီး ဩဝါဒ "ဆပ် ပြာသည့် မဖြစ်စေနှင့်၊ သတိပြုကြ ပါကုန်လော့"

"ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်"

အကျိုးဆောင် ဆရာတော် ဦးသာသနဝံသဒ္ဓိ။
ကျွန်းတောကျောင်းရန်ကုန်။
စွန်းလွန်းရာပြည့်အကြို ရတနာသုံးပါး ပူဇော်ပွဲ။
ရန်ကုန်မြို့တော် ၁၂-၃-၇၆။

* * *

## စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဩဝါဒ

ကိုယ်ကို ကိုယ်ကြည်ညိုအောင်နေ၊ ကိုယ့်ကိုယ်ကို ကြည်ညိုလျှင် သူတပါး ကြည်ညိုလိမ့်မည်။

၁။ သည်းခံမှု သီလ စင်ကြယ်မှုကြောင့် သူချမ်းသာကို အလို ရှိရမယ်။
၂။ ဝိပဿနာ၊ မဂ်၊ ဖိုလ်ပညာကို ကျက်စားရမယ်။
၃။ သီလ၊ သမာဓိ၊ ပညာတို့ကို ဆောက်တည်ရမယ်။
၄။ ကြောင့်ကြမှု တောင့်တမှု ကင်းတာကို နှိုးဆော်ရမယ်။
၅။ (အနုပါဒိသေသ) နိဗ္ဗာန်ဟာ ပြီးဆုံးတယ်။

အဲဒါ ရဟန်းများ သိအပ်တဲ့ တရား ငါးပါးဖြစ်တယ်။ မှတ်သား လိုက်နာကြပါကုန်လော့ အရိယာတွေ အများကြီး ကျန်သေးတယ်။ ကြိုး စား အားထုတ်ကြကုန်လော့။ သေရလိမ့်အုံးမယ်၊ နာရလိမ့်အုံးမယ်၊ အိုရ လိမ့်အုံးမယ် အမြဲသတိပြု၊ တရားထူးရအောင် မြေကြီးလို သည်းခံရတယ်။ ဖနောင့်နဲ့ ပေါက်တော့ ဘယ်သူနာသလဲ၊ ဖနောင့်နာပါတယ်ဘုရား။ အေး အဲဒီလိုပဲ ဘယ်လိုပြောပြော ဘယ်လိုလိုလုပ်လုပ် ကိစ္စမရှိဘူး။ သူ့ကို အကု သိုလ်နဲ့ သူတို့ပဲ၊ သည်းခံနေ သည်းခံနိဗ္ဗာန်ရအောင် အားထုတ်ကြ။

### မူလပဋ္ဌာန်း ဆရာတော်ဘုရား၏ ဩဝါဒ။ (၁၊ ၃၊ ၇၆)

### စွန်းလွန်းရာပြည့်အကြို

၁။ ဝိပဿနာအားထုတ်ကြရာမှာ ဝိပဿနာဆိုတာ လူတိုင်းမြင်နေ ကြ သိနေကြတာမျိုး မဟုတ်ဘဲ၊ အမြင်ထူးလာ အသိထူးလာတာကို ဆို တယ်။ မြင်နေကြ သိနေကြဆိုတာ ယောကျ်ားကို မြင်ရင် ယောကျ်ားလို့ မြင်တယ်၊ သိတယ်။ မိန်းမစသည်ကို မြင်ရင် မိန်းမစသည်လို့ မြင်တယ် သိတယ်။ ဒါတွေဟာ လူတိုင်းမြင်နေကြ သိနေကြတာကို ဆိုတယ်။

ဝိပဿနာရဲ့ အမြင်အသိထူးရမှာကတော့ ဒီလို ယောဂါကျွေး၊ မိန်းမ စတဲ့ပညတ်တွေကို မမြင်ဘဲ၊ ပရမတ်အစစ်ဖြစ်တဲ့ ရုပ်နာမ်တရားတွေကိုသာ မြင်ရသည်ရတယ်။ ပရမတ်အစစ်ဖြစ်တဲ့ ရုပ်နာမ်တရားများကို မြင်မှသာ ဝိပဿနာဖြစ်ပါတယ်။ ဝိပဿနာရဲ့ အာရုံဟာ လောကီဖြစ်တဲ့ ရုပ်နာမ် တရားများသာဖြစ်လေတော့၊ ဒီရုပ်နာမ်တရားများရဲ့ သဘာဝ၊ လက္ခဏာ စဉ်ကို သိနားလည်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တရယ်လို့ ဝိပဿနာရှုရမယ်ဆို တာကို ပဌာန်းပါဠိတော် ကုသလတိကဘ်မှာ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ အနိစ္စတော ဒုက္ခ တော အနတ္တတော ဝိပဿန္တိ၊ ရယ်လို့ ရုပ်တရားများကို အနိစ္စ ဒုက္ခ အနတ္တ ရယ်လို့ ဝိပဿနာရှုရပုံကိုရင်း၊ လောကီနာမ်တရားများရဲ့ ဝိပဿနာရှုပုံကို "ကုသလေခန္ဓေ၊ အကုသလေခန္ဓေ၊ ဝိပါကာ ဗျာကတေ ကိရိယာဗျာက တေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ ရယ်လို့ ဝိပဿနာ ရှုပုံကို ဟောထားပါတယ်။ ဒီတော့ ဝိပဿနာရယ်လို့ အားထုတ်ရင် ရှေးဦးစွာ ရုပ်နာမ်ရဲ့ သဘာဝကို သိပြီး၊ ဒီရုပ်နာမ်ကို ဟုတ်မှန်သည့် အတိုင်း မြင်အောင်ရှုရမယ်။ မြင်လာတော့မှ ဒီရုပ်နာမ်တွေဟာ သူတို့ရဲ့ သဘာဝအတိုင်း ဖြစ်ပျက်နေကြတဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောတွေပါတကား လို့ သက်ဝင်ကြတဲ့တွေရဲ့ ရုပ်နာမ်သဘောတွေကို မြင်မှ သိမှ ဝိပဿနာ ဖြစ်ပါတယ်။

၂။ ဒီလို မိမိတို့ထံမှာ ဝိပဿနာအားထုတ်ကြတဲ့ ယောဂီတွေကို သောတာပန်ဖြစ်ပြီ၊ သကဒါဂါမ်ဖြစ်ပြီ စသည်ဖြင့် အမှန်အကန် ဆုံးဖြတ် နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ကတော့ စေတောပရိယအဘိညာဉ်ကို ရကြတဲ့ အရိယာ ပုဂ္ဂိုလ်များရဲ့ အရာသာဖြစ်ကြောင်းကို ပဌာန်း သေက္ခတိတ်မှာ စေတော ပရိယဉာဏေန သေက္ခာ စိတ္တ သမင်္ဂိဿ စိတ္တံ ဇာနာတိ၊ ဟူ၍ရင်း "အသေက္ခ စိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ၊ ဟူ၍ရင်း ဟောထားလေတော့၊ အထက်အထက် ဖြစ်ကြတဲ့ အရိယာပုဂ္ဂိုလ်များကသာ အောက်အောက်ဖြစ်ကြတဲ့ အရိယာ ပုဂ္ဂိုလ်များရဲ့ မဂ်ဖိုလ်ကို သိပြီး ဆုံးဖြတ်နိုင်ကြပါတယ်။ စေတောပရိယ အဘိညာဉ်ကို ရတဲ့ ပုထုဇဉ်က အရိယာများရဲ့ မဂ်ဖိုလ်ကို မသိလေတော့ ဆုံးဖြတ်နိုင်ပါဘူး။ ။

မဂ်ဖိုလ်ရလာရင် ဒီမဂ်ဖိုလ်က နိဗ္ဗာန်ကို အာရုံပြုရပါတယ်။ နိဗ္ဗာန်ဆိုတာ လွန်စွာထင်ရှားတဲ့ ပရမတ္ထအာရုံဖြစ်ပါတယ်။ လောကမှာ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ရူပါရုံကို မိမိမျက်စိနဲ့ ထင်ထင်ရှားရှားမြင်ရသလို မဂ်ဖိုလ်ဆိုတဲ့ စိတ်ကလည်း နိဗ္ဗာန်အာရုံကို ထင်ထင်ရှားရှားမြင်ရပါတယ်။ အနမတဂ္ဂသံသရာတလျှောက်လုံးမှာ ဘယ်ဘုံကမျှ မမြင်ဘူး၊ အာရုံမပြုဘူး အလွန်ထင်ရှားတဲ့ နိဗ္ဗာန်ကို အာရုံပြုလေတော့ အာရုံပြုလိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ မိမိမဂ်ရကြောင်းကို မိမိကိုယ်တိုင်သိတဲ့အတွက် မည်သူကမျှ အဆုံးအဖြတ်ပေးစရာမလိုပါဘူး။ သုပ္ပဗုဒ္ဓ လူနူကြီးသော်မှ မိမိမဂ်ဖိုလ်ရကြောင်းကို သိပါတယ်၊ နိဗ္ဗာန်ဟာ မဂ်ဖိုလ်ရဲ့ အာရုံဖြစ်ကြောင်းကို ပဋ္ဌာန်းမှာ "နိဗ္ဗာနံ မဂ္ဂဿ ဖလဿ အာရမ္မဏပစ္စယေန ပစ္စယော"လို့ ဟောပါတယ်။

ဟိုအရင်တလောက ပုဂ္ဂိုလ်တပါးနဲ့ တွေ့တဲ့အခါ ဘာကြောင့် မဂ်ဖိုလ်အဆုံးအဖြတ်တွေကို ပေးရသလဲလို့ မေးကြည့်တဲ့အခါ တရားအားထုတ်ကြတဲ့ ယောဂီတွေက ဒီလို အဆုံးအဖြတ်ပေးမှ တရားအားထုတ်လိုကြကြောင်း ပြောပြတဲ့အခါ "ဒီလိုဆိုရင် အလွန်အရုပ်ဆိုးတာဘဲ၊ ပရိသတ်များမှု၊ ဘုန်းကြီးမှုကို ဘာလုပ်ဘို့လဲ၊ မဟုတ်တာကို အဟုတ်ပြောမှုဟာ မိမိအတွက်လည်း မကောင်း၊ သာသနာအတွက်လည်း အလွန်အရုပ်ဆိုးပါတယ်၊ ပရိသတ်လာချင်လာ၊ မလာချင်နေ ဟုတ်မှန်တာကိုသာ ပြောကြပါစေ"လို့ သတိပေးခဲ့ဘူးပါတယ်။

မဂ်ရယ်လို့ရလာချင် ဆိုင်ရာဖြစ်တဲ့ အနုသယတွေကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်ရပါတယ်။ သောတာပန်ဖြစ်ရင် ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယကို ပယ်ရလိမ့်မယ်၊ မဂ်တို့ဖြင့် အနုသယများကို ပယ်မှုပယ်ကို အတော်ကလေးအသိခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့၊ ဝိပဿနာကို လေသတရားတွေ မိမိတို့သန္တာန်မှာ ဖြစ်လာတဲ့အခါ ဒီတရားတွေကို အာရုံပြုပြီး အဓိမာနသဘောနဲ့ ငါ မဂ်ရပြီ၊ ဖိုလ်ရပြီလို့ ထင်တတ်ပါတယ်။ ဒီအဓိမာနဟာ သိသာစွာကြွယ်ပြီး မဖေ့မလျော့ ရုပ်နာမ်ပါသာရကများတော့ကို လက္ခဏာရေးသုံးပါးတို့ တင်ပြီး အဖန်ဖန်သုံးသပ်တဲ့ သမ္မာဒိဋ္ဌိပညာရှိ ပုဂ္ဂိုလ်များမှသာ ပြင်ပါတယ်၊ ဒီလိုပုဂ္ဂိုလ်များဟာ သမထ ဝိပဿနာ အစွမ်းဖြင့် သူတို့ရဲ့ သန္တာန်မှာ အနုစိတ်(၆၀)တိုင်အောင်ပင် ကိလေသာ

မဥပါဒ်လေတော့၊ ဓါရဟန္တာဖြစ်ပြီရယ်လို့ ထင်ကြပါတယ်။ အနှစ် (၆၀) လုံးလုံး အနုသယကကိန်းငုတ်နေတော့ ထင်လည်း ထင်လောက်ပါတယ်။ ဓမ္မဒိန္နာရဟန္တာမြတ်ဟာ ဆရာဖြစ်တဲ့ နာဂမထေရ်ကြီးရဲ့ ရဟန်းကိစ္စမပြီး ပုထုဇဉ်အဖြစ်သာရှိသေးကြောင်း သိလေတော့၊ လာရောက်ပြီး ပုစ္ဆာ ပေါင်း တထောင်မေးပြီးတဲ့ နောက်တကိုယ်လုံးဖြူတဲ့ ဆင်ဖြူကြီးကို ဖန်ဆင်း ပါ၊ ဒီဆင်ကြီးက နားရွက်ကြီးထောင် အမြီးကုပ်စန့် နှာမောင်းကို ခံတွင်း ထဲထည့်ပြီး ကြောက်မက်ဘွယ် ကြိုးကြာသံနဲ့တူတဲ့ အသံကို ဖြစ်စေပြီး အရှင်ဘုရားရဲ့ ထံသို့ ရှေးရှုလာပါစေလို့ ဖန်ဆင်းခိုင်းတဲ့အတိုင်း ဖန်ဆင်း လိုက်တော့၊ ဖန်ဆင်းထားတဲ့ ဆင်ကြီးက ကြောက်မက်ဘွယ် လျင်မြန်တဲ့ အဟုန်နဲ့ လာတဲ့အခါ ကြောက်လန့်ပြီး ထပြေးမယ်လုပ်ဘယ်။ ဒီအခါ ဓမ္မဒိန္နာမထေရ်က သင်္ကန်းစွန်း ကိုင်ပြီး အရှင်ဘုရား ရဟန္တာများကြောက် ပါသေးသလားလို့ မေးတယ်။ ဒီမထေရ်ကြီးဟာ ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ နှစ်ပေါင်း (၆၀) ငုတ်ကိန်းနေတဲ့ ပဋိဃာနုသယ ပေါ်လာ တာဘဲ။ ။

ရာဂစရိုက်ရှိတဲ့ မဟာဒတ္တမထေရ်ကြီးကို ကာမရာဂါနုသယပေါ် လာအောင် ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေအိုင်ကြီးကို ဖန်ဆင်းခိုင်းပြီး ဒီရေအိုင်ကြီးမှာရှိတဲ့ ကြာရွက်တရွက်ပေါ်မှာ အလွန်လှပတဲ့ အမျိုးသမီး တယောက်က နေတာကို စိန်းစိန်းကြည့်ခိုင်တော့ အနှစ်(၆၀) လုံးလုံး ကိန်းငုတ်နေတဲ့ ကာမရာဂါနုသယ ပေါ်လာတယ်။ (မ၊ ၄၊ ပ၊ ၁၀၉)။ ဒီတော့ မဂ်ဘို့ရဲ့ အနုသယပယ်မှုဆိုဘာ ဧကန်ပယ်ရပယ် အသိခက်ပါတယ်။။

၃။ နောက်တခု ပြောချင်တာကတော့ သမထဝိပဿနာတရား အားထုတ်တယ်ဆိုတာ မိမိတို့ရဲ့ သန္တာန်မှာ ရှိနေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာနအစရှိတဲ့အကုသိုလ်တရားတွေကို ခေါင်းပါးအောင် ရတနာသုံး ပါးကို တိုးတက်ယုံကြည်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကမ္မဋ္ဌာန်းဌာနတွေ သွားပြီး အားထုတ်ကြတာ ဖြစ်တယ်။ ဒါပေမဲ့ သူတို့ဆရာက သောတာပန် ဖြစ်ပြီ စသည်ဖြင့် ဆုံးဖြတ်ပေးလိုက်တဲ့အခါ ရဟန်းတော်များကိုဘော်မှ သူတို့လောက်တရားမချကြ တရားမရှိကြ၊ သူတို့လို အရိယာမဟုတ်ကြဘူး ရယ်လို့ အထင်အမြင်သေးလာကြတယ်။ ရှိသေမှုကင်း လာကြတယ်။ မာန တရားတွေအားကြီးလာကြတယ်။ ဒီယောဂီတွေရဲ့ စိတ်ဟာ တရားအားမထုတ်

မှီကထက်ပိုပြီး နူးညံ့သိမ်မွေ့လာရမဲ့အစား သိမ်မွေ့မလာ ထူးမလာ တဲ့အပြင်ပိုပြီး ကြမ်းတမ်းလာတယ်။ အရိုင်းသေတန်လာတယ်။ ယောဂီတွေသတိပြုကြရမည်ဖြစ်တယ်။ ။

၄။ ဒီတော့ အကျဉ်းချုပ် သတိပေးချင်တာကတော့(၁)ဝိပဿနာကို အားထုတ်တယ်ဆိုရင် ပရမတ်အစစ်ဖြမ်တဲ့ ရုပ်နာမ်တွေကို ပိုင်နိုင်အောင် သိမြင်ပြီး ထိုပရမတ်တရားတွေရဲ့ သဘာဝအားဖြင့် ဖြစ်ပျက်နေကြတဲ့ အနိစ္စစတဲ့ သဘောတရားတွေကို အမှန်တကယ် ထင်မြင်အောင် ကြည့်ကြရှုကြပါ။

(၂) မည်သူက မဂ်ဖိုလ်ရပြီလို့ ဆုံးဖြတ်ဆုံးဖြတ်၊ ရုပ်နာမ်မနေတဲ ရှေ့ကိုသာ ဉာဏ်ရင့်သထက်ရင့်အောင် အားထုတ်ပါ။

(၃) မိမိစိတ်ကို မိမိအသိဆုံးဖြစ်လေတော့ တရားအားထုတ်ပြီးပြန်လာတဲ့အခါ ငါ့စိတ်ဟာ ရှေးကထက်သိမ်မွေ့နူးညံ့လာ မလာကို ဆင်ခြင်ပြီး သိမ်မွေ့နူးညံ့လာအောင် တစထက်တစ ကိလေသာ ပါးအောင် မဂ်ဖိုလ်ရသည်အထိ ဇွဲကောင်းကောင်းနဲ့ ကြိုးစားအားထုတ်ကြပါလို့ အကျဉ်းချုပ်သတိပေးသောအားဖြင့် ဩဝါဒပေးအပ်ပါသတည်း။ ။

(မူလပဋ္ဌာန်းဆရာတော်ဦးနာရဒ)

* + *

ယခု စွန်းလွန်းကမ္မဋ္ဌာန်းတိုက်တွေကိုသာ ဩဝါဒပေးနေတာမဟုတ်ပါဘူး၊ အားလုံးသော စွန်းလွန်း၊ မင်းကွန်း၊ မိုးညှင်း၊ မဟာစည်၊ ဉာဏစာရီ အစရှိသည့် ကမ္မဋ္ဌာန်းတိုက်အားလုံးဟာလဲ ပြုပြင်ဆင်ပြီး ညီညွတ်စွာ ပဋိပတ္တိသာသနာတော်ကြီးအတွက် ဆောင်ရွက် လိုက်နာသင့်ကြပါတယ်။ စွန်းလွန်းက သူတပါး မကောင်းတာ၊ ကိုယ်မကောင်း ခက်လိမ့်မှာဟု စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့ ဩဝါဒအရ မိမိတပ်ကို မိမိလုံခြုံအောင် အရင်ပြင်ဆင်သုံးသပ်ဝေဖန်စိစစ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ။

သာသနာတော်ကြီးဟာ အဖက်ဖက်က ယိုယွင်းပျက်ကွက်လာကြပါတယ်။ ဝိနည်းစည်းကမ်းနဲ့သာ အရေးယူရရင် အားလုံးခက်ပါလိမ့်မယ်။ သာသနာ့အသက်ဝိနည်းဖြစ်၍ ဝိနည်းတည်လျှင် သာသနာတော်တည်နေသေးတယ်လို့ မြတ်စွာဘုရားမိန့်တော်မူခဲ့တယ်။ ဒါကြောင့် အားလုံးသတိရကြပြီး မသေခင် မအိုခင် မနာခင် ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာရအောင် ကြိုးစားတရားအားထုတ်ကြရာ၌ စည်းကမ်းကလနား သပ်သင့်ပါတယ်။ ဝိနည်းဘောင်မကျော်ရအောင် စောင့်ရှောက်ထိမ်းသိမ်း၍ သီလဖြူစင်စေအောင် စင်ကြယ်အောင် ကျင့်သုံးပြီး စိတ်တည်ငြိမ်တည်ကြည်အောင် သမာဓိကောင်းကောင်းရအောင်အားထုတ်ပြီး ဝိပဿနာပညာ မဂ်ပညာထွန်းပြောင်တောက်ပ ထက်မြက်အောင်ကြိုးစားပွားများအားထုတ်ကြရပါမယ်။ တော်ရိုလျော်ရိုနဲ့ အချောင်အားမထုတ်ဘဲနဲ့ ယခုခေတ်မှနေယျပုဂ္ဂိုလ်တွေသာရှိနိုင်၍ ရိုး ကြော အရေ၊ ကြွင်းကျန်စေ၊ ကုန်ခမ်းစေ သွေးအသားဆိုတဲ့အတိုင်း အားထုတ်မှ ရကြပါလိမ့်မယ်။ ပဒပရမပုဂ္ဂိုလ်မျိုးဆိုရင် ယခုဘဝအားထုတ်သော်လည်း မရ၊ ဝါသနာအထုံပါရမီဖြစ်ပြီး နောက်ဘဝရကြပါလိမ့်မယ်။ ထို့ကြောင့် အာရဒ္ဓတ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။ စုနာက ပစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။ ။ ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။ ။ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတီတိ။ (ထေရဂါထာ၊ ၂၆၇။ သံယုတ်၊ ၁၅၈) ဒီဂါထာအတိုင်း အားထုတ်ပါ၊ ပဓာနအင်္ဂါငါးပါးလဲ ပြည့်စုံရင် မုချ ယခုဘဝ မဂ်ဖိုလ်ရပါလိမ့်မယ်။ အာနာပါနဿတိ ယဿ၊ ပရိပုဏ္ဏာ သုဘာဝိတာ၊ အနုပုဗ္ဗံ ပရိစိတာ၊ ယထာ ဗုဒ္ဓေန ဒေသိတာ။ သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာတိ။ (ပဋိသမ္ဘိဒါမဂ်၊ ၁၇၀၊ ထေရဂါထာ၊ ၃၀၂။) ဝိမာနံ ဟဒယသ္မိံ သြပိယာ။ အပ္ပမာဒေနသမ္ပာဒေထ၊ မဂ်ဖိုလ်နိဗ္ဗာန်ရ။ အားထုတ်ကြ။

ဆရာတော်ဦးသာသနဝိသုဒ္ဓိ။

# အာနာပါနဿတိ၊ သံခိပ်

၁။ ထွက်လေဝင်လေ၊ မှတ်လျက်ရေ၊ သိစေသမထ။ (ဂဏနာနည်း မှတ်သား ရေတွက်နည်း။)

၂။ ထွက်လေဝင်လေ၊ ထိသိနေ၊ ရှုစေဝိပဿနာ။ (အနုဗန္ဓနာနည်း ဖုဿနာနည်း)

၃။ ထိမှတ် သိမှတ်၊ သတိချုပ်၊ သိအုပ်သမထပါ။ (ဂဏနာနည်း)

၄။ ထိမှု သိမှု၊ သတိပြု၊ ကပ်ရှုဝိပဿနာ။ (အနုဗန္ဓနာ၊ ဖုဿနာ၊ ဌပနာနည်း)

၅။ ပညတ် အာရုံကား သမထနိမိတ်၊ ဈာန်တရား။

၆။ ပရမတ် အာရုံကား လက္ခဏာရေးသုံးပါး ဝိပဿနာတရား။

၇။ သမထအမြင်က ဒိဗ္ဗစက္ခု အဘိညာဉ်ပါ။

၈။ ဝိပဿနာအမြင်က ဓမ္မစက္ခု အသိဉာဏ်ပါ။

၉။ ပညတ် ပရမတ်၊ ကွဲသည်မှတ်၊ သူမြတ်မဆိုသာ။

၁၀။ ပညတ် ပရမတ်၊ တွဲသည်မှတ်၊ သူမြတ်မဆိုသာ။

၁၁။ ပညတ် ပရမတ်၊ နှစ်ခုစပ်၊ သိတတ်သူမှ မြတ်ဆုံးပါ။

၁၂။ သမထ ဝိပဿ၊ နှစ်စုံတွဲ၊ ထူးကဲမဂ်ဖိုလ်ရ။ (ယုဂနန္ဓနည်း)

၁၃။ ထိမှု သိမှု၊ ထိုနှစ်ခု၊ သတိကြပ်ကြပ်ပြု။

၁၄။ ပွားများ အားထုတ်အပ်သော တရားက မဂ္ဂသစ္စာ၊ (မဂ္ဂင်ရှစ်ပါးပါ)

၁၅။ ပွားများ အားထုတ်တတ်သော တရားက ဘာဝနာ မယဉာဏ်သာ။

၁၆။ သိအပ်သော တရားက ဒုက္ခသစ္စာ။

၁၇။ သိတတ်သော တရားက မဂ်ဉာဏ်ပါ။

၁၈။ ပယ်အပ်သော တရားက သမုဒယသစ္စာ။

၁၉။ ပယ်တတ်သော တရားက မဂ်ပညာ။

၂၀။ မျက်မှောက် ဆိုက်အပ်သော တရားက (ဝါ) ချုပ်ငြိမ်းအပ်သော တရားက နိရောဓသစ္စာ။

၂၁။ မျက်မှောက် ဆိုက်တတ်သော တရားက (ဝါ) အေးငြိမ်းတတ်သော တရားက နိဗ္ဗာန် အမြတ်ဆုံးပါ။
၂၂။ ထိုးထွင်း သိမြင်အပ်သော တရားက သစ္စာလေးပါး (တပြိုင်နက်ထဲသာ)
၂၃။ ထိုးထွင်း သိမြင်တတ်သော တရားက ဓမ္မစက္ခု (ပွင့်ထဲအခါ)
၂၄။ မမေ့မလျော့အပ်သော တရားကရုပ်နာမ်အပေါ်မှာ လက္ခဏာရေးသုံးပါး (ဝါ) ဝယ ဓမ္မာသန့်ရာ။
၂၅။ မမေ့မလျော့တတ်သော တရားက "အပ္ပမာဒေန သမ္ပာဒေထ" သတိတလုံးထဲ စွဲမြဲထားကြပါ။ အားထုတ်ကြပါ။
၂၆။ သတိတလုံး၊ အသိဆုံး နိဗ္ဗုတာ။
၂၇။ ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်း နိဗ္ဗုတာ။
၂၈။ သစ္စာတရား၊ မေတ္တာပွား၊ ကြိုးစား သာသနာပြုကြပါ။
၂၉။ ပရိယတ် ပဋိပတ်၊ နှစ်ခုစပ်၊ သိအပ် ပဋိဝေဓါ ပါ။
၃၀။ သိက္ခာသုံးရပ်၊ ဖြည့်ကျင့်လတ်၊ အမြတ်စိတ်ချမ်းသာ။
၃၁။ ကိုယ်စိတ်ငြိမ်းချမ်း၊ နိဗ္ဗာန်လမ်း၊ ကျင့်စမ်း ယောဂီတို့။
၃၂။ မြတ်နှလုံးအိမ်၊ နိဗ္ဗာန်စိမ်၊ စိတ်ငြိမ်ချမ်းသာဘို့။
၃၃။ အရိယာတွေ၊ ကျန်သေးပေ၊ ကျင့်လေ ယောဂီတို့။

# သောတာပန်၏ ဓမ္မကြေးမှုံ

၁။ ဘုရားဂုဏ်ထူး၊ သိမြင်မြူး၊ လွန်ကြူးယုံကြည်ခိုင်မြဲသည်။
၂။ တရားဂုဏ်ထူး၊ သိမြင်စူး၊ အထူးယုံကြည်ခိုင်မြဲသည်။
၃။ သံဃာ့ဂုဏ်ထူး၊ သိမြင်ဖူး၊ ညွတ်နူးယုံကြည်ခိုင်မြဲသည်။
၄။ စင်ကြယ်မြတ်စွ၊ ငါးသီလ၊ ပြည့်ဝစုံညီစောင့်ရှောက်သည်။
သောတာပန်ဖြစ်၊ ကြေးမှုံစစ်၊ စံနစ်လေးပါးပြည့်စုံသည်။
အင်္ဂါလေးတန်၊ သောတာပန်၊ အမှန်ပြည့်စုံပြီ။

(ဓမ္မဒါသသုတ်၊ သံ။ တ၊ ၃၀၂၊ ၃၁၀။
(မဟာပရိနိဗ္ဗာနသုတ်။ အံ့၊ ဒု၊ ဂိဟိသုတ်)

ဘေးရန်ငါးမျိုး၊ လွတ်မြောက်ကျိုး၊ တန်ခိုးငါးသီလာ။

(အံ။ ဒု၊ ၂၆၇-၂၆၈)။

သောတာပန်သာ၊ လူ့ဒါန်းရာ၊ စင်စွာဆေးသည့်လက်မှာ။
အနာထပိဏ်၊ ဗိမ္ဗိသာရာ၊ ဝိသာခါ၊ လူ့ရာအစွမ်းကုန်သာ။
အပါယ်လေးတန်၊ လွတ်မြောက်မှန်၊ နေရန်ခုနစ်ဘဝသာ။

သောတာပန် ပယ်သောတရားများ။

ရုပ်နာမ်အစု၊ အတ္တဟု၊ စွဲမှုပယ်စွန့်တာ။ (မိစ္ဆာဒိဋ္ဌိပယ်၏။)
ဘုရား တရား၊ သံဃာအား၊ ယုံမှားပယ်စွန့်တာ။ (ဝိစိကိစ္ဆာပယ်၏။)
ခွေးနွားအကျင့်၊ ရှောင်ဖယ်လင့်၊ မဂ္ဂင့်သစ္စာလေ့ကျင့်တာ။
(သီလပဗ္ဗတရာမသပယ်၏။)

သက္ကာယဒိဋ္ဌိ၊ ပယ်စွန့်၏၊ မှတ်ဘိအနုသယာ။
(ထိုနည်းတူစွာ၊ ကိလေသာ။)
ဝိစိကိစ္ဆာ၊ ပယ်စွန့်တာ၊ မှတ်ပါအနုသယာ။
(ထိုနည်းတူစွာ၊ ကိလေသာ။)
မာယာ၊ မက္ခ၊ ပလာသ၊ ဣဿ မစ္ဆရိယာ။
သာဌေယျပါ၊ ပယ်စွန့်ရှာ၊ သောတာပတ္တိမဂ္ဂပါ။
(မူလပဏ္ဏာသ၊ ဋ္ဌ၊ ပ၊ ၁၇၂၊ ဝတ္ထသုတ်။)

အကုသလကမ္မပထ၊ ဆယ်ပါးမှ၊ ပယ်ရငါးခုသာ။
ပါဏာတိပါ၊ အဒိန္နာ၊ မုသာ ကာမေ မိစ္ဆာဒိဋ္ဌိပါ။
မောဟတခု၊ လောဘထု၊ လေးခု စိတ္တုပ္ပါဒ်ပယ်တာ။
ယှဉ်လေး ဒိဋ္ဌိ၊ ယုံမှားဘိ၊ ပယ်၏အကုသိုလ်စိတ်ငါးကိုသာ။
မာနကိုးမျိုး၊ သောတာချိုး၊ ခြောက်မျိုး အယာထာဝမာနပါ။
သူတော်ကောင်းဥစ္စာ၊ ခုနစ်ဖြာ၊ ရှိလာထိုသောတာ။
သဒ္ဓါ၊ သီလ၊ ဩတ္တပ္ပ၊ သုတ စာဂ ပညာဟိရိပါ။
သကဒါဂါမ်၊ ပါးရှားမှန်၊ ကာမံရာဂါနုသယာ။
ကာမရာဂ၊ ပဋိဃ၊ ကျမ်းမျှပယ်သတ်ရှာ။
အနာဂါမ်မှာ၊ ပဋိဃ၊ ကာမရာဂပယ်စွန့်တာ။
အရဟတ္တာ၊ ပယ်စွန့်ရန်၊ အကျန်နုသယာ။
လုံးစုံကိလေ၊ သံယောဇေ၊ ပယ်ပေရဟန္တာ။
ဘုရားမိန့်မှာ၊ နောက်ဆုံးသာ၊ ကျင့်ရာဓမ္မအမွေခံကြပါ။
အပ္ပမာဒ၊ ပြည့်စုံကြ၊ မဂ်ရဖိုလ်လာ နိဗ္ဗာန်ပါ။
ဗုဒ္ဓမြတ်စွာ၊ ဟောကြားရာ၊ အာနာပါနသတိမှာ။
ကောင်းစွာပြည့်စုံ၊ လေ့ကျင့်လို့၊ ပွားကုန်စဉ်တိုင်းသာ။
တိမ်တိုက်လွတ်ကင်း၊ ငွေလမင်း၊ ထွန်းလင်းကြလောကာ။
မဂ်ဉာဏ်ရောင်၊ သိမြင်အောင်၊ ကျိုးဆောင်လူ့ဘောင်ငြိမ်းချမ်းစွာ။
(ထေရဂါထာပါဠိ ၃၀၂)

# စွန်းလွန်းရေဖြည့်နှစ်တွင်

## စွန်းလွန်းဝိပဿနာကမ္မဋ္ဌာန်းတိုက်များ

၁။ နာယက ဆရာတော် ဦးသောဘဏ(၆၀)ဝါ၊ စွန်းလွန်းဂူကျောင်း၊ မြင်းခြံမြို့။

၂။ တိုက်အုပ်ဆရာတော် ဦးဝိသုဒ္ဓ (၅၀)ဝါ(ပုံလွန်တော်မူ) စွန်းလွန်းဂူကျောင်း၊ မြင်းခြံမြို့။

၃။ နာယကဆရာတော် ဦးဇဝန (၅၆) ဝါ၊ စွန်းလွန်းဂူကျောင်း၊ တောင်ဥက္ကလာပ ရန်ကုန်။

၄။ နာယကဆရာတော်ဦးတိခလာကသာရ(၅၁)ဝါ၊စွန်းလွန်းဂူကျောင်း တောင်ဥက္ကလာပ ရန်ကုန်။

၅။ ဆရာတော် ဦးသုန္ဒရ(၄၀)ဝါ၊(ပျံလွန် ၁၆၊ ၁၀၊ ၇၂၊) စွန်းလွန်းဂူကျောင်း တောင်ဥက္ကလာပ ရန်ကုန်။

၆။ တိုက်အုပ်ဆရာတော် ဦးသုမန (၃၇)ဝါ၊ ပျံလွန် ၁၉၊ ၂၊ ၇၅ စွန်းလွန်းဂူကျောင်း တောင်ဥက္ကလာပ ရန်ကုန်။

၇။ ဆရာတော် ဦးဓမ္မသာမိ(၅၂)ဝါ၊ ပျံလွန်(၁၉၇၅၊ ဒီဇင်ဘာလ ၁၈ ရက်) စွန်းလွန်းဂူကျောင်းတိုက်၊ တောင်ကြီးမြို့ ရှမ်း။

၈။ တိုက်အုပ် ဦးကောသလ္လ (၁၇)ဝါ၊ စွန်းလွန်းဂူကျောင်းတိုက် တောင်ကြီးမြို့ ရှမ်း။

၉။ ဆရာတော် ဦးမာဃသီရိ(၂၈)ဝါ၊ စွန်းလွန်းဂူကျောင်းတိုက်၊ ဘောက်ထော် ရန်ကုန်။

၁၀။ တိုက်အုပ် ဦးအာသဖ(၄၄)ဝါ၊ စွန်းလွန်းဂူကျောင်းတိုက်၊ ဘောက်ထော် ရန်ကုန်။

၁၁။ ဆရာတော် ဦးပညိန္ဒ(၂၅)ဝါ၊ စွန်းလွန်းဂူကျောင်း ကြို့ကုန်း အင်းစိန်နယ်။

၁၂။ တိုက်အုပ် ဦးဉာဏာဘာသ(၁၂)ဝါ၊ စွန်းလွန်းဂူကျောင်း ကြို့ကုန်း အင်းစိန်နယ်။

၁၃။ ဆရာတော် ဦးဇောတိက(၅၆)ဝါ၊ ပြဟ္မဝိဟာရကျောင်း၊ တောင်ဥက္ကလာပ ရန်ကုန်။

၁၄။ ဆရာတော် ဦးကုသလ(၆၆)ဝါ၊ (ခနုဖြူ) မြောက်ဥက္ကလာပ ရန်အောင်မင်္ဂလာကျောင်း ရန်ကုန်မြို့။

၁၅။ ဆရာတော် ဦးသြဘာသာဘိဝံသ(၅၁)ဝါ၊ ဖျာပုံတိုက်သစ်၊ သရက်တောတိုက်၊ ရန်ကုန်။

၁၆။ ဆရာတော် ဦးဃောသိတ(၅၀)ဝါ၊ အလံပြဘုရားကျောင်း၊ရန်ကုန်။

၁၇။ ဆရာတော် ဦးသာသန ဝိသုဒ္ဓိ(၂၄)ဝါ၊ အပ္ပမာ ဒေန သမ္ပ ဒေထ ကျောင်း၊ ကျွန်းတောကျောင်းတိုက်၊ ဗားကရာလမ်း၊ ရန်ကုန်မြို့။ (ကေ စာရီ) (၁၉၊၄၊၇၆)ပျံလွန်။

၁၈။ ဆရာတော် ဦးသုဝဏ္ဏသိရိ(၁၇)ဝါ၊ ကေစာရီ ၃၅၈၊ သိရိမြိုင်ခြံ၊ အောင်မင်္ဂလာလမ်း၊ သမိုင်း၊ ရင်ကုန်မြို့။

၁၉။ ဆရာတော် ဦးသဒ္ဓမ္မကိတ္တိ(၈)ဝါ၊ လှုငယ်ဓမ္မာရုံကျောင်းကြီးတိုက် ကြည့်မြင်တိုင် ရန်ကုန်။

၂၀။ ဆရာမကြီး ဒေါ်စော(ကွယ်လွန်သူ ဦးကျော်စိန် ဇနီး)၁၅၊တင့်လမ်း ဓမ္မရိပ်သာ ရန်ကုန်မြို့။

၂၁။ စွန်းလွန်းယောဂီအဖွဲ့ ကျောက်မြောင်း မြို့သစ်ဓမ္မာရုံ ရန်ကုန်မြို့။

၂၂။ ဆရာတော် ဦးဣန္ဒောဘာသ(၅၂)ဝါ၊ ရွှေတောင်ကျောင်းသစ် ပုသိမ်မြို့။

၂၃။ ဆရာတော် ဦးသုမေဓ (ပျံလွန်) စွန်းလွန်းဝိပဿနာဌာန ကံလှကျောင်း ပုသိမ်မြို့။

၂၄။ ဆရာတော် ဦးပညာဒီပ(ပျံလွန်)၁၉၇၄၊ ရွှေမုဋ္ဌောဘုရား၊ ငရဆင်း တန်ဆောင်းတိုက်။ ယခု ဆရာတော် ဦးပဏ္ဍုင။(၄၁) ဝါ (ယခင် မြို့သစ်ကျောင်း ဆရာတော်။

၂၅။ ဦးဘမင်း၊ ဦးကြည်၊ ဦးကျော် စွန်းလွန်းဝိပဿနာဓမ္မရုံ ဂိုလ်ဂျုပ် ပန်းခြံလမ်း ပုသိမ်မြို့။

၂၆။ ဆရာတော်ဦးသိဟ(ပျံလွန်)၊ဦးဇာဂရ(၁၇)ဝါ၊စွန်းလွန်းဂူကျောင်း ဒရာမည ရပ်ကွက် အောင်သိဒ္ဓိရပ် ပုသိမ်မြို့။

၂၇။ ဆရာတော် ဦးသောဘန (၁၇) ဝါ မြို့သစ်ကျောင်း တာကိုင်း သင်္ဘောကျင်း ပုသိမ်။

၂၈။ ဦးချစ်စိန် စွန်းလွန်းယောဂီအဖွဲ့ ပုပ္ပါးကျောင်း ပဘောက်ချောင်း ပုသိမ်မြို့။

၂၉။ ဆရာတော် ဦးကုသလ(ပုံလွန်)၊ ဦးပဏ္ဍိဘ(၁၄) ဝါ ရွှေကျောင်း ပြင်ခရိုင် ပုသိမ်နယ်။

၃၀။ ဦးအာသောက (၂၂)ဝါ ရွှေကျောင်း ပြင်ခရိုင် ပုသိမ်နယ်။

၃၁။ ဦးဣန္ဒဝံသ မုန့်ကျောင်း ပြင်ခရိုင် ပုသိမ်နယ်။

၃၂။ ဆရာတော် ဦးဝါသဝ(၄၁)ဝါ အရှေ့ကျောင်း ရေတွင်းကုန်းရွာ ပုသိမ်ခရိုင်။

၃၃။ ဦးသော်၊ ဦးကျော်၊ ကျောင်းဟောင်းကြီး ကျုံကူးရွာ၊ ပုသိမ်ခရိုင်။

၃၄။ ဆရာတော် ဦးမုနိန္ဒ (ပုံလွန်) ပေဟောမြို့၊ ပုသိမ်ခရိုင်။

၃၅။ ဆရာတော်ဦးမုနိန္ဒ(၆၀)ဝါဝေဠုဝတီကမ္မဋ္ဌာန်းတိုက်၊မြောင်းမြမြို့။

၃၆။ ဆရာတော် ဦးဓမ္မိက(၃၇) ဝါ၊ ဟေမာဝန်ကျောင်းတိုက် မြောင်းမြမြို့။

၃၇။ စွန်းလွန်းယောဂီအဖွဲ့၊ ဝေဠုဝန်ကျောင်းတိုက်၊ မြောင်းမြမြို့။

၃၈။ ဆရာတော် ဦးသုစရိတ(၅၁)ဝါ၊ အိုးဘိုကျောင်းတိုက်၊ ဒေးဒရဲမြို့။

၃၉။ ဆရာတော်ဦးကောဝိဒ(၄၄)ဝါ မြို့လယ်ဓမ္မာရုံကျောင်း၊မအူပင်မြို့။

၄၀။ ဆရာတော် ဦးဝဇီရဂ္ဂ (၅၅) ဝါ ကျွန်းထိပ်ကျောင်း ထန်းရွာ၊ မအူပင်မြို့နယ်။

၄၁။ ဆရာတော် ဦးပညာ၊ (၅၂) ဝါ မင်းကျောင်းတိုက်၊ ဖျာပုံမြို့။

၄၂။ ဆရာတော် ဦးသီလက္ခန္ဓ(၅၄)ဝါဖျာပုံတိုက်သစ်ကျောင်း၊ ဖျာပုံမြို့။

၄၃။ ဆရာတော်ဦးဓမ္မစက္က(၅၀)ဝါ။ ။ ။ ။

၄၄။ ဆရာတော်ဦးနန္ဒဝံသ(၁၀)ဝါ ထူပါရုံကျောင်းတိုက်၊ သုံးဆယ်မြို့။

၄၅။ ။ ဦးဇာဂရ (၄၇)ဝါ သင်္ဘောကျင်းကျောင်း၊ စံရွေးရွာ၊ သုံးဆယ်အပိုင်း။

၄၆။ ဦးဩဘာသ (၂၂) ဝါ ။ ။ ။

၄၇။ ဆရာတော် ဦးစန္ဒာဝရ (၁၅)ဝါ၊ ဦးဇောတိက (၅)ဝါ။ ပေါ်တော်မူ စွန်းလွန်းကမ္မဋ္ဌာန်းတိုက်၊ ပေါင်းတည်မြို့။

၄၈။ ဆရာတော်ဦးဉာဏ (၁၄)ဝါကျီးသဲမြို့၊စွန်းလွန်းရွှေဂူကြီးကျောင်း။
၄၉။ ဆရာတော် ဦးဝေပုလ္လ(   )ဝါ စွန်းလွန်း ဂူကျောင်း၊ ပြည်မြို့။
၅၀။ ။ ဦးဇယျသေန၊ (၆၃) ဝါ ကျောင်းသစ်ကျောင်းတိုက်၊ ဥက္ကံမြို့။
၅၁။ ဆရာတော်ဦးတေဇနိယ(၄၁)ဝါ(ပျံလွန်)၊ စွန်းလွန်းကမ္မဋ္ဌာန်းတိုက် ထူးကြီးမြို့။
၅၂။ ဆရာတော်ဦးတေဇဝန္တ၊ စွန်းလွန်းကမ္မဋ္ဌာန်း၊ တိုက်ကြီးမြို့။
၅၃။ ဆရာတော်ဦးကေသရ (၄၉)ဝါ ပျံလွန် ၁၉၇၀၊တန်လွဲကူးတို့ဆိပ် ကျောင်း၊ တောင်ကုပ်မြို့၊ သံတွဲခရိုင်။
၅၄။ ဆရာတော် ဦးတေဇိန္ဒ(၄၈)ဝါ မဟာဗောဓိကျောင်း၊ ကံလားပြင် ရွာ၊ သံတွဲမြို့။
၅၅။ ဆရာတော် ဦးဝဏ္ဏ၊(၄၁)ဝါ နွားချေးကျောင်း။ သံတွဲမြို့။
၅၆။ ဆရာတော် ဦးပဏ္ဍိစ္စ (၄၃) ဝါ ဓမ္မသုခကျောင်း၊ စစ်တွေမြို့ ရခိုင်ပြည်နယ်။
၅၇။ ဆရာတော် ဦးဝိသုဒ္ဓ(၅၄) ဝါ သူဌေးကျောင်း စစ်တွေမြို့။
၅၈။ ဒေါ်စာရီ (ကွယ်လွန်)၁၉၇၄၊ ဓမ္မိကာရုံစာသင်တိုက်၊ သီလရှင် ကျောင်း၊ ပြည့်မြို့။
၅၉။ ကိုရင်ကြီး ဦးသုန္ဒရ ပျံလွန်(၁၉၆၉) သပြေပင်ရွာ၊ဟသ်ာတမြို့နယ်။
၆၀။ ဆရာတော် ဦးအာစရိယ (   )ဝါ ပျံလွန် (၁၉၇၅) မိုးကောင်း သာသနာ့ရိပ်သာ၊ မကွေးမြို့။
၆၁။ ဆရာတော် ဦးကုသလ (ပျံလွန် ၁၉-၁၀-၆၉) ယခု ဆရာတော် ဦးခန္တိ ပျံလွန်၊(၄၇) ဝါ စက္ကိန်းတဲတောင်ခြေ။ သာစည်ဓမ္မရိပ်သာ၊ စွန်းလွန်းကဋ္ဌာန်းဌာနခွဲ၊ မင်းဘူးမြို့။
၆၂။ ဆရာတော် ဦးဝါသဝိန္ဒ (   ) ဝါ ခတ်တော်ကုန်း၊ မဟာသတိ ပဋ္ဌာန်းတိုက်၊စွန်းလွန်းကမ္မဋ္ဌာန်းတိုက်ခွဲ၊ ဘုရားခြေရင်း၊ မင်းဘူးမြို့။
၆၃။ ဆရာတော် စွန်းလွန်းကမ္မဋ္ဌာန်း၊ သာစည်ရွာ မင်းဘူးနယ်
၆၄။ ဆရာတော် ဦးအဂ္ဂဝံသ ညောင်တုံးမြို့၊ တဖက်ကမ်းကျောင်း။
၆၅။ ဆရာတော်ဦးခန္တီ။ (၄၂) ဝါ၊ မှန်ကျောင်း၊ မိချောင်းရဲမြို့။
၆၆။ ဆရာကြီး ဦးတင့် (အသက် ၈၂ ကွယ်လွန် ၁၉၇၅) ရတနာဂီရိ ကျောင်းရိပ်သာ, စွန်းလွန်းကမ္မဋ္ဌာန်း, ရေနံချောင်းမြို့။ဦးလှမောင်,

၆၇။ ဆရာတော်ဦးရေဝတ (၅၀) ဝါ စွန်းလွန်းဂူကျောင်းပဋ္ဌာနမြား စေတီရပ် ချောက်မြို့။

၆၈။ ဦးသောင်းဖေ,ဦးအောင်စည်၊အေးစေတီ၊ စွန်းလွန်း ကမ္မဋ္ဌာန်းဌာန၊ ချောက်မြို့။

၆၉။ ဦးပွ စိန်ပန်းကျောင်း စွန်းလွန်းကမ္မဋ္ဌာန်းဌာန၊ ချောက်မြို့။

၇၀။ ဆရာတော်ဦးတေဇ (၂၅) ဝါ စွန်းလွန်း ဩဝါဒ၊ သတိပဋ္ဌာန် တိုက် ပခုက္ကူမြို့။

၇၁။ ဆရာတော် ဦးစန္ဒ၊ (၅၈)ဝါ နဘဲပင်ရွာ၊ ပုပ္ပါးအနီး၊ ကျောက်ပန်းတောင်း နယ်။

၇၂၊ ဆရာတော် ဦးပညာသီရိ (၆၀) ဝါ စွန်းလွန်း ကမ္မဋ္ဌာန်းတိုက်၊ မြစ်ခြေမြို့။

၇၃။ ဆရာတော် ဦးကေသဂ (၄၇) ဝါ ပျံလွန် (မြစ်သား) စွန်းလွန်း ကမ္မဋ္ဌာန်းဌာန၊ ပုပ္ပါးတောင်ကလပ်။

၇၄။ ဦးအဂ္ဂဝံသ(၂၁) ဝါ စွန်းလွန်းကမ္မဋ္ဌာန်းတိုက်၊ မြင်းမူမြို့။

၇၅။ ဆရာတော် ဦးဝါသဝ၊ (၅၃)ဝါ စွန်းလွန်းကမ္မဋ္ဌာန်းတိုက်၊ ငြေးကြီးရွာ။

၇၆။ ဆရာတော် ဦးပဏ္ဍဝ (၃၇) ဝါ ရတနာသိဒ္ဓိ ကျောင်းတိုက်၊ မြင်းခြံမြို့။

၇၇။ ဆရာတော်ဦးဉာဏ(၂၆)ဝါ ရတနာဗိမာန်ကျောင်း မြင်းခြံမြို့။

၇၈။ ဆရာတော်ဦးရာဇိန္ဒ(၂၇) ဝါ သတိပဋ္ဌာန်တိုက်၊ ဓမ္မာရုံ မြင်းခြံမြို့။

၇၉။ ဆရာတော်ဦးသုန္ဒရ (၅၀) ဝါမိုးကောင်းကျောင်းတိုက်၊ တလုပ်မြို့။

၈၀။ ဆရာတော်ဦးသုန္ဒရ(၂၆)ဝါစွန်းလွန်းကမ္မဋ္ဌာန်းဌာန၊သာကြင်ရွာ။ စစ်ကိုင်း။

၈၁။ ဆရာတော်ဦးကေသရ (၂၇)ဝါ စွန်းလွန်း ဝိပဿနာတိုက်၊စလင်း တိုက်ဟောင်း အရှေ့ပြင်၊ မန္တလေးမြို့။

၈၂။ စာချဆရာတော်ဦးကုမာရာဘိဝံသ(ဘိအေ)မိုးကောင်းတိုက်၊ မန္တလေး။

၈၃။ ဆရာတော်စာချ ဦးတိက္ခ (   )ဝါ ငွေးချိုတိုက်၊ မန္တလေးမြို့။
၈၄။ ဆရာတော် ဦးကောသလ္လ (၅၀)ဝါ ပုံလွန်၊ နန္ဒင်းတော်ဖိုကျောင်း
ကာခေါင်း မြင်းခြံနယ်။ ၁၉၇၀။

၈၅။ ဦးလာဘ (၂၇) ဝါ စွန်းလွန်းကမ္မဌာန်း၊ သမ္ဗန်ဂိုဏ်း၊ မြင်းခြံနယ်။
၈၆။ ဆရာတော် ဦးတိက္ခ (ဦးကြွယ်) ဓမ္မကထိက ဇေယျသိမ်ကျောင်း
မြင်းခြံမြို့။

၈၇။ ဆရာတော် ဦးနန္ဒိယ (   )ဝါ တူးမောင်းကျောင်းတိုက် စွန်းလွန်း
ကမ္မဌာန်းဌာန၊ အမရပူရမြို့။

၈၈။ ဒေါ်သုဓမ္မာ၊ အုန်းပင်ကျောင်းတိုက်၊ စွန်းလွန်းကမ္မဌာန်းဌာန
ထနောင်းတိုင်ရွာ၊ မြင်းခြံမြို့နယ်။

၈၉။ ဆရာတော် ဦးအာစိဏ္ဏ(၆၄) ဝါ ဓမ္မပါရဂူကျောင်းတိုက်၊မုံရွာမြို့။

၉၀။ ဆရာတော်ဦးနန္ဒိယ မဟာနယက ပုံလွန်းထူးမောင်းတိုက်၊
အမရပူရမြို့။

၉၁။ ဆရာတော်ဦးဇဝန။ ရွှေပုထိုးကျောင်း၊ မတ္တရာမြို့။
(ယခုတောင်ဥက္ကလာ)

၉၂။ ဦးဝိလာသ၊ လွင်ပြင်ကျောင်း၊ မတ္တရာမြို့။
၉၃။ ဆရာတော်ဦးတိက္ခ၊ (၄၅)ဝါ ဝိနည်းငါးကျမ်းဆောင်၊ချာဘိုအနီး။
၉၄။ ဦးစောခွန်မောင်၊စွန်းလွန်းကမ္မဌာန်း၊ပူတာအိုမြို့၊ ကချင်ပြည်နယ်။

၉၅။ ဆရာတော်ဦးဌေးမုနိ၊ ဇီးတောကျောင်း မြင်းခြံနယ်။

၉၆။ ဦးပဏ္ဍိစ္စ၊စာချ၊ လုံကာကျောင်း၊ နောင်ချိုမြို့ ရှမ်းပြည်မြောက်ပိုင်း။

၁၀၀။ ဆရာတော်၊ စွန်းလွန်းကမ္မဌာန်း၊ ရွှေဂူမြို့ ဗန်းမော်နယ်။

၁၀၁။ ဆရာကြီးဦးတိုး၊ စွန်းလွန်းနယ်လှည့်ကမ္မဌာန်းဆရာကြီး။ အသက်
(၈၀) ကံဦးရပ်၊ လမ်းမတော်၊ တောင်ကြီးမြို့။ ပင်ဇ ညောင်ရွှေ၊

၁၀၂။ ဆရာတော်ဦးကုသလ(၁၇) ဝါ စွန်းလွန်းဂူကျောင်း၊ ပင်လုံမြို့။
ရှမ်းပြည်။

၁၀၃။ ဆရာတော်ဦးသူရိယ (၁၆)ဝါ လွယ်တန်း ကမ္မဋ္ဌာန်းကျောင်း၊ ညောင်ရွှေမြို့။

၁၀၄။ ကင်မွန်ချုံတောရဆရာတော်၊ တောင်ငူမြို့နယ်။
၁၀၅။ ဆရာတော်ဦးဝဏ္ဏ ပဲနွယ်ကုန်းတောင်ငူနယ်။
၁၀၆။ စာချဦးစန္ဒိမာ ကြိန်နီကျောင်း၊ ကျိုက်စကောရွာ၊ ပဲခူးမြို့နယ်
၁၀၇။ ဒေါ်စာရီ ပဗ္ဗာရုံကျောင်း၊ စွန်းလွန်းကမ္မဋ္ဌာန်း ပဲခူးမြို့။
၁၀၈။ ဆရာတော်ဦးဩဘာသ (၆၀) ဝါ ဇေယျဝတီကျောင်း၊ ပဲခူးမြို့။
၁၀၉။ ဆရာတော်ဦးဓမ္မသာမိ (၆၀) ဝါ ဝင်းပဆရာတော်၊ သထုံနယ်။
၁၁၀။ ကျောက်နဂါးဆရာတော်(၅၅)ဝါ သထုံနယ် (ပုံလွန်)။

၁၁၁။ ဆရာတော်ဦးပဏ္ဍဝ(၄၇)ဝါ ကြခတ်ရွာ။ မော်လမြိုင်နယ်။
၁၁၂။ ဆရာတော်ဦးသုဝဏ္ဏဇောတိ(၄၆)ဝါပိဋ္ဋကတ္တယ ပါရဂူ၊ ရန်ကင်း မေဃဝန်ကျောင်း၊ သထုံမြို့။ (ပုံလွန် ၂၆၊ ၇၊ ၇၃)။
၁၁၃။ ဆရာတော်ဦးကေတုမာလာ၊ သုဓမ္မဝတီကျောင်း၊ သထုံမြို့။
၁၁၄။ ဆရာတော်ဦးစာရိတဓမ္မ၊ စွန်းလွန်းဂူကျောင်း၊ ဝိပဿနာကမ္မဋ္ဌာန်း တိုက် ဈေးကြိုရပ်၊တောင်ပိုင်းလမ်း။မော်လမြိုင်။(ဦးသောင်းဥက္ကဋ္ဌ)။

၁၁၅၊ဆရာတော်ဦးဝိစာရ(၁၃)ဝါ ကျောက်တလုံးရွာ၊ မော်လမြိုင်။
၁၁၆။ဦးသုမန (၁၄)ဝါ ဂင်အင်ကျောင်း၊ မူးရစ်ကလေးရွာ၊ချောင်းဆုံ မြို့နယ်။
၁၁၇။ ဆရာတော်ဦးစန္ဒောဘာသ(၅၆)ဝါလေသာကျောင်း၊ ဖါးအံမြို့ ဂရင်ပြည်နယ်။
၁၁၈။ ဆရာတော်ဦးသီဟဗလ(၁၅)ဝါ ထီးလှိုင်ကျောင်း၊ ထီးလှိုင်ရွာ၊ ရည်းသင်းနယ်

၁၁၉။ ဆရာတော်ဦးအာသဘ(၅၂) ဝါ သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းဆရာ တော်၊ ချွန်ပူရီမြို့ ဝိဝေက အာဝုမ်(ယိုးဒယားနိုင်ငံ)။ ထိုင်းနိုင်ငံ။
၁၂၀။ ဆရာတော်ဦးပညာဝံသ (၅၆)ဝါ စီကျုံးကျောင်း၊လမ်းပန်းမြို့ ထိုင်းနိုင်ငံ။
၁၂၁။ ဆရာတော်ဦးသေဋ္ဌိလ(အဂ္ဂမဟာပဏ္ဍိတ)(၆၁)ဝါ သေဋ္ဌိလဗိမာန် ကျောင်း ဘောက်ထော်၊ ရန်ကုန်မြို့။

၁၂၂။ ဆရာတော်ဦးသောဘိတ(၄၀) ဝါ အဂ္ဂမဟာပဏ္ဍိတ၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့။

၁၂၃။ ဦးခန္တိဗလ၊ (၁၂)ဝါ၊ အုန်းပင်စုရွာ၊ ကျိုက်ပီမြို့အနီး။

၁၂၄။ စာချဦးပဏ္ဍိစ္စ။ (၄၀) ဝါ ဓမ္မပါရဂူကျောင်း၊ ၁၆ လမ်း၊ အနောက်ကမာရွတ်။

၁၂၅။ ဦးတေဇနိယ(ကေစာရီ)မု ဝန်းရွာကျောင်း၊ ကျောက်ပန်းတောင်းအနီး။

၁၂၆။ ဆရာတော်ဆင်တဲမြို့(၅၆)ဝါ။ မြင်းခြံနယ်။

၁၂၇။ ဦးကောဝိဒ၊(၁၆)ဝါ ကေစာရီ၊ ဆင်မတောင်၊ မြင်းခြံနယ်။

၁၂၈။ ဦးဥက္ကာ ကေစာရီ ဆင်ဖြူကျွန်း၊ ဧလင်းမြို့။

၁၂၉။ ဦးနာဂဝံသ၊ (၁၆)ဝါ စွန်းလွန်းကမ္မဋ္ဌာန်း၊ တိုးကြောင်းလေး၊ ရန်ကုန်မြို့။

၁၃၀။ ဘုန်းကြီးဦးနိုကြောဓ (၁၃)ဝါ (ဦးဘထွန်း)၊ တန့်တော်မူကျောင်း (သီဟိုဠ်ဆရာတော်ကျောင်း) ရန်ကုန်မြို့။

၁၃၁။ ဆရာတော်ဦးဇဝန၊ စွန်းလွန်းတပ်ဦး ကမ္မဋ္ဌာန်းတိုက်၊ ခင်းတိုင်တပ်စခန်း။

၁၃၂။ နန်းတောင်းဆရာတော်၊ ကျိုက္ကော်မြို့။

၁၃၃။ ဆရာတော်ဦးတေဇဓမ္မ။ ဘတ္တတောင်၊ ဖဟိကျောင်း၊ ပင်းပိုင်မြို့ (ကမ္ဘောဒီးယားနိုင်ငံ)။

၁၃၄။ ဦးစံသိန်း အမြတ်တော်ကြေးမင်းကြီး (ကွယ်လွန်) ဟာထာဘုတလန်းလွန်ကျမ်းပြု။

၁၃၅။ ဝန်ထိုက်စောင်ဘွားသား တော်စပ်ခွန်ဆက်(၉၄)နှစ် ဓာင်ကြီးမြို့၊ ရှမ်းပြည်။

၁၃၆။ ဦးအောင်သိန်း၊ ပတ္တမြားစေတီကျောင်း စွန်းလွန်းကမ္မဋ္ဌာန်းနည်းပြ အိတ်မြို့။

၁၃၇။ ဦးဟန်တင်၊ စွန်းလွန်း ကမ္မဋ္ဌာန်းနည်းပြ မြန်အောင်မြို့။

၁၃၈။ ဒေါ်ခင်မျိုးချစ်စွန်းလွန်းကမ္မဋ္ဌာန်းနည်းပြပြည်လမ်းရန်ကုန် (နိုင်ငံခြားယောဂီ)

၁၃၉။ ဒေါ်စိန်စိန်၊ စွန်းလွန်းယောဂီ ကွယ်လွန်၊ စာရေးဆရာမ စာပေဆုရ, သာသယာဝတီ။

၁၄၀။ ဒေါ်ပညာ၊ ဒေါ်စမ္မသီ၊ ဒေါ်ခေမာ၊ ဒေါ်ပုညာ၊ ဒေါ်ဩတိဏ္ဏာ၊ ဒေါ်မမ၊ ဒေါ်ကံညွန့်၊ ဒေါ်လှခင်၊ ဒေါ်တင်၊ စွန်းလွန်းဂူကျောင်း မြင်းခြံမြို့။

၁၄၁။ ပထိမ်းဆရာတော်။ ပတိမ်းငွဲမြို့ စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းများ စွာရှိ၏။

၁၄၂။ ပုသိမ်မြို့၊ လေးမျက်နှာကျောင်းဆရာတော်၊

၁၄၃။ ပုသိမ်မြို့ ကံလျှားကျောင်းဆရာတော်။

နိုင်ငံခြားသားများ စွန်းလွန်းနည်းအားထုတ်သူများမှာ—

၁။ ဒုလ္လဘရဟန်း ယန္တိဓမ္မော (၃)ဝါ အမေရိကန်လူမျိုး ယခု စိတ်ပညာကထိက ဘရွတ်ကလင်မြို့ ဂျက်ကွန်ဖိ:အမည်တွင်၏။ ၁၃၅၉ ဘီကွန်လမ်း၊ ဘရွတ်ကလင်မြို့၊ မစက်ကျူဆက်နယ်၊ အမေရိကန်နိုင်ငံ။

၂။ ရဟန်း(၃)ဝါရ ပီတိပုညော၊ အမေရိကန်လူမျိုး၊ ထိုင်းနိုင်ငံ ဘချိကောက်မြို့။

၃။ ဆရာတော် ဦးလောကနာထ၊ အီတလီဘုန်းကြီး (ပျံလွန်) ဝင်ဒါမီယာရန်ကုန်။

၄။ မက္ကစီကိုလူမျိုး ဒုလ္လဘရဟန်းဝတ် တရား အားထုတ်၍ ပြန်၊ ကြွသွား၏။

၅။ မောရစ်၊ 'အင်္ဂလိပ်လူမျိုး ကျောင်းဆရာ၊ လီသိုကိုနိုင်ငံ အာဖရိကတိုက်။

၆။ ရိမန်ကာဏ်သလိပ်ဘုန်းကြီး ဒန်နီရယ် ဆန်ဖရန်စစ်စကိုမြို့ အမေရိကန်နိုင်ငံ။

၇။ မစ္စက်ရှုတန်တွန်(သံအမတ်ကတော်ဟောင်း) ၁၁၆၊ လမ်းမတော်၊တပ်ဆည်ဟန်မြို့ကွန်နက်တီကပ်နယ်၊ အမေရိကန်နိုင်ငံ။

၈။ ဗီယက်နမ်လူမျိုး ရဟန်းသစ်ချစ်မင်ချော စာပေပါရဂူ၊ ဓမ္မာ စရိယ ထေရဝါဒသည် စွန်းလွန်းနည်း အာနာပါနဿတိ ကမ္မဋ္ဌာန်း၌ တလ တိတိအားထုတ်၏။ ဟွေးမြို့ ဗီယက်နမ်အလယ်ပိုင်းနိုင်ငံ။

* + *